# ပထမအကြိမ်
# ရှမ်းပြည်နယ်လွှတ်တော်
# သတ္တမပုံမှန်အစည်းအဝေး
# ကျင်းပခြင်း

D/sixth marticar(1)

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|

## ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး

**(က) သတ္တမပုံမှန်အစည်းအဝေး ပထမနေ့မှတ်တမ်း**

(၁) ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။ ၁

(၂) ကတိသစ္စာမပြုရသေးသော တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း။ ၃

(၃) ပြည်နယ်လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။ ၄

(၄) ပြည်နယ်လွှတ်တော်အစည်းအဝေး ပထမနေ့ အစီအစဉ် ကြေညာခြင်း။ ၅

(၅) အစည်းအဝေး မတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်း။ ၆

(၆) နိုင်ငံတော်သမ္မတ ထံမှ ပေးပို့သော သဝဏ်လွှာကို လွှတ်တော်သို့ဖတ်ကြားတင်ပြခြင်းနှင့်လွှတ်တော်၏ သဘောတူညီချက်ရယူခြင်း။ ၉







(၃) “သက်ဆိုင်ရာဌာနက ချမှတ်ပေးသည်များကိုလိုက်နာခြင်းမရှိသော ဝန်ထမ်းများအား ရှမ်းပြည်နယ်အစိုးရမှ မည်သို့ဆက်လက်ဆောင်ရွက်မည်ကို ရှင်းရှင်းလင်းလင်း သိရှိလိုပါသည်” နှင့် စပ်လျဉ်းသည့် မေးခွန်း။ ၃၆

( ခ) ဦးစိုင်းဆန်ကွယ်၊ မိုးမိတ်မြို့နယ်မဲဆန္ဒနယ် အမှတ်(၂)၏ “မိုးမိတ်-မိုင်းငေါ့လမ်းကို ကျောက်ချောလမ်းအဖြစ် တိုးမြှင့်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါသည်”နှင့် စပ်လျဉ်းသည့် မေးခွန်း။ ၄၃

( ဂ) ဦးထူးကိုကို၊ ပင်းတယမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)၏ “ပင်းတယမြို့နယ်၊ ပြည်သူ့ဆေးရုံအား (၂၅)ခုတင်ဆံ့ဆေးရုံမှ ခုတင် (၅၀)ဆံ့ ဆေးရုံအဖြစ် တိုးမြှင့်ပေးနိုင်ပါရန် အစီအစဉ် ရှိ/မရှိ” မေးခွန်း။ ၄၂

(ဃ) ဦးသန့်ဇင်ဦး၊ မဘိမ်းမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)၏

(၁) "မဘိမ်းမြို့နယ် မအူကုန်းကျေးရွာ အုပ်စု၊ အုပ်ချုပ်ရေးမှူး ရွေးချယ် ခန့်ထားခြင်းနှင့် ပတ်သက်ပြီး မည်ကဲ့သို့ အရေးယူဆောင်ရွက် ပေးမည်" နှင့် စပ်လျဉ်းသည့် မေးခွန်း။ ၄၉

(၂) "မဘိမ်းမြို့နယ်အတွင်းရှိ မြစ်ဆုံ-မဘိမ်းလမ်းပိုင်းရှိ သစ်သားတံတား များကို ရေရှည်အသုံးပြုနိုင်ရန် အတွက် ကွန်ကရစ်တံတားများ အဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ" နှင့် စပ်လျဉ်း သည့် မေးခွန်း။ ၅၁

(၃) "မဘိမ်းမြို့နယ်အတွင်းရှိ အိမ်ခွဲမည့် အိမ်ထောင်သည်များ ကိုယ်ပိုင် အိမ်များ ဆောက်လုပ်နိုင်ရန် အတွက် ပြည်နယ်အစိုးရအဖွဲ့ အနေဖြင့် မည်ကဲ့သို့ ဆောင်ရွက် ပေးမည်" နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၅၂





(၇) ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်လွှတ်တော်သို့ မိန့်ခွန်းပြောကြားခြင်း။ ၁၁

(၈) ပြည်နယ်ဝန်ကြီးချုပ်၏ မိန့်ခွန်းကို မှတ်တမ်းတင်ခြင်း။ ၂၇

(၉) ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း- ၂၇

(က) ဒေါ်နန်းခမ်းအေး၊ နမ္မတူမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)၏

(၁) " နမ္မတူမြို့နယ်ရှိ မုံးရင် ရေလှောင် တမံကို မည်သည့်အချိန်တွင် မည်သည့်ပုံစံဖြင့် ပြုပြင်ပေးမည်ကို သိရှိလိုပါသည်" နှင့် စပ်လျဉ်းသည့် မေးခွန်း။ ၂၈

(၂) "ရှမ်းပြည်နယ်ရှိ တချို့သော ကုမ္ပဏီ များတွင် ကုမ္ပဏီအမည်၊ ကုမ္ပဏီ လုပ်ငန်းများ၊ လုပ်ငန်းခွင်များနှင့် သတိပေးစာတမ်းများကိုဒေသတွင်း ပြည်သူများနားလည်နိုင်သည့်စာပေ ဖြင့် ရေးသားဖော်ပြရန် အစီအစဉ် ရှိ/မရှိ" နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၃၃

(၄) “မဘိမ်းမြို့နယ် အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာနမှ လက်ထောက် ညွှန်ကြားရေးမှူးမှ ရာထူးတိုးဂုဏ်ပြုပွဲအတွက် ငွေကောက်ခံနေခြင်းနှင့် ” နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၆၀

(၅) “မဘိမ်းမြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာအုပ်စုများတွင် ကျေးလက်မီးလင်းရေးအတွက် ဆိုလာဘက်ထရီစနစ်ဖြင့် ဆောင်ရွက် ပေးမည့် အစီအစဉ် ရှိ/မရှိ”နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၆၄

(င) ဦးမြတ်စိုး၊ ကလောမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)၏ “ကလောမြို့နယ်၊ ဘော်ဆိုင်း ဒေသတွင် တိုက်နယ်ဆေးရုံတစ်ရုံ ခွင့်ပြု ပေးနိုင်မည့် အစီအစဉ် ရှိ/မရှိ”နှင့် စပ်လျဉ်း သည့် မေးခွန်း။ ၆၆





(၂) “မိုင်းရှူးမြို့နယ်၊ မိုင်းအော့ ကျေးရွာအုပ်စု၊ နောင်ပေါး ကျောင်းဆောင် အဆောက် အဦဟောင်းကို ကျောင်းဆောင် အသစ် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ” နှင့် စပ်လျဉ်း သည့် မေးခွန်း။ ၇၅

(၁၀) ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်(၁)ဦးမှ ဝမ်းနည်းကြောင်းအဆိုတစ်ရပ်တင်သွင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။ ၈၀

(၁၁) ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ မီးဘေးနှင့် သဘာဝ ဘေးအန္တရာယ်များ ကြိုတင်ကာကွယ်ရေး ဥပဒေ ကြမ်းအား ပြည်နယ်လွှတ်တော်သို့ တင်သွင်းခြင်း။ ၈၂

(၁၂) ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော မီးဘေးနှင့် သဘာဝဘေးအန္တရာယ်များ ကြိုတင် ကာကွယ်ရေး ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်များ အမည် စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာ ခြင်း။ ၈၅

(၁၃) ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ သဘာဝမြေသြဇာများ စနစ်တကျထုတ်လုပ်သုံးစွဲရေး ဥပဒေကြမ်းအား ပြည်နယ်လွှတ်တော်သို့ တင်သွင်းခြင်း။ ၈၅

(၁၄) ရှမ်းပြည်နယ်အစိုးရအဖွဲ့က တင်သွင်းသော သဘာဝမြေဩဇာများ စနစ်တကျ ထုတ်လုပ်သုံးစွဲရေးဥပဒေကြမ်းအားနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း။ ၈၈

(၁၅) ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ပုဂ္ဂလိကယာဉ်များ စနစ်တကျ ပြေးဆွဲရေးဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ အစီရင်ခံစာအား လွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း။ ၈၉

(၁၆) ရှမ်းပြည်နယ်အစိုးရအဖွဲ့တွင် လစ်လပ်လျက် ရှိသော စည်ပင်သာယာရေးဝန်ကြီးအား ခန့်အပ် နိုင်ရန် ပြည်နယ်ဝန်ကြီးချုပ်က အဆိုပြုပေးပို့ ထားသည့် ပြည်နယ်ဝန်ကြီး၏ အမည်စာရင်းအား ဥက္ကဋ္ဌမှ ပြည်နယ်လွှတ်တော်သို့ တင်ပြခြင်း။ ၁၀၀

(၁၇) ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီမှ နယ်စပ်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေဖြင့် ဆောင်ရွက်ထားရှိသည့် လုပ်ငန်းအား လွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း။ ၁၀၁





(စ) ဦးစိုင်းခမ်းကျော်၊ ကျောက်မဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏

(၁) "ကျောက်မဲမြို့နယ်၊ ကွဲကုန်းကျေးရွာအုပ်စု၊ မွေတော်ကျေးရွာရှိ ကြက်မွေးမြူရေးဖုန်ကို ပြောင်းရွှေ့ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ"နှင့် စပ်လျဉ်းသည့် မေးခွန်း။ ၆၈

(၂) "ကျောက်မဲမြို့ရှိ ရွာမြေ၊ ယာမြေများပေါ်တွင် စည်းကမ်းနှင့် မညီညွတ်သော မြေနေရာချထားခြင်းများကို ရှမ်းပြည်နယ်အစိုးရမှ ပယ်ဖျက်ပေးရန် အစီအစဉ် ရှိ/မရှိ"နှင့် စပ်လျဉ်းသည့် မေးခွန်း။ ၆၉

(ဆ) ဦးစိုင်းကံ၊ မိုင်းရှူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏

(၁) "လွိုင်လင်ခရိုင်၊ မိုင်းရှူးမြို့နယ်၊ မိုင်းအော့ကျေးရွာအတွင်းရှိ အလယ်တန်း ကျောင်းခွဲ ကျောင်းဆောင်အဟောင်းအား ပြုပြင်မွမ်းမံငွေချပေးရန် အစီအစဉ် ရှိ/ မရှိ"နှင့် စပ်လျဉ်းသည့် မေးခွန်း။ ၇၅

(၁၈) ဒေါ်နန်းအက်စ်ကီးမိုး၊ လဲချားမြို့နယ် မဲဆန္ဒနယ်အမှတ် (၁)၏ “ ရှမ်းပြည်နယ်အတွင်း သစ်တောများ ပြန်လည် ထူထောင်ရန်အတွက် သစ်ကုမ္ပဏီများမှ သတ်မှတ်နှုန်းထားဖြင့် ပြည်နယ်ဘဏ္ဍာအတွင်းသို့ ထည့်သွင်းပေးနိုင်စေရန် ” အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ် ရယူခြင်း။ ၁၁၃

(၁၉) အဆိုကို ပြည်နယ်လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံ ဆွေးနွေးရန် မသင့်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။ (သို့မဟုတ်)အဆိုကို လက်ခံ ဆွေးနွေးရန် ဆုံးဖြတ်ပါက ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။ ၁၁၈

(၂၀) ဦးခွန်မောင်ပယ်၊ ဆီဆိုင်မြို့နယ်မဲဆန္ဒနယ်အမှတ် (၂)၏ “ နောင်တွင် မိမိဒေသ အစိုးရဌာနများ၌ အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်လာပါက ဒေသခံဘွဲ့ရပညာတတ်များအား သင့်တော်သလို ဦးစားပေးခန့်ထားပေးနိုင်ရေး စီစဉ်ဆောင်ရွက် ပေးရန် ရှမ်းပြည်နယ် အစိုးရအဖွဲ့အား တိုက်တွန်းကြောင်း ” အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ် ရယူခြင်း။ ၁၁၉





## (ခ) သတ္တမပုံမှန်အစည်းအဝေး ဒုတိယနေ့မှတ်တမ်း

(၁) ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။ ၁၃၄

(၂) ပြည်နယ်လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။ ၁၃၅

(၃) ပြည်နယ်လွှတ်တော်အစည်းအဝေး ဒုတိယနေ့ အစီအစဉ် ကြေညာခြင်း။ ၁၃၅

(၄) အစည်းအဝေး မတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များကခွင့်ပန်ကြားခြင်း။ ၁၃၆

(၅) ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ပုဂ္ဂလိကယာဉ်များ စနစ်တကျပြေးဆွဲရေးဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းပြင်ဆင်ချက်အဆိုများ တင်သွင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။ ၁၃၈

(၆) ရှမ်းပြည်နယ်အစိုးရအဖွဲ့က ပုဂ္ဂလိကယာဉ်များ စနစ်တကျပြေးဆွဲရေး ဥပဒေကြမ်း တစ်ရပ်လုံးကို အတည်ပြုပေးရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။ ၁၅၆

(၇) ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ရှမ်းပြည်နယ် စည်ပင်သာယာရေး အဖွဲ့များ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ အား လွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း။ ၁၅၈

(၈) ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ မီးဘေးနှင့် သဘာဝ ၁၆၈
ဘေးအန္တရာယ်များ ကြိုတင်ကာကွယ်ရေး
ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေပြုရေးဆိုင်ရာ
ကော်မတီ၏ အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း။

(၉) ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ သဘာဝ မြေဩဇာ များ ၁၈၂
စနစ်တကျထုတ်လုပ်သုံးစွဲရေး ဥပဒေကြမ်းနှင့်
စပ်လျဉ်း၍ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏
အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်း။

(၁၀) ဒေါ်နန်းအက်စ်ကီးမိုး၊ လဲချားမြို့နယ် မဲဆန္ဒနယ် ၁၉၀
အမှတ် (၁)၏ “ ရှမ်းပြည်နယ်အတွင်းသစ်တော များ
ပြန်လည်ထူထောင်ရန်အတွက် သစ်ကုမ္ပဏီ များမှ
သတ်မှတ်နှုန်းထားဖြင့် ပြည်နယ်ဘဏ္ဍာ အတွင်းသို့
ထည့်သွင်းပေးနိုင်စေရန် ” အဆိုကို လွှတ်တော်
ကိုယ်စားလှယ်များက ဆွေးနွေးခြင်း။

(၁၁) အဆိုနှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ၁၉၃
ဝန်ကြီးမှ ဆွေးနွေးရှင်းလင်းခြင်းနှင့် လွှတ်တော်၏
အဆုံးအဖြတ်ရယူခြင်း။

(၁၂) ဦးခွန်မောင်ပယ်၊ ဆီဆိုင်မြို့နယ်မဲဆန္ဒနယ်အမှတ် ၁၉၄
(၂)၏ “ နောင်တွင် မိမိဒေသအစိုးရ ဌာနများ၌
အလုပ်အကိုင် အခွင့်အလမ်းများ ပေါ်ပေါက်လာ
ပါက ဒေသခံဘွဲ့ရပညာတတ်များအား သင့်တော်
သလို ဦးစားပေးခန့်ထားပေးနိုင်ရေး စီစဉ် ဆောင်ရွက်





(၂၁) အဆိုကို ပြည်နယ်လွှတ်တော်က လက်ခံဆွေးနွေးရန် ၁၂၂
မသင့်ကြောင်းဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံ
ဆွေးနွေးရန်မသင့်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။
(သို့မဟုတ်)အဆိုကို လက်ခံဆွေးနွေးရန်
ဆုံးဖြတ်ပါက ဆွေးနွေးလိုသည့် လွှတ်တော်
ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်း
နိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

(၂၂) ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ လယ်ယာမြေလုပ်ပိုင်ခွင့် ၁၂၃
မှတ်ပုံတင်ခြင်းနှင့် လယ်ယာမြေ လုပ်ပိုင်ခွင့်ပြု
လက်မှတ်ထုတ်ပေးခြင်းလုပ်ငန်းအား လွှတ်တော်သို့
ရှင်းလင်းတင်ပြခြင်း။

(၂၃) ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ၁၃၃
ရှမ်းပြည်နယ်လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး
ပထမနေ့ရပ်နားကြောင်းနှင့် အစည်းအဝေး
ဒုတိယနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်
အချိန်ကို ကြေညာခြင်း။

ပေးရန် ရှမ်းပြည်နယ် အစိုးရအဖွဲ့အား တိုက်တွန်းကြောင်း ” အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း။

(၁၃) အဆိုနှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဆွေးနွေးရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။ ၂၀၀

(၁၄) ဦးစိုင်းခမ်းကျော်၊ ကျောက်မဲမြို့နယ် မဲဆန္ဒနယ် အမှတ် (၁)၏ “ ရှမ်းပြည်နယ်အတွင်း ဖမ်းဆီးရသည့် သစ်ခွဲသားရောင်းရငွေများကို ရှမ်းပြည်နယ် အစိုးရ အဖွဲ့ ရန်ပုံငွေအဖြစ် ပေးသွင်းနိုင်ရန် ” အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း။ ၂၀၄

(၁၅) အဆိုကိုပြည်နယ်လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်းဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။ (သို့မဟုတ်) အဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။ ၂၀၇





(၁၈) ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ၂၀၁၃-၂၀၁၄ ပြည်ထောင်စု၊ ပြည်နယ်ဘဏ္ဍာငွေ အစီအစဉ်ဖြင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ဆောင်ရွက်မည့် လမ်းတံတားလုပ်ငန်းများအား လွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း။ ၂၁၂

(၁၉) ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ သစ်တောကဏ္ဍ လုပ်ငန်းဆောင်ရွက်မှုအား လွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း။ ၂၁၄

(၂၀) ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ဒုတိယနေ့ရပ်နားကြောင်းနှင့် အစည်းအဝေး တတိယနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။ ၂၁၉

**(ဂ) သတ္တမပုံမှန်အစည်းအဝေး တတိယနေ့ မှတ်တမ်း**

(၁) ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။ ၂၂၀

(၂) ပြည်နယ်လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။ ၂၂၀

(၃) ပြည်နယ်လွှတ်တော်အစည်းအဝေး တတိယနေ့ အစီအစဉ် ကြေညာခြင်း။ ၂၂၂

(၄) အစည်းအဝေး မတက်ရောက်နိုင်သော ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များကခွင့်ပန်ကြားခြင်း။ ၂၂၂

(၅) ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးဇော်ဇော်၊ မဘိမ်းမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)၏ "မဘိမ်းမြို့နယ် နမ့်ပုံးပုံးကျေးရွာ အုပ်စု၊ နမ့်ပုံးပုံးကျေးရွာ၊ ရေဖြူကွင်းရှိ ရေဖြူဆည်အား ပြန်လည်ပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိ"နှင့် စပ်လျဉ်းသည့် မေးခွန်း။ ၂၂၅

(ခ) ဦးစိုးထိုက်၊ မောက်မယ်မြို့နယ်မဲဆန္ဒနယ် အမှတ်(၁)၏ "မောက်မယ်မြို့နယ်၊ စဥ့်ဝင် ကျေးရွာ အုပ်စုအတွင်းရှိ အရှေ့နောင်ခမ်း ကိုယ့်အားကိုယ်ကိုး မူလတန်းကျောင်းအား အစိုးရအခြေခံပညာမူလတန်း ကျောင်းခွဲ အဖြစ် တိုးမြှင့်ဖွင့်လှစ်ပေးနိုင်ပါရန် အစီအစဉ် ရှိ/မရှိ"နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၂၂၈





(၁၆) ဦးစိုင်းနု၊ ကွန်ဟိန်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)၏ " အလုပ်အကိုင်ခန့်ထားရာတွင် ပညာရေးဆုံးခန်းတိုင်အောင် ဆက်လက်သင်ကြားခဲ့ကြသူများ အနေဖြင့်လည်း ကျောင်းပိတ်ခဲ့ရသောအချိန်တွင် ပေးဆပ်ခဲ့ကြရသဖြင့် အသက်များလွန်မှ ဘွဲ့များ ရနိုင်ခဲ့ကြရပြီး အလုပ်အကိုင်အတွက် အခွင့်အလမ်းများ ဆုံးရှုံးခဲ့ရပြီး ပေးဆပ်ခဲ့ကြရသော ပုဂ္ဂိုလ်များ ပါဝင်လျှောက်ထားလာပါကအသက်ကန့်သတ်ချက် အပိုင်းနှင့် ပတ်သက်သော အရည်အချင်းကန့်သတ်ချက်တွင် ဖြေလျှော့စဉ်းစားပေးနိုင်ရေး ပြည်နယ်လွှတ်တော်မှတဆင့် ပြည်နယ်အစိုးရအား အဆိုပြုတိုက်တွန်းကြောင်း " အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ် ရယူခြင်း။ ၂၀၈

(၁၇) အဆိုကို ပြည်နယ်လွှတ်တော်ကလက်ခံဆွေးနွေးရန် မသင့်ကြောင်းဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန်မသင့်ကြောင်း ဥက္ကဋ္ဌကကြေညာခြင်း။ (သို့မဟုတ်)အဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက ဆွေးနွေးလိုသည့် လွှတ်တော် ကိုယ်စားလှယ်များ ရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။ ၂၁၀

(ဂ) ဦးစိုင်းမုန်၊ မိုင်းခတ်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁)၏

(၁) “ဝမ်ခုတ်ကျေးရွာအုပ်စု၊ ဖာလိုင်းရွာအနီးရှိ နောင်လျှန့်ဆည်တာတမံအား ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ”နှင့် စပ်လျဉ်းသည့် မေးခွန်း။ ၂၃၀

(၂) “မိုင်းခတ်မြို့သို့ CDMA 800 MHz တန်ဖိုးနည်းဖုန်းအား ၂၃၃
မည်သည့် အတွက် ရောင်းချမပေးနိုင်ခြင်းနှင့် ရောင်းချပေးမည်ဆိုပါက မည်သည့်လ၌ ရောင်းချပေးနိုင်မည်ကို သိရှိလိုပါသည်”နှင့် စပ်လျဉ်းသည့် မေးခွန်း။

(၃) “မိုင်းခတ်မြို့နယ်၊ တုံဖကော် ကျေးရွာအုပ်စုရှိ နမ့်မွဲရွာ၊ မိုင်းကာ (အရှေ့)ကျေးရွာအုပ်စုရှိ ဝမ်ကောင်းရွာနှင့် ဝမ်ပင်းကျေးရွာအုပ်စုရှိ နမ့်ခတ်ရွာများအား ကိုယ့်အားကိုယ်ကိုး မူလတန်းကျောင်းများကို အဆင့်တိုး၍ ၂၃၅





(၂) “လင်းခေးမြို့နယ်၊ ဝမ်ဟတ်ကျေးရွာအုပ်စုရှိ ဝမ်ဟတ် ၂၄၉
တိုက်နယ်ဆေးရုံအား ရရှိထားပြီးသော တိုက်နယ်ဆေးရုံအင်္ဂါရပ်နှင့် ပြည့်စုံစွာ တည်ရှိရေးဖြည့်ဆည်း ဆောင်ရွက်ပေးမည့်အစီအစဉ်ကို သိရှိလိုပါသည်” နှင့် စပ်လျဉ်းသည့် မေးခွန်း။

(၃) “ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးများအတွက် ၂၅၀
ခွဲဝေချထားပေးသည့် လစဉ်အသုံးစရိတ် ရန်ပုံငွေကိစ္စ” နှင့် စပ်လျဉ်းသည့် မေးခွန်း။

(င) ဦးဝင်းမြင့်၊ အင်းတိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီး၏

(၁) “ညောင်ရွှေမြို့နယ်အတွင်းရှိ ၂၅၁
နန်းပန်ကျေးရွာအား နန်းပန်မြို့နယ်ခွဲ အဖြစ် အဆင့်တိုးမြှင့်ပေးရေးအတွက် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ” နှင့် စပ်လျဉ်းသည့် မေးခွန်း။

(၂) “ညောင်ရွှေမြို့နယ်၊ အင်းလေးကန် အနောက်ဘက်ရှိ အင်းတိန်ကျေးရွာမှ တောင်တိုကျေးရွာအထိ ကျောက်ချောလမ်း ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ” နှင့် စပ်လျဉ်းသည့် မေးခွန်း။ ၂၅၈

(၃) “တုံဟုံးတံတားမှ နောင်ဘိုရွာ၊ စံကားကျေးရွာအထိ ကျောက်ချောလမ်းဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း။ ၂၅၉

(၄) “အင်းလေးဇုန်ဝင်ခွင့် ကောက်ခံရငွေမှ ရှမ်းပြည်နယ်အတွင်းရှိ ဒေသများအတွက် ၂၀၁၁-၂၀၁၂၊ ၂၀၁၂-၂၀၁၃ နှင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွက် သုံးစွဲသည့် စာရင်းများကို သိရှိလိုပါသည်”နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၂၆၃

(၅) “၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွက် အင်းလေးဇုန်ဝင်ခွင့် ကောက်ခံရငွေအား အင်းလေးကန် ပြုပြင်ထိန်းသိမ်းရေးတွင် (၇၅%) ၂၆၄





(Sanction) ချပေးနိုင်ခြင်း ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း။

(၄) “မိုင်းခတ်မြို့နယ်၊ ပါဆံကျရွာ၊ ဝမ်မိုင်ရွာ၊ ဝမ်ပြန်ရွာများအား ရေသွယ်ပေးထားသည့် ကိစ္စတွင် ရေအမြဲလာရေးအတွက် မည်သူ့တွင် တာဝန်ရှိသည်ကို သိရှိလိုပါသည်”နှင့် စပ်လျဉ်းသည့် မေးခွန်း။ ၂၃၇

(င) ဦးယာကုပ်၊ မိုင်းခတ်မြို့နယ်မဲဆန္ဒနယ် အမှတ် (၂)၏ “မိုင်းခတ်မြို့နယ်၊ နောင်လုံးကျေးရွာအုပ်စု၊ ပန်တောက်ရွာတွင် မူလတန်းကျောင်းဆောင်အသစ် ကိုယ်ထူကိုယ်ထကူညီရန် အစီအစဉ် ရှိ/မရှိ”နှင့် စပ်လျဉ်းသည့် မေးခွန်း။ ၂၄၀

(ဃ) ဦးစိုင်းလွင်၊ လင်းခေးမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)၏

(၁) “ဆောင်ရွက်ပြီးစီးခဲ့သည့် လင်းခေးမြို့နယ် ဒါးဆိပ်မြစ်ရေတင် စီမံကိန်း လုပ်ငန်းများဆက်လက်ဆောင်ရွက်မည့် အစီအစဉ်ရှိ/မရှိ” နှင့် စပ်လျဉ်း သည့် မေးခွန်း။ ၂၄၃

ပြည့် အသုံးပြုပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ”နှင့် စပ်လျဉ်းသည့် မေးခွန်း။

(၆) ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ၂၀၁၃-၂၀၁၄ ခု ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာန/အဖွဲ့အစည်းများ၏ ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံခြင်းအား လွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း။ ၂၄၃

(၇) ရှမ်းပြည်နယ်အစိုးရအဖွဲ့က တင်သွင်းသော ၂၀၁၃-၂၀၁၄ ခု ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ် ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာန/ အဖွဲ့အစည်းများ၏ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံခြင်းနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသော လွှတ်တော် ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်း နိုင်ကြောင်း ကြေညာခြင်း။ ၂၈၂

(၈) ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ရှမ်းပြည်နယ် စည်ပင်သာယာရေးအဖွဲ့များ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်း ပြင်ဆင်ချက်အဆိုများ တင်သွင်းခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း။ ၂၈၅

(၉) ရှမ်းပြည်နယ်အစိုးရအဖွဲ့က ရှမ်းပြည်နယ် စည်ပင်သာယာရေးအဖွဲ့များ ဥပဒေကြမ်းတစ်ရပ်လုံးကို အတည်ပြုပေးရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။ ၂၉၂





(၁၄) ဦးစိုင်းခမ်းကျော်၊ ကျောက်မဲမြို့နယ်မဲဆန္ဒနယ် အမှတ် (၁)၏ “ ရှမ်းပြည်နယ်အတွင်း ဖမ်းဆီးရသည့် သစ်ခွဲသားရောင်းရငွေများကို ရှမ်းပြည်နယ် အစိုးရအဖွဲ့ ရန်ပုံငွေအဖြစ် ပေးသွင်းနိုင်ရန် ” အဆိုကိုလွှတ်တော်ကိုယ်စားလှယ်များကဆွေးနွေးခြင်း။ ၃၀၉

(၁၅) အဆိုနှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဆွေးနွေးရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။ ၃၁၂

(၁၆) ဦးစိုင်းနု၊ ကွန်ဟိန်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)၏ အဆိုကိုလွှတ်တော်ကိုယ်စားလှယ်များကဆွေးနွေးခြင်း။ ၃၁၅

(၁၇) အဆိုနှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဆွေးနွေးရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။ ၃၁၅

(၁၈) ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ အစိုးရသစ်လက်ထက် ရှမ်းပြည်နယ်အတွင်းရှိ လျှပ်စစ်ကဏ္ဍဖွံ့ဖြိုးတိုးတက်မှုအား လွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း။ ၃၁၈

(၁၉) ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးနှိမ်နင်းရေးဆောင်ရွက်မှု အခြေအနေအား လွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း။ ၃၂၄

(၂၀) ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ပြည်နယ်လွှတ်တော်တွင် နောက်ထပ်ဖွဲ့စည်းမည့် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေး ကော်မရှင်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီ၊ တိုင်တန်းစာစိစစ်ရေးကော်မတီနှင့် ဘတ်ဂျက်စိစစ်ရေးကော်မတီတို့တွင် ထည့်သွင်းဖွဲ့စည်းမည့် အဖွဲ့ဝင်ဦးရေ၊ ကော်မရှင်/ ကော်မတီ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်တို့၏ အမည်စာရင်းတို့ကိုပြည်နယ်လွှတ်တော်သို့တင်ပြခြင်း။ ၃၃၄

(၂၁) ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး တတိယနေ့ရပ်နားကြောင်းနှင့် အစည်းအဝေး စတုတ္ထနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။ ၃၃၈

## ) သတ္တမပုံမှန်အစည်းအဝေး စတုတ္ထနေ့ မှတ်တမ်း

(၁) ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။ ၃၃၉

(၂) ပြည်နယ်လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။ ၃၄၀





(၁၀) ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ မီးဘေးနှင့် သဘာဝဘေးအန္တရာယ်များ ကြိုတင်ကာကွယ်ရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်း ပြင်ဆင်ချက်အဆိုများ တင်သွင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။ ၂၉၃

(၁၁) ရှမ်းပြည်နယ်အစိုးရအဖွဲ့က မီးဘေးနှင့် သဘာဝဘေးအန္တရာယ်များ ကြိုတင်ကာကွယ်ရေး ဥပဒေကြမ်း တစ်ရပ်လုံးကို အတည်ပြုပေးရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။ ၃၀၁

(၁၂) ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ သဘာဝမြေသြဇာများ စနစ်တကျထုတ်လုပ်သုံးစွဲရေး ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်း ပြင်ဆင်ချက်အဆိုများ တင်သွင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။ ၃၀၃

(၁၃) ရှမ်းပြည်နယ်အစိုးရအဖွဲ့က သဘာဝမြေသြဇာများ စနစ်တကျထုတ်လုပ်သုံးစွဲရေး ဥပဒေကြမ်း တစ်ရပ်လုံးကို အတည်ပြုပေးရန် အဆို တင်သွင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။ ၃၀၇

(၃) ပြည်နယ်လွှတ်တော်အစည်းအဝေး စတုတ္ထနေ့ အစီအစဉ် ကြေညာခြင်း။ ၃၄၁

(၄) အစည်းအဝေး မတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်း။ ၃၄၁

(၅) ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးအောင်ခမ်း၊ မိုင်းပန်မြို့နယ်မဲဆန္ဒနယ် အမှတ်(၂)၏

(၁) "မိုင်းပန်မြို့နယ်၊ အရှေ့ကျေးရွာအုပ်စု၊ ဟိုဖိုင်လုံရွာအနီးတွင် လဝဆည် ကြီးကြပ်မည့် ဆည်မြောင်း တာဝန်ခံအား မည်ကဲ့သို့ စီမံဆောင်ရွက်ထားသည်"နှင့် စပ်လျဉ်းသည့် မေးခွန်း။ ၃၄၅

(၂) "၂၀၁၂-၂၀၁၃ ခု ဘဏ္ဍာရေးနှစ်တွင် မိုင်းပန်မြို့နယ်၊ နားလောကျေးရွာအုပ်စု၊ နားလောကျေးရွာအနီးရှိ နှုံးဖမ်းဆည် (၂)ခုသည် ၃၄၆



D/sixth marticar(14)



(၂) "နောင်ချိုမြို့နယ်အတွက် မိလ္လာစနစ် ကောင်းမွန်အောင် ဆောင်ရွက်လာနိုင်ရန် ရေပုပ်စုပ်စက်တစ်စီး ခွင့်ပြုပေးနိုင်ခြင်း ရှိ/မရှိ" နှင့် စပ်လျဉ်းသည့် မေးခွန်း။ ၃၅၃

(၃) "မြို့ရွာစည်ပင်သာယာရေး လုပ်ငန်းများတွင် အထောက်အကူပြုနိုင်ရန်အတွက် မြို့နယ်များတွင် Back Foe ယာဉ်တစ်စီးစီအား ခွင့်ပြုထုတ်ပေးရန် အစီအစဉ် ရှိ/မရှိ" နှင့် စပ်လျဉ်းသည့် မေးခွန်း။ ၃၅၄

(ဃ) ဦးစိုင်းတင်ဦး၊ နမ့်ခမ်းမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)၏ "နမ့်ခမ်းမြို့တွင်းရှိ ရပ်ကွက်နှင့် ကျေးရွာများအား ရွှေလီရေအားလျှပ်စစ်မီး သုံးစွဲခွင့် ရရှိနိုင်ရန် ရှမ်းပြည်နယ်အစိုးရမှ မည်ကဲ့သို့ ဆောင်ရွက်ပေးနိုင်မည်" နှင့် စပ်လျဉ်းသည့် မေးခွန်း။ ၃၆၀

(င) ဦးအောင်ကြည်ဝင်း၊ ညောင်ရွှေမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ "တောင်သူလယ်သမား များ စိုက်ပျိုးရေရရှိရေးအတွက် လွယ်မောဆည် ဧရိယာအတွင်း ရေလှောင်နိုင်ရန် နွံးများ တူးဖော်ပေးမည့် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း။ ၃၆၄

(စ) ဒေါ်နန်းအက်စ်ကီးမိုး၊ လဲချားမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏

(၁) "လဲချားမြို့နယ် အားကစားကွင်းအတွင်းတွင် ဆောက်လုပ်လက်စဖြစ်သော ဈေးဆိုင်ခန်းများအား ပြည်သူ့အလိုကျ ပြန်လည် ရုပ်သိမ်းပေးရန် အစီအစဉ် ရှိ/မရှိ"နှင့် စပ်လျဉ်း သည့် မေးခွန်း။ ၃၆၆

(၂) "လဲချားမြို့နယ် ပြည်သူ့ဆေးရုံကြီးအတွင်းရှိ သံဃာဆောင်နှင့် မြို့နယ်ဆရာဝန် နေအိမ်ကြား ရေဝပ်နိုင်သောမြေ၊ မညီမညာဖြစ်နေသောမြေများနှင့် ပတ်သက်၍ မည်ကဲ့သို့ စီစဉ်ဆောင်ရွက်ပေးမည်"နှင့် စပ်လျဉ်းသည့် မေးခွန်း။ ၃၇၀





(၁)နှစ်မပြည့်မီ ပျက်စီးသွားပါသဖြင့် သက်ဆိုင်ရာ ဌာနမှ မည်ကဲ့သို့ ပြန်လည်ပြင်ဆင်ပေးမည်"နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ခ) ဦးစိုင်းဆန်ကွယ်၊ မိုးမိတ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ "(၁၅၀၀)တန် (W-CDMA) နှင့် (GSM) မိုဘိုင်းတယ်လီဖုန်းများ မြို့နယ်အလိုက် ခွဲတမ်းကျဖြန့်ဝေပေးရန် အစီအစဉ် ရှိ/မရှိ"နှင့် စပ်လျဉ်းသည့် မေးခွန်း။ ၃၅၀

(ဂ) ဦးကျော်မြ၊ နောင်ချိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏

(၁) "နောင်ချိုမြို့နယ်၊ လုံရုံးကျေးရွာအုပ်စု၊ ကျောက်ကြမ်းကျေးရွာမှ ဂေါ်ရခါးအမျိုးသမီးဒေါ်ဟူမာကလာ ပျောက်ဆုံးခြင်း (သို့)သေဆုံးမှုပေါ်ပေါက်ရေးကို နောင်ချိုရဲစခန်းမှ အမြန်ဆုံး ဖော်ထုတ်နိုင်ရေးအတွက် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ"နှင့် စပ်လျဉ်းသည့် မေးခွန်း။ ၃၅၂

ကန့်သတ်

ဝ

(၃) "ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အဦမရှိသော ရွာတို့တွင် ကျေးလက်ကျန်းမာရေး ဌာနခွဲ အဆောက်အဦများ ဖွင့်လှစ်ပေးရန် မည်ကဲ့သို့ စီစဉ်ဆောင်ရွက်ပေးမည်" နှင့် စပ်လျဉ်းသည့် မေးခွန်း။ ၃၇၁

(ဆ) ဦးစိုင်းမောင်ကြီး၊ မိုးနဲမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)၏

(၁) "မိုးနဲမြို့နယ်၊ နားခံကျေးရွာ (၂၄)နာရီ လျှပ်စစ်မီးလင်းရေး အတွက် ရှမ်းပြည်နယ် အစိုးရမှ ကူညီဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ" နှင့် စပ်လျဉ်းသည့် မေးခွန်း။ ၃၇၉

(၂) "ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်များတွင် သက်ဆိုင်ရာ မြို့နယ် အလိုက် အလုပ်ရုံ ဆွေးနွေးပွဲများ၊ စွမ်းရည်မြှင့်တင်ရေး Program များ အသေးစိတ်ဆောင်ရွက်ရန် နည်းလမ်းများ ဆင့်ပွားသည့် ၃၈၁

ကန့်သတ်

ကန့်သတ်

ဟ

(ည) ဦးစိုင်းတင်ဦး၊ နမ့်ခမ်းမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)၏ "နမ့်ခမ်းမြို့နယ်အတွင်းရှိ ဆိုးကျိုးများ ဖြစ်ပေါ်လျက်ရှိသော သတ္တုတူးဖော် တောင်ဖြိုခြင်း လုပ်ငန်းများအား လုံးဝရပ်ဆိုင်းသွားစေရန် ရှမ်းပြည်နယ်အစိုးရမှ မည်ကဲ့သို့ တားမြစ်ပိတ်ပင် ဆောင်ရွက်ပေးနိုင်မည်" နှင့် စပ်လျဉ်းသည့် မေးခွန်း။ ၄၀၅

(ဋ) ဒေါ်နန်းခမ်းအေး၊ နမ္မတူမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)၏

(၁) "ရှမ်းပြည်နယ်ရှိ သစ်တောဌာန တိုင်းတွင် အစိုးရသတ်မှတ်ပေး နေပါသော ကွင်းဆင်း စိုက်ပျိုးခ (လုပ်အားခ)နှင့် သစ်တော ပျိုးနှုန်းကို ဒေသပေါက်စျေးနှင့် ကိုက်ညီသော နှုန်းထားနှင့် ချပေးရန် အစီအစဉ် ရှိ/မရှိ"နှင့် စပ်လျဉ်းသည့် မေးခွန်း။ ၄၁၂

(၂) "ရှမ်းပြည်နယ်ရှိ အထက(ခွဲ)နှင့် အထကအဆင့်ရှိ ကျောင်းများ တွင် ကျောင်းသားများ ကာယ ၄၁၈

ကန့်သတ်

ဗလငါးတန်နှင့် ပြည့်စုံရန်အတွက် အားကစား ကွင်းများ ပြုလုပ်ပေးရန် အစီအစဉ် ရှိ/မရှိ” နှင့် စပ်လျဉ်းသည့် မေးခွန်း။

(၃) “ရှမ်းပြည်နယ် လွှတ်တော် ကိုယ်စားလှယ်များအတွက် ပြည်နယ်လွှတ်တော် အထိမ်းအမှတ် တံဆိပ်များ လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ”နှင့် စပ်လျဉ်း သည့် မေးခွန်း။ ၄၂၂

(၄) “ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော်စတုတ္ထပုံမှန်အစည်းအဝေး (၂၅-၉-၂၀၁၂)ရက်တွင် အတည်ပြုပြီးသော GAS ပိုက်လိုင်း ဆိုင်ရာ ကဏ္ဍအဆိုနှင့် ပတ်သက်၍ ရှမ်းပြည်နယ်အစိုးရ၏ ဆောင်ရွက်ထားရှိမှုကို သိရှိလိုပါသည်”နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၄၂၈

(၅) “နမ္မတူမြို့ရှိ မြို့နယ်ရုံးများသည် လိုအပ်ချက်များစွာ ရှိနေပါသဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ” နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၄၂၈







သင်တန်းများ ဆောင်ရွက်ရန် အစီအစဉ် ရှိ/မရှိ”နှင့် စပ်လျဉ်းသည့် မေးခွန်း။

(၇) “ရှမ်းပြည်နယ် မြေပေါ်/ မြေအောက် သယံဇာတများအား ထုတ်ယူခွင့်ပြုထားသည့်ကုမ္ပဏီများ ကိစ္စ”နှင့် စပ်လျဉ်းသည့် မေးခွန်း။ ၃၈၈

( ၈) ဦးစိုင်းအောင်ခမ်း၊ မိုင်းပန်မြို့နယ်မဲဆန္ဒနယ် အမှတ်(၂)၏ “ သစ်ထုတ်ကုမ္ပဏီများ မိုင်းပန်မြို့နယ် တွင် ထပ်မံလာရောက်၍ သစ်ထုတ်လုပ်ရန် ရှိ/မရှိ”နှင့် စပ်လျဉ်းသည့် မေးခွန်း။ ၃၉၂

( ၉) ဦးစိုင်းဝင်းမြတ်ဦး၊ မိုင်းတုံမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)၏ “ မိုင်းပန်မြို့နယ်အတွင်း သစ်ထုတ်လုပ်နေမှုမှ မိုင်းပန်ပြည်သူများ စစ်ဒဏ်ကြောင့် ပေးဆပ်ခဲ့ရသော ရင်းနှီးခဲ့ရသော တန်ဖိုးများနှင့် ထိုက်တန်သည့် မည်ကဲ့သို့သော အကူအညီမျိုး ပေးမည်ကို သိရှိလိုပါသည်”နှင့် စပ်လျဉ်းသည့် မေးခွန်း။ ၄၀၀

(၆) ရှမ်းပြည်နယ်အစိုးရအဖွဲ့က တင်သွင်းခဲ့သော ၂၀၁၃-၂၀၁၄ ခု ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ် ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာန/ အဖွဲ့ အစည်းများ၏ ဖြည့်စွက်ခွင့်ပြုငွေတောင်းခံခြင်းနှင့် စပ်လျဉ်း၍ ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက် ရယူခြင်း။ ၄၄၁

(၇) ကော်မရှင်နှင့် ကော်မတီ(၃)ရပ်တို့၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်း လျာထားချက်များနှင့် စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌမှ ရှင်းလင်းတင်ပြခြင်း။ ၄၄၃

(၈) ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာသုံးသပ်ရေးကော်မရှင်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီ၊ တိုင်တန်းစာစိစစ်ရေးကော်မတီနှင့် ဘတ်ဂျက် စိစစ်ရေးကော်မတီတို့တွင် ထည့်သွင်းဖွဲ့စည်းမည့် အဖွဲ့ဝင်ဦးရေ၊ ကော်မရှင်/ကော်မတီ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်တို့၏ အမည်စာရင်း၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းလျာထား ချက်များနှင့် စပ်လျဉ်း၍ ပြည်နယ် လွှတ်တော်၏ အတည်ပြုချက်ရယူခြင်းနှင့် ကော်မရှင်နှင့် ကော်မတီ(၃)ရပ်ကို ဖွဲ့စည်းကြောင်းကြေညာခြင်း။ ၄၄၃

(၉) ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ပညာရေး၊ ကျန်းမာရေး၊ အားကစားဆိုင်ရာ လူမှုရေးကဏ္ဍများ ဆောင်ရွက်ထားရှိမှုအား လွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း။ ၄၅၉

(၁၀) ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် သတ္တမပုံမှန် အစည်းအဝေး ကျင်းပပြီးစီးခြင်း။ ၄၇၂

- ဆုံးဖြတ်ခြင်း ၄၇၅
- မှတ်တမ်းတင်ခြင်း ၄၈၅
- လွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း ၄၉၀
- ဥပဒေထုတ်ပြန်ခြင်း ၄၉၃
-

# ရှမ်းပြည်နယ်
# ပထမအကြိမ်ရှမ်းပြည်နယ်လွှတ်တော်
# သတ္တမပုံမှန်အစည်းအဝေး (ပထမနေ့)မှတ်တမ်း

**၁၃၇၅ ခုနှစ်၊ တော်သလင်းလဆန်း (၅)ရက်**

**၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ (၉) ရက်**

**[ တနင်္လာနေ့ ]**

တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (ပထမနေ့)အစီအစဉ်ကို နံနက်(၁၀း၀၀) နာရီအချိန်၌ စတင်ကျင်းပပါသည်။

ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌအဖြစ် ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌဦးစိုင်းလုံးဆိုင်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ရှမ်းပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်နယ်အုပ်ချုပ်ရေးမှူး၊ ဦးသိန်းဦးက ဆောင်ရွက်ပါသည်။

## ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး**။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မကြာမီ အချိန်အတွင်းမှာ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (ပထမနေ့)အား ကျင်းပပြုလုပ်မည် ဖြစ်ပါသောကြောင့် ကိုယ်စားလှယ်တော်များ သတ်မှတ်ထားသော နေရာများမှာ နေရာယူ ပေးကြပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။





အကျိုးပြုတဲ့ ဥပဒေပေါ်ထွန်းရန် လွှတ်တော်ကိုယ်စားလှယ်များရဲ့ တာဝန်ဖြစ်ပါတယ်။ ကျွန်တော်တို့ ပြုစုလိုက်တဲ့ ဥပဒေဟာ ဥပဒေဖြစ်လာပြီးတဲ့နောက် ဥပဒေနှင့် ပတ်သက်သည့် နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်၊ ညွှန်ကြားချက်များကို ဆက်လက်ထုတ်ပြန်ပေးဖို့အတွက် အစိုးရနဲ့ သက်ဆိုင်ရာဌာနများရဲ့ တာဝန်ဖြစ်ကြောင်းလည်း ပြောကြားလိုပါတယ်။ ယခုဆိုလျှင် ဆဋ္ဌမပုံမှန်အစည်းအဝေးက မပြီးပြတ်သေးတဲ့ ဥပဒေ (၂)ခုအပါအဝင် အခြားဥပဒေများကိုလည်းပဲ ပြုစုနိုင်ရန်အတွက် ဥပဒေပြုရေးဆိုင်ရာကော်မတီကို ကြိုတင်ခေါ်ယူပြီး ဆောင်ရွက်ခဲ့ပါတယ်။ ယခုအစည်းအဝေးတွင် ဥပဒေ (၄)ခုလောက်အတည်ပြုနိုင်မယ်လို့ မျှော်လင့်ပါတယ်။ နောက်တစ်ခုမှာ အစားထိုးရွေးချယ် တာဝန်ပေးအပ်ထားတဲ့ တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အသစ်များကို ရှမ်းပြည်နယ်လွှတ်တော်မှ ကြိုဆိုပါတယ်။ ကျွန်တော်တို့ဟာ တိုင်းရင်းသားညီအစ်ကိုများ ဖြစ်ကြတဲ့အတွက် လက်တွဲပြီးတော့မှ ရှမ်းပြည်နယ်လွှတ်တော်ရဲ့ တာဝန်များကို ဆက်လက်ထမ်းဆောင်ကြရမှာ ဖြစ်ပါတယ်ဆိုတာကို ပြောကြားရင်း နိဂုံးချုပ်ပါတယ်။

## ကတိသစ္စာမပြုရသေးသော တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း

**ဥက္ကဋ္ဌ**။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကတိသစ္စာမပြုရသေးသော တပ်မတော်သားပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကတိသစ္စာပြုရန်နှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးရန် ဖြစ်ပါတယ်။ ဒါကြောင့်

ရှေ့ကိုနေရာယူပြီးတော့ ကတိသစ္စာပြုပါမယ်။ အားလုံး မတ်တပ်ရပ်ပေးကြဖို့ဖြစ်ပါတယ်။

**(တပ်မတော်သားကိုယ်စားလှယ် နေရာယူပါသည်။)**

ကတိသစ္စာကို ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌမှ တိုင်ပေးပါသည်။ ကတိသစ္စာမပြုရသေးသူ တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်မှ ကတိသစ္စာဆိုပြီးနောက် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးပါသည်။

## ပြည်နယ်လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် သတ္တမပုံမှန်အစည်းအဝေးပထမနေ့မှာ လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၁၄၀)ဦးရှိသည့်အနက် ဒီကနေ့ အစည်းအဝေးကို (၁၃၄)ဦး တက်ရောက်ပါတယ်။ အစည်းအဝေးကို တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ်စုစုပေါင်း၏ (၉၅. ၇၁)ရာခိုင်နှုန်း ရှိပြီး၊ တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ ထက်ဝက်ကျော်လွန်တဲ့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ(၃၆)နှင့် နည်းဥပဒေ(၃၄)(ခ) တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် တိုင်းဒေသကြီးနဲ့ ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေပုဒ်မ(၃၅)၊ နည်းဥပဒေခွဲ (ဂ)တို့အရ အစည်းအဝေးစတင်ကျင်းပကြောင်းကြေညာပါတယ်။





ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီ ခင်ဗျား ။

[ ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။ ]

**အခမ်းအနားမှူး။** အားလုံးထိုင်နိုင်ကြပါပြီ ခင်ဗျား ။

**ဥက္ကဋ္ဌ။** ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်နဲ့ လေ့လာသူဧည့်သည်တော်များခင်ဗျား။ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် သတ္တမပုံမှန်အစည်းအဝေးမှာ ယခုလို ပြန်လည်ဆုံတွေ့ခွင့်ရတဲ့အတွက် များစွာ ဝမ်းသာအားရမိပါတယ်။ ကိုယ်စားလှယ်များနဲ့ ဧည့်သည်တော်များအားလုံး ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ ချမ်းသာခြင်းနဲ့ ပြည့်ဝကြပါစေလို့ ဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်တို့ ရှမ်းပြည်နယ်လွှတ်တော် အနေနဲ့ ပြီးခဲ့တဲ့ ကြယ်ပွင့်ပြမေးခွန်း (၁၈၅) ခု ရှိပြီး အဆို စုစုပေါင်း (၂၃)ခု ဖြစ်ကြောင်း အားလုံး အသိပဲ ဖြစ်ပါတယ်။ ဥပဒေကြမ်းအနေနဲ့ ဥပဒေကြမ်း (၁၀)ခု တင်သွင်းခဲ့ပြီး (၈)ခုကို အတည်ပြုနိုင်ခဲ့ပြီ ဖြစ်ပါတယ်။ ဒါကြောင့် လွှတ်တော်အစည်းအဝေးမှာ ကျန်တဲ့ ဥပဒေများနှင့် ပတ်သက်ပြီး ကျယ်ကျယ်ဝင့်ဝင့် ဆွေးနွေးပြီး ဆက်လက်အတည်ပြုရန် လိုအပ်ပါတယ်။

ဥပဒေပြုခြင်းကဏ္ဍနှင့် စပ်လျဉ်းပြီး အခြေခံဥပဒေ ဇယား(၂)ပါ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်အနေနဲ့ ဥပဒေပြုခွင့် စာရင်းအရ ကဏ္ဍ (၈)ရပ်တွင် ပြုရမည့် ဥပဒေစုစုပေါင်း (၄၀)ခန့် ရှိပါတယ်။ ဥပဒေ(၄၀)အပြင် ရှမ်းပြည်နယ်နဲ့ သင့်လျော်မယ့် ရှမ်းပြည်နယ်အခြေအနေနဲ့ ကိုက်ညီတဲ့ ဥပဒေများကိုလည်း လိုအပ်လျှင် လိုအပ်သလို ပြုစုရမှာ ဖြစ်ပါတယ်။ ပြည်သူများကို

## ပြည်နယ်လွှတ်တော်အစည်းအဝေး ပထမနေ့အစီအစဉ် ကြေညာခြင်း

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ(၄)၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ်ရှမ်းပြည်နယ် လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ပထမနေ့ အစီအစဉ်ကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ ဖြန့်ဝေထားတဲ့ အစီအစဉ်အတိုင်း ဆက်လက်ကျင်းပ သွားမှာ ဖြစ်ပါတယ်။

## အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား တိုင်းဒေသကြီးနဲ့ ပြည်နယ်လွှတ်တော် ဆိုင်ရာ နည်းဥပဒေ(၄၄)၊ နည်းဥပဒေခွဲ(က)အရ ခွင့်ပန်ကြားလိုတဲ့ ကိုယ်စားလှယ်များဟာ မိမိကိုယ်တိုင်သော် လည်းကောင်း၊ မိမိအတွက်အခြားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးက သော်လည်းကောင်း၊ ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။ ဒီကနေ့ အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် ယခု ခွင့်ပန်ကြားဖို့ဖြစ်ပါတယ်။





ဦးမြင့်လွင်သည် နိုင်ငံခြားခရီးစဉ်ရှိပါသဖြင့် ယခုကျင်းပသော ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေးတွင် အစည်းအဝေးတက်ရောက်ခြင်းအား (၉-၉-၂၀၁၃) ရက်နေ့မှ (၁၃-၉-၂၀၁၃)ရက် နေ့အထိ (၅)ရက် ကင်းလွတ်ခွင့်ပြုပါရန် ဦးမြင့်လွင်ကိုယ်စား လေးစားစွာဖြင့် ခွင့်ပန်ကြားအပ်ပါတယ်။

**ဦးစိုင်းစံအေး၊ သိန္နီမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ သိန္နီမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းစံအေး ဖြစ်ပါတယ်။ လားရှိုးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းကြူသည် မိသားစုကျန်းမာရေးကိစ္စရှိပါသဖြင့် ယခုကျင်းပသော ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော်ပုံမှန် အစည်းအဝေးတွင် အစည်းအဝေး တက်ရောက်ခြင်းအား (၉-၉-၂၀၁၃) ရက်နေ့မှ (၁၃-၉-၂၀၁၃) ရက်နေ့အထိ (၅) ရက်ကင်းလွတ်ခွင့်ပြုပါရန် ဦးစိုင်းမုန့် ကိုယ်စားလေးစားစွာဖြင့် ခွင့်ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဗိုလ်ကြီးအောင်ကျော်မြင့်ဝင်း၊ တပ်မတော်သား ကိုယ်စားလှယ် ။** လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သား ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဗိုလ်ကြီးအောင်ကျော်မြင့်ဝင်း ဖြစ်ပါတယ်။ တပ်မတော်သား ကိုယ်စားလှယ်ဖြစ်သူ ဗိုလ်မှူးရည်မွန်သည် ကိုယ်တိုင် ဆောင်ရွက်ရန်ကိစ္စရှိသောကြောင့် ယခုကျင်းပသော ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် သတ္တမပုံမှန်အစည်းအဝေးတွင် အစည်းအဝေး တက်ရောက် ခြင်းအား (၉-၉-၂၀၁၃) ရက်နေ့မှ (၁၃-၉-၂၀၁၃ ) ရက်နေ့ထိ

(၅) ရက်ကင်းလွတ်ခွင့်ပြုပါရန် ဗိုလ်မှူးရည်မွန် ကိုယ်စား လေးစားစွာဖြင့် ခွင့်ပန်ကြား အပ်ပါတယ်ခင်ဗျား။

**ဗိုလ်ကြီးဆန်းလင်း၊ တပ်မတော်သားကိုယ်စားလှယ်။** လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သား ပြည်နယ် လွှတ်တော် ကိုယ်စားလှယ် ဗိုလ်ကြီးဆန်းလင်း ဖြစ်ပါတယ်။ တပ်မတော်သား ကိုယ်စားလှယ်ဖြစ်သူ ဗိုလ်ကြီးကျော်ညီညီသော်သည် မိခင် နေမကောင်းပါသဖြင့် ယခုကျင်းပသော ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် ပုံမှန်အစည်းအဝေးတွင် အစည်းအဝေး တက်ရောက်ခြင်းအား (၉-၉-၂၀၁၃) ရက်နေ့မှ (၁၃-၉-၂၀၁၃) ရက်နေ့အထိ (၅)ရက် ကင်းလွတ်ခွင့်ပြုပါရန် ဗိုလ်ကြီးကျော်ညီညီသော် ကိုယ်စား လေးစားစွာဖြင့် ခွင့်ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားချက်ကို လွှတ်တော်ကခွင့်ပြုရန် သဘောတူပါသလား ခင်ဗျား။

**[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။ ]**

သဘောတူတဲ့အတွက် ယခုခွင့်ပန်ကြားချက်များကို ခွင့်ပြုကြောင်း ကြေညာပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် သတ္တမပုံမှန် အစည်းအဝေး ပထမနေ့ကိုတက်ရောက်ခွင့်ရှိတဲ့ ပြည်နယ် လွှတ်တော် ကိုယ်စားလှယ် ဦးရေမှာ (၁၄၀)ဦးရှိပြီး၊ ယနေ့ခွင့်ပန်ကြား သဖြင့် ခွင့်ပြုထားသူ(၆)ဦး ရှိပြီး ခွင့်မဲ့ပျက်ကွက် မရှိပါ။



D/real(wide) (4



**ဦးလောရင်း၊ ကယန်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ဖယ်ခုံမြို့နယ်မှ ကယန်းတိုင်းရင်းသား ကိုယ်စားလှယ် ဦးလောရင်း ဖြစ်ပါတယ်။ ဖယ်ခုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအာဗြာဟန်သည် မိသားစုကျန်းမာရေးကြောင့် ပြည်ပသို့ ဆေးကုသရန် သွားရောက်နေရပါသဖြင့် ယခုကျင်းပသော ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် ပုံမှန်အစည်းအဝေးတွင် အစည်းအဝေးတက်ရောက်ခြင်းအား (၉-၉-၂၀၁၃) ရက်နေ့မှ (၁၃-၉-၂၀၁၃) ရက်နေ့အထိ (၅)ရက် ကင်းလွတ်ခွင့်ပြုပါရန် ဦးအာဗြာဟန် ကိုယ်စားလေးစားစွာဖြင့် ခွင့်ပန်ကြား အပ်ပါတယ်ခင်ဗျား။

**ဦးကျောက်တယ်ချန်၊ ကုန်းကြမ်းမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ကုန်းကြမ်းမြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၂)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးကျောက်တယ်ချန် ဖြစ်ပါတယ်။ လောက်ကိုင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးမြင်ရှော်ချန်း (ခ)မြီရှောက်ချန်းသည် ကျန်းမာရေးမကောင်းပါသဖြင့် ယခုကျင်းပတဲ့ ပထမအကြိမ်ရှမ်းပြည်နယ် လွှတ်တော်ပုံမှန်အစည်းအဝေးတွင် အစည်းအဝေးတက်ရောက်ခြင်းအား (၉-၉-၂၀၁၃) ရက်နေ့မှ (၁၃-၉-၂၀၁၃) ရက်နေ့အထိ (၅)ရက် ကင်းလွတ်ခွင့် ပြုပါရန် ဦးမြင်ရှော်ချန်း (ခ)မြီရှောက်ချန်းကိုယ်စား ခွင့်ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဦးဇော်ဦး၊ နမ္မတူမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ နမ္မတူမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးဇော်ဦးဖြစ်ပါတယ်။ ကွတ်ခိုင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ

တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ(၄)၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခုလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေ တင်ပြချက်ကို ပြည်နယ်လွှတ်တော်ရဲ့ အတည်ပြုချက် ရယူမှာဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ပထမနေ့ တက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြု ပါသလား ခင်ဗျား။-

**[ သုံးကြိမ်တိုင်တိုင်မေးပါသည်။လွှတ်တော်က အတည်ပြုပါသည်။ ]**

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်က အတည်ပြုတဲ့ အတွက် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို ပြည်နယ် လွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## နိုင်ငံတော်သမ္မတထံမှ ပေးပို့သော သဝဏ်လွှာကို လွှတ်တော်သို့ ဖတ်ကြားတင်ပြခြင်းနှင့် လွှတ်တော်၏ သဘောတူညီချက် ရယူခြင်း

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ နိုင်ငံတော်သမ္မတရုံးမှ (၁၄-၈-၂၀၁၃) ရက်စွဲပါစာအမှတ်၊ ၁၈၆ (၁)/၈/သမ္မတရုံးဖြင့် သဝဏ်လွှာ ပေးပို့လာပါတယ်။ သဝဏ်လွှာ အပြည့်အစုံမှာ



D/real(wide) (5



လွှတ်တော်က သဘောတူတဲ့အတွက် ရှမ်းပြည်နယ်အစိုးရ အဖွဲ့ရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအား ဘဏ္ဍာရေးဝန်ကြီး ဌာန( Minirtry of Finance ) အမည်သို့ ပြောင်းလဲ သတ်မှတ်ခြင်းသည် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။

## ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်လွှတ်တော်သို့ မိန့်ခွန်းပြောကြားခြင်း

**ဥက္ကဋ္ဌ။** အစီအစဉ် (၇)ဖြစ်ပါတယ်။ အစီအစဉ်အရ ရှမ်းပြည်နယ်ဝန်ကြီးချုပ်မှ ရှမ်းပြည်နယ် လွှတ်တော်သို့ မိန့်ခွန်းပြောကြား ပေးပါရန် ဖိတ်ခေါ်ပါတယ်။

**ဦးစဝ်အောင်မြတ်၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်။**

အားလုံးမင်္ဂလာပါခင်ဗျာ။ ယနေ့ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် သတ္တမပုံမှန်အစည်းအဝေးသို့ တက်ရောက်လာကြသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ၊ တာဝန်ရှိသူများနဲ့ ဖိတ်ကြားထားသော ဧည့်သည်တော်များ အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်း ရှမ်းပြည်နယ်အစိုးရအဖွဲ့ကိုယ်စား နှုတ်ခွန်းဆက်သအပ်ပါတယ်။

**ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား**

ဒီကနေ့ဆိုရင် ကျွန်တော်တို့နိုင်ငံမှာ စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးသည့်

ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့နိုင်ငံတော်ကို တည်ထောင်နိုင်ဖို့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေကနေ ပေါ်ထွက်လာတဲ့ လွှတ်တော် အဆင့်ဆင့်မှ ဥပဒေပြုရေး၊ ပြည်ထောင်စုအစိုးရ၊ တိုင်းဒေသကြီး/ ပြည်နယ် အစိုးရများမှ အုပ်ချုပ်ရေးနဲ့ ပြည်နယ်၊ ခရိုင်၊ မြို့နယ်တရားရုံးများ၏ တရားစီရင်ရေးမဏ္ဍိုင်များဟာ သက်ဝင်လှုပ်ရှားနေပြီ ဖြစ်ပါတယ်။ ပြည်သူတွေကလည်း မိမိတို့ဆန္ဒ အတိုင်း ပြည်သူ့ကိုယ်စားလှယ်များ ရွေးချယ်တင်မြှောက်နိုင်ခွင့်၊ မိမိကိုယ်တိုင်ရွေးချယ်ခံပိုင်ခွင့်များ ရရှိနေပြီ ဖြစ်ပါတယ်။ ဒါတွေ အားလုံးဟာ ပါတီစုံ ဒီမိုကရေစီစနစ် ပေါ်ပေါက်နိုင်ဖို့အတွက် လိုအပ်တဲ့ အခြေခံကောင်းများပဲ ဖြစ်ပါတယ်။ ဒီမိုကရေစီဟာ ကောင်းမွန်သော အုပ်ချုပ်ရေးစနစ်နဲ့ တွဲဖက်မှ အောင်မြင်နိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီ အသွင် ကူးပြောင်းရေး ဖြစ်စဉ်အစမှာ တာဝန်ယူရတဲ့ ကျွန်တော်တို့ အစိုးရအဖွဲ့အနေနဲ့ ကောင်းမွန်တဲ့ အုပ်ချုပ်ရေး စနစ် ပေါ်ပေါက်လာအောင် အလေးထားလုပ်ဆောင်ရမှာ ဖြစ်ပါတယ်။

အုပ်ချုပ်ရေးဆိုင်ရာ အဖွဲ့အစည်းများအနေနဲ့ လုပ်ငန်းများ ဆောင်ရွက်ရာမှာဖြစ်စေ ဥပဒေများ လုပ်ထုံးလုပ်နည်းများကို အကောင်အထည်ဖော်ရာမှာဖြစ်စေ နိုင်ငံသားများရဲ့ မူလ အခွင့်အရေးများကို ဟန့်တားပိတ်ပင်သကဲ့သို့ မဖြစ်စေပဲ အဲဒီအခွင့်အရေးများကို နည်းမှန်လမ်းမှန်နဲ့ အမျိုးသား အကျိုး စီးပွားကို မထိခိုက်စေပဲ ကျင့်သုံးနိုင်အောင် ကူညီထိန်းကျောင်းပေးဖို့ အတွက်သာ ရည်ရွယ်လုပ်ဆောင်ဖို့ လိုအပ်ပါတယ်။

နိုင်ငံတော်ရဲ့ အုပ်ချုပ်မှုရေးရာများကို ဆောင်ရွက်ရတဲ့ အစိုးရအဖွဲ့အစည်းအဆင့်ဆင့်ရဲ့ ကဏ္ဍဟာ အင်မတန်မှ အရေးကြီး ပါတယ်။ အုပ်ချုပ်မှုရေးရာများဟာ ပြည်သူတွေရဲ့ နေ့စဉ်လူနေမှုဘဝ အပေါ် အဓိက လွှမ်းမိုးနေတဲ့ကိစ္စများလည်း ဖြစ်ပါတယ်။



D/real(wide) (6



၁။ နိုင်ငံတကာနှင့် အခြားအာဆီယံနိုင်ငံများတွင် သတ်မှတ် ခေါ်ဝေါ်သည့်အမည်နှင့် ညီညွတ်စေရန် လည်းကောင်း၊ အခွန်ဆိုင်ရာ လုပ်ငန်းသည် ဘဏ္ဍာရေးမူဝါဒဆိုင်ရာလုပ်ငန်း၏ အစိတ်အပိုင်း တစ်ရပ် ဖြစ်ခြင်းကြောင့်လည်းကောင်း ပြည်ထောင်စုဝန်ကြီးဌာန၏ အမည်အား ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ( Ministry of Finance and Revenue )မှ ဘဏ္ဍာရေးဝနကြီးဌာန ( Ministry of Finance )အဖြစ် (၁၀-၇-၂၀၁၃) ရက်တွင် ပြောင်းလဲသတ်မှတ်ခဲ့ပါသည်။

၂။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့အသီးသီးရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနကို ပြည်ထောင်စုဝန်ကြီးဌာန၏ အမည်နှင့် တစ်ပြေးညီဖြစ်စေရေးအတွက် ဘဏ္ဍာရေးဝန်ကြီးဌာန ( Minirtry of Finance ) အမည်သို့ ပြောင်းလဲသတ်မှတ် လိုပါသဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၄၈၊ ပုဒ်မခွဲ (ဂ)၊ ပုဒ်မခွဲငယ်(၁)ပါ ပြဋ္ဌာန်းချက်အရ လွှတ်တော်၏ သဘောတူညီချက် ရယူပေးနိုင်ပါရန် သဝဏ်လွှာ ပေးပို့အပ်ပါသည်။

ဟု ဖော်ပြပါရှိပါတယ်။ ဒါကြောင့် ပြည်နယ်အစိုးရအဖွဲ့ရှိ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနအား ဘဏ္ဍာရေး ဝန်ကြီးဌာန ( Minirtry of Finance )အမည်သို့ ပြောင်းလဲသတ်မှတ်ခြင်းကို လွှတ်တော်ရဲ့ သဘောတူညီချက် ရယူမှာ ဖြစ်ပါတယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား-

ရှမ်းပြည်နယ်အစိုးရအဖွဲ့ရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီး ဌာနအား ဘဏ္ဍာရေးဝန်ကြီးဌာန( Minirtry of Finance ) အမည်သို့ ပြောင်းလဲသတ်မှတ်ခြင်းကို လွှတ်တော်က

(သဘောတူပါသလားခင်ဗျား) (၃)ကြိမ် တိုင်တိုင်မေးပါသည်။

လွှတ်တော်က သဘောတူပါသည်။

ပြည်သူတွေရဲ့ နေ့စဉ် လူမှုဘဝလုပ်ငန်းစဉ်တွေ သက်တောင့်သက်သာရှိမှု၊ လွယ်ကူအဆင်ပြေမှု လူနေမှုဘဝလုံခြုံမှုရှိမှုသာ အစိုးရကကျင့်သုံးနေတဲ့ စနစ်ကောင်းမွန်တယ်လို့ ဆိုနိုင်မှာ ဖြစ်ပါတယ်။ လူအများစုရဲ့ နေ့စဉ်လူနေမှုဘဝလုပ်ငန်းစဉ်များ ခက်ခဲမယ် အဆင်မပြေကျပ်တည်းပြီး လူမှုဘဝ လုံခြုံမှု မရှိဘူးဆိုရင် အဲဒီအားနည်းချက်တွေကို ရှာဖွေသုံးသပ်ပြီး ပြုပြင်ရမှာ ဖြစ်ပါတယ်။ ပြည်သူဗဟိုပြုဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာနှင့်အညီ ပြည်သူ့အစိုးရ ဖြစ်တာနဲ့အညီ ပြည်သူရဲ့ သဘောထားကို လေးစားလိုက်နာရမှာ ဖြစ်ပြီး ပြည်သူ့ဆန္ဒကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်ပေးရန် တာဝန်ရှိလာပါတယ်။ ပြည်သူအများစုရဲ့ ဆန္ဒကတော့ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးပဲ ဖြစ်ပါတယ်။

ဒ့ါအပြင် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၆၊ ပုဒ်မခွဲ (က)နဲ့ (ဂ)တို့အရ အမျိုးသားစီးပွား ဖွံ့ဖြိုး တိုးတက်ရေးအတွက် ဒေသဆိုင်ရာအဖွဲ့အစည်းများနဲ့ ပုဂ္ဂလိကစသည့် အင်အားစုများ ပူးပေါင်းပါဝင်မှုကို ရယူကာ ပြည်သူတို့ရဲ့ လူမှုစီးပွား နေထိုင်မှုအဆင့်အတန်း မြှင့်တင်ရေးကို ရှေးရှုဆောင်ရွက်နိုင်ရန်အတွက် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီနဲ့ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေး ကော်မတီတို့ကို မတ်လ (၃၁)ရက်နေ့မတိုင်မီ အပြီးဖွဲ့စည်းရန် ညွှန်ကြားထားပြီး ဖြစ်ပါတယ်။ ဒီလို ရွေးချယ်ဖွဲ့စည်းရာမှာလည်း မြို့နယ်အကျိုး၊ ရပ်ကွက်နဲ့ ကျေးရွာအုပ်စုအကျိုးကို စိတ်ပါဝင်စားစွာ ပါဝင် လုပ်ကိုင်နိုင်သူ၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးစတဲ့ အချက်အလက်များအပေါ် စိစစ်သုံးသပ်ပြီးမှ ပုဂ္ဂိုလ်စွဲ၊ လူမျိုးစွဲ၊ ဒေသစွဲကင်းစွာ ရွေးချယ်ပေးရန် လိုအပ်မှာ ဖြစ်ပါတယ်။ ပြည်သူအများကို ကိုယ်စားပြုတဲ့ ကိုယ်စားလှယ် လူနည်းစုဖြင့်



D/real(wide) (7



မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီသည် အများပြည်သူ သိရှိစေရန် ရပ်ကွက်နှင့် ကျေးရွာအုပ်စု ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီများကို ထပ်ဆင့် ဖိတ်ကြား ရှင်းလင်းပြောကြားပြီးနောက် မြို့နယ်စီမံခန့်ခွဲမှု ကော်မတီအစည်းအဝေးသို့ ထပ်မံညှိနှိုင်းအကြံပြုရန်ရှိက အပြန်အလှန်ဆွေးနွေး ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။

ဒီလို အကောင်အထည်ဖော်ဆောင်ရွက်ရာမှာလည်းကောင်း၊ ညှိနှိုင်းဆွေးနွေးရာမှာလည်းကောင်း အဓိပ္ပာယ် ကောက်ယူရာမှာ-

- တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ အမိန့် ညွှန်ကြားချက်များ၊
- အစိုးရဌာနဆိုင်ရာအသီးသီးနှင့် ဌာနဆိုင်ရာ အကြီးအမှူးများသို့ ဥပဒေအရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်အာဏာများ၊
- ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ ဘဏ္ဍာရေးတို့နှင့် စပ်လျဉ်း၍ ချမှတ်ထားသည့် နိုင်ငံတော်၏ မူများနှင့် ဆောင်ရွက်မှုများကို ထိခိုက်မှုမရှိစေရန် အလေးထား လိုက်နာရမှာ ဖြစ်ကြောင်း နိုင်ငံတော်သမ္မတရုံးက အမိန့် ကြော်ငြာစာအမှတ် ၂၇/၂၀၁၃ ဖြင့် ထုတ်ပြန်ထားတာကို ထပ်မံအသိပေးပြောကြားလိုပါတယ်။

အခု ကျွန်တော်တင်ပြခဲ့တဲ့အချက်တွေဟာ နိုင်ငံတော်မှာ ပြုပြင်ပြောင်းလဲရေးဆောင်ရွက်မှုတွေထဲက အရေးကြီးတဲ့ အုပ်ချုပ်ရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုတွေပဲ ဖြစ်ပါတယ်။

ဌာနဆိုင်ရာများနဲ့ မိတ်ပြည်သူများအနေနဲ့ ကိုယ့်ဒေသ၊ ကိုယ့်ရပ်ရွာ စီးပွားရေး၊ လူမှုရေး၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ကော်မတီများကို စနစ်တကျဖွဲ့စည်းပြီး မြို့နယ်စီမံခန့်ခွဲမှုကော်မတီနဲ့ အတူ မြို့နယ်မှာ ဒေသအခြေအနေ၊ လုပ်ငန်း ပမာဏအရ လိုအပ်သလိုဖွဲ့စည်းထားတဲ့ လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေး လုပ်ငန်းကော်မတီ၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် မြို့ပြကျေးရွာဖွံ့ဖြိုး တိုးတက်ရေး လုပ်ငန်းကော်မတီ၊ စီးပွားရေးကုန်ထုတ်လုပ်မှု လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်း ရှာဖွေရေး လုပ်ငန်းကော်မတီ၊ ပညာရေး၊ ကျန်းမာရေး၊ လူ့အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ကော်မတီ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းကော်မတီ၊ နိုင်ငံတကာအကူအညီ အထောက်အပံ့နှင့် ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ညှိနှိုင်းရေးလုပ်ငန်း ကော်မတီတို့နဲ့ တွေ့ဆုံဆွေးနွေးပေါင်းစပ်ညှိနှိုင်းမှုတွေ ကောင်းရင်ကောင်းသလို ကိုယ့်ရပ်ရွာ၊ ကိုယ့်ဒေသ၊ ကိုယ့်ပြည်သူ တွေ ကြီးပွားတိုးတက်လာကြမှာ ဖြစ်ပါတယ်။

**ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား-**

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေသည် နိုင်ငံရဲ့ အုပ်ချုပ်မှုယန္တရားဖြစ်ပြီး အစိုးရနှင့်ပြည်သူ သဘောတူထားတဲ့ ပဋိညာဉ်ဖြစ်လို့ တစ်နိုင်ငံလုံးက ထောက်ခံခဲ့တာ ဖြစ်ပါတယ်။ ယခုအချိန်မှာ ဖွဲ့စည်းပုံ အခြေခံဥပဒေနဲ့ ပတ်သက်ပြီး လေ့လာဆန်းစစ်မှုတွေ ပြုလုပ်နေကြပြီ ဖြစ်ပါတယ်။ ဒီဖွဲ့စည်းပုံ အခြေခံဥပဒေအရ ကျွန်တော်တို့ အစိုးရသစ်ပေါ်ပေါက်လာတာ



D/real(wide) (8



ဖွဲ့စည်းဆောင်ရွက်သည့် ပုံစံဖြစ်သည့်အားလျော်စွာ ရွေးချယ်ခံရသူများသည် ပြည်သူလူထုနှင့် ထိတွေ့၍ ပြည်သူလူထု၏ လိုအပ်ချက် သဘောထားဆန္ဒကို ရယူတင်ပြ ညှိနှိုင်းပေါင်းစပ် ပေးနိုင်သူများ ဖြစ်ရန် လိုအပ်သကဲ့သို့ နယ်မြေဒေသနှင့် ရိုးရာဓလေ့ထုံးစံများနဲ့ လိုက်လျောညီထွေ ထည့်သွင်း စဉ်းစား ဖွဲ့စည်းဆောင်ရွက်ရန် ဖြစ်ပါတယ်။ ဒါ့အပြင် လွှတ်တော် ကိုယ်စားလှယ်များ အနေဖြင့်လည်း သက်ဆိုင်ရာ မြို့နယ်ရှိ အများပြည်သူက ရွေးချယ်တင်မြှောက် ထားသည့် ရွေးချယ်ခံ ကိုယ်စားလှယ်များ ဖြစ်တဲ့အတွက် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများနဲ့ စပ်လျဉ်းသည့် လုပ်ငန်းများ တွင်လည်းကောင်း၊ လူမှုစီးပွားရေးနဲ့ သဘာဝပတ်ဝန်းကျင် ထိခိုက်စေနိုင်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနဲ့ စပ်လျဉ်းသည့် လုပ်ငန်းများတွင် လည်းကောင်း လွှတ်တော်ကိုယ်စားလှယ်များရဲ့ သဘောထား မှတ်ချက် အကြံဉာဏ်များကို ရယူ ဆောင်ရွက်ရန် လိုအပ်မည် ဖြစ်ပါတယ်။ လိုအပ်ပါက မြို့နယ်စီမံခန့်ခွဲမှုကော်မတီ အစည်းအဝေး သို့ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ကော်မတီနှင့်အတူ ဖိတ်ကြားတက်ရောက်စေပြီး အကြံဉာဏ်ရယူ ဆောင်ရွက်ရန် ဖြစ်ပါတယ်။

ဒေသရဲ့ စီးပွားရေး၊ လူမှုရေး၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ခရိုင်နဲ့မြို့နယ် စီမံခန့်ခွဲမှုကော်မတီနဲ့ လုပ်ငန်းကော်မတီများကို နိုင်ငံ့ဝန်ထမ်းများဖြင့် ဖွဲ့စည်းပြီး မြို့နယ်စည်ပင်သာယာရေး ကော်မတီကို မြို့မိမြို့ဖကိုယ်စားလှယ်များ အပါအဝင်ဖြင့် ဖွဲ့စည်းသွားမှာ ဖြစ်ပါတယ်။ မြို့နယ်စီမံခန့်ခွဲမှု ကော်မတီသည် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီနဲ့ တစ်လလျှင် အနည်းဆုံး နှစ်ကြိမ်တွေ့ဆုံဆွေးနွေး ညှိနှိုင်းအကြံဉာဏ်ရယူခြင်း များကို ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ အထက်ကပြောခဲ့တဲ့

ဖြစ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံရဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းရေးနှင့် ပတ်သက်ပြီး အင်မတန်မှ ကံကောင်းတဲ့အချက်ကြီး (၃)ချက် တင်ပြလိုပါတယ်။ ပထမအချက်အနေနဲ့ အစိုးရအဖွဲ့သစ်တစ်ခုကနေ အစိုးရအဖွဲ့ဟောင်းဆီမှ တာဝန်ယူလွှဲပြောင်းယူတဲ့အခါမှာ ခိုင်မာတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေရှိခဲ့လို့ လွယ်ကူပြီး ညင်သာပျော့ပြောင်းစွာ နိုင်ငံရေးအရ စနစ်တွေပြောင်းလဲခဲ့တာ ဖြစ်ပါတယ်။ ဒုတိယအချက်ကတော့ ကျွန်တော်တို့နိုင်ငံမှာ ဖွဲ့စည်းပုံအခြေခံဥပဒေအရ အဓိပ္ပာယ်ဖွင့်ဆိုချက်တွေ အယူအကောက်တွေမလွဲဘဲ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပါတယ်။ နောက်တစ်ချက်ကတော့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ အစိုးရလွှတ်တော်၊ တရားစီရင်ရေးဆိုတဲ့ သီးခြားစီဆောင်ရွက်ပိုင်ခွင့်နှင့် အပြန်အလှန်ထိန်းကျောင်းခြင်း (Check and Balance)တွေဟာ ဒီမိုကရေစီအသွင်ကူးပြောင်းရေးကာလအတွက် အရေးပါတဲ့အချက်တွေ ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ ဒီအခြေခံအချက်အလက်တွေ တည်ဆောက်ပြီး ဖြစ်တဲ့အတွက် ဒီမိုကရေစီအသွင်ကူးပြောင်းရေးကာလမှာ ညင်ညင်သာသာနဲ့ သွေးထွက်သံယိုမှု အနည်းဆုံးဖြစ်အောင် ဆောင်ရွက်နိုင်ခဲ့တယ်ဆိုတာ သတိပြုကြဖို့ လိုပါတယ်။

ပါတီစုံဒီမိုကရေစီစနစ် အကောင်အထည်ဖော်တဲ့နေရာမှာလည်း အသွင်မတူတာတွေ အမြင်မတူတာတွေကို ထားခဲ့ပြီး တူတာတွေနဲ့ ဆက်လုပ်ကြမယ်ဆိုတဲ့ (Unity and Diversity) လို့ခေါ်တဲ့ နိုင်ငံရေးအရ အယူအဆတွေ အမျိုးမျိုး ရှိသော်လည်း နိုင်ငံရေးအရသော်လည်းကောင်း၊ ဥပဒေရေးအရသော်လည်းကောင်း ပြုပြင်ပြောင်းလဲမှုတွေ လုပ်ချင်တယ် နိုင်ငံတော်အဆင့် ဆောင်ရွက်ရမယ့်လုပ်ငန်းတွေ ညှိနှိုင်းချင်တယ်



D/real(wide) (9



အပြစ်များသွားနိုင်ပါတယ်။ ဒီအချက်ကို အထူးသတိထားရမှာ ဖြစ်ပါတယ်။ Planning နဲ့ သွားရမယ်ဆိုတာဟာ မူဘောင်ကို ချပြီးတော့မှ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ဖို့ ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

ပြည်သူလူထုရဲ့ စားဝတ်နေရေး လိုအပ်ချက်တွေကို ဦးစားပေးပြီး သိသာထင်ရှားတဲ့ လူမှုစီးပွားရေး အကျိုးရလဒ်များ ရရှိခံစားနိုင်အောင် ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက်ရမဲ့ ကာလဖြစ်ပါတယ်။ ပြည်သူဗဟိုပြု ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းတွေကို ဦးစားပေး ဆောင်ရွက် ကြဖို့လည်း ဖြစ်ပါတယ်။ ဒါကြောင့် ကျန်တဲ့ လ(၁၀)မှာ လက်တွေ့အကောင်အထည်ဖော်မဲ့ Integrated Action Plan တွေ ရေးဆွဲပြီး လက်တွေ့မြေပြင်မှာ အကောင်အထည်ဖော်ဆောင်ရွက်ရန်နှင့် ပြည်ထောင်စုဝန်ကြီးဌာနက သပ်သပ်၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရက သပ်သပ် ရေးဆွဲဆောင်ရွက်တာမျိုးမဟုတ်ပဲ ပြည်သူများအတွက် ဦးစားပေးလိုအပ်ချက်တွေကို အတူတစ်ကွ ပူးပေါင်းစီမံဆောင်ရွက်ရန် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ တစ်ဆက်တည်း ပြောကြားလိုတာကတော့ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းများအနေနဲ့ ကျန်လ (၁၀)မှာ ဆောင်ရွက်ဖို့ လုပ်ငန်းစဉ် (၇)ခု ကောက်နုတ်ထားတာ ရှိပါတယ်။ ဒါကလည်း တကယ့်ကို လက်တွေ့မှာ လိုအပ်နေတဲ့ လုပ်ငန်းတွေပဲ ဖြစ်ပါတယ်။

**ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား-**

(၇)ချက်မှာ ပထမအချက်အနေနဲ့ လျှပ်စစ်မီးရရှိရေး ဖြစ်ပါတယ်။ စက်မှုကုန်လုပ်လုပ်ငန်းများအတွက် လျှပ်စစ်မီး

ပြည့်ဝစွာ ရရှိရေး စီမံဆောင်ရွက်ရန်၊ တိုင်းဒေသကြီး/ပြည်နယ် အားလုံး လျှပ်စစ်မီးသုံးစွဲနိုင်သည့် အိမ်ထောင်စုဦးရေ တိုးတက်ရရှိရေးဆောင်ရွက်ရန် ဖြစ်ပါတယ်။

ဒုတိယအချက်အနေနဲ့ သောက်သုံးရေးရရှိရေး ဖြစ်ပါတယ်။ တိုင်းဒေသကြီး/ပြည်နယ်အလိုက် သောက်သုံးရေ ခက်ခဲသော မြို့နယ်များတွင် ဖူလုံမှုရာခိုင်နှုန်းသိသာစွာတိုးတက်ရေး စီမံဆောင်ရွက်ရန် ဖြစ်ပါတယ်။ မြို့နယ်အလိုက်သောက်သုံးရေ ဖူလုံမှုရာခိုင်နှုန်း ဘယ်လောက်ရှိသလဲ၊ ရေဦးရေထွက်များမှ ရေပေးဝေနိုင်မှု ဆည်တာတမံပိတ်ပြီး သဘာဝစိမ့်စမ်းတွေမှ ရေသွယ်ယူနိုင်မှုတွေကို ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်အရ သော်လည်းကောင်း စည်ပင်သာယာရေးလုပ်ငန်းစဉ် အရသော် လည်းကောင်း သောက်သုံးရေ ဖူလုံစွာရရှိရေးကို ဆောင်ရွက် ပေးရပါမယ်။

တတိယအချက်အနေနဲ့ စိုက်ပျိုးရေးဖြစ်ပါတယ်။ စိုက်ပျိုးရေ လုံလောက်စွာ ရရှိရေးဆောင်ရွက်သွားရန်၊ မျိုးလိုအပ်ချက် လုံလောက်စွာ ထုတ်လုပ်ဖြန့်ဝေနိုင်ရေးဆောင်ရွက်သွားရန် တောင်သူများ အရင်းအနှီး လိုအပ်ချက် ဖြည့်ဆည်းနိုင်ရေး ဆောင်ရွက်သွားရန်၊ စိုက်ပျိုးရေးနဲ့ ပတ်သက်ပြီးတော့ ရေမြောင်း၊ တာတမံတွေ ရေသွင်းမြောင်းတွေကအစ တစ်ဆင့်ပြီးတစ်ဆင့် အကောင်အထည်ဖော်ပေးသွားဖို့ လိုအပ်ပါတယ်။ Planning နဲ့ နှစ်အလိုက်၊ အပိုင်းအလိုက်၊ ဦးစားပေးအလိုက် ဆောင်ရွက်သွား ရမယ့်အပိုင်းများကို အကောင်အထည် ဖော်ပေးဖို့ ဖြစ်ပါတယ်။

စတုတ္ထအချက်အနေနဲ့ အလုပ်အကိုင်ရရှိရေး ဖြစ်ပါတယ်။ အလုပ်အကိုင်ရရှိရေးမှာ စက်မှုဇုန်နှင့် SME လုပ်ငန်းများ သိသာစွာ ဖွံ့ဖြိုးရေး ဆောင်ရွက်ရန် ဖြစ်ပါတယ်။ အထူးသဖြင့် SME လုပ်ငန်းများကို အလေးထားပြီး သတိထားဆောင်ရွက် ပေးဖို့



D/real(wide) (1



ဆိုရင် လွှတ်တော်အဆင့်ဆင့်ဟာ နိုင်ငံရေးစင်မြင့် ဖြစ်ပါတယ်။ လက်ရှိမှာလည်း ဒီအတိုင်းပဲ ဆောင်ရွက်နေတာ ဖြစ်ပါတယ်။ ဒါဟာ ကျွန်တော်တို့အတွက်နိုင်ငံရေး Platform ပဲ ဖြစ်ပါတယ်။ လွှတ်တော် ပြင်ပနိုင်ငံရေးဆိုတာ တချို့စည်းနဲ့ ကမ်းနဲ့ ရှိမယ်၊ တချို့ စည်းမရှိကမ်းမရှိ ပရမ်းပတာရှိမယ်၊ တချို့ဆန္ဒတွေ များနေတာရှိမယ်။ တချို့ လုပ်ထုံးလုပ်နည်း စည်းမျဉ်းဥပဒေနဲ့ သွေဖယ်ပြီးတော့ တစ်နေရာ တစ်ဒေသမှာပဲ မှန်ကန်ပြီး အခြားနေရာ ဒေသတွေမှာ လိုက်နာ အကောင်အထည်ဖော်ဖို့ ခက်တဲ့ဆွေးနွေးမှုတွေ ဖြစ်ကောင်းဖြစ်နေ နိုင်တယ်။ ဒါကြောင့် လွှတ်တော်အဆင့်ဆင့်ဟာ ဥပဒေကြောင်းအရ သော်လည်းကောင်း၊ နိုင်ငံရေးအရသော်လည်းကောင်း တွေ့ဆုံဆွေးနွေးရန် ဒေသနေရာ ဖြစ်ပါတယ်။ ပြည်ထောင်စု အစိုးရအဖွဲ့ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ စသည်အားဖြင့် အစိုးရအဖွဲ့အဆင့်ဆင့်ဟာ နိုင်ငံတော်ရဲ့ အုပ်ချုပ်ရေး ယန္တရားနှင့် ဒီမိုကရေစီစနစ်ကို ဖော်ဆောင်တဲ့အခါမှာ စည်းကမ်းစနစ်တကျဖြစ်ဖို့ နိုင်ငံတည်ငြိမ်အေးချမ်းစွာနဲ့ ဆက်လက်ဖွံ့ဖြိုးတိုးတက်ဖို့ဆိုတဲ့ ကိစ္စရပ်တွေ ဆောင်ရွက်ရတာ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ အနေနဲ့ တာဝန်ယူမှု၊ တာဝန်ခံမှု အင်မတန်ကြီးပါတယ်။

နောက်တစ်ခုပြောလိုတာက စီးပွားရေးနဲ့ လူမှုရေး ပြုပြင် ပြောင်းလဲရေးဖြစ်ပါတယ်။ (Frame work of Economy and Society Reform (FESR) နဲ့ ပတ်သက်ပြီး တတိယအကြိမ် စီမံကိန်းကော်မရှင် အစည်းအဝေးမှာ ထုတ်ပြန်ပြီး ဖြစ်ပါတယ်။ (FESR) အရ လူမှုရေး၊ စီးပွားရေးတွေ ပြုပြင်ပြောင်းလဲ ရာမှာ အဓိက ကတော့ Planning နဲ့ သွားဖို့ဖြစ်ပါတယ်။ စီမံကိန်းမရှိပဲ ငါးပွက်ရာ ငါးစာချလုပ်နေမယ်ဆိုရင် ပြီးဆုံးနိုင်တဲ့ အနေအထား ရှိမှာမဟုတ်ပါဘူး။ သူ့နေရာ ငါ့နေရာ သူ့မြို့ငါ့မြို့ဆိုပြီး ကျွန်တော်တို့ ဆောင်ရွက်ချက်တွေဟာ အကျိုးထက်

ဖြစ်ပါတယ်။ လျှပ်စစ်မီးနှင့် အလုပ်အကိုင်ရရှိရေးမှာ SME ဟာ နှစ်ခုလုံး အကျုံးဝင်နေတာ ဖြစ်တဲ့အတွက် SME လုပ်ငန်းတွေကို သိသာစွာ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

နောက်တစ်ချက်ကတော့ မြို့ပြ၊ ကျေးရွာအခြေခံ အဆောက်အအုံဆောက်လုပ်ရေး လုပ်ငန်းဖြင့် အလုပ်အကိုင် တိုးပွားရေး ဆောင်ရွက်ရန် ဖြစ်ပါတယ်။ အခြေခံအဆောက်အအုံ တွေ ဆောက်လုပ်ရင် ဒေသခံပြည်သူတွေ အလုပ်အကိုင်ရရှိအောင် စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် လုပ်တဲ့အပိုင်းတွေ ပါလာမှာ ဖြစ်ပါတယ်။ ဒါကတော့ မြို့ပြကျေးရွာ အခြေခံအဆောက်အအုံ (Infra structure) တွေ လုပ်ရင်းနဲ့ ဒေသမှာ အလုပ်အကိုင် အခွင့်အလမ်းတွေ ရရှိအောင် ဆောင်ရွက်ပေးတဲ့ အချက်ကိုလည်း ထည့်သွင်းစဉ်းစားဖို့ လိုအပ်မှာ ဖြစ်ပါတယ်။ အထူးစီးပွားရေးဇုန်များ အမြန်အကောင်အထည်ဖော်ရန် ဒါဟာ သမ္မတကြီးရဲ့ မူဝါဒပဲ ဖြစ်ပါတယ်။

ပဉ္စမအချက်ကတော့ ခရီးသွားလုပ်ငန်း ဖြစ်ပါတယ်။ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေး အလေးထား ဆောင်ရွက်ရန် ဖြစ်ပါတယ်။ ရှမ်းပြည်နယ်အနေနှင့် အင်းလေးဒေသအပါအဝင် ရှမ်းပြည်နယ်တစ်ခုလုံးမှာ သွားလာလည်ပတ်စရာတွေ အများကြီး ရှိပါတယ်။

ဆဌမအချက်အနေနဲ့ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ဖို့ ငွေကြေးလုပ်ငန်းဟာ အရေးကြီးပါတယ်။ဘဏ်လုပ်ငန်း ဖွံ့ဖြိုးရေး၊ ငွေကြေးဈေးကွက် တည်ငြိမ်ရေး၊ အသေးစားချေးငွေလုပ်ငန်း ဖွံ့ဖြိုးရေး၊ နိုင်ငံခြားမှ ငွေကြေး/ချေးငွေ ထောက်ပံ့ငွေများ လျင်မြန်ချောမွေ့စွာ စီးဆင်းဝင်ရောက်လာနိုင်ရေး၊ လုပ်ငန်းအဖွဲ့များဖွဲ့၍ ဦးစားပေးဆောင်ရွက်ရန် ဖြစ်ပါတယ်။ ဒီငွေကြေးလုပ်ငန်းအတွက် အရင်းအနှီးဟာ အင်မတန်မှ အရေးကြီး



D/real(wide) (1



တိုင်းဒေသကြီး/ပြည်နယ်အစိုးရများက စွမ်းဆောင်ရည် အကဲဖြတ်ချက် အစီရင်ခံစာအားပြုစု၍ ပြည်ထောင်စုအစိုးရ အဖွဲ့သို့ တင်ပြပြီး ပြည်ထောင်စုဝန်ကြီးဌာနများသို့ မိတ္တူပေးလျက် ပြည်ထောင်စု ဝန်ကြီးဌာနများက ရာထူးတိုးမြှင့်ရေးနှင့် အပြောင်းအရွှေ့စီမံရာတွင် ယင်းအကဲဖြတ်ချက်အပေါ် မူတည်ဆောင်ရွက်ရန် ဖြစ်ပါတယ်။

တတိယအချက်အနေနဲ့ ပညာရေးဝန်ကြီးဌာနအနေဖြင့် မူလတန်းအဆင့် ဆရာ/ဆရာမများ ခန့်ထားရာ၌ ဗဟိုမှ တိုက်ရိုက် ခန့်ထားခြင်း မပြုပဲ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရ အစီအစဉ်ဖြင့် ခန့်ထားခွင့်ပြုရန် ဖြစ်ပါတယ်။

စတုတ္ထအချက်အနေနဲ့ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် သူနာပြု/သားဖွားဆရာမများ ခန့်ထားရာ၌ ဗဟိုမှ စုစည်းလေ့ကျင့် သော်လည်း ခန့်ထားရာ၌ တိုင်းဒေသကြီး/ပြည်နယ်အစီအစဉ်ဖြင့် ဒေသအလိုက် ဒေသခံများ ပြောင်းရွှေ့နေရာချထားနိုင်ရေး ညှိနှိုင်းစီစဉ်ရန်နှင့် ဝေးလံခေါင်းပါး ဒေသများအတွက် ဆရာဝန် ခန့်အပ်ထားခြင်းကို ဗဟိုမှ တိုက်ရိုက်စီစဉ်သော်လည်း ပျက်ကွက်မှု များရှိနေသဖြင့် ဝေးလံခေါင်းပါးဒေသများအတွက် တိုင်းဒေသကြီး/ ပြည်နယ်အစီအစဉ်ဖြင့် ဆရာဝန်လိုအပ်သော ဒေသများအတွက် သတင်းစာတွင် ကြော်ငြာခေါ်ယူ လျှောက်ထားစေပြီး ခန့်အပ် တာဝန်ပေးသည့် စနစ်ကျင့်သုံးရန် ဖြစ်ပါတယ်။

ပဉ္စမအချက်အနေနဲ့ ဒေသခံပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းရရှိရေးအတွက် ပြည်ထောင်စု ဝန်ကြီးဌာနများမှ တိုက်ရိုက်ခွင့်ပြုရသည့် လုပ်ငန်းများအနက် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရ အစီအစဉ်ဖြင့် လုပ်ကိုင်ခွင့်ပေးနိုင်သည့် လုပ်ငန်းများအား ခွဲဝေပိုင်းခြား လုပ်ကိုင်ခွင့်ပြုရန် ဖြစ်ပါတယ်။

နိုင်ငံတော်သမ္မတကြီးမှ တိုင်းဒေသကြီး/ပြည်နယ်အစိုးရ

ဝန်ကြီးချုပ်တွေကို အဓိကမှာကြားချက် (၄)ချက်ကို ဆက်လက်ရှင်းပြပါမယ်။ ပထမအချက်အနေဖြင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီနှင့် မြို့မိမြို့ဖများ ပါဝင်ဖွဲ့စည်းထားသော မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီများသည် မြို့နယ်အသီးသီးဖွံ့ဖြိုးတိုးတက်ရန်နှင့် ပြည်သူများ၏ လူမှုစီးပွားရေးလိုအပ်ချက်များကို ညှိနှိုင်းပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးအပ်သော အစိုးရနှင့် ပုဂ္ဂလိက ပူးပေါင်းညှိနှိုင်း အကောင်အထည် ဖော်ရေးအဖွဲ့များဖြစ်သည့်အတွက် ဦးစားပေးလုပ်ငန်းများကို ညှိနှိုင်းဆွေးနွေးတတ်၊ လုပ်တတ်ကိုင်တတ်ရှိအောင် သင်ကြားလေ့ကျင့်ပေးရန် ဖြစ်ပါတယ်။ ကော်မတီနဲ့ ပတ်သက်ရင် အလေးအနက်ထားဆောင်ရွက်ရန်နှင့် လုပ်တတ်ကိုင်တတ်အောင်လည်း သင်ကြားပေးဖို့ လိုအပ်ပါတယ်။ လိုအပ်ချက်တွေကိုလည်း မြို့နယ်စီမံခန့်ခွဲမှုကော်မတီက မူဝါဒအတွင်းမှ တင်ပြတတ်ဖို့ လိုပါတယ်။ စီးပွားရေးမှာလည်း Working Group တွေ၊ အစုအဖွဲ့တွေ လုပ်ငန်းတူတာတွေ စုစည်းပြီး ပြောတတ် ဆိုတတ်ဖို့လိုအပ်ပါတယ်။ Working Group တွေ အားကောင်းလာရင် နိုင်ငံရဲ့ Private Sector တိုးတက်လာအောင်လည်း အကျိုးပြုရာရောက်မှာ ဖြစ်ပါတယ်။

ဒုတိယအချက်အနေနဲ့ တိုင်းဒေသကြီး/ပြည်နယ်များဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် မြို့နယ်အဆင့်သည် အခြေခံကျပြီး ပြည်သူများ၏ တစ်ဦးကျဝင်ငွေ၊ သောက်သုံးရေလိုအပ်ချက်၊ လျှပ်စစ်မီး လိုအပ်ချက်၊ အလုပ်လက်မဲ့ အရေအတွက်နှင့် အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးရေး၊ မြို့ကွက် ရွာကွက်အကျယ်အဝန်းနှင့် လူဦးရေတိုးပွားမှု သိပ်သည်းမှုအရ မြို့ရွာဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းရေးဆွဲခြင်း၊ လယ်မဲ့ယာမဲ့များ



D/real(wide) (1



ပါတယ်။

နောက်ဆုံးသတ္တမအချက်အနေနဲ့ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု သိသာစွာ တိုးတက်အောင် လုပ်ငန်း ကဏ္ဍအလိုက် လုပ်ငန်းအဖွဲ့များဖွဲ့၍ ဆောင်ရွက်ရန် ဖြစ်ပါတယ်။ Working Group နှင့် ပတ်သက်ပြီး သက်ဆိုင်ရာ ခရိုင်အလိုက်၊ မြို့နယ်အလိုက် ဖွဲ့စည်းပြီး ဖြစ်ပါတယ်။ မြို့နယ်ခန်းမများမှာလည်း ဆွေးနွေးပြီးဖြစ်ပါတယ်။ အစည်းအဝေးတစ်ခါလုပ်ရုံနဲ့ ပြီးရမဲ့ကိစ္စမဟုတ်ပဲ စဉ်ဆက်မပြတ် ပေါင်းစပ်လုပ်ကိုင်သွားရမှာ ဖြစ်ပါတယ်။ Working Group တွေဟာ တူရာတူရာစုပြီးလုပ်ဆောင်ရာမှာ သူ့ကဏ္ဍအလိုက်ရှိပါတယ်။ အခုဆိုရင် အခွန်အခနဲ့ ပတ်သက်ပြီး မူဝါဒချပေးထားတာ ရှိပါတယ်။ ဘယ်ကဏ္ဍကနေ အခွန်အခ (၁၉)မျိုးနှင့် ပတ်သက်ပြီး ဇယား(၅)ပါ ဖော်ပြချက်နှင့် ပတ်သက်ပြီး ဘယ်လိုရနိုင်သလဲစိစစ်နေရပါတယ်။

**ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား-**

ဆက်လက်ပြီး ပြောကြားလိုတာက ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ ပြည်နယ် အစိုးရများအကြား အုပ်ချုပ်မှုကိစ္စများ အဆင်ပြေချောမွေ့စေရန်အတွက် လိုက်နာဆောင်ရွက်ရမည့် အချက်များကို နိုင်ငံတော်သမ္မတကြီးက မှာကြားလိုက်တာ ရှိပါတယ်။ ပထမအချက်အနေနဲ့ တိုင်းဒေသကြီး/ပြည်နယ်အတွင်းရှိ ဌာနဆိုင်ရာများအား ပြည်ထောင်စုဝန်ကြီးဌာနများက တိုက်ရိုက်ကွပ်ကဲ ကြီးကြပ်ခြင်းမပြုပဲ တိုင်းဒေသကြီး/ပြည်နယ်အစိုးရများက စီမံခန့်ခွဲလမ်းညွှန်ကြီးကြပ်စစ်ဆေးဆောင်ရွက်သွားရန် ဖြစ်ပါတယ်။

ဒုတိယအချက်အနေနဲ့ ဌာနဆိုင်ရာ အရာထမ်း/အမှုထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားလာရေး အတွက်

စာရင်းကောက်ယူ နေရာချထားရေးစသော လုပ်ငန်းများကို ထိထိရောက်ရောက် အကောင်အထည်ဖော်နိုင်ရန် ကိန်းဂဏန်း၊ စာရင်းဇယားများကို မြေပြင်စာရင်းကောက်ယူ လေ့လာသုံးသပ်ဆွေးနွေးစီမံ ဆောင်ရွက်ကြရမည် ဖြစ်ပါတယ်။ ဤနေရာတွင် တောင်သူလယ်သမားများအတွက် လယ်ယာမြေ လုပ်ပိုင်ခွင့်မှတ်ပုံတင်ခြင်းနှင့် လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ်ထုတ်ပေးခြင်းလုပ်ငန်းများကို အမြန်ပြီးပြတ်အောင် ဆောင်ရွက်ပေးနိုင်သည်နဲ့အမျှ ၄င်းတို့ ပိုင်ဆိုင်ခွင့်၊ ရောင်းချခွင့်၊ ပေါင်နှံခွင့်များ ရလာသည်နဲ့အမျှ ဈေးငွေရရှိရေး၊ ငွေကြေးအရင်းအနှီးရရှိရေး ဆောင်ရွက်လာနိုင်မည် ဖြစ်တဲ့အတွက် တောင်သူလယ်သမားများ၏ လူမှုစီးပွားရေးဘဝ တိုးတက်လာမည်ဖြစ်၍ ဝိုင်းဝန်းဆောင်ရွက်ပေးကြရန် ဖြစ်ပါတယ်။

တတိယအချက်အနေဖြင့် မြို့နယ်ကော်မတီအသီးသီးအနေဖြင့် အစည်းအဝေးများ ကျင်းပရာတွင် ပြည်သူများက ရွေးချယ်တင်မြှောက်ထားသော လွှတ်တော်ကိုယ်စားလှယ်များကိုပါ ဖိတ်ကြားပြီး ပြည်သူများ၏ လူမှုစီးပွားလိုအပ်ချက်များ၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းတံတား အခြေခံအဆောက်အအုံလိုအပ်ချက်များ အနက် ဦးစားပေးများကို ရွေးချယ်ပြီး မြို့နယ်အဆင့်၊ ခရိုင်အဆင့်၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့်အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ လွှတ်တော်များသို့ အဆင့်ဆင့် တင်ပြသင့်သည်များကို ဘတ်ဂျက်ငွေကြေး၊ ရင်းနှီးမြှုပ်နှံမှု အလားအလာအပေါ်မူတည်ရွေးချယ်ပြီး ညှိနှိုင်းတင်ပြသည့် အစီအစဉ်များ ဆောင်ရွက်သွားကြရန် ဖြစ်ပါတယ်။ မြို့နယ် ကော်မတီတွေ ပေါင်းစပ်ညှိနှိုင်းအစည်းအဝေး လုပ်တယ်ဆိုတာ အနည်းဆုံးတစ်လ (၂)ကြိမ်လုပ်ရန်နှင့် ပြဿနာများကို မဖြေရှင်းပေးနိုင်၍ အစည်းအဝေးလုပ်ရမှာ ကြောက်နေတဲ့ပုံစံမျိုး မဖြစ်စေရန် လိုအပ်ပါတယ်။





## ပြည်နယ်ဝန်ကြီးချုပ်၏ မိန့်ခွန်းကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ပထမနေ့မှာ ပြည်နယ်ဝန်ကြီးချုပ်မှ ပြည်နယ်လွှတ်တော်သို့ ပြောကြားသွားသော မိန့်ခွန်းကို တိုင်းဒေသကြီးနှင့်ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၃၈၊ ပုဒ်မခွဲ (ဂ)အရ ရှမ်းပြည်နယ် လွှတ်တော်မှ မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်နယ်လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များမေးမြန်းထားတဲ့ ကြယ်ပွင့်ပြမေးခွန်းများကို မေးမြန်းခြင်းနှင့်ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။ ယခုလွှတ်တော်ကိုယ်စားလှယ် (၇)ဦးက မေးမြန်းထားတဲ့ မေးခွန်း များကို သက်ဆိုင်ရာပြည်နယ်အဖွဲ့အစည်းဝင်များမှ တာဝန်ရှိ ပုဂ္ဂိုလ်က ဖြေကြားသွားဖို့ ဖြစ်ပါတယ်။

ပထမဦးစွာ နမ့်တူမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါ်နန်းခမ်းအေးက ပထမမေးခွန်းကိုမေးမြန်းဖို့ ဖြစ်ပါတယ်။



D/real(wide) (1

**ဒေါ်နန်းခမ်းအေး၊ နမ္မတူမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)။** လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံးနဲ့ ကြွရောက်လာကြသော လူကြီးမင်းများအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံတဲ့ အခါသမယဖြစ်ပါစေရှင်။ ကျွန်မကတော့ နမ္မတူမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းခမ်းအေး ဖြစ်ပါတယ်ရှင်။

ကျွန်မအခု မေးမယ့် မုံးရင်ရေလှောင်တမံနဲ့ ပတ်သက်တဲ့ မေးခွန်းဟာ ဆဋ္ဌမပုံမှန်အစည်းအဝေးအတွက် ကျွန်မပေးပို့ထားပါတယ်။ ဒါပေမဲ့ အချိန်မီ ပေးပို့နိုင်ခြင်းမရှိတဲ့အတွက် ကျွန်မအခုမှ မေးမြန်းရခြင်း ဖြစ်ပါတယ်။ ကျွန်မမေးခွန်းပို့ပြီးတဲ့ (၅)လအတွင်းမှာ စိုက်ပျိုးရေးဝန်ကြီးနဲ့ ဆည်မြောင်းဝန်ထမ်းများရဲ့ ကျေးဇူးကြောင့် တစ်ချို့တစ်ဝက်ဟာ ဆောက်လုပ်ပြီးစီးတာကို တွေ့ရှိရပါတယ်ရှင်။ မုံးရင်ရေလှောင်တမံဟာ ရာသီမရွေး ရေမပြတ်အောင် ပို့ပေးနိုင်တဲ့ ရေလှောင်တမံကြီး ဖြစ်ပါတယ်ရှင်။ ရေပိုလွှဲတစ်ခုရှိပြီးတော့ အဲဒီရေပိုလွှဲဟာ မျက်နှာပြင်အမြင့် (၁၉၇၅)ပေ ရှိပါတယ်။ ပုံမှန်အားဖြင့် ရေပိုလွှဲကို ရေလွှဲနိုင်ဖို့ဆိုတာ မိုးတွင်းအခါလောက်မှာပဲ ရှိတတ်ပါတယ်။ ရှားတော့ရှားပါတယ်။ ဒါပေမဲ့ (၇)ရက်နေ့မှာ နမ္မတူဒေသမှာ မိုးရေလွှမ်းမိုးမှုကြောင့် ရေပိုလွှဲဟာ ၁၉၇၈.၅ ပေအထိ ရှိခဲ့ပါတယ်။ ဒီနေ့တိုင်းတာချက်အရ ရေ(၁)ပေ လောက်တော့ ကျသွားတယ်လို့ သိရပါတယ်ရှင်။

မုံးရင်ဒေသဟာ လယ်ဧကပေါင်း (၁၂၀၀)ကျော် ရှိပါတယ်။ မုံးရင်ဆည်နဲ့ ပတ်သက်ပြီး လိုအပ်ချက်တွေ မရှိခဲ့လျှင် မုံးရင်ဆည်ရေသောက် လယ်ဧက (၇၀၀)ကို ရေအလုံအလောက် ပေးနိုင်တဲ့ ရေလှောင်ကန်ကြီး ဖြစ်ပေမယ့် မုံးရင်ဆည်မှာ လိုအပ်ချက်တွေ များနေတဲ့အချက်ကြောင့် ဆည်ရေတွေ၊



D/real(wide) (1



မှတ်တမ်း မှတ်ရာများကို ဦးစားပေးကဏ္ဍအလိုက် ခွဲခြားပါက ဦးစားပေးရမည့် အစီအစဉ်တွေ ပေါ်လာမှာပဲ ဖြစ်ပါတယ်။ တစ်ယောက်တည်း စဉ်းစားထားတာမဟုတ်ပဲ ခေါင်းတွေအများကြီးဆိုင်ပြီး စဉ်းစား ထားတာဖြစ်တဲ့အတွက် ပြည်သူတွေ ပါဝင်တဲ့အတွက် ပြည်သူကို ဗဟိုပြုတဲ့ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နေတာ ဖြစ်ပါတယ်။ လေ့ကျင့်သားမရခင်မှာ ကောင်းတဲ့ အလေ့အကျင့် လေးတွေရအောင် ဝိုင်းပြီးကြိုးစား ဆောင်ရွက်ပေးဖို့ ဖြစ်တဲ့အတွက် မြို့နယ်အသီးသီးမှာ မြို့နယ်အုပ်ချုပ်ရေးမှူးများကို လက်ထောက် ညွှန်ကြားရေးမှူးအဆင့်တွေကို တာဝန်ပေးထားတာ ဖြစ်ပါတယ်။

နောက်ဆုံးအချက်အနေနဲ့ ထိုသို့ပြည်သူများ ပူးပေါင်းပါဝင်တဲ့ ပြည်သူဗဟိုပြုဖွံ့ဖြိုးရေးအတွက် ရည်မှန်းဆောင်ရွက်နေသော ပြည်သူဗဟိုပြု အုပ်ချုပ်မှုစနစ်သစ်တစ်ရပ်ကို ပီပီပြင်ပြင် အကောင်အထည်ဖော်နိုင်မှသာ အစိုးရအုပ်ချုပ်ရေး ယန္တရားကြီး ပွင့်လင်းမြင်သာရှိမှု ပြည်သူ့အသံနှင့်ဆန္ဒကို သိရှိဦးစားပေး၍ ထိရောက်စွာ အကောင်အထည်ဖော်မှု၊ ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ လိုက်နာဆောင်ရွက်လျက် လာဘ်ပေးလာဘ်ယူ တားဆီးထိန်းသိမ်းနိုင်မှု၊ မြို့နယ်အေးချမ်းသာယာပြီး တရားဥပဒေစိုးမိုးမှု၊ ဒေသဖွံ့ဖြိုးတိုးတက်မှုများ ရရှိလာမည် ဖြစ်သည့်အတွက် အလေးထားဆောင်ရွက်သွားကြဖို့ တိုက်တွန်းမှာကြားလိုပါတယ်။

ဒါကြောင့် ကြိုးစားဆောင်ရွက်မယ်၊ အောင်မြင်အောင် လုပ်မယ် ဆိုတဲ့ကတိအတိုင်း ရှမ်းပြည်နယ်ကြီးတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်ဖို့ အားလုံး ဉစ္စာရင်လို ဉစ္စာရင်ခဲ အားကြိုးမာန်တက် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက် သွားကြပါလို့တိုက်တွန်းပြောကြားရင်း နိဂုံးချုပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်ခင်ဗျာ။

ဆည်သောက်ရေတွေ လယ်မြေဧကတွေဟာ ရေလုံလောက်မှု မရှိတာကို တွေ့ရှိရပါတယ်။ ကျွန်မမေးတဲ့ မေးခွန်းထဲမှာ MCRD 2+ 100 ရှိ Side Channel ပြန်လည်ပြုပြင်ရန်ဆိုပြီးတော့ နံပါတ်(၁)မှာ ပါရှိပါတယ်။ မုံးရင်ဆည်တွင် ဘေးထွက်ရေလွှဲမြောင်း တစ်ခု ရှိပါတယ်။ Side Channel မှ ဆည်ကိုသွားမည်ဆိုလျှင် ကား၊ ဆိုင်ကယ်နဲ့ ဖြတ်ရမှာ ဖြစ်ပါတယ်။ ဒါပေမဲ့ သွားလို့ မရအောင် ပျက်စီးနေတဲ့အတွက် ပြုပြင်ပေးမည့် အစီအစဉ် ရှိ/မရှိဟု မေးမြန်းထားတာ ဖြစ်ပါတယ်။ ဒါပေမဲ့ Side Channel ကို မေလက ပြုပြင်ပေးသွားပြီ ဖြစ်ပါတယ်။ မုံးရင် ရေလှောင်တမံရဲ့ ပင်မရေပေးမြောင်းဟာဆိုရင် တချို့နေရာတွင် အုတ်စီထားပေမယ့် တချို့က မြေသားအတိနဲ့ ပြီးနေတဲ့ တူးမြောင်းများ ဖြစ်ပါတယ်။ ပင်မရေမြောင်းသည် ဖို့မြေတွေ ဖြစ်တဲ့အတွက်ကြောင့် ရေမြောင်းအပြည့်ရေလွှတ်လိုက်မယ်ဆိုရင် ရေစိမ့်ထွက်ခြင်း၊ မြောင်းပေါင်ပျက်စီးခြင်း၊ ပြိုပျက်ခြင်းများ ရှိနေတဲ့အတွက် ပင်မမြောင်းကို အုတ်စီဖို့ တင်ပြထားခြင်း ဖြစ်ပါတယ်။

အုတ်စီတဲ့အပြင် မြောင်းရဲ့တဖက်တွင် လမ်းရှိပြီးတော့ တဖက်မှာ တောင်ကမ်းပါးယံ ဖြစ်နေပါတယ်။ မြောင်းကို အုတ်စီနိုင်ပေမဲ့လည်း အပေါ်မှာ စလစ်လောင်းပေးနိုင်ခြင်း မရှိလျှင် မြေပြိုကျမှုကြောင့် ရေတွေဟာ မြောင်းကနေတစ်ဆင့် လယ်မြေကို အလုံအလောက်ပို့နိုင်ခြင်း မရှိပဲနဲ့ (၇-၉-၂၀၁၃) ရက်နေ့မှာ မြောင်းထဲမှာ မြေတွေအပြည့် လွှမ်းမိုးပြိုကျနေတဲ့အတွက်ကြောင့် ရေတွေဟာ Side Channel ကနေတဆင့် ဘေးထွက်ပြီးတော့ တံတား (၂)ခုကို တိုက်စားသွားခဲ့ပါတယ်။ ရေတိုက်စားမှုကြောင့် ပြည်သူတွေ စုပေါင်း ဆောက်လုပ်ထားတဲ့ (၆၃)ပေရှိတဲ့ သစ်သား တံတားနှင့် (၅)ပေရှိတဲ့ လူကူးတံတားဟာ ရေထဲမျှောပါသွားပြီ





နမ့်ဆွမ်တံတားအတွက် (၂၀၁၁)ခုနှစ်ကတည်းက ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ တင်ထားသော်လည်း ယခုထိ တည်ဆောက်ပေးနိုင်ခြင်း မရှိပါဘူး။ ဒါ့အပြင် ယခု ရေလွှမ်းမိုး မှုကြောင့် တံတားဟာ ရေအောက်မှာ ရောက်နေပါတယ်။ ဝိန်းနမ်၊ မုံးရင်၊ ကောင်းဂဲ၊ နမ့်တီး၊ ပန်ခမ်း စိုက်ကွင်း (၃၈)ဧကဟာ ရေလွှမ်းမိုးလျက် ရှိနေပါတယ်။ ကောင်းဂဲမှာ ရှိနေတဲ့ ရေတံလျှောက် အုတ်ရိုးဟာ ရေပေါ်တွင် (၁)ပေသာ ရှိနေပါတယ်။ အကယ်၍ ရေများ ထပ်မံကျခဲ့လျှင် အခြေအနေမှန်ကို ထပ်မံတင်ပြနိုင်မှာ ဖြစ်ပါတယ်။ အခု ကျွန်မတို့ မုံးရင်ဟာ ဒေသဖွံ့ဖြိုးရေးအတွက် ပြည်သူလူထုမှ များစွာကြိုးစားအားထုတ်ပြီး လုပ်ကိုင်နေပါတယ်။ ဒါပေမဲ့ နယ်မြေဒေသလုံခြုံမှု မရှိခြင်း၊ မကြာခဏ ထိတွေ့မှုတွေ ရှိနေခြင်း၊ လမ်းပန်းဆက်သွယ်ကောင်းမွန်မှု မရှိခြင်းတို့ကြောင့် ကျွန်မတို့ဒေသ ဖွံ့ဖြိုးတိုးတက်ရေးကို များစွာ အနှောင့်အယှက် ဖြစ်နေတဲ့အပြင် မုံးရင်ဆည်မှာ ဆည်ထဲကို စီးဝင်မဲ့ရေကို ပိတ်ပြီးတော့ ခွင့်ပြုမိန့်မရပဲနဲ့ စက္ကူစက်ရုံတစ်ခု ဆောက်လုပ် နေပါတယ်။ စက်ရုံဟာ လမ်းမမှ (၁ ဒသမ ၅)မိုင်ခန့်သာ ဝေးပါတယ်။စက်ရုံမှ ထုတ်လာတဲ့ ရေဆိုးမြောင်းတွေဟာ မုံးရင်ဆည်ထဲကို စီးဝင်ရပါတယ်။ မုံးရင်ဆည်မှ ရေကိုသာ ပြည်သူလူထု အသုံးပြုရတဲ့အတွက် ရေဆိုးမြောင်းများမှ ဖြစ်ပေါ်လာတဲ့ အကျိုးအပြစ်တွေကို ခန့်မှန်းမိနေမှာ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်မတို့ ဒေသအတွက် များစွာအထောက်အကူ ပြုနေပါသော မုံးရင် ရေလောင်တမံကြီးကို ပြုပြင်ပေးဖို့ အစီအစဉ် ရှိ/မရှိနဲ့ ရှိပါက မည်သည့်အချိန်တွင် မည်သည့်ပုံစံဖြင့် ပြုပြင်ပေးမည်ကို သိရှိလိုပါကြောင်း မေးခွန်းမေးမြန်းထားခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

ဖြစ်ပါတယ်။ ပင်မတူးမြောင်းကို ဆက်ပြီးကျော်သွားလိုက်မယ် ဆိုလျှင် ရေလွှဲတူးမြောင်းရှိပြီး ရေတံလျှောက် (၃) ခု ရှိပါတယ်။ ရေတံလျှောက် (၃)ခုအနက် DY.4 လို့ခေါ်တဲ့ 8600 Pipe Flume ရေတံလျှောက်ဟာ (၈)ပေ ရှိတဲ့ ပိုက် (၃)ခုကို သံကြိုးနဲ့ဆိုင်းပြီးတော့ ထိန်းမထားရပါတယ်။ အဲလိုသံကြိုးနဲ့ဆိုင်းပြီး ထိန်းမတဲ့အခါမှာ (၈)ပေ (၃)ချောင်းအပြင် အရှည် (၁၆၀)ပေ ရှည်တဲ့အတွက်ကြောင့် ရေကိုလွှတ်လိုက်လျှင် ရေရဲ့ဝိတ်ကို သံကြိုးက ခံနိုင်စွမ်းမရှိပါဘူး။ အဲဒါကြောင့် အဲဒီနေရာမှာ နှစ်တိုင်းပြန်လည်ပြင်ဆင်နေရပါတယ်။ DY.4 လို့ခေါ်တဲ့ 8600 Pipe Flume ဟာလည်း သစ်သားများနဲ့ ထောက်မပြန်လည်ပြင်ဆင်ထားပြီးကြောင်း သိရပါတယ်။

ပင်မရေပေးမြောင်းဟာ အုတ်စီမဟုတ်ပဲ မြေသားတွေနဲ့ (၈၀၀)ပေရှိပါတယ်။ယခု ဘတ်ဂျက်ကျထားတာက ပေ (၅၀၀)ပဲ ဖြစ်ပြီး ဒီဇင်ဘာလတွင် အပြီး ဆောက်လုပ်ရမယ်လို့ ပါရှိထားပါတယ်။ ကျန်နေတဲ့ ပေ (၃၀၀)အတွက်လည်း ထည့်တွက်စဉ်းစားပေးနိုင်ဖို့ တစ်ဆက်တည်း တင်ပြချင်ပါတယ်။ ကျွန်မတို့ မိုးရင်သည် လယ်မြေဧကပေါင်း မြောက်မြားစွာ ရှိတဲ့အပြင် တခြားစိုက်ပျိုးရေးတွေလည်း အရမ်းဖြစ်ထွန်းတဲ့ ဒေသဖြစ်ပါတယ်။ မိုးရင်မှ ထွက်တဲ့စပါးများဟာ နမ္မတူတစ်ခုလုံးအတွက် ပိုလျှံတဲ့အပြင် တရုတ်ပြည်ကိုတောင် ရောင်းချနိုင်တဲ့ အခြေအနေမှာ ရှိပါတယ်။ ဒါပေမဲ့ လမ်းပန်းဆက်သွယ်ရေးအခက်အခဲကြောင့် ကျွန်မတို့ ပြည်သူတွေဟာ လုပ်သလောက်အကျိုးခံစားခွင့် မရှိပါဘူး။ မိုးရင်နဲ့ (၁)မိုင်အကွာမှာ ရှိနေတဲ့ နမ့်ဆွမ်တံတားဟာ လုံးဝပျက်စီးနေပြီး သွားလို့မရအောင် ဖြစ်နေပါတယ်။ နမ့်ဆွမ်ရဲ့ တစ်ဘက်မှာ ရှိနေတဲ့ လယ်ယာမြေတွေဟာ မိုးရင်အရောက် (၁)မိုင်ခရီးလေးကို စပါးသယ်ရန်အတွက် (၁၀)တင်းကို သယ်ယူစရိတ် (၁၀၀၀၀)ပေးရပါတယ်။ စိုက်ထုတ်ရတာနဲ့ ရရှိတာဟာ မျှတမှု မရှိပါဘူး။





**ဥက္ကဋ္ဌ။** သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြား ပေးဖို့ဖြစ်ပါတယ်။

**ဦးစိုင်းဆာလူ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ဖိတ်ကြားတက်ရောက်သော ဧည့်သည်တော်များနဲ့ တာဝန်ရှိပုဂ္ဂိုလ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်း တောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးစိုင်းဆာလူ ဖြစ်ပါတယ်။ နမ္မတူမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါ်နန်းခမ်းအေးမှ မေလကတည်းက မေးထားတဲ့ မေးခွန်းနဲ့ ပတ်သက်ပြီး ကျွန်တော့်အနေနဲ့ ရှင်းလင်းတင်ပြမှာ ဖြစ်ပါတယ်။

နမ္မတူမြို့နယ်ရှိ မိုးရင်ရေလှောင်တမံရဲ့ Main Channel RD (2+100)ရှိ Side Channel နဲ့ ပတ်သက်၍ ပြန်လည်ပြုပြင်ရန် လိုအပ်သည့်နေရာများကို ပြုပြင်ပေးပြီး ဖြစ်ပါတယ်။ Main Channel RD (2+150)မှ RD (3+400) ထိ မြောင်းပေါင်ပြုပြင်ခြင်းလုပ်ငန်းကို ၂၀၁၂-၂၀၁၃ ခု ဘဏ္ဍာရေးနှစ်တွင်လည်း ပြုပြင်ပေးခဲ့ပြီး ဖြစ်ပါတယ်။ ပေ (၁၂၅၀) ကျောက်ရိုးစီလလစ်လောင်းရန် ခန့်မှန်းကုန်ကျငွေ ကျပ်သန်းပေါင်း (၁၅၅)သန်း ဖြစ်တဲ့အတွက် ရန်ပုံငွေပေါ်မူတည်ပြီး ဘဏ္ဍာရေးနှစ်အလိုက် လုပ်ငန်းခွဲပြီး ဆောင်ရွက်ရန် ဖြစ်ပါတယ်။ DY.4 RD(8+600) Pipe Flume မှာ လက်ရှိ အခြေအနေတွင် ပျက်စီးခြင်း မရှိတဲ့အပြင် အဆိုပါမြောင်းမှ ရေသောက်ဧရိယာများတွင် တောင်သူများသည် မိုးစပါး (၁)သီးသာ စိုက်ပျိုးကြပြီး နွေစပါးနှင့် အခြားသီးနှံစိုက်ပျိုးခြင်း မရှိတဲ့အတွက် ရေပေးဝေနိုင်သော အခြေအနေမှာ ရှိပါတယ်။



D/real(wide) (1

ဧကေ (၅၀၀၀)အောက် ဆည်/ကန်/တာတမံများအား လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းဦးစီးဌာနမှ ပြည်နယ်အစိုးရအဖွဲ့သို့ လွှဲပြောင်းပေးပြီးဖြစ်တဲ့အတွက် ပြည်နယ်အစိုးရရဲ့ ဘဏ္ဍာရန်ပုံငွေအပေါ် မူတည်၍ ပြုပြင်ခြင်းလုပ်ငန်းများကို ဦးစားပေးအဆင့်အလိုက် သတ်မှတ်ပြီး ဘဏ္ဍာရေးနှစ် အလိုက် စီမံချက်ရေးဆွဲပြီး ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ ဒ့ါအပြင် ယခုမြေပြင်အခြေအနေများကို ကွင်းဆင်းစစ်ဆေးပြီး ဆောင်ရွက်ရန် ရှိတဲ့လုပ်ငန်းများကိုလည်း စီမံချက်ရေးဆွဲပြီး ခွင့်ပြုငွေ ရရှိတဲ့ အခြေအနေပေါ်မူတည်ပြီး ပြုပြင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ရှင်းလင်း တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး နမ့်တူမြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၂)မှ ဒေါ်နန်းခမ်းအေးက ဒုတိယနဲ့ တတိယ မေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်နန်းခမ်းအေး၊ နမ့်တူမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)။** လေးစားအပ်ပါတဲ့ လွှတ်တော် ဥက္ကဋ္ဌကြီးရှင်။ ဆက်လက်ပြီး မေးခွန်းနံပါတ်(၂)ကို မေးမြန်းမှာ ဖြစ်ပါတယ်။ ရှမ်းပြည်နယ်မှာ ရှိတဲ့ အချို့သော ကုမ္ပဏီများမှာ ကုမ္ပဏီအမည်၊ ကုမ္ပဏီလုပ်ငန်းများ၊ ကုမ္ပဏီလုပ်ငန်းခွင်များနဲ့ သတိပေးစာတမ်းများကို ဒေသတွင်း ပြည်သူများ နားလည်နိုင်သည့်စာပေဖြင့် ရေးသားဖော်ပြရန် အစီအစဉ် ရှိ/မရှိ ဆိုတဲ့ မေးခွန်းပဲဖြစ်ပါတယ်။

ကျွန်မရဲ့မေးခွန်းကို အတိုချုံးပဲတင်ပြချင်ပါတယ်။ ဒါပေမဲ့ အချို့မေးခွန်းဟာ မေးမြန်းရတဲ့ အကြောင်းရင်းကိုတော့ ရှင်းပြရမှာဖြစ်ပါတယ်။ ရှမ်းပြည်နယ်မှာ ရှိတဲ့ အချို့သော ကုမ္ပဏီများဟာ ကုမ္ပဏီအမည်၊ ကုမ္ပဏီလုပ်ငန်းခွင်များနဲ့ သတိပေးစာတမ်းများကို



D/real(wide) (1



အတွက် ကုမ္ပဏီနဲ့ ပတ်သက်သည့် ကားအက်ဆီးဒင့် ဖြစ်တဲ့အချိန်မှာသော်လည်းကောင်း၊ ပြဿနာတစ်စုံတစ်ခု ဖြစ်ရာတွင်သော်လည်းကောင်း ကျွန်မတို့ဆီရောက်လာတဲ့ အချိန်မှာ ကုမ္ပဏီအမည်ကို မေးရင် ကုမ္ပဏီဝတ်စုံအရောင်သာ ပြောပြနိုင်ပါတယ်။ ပိုက်လိုင်းနှင့် ပတ်သက်ပြီး တစ်စုံတစ်ခုပြဿနာဖြစ်လို့ သက်ဆိုင်ရာကို စေတနာဖြင့် အကြောင်းကြားချင်ရင်တောင်မှ စာမဖတ်တတ်တဲ့အတွက်ကြောင့် အကြောင်းကြားနိုင်မှာ မဟုတ်ပါဘူး။ စာတတ်ပါသော်လည်း၊ ဖုန်းနံပါတ်များ ရေးထားပါသော်လည်း နမ့်တူမှာ ယခုထိ ဖုန်းတိုင်များ စိုက်ထူထားခြင်း မရှိသလို တန်ဖိုးနည်းဖုန်းများလည်း ချမှတ်ပေးခြင်း မရှိတဲ့အတွက်ကြောင့် ဖုန်းအသုံးပြုလို့မရနိုင်တဲ့ အခြေအနေဖြစ်ပါတယ်။ ဒါကြောင့် ပိုက်လိုင်းနဲ့ ပတ်သက်သည့် အရေးယူခံနိုင်မယ့် အကြောင်းအချက်များ၊ ရှောင်ရန်၊ ဆောင်ရန်စသည်များကိုလည်း စာရွက်နဲ့ ဒေသခံပြည်သူများထံသို့ ရေးသားဖြန့်ဝေပြီးသားဖြစ်ပါတယ်။ ဒါပေမဲ့ စာရွက်ဖြန့်ဝေထားတာထက် အများမြင်နိုင်မယ့် နေရာမှာ ဒေသခံတွေ နားလည်နိုင်တဲ့စာဖြင့်သာ ဆိုင်းဘုတ်များ စိုက်ထူထားသင့်ပါတယ်။ စွမ်းအင်ဌာနမှလည်း ကုမ္ပဏီတွေကို ဆိုင်းဘုတ်တင်ပေးဖို့ တောင်းဆိုတဲ့အခါမှာ ကုမ္ပဏီက လက်ခံထားသော်လည်း ယခုထိ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း မရှိသေးပါဘူး။ အခုချိန်မှာ Gas ပိုက်လိုင်းက စတင်အသုံးပြုနေပြီ ဖြစ်တဲ့အတွက် ကျွန်မတို့အတွက် ဆိုင်းဘုတ်ဟာ အရေးတကြီးလိုအပ်နေပါတယ်။ ဒါကြောင့် မြန်မာစာပေဖြင့်သော် လည်းကောင်း၊ အထူးသဖြင့် ဒေသခံများ နားလည်နိုင်သော ဘာသာစကားဖြင့်သော်လည်းကောင်း၊ အချိန်တိုအတွင်းမှာ ဆိုင်းဘုတ်စိုက်ထူပေးနိုင်ပါရန် လေးလေးနက်နက် တင်ပြတောင်းဆိုအပ်ပါတယ်။

ယခု ကျွန်မမေးမယ့် နံပါတ်(၃)မေးခွန်းဟာ ဝန်ထမ်းများ အဂတိလိုက်စားမှုကြောင့် အရေးယူခံရမယ့်ကိစ္စမဟုတ်သလို ဝန်ထမ်းများ စည်းမျဉ်းစည်းကမ်းအရ အပြစ်အရေးယူသင့်ပါလျက် အရေးယူခြင်း မခံရပါသော ဝန်ထမ်းများကိစ္စကို မေးမြန်းလိုခြင်းပဲ ဖြစ်ပါတယ်။ နောက်ကြောင်းပြန် ပြန်လည်ပြောဆိုခြင်း မဟုတ်ပဲနဲ့ ဒီမေးခွန်း မေးရတဲ့ အကြောင်းရင်းကို ကျွန်မအနည်းငယ် ပြောကြားချင်ပါတယ်။ (၂၉-၂-၂၀၁၂) ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော်ရဲ့ တတိယပုံမှန်အစည်းအဝေး တတိယနေ့မှာ နမ္မတူ မြို့နယ်ရှိ ကျေးရွာအုပ်စုတွေမှာ မြန်မာ-တရုတ် ရေနံနဲ့ သဘာဝဓာတ်ငွေ့ပိုက်လိုင်းနဲ့ ပတ်သက်ပြီး မေးမြန်းတဲ့မေးခွန်းမှာ အပြစ်ရှိသော ဝန်ထမ်းများကို ဝန်ထမ်းစည်းမျဉ်းစည်းကမ်းနဲ့အညီ အရေးယူပါ့မယ်လို့ ဖြေကြားပေးခဲ့ပါတယ်။

ဒါပေမဲ့ လွှတ်တော်မှာ မေးမြန်းတဲ့အဆင့်အထိ ရောက်အောင် လိမ်ညာခဲ့တဲ့ မြို့နယ်အုပ်ချုပ်ရေးမှူးကို အရေးယူခြင်း မရှိခဲ့ပါဘူး။ (၁၅-၃-၂၀၁၂) မှာ D & C ရော်ဘာခြံနဲ့ ပတ်သက်ပြီး ရွာနဲ့ဆက်စပ်နေတဲ့နေရာမှာ ခြံစည်းရိုး ကာပေးဖို့၊ ကျေးရွာချင်းဆက်တဲ့လမ်းတွေကို ပိတ်ဆို့လိုနေတဲ့ ဆန္ဒဖြစ်နေတဲ့အတွက်ကြောင့် ဖြေရှင်းပေးဖို့ ကျွန်မ တောင်းဆိုခဲ့ပါတယ်။ ကျွန်မ အဲဒီစာတင်ပြီးတော့ (၈)လ အကြာမှာ မုပဲ ကျောက်မဲခရိုင်မှ ဒေသခံတောင်သူများ၊ ကျေးရွာအုပ်ချုပ်ရေးမှူး များနဲ့ ကုမ္ပဏီကို နမ္မတူရုံးမှာ ခေါ်ယူညှိနှိုင်းပြီးပါကြောင်း၊ ခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ ကျောက်မဲမှ ရှမ်းပြည်နယ် အစိုးရကို စာတင်ခဲ့ပါတယ်။ ဒါပေမဲ့ (၃၁-၁၂-၂၀၁၂)ထိ လုံးဝ ဒေသခံတွေနဲ့ ကွင်းဆင်းညှိနှိုင်းဆောင်ရွက် ပေးခြင်းမရှိပါဘူး။ ကွင်းဆင်းဖြေရှင်းလျှင် အလွယ်တကူ ပြီးမြောက်နိုင်မယ့်ကိစ္စကို မြို့နယ်အုပ်ချုပ်ရေးမှူးက ပဋိပက္ခဖြစ်အောင် မီးမွှေးပေးသလို ဖြစ်နေပါတယ်။



D/real(wide) (1



အင်္ဂလိပ်နဲ့ တရုတ်ဘာသာတွေသာ အသုံးပြု ဖော်ပြထားပါတယ်။ ယခင်က ကျွန်မတို့ နိုင်ငံမှာ အစိုးရက သတ်မှတ်ထားသည့် အစိုးရစာသင်ကျောင်းနဲ့ တရုတ်ကျောင်းတွေသာ ဖွင့်လှစ်ခဲ့တာ အားလုံးသိပြီး ဖြစ်ပါတယ်။ ဗမာက လွဲပြီး ကျန်တဲ့ တိုင်းရင်းသား များဟာ မိမိစာပေကို သင်ကြားနိုင်ခြင်း မရှိတဲ့အတွက် စာတတ်မြောက်မှုဦးရေဟာ အဆမတန်နည်းခဲ့တာကိုလည်း အားလုံးအသိပါပဲရှင်။ ဒါပေမဲ့ အခု ကျွန်မတို့ အစိုးရသစ်အနေနဲ့ စာပေနဲ့ ပတ်သက်ပြီး အရေးပေး ဆောင်ရွက်လာတဲ့အတွက်ကြောင့် ကိုယ့်ရဲ့စာပေကို စတင်လေ့လာ သင်ကြားနေကြပါပြီ အခုမှ မိမိတို့ စာပေတွေကို စတင်လေ့လာနေရတဲ့ ဒေသခံတွေအနေနဲ့ တရုတ်စာ တွေနဲ့ ရေးထားတဲ့စာကိုတော့ ဖတ်ရှုသိရှိ နားလည်နိုင်စွမ်း ရှိမှာ မဟုတ်ပါဘူး။ အခုရှမ်းပြည်နယ်အတွင်းမှာ ဖြတ်သန်းသွားတဲ့ မြန်မာ-တရုတ် သဘာဝ ဓာတ်ငွေ့ပိုက်လိုင်း လမ်းကြောင်းမှာ စိုက်ထူထားတဲ့ ဆိုင်းဘုတ်များဟာ အင်္ဂလိပ်စာနဲ့သာ ရေးသား ဖော်ပြထားတာကို လားရှိုး-မန္တလေးလမ်းမတစ်ကြောမှာရှိတဲ့ ဆိုင်းဘုတ်တွေမှာ တွေ့ရှိနိုင်ပါတယ်။ အဲဒီဆိုင်းဘုတ်တွေမှာ ပိုက်လိုင်းကို ဖျက်ဆီးပါက ဥပဒေနှင့်အညီ အရေးယူရမယ်ဆိုပြီး ကုမ္ပဏီနဲ့ ဖုန်းနံပါတ်တွေကို အင်္ဂလိပ်လိုသာ ရေးထားတာပါ။ မြှုပ်ထားတဲ့ ပိုက်လိုင်းတွေကို မတူးဖော်ရန် တားမြစ်ထားပါတယ်။ ပိုက်လိုင်းတည်ရှိရာအပိုင်း မိုင်ကို ကီလိုမီတာတွေနဲ့ ဖော်ပြထားတဲ့ ဆိုင်းဘုတ်တွေကိုလည်း အင်္ဂလိပ်လိုသာ ရေးသားဖော်ပြထားပါတယ်။

ကျွန်မတို့ကို ဒေသတွေဟာ မိသားစုဝမ်းစာဖူလုံဖို့အတွက်သာ နေ့စဉ်ရုန်းကန်ခဲ့ရပြီး စူးစမ်းလေ့လာမှု နည်းနေတဲ့ တောင်ပေါ်သား တွေပါ။ ၎င်းတို့အနေနဲ့ ပိုက်လိုင်းတွေကို အကြောင်းမဲ့ ဖျက်ဆီးစရာ မရှိသလို ပိုက်လိုင်းကိုလည်း တမင်သက်သက် တူးဖော်လိုတဲ့ ဆန္ဒရှိမှာ မဟုတ်ပါဘူး၊ ကုမ္ပဏီနာမည်ကလည်း တရုတ်လိုပဲ ရေးထားတဲ့

အဲဒါကြောင့် အကျင့်စာရိတ္တ ပျက်ပြားနေသော အချို့သော ဝန်ထမ်းများကို ပြန်လည်ပြုပြင်စေချင်တဲ့ ဆန္ဒသဘောနဲ့ Gas ပိုက်လိုင်းတုန်းက အရေးမယူပေမဲ့ D & C ရော်ဘာခြံနဲ့ ပတ်သက်ပြီးတော့ အရေးယူပေးဖို့ ကျွန်မတောင်းဆိုခဲ့ပါတယ်။ ဒီဝန်ထမ်းဟာ ကိုယ်ကျင့်စရိုက်ကို ဒုတိယအကြိမ်မြောက် မပြင်ဘူး ဆိုရင် တခြားဒေသကို ပြောင်းရွှေ့ခြင်းနည်းနဲ့ အရေးယူပြီးတော့ ပြောင်းရွှေ့သွားမယ်ဆိုလျှင် ဆက်လက်ပြီးတော့ အဲလိုကျင့်သုံး နေမှာ ဖြစ်တဲ့အတွက်ကြောင့် ပြောင်းရွှေ့ခြင်းနည်းထက် အရေးယူသောနည်းဖြင့် အရေးယူပါရန်ဆိုပြီးတော့ ပြည်ထဲရေး အဆင့်အထိ တင်ပြခဲ့ပါတယ်။ ဒါပေမဲ့အရေးယူခြင်း မရှိခဲ့ပါဘူး အခု ဒီလွှတ်တော်မလာခင်မှာ လွှတ်တော်ကိုယ်စားလှယ်တွေကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးသူရရွှေမန်းနဲ့အဖွဲ့ကို (၆-၉-၂၀၁၃) လားရှိုးမြို့တော်ခန်းမ အခမ်းအနားမှာ တက်ရောက်ဖို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ပေးပို့တဲ့ ဖိတ်စာကို လက်ခံရရှိပါတယ်။ (၅-၉-၂၀၁၃) ရက်နေ့ နံနက် (၀၈၀၀)နာရီမှာ ကျွန်မ လားရှိုးမြို့ကို ရောက်ရှိနေပါပြီ။ အဲလိုပဲ နမ္မတူက ဝန်ထမ်းတွေလဲ ရောက်ရှိနေတာကို တွေ့ရှိရပါတယ်။ ဒါပေမဲ့ အခမ်းအနားပြောင်းလဲမှု ရှိကြောင်းကို အကြောင်းကြားခြင်း မရှိခဲ့ပါဘူး။ အဲဒါကြောင့် ကျွန်မက လွှတ်တော်ဥက္ကဋ္ဌနဲ့ အဖွဲ့အခမ်းအနားကို တက်ရောက်ချင်လွန်းလို့ နမ္မတူကို ဖုန်းဆက်လိုက်ပါတယ်။ အစည်းအဝေးအစီအစဉ် ပြောင်းလဲ သွားတာ သိပါတယ်။ ကြားရပါတယ်။ အဲဒါ ခရိုင်ကနေ ညွှန်ကြားချက်များ ရှိပါသလား။ ကျွန်မတက်ချင်လို့ပါဆိုပြီးတော့ မေးကြည့်တဲ့အချိန်မှာ ညွှန်ကြားချက် မရှိပါဘူးဆိုပြီး တက်ရောက် နိုင်ခြင်း မရှိခဲ့ပါဘူး။ အဲဒါကြောင့် သက်ဆိုင်ရာဌာနက ချမှတ်ပေးသည်များကို လိုက်နာခြင်းမရှိတဲ့ ဝန်ထမ်းများအား





ဆောင်ရွက်ခြင်းနဲ့ ပုဂ္ဂလိက ရေပေးရေးလုပ်ငန်းများ ဆောင်ရွက်လျက် ရှိပါတယ်။ ကုမ္ပဏီများနဲ့ သဘောတူ စာချုပ်ချုပ်ဆိုရာမှာ အထက်ဖော်ပြပါ ကုမ္ပဏီအမည်၊ ကုမ္ပဏီ လုပ်ငန်းများ အမည်နဲ့ ပတ်သက်၍ ရုံးသုံး မြန်မာဘာသာဖြင့်သာ သုံးစွဲလျက်ရှိပြီး ကုမ္ပဏီ၏ တင်ပြချက်အရ အင်္ဂလိပ်ဘာသာ ဖြင့်လည်း ထည့်သွင်းသုံးစွဲလျက် သဘောတူစာချုပ်ချုပ်ဆို လုပ်ငန်းဆောင်ရွက်လျက် ရှိပါတယ်။ လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော ကုမ္ပဏီများ၏ အမည်၊ ကုမ္ပဏီလုပ်ငန်း များ၏အမည်များ အသုံးပြုဖော်ပြရာတွင် ရုံးသုံးမြန်မာစာဖြင့် လည်းကောင်း အပြည်ပြည်ဆိုင်ရာ သတ်မှတ်သုံးစွဲလျက် ရှိသော အင်္ဂလိပ်ဘာသာဖြင့် လည်းကောင်း ပုံမှန်အားဖြင့် အသုံးပြု ဖော်ပြလေ့ရှိပြီး ကုမ္ပဏီများ၏ ဆန္ဒအရ တရုတ်ဘာသာဖြင့် အသုံးပြုဖော်ပြလိုပါက ကုမ္ပဏီနှင့် လုပ်ငန်းအမည်များအား တရုတ်ဘာသာဖြင့် အသုံးပြုဖော်ပြလေ့ ရှိကြပါတယ်။ ကုမ္ပဏီ အမည်နှင့် လုပ်ငန်းများ အမည်ဖော်ပြရာတွင် မည်သည့်ဘာသာဖြင့် အသုံးပြုခြင်း၊ ဖော်ပြခြင်းမပြုရန် မြို့နယ်/မြို့နယ်ခွဲ စည်ပင်သာယာရေး အဖွဲ့များမှ သီးခြားသတ်မှတ်ထားခြင်း မရှိပါ။ မြို့နယ်/မြို့နယ်ခွဲ စည်ပင်သာယာရေးအဖွဲ့များသည် မြို့ပေါ်ရှိ အဆောက်အဦများ ဆောက်လုပ်ခြင်း လုပ်ငန်းတာဝန်များအား ကြီးကြပ်ဆောင်ရွက်လျက်ရှိရာ အဆောက်အဦဆောက်လုပ်ခြင်း ဆိုင်ရာ လုပ်ငန်းများနှင့် ပတ်သက်၍လည်းကောင်း၊ လုပ်ငန်း လိုအပ်ချက်အရ သတိပေးတားမြစ်ချက်များ ထုတ်ပြန်ခြင်း၊ သတိပေးစာတမ်းများ ထုတ်ပြန်ခြင်းများနှင့် ပတ်သက်၍ ရုံးသုံးမြန်မာစာနှင့် အင်္ဂလိပ်စာများဖြင့် အသုံးပြုဖော်ပြ ထုတ်ပြန်လျက် ရှိပါတယ်။

အလားတူပဲ လုပ်ငန်းများဆောင်ရွက်ရာတွင် လိုအပ်ချက်အရလည်းကောင်း၊ လမ်းညွှန်ချက်များအရ လည်းကောင်း၊ သတိပေးစာတမ်းများ ထုတ်ပြန်ရာမှာ ဒေသတွင်းပြည်သူများ နားလည်နိုင်တဲ့ ရှမ်း၊ ပအိုဝ်း စသည်ဖြင့် တိုင်းရင်းသားစာများ အသုံးပြုဖော်ပြလျက် ရှိပါတယ်။ သို့ဖြစ်ပါ၍ ရှမ်းပြည်နယ် အတွင်းမှာ ရှိတဲ့ မြို့နယ်၊ မြို့နယ်ခွဲများမှာ ရှိနေတဲ့ သဘောတူစာချုပ်များဖြင့် ဆောင်ရွက်လျက်ရှိတဲ့ အမျိုးသားကုမ္ပဏီများရဲ့ အမည်၊ ကုမ္ပဏီလုပ်ငန်းများ၊ လုပ်ငန်းခွင်များ၊ သတိပေးစာတမ်းများနှင့် စပ်လျဉ်း၍ လည်းကောင်း၊ စည်ပင်သာယာရေးအဖွဲ့များမှ ကြီးကြပ်ဆောင်ရွက်ရတဲ့ လုပ်ငန်းများနှင့် ပတ်သက်၍ သတိပေးကြေညာချက်များ၊ သတိပေးစာတမ်းများနှင့် စပ်လျဉ်း၍ လည်းကောင်း၊ ဒေသတွင်းပြည်သူများ နားလည်နိုင်တဲ့ ရှမ်း၊ ပအိုဝ်း စသည့်သက်ဆိုင်ရာဒေသခံ ပြည်သူအများစုနှင့် သက်ဆိုင်သည့် တိုင်းရင်းသားဘာသာစာပေ အသုံးပြု ဖော်ပြနိုင်ရေးအတွက် သက်ဆိုင်ရာဒေသအလိုက် ခရိုင်၊ မြို့နယ် စီမံခန့်ခွဲမှုကော်မတီနှင့် ခရိုင်၊ မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီများမှ တစ်ဆင့် စိစစ်ပြီးတော့ ဆောင်ရွက်ပေးသွားမှာ ဖြစ်ကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဆက်လက်ပြီး နမ္မတူမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)မှ ဒေါ်နန်းခမ်းအေး၏ သက်ဆိုင်ရာဌာနက ချမှတ်ပေးသည်များကို လိုက်နာခြင်းမရှိသောဝန်ထမ်းများအား ရှမ်းပြည်နယ်အစိုးရမှ မည်သို့ ဆက်လက် ဆောင်ရွက်မည်ကို ရှင်းရှင်းလင်းလင်း သိလိုပါသည်ဆိုသည့် မေးခွန်းနှင့် ပတ်သက်လို့ ဆက်လက် ဖြေကြားသွားမှာ ဖြစ်ပါတယ်။





ရှမ်းပြည်နယ်အစိုးရမှ မည်သို့ ဆက်လက်ဆောင်ရွက်မည်ကို ရှင်းရှင်းလင်းလင်း သိရှိလိုပါတယ်ဆိုတဲ့ မေးခွန်းမေးမြန်းရခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ရှိပါတယ်။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီးအောင်သူ၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီး နဲ့တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ ဦးစွာ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးအောင်သူ ဖြစ်ပါတယ်။ နမ္မတူမြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၂)မှ ဒေါ်နန်းခမ်းအေး၏ ရှမ်းပြည်နယ်ရှိ အချို့သော ကုမ္ပဏီများတွင် ကုမ္ပဏီအမည် ကုမ္ပဏီလုပ်ငန်းများ ကုမ္ပဏီလုပ်ငန်းခွင်များနှင့် သတိပေးစာတမ်းများကို အင်္ဂလိပ်နှင့် တရုတ်စာကိုသာ အသုံးပြုထားပါသည်။ သို့ဖြစ်ပါ၍ ဒေသအတွင်း ပြည်သူများ နားလည်နိုင်သည့် စာပေဖြင့် ရေးသားဖော်ပြရန် အစီအစဉ် ရှိ မရှိ သိရှိလိုပါသည် ဆိုတဲ့ မေးခွန်းနဲ့ ပတ်သက်လို့ ဖြေကြားသွားမှာ ဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျာ။ ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်/မြို့နယ်ခွဲ စည်ပင်သာယာရေး အဖွဲ့များဟာ ကုမ္ပဏီများနဲ့ သဘောတူစာချုပ်များ ချုပ်ဆိုလျက် မြို့ပြကျေးလက် ဖွံ့ဖြိုး တိုးတက်ရေးအတွက် လုပ်ငန်းများဖြစ်တဲ့ ဈေးတည်ဆောက်ခြင်း၊ အဝေးပြေးယာဉ်ရပ်နားစခန်း တည်ဆောက်ခြင်း၊ ပုဂ္ဂလိကအမှိုက်သိမ်းဆည်းရေးလုပ်ငန်းများ



D/real(wide) (2

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၂၅၆ တွင် အောက်ပါအတိုင်းပြဋ္ဌာန်းထားပါတယ်-

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရသည် ယင်းတို့၏ လက်အောက်အစိုးရဌာနများ၊ အဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်မှုများကို ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်နဲ့အညီ ဖြစ်စေရန်သော်လည်းကောင်း၊ တည်ဆဲဥပဒေ ပြဋ္ဌာန်းချက်များနဲ့အညီ ဖြစ်စေရန်လည်းကောင်း၊ စီမံခန့်ခွဲခြင်း၊ လမ်းညွှန်ခြင်း၊ ကြီးကြပ်စစ်ဆေးခြင်း ပြုရမည်။

(ခ) မိမိတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း တာဝန်ထမ်းဆောင်လျက်ရှိသော နယ်ဘက် ဝန်ထမ်းအဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်မှု များကိုလည်း ဥပဒေနှင့်အညီ ကြီးကြပ်ခြင်း၊ စစ်ဆေးခြင်း၊ ပေါင်းစပ်ညှိနှိုင်းပေးခြင်း ပြုနိုင်သည်။

ဟု ပါရှိပါတယ်။ (၉-၈-၂၀၁၃) ရက်နေ့တွင် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် သမ္မတကြီး ပြောကြားသော မိန့်ခွန်းတွင် ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရ များအကြား အုပ်ချုပ်မှုကိစ္စရပ်များ အဆင်ပြေချောမွေ့စေရန် အတွက် တိုင်းဒေသကြီး/ပြည်နယ်အတွင်းရှိ ဌာနဆိုင်ရာများအား ပြည်ထောင်စု ဝန်ကြီးဌာနများမှ တိုက်ရိုက်ကွပ်ကဲကြီးကြပ်ခြင်း မပြုပဲ တိုင်းဒေသကြီး ပြည်နယ်အစိုးရများက စီမံခန့်ခွဲ လမ်းညွှန် ကြီးကြပ်စစ်ဆေးဆောင်ရွက်သွားကြရန် မှာကြားခဲ့ပါတယ်။ ဌာနဆိုင်ရာဝန်ထမ်းများအား ခန့်အပ်ခြင်း၊ ရာထူးတိုးမြှင့်ပေးခြင်း တို့အတွက် လုပ်ပိုင်ခွင့်အပ်နှင်းထားသော ဌာနအကြီးအကဲများ၊





**ဥက္ကဋ္ဌ။** ဆက်လက်ပြီး မိုးမိတ်မြို့နယ်မဲဆန္ဒနယ် အမှတ် (၂)မှ ဦးစိုင်းဆန်ကွယ်က မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းဆန်ကွယ်၊ မိုးမိတ်မြို့နယ် မဲဆန္ဒနယ် အမှတ်(၂)။** အားလုံးမင်္ဂလာပါ။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျာ။ ကျွန်တော်ကတော့ မိုးမိတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဆန်ကွယ် ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုတာကတော့ မိုးမိတ်-မိုင်းငေါ့လမ်းအတွက် မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မိုးမိတ်-မိုင်းငေါ့လမ်းအရှည် (၅၂)မိုင်ရှိပြီး မိုးတွင်းကာလတွင် ကားလုံးဝ သွားလာလို့မရတဲ့ အဖြစ်မျိုး ဖြစ်နေပါတယ်။ မိုးမိတ်-မိုင်းငေါ့လမ်းအသုံးပြုနေသော ပြည်သူများ နေ့စဉ် သွားရေး၊ လာရေးအခက်အခဲ ကြုံတွေ့ နေရပါတယ်။ သို့ဖြစ်ပါ၍ ၂၀၁၃-၂၀၁၄ ခုနှစ်မှာ ကျောက်ချော လမ်းအဖြစ် တိုးမြှင့် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ မရှိ သိရှိလိုပါကြောင်း လေးစားစွာဖြင့် မေးမြန်းလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းနော်ခမ်း (ခ) တင်ထွန်းအောင်၊ ဆောက်လုပ်ရေး ဝန်ကြီး။** လေးစားအပ်ပါသောရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ရှမ်းပြည်နယ် လွှတ်တော်သို့ တက်ရောက်လေ့လာသော လေ့လာသူများအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ လမ်းပန်း ဆက်သွယ်ရေးဝန်ကြီး ဦးစိုင်းနော်ခမ်း ဖြစ်ပါတယ်။ မိုးမိတ်က

လွှတ်တော်ကိုယ်စားလှယ်မေးမြန်းတဲ့ မေးခွန်းနဲ့ ပတ်သက်ပြီး မိုးမိတ်-မိုင်းငေါ့လမ်းဟာ (၅၂)မိုင် ရှည်လျားတဲ့လမ်းဖြစ်ပါတယ်။ မိုးမိတ်-မိုင်းငေါ့လမ်းရဲ့ (၃၁-၃-၂၀၁၃)ရက်နေ့မှာ ရှိတဲ့ လမ်းအခြေအနေမှာ ကတ္တရာလမ်း (၂ မိုင် ၁ ဖာလုံ)၊ ကျောက်လမ်း (၃၁ မိုင် ၇ ဖာလုံ)၊ အမာခံလမ်း (၅ မိုင် ၇ ဖာလုံ)နဲ့ မြေလမ်း (၁၂ မိုင် ၁ ဖာလုံ)တို့ ဖြစ်ပါတယ်။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှာ ပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေ (၂၁၃)သန်း ခွဲဝေရရှိခဲ့တဲ့အတွက် ကျောက်လမ်းခင်းခြင်း (၇ မိုင် ၁ ဖာလုံ) ဆောင်ရွက်ပေးခဲ့ပြီး ဖြစ်ပါတယ်။ ၂၀၁၃-၁၄ ဘဏ္ဍာရေးနှစ်မှာ ပြည်နယ်သာမန် အသုံးစရိတ်မှ ငွေကျပ် (၆၃ ဒသမ ၇)သန်းသာ ခွဲဝေရရှိတဲ့အတွက် ကျောက်လမ်းခင်းခြင်း (၂)မိုင် ဆောင်ရွက်မှာ ဖြစ်ပြီး ယနေ့အထိ (၅)ဖာလုံ ဆောင်ရွက်ပြီး ဖြစ်ပါတယ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ကျောက်လမ်းခင်းခြင်း တိုးတက်ပြုပြင်ရန်အတွက် (၇ မိုင် ၂ ဖာလုံ) ဆောင်ရွက်ပေးနိုင်ရန် ပြည်နယ်ငွေလုံးငွေရင်း ရန်ပုံငွေမှ ဆောင်ရွက်ပေးနိုင်ရန်အတွက် ရရှိနိုင်ရေး လျာထား ပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ပင်းတယမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)မှ ဦးထူးကိုကိုက မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးထူးကိုကို၊ ပင်းတယမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူ ဧည့်သည်တော်များ အားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပြီး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။



D/real(wide) (2



ရုံးအကြီးအကဲများက ဆောင်ရွက်ပြီး ဝန်ထမ်းတစ်ဦးချင်း လုပ်ဆောင်ရမည့်တာဝန်များ၊ လိုက်နာရမည့် ကျင့်ဝတ်စည်းကမ်း များကို သတ်မှတ်၍ တာဝန်ပေးဆောင်ရွက်စေခဲ့ပါသည်။ ဝန်ထမ်း တစ်ဦးချင်းအနေဖြင့် ပေးအပ်သည့်တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်မှု မရှိခြင်း၊ သတ်မှတ်ထားသည့် ဝန်ထမ်းစည်းမျဉ်း စည်းကမ်းများကို လိုက်နာမှု ရှိခြင်းနှင့်၊ ပြဋ္ဌာန်းထားသည့် အခြားတည်ဆဲဥပဒေ တစ်ရပ်ရပ်တို့ကို ဖောက်ဖျက်ကျူးလွန်သဖြင့် ပြစ်ဒဏ်ချမှတ်ခံရခြင်းများ ရှိပါက နိုင်ငံ့ဝန်ထမ်းဥပဒေ၊ မြို့ပြ ဝန်ထမ်းစည်းမျဉ်းများ၊ မူလအခြေခံနည်းဥပဒေများနှင့် နောက်ဆက်တွဲ နည်းဥပဒေများ စသည်တို့တွင် ပြဋ္ဌာန်းထားသည့် အတိုင်း စုံစမ်းစစ်ဆေးအရေးယူခြင်းများကို ဆောင်ရွက်လျက် ရှိပါတယ်။

သို့ပါ၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ၂၀၀၈ ခုနှစ် အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များ၊ နိုင်ငံတော် သမ္မတ၏ လမ်းညွှန်မှာကြားချက်များနှင့်အညီ ရှမ်းပြည်နယ်အတွင်း တာဝန် ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများ၏ သတ်မှတ်ထားသည့် တာဝန်များကို ထမ်းဆောင်ရန် ပျက်ကွက်ခြင်း၊ အလွဲသုံးစားပြုခြင်း၊ အဂတိလိုက်စားခြင်း၊ အခြားပြစ်မှုတစ်စုံတစ်ရာ ကျူးလွန်သည့် အတွက် ပြစ်ဒဏ်ကျခံရခြင်းများအပေါ် ဌာနဆိုင်ရာ စုံစမ်းစစ်ဆေးရေး အဖွဲ့ ဖွဲ့စည်း၍သော်လည်းကောင်း၊ သီးခြားစုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်း၍သော် လည်းကောင်း၊ စစ်ဆေးအရေးယူနိုင်ရေးအတွက် သက်ဆိုင်ရာ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ရုံးအကြီးအကဲများ၊ လမ်းညွှန်ကြီးကြပ်ဆောင်ရွက်လျက် ရှိပါကြောင်း ဖြေကြားအပ် ပါတယ်။ ကျေးဇူးတင်ပါတယ်။

ကျွန်တော်ကတော့ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးထူးကိုကိုဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပင်းတယမြို့နယ် ပြည်သူ့ဆေးရုံအား (၂၅)ခုတင်ဆံ့ ဆေးရုံမှ ခုတင်(၅၀)ဆံ့ ဆေးရုံ အဖြစ် တိုးမြှင့်ပေးနိုင်ပါရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်းပြီး မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့နယ် ပြည်သူ့ဆေးရုံ၏ အခြေအနေများကို ဆက်လက်တင်ပြသွားမှာ ဖြစ်ပါတယ်။ ဝန်ထမ်းအင်အားအနေနဲ့ လက်ရှိအနေအထားအရ မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူး (၁)ဦး၊ လက်ထောက်ဆရာဝန် (၁)ဦးသာ ရှိပြီး လက်ထောက်ဆရာဝန် (၃)ဦး လစ်လပ်လျက် ရှိပါတယ်။ အထက်တန်းသူနာပြု (၅)ဦး၊ အငယ်တန်းသူနာပြု (၈)ဦး၊ ဆေးစပ်(၂)ဦး၊ ဓာတ်ခွဲမှူး (၁)ဦးတို့ တာဝန်ထမ်းဆောင်လျက် ရှိပါတယ်။ ခုတင်အရေအတွက်မှာ (၁၆)ခုတင်ဆံ့ဆေးရုံအဖြစ်မှ (၂၅)ခုတင်ဆံ့ ဆေးရုံအဖြစ်သို့ ၂၀၁၀ ခုနှစ်၊ အောက်တိုဘာလမှာ အဆင့်တိုးမြှင့်ပေးပြီး ဖြစ်ပါတယ်။ ယခုလက်ရှိတွင် ခွင့်ပြုခုတင်မှာ (၂၅)လုံး ရှိသော်လည်း လူနာများ များပြားလာသဖြင့် ခုတင်(၅၀)အထိ တိုးချဲ့ပြင်ဆင်ထားရပါတယ်။ ခုတင်အားလုံးကို မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး အစီအစဉ်ဖြင့် စတီးခုတင်များ အဖြစ် ပြည်သူလူထုထံမှ အလှူခံကာ ပြုပြင်ပြောင်းလဲပြီး ဖြစ်ပါတယ်။

ဆေးရုံ၏ ဝန်ဆောင်မှု အခြေအနေကို တင်ပြရလျှင် ပင်းတယမြို့နယ် ပြည်သူ့ဆေးရုံသည် တစ်နှစ်ထက် တစ်နှစ် ပိုမိုကောင်းမွန်တဲ့ ဝန်ဆောင်မှုများကို ဆောင်ရွက်ပေးနိုင်ကြောင်း တွေ့ရပါတယ်။ အတွင်းလူနာအနေဖြင့် လေ့လာကြည့်လျှင် ၂၀၁၀ ခုနှစ်မှ (၁၀၃၉)ဦး၊ ၂၀၁၁ ခုနှစ်မှာ (၁၀၁၄)ဦး၊ ၂၀၁၂ ခုနှစ်မှာ





အစည်းအဝေးခန်းမ (၁)ဆောင်၊ (၂၈ ' × ၅၃ ')ရှိ လူနာဆောင် (၂)ဆောင်၊ (၁၄၀၀) ပေအရှည်ရှိ အုတ်တံတိုင်း (၁)ခု၊ အဝီစိတွင်း၊ ရေစင်နှင့် ရေလှောင်ကန်အားလုံးကိုလည်း ဆောက်လုပ်ရန် သဘောတူ လက်မှတ်ရေးထိုးခဲ့ပြီး ဖြစ်ပါတယ်။ ၎င်းလုပ်ငန်းများကို (၁၈-၁၂-၂၀၁၂)မှာ ပန္နက်ရိုက် စတင်လုပ်ဆောင်ခဲ့ရာ ယခုဆိုလျှင် ၁၀၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း တွေ့ရှိရမှာ ဖြစ်ပါတယ်။

ပင်းတယမြို့နယ် ပြည်သူလူထုရဲ့ ပူးပေါင်းပါဝင်မှုများကို ဆက်လက်တင်ပြရလျှင် ဆေးရုံတွင် အလှူခံရရှိတဲ့ ပစ္စည်း၏ အခြေအနေမှာ (၂၀၁၁ ခုနှစ်မှ ၂၀၁၃)ထိ (၂)နှစ်တာ ကာလအတွင်းမှာ ဆေးရုံပစ္စည်းအမြောက်အမြားကို အားတက် သရော လှူဒါန်းခဲ့ကြောင်း တွေ့ရပါတယ်။ စုစုပေါင်းလှူဒါန်းငွေ ကျပ်သိန်းပေါင်း (၉၁၈)သိန်းခန့် လှူဒါန်းထားပြီးကြောင်း တွေ့ရမှာ ဖြစ်ပါတယ်။ ယခုအခါ ပင်းတယမြို့နယ် ပြည်သူ့ဆေးရုံ၏ နေ့စဉ်ပျမ်းမျှ အတွင်းလူနာ (၄၂)ဦး၊ ပြင်ပလူနာ (၅၅)ဦးကို ကုသပေးနိုင်တဲ့ အခြေအနေမှာ ရှိနေပြီဖြစ်ပြီး ပြည်သူလူထု အနေဖြင့်လည်း ငွေကျပ်သိန်း (၉၀၀)ကျော်ကို ဆေးရုံပစ္စည်းများ အတွက် လှူဒါန်းပြီးဖြစ်ကြောင်းလည်း တွေ့ရမှာဖြစ်ပါတယ်။ ဤသို့သော အခြေအနေများမှာ (၂၅)ခုတင်ဆံ့ ဆေးရုံမှ (၅၀)ခုတင်ဆံ့ ဆေးရုံအဖြစ်သို့ တိုးမြှင့်ပေးသင့်ပြီဖြစ်ပါကြောင်းနှင့် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ မရှိ ဆိုတဲ့ အကြောင်းကို ဓနုတိုင်းရင်းသားများရဲ့ ကိုယ်စား ကျွန်တော့်အနေနဲ့ မေးမြန်းရခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျာ။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးရန် ဖြစ်ပါတယ်။

**ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ဆုတောင်းမေတ္တာ ပို့သရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ပင်းတယမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးထူးကိုကို၏ ပင်းတယမြို့နယ်ပြည်သူ့ဆေးရုံအား (၂၅)ခုတင်ဆံ့ဆေးရုံမှ ခုတင်(၅၀)ဆံ့ ဆေးရုံအဖြစ် တိုးမြှင့်ပေးနိုင်ပါရန် အစီအစဉ် ရှိ/မရှိနှင့် မည်သည့်အချိန်တွင် တိုးမြှင့်ပေးနိုင်မည်ကို သိရှိလိုပါသည်ဟူသော မေးခွန်းနှင့်ပတ်သက်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ကျွန်တော် ဒေါက်တာမျိုးထွန်းမှ ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ပင်းတယမြို့နယ်ပြည်သူ့ဆေးရုံသည် ယခင်က (၁၆)ခုတင်ဆံ့ဆေးရုံဖြစ်ပြီး ၂၀၀၉ ခုနှစ် ဒီဇင်ဘာလ (၉)ရက်နေ့တွင် (၂၅)ခုတင်ဆံ့ဆေးရုံအဖြစ်သို့ တိုးမြှင့်ပေးခဲ့ပါတယ်။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် ပင်းတယပြည်သူ့ဆေးရုံအား (၂၅)ခုတင်ဆံ့ဆေးရုံနှင့် ကိုက်ညီမှု ရှိစေရန် တိုးချဲ့လူနာဆောင်များ ဆောက်လုပ်ပေးခြင်း၊ ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ပေးခြင်းတို့ကို ကျန်းမာရေးဦးစီးဌာနမှ ဆောင်ရွက်ပေးခဲ့ပါတယ်။ ယခုအခါတွင် ပင်းတယမြို့နယ်၏ လူဦးရေစုစုပေါင်းမှာ (၇၉၀၂၁)ဦး ဖြစ်လာသည်နှင့်အမျှ ဆေးရုံသို့ ၂၀၁၂ ခုနှစ်တွင် ပြင်ပလူနာ (၁၁၃၆၅)ဦး၊ အတွင်းလူနာ (၂၀၅၇)ဦး ရှိခဲ့ပြီး ၂၀၁၃ ခုနှစ် ဇွန်လအထိ ပြင်ပလူနာ (၆၄၇၇)ဦး၊ အတွင်းလူနာ (၂၁၃၃)ဦးအထိ ကုသခဲ့သည်ကို တွေ့ရှိရပါတယ်။ နေ့စဉ် အတွင်းလူနာ တက်ရောက်ကုသမှုမှာ (၄၀)ဦးကျော် ရှိလာပြီ ဖြစ်ပါတယ်။





(၂၀၅၇) ဦး၊ ၂၀၁၃ ခုနှစ် ဩဂုတ်လအထိ (၁၆၀၉)ဦး တက်ရောက်သည်ကို တွေ့ရှိရပြီး ပြင်ပလူနာအခြေအနေမှာ ၂၀၁၀ ခုနှစ်တွင် (၃၅၅၀) ဦး၊ ၂၀၁၁ ခုနှစ်မှာ (၃၉၈၉) ဦး၊ ၂၀၁၂ ခုနှစ်မှာ (၁၁၃၆၃) ဦးရှိပြီး ၂၀၁၃ ခုနှစ်၊ ဩဂုတ်လအထိ ပြင်ပလူနာ (၈၈၈၅) ဦး၊ စမ်းသပ်စစ်ဆေးမှု၊ ကုသမှု ခံယူပြီးဖြစ်ကြောင်း တွေ့ရပါတယ်။ အဆိုပါကိန်းဂဏန်းများအရ ၂၀၁၃ ခုနှစ် ပင်းတယမြို့နယ်ပြည်သူ့ဆေးရုံ၌ တစ်နေ့လျှင် ပျမ်းမျှ အတွင်းလူနာ (၄၂)ဦးနှင့်၊ ပြင်ပလူနာ (၅၅)ဦး၊ လူနာစုစုပေါင်း (၉၇)ဦး နေ့စဉ်ကုသမှုအတွက် ဝန်ဆောင်မှုပေးလျက်ရှိကြောင်း တွေ့ရမှာ ဖြစ်ပါတယ်။

ဆေးရုံဆောက်လုပ်ရေးလုပ်ငန်းပိုင်းအနေဖြင့် တင်ပြရလျှင် လူနာများ တိုးတက်လာတာနဲ့အမျှ ဆေးရုံနေရာမလုံလောက်မှုများ ဖြစ်ပေါ်လာတာကို တွေ့ရပါတယ်။ နေ့စဉ်လူနာ (၄၀)ကျော်ခန့်မှ (၁၆) ခုတင်ဆံ့ ဆေးရုံ အဆောက်အဦးအတွင်းတွင် ကျပ်တည်းစွာနေထိုင်လျက် ရှိကြောင်း တွေ့ရပါတယ်။ လူနာများ များပြားလာတဲ့အတွက် လူနာဆောင်များ တိုးမြှင့်ဆောက်လုပ်ပေးရန် ကျန်းမာရေးဦးစီးဌာနကို တင်ပြတောင်းခံပြီး ခွင့်ပြုချက်လည်း ရရှိပြီး ဖြစ်ပါတယ်။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှာ နိုင်ငံတော်အစိုးရ၏ ခွင့်ပြုငွေဖြင့် (၂)ခန်းတွဲ ဆရာဝန်အိမ်ရာ (၂)လုံးနှင့် (၄)ခန်းတွဲ သူနာပြုအိမ်ရာ (၂)လုံးတို့ကို ငွေကျပ် (၁၃၅၈)သိန်းဖြင့် တည်ဆောက် အပ်နှံပေးနိုင်ခဲ့ကြောင်း တွေ့ရပါတယ်။

၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ (၁၀)ရက်နေ့မှာ ဆောင်းဟေမာန်ကုမ္ပဏီနဲ့ ပြည်နယ်ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်းပြီး အဆောက်အဦးများ ဆောက်လုပ်ရန် သဘောတူစာချုပ်တွင် လက်မှတ်ရေးထိုးခဲ့ပြီး ဖြစ်ပါတယ်။ ထိုစာချုပ်အရ ပင်းတယမြို့နယ်ပြည်သူ့ဆေးရုံမှာ (၆)ခန်းတွဲ သူနာပြုအိမ်ရာ (၁)လုံး၊ (၇၀' × ၃၀')



D/real(wide) (2

သို့ဖြစ်ပါ၍ ပြည်နယ်ကျန်းမာရေးဦးစီးဌာနရဲ့ (၃-၈-၂၀၁၂)ရက်စွဲပါစာအမှတ်၊ ၃/ခရစ/ညက-ပတယ (၂၀၈၄)ဖြင့် လည်းကောင်း၊ (၂၅-၄-၂၀၁၃)ရက်စွဲပါစာအမှတ်၊ ၃/၁၅/ဆရ(၉၇၁)ဖြင့် လည်းကောင်း၊ ပင်းတယမြို့နယ် (၂၅)ခုတင်ဆံ့ ပြည်သူ့ဆေးရုံအား ခုတင် (၅၀)ဆံ့ဆေးရုံအဖြစ် တိုးမြှင့်ပေးရန် ကျန်းမာရေးဦးစီးဌာနသို့ တင်ပြခဲ့ပါတယ်။

ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာန၏ (၉-၇-၂၀၁၃)ရက်စွဲပါစာအမှတ်၊ ကမဘ/ယ-ထွေ/၁၂၆ ဖြင့် ပင်းတယမြို့နယ် ပြည်သူ့ဆေးရုံအဆင့် တိုးမြှင့်ခြင်းကိစ္စရပ်အပေါ် ထပ်မံ၍ တောင်းခံချက်အရ တောင်ကြီးမြို့၊ ပြည်နယ်ကျန်းမာရေး ဦးစီးဌာန၏ (၁၁-၇-၂၀၁၃)ရက်စွဲပါစာအမှတ်၊ ၅/ကမခွဲ/ အဆိုပြု/ ၁၃(၁၇၀၀)ဖြင့် ပင်းတယမြို့နယ် (၂၅)ခုတင်ဆံ့ ပြည်သူ့ဆေးရုံအား ခုတင် (၅၀)ဆံ့အဖြစ် တိုးမြှင့်ပေးရန် ကျန်းမာရေးဦးစီးဌာနသို့ ထပ်မံတင်ပြ ဆောင်ရွက်ထားပြီး ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး မဘိမ်းမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးသန့်ဇင်ဦးက မေးခွန်း(၃)ခုကို တဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးသန့်ဇင်ဦး၊ မဘိမ်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** အားလုံးပဲမင်္ဂလာပါ။ ကျွန်တော်ကတော့ မဘိမ်းမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်ဦး ဖြစ်ပါတယ်။ ကျွန်တော် ပထမဆုံးမေးမယ့်မေးခွန်းကတော့ ကျောက်မဲခရိုင်၊ မဘိမ်းမြို့နယ်၊ မအူကုန်းကျေးရွာအုပ်စု၊ အုပ်ချုပ်ရေးမှူး ရွေးချယ်ပွဲနှင့် ပတ်သက်ပြီး ဖြစ်စဉ်အသေးစိတ်ကို



D/real(wide) (2



ဆောင်ပုဒ်ဖြစ်သော ပြည်သူ့အသံ လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ၊ ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်ဟူသော ဆောင်ပုဒ်နှင့်အညီ မဆောင်ရွက်ပေးနိုင်သည့်အပြင် သက်ဆိုင်ရာ ပြည်ထဲရေးဝန်ကြီး ဒုတိယဝန်ကြီးမှ အထက်ပါအပိုဒ် (၂)ပါအတိုင်း ဖြေဆိုထားသည်ကို ပြည်သူလူထုမှ သိရှိပြီးဖြစ်ပါသဖြင့် မဘိမ်းမြို့နယ်၊ မအူကုန်း ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ရွေးချယ်ခန့်ထားခြင်းနှင့် ပတ်သက်ပြီး မည်ကဲ့သို့ အရေးယူဆောင်ရွက်ပေးမည်၊ မည်သည့်အချိန်တွင် သက်ဆိုင်သူကို အရေးယူဆောင်ရွက်ပေးမည်ကို သိရှိလိုပါ၍ မေးခွန်းကို လေးစားစွာဖြင့် မေးမြန်းအပ်ပါတယ်။

ဒုတိယမေးခွန်းတစ်ခုအနေနဲ့ ရှမ်းပြည်နယ်၊ ကျောက်မဲခရိုင်၊ မဘိမ်းမြို့နယ်အတွင်းရှိ မြစ်ဆုံ-မဘိမ်း လမ်းပိုင်းတွင် တည်ဆောက်ထားသော တံတားအများစုသည် သစ်သားတံတားများဖြစ်ပြီး ၄င်းတံတားများသည် ချောင်းကူးတံတားများအဖြစ် တည်ဆောက်ထားပါသဖြင့် မိုးရာသီတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် တောင်ကျချောင်းရေများသည် အရှိန်အဟုန် ပြင်းစွာ စီးဆင်းလာမှု ရှိပါတယ်။ တံတားများမကြာခဏ ရေလွှမ်းမိုးမှု ခံရပြီး တောင်ကျချောင်းရေနှင့်အတူ မကြာခဏ မျောပါခြင်း၊ ပျက်စီးခြင်းများဖြင့် နှစ်စဉ်နှစ်တိုင်း သဘာဝဘေး အန္တရာယ်နှင့် ရင်ဆိုင်ကြုံတွေ့ကြရပါသည်။

သို့ဖြစ်ပါ၍ မြစ်ဆုံ-မဘိမ်းလမ်းပိုင်းရှိ သစ်သားတံတားများကို ရေရှည်အသုံးပြုနိုင်ရန်အတွက် ကွန်ကရစ်တံတားများအဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် ဆောင်ရွက်ပေးပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါသဖြင့် မေးခွန်းကို လေးစားစွာ မေးမြန်းအပ်ပါတယ်။

တတိယမေးခွန်းမှာ ရှမ်းပြည်နယ်၊ မဘိမ်းမြို့နယ်သည် ယခင်အိမ်ခြေ၊ အိမ်ထောင်စု၊ လူဦးရေနည်းပါးသည့် မြို့နယ် ဖြစ်သော်လည်း ခေတ်ကာလကြာမြင့်လာသည်နှင့်အမျှ အိမ်ခြေ၊ အိမ်ထောင်စု၊ လူဦးရေ တိုးတက်များပြားလာလျက် ရှိပါတယ်။ လူဦးရေတိုးတက်များပြားလာခြင်းကြောင့် အိမ်တစ်အိမ်တွင် အိမ်ခွဲရန် မိသားစုများရှိရာ ၎င်းမိသားစုများ မိမိကိုယ်ပိုင်အိမ်ဖြင့် ဆောက်လုပ်နေထိုင်နိုင်ရေး သက်ဆိုင်ရာ အုပ်ချုပ်ရေးမှူးများထံ တင်ပြတောင်းဆိုမှုများ ရှိနေသော်လည်း ၎င်းတို့မှ မြေယာ စီမံခန့်ခွဲမှု ကိစ္စရပ်များကို ပြည်နယ်အစိုးရ၏ ခွင့်ပြုချက်မရဘဲ ဆောင်ရွက်ခြင်း မပြုရန် ညွှန်ကြားထားသည်ဟု ပြောကြားလာ ပါသဖြင့် အိမ်ခွဲမည့် အိမ်ထောင်သည်များ၊ ၎င်းတို့ကိုယ်ပိုင်အိမ်များ ဆောက်လုပ်နေထိုင်နိုင်ရေး အခက်အခဲများစွာ ရှိနေပါတယ်။

သို့ဖြစ်ပါ၍ အိမ်ခွဲမည့်အိမ်ထောင်သည်များ ကိုယ်ပိုင်အိမ်များဆောက်လုပ်နိုင်ရေးအတွက် ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် မည်ကဲ့သို့ ဆောင်ရွက်ပေးမည်၊ မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါသဖြင့် ပြည်သူလူထု၏ တင်ပြချက်အရ မေးခွန်းကို မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင် ပါတယ်။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင် များမှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီးအောင်သူ၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာ ဝန်ကြီး။** လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီး နှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာ အပေါင်းနှင့် ပြည့်စုံပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးအောင်သူ ဖြစ်ပါတယ်။





ပြည်နယ်ဝန်ကြီးချုပ်ထံ လိပ်မူပြီး (၂၄-၁၂-၂၀၁၂)ရက်နေ့တွင် တင်ပြခဲ့သော်လည်း ယနေ့အချိန်ထိ အကြောင်းတစ်စုံတစ်ရာ ထူးခြားလာခြင်းမရှိဘဲ ဖြစ်နေကြောင်း၊ ပြည်သူလူထုမှလည်း ၎င်းတို့၏ လိုလားချက်၊ တောင်းတချက်များကို ဖြည့်ဆည်းပေးနိုင်မည် မဟုတ်ဟု ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအပေါ်တွင်လည်းကောင်း၊ ပြည်နယ်အစိုးရအပေါ်တွင်လည်းကောင်း ယုံကြည်မှု လျော့နည်း လာနိုင်ပါတယ်။ ယင်းနဲ့ ပတ်သက်ပြီး ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန် အစည်းအဝေး (စတုတ္ထနေ့)တွင် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ ရွေးချယ်ရာ၌ ဥပဒေနှင့်အညီ ဆောင်ရွက်ခဲ့ခြင်းမရှိပါက မည်ကဲ့သို့ ဆောင်ရွက်ပေးမည်ကို သိရှိလိုကြောင်း မေးခွန်းနှင့် စပ်လျဉ်း၍ အမရပူရ မဲဆန္ဒနယ်မှ ဦးသိန်းဌေးဦး၏ မေးခွန်းကို ပြည်ထဲရေး ဝန်ကြီးဌာန၏ ဒုတိယဝန်ကြီး ရဲမှူးချုပ် ကျော်ကျော်ထွန်းမှ ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ရွေးချယ်ရာ၌ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် ညီညွတ်မှုမရှိဘဲ ဆောင်ရွက်ခဲ့ခြင်းများရှိပါက သက်ဆိုင်ရာ ခရိုင်အုပ်ချုပ်ရေးမှူး၊ သက်ဆိုင်ရာ ပြည်နယ်/ တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ပြည်ထဲရေးဝန်ကြီးဌာနသို့ အချက်အလက်ပြည့်စုံစွာဖြင့် တင်ပြတိုင်ကြားနိုင်ကြောင်း၊ တိတိကျကျ တိုင်ကြားမှုရှိပါက စုံစမ်းစစ်ဆေးရေးအဖွဲ့ဖြင့် စစ်ဆေးပြီး မှန်ကန်ပါက ဝန်ထမ်းဖြစ်လျှင် ဝန်ထမ်းစည်းမျဉ်းစည်းကမ်းနှင့်အညီ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ပြီး၊ ဝန်ထမ်းမဟုတ်ပါက တည်ဆဲဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားထားပါတယ်။

ထိုဖြစ်စဉ်နှင့် ပတ်သက်ပြီး ပြည်သူလူထုမှလည်း ၎င်းတို့ ရွေးချယ်တာဝန်ပေးအပ်ထားသော လွှတ်တော်ကိုယ်စားလှယ်ထံ မကျေနပ်ချက်များကို ဆောင်ရွက်ပေးရန်၊ လာရောက်အကူအညီ တောင်းခံမှုများကို မကူညီ၊ မဆောင်ရွက်ပေးနိုင်လျှင် မိမိတို့လွှတ်တော်



D/real(wide) (2

မဘိမ်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)က လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်ဦး မေးတဲ့ မဘိမ်းမြို့နယ်၊ မအူကုန်းကျေးရွာအုပ်စု၊ အုပ်ချုပ်ရေးမှူး ရွေးချယ်ခန့်ထားခြင်းနဲ့ ပတ်သက်ပြီး မည်ကဲ့သို့ အရေးယူဆောင်ရွက်ပေးမည်၊ မည်သည့်အချိန်တွင် သက်ဆိုင်သူကို အရေးယူပေးမည်ကို သိရှိလိုပါသည်ဆိုသည့် မေးခွန်းနှင့် ပတ်သက်၍ ဖြေကြားသွားမှာဖြစ်ပါတယ်။

မအူကုန်းကျေးရွာအုပ်စု၊ အုပ်ချုပ်ရေးမှူးရွေးချယ်ပွဲနှင့် စပ်လျဉ်း၍ မကျေလည်မှုများရှိနေသည်များကို ရှင်းလင်းစိစစ်ရေး အဖွဲ့သည် မဘိမ်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၁၀-၁-၂၀၁၃)ရက်စွဲပါစာအမှတ်၊ ၅/၁-၄/ဦး ၆ (၄၂)ဖြင့် အောက်ပါအတိုင်းဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါသည်-

(က) ရဲမှူးအောင်မျိုးလွင် — အဖွဲ့ခေါင်းဆောင်
မြို့နယ်ရဲတပ်ဖွဲ့မှူး

(ခ) ဦးမြင့်သိန်း — အဖွဲ့ဝင်
မြို့နယ်ဥပဒေအရာရှိ

(ဂ) ဦးတိုးမျိုးသန့် — အဖွဲ့ဝင်
ဦးစီးမှူး၊ မြို့နယ်စိုက်ပျိုးရေး

တို့ဖြစ်ပါတယ်။ စုံစမ်းစစ်ဆေးရေးအဖွဲ့အနေဖြင့် လိုအပ်သည့် အသိသက်သေများကို ခေါ်ယူစစ်ဆေးမှု ပြုလုပ်ခဲ့ရာမှာ မအူကုန်းကျေးရွာ ဆယ်အိမ်စုမှူး ကိုယ်စားလှယ် ရွေးချယ်ပွဲအား (၁၁-၁၂-၂၀၁၂)ရက်နေ့မှာ (၅)ဦးကော်မတီ ကြီးကြပ်ရေးအဖွဲ့မှ အရည်အချင်း (၁၁)ရပ်ကို ရှင်းလင်းပြောကြားပြီး ရွေးချယ်ပွဲကို ဆောင်ရွက်ခဲ့ကြောင်း၊ ယင်းရွေးချယ်ပွဲတွင် ဦးတင်မောင် (၆)မဲ၊



D/real(wide) (2



ရက်နေ့တွင် အုပ်ချုပ်ရေးမှူးရုံး ဖွင့်လှစ်ထားသည့် ဦးကိုကိုကြီး (အုပ်ချုပ်ရေးမှူးဟောင်း) နေအိမ်တွင် ကြီးကြပ်ရေးအဖွဲ့ဝင် (၃)ဦးမှ စိစစ်ဆောင်ရွက်ခဲ့ပြီး ကြီးကြပ်ရေးအဖွဲ့ဝင် (၂)ဦးမှာ တက်ရောက်နိုင်မှု မရှိသော်လည်း ဆုံးဖြတ်ချက်အတိုင်း လက်ခံမည်ဟု ပြောကြားသည်မှာလည်း မှန်ကန်ကြောင်း ၄င်းတို့၏ ထွက်ဆိုချက်များအရ သိရှိရပါတယ်။

ပြဋ္ဌာန်းထားသည့် ဥပဒေ၊ နည်းဥပဒေများနှင့် ပြင်ဆင်ချက် ဥပဒေတို့တွင် အမည်စာရင်း တင်သွင်းခြင်း ခံရသူအား ဥပဒေပါ ပုဒ်မ ၅ အရ အရည်အချင်း (၁၁)ရပ်နှင့် ကိုက်ညီမှု ရှိ/မရှိကို နေ့ချင်းပြီးဆောင်ရွက်ရမည်ဟု အတိအလင်း ဖော်ပြပြဋ္ဌာန်းမှု ရှိသဖြင့် လည်းကောင်း၊ နယ်မြေအခြေအနေအရ မအူကုန်းနှင့် အလယ်ရွာမှာ ရွှေလီမြစ်အရှေ့ဘက်ခြမ်းတွင်ရှိပြီး ညောင်ပင်သာရွာ၊ ဘိုင်ဘင်ရွာနှင့် အင်ကြင်းပင်ကျေးရွာတို့မှာ ရွှေလီမြစ် အနောက်ဘက်ကမ်း အလှမ်းဝေးကွာနေသဖြင့် ဆယ်အိမ်စုမှူး ကိုယ်စားလှယ် ရွေးချယ်ပွဲများကို နေ့ချင်းပြီး ဆောင်ရွက်ရသဖြင့်လည်းကောင်း ဆယ်အိမ်စုမှူးကိုယ်စားလှယ် စိစစ်မှုအား (၁၂-၁၂-၂၀၁၂) ရက်နေ့တွင်မှ ဆောင်ရွက်ခဲ့ရခြင်း ဖြစ်ကြောင်း စိစစ်တွေ့ရှိရပါတယ်။

နေ့ချင်းပြီး ဆောင်ရွက်ခြင်း မပြုနိုင်သဖြင့် အရွေးချယ်ခံ ပုဂ္ဂိုလ်များနှင့်အများပြည်သူရှေ့မှောက်တွင် ချက်ချင်းစိစစ်မှုပြုပြီး ဆယ်အိမ်စုမှူးကိုယ်စားလှယ်အမည်စာရင်း မကြေညာနိုင်သဖြင့် ဤကဲ့သို့ ပြဿနာမျိုး ပေါ်ပေါက်ရကြောင်း သုံးသပ်တွေ့ရှိရပါသည်။

နည်းဥပဒေ ၉ အရ ဆယ်အိမ်စုကိုယ်စားလှယ်များမှ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးဟောင်း ရွေးချယ်ခံရသူများအား

စိစစ်ကြည့်ရာတွင် အောက်ပါအတိုင်း စိစစ်တွေ့ရှိရပါသည်-

| | | |
|---|---|---|
| (က) | ဦးကိုကိုကြီး (အုပ်ချုပ်ရေးမှူးဟောင်း) | မအူကုန်းကျေးရွာ |
| (ခ) | ဦးချစ်လင်းဦး | မအူကုန်းအလယ်ရွာ |
| (ဂ) | ဦးစန်းဝေ | ဘိုင်ဘင်ရွာ |
| (ဃ) | ဦးကျော်ဆွေ | ဘိုင်ဘင်ရွာ |
| (င) | ဦးကံရှိ | ညောင်ပင်သာရွာ |
| (စ) | ဦးဝင်းကြိုင် | ညောင်ပင်သာရွာ |

အဆိုပါ အဆိုပြုခံရသည့်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးလောင်းများအား ရပ်ကွက် (သို့မဟုတ်) ကျေးရွာအုပ်စု အုပ်ချုပ်ရေး ဥပဒေအခန်း ၄ ပုဒ်မ ၆ (စ)နှင့်အညီ ရွေးချယ်ဆောင်ရွက်ခဲ့ရာ ဦးဝင်းကြိုင် (ညောင်ပင်သာရွာ)မှ မဲအများဆုံးရရှိပြီး မအူကုန်းကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးအဖြစ် အရွေးခံရလျက် လက်ရှိ တာဝန်ထမ်းဆောင်နေသည်ကို ကြည့်ခြင်းအားဖြင့် ကြီးကြပ်ရေးအဖွဲ့များအနေဖြင့် ပြဌာန်းထားသည့် ဥပဒေများနှင့် ဆန့်ကျင်ပြီး ဘက်လိုက်ဆောင်ရွက်မှုများ မရှိသည်ကို စိစစ်တွေ့ရှိရပါတယ်။

သို့ဖြစ်ပါ၍ ဦးကိုကိုကြီး (အုပ်ချုပ်ရေးမှူးဟောင်း)မှာ ပြန်လည် အရွေးချယ်ခံရမှု မရှိသလို မအူကုန်းကျေးရွာအုပ်စု ဆယ်အိမ်စုမှူး ကိုယ်စားလှယ်ရွေးချယ်ပွဲတွင် မဲအများဆုံးရရှိသည့် ဦးတင်မောင်အားလည်း မအူကုန်းကျေးရွာလူကြီးအဖြစ် အုပ်စုအုပ်ချုပ်ရေးမှူးနှင့် အုပ်ချုပ်ရေးအဖွဲ့မှ ပြန်လည်တာဝန် ပေးအပ်ထားသည်ကို ထောက်ရှုခြင်းအားဖြင့်လည်းကောင်း၊ ပြဌာန်းထားသည့် ဥပဒေများနှင့်အညီ ဆောင်ရွက်ခဲ့ကြောင်း





ဦးကိုကိုကြီး (အုပ်ချုပ်ရေးမှူးဟောင်း)(၂)မဲ၊ ဦးမောင်ဝင်းနှင့် ဦးအိုက်ငယ်တို့က (၁)မဲစီ ရရှိခဲ့သည်မှာ မှန်ကန်ကြောင်း၊ သို့သော်လည်း ဦးတင်မောင်အနေဖြင့် မဲအများဆုံးရရှိသော်လည်း အသက်အရွယ်ကြီးရင့်၍ ဂေါက်ရောဂါရှိပြီး ကျန်းမာရေး မကောင်းသဖြင့် တာဝန်ကို ထမ်းဆောင်နိုင်ရေး အခက်အခဲ ဖြစ်နိုင်ကြောင်း ယူဆလျက် မဲအများဆုံးရရှိသည့် ဦးတင်မောင်အား ပယ်ဖျက်လျက် ဒုတိယမဲအများဆုံး ရရှိသည့် ဦးကိုကိုကြီး (အုပ်ချုပ်ရေးမှူးဟောင်းအား) ဆယ်အိမ်စုမှူးကိုယ်စားလှယ်အဖြစ် ကြီးကြပ်ရေးအဖွဲ့မှ ရွေးချယ်ခဲ့ကြောင်း၊ ကြီးကြပ်ရေးအဖွဲ့၏ ဆုံးဖြတ်ချက်မှာ အုပ်ချုပ်ရေးဥပဒေပုဒ်မ ၅(ဆ)ပါ ပြဌာန်းချက်များအရ နည်းဥပဒေပုဒ်မ ၇ နှင့် အညီ ဆုံးဖြတ်ခဲ့သဖြင့် မှန်ကန်ကြောင်း တွေ့ရှိရပါတယ်။

ဆယ်အိမ်စုမှူး ကိုယ်စားလှယ်များစုစည်း၍ ဆန္ဒမဲပေးစေခဲ့ရာ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ရွေးချယ်ရာတွင်လည်း ဦးဝင်းကြိုင်၊ ညောင်ပင်သာရွာမှ မဲအများဆုံးရရှိ ရွေးချယ်ခံရပြီး ဦးကိုကိုကြီး (အုပ်ချုပ်ရေးမှူးဟောင်း)မှ ရွေးချယ်ခြင်းမခံရသဖြင့် ဘက်လိုက် ဆောင်ရွက်မှု မရှိကြောင်း သုံးသပ်တွေ့ရှိရပါသည်။

စုံစမ်းစစ်ဆေးရေးအဖွဲ့၏ တွေ့ရှိချက်အစီရင်ခံစာနှင့် အသိသက်သေများ၏ ထွက်ဆိုချက်များကို ပြန်လည်၍ အသေးစိတ် လေ့လာရာတွင် မအူကုန်းကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ရွေးချယ်ရေးကြီးကြပ်အဖွဲ့ အနေဖြင့် (၁၁-၁၂-၂၀၁၂)ရက်နေ့တွင် မအူကုန်းကျေးရွာဆယ်အိမ်မှူး ကိုယ်စားလှယ်ရွေးချယ်ပွဲကို နည်းဥပဒေ ၆ နှင့်အညီ ဆောင်ရွက်ခဲ့ပြီး နည်းဥပဒေ ၇ အရ ပုံစံ(က) အမည်စာရင်း ပြုစုရေးအတွက် ဥပဒေပုဒ်မ ၅ အရ သတ်မှတ် အရည်အချင်းနှင့် ပြည့်စုံခြင်းရှိ/မရှိ စိစစ်ခြင်းကို (၁၂-၁၂-၂၀၁၂)

**ဗိုလ်မှူးကြီးအောင်သူ၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီး။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီး နှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မဘိမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်ဦး၏ မဘိမ်းမြို့နယ်အတွင်းရှိ အိမ်ခွဲမည့် အိမ်ထောင်သည်များ ကိုယ်ပိုင်အိမ်များ ဆောက်လုပ်နိုင်ရန်အတွက် ပြည်နယ်အစိုးရ အနေဖြင့် မည်ကဲ့သို့ ဆောင်ရွက်ပေးမည်၊ မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါသည် ဆိုသည့်မေးခွန်းနှင့် ပတ်သက်၍ ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ကျောက်မဲခရိုင်၊ မဘိမ်းမြို့နယ်တွင် အိမ်ခွဲမည့် အိမ်ထောင်သည်များ ကိုယ်ပိုင်အိမ်များ ဆောက်လုပ်နိုင်ရန်အတွက် မိဘများမှ အိမ်ထောင်ခွဲ ဆင်းလိုသူများရှိမည် ဖြစ်သဖြင့် ရပ်ကွက်/ကျေးရွာများ တိုးချဲ့ရန် အမှန်လိုအပ်မည် ဖြစ်ပါသည်။ ရပ်ကွက် ကျေးရွာအုပ်စုများတွင် အိမ်ခွဲမည့် အိမ်ထောင်သည်များ ကိုယ်ပိုင်အိမ်များ ဆောက်လုပ်နိုင်ရန်အတွက် မိဘအိမ်များမှ ခွဲဆင်းလိုသူများ ရှိခဲ့လျှင် ရပ်ကွက်/ကျေးရွာမြေတိုးချဲ့လိုပါက ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများမှ မြို့နယ်မြေယာ စီမံခန့်ခွဲရေးအဖွဲ့သို့ အချက်အလက် အပြည့်အစုံ တင်ပြစေရေး ဆောင်ရွက်နိုင်ရန်အတွက် ပြည်သူ့လွှတ်တော်မှ အတည်ပြု ပြဋ္ဌာန်းပြီး ဖြစ်သည့် မြေလွတ်မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေ၊ လယ်ယာမြေဥပဒေနှင့် တည်ဆဲမြေယာဥပဒေပါ ပြဋ္ဌာန်းချက်များအတိုင်း လုပ်ထုံးလုပ်နည်းများနှင့်အညီ ညွှန်ကြားဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ရပ်ကွက်ကျေးရွာအုပ်စု မြေယာစီမံခန့်ခွဲရေးအဖွဲ့၏ တင်ပြချက်ကို လက်ခံရရှိပါက မြို့နယ်မြေယာစီမံခန့်ခွဲရေးအဖွဲ့အနေဖြင့် တင်ပြထားသည့်နေရာ





စိစစ်တွေ့ရှိရပါကြောင်း ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** မဘိမ်းမဲဆန္ဒနယ်အမှတ်(၂)မှ ဦးသန့်ဇင်ဦး၏ ဒုတိယမေးခွန်းကို သက်ဆိုင်ရာ ပြည်နယ်အစိုးရ အဖွဲ့ဝင်ဝန်ကြီးမှ ဖြေကြားပေးရန် ဖြစ်ပါတယ်။

**ဦးစိုင်းနော်ခမ်း၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။** အားလုံးမင်္ဂလာပါ။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မဘိမ်းမြို့နယ် မဲဆန္ဒနယ်မှ ဦးသန့်ဇင်ဦး မေးမြန်းသည့် မြစ်ဆုံ-မဘိမ်း လမ်းပိုင်းမှာ ရှိတဲ့ သစ်သားတံတားသည် ကျောက်မဲခရိုင်၊ မဘိမ်းမြို့နယ်မှ တာဝန်ယူဆောင်ရွက်ရသော မန္တလေး-မိုးကုတ်-မိုးမိတ်-မဘိမ်း-စီဦး-ဗန်းမော်လမ်းဖြစ်ပြီး ပြည်ထောင်စုမှ စီမံခန့်ခွဲသည့် လမ်းဖြစ်ပါတယ်။ မိုင်တိုင်အမှတ် ၄၇/၅ မှ မိုင်တိုင်အမှတ် ၆၄/၅ အထိ မြစ်ဆုံ-မဘိမ်းလမ်းပိုင်းမှာ သံကူကွန်ကရစ် တံတား (၇)စင်း၊ ဘေလီတံတား (၂)စင်းနှင့် သစ်သားတံတား (၃၄)စင်း၊ စုစုပေါင်း (၄၃)စင်း ရှိပါတယ်။ ယင်းတံတားများတွင် သံကူကွန်ကရစ်တံတား တိုးမြှင့်ဆောက်လုပ်ရခြင်း မရှိသေးသည့် သစ်သားတံတားနှင့် ဘေလီတံတား (၃၆)စင်းနှင့် (၅ ပေ)နှင့်အောက် (၅)စင်း၊ (၁၀ ပေ) တံတား (၂)စင်း၊ (၁၅ ပေမှ ၂၀ ပေ)ထိ (၁၅)စင်း၊ (၂၀ ပေအထက်မှ ၄၀ ပေ)ထိ (၁၀)စင်း၊ (၅၀ ပေ)နှင့် အထက် (၄)စင်း ရှိပါတယ်။

ယင်းတံတားများကို နှစ်အလိုက် သံကူကွန်ကရစ်တံတား အဆင့် တိုးမြှင့်ရေးအတွက် စီမံဆောင်ရွက်လျက် ရှိပါတယ်။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် မိုးဒဏ်ကြောင့် ပျက်စီးသွားသော သစ်သားတံတား (၃)စင်း၏ ကြမ်းခင်း၊ ဘီးလမ်း၊ လက်ရမ်းများ လဲလှယ်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ပြီး ဖြစ်ပါတယ်။



D/real(wide) (2

ဒေသအရောက် ကွင်းဆင်းစစ်ဆေးလျက် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်တင်ပြသွားမည်ဖြစ်ပြီး ပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြုချက် ရရှိလာပါက တည်ဆဲ/ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့်အညီ အမြန်ဆုံး အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး မဘိမ်းမြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၂)မှ ဦးသန့်ဇင်ဦးက စတုတ္ထမေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသန့်ဇင်ဦး၊ မဘိမ်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** အားလုံးပဲ မင်္ဂလာပါ။ စတုတ္ထမေးခွန်း အနေနဲ့ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ကျောက်မဲခရိုင်၊ မဘိမ်းမြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ မြို့နယ်အုပ်ချုပ်ရေးမှူး၊ လက်ထောက် ညွှန်ကြားရေးမှူးသည် ရာထူးတိုးမြှင့်ခန့်ခြင်းအတွက် ဂုဏ်ပြုပွဲ ပြုလုပ်ရန် ရပ်ကွက်နဲ့ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများထံမှ တစ်ဦးလျှင် ကျပ် ၂၀၀၀၀/-နှုန်းဖြင့် ကောက်ခံပြီး ပြုလုပ်ခဲ့ကြောင်း အုပ်ချုပ်ရေးမှူးများက နှုတ်ဖြင့် တင်ပြလာပါတယ်။ ထိုကဲ့သို့ ကောက်ခံခဲ့ခြင်းကြောင့် ရပ်ကွက်နှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး များသည် နိုင်ငံတော်မှ တရားဝင်ခွင့်ပြုထားသော ငွေမရှိခြင်းကြောင့် ပြည်သူလူထုထံမှ ကောက်ခံ၍ ပေးသွင်းရပါသဖြင့် ပြည်သူလူထု အပေါ် ဝန်ထုပ်ဝန်ပိုး ဖြစ်စေခဲ့ပါတယ်။ ဒါ့အပြင် မြို့နယ်ကုန်တင် ကုန်ချ အလုပ်သမားအဖွဲ့သည် အခြေခံအလုပ်သမားအဖွဲ့ ဖွဲ့စည်းခွင့်အား စက်တင်ဘာလတွင် ဖွဲ့စည်းနိုင်ခဲ့ပြီး (၃)လပြည့်သည့် ဒီဇင်ဘာလတွင် အကြောင်းမဲ့စာရွက်စာတမ်းကြေး တစ်လ ၁၀၀၀၀/-နှုန်းဖြင့် တောင်းခံခဲ့ရာ (၃)လစာ ငွေကျပ် ၃၀၀၀၀/- ပေးသွင်းခဲ့ရပါတယ်။ အလုပ်သမားများသည် ၄င်းတို့၏



D/real(wide) (3



၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ တံတားအမှတ်(၁/၆၅)၊ တံတားအမှတ် (၂/၆၅)၊ သစ်သားတံတားများကို (၁၅)ပေ သံကူကွန်ကရစ်တံတား (၂)စင်း၊ ဆောက်လုပ်ရန် ပြည်နယ်သာမန် အသုံးစရိတ်မှ သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်ပါက ဆောင်ရွက်ရန် ချန်လှပ်ထားသည့် အရန် ရန်ပုံငွေမှ ဆောင်ရွက်မည် ဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် (၂၀)ပေ သံကူကွန်ကရစ်တံတား (၅)စင်း တည်ဆောက်နိုင်ရန် ပြည်ထောင်စု ငွေလုံးငွေရင်း ရန်ပုံငွေ တင်ပြတောင်းခံ လျာထား ပါတယ်။ ပြည်နယ်အစိုးရမှလည်း ကျွန်တော်တို့ ရန်ပုံငွေအနေနဲ့ (၂၀ ပေ) သံကူကွန်ကရစ်တံတား (၅)စင်းကို ပြည်နယ်သာမန် အသုံးစရိတ်မှ ပြင်ဆင်ပေးနိုင်ပါရန်အတွက် တင်ပြတောင်းခံလျာထား ပါတယ်။

လေးစားရပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနဲ့ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်တို့ ရှမ်းပြည်နယ်ဟာ တောင်ပေါ်ဒေသဖြစ်ပြီး မိုးလည်းများပါတယ်။ မဘိမ်းမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် တင်ပြသွားသလိုပင် မိုးတွင်းကာလမှာ ချောင်းရေများ တဟုန်ထိုး စီးဆင်းလာသည့်အတွက် သစ်သားတံတား များဟာ ပျက်စီးယိုယွင်းမှုတွေ လျင်လျင်မြန်မြန်ဖြစ်ပေါ်နေတဲ့အတွက် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှစ၍ ရှမ်းပြည်နယ်အတွင်းမှာ ရှိနေသည့် ပေ (၅၀)နှင့် (၅၀)အောက် တံတားများကို သံကူကွန်ကရစ် တံတား ပြောင်းလဲတည်ဆောက်နိုင်ရေး စီမံကိန်းတစ်ရပ်ချပြီး ဆောင်ရွက်လျက် ရှိကြောင်း ဖြည့်စွက်ဖြေကြား အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** မေးခွန်းနံပါတ်(၃)ကို ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

စားဝတ်နေရေး ပြည်စုံလုံလောက်မှု မရှိသူများဖြစ်ခြင်း၊ ငွေကြေးရင်းနှီးမြှုပ်နှံ၍ စီးပွားရှာရန် အရင်းအနှီးမရှိ၍ မိမိတို့၏ ခွန်အားဖြင့် ဘဝရပ်တည်ရေးကို တည်ဆောက်နေကြသူများ ဖြစ်တဲ့အတွက် တောင်းခံထားသော ငွေအား ကုန်တင်ကုန်ချ ရရှိငွေများမှ ပေးရပါသဖြင့် အလုပ်သမားများအတွက် တနေ့တာ ရပ်တည်ရေးကို များစွာ အခက်အခဲဖြစ်စေပါတယ်။

သို့ဖြစ်ပါ၍ ဂုဏ်ပြုပွဲအတွက် ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများထံမှ တစ်ဦးလျှင် ၂၀၀၀၀ိ/-နှုန်းဖြင့် ကောက်ခံနေခြင်းနှင့် မြို့နယ်ကုန်တင်ကုန်ချအလုပ်သမားများထံမှ စာရွက်စာတမ်းကြေးအဖြစ် ကျပ် ၃၀၀၀၀ိ/-တိတိ တောင်းခံနေမှုသည် နိုင်ငံတော် သမ္မတကြီးမှ လမ်းညွှန်ထားသည့် သန့်ရှင်းသောအစိုးရ၊ ကောင်းမွန်သော အုပ်ချုပ်ရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်နေရသဖြင့် ကောင်းမွန်သော အုပ်ချုပ်ရေးသမားကောင်းများဖြစ်ရေးကို သက်ဆိုင်ရာဝန်ကြီးဌာနမှ လမ်းညွှန်ထားပြီးဖြစ်ရာ ယခုကဲ့သို့ ပြည်သူလူထုနှင့် အလုပ်သမားများကို ဝန်ထုပ်ဝန်ပိုးဖြစ်စေအောင် ဆောင်ရွက်နေသော မြို့နယ်အုပ်ချုပ်ရေးမှူး၊ လက်ထောက်ညွှန်ကြားရေးမှူးအား ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများနှင့်အညီ အရေးယူဆောင်ရွက်ရန် အစီအစဉ် ရှိ/မရှိနှင့် မည်သည့်အချိန်တွင် မည်ကဲ့သို့ အရေးယူဆောင်ရွက်သွားမည်ကို သိရှိလိုပါ၍ မေးခွန်းကို လေးစားစွာ မေးမြန်းအပ်ပါတယ်။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။





အစီအစဉ်ဖြင့်သာ ကျင်းပပေးခဲ့ခြင်းဖြစ်ပြီး မည်သည့် ဌာနဆိုင်ရာများ၊ ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများနှင့် မြို့မိမြို့ဖများထံမှ ငွေကြေးတစ်စုံတစ်ရာ ကောက်ခံခဲ့ခြင်း မရှိကြောင်း တွေ့ရှိရပါတယ်။

သို့ရာတွင် ဘဟဲကျေးရွာအုပ်စု၊ ကုန်းခါးရပ်ကွက်၊ ခတ်ဆုံကျေးရွာအုပ်စုနှင့် ငို့စင်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး (၅)ဦးတို့မှသာလျှင် ၎င်းတို့၏ စေတနာအလျောက် စားသောက်ရေးအတွက် ငွေကျပ် ၂၀၀၀၀ိ/-စီအား ပါဝင်ကူညီထည့်ဝင်ခဲ့ခြင်းဖြစ်ပါတယ်။ ကျန်ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများမှ ငွေကြေးတစ်စုံတစ်ရာ ထည့်ဝင်ရခြင်း မရှိကြောင်း တွေ့ရှိရပါတယ်။

မြို့နယ်ကုန်တင်ကုန်ချအလုပ်သမားအဖွဲ့မှ စာရွက်စာတမ်းကြေးငွေ ကောက်ခံရခြင်းဆိုသည်မှာ ၁၉၉၉-၂၀၀၀ ခုနှစ်မှ စ၍ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ စာရေးကိရိယာအသုံးစရိတ်အတွက် ယခင်မြို့နယ်အုပ်ချုပ်ရေးမှူးများမှစ၍ လစဉ်ပါဝင်ကူညီ ထည့်ဝင်ပေးခဲ့ပါတယ်။ ၂၀၀၇ ခုနှစ်ကာလအတွင်း ထည့်ဝင်မှု ပြတ်တောက်ခဲ့ပါတယ်။

၂၀၀၈ ခုနှစ်မှ စ၍ ယခင်မြို့နယ်အုပ်ချုပ်ရေးမှူးများ လက်ထက်တွင် ပြန်လည်ထည့်ဝင်ပေးခဲ့ပြီး လက်ရှိ မြို့နယ်အုပ်ချုပ်ရေးမှူးများလက်ထက်တွင် ၂၀၁၂ ခုနှစ် ဒီဇင်ဘာလမှစ၍ ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလအထိ တစ်လလျှင် ၁၀၀၀၀ိ/-နှုန်းဖြင့် (၃)လအတွက် (၃၀၀၀၀ိ/-)ကျပ်သာ ထည့်ဝင်ခဲ့ရကြောင်း စိစစ်တွေ့ရှိရပါတယ်။ ယင်းကာလနောက်ပိုင်း မတ်လမှစ၍ ထည့်ဝင်ပေးခြင်း မရှိတော့ကြောင်း၊ မြို့နယ်ရုံးမှလည်း

ကောက်ခံမှု မရှိကြောင်း တွေ့ရှိရပါတယ်။ သို့ဖြစ်ပါ၍ မဘိမ်းမြို့နယ် အုပ်ချုပ်ရေးမှူးအနေဖြင့် ပြည်သူလူထုအပေါ် ဝန်ထုပ်ဝန်ပိုး ဖြစ်စေသော လုပ်ဆောင်ချက်များနှင့် ပတ်သက်၍ သက်ဆိုင်ရာဌာန အကြီးအမှူးများ မှတဆင့် စိစစ်ကြပ်မတ်အရေးယူဆောင်ရွက် သွားမည် ဖြစ်ကြောင်း ဖြေရှင်းတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး မဘိမ်းမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)မှ ဦးသန့်ဇင်ဦးက ပဉ္စမမေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသန့်ဇင်ဦး၊ မဘိမ်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ပဉ္စမမေးခွန်းအနေနဲ့ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ကျောက်မဲခရိုင်၊ မဘိမ်းမြို့နယ်တွင် ဝေးလံခေါင်းပါးသည့်ဒေသဖြစ်ပြီး မြို့ပေါ် ရပ်ကွက်များမှာ ဒီဇယ်အင်ဂျင်ဖြင့် မြန်မာ့လျှပ်စစ်ဓာတ်အားမှ ဖြန့်ဖြူးလျက်ရှိသော လျှပ်စစ်ကို (၂)ရက်တစ်ကြိမ် (၂)နာရီခန့် မြို့နေပြည်သူများ ခံစားရပြီး ကျေးလက်ပြည်သူများ၊ ကျောင်းသားကျောင်းသူများမှာ ဖယောင်းတိုင်မီး/ ဒီဇယ်မီးခွက်များ ကိုသာ အဓိကထား အသုံးပြုလျက် ရှိပါတယ်။

ယခုအခါ ကျေးလက်မီးလင်းရေးလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာတွင် မဘိမ်းမြို့နယ် အတွင်းရှိ ကျေးရွာ (၂၄)ရွာ၊ အိမ်ခြေ (၄၀၃၀)၊ မိသားစု (၂၀၁၀၅) အတွက် ဆိုလာ၊ ဘက်ထရီစနစ်ဖြင့် ကျေးလက်မီးလင်းရေးအတွက် ဆောင်ရွက်ပေးရန်အစီအစဉ် ရှိ မရှိ နှင့် ဆောင်ရွက်ပေးမည်ဆိုပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုပါသဖြင့် မေးခွန်းကို ရိုသေလေးစားစွာ မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင် ပါတယ်။





**ဗိုလ်မှူးကြီးအောင်သူ၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီး။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော် ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီး ဗိုလ်မှူးကြီးအောင်သူ ဖြစ်ပါတယ်။ မဘိမ်းမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)မှ လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်ဦး၏ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ကျောက်မဲခရိုင်၊ မဘိမ်းမြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ မြို့နယ်အုပ်ချုပ်ရေးမှူး၊ လက်ထောက်ညွှန်ကြားရေးမှူးမှ ရာထူးတိုးဂုဏ်ပြုပွဲနှင့် ဂုဏ်ပြုပွဲအတွက် ငွေကောက်ခံနေခြင်းနှင့် မြို့နယ်ကုန်တင်ကုန်ချ အလုပ်သမားအဖွဲ့ထံမှ စာရွက်စာတမ်းကြေး ငွေကောက်ခံခြင်းကိစ္စကို သိရှိလိုပါသည်ဆိုသည့် မေးခွန်းနှင့် စပ်လျဉ်း၍ ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်၊ ကျောက်မဲခရိုင်၊ မဘိမ်းမြို့နယ်သည် ရပ်ကွက်(၃)ရပ်ကွက်နှင့် ကျေးရွာအုပ်စု (၁၆)အုပ်စု၊ စုစုပေါင်း (၁၉)ခု ရှိပါတယ်။ မြို့နယ်အုပ်ချုပ်ရေးမှူးအနေဖြင့် ရာထူးတိုးမြှင့် တာဝန်ပေးအပ်မှု ခံရခြင်း၊ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး များအား ခန့်အပ်လွှာပေးအပ်ပွဲ ပြုလုပ်လိုခြင်း၊ ရပ်ကွက်/ကျေးရွာ အုပ်စု အုပ်ချုပ်ရေးမှူးများအား ရွေးချယ်ရာတွင် ပါဝင်ဆောင်ရွက် ခဲ့ကြသည့် မြို့နယ်အဆင့် ဌာနဆိုင်ရာ အကြီးအကဲများအား ဂုဏ်ပြုလိုခြင်း၊ မဘိမ်းမြို့နယ်အတွက် ရရှိသော မီးသတ်ယာဉ်အား သယ်ဆောင်ရာတွင် ပါဝင်ကူညီဆောင်ရွက်ခဲ့ကြသော မြို့မိ၊ မြို့ဖများအား ဂုဏ်ပြုလိုခြင်းတို့ကြောင့် (၁-၂-၂၀၁၃)ရက်နေ့ (သောကြာနေ့)တွင် မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် ရပ်ကွက်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအား လပတ် အစည်းအဝေးအပြီးတွင် ဂုဏ်ပြုညစာစားပွဲအား ၄င်း၏

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးစိုင်းထွန်းရင်၊ လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ အားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပြီး မင်္ဂလာအပေါင်းနှင့် ခညောင်းကြပါစေ၊ ကောင်းမွန်တဲ့ လိုအင်ဆန္ဒများ ပြည့်ဝကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင် ပြည်နယ်လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးစိုင်းထွန်းရင် ဖြစ်ပါတယ်။ မဘိမ်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်ဦး၏ ကျောက်မဲခရိုင်၊ မဘိမ်းမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်စုများတွင် ကျေးလက်မီးလင်းရေးအတွက် ဆိုလာ၊ ဘက်ထရီစနစ်ဖြင့် ဆောင်ရွက်ပေးမည့်အစီအစဉ် ရှိ/မရှိဆိုသည့်မေးခွန်းကို ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်အတွင်း ၂၀၁၂-၂၀၁၃ ခု ဘဏ္ဍာရေးနှစ် အတွင်း နယ်စပ်ရေးရာဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေး ဦးစီးဌာနမှ တောင်ကြီး၊ ညောင်ရွှေ၊ လားရှိုး၊ သီပေါ၊ မိုးမိတ်၊ ကျိုင်းတုံ၊ မိုင်းဖြတ် (၇)မြို့နယ်ရှိ ကျေးရွာ (၂၉)ရွာအား Solarises System Co;Ltd နှင့် ပူးပေါင်း၍ Solar စနစ်ဖြင့် ဓာတ်အားသုံးစွဲနိုင်ရန် ဆောင်ရွက်ပေးခဲ့ပြီး ဖြစ်ပါတယ်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ကျေးရွာမီးလင်းရေးအတွက် ကိုယ့်အားကိုယ်ကိုး တိုးချဲ့တည်ဆောက်ခြင်းကိုသာ ခွင့်ပြုခြင်း ဖြစ်ပြီး၊ ကျောက်မဲခရိုင်၊ မဘိမ်းမြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာ



D/real(wide) (3



(၁၂၀၀၀)ကျော် နေထိုင်ပြီး ပညာရေးကို အားပေးတဲ့ သတ္တုတူးဖော်ရေးလုပ်ငန်းများ လုပ်ကိုင်နေတဲ့ ဒေသလည်း ဖြစ်ပါတယ်။ ကျေးရွာနေ ပြည်သူတို့ရဲ့ ကျန်းမာရေးစောင့်ရှောက်မှု အတွက် ဆေးရုံများသို့ သွားလာရန်အလွန်ခက်ခဲတဲ့ ဒေသတစ်ခု ဖြစ်နေပါတယ်။ ဒါကြောင့် ၎င်းဒေသမှာ ရှိနေကြတဲ့ ကျေးရွာနေ ပြည်သူတို့ရဲ့ ကျန်းမာရေးစောင့်ရှောက်ပေးနိုင်ဖို့ တိုက်နယ်ဆေးရုံ (၁)ရုံ ခွင့်ပြုပေးနိုင်မည့် အစီအစဉ် ရှိ/မရှိ သိရှိလိုပါတယ်ဟု မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။** အားလုံး မင်္ဂလာပါ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကလောမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမြတ်စိုး၏ ကလောမြို့နယ်၊ ဘော်ဆိုင်းဒေသတွင် တိုက်နယ်ဆေးရုံတစ်ရုံ ခွင့်ပြုပေးနိုင်မည့် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ကျွန်တော် ဒေါက်တာမျိုးထွန်းမှ ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ကလောမြို့နယ်၊ ဘော်ဆိုင်းဒေသရှိ ဘော်ဆိုင်းကျေးလက် ကျန်းမာရေးဌာနအား တိုက်နယ်ဆေးရုံ အဆင့်သို့ တိုးမြှင့်ရရှိရေး အတွက် ရှမ်းပြည်နယ်ကျန်းမာရေးဦးစီးဌာန၏ (၁၄-၉-၂၀၁၁) ရက်စွဲပါ စာအမှတ်၊ ၃/၁၅/ဆရ-ခပမ(၁၇၁၆)နှင့် (၁၉၁၂-၂၀၁၁) ရက်စွဲပါစာအမှတ်၊ ၃/၁၅/ဆရ-ခပမ(၂၈၉၄)ဖြင့် ကျန်းမာရေး ဦးစီးဌာနသို့ တင်ပြထားပြီး ဖြစ်ပါကြောင်းနှင့် ကျန်းမာရေး

ဝန်ကြီးဌာနမှ ဆက်လက်ဆောင်ရွက်ရန် ရှိပါကြောင်းဖြင့် ဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ကျောက်မဲမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးစိုင်းခမ်းကျော်က မေးခွန်း(၂)ခုကို တစ်ဆက်တည်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းခမ်းကျော်၊ ကျောက်မဲမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)။** လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ လွှတ်တော်သို့ တက်ရောက်လာသော ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကျောက်မဲမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းခမ်းကျော် ဖြစ်ပါတယ်။ ယခုကျောက်မဲမြို့နယ်၊ ကွဲကုန်းကျေးရွာအုပ်စု၊ မွေတော်ကျေးရွာမှာ ရှိတဲ့ ကြက်မွေးမြူရေး ဇုန်နဲ့ ပတ်သက်တဲ့ မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျောက်မဲမြို့နယ်၊ ကွဲကုန်းကျေးရွာအုပ်စုရှိ ကြက်မွေးမြူရေးဇုန်ဟာ မွေတော်ကျေးရွာအတွင်းမှာ တည်ရှိပြီး အရှေ့ဘက်မှာ ကွဲကုန်း ကျေးရွာ၊ နောင်ပိန်လေးကျေးရွာ၊ တောင်ဖက်တွင် ပေါက်အင်းလေး ကျေးရွာ၊ အနောက်ဘက်တွင် ခိုမုန်းကျေးရွာ၊ မြောက်ဘက်တွင် ကျောက်မဲခရိုင် ပြည်သူ့ဆေးရုံ ထို့နောက် အမှတ်(၃၅၂) အမြောက် တပ်ရင်းနဲ့ (၄ ဖာလုံနှင့် ၁ မိုင်)အကွာအဝေးမှာ ရှိပါတယ်။

၄င်းကြက်မွေးမြူရေးဇုန်အနီးမှာ နေထိုင်ကြတဲ့ ပြည်သူလူထုများဟာ အနံ့အသက်ဆိုးများနဲ့ ယင်ကောင်များ



D/real(wide) (3



အုပ်စုများတွင် ကျေးလက်မီးလင်းရေးအတွက် ဆိုလာ၊ ဘက်ထရီစနစ်ဖြင့် ဆောင်ရွက်ပေးရန် အစီအစဉ် မရှိပါကြောင်း တင်ပြအပ်ပါတယ်။

ကျေးလက်မီးလင်းရေးအတွက် ဒေသတင်ပြချက်အရ အသေးစားရေအားလျှပ်စစ်လုပ်ငန်းများအား စီမံကိန်းနှစ်အလိုက် လျာထားပေးမှုများ ရှိသော်လည်း ဆိုလာ၊ ဘက်ထရီခေါင်းစဉ်ဖြင့် လျာထားပေးသည့် အစီအစဉ်များ မရှိသေးပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ကလောမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)မှ ဦးမြတ်စိုးက မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးမြတ်စိုး၊ ကလောမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** လေးစားအပ်တဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တက်ရောက်လာကြပါသော ကိုယ်စားလှယ်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြ၍ မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော် ကတော့ ကလောမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးမြတ်စိုးပဲ ဖြစ်ပါတယ်။ကျွန်တော်မေးမြန်းမည့် မေးခွန်းကတော့ ကလောမြို့နယ်၊ ဘော်ဆိုင်းဒေသ တိုက်နယ် ဆေးရုံ(၁)ရုံ ခွင့်ပြုပေးနိုင်မည့်အစီအစဉ် ရှိ မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်းပဲဖြစ်ပါတယ်။

ကလောမြို့နယ်၊ ဘော်ဆိုင်းဒေသသည် မြို့နယ်ဆေးရုံနှင့် မိုင်(၄၀)ခန့်ကွာဝေးပြီး ကျေးရွာအုပ်စုမှာ ကျေးရွာပေါင်း (၂၅)ရွာနှင့် ဖွဲ့စည်းထားသည့် ကျေးရွာဖြစ်ပါတယ်။ လူဦးရေအားဖြင့်

အလွှန်ပေါ်များခြင်းကြောင့်လည်းကောင်း၊ ပြောင်းအခြောက်လှော် စက်ရုံမှ ကျောက်မီးသွေးဖိုမှ အနံ့ဆိုးများကြောင့် လည်းကောင်း ကျန်းမာရေး၊ လူမှုရေးကိစ္စများ အလွန်ထိခိုက်လျက် ရှိနေပါတယ်။

ကျောက်မဲမြို့နယ်တူ အခြားသောမြို့များမှာလည်း ၎င်းကဲ့သို့သော မွေးမြူရေးဇုန်များ ရှိခဲ့ပါတယ်။ ပြည်သူလူထုများမှာ ထိုသို့သော ဘေးထွက်ဆိုးကျိုးများကို ခံစားရမှာ ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍

(၁) ပြည်သူလူထုများရဲ့ ကျန်းမာရေး၊ လူမှုရေး ကိစ္စများကို ကာကွယ်စောင့်ရှောက် ပေးနိုင်ရန် အတွက် ဇီဝလုံခြုံမှု ဥပဒေပြဋ္ဌာန်းထားခြင်း ရှိမရှိ၊

(၂) အကယ်၍ ရှိခဲ့လျှင် ၎င်းဇီဝလုံခြုံရေးဥပဒေအရ မွေးမြူရေးဇုန်များကို လူနေရပ်ကွက်မြို့ရွာများနှင့် မည်သည့်အကွာအဝေးတွင် တည်ဆောက်ခွင့်ပြု ထားကြောင်းနှင့်

(၃) ဥပဒေနှင့်မညီညွတ်သော မွေးမြူရေးဇုန်များကို မည်သို့ဆက်လက်ဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း မေးခွန်းတင်သွင်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးအများကြီးတင်ပါတယ်။

ဆက်လက်ပြီး ဒုတိယမေးခွန်းကို မေးမြန်းမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျောက်မဲမြို့အနီးမှာရှိတဲ့ ရပ်ကွက်အစွန်အဖျားနှင့် မြို့ပတ်ဝန်းကျင်ရှိ ရွာမြေ၊ ယာမြေများပေါ်တွင် ယခင်အစိုးရ လက်ထက် ၁၉၉၀ ခုနှစ်မှစ၍ လူနေအိမ်ကွက်များချထားပေး ခဲ့ပါတယ်။ ၎င်းလူနေအိမ်ကွက်များ ချထားပေးရာတွင်





**ဦးစိုင်းဆာလူ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး။**

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျောက်မဲမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)၊ ဦးစိုင်းခမ်းကျော်မှ ကျောက်မဲမြို့နယ်၊ ကွဲကုန်းကျေးရွာ အုပ်စု၊ မွတော်ကျေးရွာရှိ ကြက်မွေးမြူရေးဇုန် ပြောင်းရွှေ့ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ၊ အစီအစဉ်ရှိလျှင် မည်သည့်နေ့ရက်တွင် ပြောင်းရွှေ့ပေးနိုင်မည်ကို သိလိုပါသည်ဟူသော မေးခွန်းနှင့် စပ်လျဉ်းပြီး ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ကြက်မွေးမြူရေးဇုန်မြေနေရာကို ကျောက်မဲမြို့နယ်၊ ကွဲကုန်းကျေးရွာအုပ်စု၊ ကွင်းအမှတ်(၅၂+၆၂)တွင် တည်ရှိပြီး ယခင်အထက်အဆင့်ဆင့် အကြီးအကဲများ၏ လမ်းညွှန်ချက်အရ ၂၀၀၂ ခုနှစ်ခန့်က စတင်အကောင်အထည်ဖော်ခဲ့ခြင်း ဖြစ်ပါသည်။ မြေဧရိယာ (၁၀၁)ဧကတွင် (၂၀၈×၂၀၈)စတုရန်းပေ (၁)ဧကရှိ မြေကွက်ပေါင်း (၁၀၁)ကွက် ဖော်ထုတ်ဆောင်ရွက်ခဲ့ကာ ၎င်းအနက်မှ တောင်ကုန်းတောင်စောင်းအဖြစ် တည်ရှိသော (၂၃)ကွက်အား မွေးမြူရေးဇုန်အနီးရှိ "စိမ်းလန်းမြေ" စိုက်ပျိုးရေး ခြံသို့ လွှဲပြောင်းပေးခဲ့သဖြင့် မွေးမြူရေးဇုန်အနေဖြင့် မြေကွက်ပေါင်း (၇၈)ကွက်၊ မြေဧရိယာ (၇၈)ဧကကိုသာ အသုံးပြုခဲ့ကြောင်း တွေ့ရှိရပါသည်။ မွေးမြူရေးဇုန်အနေဖြင့် ကြက်မွေးမြူရေး လုပ်ငန်းများ အောင်မြင်ခဲ့ရာ ထပ်မံတိုးချဲ့ရမည့် အခြေအနေရှိသဖြင့် (၉-၇-၂၀၁၂)ရက်နေ့တွင် မွေးမြူရေးဇုန်(၂)နေရာအတွက် ကွင်းအမှတ် (၆၁)၊ ကွဲကုန်းအရှေ့ကွင်းနှင့် ကွင်းအမှတ် (၆၃)၊ ကွဲကုန်းစိုက်ပျိုးရေး ဥယျာဉ်ကွင်းမှ မြေဧရိယာ (၁၁၃ဒသမ၉၄)ဧက ထပ်မံရှာဖွေခဲ့သော်လည်း မြေရိုင်း၊ တောရိုင်းအဖြစ် တည်ရှိခြင်း မဟုတ်ဘဲ ကျောက်မဲမြို့နယ်၊ ကွဲကုန်းကျေးရွာမှ တောင်သူ (၂၅)ဦး

နှစ်စဉ်ရာသီသီးနှံများ စိုက်ပျိုးလုပ်ကိုင်လျက်ရှိသည့် မြေဖြစ်နေသဖြင့် တိုးချဲ့ဆောင်ရွက်ရန် အခက်အခဲများ ရှိခဲ့ပါသည်။

မွေးမြူရေးဇုန်အတွင်း မွေးမြူရေးလုပ်ငန်းရှင်များအနေဖြင့် လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ခဲ့သည်မှာ (၁၂)နှစ်ခန့် ကြာမြင့်ခဲ့ပြီး ဖြစ်ကြောင်း၊ မွေးမြူရေးလုပ်ငန်းများအတွက် မွေးမြူရေး အဆောက်အဦ၊ အစာကြိတ်စက်ရုံ၊ ကျန်အခြားလိုအပ်ချက်များကို အရင်းအနှီးမြောက်မြားစွာ ထည့်ဝင်ဆောင်ရွက်ခဲ့ရကြောင်း သိရှိရပါတယ်။ မွေးမြူရေးဇုန်များအား အခြားနေရာသို့ ပြောင်းရွှေ့ရန်အတွက် ကျောက်မဲမြို့အနီးဝန်းကျင်တွင် လိုအပ်သော မြေဧရိယာမရှိကြောင်း တွေ့ရှိရပါတယ်။

မွေးမြူရေးဇုန်တွင် ရင်းနှီးမြှုပ်နှံထားရှိမှုများမှာ မွေးမြူရေးဇုန် (၁. ၀၀)ဧကကွက် (၇၈)ကွက်တွင် လက်ရှိအနေအထားအားဖြင့် (၇၆)ကွက်တွင် အဆောက်အဦများ ဆောက်လုပ်ပြီး ဖြစ်ပါတယ်။ အဆောက်အဦး ဆောက်လုပ်ရန်အတွက် မြေကွက်(၂)ကွက်သာ ကျန်ရှိတာကို တွေ့ရပါတယ်။ မြေကွက် (၇၆)ကွက်တွင် ကြက်ခြံအဆောက်အဦ အရေအတွက် (၁၅၀)လုံးဆောက်လုပ်ပြီး ကြက်ကောင်ရေ (၃)သိန်းခန့် ကာလတန်ဖိုး ကျပ်သိန်းပေါင်း (၁၅၀၀၀)ခန့်နှင့် အဆောက်အဦတန်ဖိုး ကျပ်သိန်းပေါင်း (၁၅၀၀၀)ခန့် စုစုပေါင်း ကျပ်သိန်းပေါင်း (၃၀၀၀၀)ခန့် ရင်းနှီးမြှုပ်နှံ လုပ်ကိုင်နေကြောင်း တွေ့ရပါတယ်။ ကြက်မွေးမြူရေးဇုန်တွင် ကတ္တရာလမ်းခင်းခြင်း တန်ဖိုးငွေ (၄၅)သိန်း၊ (၃၁၅ ကေဗွီအေ) ထရန်စဖော်မာ (၂)လုံးတန်ဖိုးငွေ (၁၃၀၀)သိန်း အကုန်အကျခံ ဆောင်ရွက်ထားကြောင်း တွေ့ရပါတယ်။



D/real(wide) (3



(၆)လအတွင်း ခြံစည်းရိုးများခတ်ရန်၊ အိမ်များဆောက်လုပ်နေထိုင်ရန် စည်းကမ်းသတ်မှတ်ထားပါသော်လည်း ဆယ်နှစ်၊ နှစ်နှစ်ဆယ် ကြာသည်အထိ စည်းရိုးခတ်ခြင်း၊ အိမ်ဆောက်လုပ်နေထိုင်ခြင်း မပြုလုပ်သောကြောင့် မူလတောင်သူများ ယနေ့အထိ ဆက်လက် စိုက်ပျိုး လုပ်ကိုင်နေခြင်း၊ အိမ်မြေနေရာမရှိသူများ၊ မအေးချမ်းသော ဒေသမှ ရွှေ့ပြောင်းလာသော ရွာသားများ ဝင်ရောက်နေထိုင်ခြင်း၊ အချို့နေရာများတွင် အားကစားကွင်း၊ ဘောလုံးကွင်းများအဖြစ် အသုံးပြုနေခြင်းများ ရှိနေပါတယ်။ ထိုကဲ့သို့ ဝင်ရောက်နေထိုင်ပြီး ဆယ်နှစ်ကျော်ကြာမှ ၎င်းမြေကွက်ရထားသူများက ၎င်းတို့ ပိုင်ဆိုင်သည်ဟု ဆိုလာသောကြောင့် မြေအငြင်းပွားမှုများစွာ ဖြစ်ပေါ်နေပါတယ်။

ထိုသို့အငြင်းပွားမှု ဖြစ်နေရခြင်းမှာ မြေကွက်စတင်ချထား ရာတွင် မြေပြင်ပေါ်သို့ ကွင်းဆင်းမတိုင်းတာပဲ စီမံကိန်းများ ရေးဆွဲထားခြင်း၊ အမှန်တကယ်နေထိုင်ခြင်းမပြုပဲ မြေဂရန်များကို လုပ်ထုံးလုပ်နည်းနှင့် မညီညွတ်ပဲ ထုတ်ပေးခြင်းတို့ကြောင့် ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ၎င်းစည်းကမ်းနှင့် မညီညွတ်သော မြေနေရာ ချထားခြင်းများကို ရှမ်းပြည်နယ်အစိုးရမှ ပယ်ဖျက်ပေးနိုင်ရန် အစီအစဉ် ရှိ မရှိ သိရှိလိုပါကြောင်း မေးခွန်းတင်သွင်းအပ်ပါတယ်။ အားလုံးကျေးဇူးတင် ပါတယ်။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

မွေးမြူရေးဇုန်အား နိုင်ငံတော်အဆင့်ဆင့် အကြီးအကဲများ၏ လမ်းညွှန်မှုဖြင့် ၂၀၀၂ ခုနှစ်မှ စတင်၍ လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်မှာ (၁၂)နှစ်ခန့် ရှိပြီဖြစ်ပါတယ်။ မွေးမြူရေးဇုန်အနေဖြင့် အရင်းအနှီးမြောက်မြားစွာ ရင်းနှီးမြှုပ်နှံရခြင်း၊ ရွှေ့ပြောင်းရန် မလွယ်ကူခြင်း၊ ရွှေ့ပြောင်းရန်အတွက် အချိန်ကာလ ကြာမြင့်စွာ စောင့်ဆိုင်းရခြင်းစတဲ့ အခက်အခဲများရှိပါတယ်။ မွေးမြူရေးဇုန်မှ မွေးမြူရေးလုပ်ငန်းရှင်များ အနေဖြင့် ကြက်၊ ဝက်၊ နွားများ ပါဝင်သော ဘက်စုံမွေးမြူရေးလုပ်ငန်းကို တိုးချဲ့လုပ်ကိုင်လိုတဲ့အတွက် မွေးမြူရေးဇုန်အနေဖြင့် မြေနေရာပင် ထပ်မံလိုအပ်သဖြင့် တိုးချဲ့မြေနေရာရှာဖွေဆဲ ဖြစ်ပါတယ်။ ထို့ကြောင့် လက်ရှိ မွေးမြူအသုံးပြုနေသော မြေအား ရွှေ့ပြောင်းနိုင်ရန် အခက်အခဲရှိသဖြင့် လောလောဆယ်တွင် ရွှေ့ပြောင်းဖို့ အစီအစဉ်မရှိသေးကြောင်းနှင့် အနံ့အသက်ဆိုးများနှင့် ပတ်သက်၍ ထိန်းသိမ်းဆောင်ရွက်ရန် ညွှန်ကြားဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားတင်ပြအပ်ပါတယ်။

ဆက်လက်ပြီး မေးခွန်းအမှတ်(၂)ဖြစ်တဲ့ ကျောက်မဲမြို့ရှိ ရပ်ကွက်အစွန်အဖျားများနှင့် မြို့ပတ်ဝန်းကျင်ရှိ ရွာမြေ၊ ယာမြေများပေါ်တွင် စည်းကမ်းနှင့် မညီညွတ်သော မြေနေရာချထားခြင်းများကို ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ပယ်ဖျက်ပေးရန် အစီအစဉ် ရှိ မရှိ သိရှိလိုပါသည်ဟူသော မေးခွန်းနှင့် ပတ်သက်၍ ကျောက်မဲမြို့၊ လားရှိုး-မန္တလေးကားလမ်းမကြီး လမ်းဘေးဝဲယာရှိ ပန်ပေါင်းမြို့ကွက်သစ်ကို တင်ပြခြင်းဟု သိရှိရပါသည်။ ပန်ပေါင်းမြို့ကွက်သစ်သည် ကွင်းအမှတ် (၈၃+၆၄) ပန်ပေါင်းရွာကွင်းအတွင်း ရှိပြီး မြို့ကွက်သစ်ချထားမှုများကို ၁၉၉၀ ခုနှစ် ဝန်းကျင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့လက်ထက်



D/real(wide) (3



**ဥက္ကဋ္ဌ။** ဆက်လက်ပြီး မိုင်းရှူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းကံက မေးခွန်း(၂)ခုကို တစ်ဆက်တည်းမေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းကံ၊ မိုင်းရှူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော်ကတော့ မိုင်းရှူးမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကံ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမမေးခွန်းအနေဖြင့် လွိုင်လင်ခရိုင်၊ မိုင်းရှူးမြို့နယ်၊ မိုင်းအော့ကျေးရွာအတွင်းရှိ တစ်ထပ်ကျောင်း၊ ပျဉ်ခင်း၊ ပျဉ်ကာ၊ သွပ်မိုး (အလျား ၁၂၀ ပေ၊ အနံ ၂၄ ပေ၊ အမြင့် ၁၅ ပေ)ရှိသော အလယ်တန်းကျောင်းခွဲ ကျောင်းဆောင်အဟောင်းအား ပြုပြင်မွမ်းမံငွေ ချပေးပါရန် အစီအစဉ် ရှိ/မရှိနှင့် ရှိပါက မည်သည့်အချိန်တွင် ချပေးသွားမည်ကို သိရှိလိုပါကြောင်း မေးမြန်းအပ်ပါသည်။

ဒုတိယမေးခွန်းအနေဖြင့် မိုင်းရှူးမြို့နယ်၊ မိုင်းအော့ကျေးရွာအုပ်စု၊ နောင်ဟေးကျေးရွာတွင် ကျောင်းသား/သူ စုစုပေါင်း (၅၆)ဦး ရှိပြီး ကိုယ်ထူကိုယ်ထ ဆောက်လုပ်သင်ကြားနေကြသည့် ကျောင်းဆောင်အဆောက်အဦးဟောင်းကို ကျောင်းဆောင်အသစ် ဆောက်လုပ်ပေးပါရန် အစီအစဉ် ရှိ/မရှိနှင့် ရှိပါက မည်သည့်အချိန်တွင် ဆောက်လုပ်ပေးသွားမည်ကို သိရှိလိုပါကြောင်း မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။** အားလုံး မင်္ဂလာပါ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မိုင်းရှူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကံ၏ ပညာရေးကဏ္ဍဆိုင်ရာ မေးခွန်း(၂)ခုနှင့် ပတ်သက်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ကျွန်တော် ဒေါက်တာမျိုးထွန်းမှ ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ပထမမေးခွန်းဖြစ်တဲ့ လွိုင်လင်ခရိုင်၊ မိုင်းရှူးမြို့နယ်၊ မိုင်းအော့ကျေးရွာအတွင်းရှိ တစ်ထပ်ကျောင်း၊ ပျဉ်ခင်း၊ ပျဉ်ကာ၊ သွပ်မိုး (အလျား ၁၂၀ ပေ၊ အနံ ၂၄ ပေ၊ အမြင့် ၁၅ ပေ)ရှိသော အလယ်တန်းကျောင်းခွဲ ကျောင်းဆောင်အဟောင်းအား ပြုပြင်မွမ်းမံငွေချပေးရန် အစီအစဉ် ရှိမရှိနှင့် သိရှိလိုပါသည်ဟူသော မေးခွန်းနှင့် ပတ်သက်၍ မိုင်းအော့ကျေးရွာအလယ်တန်းကျောင်း ကျောင်းဆောင်ဟောင်းအား ၁၉၆၇ ခုနှစ်တွင် ဆောက်လုပ်ခဲ့ပါတယ်။ အလကခွဲအဖြစ် ၂၀၀၉-၂၀၁၀ ပညာသင်နှစ်တွင် စတင်ရရှိခဲ့ပါတယ်။ ကျောင်းသား/သူ ဦးရေမှာ မူလတန်းအဆင့် (၁၆၄)ဦး၊ အလယ်တန်းအဆင့် (၉၅)ဦး စုစုပေါင်း ကျောင်းသား/သူ (၂၅၉)ဦး ရှိပါတယ်။ ကျောင်းမြေဧရိယာအားဖြင့် မြေဧက (၁. ၇၅)ဧက ရှိပြီး ဝါးထရံဖြင့် ခြံစည်းရိုးကာရံထားရှိပါတယ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွက် အလက(ခွဲ)၊ မိုင်းအော့တွင် (၉၀ ပေ× ၃၀ ပေ)အုတ်ညှပ်တစ်ထပ် အသစ်ဆောက်လုပ်ပေးနိုင်ပါရန် ပညာရေးဝန်ကြီးဌာနသို့ (၃၂. ၄)သန်းတင်ပြ တောင်းခံထားရှိပါတယ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွက်



D/real(wide) (3



အထက်အကြီးအကဲအဆင့်ဆင့်၏ လမ်းညွှန်ချက်အရ မြို့မြေ တိုးချဲ့မှု ဆောင်ရွက်ခဲ့ကြခြင်း ဖြစ်ကြောင်း သိရှိရပါတယ်။ တိုးချဲ့မြို့ကွက်သစ်တွင် မြေကွက်ပေါင်း (၃၂၉)ကွက်ကို စီစဉ်ချထားပေးခဲ့ပြီး လက်ရှိမြေပြင် အနေအထားတွင် အဆောက်အဦ ဆောက်လုပ်ပြီး (၁၂၃)ကွက်၊ မြေကွက်လွတ်အဖြစ် (၂၀၆)ကွက် ကျန်ရှိပါသည်။

မြို့ကွက်သစ် စတင်ချထားချိန်ကပင် မြို့မြေချထားရေးအဖွဲ့မှ မြေပေးမိန့်နှင့်အတူ (၁၀)နှစ်သက်တမ်းရှိ မြေငှားဂရန်များကိုလည်း ချထားပေးခဲ့ပြီး မြို့ကွက်သစ်နယ်နိမိတ်မှတ်တိုင်များကို စိုက်ထူပေးခဲ့ကြောင်း သိရှိရပါတယ်။ မြေကွက်ချထားပေးခြင်း ခံရသူများအနေဖြင့် နေအိမ်အခက်အခဲရှိသော ဝန်ထမ်းအများစုကို ချထားပေးခဲ့ခြင်းဖြစ်ကြောင်း၊ အချို့ဝန်ထမ်းများမှာ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခြင်းများ ရှိကြောင်း သိရှိရပါတယ်။

မြေနေရာများ၏ လမ်းဘေးဝဲယာတစ်လျှောက် ထမင်းဆိုင်၊ စားသောက်ဆိုင်တန်းများ ဖွင့်လှစ်ပြီး အဝေးပြေးယာဉ်များ၊ ခရီးသွားပြည်သူများ ရပ်နားစားသောက်လျက် ရှိကြောင်းလည်း သိရှိရပါတယ်။ မြေနေရာချထားမှုများ ပယ်ဖျက်နိုင်ရန်မှာ မြေနေရာချထားခြင်းခံရသူများကို အချိန်ကာလတစ်ခု ကန့်သတ်ပေးပြီး နေအိမ်ဆောက်လုပ်ရန်၊ ခြံစည်းရိုးကာရန်အတွက် အသိပေးနှိုးဆော်အကြောင်းကြားရမည်ဖြစ်ပြီး သတ်မှတ်ကာလ အတွင်း အကောင်အထည်ဖော်ဆောင်ရွက်ခြင်း မရှိမှသာလျှင် မြေကွက်ချထားပေးမှုကို ပယ်ဖျက်နိုင်ရေး ဆောင်ရွက်သင့်ကြောင်း ဖြေကြားတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

(၁၂၀ ပေ× ၂၄ ပေ× ၁၅ပေ) ကျောင်းဆောင်ဟောင်း ပြုပြင်ရန် အတွက် ပညာရေးဝန်ကြီးဌာနသို့ ကျပ်ငွေ (၁၃)သန်း တင်ပြ တောင်းခံထားပြီးဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီး ဒုတိယမေးခွန်းဖြစ်တဲ့ မိုင်းရှူးမြို့နယ်၊ မိုင်းအော့ကျေးရွာအုပ်စု၊ နောင်ပေါးကျေးရွာတွင် ကျောင်းသား/ ကျောင်းသူ စုစုပေါင်း (၅၆)ဦး ရှိပြီး ကိုယ်ထူကိုယ်ထ ဆောက်လုပ် သင်ကြားနေကြသည့် ကျောင်းဆောင်အဆောက်အဦးဟောင်းကို ကျောင်းဆောင်အသစ် ဆောက်လုပ်ပေးပါရန် အစီအစဉ် ရှိ/မရှိနှင့် ရှိပါက မည်သည့်အချိန်တွင် ဆောက်လုပ်ပေးသွားမည်ကို သိရှိလိုပါကြောင်း မေးခွန်းနှင့် စပ်လျဉ်း၍ အမက-နောင်ပေါးကို ၁၉၉၉ ခုနှစ်တွင် ဖွင့်လှစ်ခဲ့ပါတယ်။ ကျောင်းဆောင်ဟောင်း ဖြစ်သည့် (၃၅ ပေ× ၁၆ ပေ) သွပ်မိုး၊ ပျဉ်ကာ၊ အဆောက်အဦးကို ၁၉၉၉ ခုနှစ်တွင် ဆောက်လုပ်ခဲ့ပြီး ကျောင်းမြေဧရိယာအားဖြင့် (၀. ၅၂)ဧကေ ရှိပါတယ်။ မူအုပ် (၁)ဦးနှင့် မူပြ(၁)ဦး ခန့်ထားပေးပြီး ကျောင်းသား/ကျောင်းသူ စုစုပေါင်း (၅၆)ဦး အား ပညာသင်ကြား ပေးလျက် ရှိပါတယ်။ ၂၀၁၄-၂၀၁၅ ခုနှစ် ဘဏ္ဍာရေးနှစ်အတွက် အမက-နောင်ပေါးတွင် (၆၀×၃၀)ပေ အုတ်ညှပ်တစ်ထပ် အသစ်ဆောက်လုပ်ရန် ပညာရေးဝန်ကြီးဌာနသို့ ကျပ်ငွေ (၂၁. ၆)သန်း တင်ပြ တောင်းခံထားပြီး ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု နေ့လည်စာသုံးဆောင်ရန်အတွက် အစည်းအဝေးကို (၁)နာရီ (၁၅)မိနစ်ခန့် ရပ်နားမှာ ဖြစ်ပါတယ်။



D/real(wide) (3



# ရှမ်းပြည်နယ်
# ပထမအကြိမ်ရှမ်းပြည်နယ်လွှတ်တော်
# သတ္တမပုံမှန်အစည်းအဝေး (ပထမနေ့)မှတ်တမ်း

**၁၃၇၅ ခုနှစ်၊ တော်သလင်းလဆန်း (၅)ရက်**

**၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ (၉) ရက်**

**[ တနင်္လာနေ့ ]**

**နေ့လည်ပိုင်း**

**အခမ်းအနားမှူး။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မကြာမီ အချိန်အတွင်းမှာ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (ပထမနေ့) နေ့လည်ပိုင်းအစီအစဉ် ပြန်လည်စတင်မှာ ဖြစ်တဲ့အတွက် ကိုယ်စားလှယ်တော်များ သတ်မှတ်ထားသော နေရာများမှာ နေရာယူပေးကြပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။

ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပြီ ခင်ဗျား ။

အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်(၁)ဦးမှ ဝမ်းနည်းကြောင်းအဆိုတစ်ရပ် တင်သွင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၁၀)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မိုင်းပြင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလှဝင်းက ဝမ်းနည်းကြောင်းအဆိုတစ်ရပ်ကို လွှတ်တော်သို့ ပေးပို့လာပါတယ်။ ဦးစိုင်းလှဝင်း အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းလှဝင်း၊ မိုင်းပြင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ မိုင်းပြင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းလှဝင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ယခုကျင်းပနေတဲ့ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် သတ္တမပုံမှန်အစည်းအဝေးမှာ ဝမ်းနည်းကြောင်းအဆိုတစ်ရပ်ကို တင်သွင်းသွားပါမယ်။ တာချီလိတ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးတူးမောင်သည် (၆-၅-၂၀၁၃)ရက်နေ့တွင်လည်းကောင်း၊ တန့်ယန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းထွန်းလွင်သည် (၁၈-၆-၂၀၁၃)ရက်နေ့တွင် လည်းကောင်း၊ အသီးသီးကွယ်လွန်အနိစ္စ ရောက်ရှိသွားကြပါတယ်။ ၎င်း ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၂)ဦးတို့ ကွယ်လွန်အနိစ္စ ရောက်သွားခြင်းအတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်ဆိုင်ရာ နည်းဥပဒေပုဒ်မ ၁၁၅၊ ပုဒ်မခွဲ (က)အရ



D/real(wide) (4



**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား နေ့လည်ပိုင်းအစည်းအဝေးကို နေ့လည်(၁)နာရီခွဲမှာ ပြန်လည်စတင်မှာဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ အားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီ ခင်ဗျား။

ဝမ်းနည်းကြောင်းအဆိုကို လွှတ်တော်သို့ တင်သွင်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** အဆိုကို ထောက်ခံမည့် ကိုယ်စားလှယ် တစ်ဦးကို ဖိတ်ခေါ်ပါတယ်။

**ဦးစိုင်းမွန်း(ခ)စိုင်းကျော်ထွန်း၊ ကွန်ဟိန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ တာချီလိတ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးတူးမောင်သည် (၆-၅-၂၀၁၃) ရက်နေ့တွင်လည်းကောင်း၊ တန့်ယန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းထွန်းလွင်သည် (၁၈-၆-၂၀၁၃)ရက်နေ့တွင်လည်းကောင်း ကွယ်လွန် သွားကြတဲ့ အတွက် မိုင်းပြင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလှဝင်းတင်သွင်းတဲ့ ဝမ်းနည်းကြောင်းအဆိုအား ကျွန်တော် ကွန်ဟိန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းမွန်းမှ ဝမ်းနည်းစွာ ထောက်ခံပါကြောင်း ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌမှတစ်ဆင့် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဝမ်းနည်းကြောင်းအဆိုကို အတည်ပြု မှတ်တမ်းတင်နိုင်ရန် လွှတ်တော်ရဲ့ ဆန္ဒကို ရယူပါမယ်။ ဝမ်းနည်းကြောင်းအဆိုကို အတည်ပြုရန် လွှတ်တော်က

(သဘောတူပါသလားခင်ဗျား) (၃)ကြိမ်





ဗိုလ်မှူးကြီးအောင်သူဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ် များခင်ဗျား။ ရှမ်းပြည်နယ်အတွင်း သဘာဝအလျောက်ဖြစ်စေ၊ လူတို့၏ ပြုမူဆောင်ရွက်မှုကြောင့်ဖြစ်စေ၊ မီးလောင်ခြင်းနဲ့ မြေပြိုခြင်း၊ လေတိုက်ခတ်ခြင်း၊ ရေလွှမ်းမိုးခြင်း၊ မိုးကြိုးပစ်ခြင်း၊ မြေငလျင်လှုပ်ခြင်း အစရှိတဲ့ သဘာဝဘေးအန္တရာယ်ကြောင့် အများပြည်သူတို့ရဲ့ အသက်အိုးအိမ်၊ ဥစ္စာပစ္စည်းများ၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်လျက် ရှိပါတယ်။ ထိုသို့ ဘေးအန္တရာယ် များ ကျရောက်လာပါက ပြည်နယ်အတွင်း နေထိုင်ကြသော ပြည်သူများရဲ့ အသက်အိုးအိမ် စည်းစိမ်၊ နိုင်ငံပိုင်ပစ္စည်းများ၊ ပုဂ္ဂလိကပိုင်ပစ္စည်းများနှင့် ယဉ်ကျေးမှု အမွေအနှစ်များကို ပျက်စီးဆုံးရှုံးမှု မဖြစ်ပွားစေရေးအတွက် ကြိုတင်ကာကွယ် တားဆီးရန် သဘာဝဘေးအန္တရာယ် ကျရောက်တဲ့အခါ ဆုံးရှုံးမှု နည်းပါးသည်ထက် နည်းပါးစေရေး အတွက် ကြိုတင်မျှော်မှန်း၍ ဆောင်ရွက်သင့်သည်များကို ရေတိုရေရှည် စီမံချက်များဖြင့် စီမံဆောင်ရွက်ထားနိုင်ရန်နှင့် ပြည်တွင်းပြည်ပ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ လူမှုအဖွဲ့အစည်းများ အစိုးရမဟုတ်သော အခြားအဖွဲ့အစည်း များနှင့် ညှိနှိုင်းပူးပေါင်း ဆောင်ရွက်နိုင်ရန် အတွက် ရှမ်းပြည်နယ် မီးဘေးနှင့် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ဥပဒေကြမ်းကို ရေးဆွဲတင်ပြရခြင်း ဖြစ်ပါတယ်။

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေကြမ်းကို လွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဝေငှပြီး ဖြစ်ပါတယ်။ ဒါကြောင့် မီးဘေးနှင့် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး

ဥပဒေကြမ်းကို အချိန်ကို ငဲ့ညာသောအားဖြင့် အကျဉ်းပဲ တင်ပြသွားပါမယ်။ ဤမီးဘေးနှင့် သဘာဝဘေးအန္တရာယ် ကြိုတင် ကာကွယ်ရေး ဥပဒေကြမ်းမှာ အခန်း(၈)ခန်း ပါဝင်ပါတယ်။

နိဒါန်းနှင့် အခန်း(၁)တွင် အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက် ဖြစ်ပြီး ပုဒ်မ(၂)ခု၊ ပုဒ်မခွဲ (၁၅)ခု ပါဝင်ပါတယ်။ အခန်း(၂)သည် ရည်ရွယ်ချက်များဖြစ်ပြီး ပုဒ်မ(၁)ခု၊ ပုဒ်မခွဲ (၉)ခု ပါဝင်ပါတယ်။ အခန်း(၃)မှာ မီးဘေးနှင့် သဘာဝဘေးအန္တရာယ် ကြိုတင် ကာကွယ်ရေး ကော်မတီ အဆင့်ဆင့်ဖွဲ့စည်းခြင်းဖြစ်ပြီး ပုဒ်မ (၄)ခု ပါဝင်ပါတယ်။ အခန်း(၄)တွင် ကော်မတီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များဖြစ်ပြီး ပုဒ်မ(၁)ခု၊ ပုဒ်မခွဲ (၁၇)ခု ပါဝင်ပါတယ်။ အခန်း(၅)အနေနဲ့ မီးဘေးနှင့် သဘာဝဘေးအန္တရာယ်ကာကွယ်ရေးဥပဒေကြမ်းများ ဖြစ်ပါတယ်။ ပုဒ်မ (၈)ခုနဲ့ ပုဒ်မခွဲ (၅၈)ခုအထိ ပါဝင်ပါတယ်။ အခန်း(၆)တွင် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ဆိုင်ရာ စီမံခန့်ခွဲမှု ရန်ပုံငွေဖြစ်ပြီး ပုဒ်မ(၆)ခုနှင့် ပုဒ်မခွဲ (၇)ခု ပါဝင်ပါတယ်။

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ် မီဘေးနှင့် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးဥပဒေကြမ်း၏ အခန်း(၇)မှာ ပြစ်မှုနှင့် ပြစ်ဒဏ်များ ဖြစ်ပြီး ပုဒ်မ (၁၄)ခုနှင့် ပုဒ်မခွဲ (၆)ခု ပါဝင်ပါတယ်။ အခန်း(၈)တွင် အထွေထွေပိုင်းဖြစ်ပြီး ပုဒ်မ(၁၂)ခုနှင့် ပုဒ်မခွဲ (၅)ခု ပါဝင်ပါတယ်။ ဒါကြောင့် ယခုတင်သွင်းသော ရှမ်းပြည်နယ် မီးဘေးနှင့် သဘာဝဘေးအန္တရာယ်များ ကြိုတင်ကာကွယ်ရေးဥပဒေကြမ်းကို ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီနဲ့ လွှတ်တော် ကိုယ်စားလှယ်များက လေ့လာသုံးသပ် စိစစ်အကြံပြုဆွေးနွေးပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။





လွှတ်တော်က သဘောတူပါသည်။

လွှတ်တော်က သဘောတူတဲ့အတွက် တာချီလိတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးတူးမောင်နှင့် တန့်ယန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ် လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းထွန်းထွန်းလွင်တို့ ကွယ်လွန်အနိစ္စရောက်ခြင်းအတွက် ဝမ်းနည်းကြောင်းအဆိုကို လွှတ်တော်က အတည်ပြုကြောင်းနှင့် မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ မီးဘေးနှင့် သဘာဝဘေးအန္တရာယ်များ ကြိုတင်ကာကွယ်ရေး ဥပဒေကြမ်းအား ပြည်နယ်လွှတ်တော်သို့ တင်သွင်းခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ် (၁၁)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ မီးဘေးနှင့် သဘာဝဘေးအန္တရာယ်များ ကြိုတင်ကာကွယ်ရေး ဥပဒေကြမ်းအား ပြည်နယ်လွှတ်တော်သို့ပေးပို့လာပါတယ်။ သက်ဆိုင်ရာပြည်နယ်အဖွဲ့အစည်းဝင်မှ ဥပဒေကြမ်းကို တင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဗိုလ်မှူးကြီးအောင်သူ၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဆန္ဒပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး

## ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းသော မီးဘေးနှင့် သဘာဝဘေးအန္တရာယ်များ ကြိုတင်ကာကွယ်ရေးဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော မီးဘေးနှင့် သဘာဝဘေးအန္တရာယ်များ ကြိုတင်ကာကွယ်ရေး ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက် (ဗုဒ္ဓဟူးနေ့)မှာ ဆွေးနွေးပါမယ်။ ဆွေးနွေးလိုသည့် လွှတ်တော် ကိုယ်စားလှယ်များ အနေနဲ့ အစည်းအဝေးရပ်နားတဲ့အခါ ဒီကနေ့ ညနေပိုင်းမှာ ပြည်နယ်လွှတ်တော်ရုံး ဒုတိယညွှန်ကြားရေးမှူးထံ အမည်စာရင်း ပေးသွင်းဖို့ ဖြစ်ပါတယ်။

## ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ သဘာဝမြေသြဇာများ စနစ်တကျထုတ်လုပ်သုံးစွဲရေး ဥပဒေကြမ်းအား ပြည်နယ်လွှတ်တော်သို့ တင်သွင်းခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ သဘာဝမြေသြဇာများ စနစ်တကျထုတ်လုပ်သုံးစွဲရေး ဥပဒေကြမ်းအား ပြည်နယ် လွှတ်တော်သို့ ပေးပို့လာပါတယ်။ သက်ဆိုင်ရာ ပြည်နယ်အစိုးရ အဖွဲ့ဝင်ဝန်ကြီးမှ ဥပဒေကြမ်းကို တင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။



D/real(wide) (4



အကျဉ်းချုံးပြီး တင်ပြမှာ ဖြစ်ပါတယ်။ ဥပဒေမူကြမ်းမှာ အခန်း(၁၂)ခန်း ပါဝင်ပြီး ပုဒ်မ (၄၅)ခုနဲ့ ပုဒ်မခွဲ (၈၁)ခု ပါဝင်ပါတယ်။

အခန်း(၁)မှာ အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်ဖြစ်ပြီး ပုဒ်မ(၂)ခုနှင့် ပုဒ်မခွဲ (၁၉)ခု ပါဝင်ပါတယ်။ အခန်း(၂)မှာ ရည်ရွယ်ချက်များဖြစ်ပြီး ပုဒ်မ(၁)ခု၊ ပုဒ်မခွဲ (၇)ခု ပါဝင်ပါတယ်။ အခန်း(၃)မှာ ကော်မတီဖွဲ့စည်းခြင်း ဖြစ်ပြီး ပုဒ်မ(၁)ခု၊ ပုဒ်မခွဲ (၂)ခု ပါဝင်ပါတယ်။ အခန်း(၄)မှာ ကော်မတီ၏ လုပ်ငန်းတာဝန်များ ဖြစ်ပြီး ပုဒ်မ(၂)ခုနှင့် ပုဒ်မခွဲ (၁၂)ခု ပါဝင်ပါတယ်။ အခန်း(၅)မှာ မှတ်ပုံတင်လက်မှတ်ကိစ္စ ဖော်ပြပြီး ပုဒ်မ (၆)ခုနှင့် ပုဒ်မခွဲ (၈)ခု ပါဝင်ပါတယ်။ အခန်း(၆)မှာ လိုင်စင်လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း၊ သက်တမ်းတိုးခြင်းကိစ္စဖြစ်ပြီး ပုဒ်မ(၉)ခုနဲ့ ပုဒ်မခွဲ (၁၇)ခု ပါဝင်ပါတယ်။ အခန်း(၇)မှာ စစ်ဆေးရေးအဖွဲ့ တာဝန်ပေးအပ်ခြင်းနဲ့ စပ်လျဉ်းပြီး ဖော်ပြထားပါတယ်။ ပုဒ်မ(၂)ခုနဲ့ ပုဒ်မခွဲ(၅)ခု ပါဝင်ပါတယ်။ အခန်း(၈)မှာ စီမံခန့်ခွဲရေး နည်းလမ်းအရ အရေးယူခြင်းဖြစ်ပြီး ပုဒ်မ(၄)ခု၊ ပုဒ်မခွဲ (၇)ခု ပါဝင်ပါတယ်။ အခန်း(၉)မှာ အယူခံခြင်းဖြစ်ပြီး ပုဒ်မ(၁)ခုနှင့် ပုဒ်မခွဲ (၂)ခု ပါဝင်ပါတယ်။ အခန်း(၁၀)ကတော့ တားမြစ်ချက်များ ဖြစ်ပြီးပုဒ်မ (၄)ခုပါဝင်ပါတယ်။ အခန်း (၁၁)ကတော့ ပြစ်မှုနှင့် ပြစ်ဒဏ်များ ဖြစ်ပြီး ပုဒ်မ (၄)ခုပါဝင်ပါတယ်။ အခန်း(၁၂)မှာ အထွေထွေဖြစ်ပြီး ပုဒ်မ(၈)ခု၊ ပုဒ်မခွဲ (၂)ခု ပါဝင်ပါတယ်။ ဒါကြောင့် ရှမ်းပြည်နယ် သဘာဝမြေသြဇာများ စနစ်တကျထုတ်လုပ်သုံးစွဲရေး ဥပဒေမူကြမ်း အား ဥပဒေအဖြစ်ပြဋ္ဌာန်းပေးနိုင်ရန် ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် သတ္တမပုံမှန် အစည်းအဝေးသို့ တင်သွင်းအပ်ပါတယ် ခင်ဗျား။

ဥက္ကဋ္ဌ။ ဥပဒေကြမ်းများကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက အချိန်ယူလေ့လာ ပြီးတော့မှ သတ်မှတ်တဲ့ရက်မှာ ဆွေးနွေးနိုင်ရန် အကျဉ်းချုံးပြီးတော့ တင်ပြတာဖြစ်ပါတယ်။ ဥပဒေကြမ်းကိုလည်း ဖြန့်ဝေပေးပြီး ဖြစ်ပါတယ်။

## ရှမ်းပြည်နယ်အစိုးရအဖွဲ့က တင်သွင်းသော သဘာဝမြေသြဇာများ စနစ်တကျထုတ်လုပ်သုံးစွဲရေး ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ်အစိုးရအဖွဲ့က တင်သွင်းခဲ့သော သဘာဝမြေသြဇာများ စနစ်တကျထုတ်လုပ်သုံးစွဲရေး ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်နေ့ (ဗုဒ္ဓဟူးနေ့)မှာ ဆွေးနွေးပါမယ်။

ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ အစည်းအဝေးရပ်နားတဲ့အခါ ဒီကနေ့ ညနေပိုင်းမှာ ပြည်နယ်လွှတ်တော်ရုံး ဒုတိယညွှန်ကြားရေးမှူးထံ အမည်စာရင်းပေးသွင်းဖို့ ဖြစ်ပါတယ်။





လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနဲ့ လွှတ်တော်ကိုယ်စားလှယ်များ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးစိုင်းဆာလူဖြစ်ပါတယ်။ ရှမ်းပြည်နယ်ရဲ့ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူဖြစ်စေရန်၊ သဘာဝမြေသြဇာလုပ်ငန်းများကို စနစ်တကျ ကွပ်ကဲထိန်းသိမ်း နိုင်စေရန်၊ အရည်အသွေးပြည့်ဝပြီး စံချိန်စံညွှန်းပြည့်မီသော သဘာဝမြေသြဇာများကို စိုက်ပျိုးသူများသုံးစွဲနိုင်စေရန်၊ သင့်လျော်သော သဘာဝမြေသြဇာများသုံးစွဲခြင်းဖြင့် မြေဆီလွှာ ထိန်းသိမ်းရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အထောက်အကူ ပြုစေရန်၊ သဘာဝမြေသြဇာကို စိုက်ပျိုးသူများစနစ်တကျ သုံးစွဲနိုင်ရေး အတွက် ပညာပေးလုပ်ငန်းနှင့် သုတေသနလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်စေရန်၊ သဘာဝမြေသြဇာ လုပ်ငန်းနှင့် စပ်လျဉ်း၍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အစိုးရဌာန အဖွဲ့အစည်းများ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ ပြည်တွင်း ပြည်ပမှ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်း ဆောင်ရွက်နိုင်စေရန်၊ ပြည်သူများဘေးအန္တရာယ်ကင်းစွာ စားသုံးနိုင်စေရေးအတွက် သဘာဝလွှန်ကဲသည့် စိုက်ပျိုးရေး ထုတ်ကုန်များကို တိုးတက်ထုတ်လုပ်နိုင်စေရန်အတွက် ရှမ်းပြည်နယ် သဘာဝမြေသြဇာများ စနစ်တကျထုတ်လုပ်သုံးစွဲရေး ဥပဒေပြဋ္ဌာန်းရန် လိုအပ်သဖြင့် ဤဥပဒေကို တင်သွင်းရခြင်းဖြစ်ပါတယ်။

ရှမ်းပြည်နယ်သဘာဝမြေသြဇာများ စနစ်တကျ ထုတ်လုပ်သုံးစွဲရေး ဥပဒေကြမ်းစာအုပ်ကို လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီး ဖြစ်တဲ့အတွက် အချိန်ကို ငဲ့ညှာသောအားဖြင့်

# ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ပုဂ္ဂလိကယာဉ်များ စနစ်တကျပြေးဆွဲရေးဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ် (၁၅)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးရဲ့ ပထမနေ့မှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့က တင်သွင်းသော ပုဂ္ဂလိကယာဉ်များ စနစ်တကျပြေးဆွဲရေး ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေပုဒ်မ ၁၃၃၊ ပုဒ်မခွဲ (ခ) အရ ဥပဒေပြုရေးဆိုင်ရာ ကော်မတီက အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းပေးပါရန် ဖိတ်ခေါ်ပါတယ်။

**ဦးစိုင်းနု၊ ဥပဒေပြုရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ။**
အားလုံးမင်္ဂလာပါခင်ဗျာ။ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးသို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးဌာနမှ တင်သွင်းထားသည့် ပုဂ္ဂလိကယာဉ်များ စနစ်တကျပြေးဆွဲရေး ဥပဒေမူကြမ်းအပေါ် ဥပဒေပြုရေးဆိုင်ရာအဖွဲ့၏ စိစစ်သုံးသပ်အကြံပြုချက်များကို အဖွဲ့၏ကိုယ်စား အစီရင်ခံစာ ဖတ်ကြား တင်သွင်းသွားမှာ ဖြစ်ပါတယ်။





ပုဂ္ဂလိကယာဉ်များ စနစ်တကျ ပြေးဆွဲနိုင်ရေးနှင့် စပ်လျဉ်းပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၉၀(က)အရ ပြည်နယ်လမ်းပန်း ဆက်သွယ်ရေးဝန်ကြီးမှ တင်သွင်းခြင်း ဖြစ်ပါသည်။

၄။ ဥပဒေမှာ ရှမ်းပြည်နယ်အတွင်းရှိ ဆောက်လုပ်ရေး လုပ်ငန်း၏ လမ်းမကြီးများ၊ မြို့ပြစည်ပင်သာယာအဖွဲ့ အောက်ရှိ မြို့တွင်းလမ်းများကို အသုံးပြုသွားလာရမည့် ခရီးသည်နှင့် ကုန်တင်ပုဂ္ဂလိကယာဉ်များ၏ စနစ်တကျပြေးဆွဲရေး ကိစ္စဖြစ်သည့်အတွက် လမ်းမကြီးများဥပဒေ၊ စည်ပင်သာယာရေး အဖွဲ့ဥပဒေများနှင့် ဆက်စပ်ပြီး ၁၉၆၃ ခုနှစ် ကုန်းလမ်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဥပဒေ၊ ၁၉၆၄ ခုနှစ် မော်တော်ယာဉ်ဥပဒေတို့ကိုပါ သုံးသပ်၍ ရေးဆွဲရမည့် ဥပဒေဖြစ်သည်ကို လေ့လာတွေ့ရှိပါသည်။

၅။ ဥပဒေကြမ်း၌ ပါရှိသည့် ဥပဒေ၏အမည်၊ နိဒါန်း၊ ပုဒ်မ - ၁၊ ၂(ဆ)၊ ၃၊ ၄၊ ၅၊ ၆၊ ၁၀၊ အခန်း(၃) ခေါင်းစဉ်၊ ပုဒ်မ-၁၂ နှင့် ၁၂(က)၊(ဂ) ပုဒ်မခွဲ (ဃ)အဖြစ် ဖြည့်စွက်ချက်အတွက် ပုဒ်မခွဲ (ဃ)(င)(စ) မှာ ပုဒ်မခွဲ (င) (စ)(ဆ)အဖြစ်လည်းကောင်း၊ ပုဒ်မ - ၁၃ (ခ)၊ ၁၃ (ဂ)၊ ၁၃(ဆ)၊ ၁၄(ဂ)၊ ၁၆၊ ၁၉၊ ၁၉(ဂ)၊ ၁၉(ဃ)၊ ၂၂၊ ၂၈ ပါ အဆိုပြုပြဋ္ဌာန်းချက်များကို ပြင်ဆင်ရန် အကြံပြုချက် အဆို (၂၄)ရပ် တွေ့ရှိရပါသည်။

၆။ ဤအစီရင်ခံစာတွင် ဥပဒေကြမ်း၌ အဆိုပြုပြဋ္ဌာန်းချက် များနှင့် ယှဉ်တွဲ၍ ပြင်ဆင်အကြံပြုချက်များကို ကောက်နုတ် ရေးသားပြုစုပြီး အဆိုပြုချက်ဇယားတွင်မူ ကော်လံ (၅)ခုခွဲကာ၊ ကော်လံ (၃)တွင် မူလပြဋ္ဌာန်း အဆိုပြုချက်ပါ ဖြည့်စွက်သင့်သည့် စကားရပ်ကို ကြယ်ပွင့် (*) အမှတ်အသားဖြင့် လည်းကောင်း၊ ပြင်ဆင်ရမည့် စကားရပ်ကို အောက်ခြေ၌ မျဉ်းသား၍ဖော်ပြပြီး၊

ကော်လံ (၄)တွင် ဤကော်မတီမှ ယင်းတို့ကို ဖြည့်စွက်ရန်နှင့် ပြင်ဆင်ရမည့် စကားရပ်များကို ဖော်ပြပြုစုတင်ပြပါသည်။

**သဘောထားမှတ်ချက်**

၇။ ဥပဒေကြမ်းသည် ရှမ်းပြည်နယ်အတွင်းရှိသော ဆောက်လုပ်ရေးဌာနမှ တာဝန်ယူထားသည့် ပြည်ထောင်စု လမ်းမကြီး၊ လမ်းမကြီးများ၊ မြို့ပြစည်ပင်သာယာရေးအဖွဲ့မှ တာဝန်ယူရသည့် မြို့ရွာရပ်ကွက်များရှိ လမ်းမနှင့် လမ်းကြားများ၊ အများပြည်သူအသုံးပြုနေသည့် လမ်းများ ပျက်စီးယိုယွင်းမှု ထိန်းသိမ်းနိုင်ရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေး၊ ကုန်းလမ်းပို့ဆောင်ရေးဆိုင်ရာလုပ်ငန်းများ၊ ခရီးသည်များ၏ လုံခြုံမှုနှင့် မြို့ပြစည်ပင်သာယာရေးကိစ္စများ အလို့ငှာ သက်ဆိုင်သည့် ဥပဒေများနှင့် ဆက်စပ်သုံးသပ်၍ အကောင်အထည်ဖော်ဆောင် ကျင့်သုံးရမည့် ဥပဒေတစ်ရပ်ဖြစ်ကြောင်း လေ့လာသုံးသပ်ရပါသည်။

**တင်ပြချက်**

၈။ အထက်အပိုဒ် (၅)တွင် ဖော်ပြခဲ့သည့် ပြဋ္ဌာန်းအဆိုပြုချက်တို့ အပေါ် ဤဥပဒေပြုရေးဆိုင်ရာ ပြင်ဆင်ရန် အကြံပြုချက် (၂၄)ရပ်တို့ကို အောက်တွင် တစ်ခုချင်း အဆိုပြုတင်ပြအပ်ပါသည်-

(က) ဥပဒေအမည် - ပုဂ္ဂလိကယာဉ်များ စနစ်တကျ ပြေးဆွဲရေး ဥပဒေ စကားရပ်၏ ရှေ့၌ " **ရှမ်းပြည်နယ်** " ဟူသော စကားရပ်ကို ဖြည့်စွက်သင့်ပါသည်။

(ခ) နိဒါန်း - ပထမစာကြောင်း- ရှမ်းပြည်နယ်အတွင်းရှိ သယ်ယူပို့ဆောင်ရေးလုပ်ငန်း များကို ရှမ်းပြည်နယ်



D/real(wide) (4



**ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေးသို့ ရှမ်းပြည်နယ်အစိုးရ လမ်းပန်း ဆက်သွယ်ရေးဝန်ကြီးမှ တင်သွင်းသည့် ပုဂ္ဂလိကယာဉ်များ စနစ်တကျပြေးဆွဲရေး ဥပဒေမူကြမ်းအပေါ် ရှမ်းပြည်နယ် လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ရန် အကြံပြုသည့် အဆိုပြုချက်များ အစီရင်ခံစာ**

**နိဒါန်း**

၁။ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် စတုတ္ထအကြိမ် ပုံမှန်အစည်းအဝေးသို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ လမ်းပန်း ဆက်သွယ်ရေး ဝန်ကြီးမှ " ပုဂ္ဂလိကယာဉ်များ စနစ်တကျပြေးဆွဲရေး ဥပဒေ (မူကြမ်း)အပေါ် စိစစ်သုံးသပ်ပြီး ပြင်ဆင်အကြံပြုချက်ကို (၃၀-၁၁-၂၀၁၂)ရက်နေ့ နောက်ဆုံးထားပြီး ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌထံသို့ ပေးပို့အစီရင်ခံရန် ညွှန်ကြားထားရှိပါသည်။

၂။ ဥပဒေကြမ်းကို ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာ ကော်မတီ၏ (၆-၁၁-၂၀၁၂ ရက်နေ့မှ ၉-၁၁-၂၀၁၂ ရက်နေ့အထိ) ကျင်းပသည့် အစည်းအဝေးအမှတ်၊ ၃/၂၀၁၂ တွင် ကော်မတီဝင် များက ဆွေးနွေး ညှိနှိုင်းလျက် ပြင်ဆင်ရန် အကြံပြုချက် (၂၄)ရပ်ကို သဘောတူညီနိုင်း ဆုံးဖြတ်ကြပြီး ဥပဒေကြမ်းပါ အဆိုပြုပြဋ္ဌာန်းချက် များအပေါ် ပြင်ဆင်ရန် အဆိုပြုချက်များကို ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌထံ ပေးပို့တင်ပြသည့် အစီရင်ခံစာ ဖြစ်ပါသည်။

**လေ့လာတွေ့ရှိချက်**

၃။ ဥပဒေကြမ်းမှာ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ - ၁၈၈၊ နောက်ဆက်တွဲဇယား - ၂ ပြည်နယ်ဥပဒေပြုစာရင်း၊ အစဉ်- ၆(ဂ) ဖော်ပြချက်အရ ပြည်နယ်အတွင်းသာ သွားလာသည့်

အတွင်းရှိ**"ပုဂ္ဂလိကယာဉ်"** သယ်ယူပို့ဆောင်ရေးလုပ်ငန်းဟု ဖြည့်စွက်ပြီး၊ တတိယစာကြောင်းရှိ လုံခြုံ ချောမွေ့စွာ ပို့ဆောင်နိုင်ရန် လည်းကောင်း အစား ပို့ဆောင်နိုင်ရန် **" နှင့် "** ဟု လည်းကောင်း၊ စတုတ္ထစာကြောင်းမှ (သယ်ယူပို့ဆောင်ရေး လုပ်ငန်းများတွင် )ကို ပယ်ဖျက်ပြီး လိုအပ်ချက်များကို ဖြည့်စွက် ဆောင်ရွက်ရန် (နှင့်)အစား**"လည်းကောင်း"** ဟု ပြင်ဆင်သင့်ပါသည်။

( ဂ )　ပုဒ်မ - ၁(က)　-　ဤဥပဒေကို ပုဂ္ဂလိကယာဉ်များ စကားရပ်ကြား၌ **" ရှမ်းပြည်နယ် "** ကို ဖြည့်စွက်၍ ရှမ်းပြည်နယ် ပုဂ္ဂလိကယာဉ်များဟု ဖြည့်စွက်သင့် ပါသည်။

(ဃ)　ပုဒ်မ - ၂(ဆ)　-　ပုဂ္ဂလိကယာဉ် ဆိုသည်မှာ နိုင်ငံတော်ပိုင်ယာဉ်မှတပါး (ကျန်ပုဂ္ဂလိက ပိုင်ယာဉ် တစ်မျိုးမျိုးကို ဆိုလိုသည်)





( စ )　ပုဒ်မ - ၄　-　ဒုတိယစာကြောင်းမှ အဆုံးအထိ အောက်ပါအတိုင်း ပြင်ဆင်သင့်ပါသည်။

**" ဥက္ကဋ္ဌသည် ကော်မတီ၏ ဘဏ္ဍာရေးနှင့် ဝန်ထမ်းရေးရာ ကိစ္စရပ်များ ဆောင်ရွက်ရန် တာဝန်ခံများကို ကော်မတီဝင်များထဲမှ အများဆန္ဒဖြင့် ရွေးချယ်၍ တာဝန်ပေးအပ်ရမည်။"**

(ဆ)　ပုဒ်မ - ၅　-　ကော်မတီ၏ သက်တမ်းသည် **" (၃) "** နှစ် ဖြစ်သည်။

( ဇ )　ပုဒ်မ - ၆　-　ဒုတိယစာကြောင်း (တာဝန်ပေးရန်မသင့်)၏ ရှေ့၌ **" ဆက်လက် "** ထည့်သွင်း ဖြည့်စွက်သင့်ပါသည်။

( ဈ )　ပုဒ်မ - ၁၀　-　တရားစွဲဆိုနိုင်ခွင့်၊ (တရားစွဲဆိုခံပိုင်ခွင့်) ရှိစေရမည်အစား **" တရားစွဲဆိုခံနိုင်ခွင့် "** ရှိစေရမည်ဟု ပြင်ဆင်သင့်ပါသည်။



D/real(wide) (4

(ည) အခန်း - ၃ ခေါင်းစဉ်- အမည်နှင့် အဓိပ္ပါယ်ဖော်ပြချက်မှာ အခန်း (၁)၏ ခေါင်းစဉ်ဖြင့် နှစ်ခါထပ်သုံးပြီး မှားယွင်းနေပါသဖြင့် ယင်းအခန်း၏ ပုဒ်မ - ၁၁၊ ၁၂ ပါ ဖော်ပြချက်များအရ ခေါင်းစဉ်ကို **“ ကော်မတီ၏ တာဝန် ဝတ္တရားများ”** ဟု ပြင်ဆင်သင့်ပါသည်။

( ဋ) ပုဒ်မ - ၁၂ - ဒုတိယစာကြောင်းရှိ အောက်ပါ (တို့လည်းပါဝင်ရမည်)အစား အောက်ပါ **“ လုပ်ငန်းများကိုလည်း ဆောင်ရွက်ရမည်”** -

( ဌ) ပုဒ်မ - ၁၂(က) - ဒုတိယစာကြောင်းမှ (ပိုမို)နှင့် တတိယစာကြောင်း ရှိ(စည်းရုံး)တို့ကို နှုတ်ပယ်ပြင်ဆင်သင့်ပါသည်။ ပြင်ဆင်ရာ၌ **“ မိမိစီမံခန့်ခွဲမှု အောက်သို့ ဝင်ရောက် လာနိုင်စေရေး ဆောင်ရွက်ရမည့် အပြင်”** ဟု ရေးသားသင့်ပါသည်။





စကားရပ်ကို ပိုမိုပြည့်စုံစေရေး **“ ခရီးသည်များကိုဖြစ်စေ၊ ကုန်စည်များကိုဖြစ်စေ၊ သယ်ယူပို့ဆောင်ရန်အလို့ငှာ ရှမ်းပြည်နယ်အတွင်း အများ ပြည်သူဆိုင်ရာ လမ်းများအပေါ်တွင် စက်အင်အားဖြင့် မောင်းနှင်ခြင်း၊ ဆွဲငင်ခြင်းဖြင့် အသုံးပြုသည့် စက်တပ်ယာဉ်၊ ဝန်တင်ယာဉ်၊ နောက်တွဲယာဉ်၊ ထော်လာဂျီ၊ သုံးဘီးဆိုင်ကယ် ယာဉ်တစ်မျိုးမျိုးကို ဆိုလိုသည်။ သီးခြားဥပစာဝင်း၌ အသုံးပြုသောယာဉ်၊ စီးပွားရေးကိစ္စမှတစ်ပါး အခြားကိစ္စများအတွက် အသုံးပြုသော မော်တော်ယာဉ် တစ်ခုခု မပါဝင်ချေ။”**

( ဂ) ပုဒ်မ - ၃ - ဝန်ကြီးသည် ရှမ်းပြည်နယ်အတွင်းရှိ (မော်တော်)ယာဉ်ဖြင့် အစား **“ ပုဂ္ဂလိက”** ယာဉ်ဖြင့် ဟု ပြင်ဆင်သင့်ပါသည်။



D/real(wide) (4

(ဃ) ပုဒ်မ - ၁၂(ဃ) - ဖြည့်စွက်ရန် ပုဒ်မခွဲအသစ်ကို-

**''ခရီးသည်နှင့် ကုန်စည် ပို့ဆောင်မှုအတွက် မော်တော်ယာဉ် ဂိတ်နှင့်ယာဉ်ရပ်နားစခန်းများကို မြို့တွင်း ရပ်ကွက်လမ်းမ၊လမ်းကြားများတွင် ယာဉ်ကြောပိတ်ဆို့မှု မရှိစေရန်အတွက် သတ်မှတ်ထားသည့် ယာဉ်ရပ်နားစခန်းများတွင်သာရပ်နားစေရေးကို ဝန်ကြီးဌာနသို့ တင်ပြ၍ ခွင့်ပြုချက်ရယူကာ ဆောင်ရွက်ရမည်** ''ဟု ဖြည့်စွက်ပြဋ္ဌာန်းသင့်ပါသည်။

**မှတ်ချက်။** ပုဒ်ခွဲ(ဃ)ကို ဖြည့်စွက်လိုက်သဖြင့် မူလပုဒ်မခွဲ (ဃ)(င)(စ)တို့သည် ပုဒ်မခွဲ (င) (စ) (ဆ)အဖြစ် ပြောင်းလဲသွားမည်ဖြစ်၍ ဤပုဒ်မ - ၁၂ တွင် ပုဒ်မခွဲ (က)မှ (ဆ)အထိ ပုဒ်မခွဲ (၇)ခု ဖြစ်လာ ပါမည်။





(န) ပုဒ်မ - ၁၉ - စတုတ္ထစာကြောင်းရှိ (သတ်မှတ်ထားသောတရားရုံးက ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင်သော်လည်းကောင်း) စကားရပ်ကို ထုတ်နှုတ်သင့်ပါသည်။ စီမံခန့်ခွဲရေးနည်းအရ ဆောင်ရွက်မှုသည် တရားစီရင်ရေးဆိုင်ရာ ဆောင်ရွက်မှုနှင့် ရောယှက်မှုမရှိစေသင့်၍ ထိုစကားရပ်ကို ထုတ်ပယ်ပြီး ကျူးလွန်ကြောင်း **"တွေ့ရှိလျှင်"** ဟု ပြင်ဆင်အစားထိုးသင့်ပါသည်။

(ပ) ပုဒ်မ - ၁၉(ဂ) - လိုင်စင်၊ မှတ်ပုံတင်လက်မှတ်စကား၏ ရှေ့မှ **'' သက်ဆိုင်ရာနှင့် ညှိနှိုင်း၍''** ဟူသော စကားရပ်ကို ဖြည့်စွက်သင့်ပါသည်။

(ဖ) ပုဒ်မ - ၁၉(ဃ) - အလားတူပင် **'' သက်ဆိုင်ရာနှင့် ညှိနှိုင်း၍''** ဟူသော စကားရပ်ကို ဖြည့်စွက်ပြီး ဖော်ပြသင့်ပါသည်။

(ဏ) ပုဒ်မ - ၁၃(ခ) - မော်တော်ယာဉ်ပိုင်ရှင်များ၊ မော်တော်ယာဉ်လုပ်သားများနှင့် (ဝန်ထမ်းများအား) စကားရပ်၏ရှေ့၌ **"ကော်မတီရုံး၏"** ဝန်ထမ်းများအား ဟူ၍ ဖြည့်စွက်သင့်ပါသည်။

(တ) ပုဒ်မ - ၁၃(ဂ) - လိုအပ်ပါက(တိုင်းဒေသကြီး) အဆင့်အစား **" ပြည်နယ်"** အဆင့် ဟု ပြင်ဆင်သင့်ပါသည်။

(ထ) ပုဒ်မ - ၁၃(ဆ) - (အစိုးရအဖွဲ့)က အစား **" ဝန်ကြီးဌာန"** က ဟု ပြင်ဆင်သင့်ပါသည်။

(ဒ) ပုဒ်မ - ၁၄ (ဂ)- ပထမစာကြောင်း၌ နိုင်ငံခြားငွေကို သီးခြားဘဏ်စာရင်း ဖွင့်လှစ်ထားရှိ၍ နောက်၌ **" နိုင်ငံခြားငွေသုံးစွဲခြင်းဆိုင်ရာ"** လုပ်ထုံးလုပ်နည်းများဟု ဖြည့်စွက်သင့်ပါသည်။

(ဓ) ပုဒ်မ - ၁၆ - ဒုတိယစာကြောင်းရှိ စစ်ဆေးခြင်းပြုနိုင်ရန် အလို့ငှာ၏နောက်၌ **" အစိုးရဌာနများနည်းတူ"** ငွေစာရင်းလုပ်ထုံးလုပ်နည်းများဟုဖြည့်စွက်သင့်ပါသည်။





(ဗ) ပုဒ်မ - ၂၂ - တတိယစာကြောင်းနှင့် စတုတ္ထစာကြောင်းရှိ (ထိုကော်မတီဝင်နှင့် ကော်မတီဝန်ထမ်းကို) စကားရပ်ကို ပယ်ဖျက်ပြီး **" ထိုသူတို့ကို"** ဟု ပြင်ဆင် သင့်ပါသည်။

(ဘ) ပုဒ်မ - ၂၈(က) - ဝန်ကြီးဌာနသည် လိုအပ်သော (နည်းလမ်း) များအစား၊ **" နည်းဥပဒေ"** များဟု ပြင်ဆင်သင့်ပါသည်။

**နိဂုံး**

၉။ ရှမ်းပြည်နယ်အစိုးရ၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၏ **" ပုဂ္ဂလိကယာဉ်များ စနစ်တကျ ပြေးဆွဲရေးဥပဒေ (မူကြမ်း)"** အဆိုပြုပြဋ္ဌာန်းချက်များအပေါ် ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ရန် အကြံပြုချက်အဆို (၂၄)ရပ်အား ဤအစီရင်ခံစာနှင့်အတူ အကြံပြုချက်ဇယားကို ပူးတွဲတင်ပြ အစီရင်ခံ အပ်ပါသည်။

**ရှမ်းပြည်နယ်အစိုးရအဖွဲ့တွင် လစ်လပ်လျက်ရှိသော စည်ပင်သာယာရေးဝန်ကြီးအား ခန့်အပ်နိုင်ရန် ပြည်နယ်ဝန်ကြီးချုပ်က အဆိုပြုပေးပို့ထားသည့် ပြည်နယ်ဝန်ကြီး၏ အမည်စာရင်းအား ဥက္ကဋ္ဌမှ ပြည်နယ်လွှတ်တော်သို့ တင်ပြခြင်း။**

**ဥက္ကဋ္ဌ။** အစီအစဉ် (၁၆)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်အစိုးရအဖွဲ့တွင် လစ်လပ်လျက်ရှိသည့် စည်ပင်သာယာရေးဝန်ကြီးနေရာ၌



D/real(wide) (5

တာဝန်ပေးအပ်ရန် ပြည်နယ်ဝန်ကြီးချုပ်က မိုင်းပြင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးစိုင်းလှဝင်း၏ အမည်စာရင်းကို လွှတ်တော်သို့ ပေးပို့လာပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၄၊ ပုဒ်မခွဲ (ဂ)အရ ဦးစိုင်းလှဝင်းအား အတည်ပြုတာဝန်ပေးအပ်ရန် လွှတ်တော်ရဲ့ ဆန္ဒကို ရယူပါမယ်။

မိုင်းပြင်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းလှဝင်းအား ရှမ်းပြည်နယ်စည်ပင်သာယာရေးဝန်ကြီးအဖြစ် တာဝန်ပေးအပ်ရန် လွှတ်တော်ကိုယ်စားလှယ်များက

(သဘောတူပါသလားခင်ဗျား)

(၃)ကြိမ် တိုင်တိုင်မေးပါသည်။ လွှတ်တော်က သဘောတူပါသည်။

သဘောမတူသည့်ကိုယ်စားလှယ် မရှိသည့်အတွက် မိုင်းပြင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းလှဝင်းအား ရှမ်းပြည်နယ်စည်ပင်သာယာရေးဝန်ကြီးအဖြစ် တာဝန်ပေးအပ်ရန် လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။

## ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီမှ နယ်စပ်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေဖြင့် ဆောင်ရွက်ထားရှိသည့် လုပ်ငန်းအား လွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၁၇)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ် အရ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ





ရှမ်း(တောင်)ဒေသတွင် (၈)ခုဖြစ်ပြီး လုပ်ငန်းအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါတယ်။ တောင်ကြီးမြို့နယ် ကက္ကူ-နောင်လန်-ဆိုက်ခေါင် (၈)မိုင် ကျောက်ခင်းလမ်းနှင့် ဆီဆိုင်မြို့နယ် မွေတော်-ဆိုက်ခေါင်လမ်း (၃ မိုင် ၄ ဖာလုံ)ကျောက်ခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးခဲ့ပြီး ဖြစ်ပါတယ်။ လင်းခေးမြို့နယ် ဟိုမိန်းမြို့နယ်ခွဲ ဟိုမိန်းမြို့တွင်းလမ်း (၈)မိုင် ရှိသည့်အနက် ကတ္တရာခင်းခြင်းလုပ်ငန်း (၂)မိုင် ပြီးစီးခဲ့ပြီဖြစ်ပါတယ်။

လဲချားမြို့နယ်၊ ဝမ်ပန်ပြည်သူ့စစ်ဌာနေအဖွဲ့ နေအိမ်များ ပြန်လည်ပြုပြင်ရန်နှင့် ရိက္ခာနှင့် ဆေးဝါးများ ပြန်လည်ဖြည့်တင်းရန် ထောက်ပံ့ပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ပါတယ်။ တန်ဖိုးနည်းအိမ်ရာ (၁၇)လုံး တည်ဆောက်ပေးနိုင်ခဲ့ပါတယ်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်းမှာ ရှမ်းပြည်နယ်ဒေသအတွင်း နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လုပ်ငန်းများမှာ ပထမအရစ်ကို (၅၀ ရာခိုင်နှုန်း)ခွင့်ပြုချက် ချမှတ်ပြီး ဖြစ်သည့်အတွက် သက်ဆိုင်ရာအဖွဲ့အစည်းများကို ငွေကြေးများ ထုတ်ပေးပြီး လုပ်ငန်းဆောင်ရွက်စေလျက် ရှိပါတယ်။ ရှမ်းပြည်နယ် (မြောက်ပိုင်း)တွင် မြေသားလမ်း (၅၈)မိုင်၊ လျာထားငွေ (၁၇၄)သန်း၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) မြေသားလမ်း (၂)လမ်း (၉၂)မိုင်၊ ခွင့်ပြုရန်ပုံငွေ (၂၂၇-၅)သန်း ဖြစ်ပါတယ်။ ကျောက်ခင်းလမ်းအနေနဲ့ လမ်း(၃)လမ်းအတွက် (၂၄ မိုင် ၆ ဖာလုံ)ရှိပြီး (၃၀၉ ဒသမ ၃၇၅) သန်း ခွင့်ပြုထားပါတယ်။ ကတ္တရာလမ်းအနေနဲ့ လမ်း(၂)လမ်း ပါဝင်ပြီး (၂၉ မိုင် ၄ ဖာလုံ)ဖြစ်ပြီး (၅၁၆ ဒသမ ၂၅)သန်းဖြစ်ပါတယ်။ ကွန်ကရစ်တံတားအနေနဲ့ (၁၁)စင်းပါဝင်ပြီး ခွင့်ပြုရန်ပုံငွေ (၁၂၁ ဒသမ ၃၅)သန်းဖြစ်ပါတယ်။ ကွန်ကရစ်ရေပြွန်အနေနဲ့ (၁၇)ခု ပါဝင်ပြီး (၁ ဒသမ ၇)သန်း ခွင့်ပြုထားပါတယ်။ ရှမ်း(မြောက်)ဒေသတွင် လမ်းတံတားအနေနဲ့ စုစုပေါင်း(၁၇၄)သန်း၊ ရှမ်း(ရှေ့)တွင်

စုစုပေါင်း (၁၂၂၆ ဒသမ ၁၇၅)သန်း ရှိပါတယ်။ ရှမ်း(တောင်)တွင် ကျောက်ခင်းလမ်း အနေနဲ့ လမ်း(၃)လမ်း၊ မိုင် (၄၀)အတွက် ခွင့်ပြုရန်ပုံငွေ (၅၀၀) သန်းဖြင့် ဆောင်ရွက်နေပါတယ်။ ကွန်ကရစ်တံတား (၈)စင်း၊ ခွင့်ပြု ရန်ပုံငွေ (၁၁၆ ဒသမ ၅)သန်း၊ ကွန်ကရစ်ရေပြွန် (၄၇)ခု ခွင့်ပြုရန်ပုံငွေ (၆၆)သန်း၊ စုစုပေါင်း လမ်းတံတားအနေဖြင့် (၆၈၂ ဒသမ ၅)သန်း ခွင့်ပြုထားပါတယ်။

ဆက်လက်ပြီး ပညာရေးလုပ်ငန်းအနေဖြင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)ဒေသတွင် အမက(၅)ကျောင်း၊ အလက(၁)ကျောင်း၊ စုစုပေါင်း (၆)ကျောင်းကို ရန်ပုံငွေ (၁၉)သန်း ခွင့်ပြုထားပြီး ဖြစ်ပါတယ်။ ရှမ်း (ရှေ့)တွင် အမက(၇)ကျောင်းအတွက် လျာထား ရန်ပုံငွေ (၂၁ ဒသမ ၇)သန်း ဖြစ်ပါတယ်။ ရှမ်း(တောင်)တွင် အမက (၇) ကျောင်း၊ အလက(၁)ကျောင်း စုစုပေါင်း (၈)ကျောင်းနှင့် လျာထားငွေ (၂၅)သန်းဖြစ်ပါတယ်။

ကျန်းမာရေးလုပ်ငန်းအနေနဲ့ ရှမ်း(ရှေ့)တွင် ဆေးပေးခန်း (၁)ခုကို လျာထားငွေ (၅)သန်းဖြင့် ခွင့်ပြုထားပြီး ဖြစ်ပါတယ်။

စိုက်ပျိုးရေးလုပ်ငန်းအနေနဲ့ မြေယာကုန်ထုတ်လုပ်မှု လုပ်ငန်းကို ရှမ်းပြည်နယ် (တောင်၊ မြောက်၊ အရှေ့)ဒေသ အားလုံး တွင် ဧက (၂၀၀)စီ ခွင့်ပြုထားပြီး ခွင့်ပြုရန်ပုံငွေ (၅၀%) ကျပ် (၅)သန်း စီဖြင့် ဆောင်ရွက်လျက်ရှိပါတယ်။ ရေရရှိရေးအနေနဲ့ ရှမ်း(မြောက်)တွင် သောက်သုံးရေရရှိရေးလုပ်ငန်း(၁)ခု၊ စိုက်ပျိုးရေ ရရှိရေး လုပ်ငန်း (၃)ခုကို စုစုပေါင်းခွင့်ပြုရန်ပုံငွေ (၁၇ ဒသမ ၂၅) သန်းဖြင့် ခွင့်ပြုဆောင်ရွက်လျက် ရှိပါတယ်။ ရှမ်း(ရှေ့)တွင် သောက်သုံးရေ ရရှိရေးလုပ်ငန်း (၄)ခု၊ စိုက်ပျိုးရေရရှိရေးလုပ်ငန်း (၁)ခု စုစုပေါင်း ရေရရှိရေးလုပ်ငန်း (၅)ခုကို ခွင့်ပြုရန်ပုံငွေ (၄၈)သန်းနှင့် ဆောင်ရွက်လျက် ရှိပါတယ်။





ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည် ဖော်ရေးလုပ်ငန်းကော်မတီမှ နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဆောင်ရွက်ထားရှိသည့် လုပ်ငန်းအား လွှတ်တော်သို့ ပေးပို့လာပါတယ်။ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ရှင်းလင်းတင်ပြပေးရန် ဖိတ်ခေါ်ပါတယ်။

**ဗိုလ်မှူးကြီးအောင်သူ၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီး နှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးအောင်သူ ဖြစ်ပါတယ်။ ယခုတင်ပြမယ့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ ရှမ်းပြည်နယ် နယ်မြေအတွင်း နယ်စပ်ဒေသ ဖွံ့ဖြိုးရေး ရန်ပုံငွေဖြင့် ဆောင်ရွက်ထားရှိသည့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးတွင် တင်ပြရန် စီစဉ်ထားသော်လည်း အခြေအနေ အရပ်ရပ်ကြောင့် တင်ပြနိုင်ခြင်းမရှိပဲ ယခုမှသာ တင်ပြရခြင်းဖြစ်ပါတယ်။

နယ်စပ်ဒေသတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီမှ ဆောင်ရွက်တဲ့လုပ်ငန်းများအနေနဲ့ ရှမ်းပြည်နယ် အစိုးရအဖွဲ့မှ တာဝန်ယူပြီးတော့ ပတလ(ရှမ်း)နယ်မြေအတွင်းမှာ ဆောင်ရွက်ခဲ့တဲ့ ၂၀၁၁-၂၀၁၂ ခုနှစ် ဘဏ္ဍာရေးနှစ်အတွင်း နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သည့်လုပ်ငန်းများမှာ ရှမ်း(မြောက်)တွင် (၁)ခု၊ ရှမ်း(ရှေ့)တွင် (၇)ခု၊ ရှမ်း(တောင်)တွင် (၂)ခု စုစုပေါင်း (၁၄၆ ဒသမ ၈၅၈)သန်း ဆောင်ရွက်နိုင်ခဲ့ပြီး ဖြစ်ပါတယ်။ လုပ်ငန်း အားလုံးရာနှုန်းပြည့်ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါတယ်။

၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွင်းမှာ ဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သည့်လုပ်ငန်းများမှာ ရှမ်း(မြောက်)ဒေသတွင် (၃)ခု၊

မွေးမြူရေးလုပ်ငန်းအနေနဲ့ ရှမ်း(မြောက်)ဒေသတွင် မွေးမြူရေးခြံ (၂)ခြံအတွင်း (၂၅)သန်း ခွင့်ပြုဆောင်ရွက်လျက် ရှိပါတယ်။ စွမ်းအင်လုပ်ငန်းအနေနဲ့ ရေအားလျှပ်စစ်လုပ်ငန်းကို ရှမ်း(မြောက်)ဒေသတွင် (၂)ခု (၄၄ ဒသမ ၈၇၅)သန်းဖြင့် ခွင့်ပြုဆောင်ရွက်လျက် ရှိပါတယ်။ ရှမ်း(ရှေ့)ဒေသတွင် ရေအားလျှပ်စစ်လုပ်ငန်း (၃)ခု၊ ခွင့်ပြုရန်ပုံငွေ (၆၇ ဒသမ ၁၂၅)သန်း၊ ရှမ်း(တောင်)ဒေသတွင် ရေအားလျှပ်စစ်လုပ်ငန်း (၄)ခု ခွင့်ပြုရန်ပုံငွေ (၈၉ ဒသမ ၇၅) သန်းဖြင့် ခွင့်ပြုဆောင်ရွက်လျက် ရှိပါတယ်။

ပြည်သူ့ဆက်ဆံရေးလုပ်ငန်းအနေဖြင့် ရှမ်း(မြောက်)ဒေသတွင် ရုပ်သံထပ်ဆင့်လွှင့်စက်ရုံ (၆)ရုံကို ခွင့်ပြုရန်ပုံငွေ (၁၅၀)သန်း၊ စာကြည့်တိုက်(၁)ခုကို ခွင့်ပြုရန်ပုံငွေ (၀ ဒသမ ၅)သန်းဖြင့် ခွင့်ပြုဆောင်ရွက်လျက် ရှိပါတယ်။ ရှမ်း(တောင်)ဒေသတွင် ရုပ်သံထပ်ဆင့်လွှင့်စက်ရုံ(၁)ခုနှင့် စာကြည့်တိုက် (၁)ခုကို စုစုပေါင်း ခွင့်ပြုရန်ပုံငွေ (၂၅ ဒသမ ၅)သန်းဖြင့် ဆောင်ရွက်လျက် ရှိပါတယ်။

ဘာသာရေးလုပ်ငန်းအနေဖြင့် ရှမ်း(မြောက်)တွင် ဘုန်းကြီးကျောင်း (၁)ကျောင်း၊ သိမ်(၁)ခု၊ စုစုပေါင်း (၂)ခုကို ခွင့်ပြုရန်ပုံငွေ (၄ ဒသမ ၅)သန်းဖြင့် ဆောင်ရွက်လျက် ရှိပါတယ်။ ရှမ်း(ရှေ့)တွင် ဘုန်းကြီးကျောင်း(၁)ကျောင်းကို ခွင့်ပြုရန်ပုံငွေ (၃)သန်းဖြင့် ဆောင်ရွက်လျက် ရှိပါတယ်။ ရှမ်း(တောင်)တွင် ဘုန်းကြီးကျောင်း(၁)ကျောင်းကို ခွင့်ပြုရန်ပုံငွေ (၃)သန်းဖြင့် ဆောင်ရွက်လျက် ရှိပါတယ်။

ပြည်နယ်ဆောက်လုပ်ရေးလုပ်ငန်းအနေနဲ့ ရှမ်းအရှေ့ဒေသမှာ ဝန်ထမ်းအိမ်ယာတစ်ခုကို ခွင့်ပြုရန်ပုံငွေ (၁၄ ဒသမ ၈၂၅) သန်းနှင့် ဆောင်ရွက်လျက်ရှိပါတယ်။ ဒါကြောင့်မို့လို့ နယ်စပ်ဒေသနတလလုပ်ငန်းအနေနဲ့ ရှမ်းမြောက်ဒေသအားလုံးပေါင်းမှာ



D/real(wide) (5



(၁)ကျောင်း၊ စုစုပေါင်း(၂၃)ကျောင်းအတွက် လျာထားငွေ (၇၂ ဒသမ ၁)သန်းဖြင့် ဆောင်ရွက်လျက်ရှိပါတယ်။ ဓနု ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာ အမကကျောင်း(၂၀)ကျောင်း၊ အလကကျောင်း(၂)ကျောင်း၊ အထကကျောင်း(၁)ကျောင်း စုစုပေါင်း(၂၃)ကျောင်း အတွက်လျာထားငွေ (၇၂ ဒသမ ၁) သန်းဖြင့် ဆောင်ရွက်လျက် ရှိပါတယ်။

ကျန်းမာရေးလုပ်ငန်းအနေနဲ့ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာ ဆေးပေးခန်း(၂)ခု၊ ကျန်းမာရေးဌာန (၃)ခု၊ ကျန်းမာရေးဌာနခွဲ (၅)ခု၊ စုစုပေါင်း ကျန်းမာရေးလုပ်ငန်း (၁၀)ခုအတွက် ခွင့်ပြုရန်ပုံငွေ (၄၃ ဒသမ ၇၅)သန်းဖြင့် ဆောင်ရွက်လျက် ရှိပါတယ်။ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာ (၁၆)ကုတင်ဆံ့ဆေးရုံ (၁)ရုံ၊ ဆေးပေးခန်း (၂)ခု၊ ကျန်းမာရေးဌာန (၃)ခု၊ ကျန်းမာရေးဌာနခွဲ (၅)ခု၊ စုစုပေါင်း ကျန်းမာရေးလုပ်ငန်း (၁၁)ခုအတွက် လျာထားငွေ စုစုပေါင်း (၉၃ ဒသမ ၇၅)သန်းဖြင့် ဆောင်ရွက်လျက် ရှိပါတယ်။

စိုက်ပျိုးရေးလုပ်ငန်းတွင် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ (၂)ခု အတွက် မြေယာဖော်ထုတ်မှုဧက (၂၀၀)စီအတွက် ခွင့်ပြုရန်ပုံငွေ (၅)သန်းဖြင့် ဆောင်ရွက်လျက် ရှိပါတယ်။ ရေရရှိရေးလုပ်ငန်းအနေဖြင့် သောက်သုံးရေရရှိရေး လုပ်ငန်း (၁၀)ခု၊ စိုက်ပျိုးရေ ရရှိရေးလုပ်ငန်း (၅)ခုနှင့် ခွင့်ပြုရန်ပုံငွေ ၁၂၇ ဒသမ ၅ သန်းစီဖြင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ (၂)ခုလုံးတွင် ဆောင်ရွက်လျက် ရှိပါတယ်။

မွေးမြူရေးလုပ်ငန်းအနေနဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ (၂)ခုလုံးတွင် မွေးမြူရေးခြံ(၂)ခြံ ခွင့်ပြုဆောင်ရွက် လျက်ရှိပါတယ်။ အလားတူ ရေအားလျှပ်စစ်လုပ်ငန်းတွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ (၂)ခုလုံးအတွက် ရေအားလျှပ်စစ်စက်ရုံ(၁)ရုံစီ ခွင့်ပြုရန်ပုံငွေ

ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွက် (၂၂ ဒသမ ၄၃၇၅)သန်း၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွက် (၁၁၂ ဒသမ ၁၈၇၅)သန်းဖြင့် ခွင့်ပြုဆောင်ရွက်လျက် ရှိပါတယ်။

ပြည်သူ့ဆက်ဆံရေးလုပ်ငန်းအနေဖြင့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့တွင် ထပ်ဆင့်လွှင့်စက်ရုံ (၁)ရုံစီ၊ စာကြည့်တိုက် (၁)ခုစီ စုစုပေါင်း (၄)ခုအတွက် ခွင့်ပြုရန်ပုံငွေ (၅၁)သန်းစီဖြင့် ဆောင်ရွက်လျက်ရှိပါတယ်။

သာသနာရေးလုပ်ငန်းအနေဖြင့် ဘုန်းကြီးကျောင်း (၃)ကျောင်းစီ၊ ဓမ္မာရုံ(၁)ခုစီ၊ သိမ်ကျောင်း (၁)ခုစီ၊ စုစပေါင်း (၅)ခုစီ ခွင့်ပြုခဲ့ပြီး ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွက် ရန်ပုံငွေ (၁၂၉၇ ဒသမ ၃၈၇၅)သန်း၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွက် ရန်ပုံငွေ (၁၂၁၃ ဒသမ ၅၃၇၅)သန်း ဖြစ်ပါတယ်။ ပအိုဝ်းနှင့် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ(၂)ခုလုံးအတွက် ပထမအရစ်အနေဖြင့် (၅၀%) ခွင့်ပြုငွေ စုစုပေါင်း သန်းပေါင်း (၂၅၀၀ ဒသမ ၉၂၅)သန်း ဖြစ်ပါတယ်။

'ဝ'ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတိုင်းနှင့် ကိုးကန့်/ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့တွင် နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများကို ဆက်လက်တင်ပြသွားပါမယ်။ 'ဝ' ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတွင် လမ်းတံတားလုပ်ငန်းအနေဖြင့် မြေသားလမ်း(၁)လမ်းကို (၁၄)မိုင် အရှည်ရှိပြီး လျာထားငွေ (၄၁)သန်းဖြင့် ဆောင်ရွက်လျက် ရှိပါတယ်။ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် မြေသားလမ်း (၃)လမ်း၊ လမ်းအရှည် မိုင်(၇၀)ကို လျာထားငွေ (၂၁၀)သန်း၊ ကျောက်ခင်းလမ်း (၁)လမ်း မိုင် (၂၀)ကို လျာထားငွေ (၂၅၀)သန်း၊ ကတ္တရာလမ်း





(၄၄၀ ဒသမ ၁၂၅)သန်း၊ ရှမ်းအရှေ့ဒေသမှာ (၁၃၇၆ ဒသမ ၈၉၇၅) သန်း၊ ရှမ်းတောင်ဒေသမှာ (၈၇၈ ဒသမ ၇၅)သန်းနှင့် ဆောင်ရွက်လျက်ရှိကြောင်း ရှမ်းပြည်နယ် မြောက်ပိုင်း၊ အရှေ့ပိုင်း၊ တောင်ပိုင်း ဒေသအားလုံး အတွက်ခွင့်ပြုရန်ပုံငွေ စုစုပေါင်း (၂၆၉၅ ဒသမ ၇၇၂၅) သန်းနှင့် ဆောင်ရွက်လျက်ရှိပါတယ်။

ထိုနည်းတူစွာပဲ ၂၀၁၃-၂၀၁၄ဘဏ္ဍာရေးနှစ်မှာ ပအိုဝ်းနှင့် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသမှာ နယ်စပ်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေနဲ့ ဆောင်ရွက်လျက်ရှိတဲ့ လုပ်ငန်းများကို ဆက်လက်တင်ပြသွားမှာ ဖြစ်ပါတယ်။ လမ်းတံတားအနေနဲ့ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသမှာ မြေသားလမ်းနှစ်လမ်းအတွက် မိုင်(၅၀)အတွက် လျာထားငွေ(၁၅၀)သန်း၊ ကျောက်ခင်းလမ်း(၃)လမ်းအတွက် ၃၁မိုင်၄ဖာလုံ (၃၉၃ ဒသမ ၇၅)သန်း၊ ကတ္တရာလမ်းတစ်လမ်း ၆မိုင်၄ဖာလုံအတွက် (၁၁၇ ဒသမ ၇၅)သန်း၊ ကွန်ကရစ်တံတားအနေနဲ့ ၄၉စင်း (၂၅၃ ဒသမ ၅)သန်း ကွန်ကရစ်ရေပြွန်အနေနဲ့ ၂၂ခု၊ (၂၇ ဒသမ ၆)သန်း၊ စုစုပေါင်းလမ်းတံတားလုပ်ငန်းအတွက် (၉၈၃ ဒသမ ၆)သန်းနှင့် ခွင့်ပြုဆောင်ရွက်လျက် ရှိပါတယ်။

ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာ မြေသားလမ်းအနေနဲ့ လမ်း(၂)လမ်း မိုင်(၅၀)ကို ခွင့်ပြုရန်ပုံငွေ (၁၅၀)သန်း၊ ကျောက်ခင်းလမ်း(၁)လမ်း မိုင်(၂၀)ကို ခွင့်ပြုရန်ပုံငွေ(၂၅၀)သန်း၊ ကတ္တရာလမ်း(၁)လမ်း (၁၀)မိုင်ကို ခွင့်ပြုရန်ပုံငွေ (၁၇၅)သန်း၊ ကွန်ကရစ်တံတား (၅)စင်းကို ခွင့်ပြုရန်ပုံငွေ (၁၁၀)သန်း၊ ကွန်ကရစ်ရေပြွန် (၃၀)အတွက်ကို ခွင့်ပြုရန်ပုံငွေသန်း(၃၀)၊ စုစုပေါင်း(၇၁၅ ဒသမ ၅)သန်းဖြင့် ဆောင်ရွက်လျက်ရှိပါတယ်။

ပညာရေးလုပ်ငန်းအနေနဲ့ ပအိုဝ်းဒေသမှာ အမကကျောင်း (၂၀)ကျောင်း၊ အလကကျောင်း(၂)ကျောင်း ၊အထကကျောင်း

(၁)လမ်း (၁၀)မိုင်ကို လျာထားငွေ (၁၇၅)သန်း၊ ကွန်ကရစ်တံတား (၄)စင်းကို လျာထားငွေ (၄၄၀)သန်း၊ ကွန်ကရစ်ရေပြွန်(၈)ခုအတွက် (၂ ဒသမ ၈)သန်း၊ စုစုပေါင်း (၁၀၇၇ ဒသမ ၈)သန်း ဖြင့် ခွင့်ပြုဆောင်ရွက်လျက်ရှိပါတယ်။ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတွင် မြေသားလမ်း (၃)လမ်းအတွက် မိုင် (၅၀)ကို လျာထားငွေ (၁၅၀)သန်း၊ ကျောက်ခင်းလမ်း(၁)လမ်း မိုင် (၂၀)ကို လျာထားငွေ (၂၅၀)သန်း၊ ကတ္တရာလမ်း(၁)လမ်း (၁၀)မိုင်အတွက် လျာထားငွေ (၁၇၅)သန်း၊ ကွန်ကရစ်တံတား (၇၅)စင်းအတွက် လျာထားငွေ (၇၅၀)သန်း၊ ကွန်ကရစ်ရေပြွန် (၅၀)စင်းအတွက် ခွင့်ပြုရန်ပုံငွေ (၅)သန်း၊ စုစုပေါင်း (၁၃၃၀)သန်းဖြင့် ဆောင်ရွက်လျက် ရှိပါတယ်။

ပညာရေးလုပ်ငန်းအနေဖြင့် 'ဝ'ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းနှင့် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတွင် အမကကျောင်း (၂၀)၊ အလကကျောင်း (၂)ကျောင်း၊ အထက (၂)ကျောင်း၊စုစုပေါင်း (၂၃)ကျောင်းစီအတွက် ခွင့်ပြုလျာထားငွေ (၇၂ ဒသမ ၁) စီဖြင့် ဆောင်ရွက်လျက် ရှိပါတယ်။ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတွင် ကျောင်းပေါင်း (၂၃)ကျောင်းအတွက် လျာထားငွေ (၁၄၄ ဒသမ ၂)သန်းဖြင့် ဆောင်ရွက်လျက် ရှိပါတယ်။

ကျန်းမာရေးလုပ်ငန်းအနေဖြင့် 'ဝ'ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းတွင် (၁၆)ကုတင်ဆံ့ဆေးရုံ (၁)ရုံ၊ ဆေးပေးခန်း (၂)ခု၊ ဆေးရုံခြံစည်းရိုးကပ်ခြင်းလုပ်ငန်း (၁)ခု စုစုပေါင်း လုပ်ငန်း (၄)ခုအတွက် ခွင့်ပြုရန်ပုံငွေ (၁၇၁ ဒသမ ၂၅)သန်းဖြင့် ဆောင်ရွက်လျက် ရှိပါတယ်။

စိုက်ပျိုးရေးလုပ်ငန်းအနေဖြင့် 'ဝ'ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ



D/real(wide) (5



ဘာသာရေးလုပ်ငန်းအနေဖြင့် 'ဝ'ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းမှာ ဘုန်းကြီးကျောင်း (၂)ကျောင်း၊ သိမ် (၂)ခု စုစုပေါင်း (၄)ခုအတွက် ခွင့်ပြုရန်ပုံငွေ (၉)သန်း၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသမှာ ဘုန်းကြီးကျောင်း (၃)ကျောင်းအတွက်၊ လျာထားငွေ (၉)သန်း၊ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ဘုန်းကြီးကျောင်း (၃)ကျောင်း၊ သိမ်(၁)ခု၊ ဓမ္မာရုံ (၁)ခု၊ စုစုပေါင်း (၅)ခုအတွက် လျာထားငွေ (၁၂)သန်းဖြင့် ဆောင်ရွက်လျက် ရှိပါတယ်။

ဒါကြောင့် 'ဝ'ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းမှာ နတလ ရန်ပုံငွေဖြင့် စုစုပေါင်းခွင့်ပြုရန်ပုံငွေ (၃၆၈ ဒသမ ၂၈၇၅)သန်း၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာ (၁၃၉၄ ဒသမ ၀၈၇၅)သန်း၊ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် (၁၇၄၈ ဒသမ ၅၃၇၅) သန်း၊ စုစုပေါင်း (၃၅၁၀ ဒသမ ၉၁၂၅)သန်းဖြင့် ဆောင်ရွက်လျက် ရှိကြောင်း တင်ပြအပ်ပါတယ်။

စုစုပေါင်းစာရင်းချုပ်အနေဖြင့် ရှမ်းပြည်နယ်အတွင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒေသများအတွင်းမှာ စုစုပေါင်း ခွင့်ပြုပြီး လုပ်ငန်းဆောင်ရွက်မှုများအတွက် (၈၇၁၇ ဒသမ ၆)သန်း ရှိကြောင်း တင်ပြအပ်ပါတယ်။

ရှမ်းပြည်နယ်အတွင်း နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သည့် လုပ်ငန်းများမှာ WFA အစီအစဉ်ဖြင့် ၂၀၁၂-၂၀၁၃ ခုနှစ်တွင် ဆန် မက်ထရစ်တန်ချိန် (၅၉၂၁ ဒသမ ၉၃၉၅) တန် ထောက်ပံ့ပေးနိုင်ခဲ့ပြီး ဖြစ်ပါတယ်။ နီပွန်ဖောင်ဒေးရှင်းမှ ၂၀၀၂ မှ ၂၀၁၁ ထိ (၁၆၀)ကျောင်း၊ ၂၀၁၁-၂၀၁၂ မှာ (၁၃၀) ကျောင်း၊ ၂၀၁၂ ဇူလိုင်လမှ စက်တင်ဘာလအထိ (၁၂)ကျောင်း တည်ဆောက်ပြီးဖြစ်ပြီး ၂၀၁၃-၂၀၁၄ စီမံကိန်းမှာ ရှမ်း(မြောက်)တွင်

(၁၀)ကျောင်း၊ ရှမ်း(တောင်)တွင် (၁၀)ကျောင်း စုစုပေါင်း (၂၀)ကျောင်း ဆောက်လုပ်ရန် လျာထားဆောင်ရွက်လျက် ရှိကြောင်း တင်ပြအပ်ပါတယ်။

TPAကမ္ဘာ့လူသားအဖွဲ့အစည်းနဲ့ ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းကာလမှာ ၂၀၁၃-၂၀၁၅ ဖြစ်ပြီး စီမံကိန်းနယ်မြေ အနေဖြင့် တောင်ကြီး၊ ညောင်ရွှေ၊ ပင်းတယ၊ ကျောက်တလုံးဒေသ တို့ကို ရွေးချယ်ထားပြီး ဖြစ်ပါတယ်။ စီမံကိန်းကဏ္ဍများမှာ ဒေသဖွံ့ဖြိုးရေးကဏ္ဍ၊ လူသားအရင်းအမြစ်နှင့် ပညာရေးကဏ္ဍ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ၊ ယဉ်ကျေးမှုဖလှယ်ရေးကဏ္ဍတို့ပဲ ဖြစ်ပါတယ်။ ၂၀၁၀-၂၀၁၁ တွင် (၆ ဒသမ ၁၂)မိုင်ရှိသည့် အေးသာယာ နုန်းမြေလမ်းကို ကတ္တရာလမ်းခင်းခြင်း ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါတယ်။ ၂၀၁၂-၂၀၁၃ တွင် အင်းလေးကန်ဒေသ၊ သန့်ရှင်းသော သောက်သုံးရေသွယ်ယူရေးလုပ်ငန်းအတွက် အင်းပေါ်ခုံ ကျေးရွာအုပ်စု ကျေးရွာပတ်ဝန်းကျင် သန့်ရှင်းရေး လုပ်ငန်းများကို ဆောင်ရွက်ပေးနိုင်ရန် ကွင်းဆင်းတိုင်းတာ ဆောင်ရွက်လျက် ရှိကြောင်း တင်ပြအပ်ပါတယ်။

ငြိမ်းချမ်းရေးအဖွဲ့အစည်းပေါင်းစုံအတွက် ငွေကျပ် သန်းပေါင်း (၂၄၀)၊ ဆန်အိတ်ပေါင်း (၂၄၀၀၀)၊ ကတ္တရာ ထောက်ပံ့မှုအနေဖြင့် တန် (၆၂၈)တန် ထောက်ပံ့ပေးပြီးဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။





ဒေသတို့မှာ မြေယာဖော်ထုတ်မှု ဧက (၂၀၀)စီအတွက် လျာထားငွေ (၅)သန်းစီဖြင့် ခွင့်ပြုဆောင်ရွက်လျက် ရှိပါတယ်။

ရေရရှိရေးလုပ်ငန်းအနေဖြင့် ‘ဝ’ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းမှာ သောက်သုံးရေရရှိရေး (၄)ခု၊ စိုက်ပျိုးရေ ရရှိရေး (၃)ခု၊ စုစုပေါင်း (၇)ခုအတွက် ခွင့်ပြုရန်ပုံငွေ (၁၂၁ ဒသမ ၅)သန်း၊ ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာ သောက်သုံးရေရရှိရေး (၉)ခု၊ စိုက်ပျိုးရေရရှိရေး (၂)ခု စုစုပေါင်း (၁၁)ခုအတွက် လျာထားငွေ (၁၀၇)သန်း၊ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာ သောက်သုံးရေ ရရှိရေ (၉)ခု၊ စိုက်ပျိုးရေးရရှိရေး (၅)ခု စုစုပေါင်း (၁၄)ခုအတွက် လျာထားငွေ (၁၁၆ ဒသမ ၂၅)သန်း၊ မွေးမြူရေးလုပ်ငန်းအနေဖြင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒေသ (၂)ခု၊ စုစုပေါင်း (၃)ခုအတွက် မွေးမြူရေးခြံ (၂)ခြံစီ၊ လျာထားငွေ (၂၅)သန်းစီဖြင့် ခွင့်ပြု ဆောင်ရွက်လျက် ရှိပါတယ်။

ရေအားလျှပ်စစ်စက်ရုံအနေဖြင့် ‘ဝ’ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းနှင့် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာ ရေအားလျှပ်စစ် စက်ရုံ(၁)ရုံစီကို (၂၂၄ ဒသမ ၃၇၅)သန်းဖြင့် လုပ်ငန်းဆောင်ရွက်လျက် ရှိပါတယ်။ ပလောင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာ ရေအားလျှပ်စစ် စက်ရုံ (၅)ရုံကို ခွင့်ပြုရန်ပုံငွေ (၁၁၂ ဒသမ ၁၈၇၅)သန်းဖြင့် ဆောင်ရွက်လျက် ရှိပါတယ်။

ပြည်သူ့ဆက်ဆံရေးလုပ်ငန်းတွင် ကိုးကန့်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသအတွက် ရုပ်သံလွှင့်စက်ရုံ (၃)ရုံ၊ စာကြည့်တိုက် (၁)ခု၊ စုစုပေါင်း လုပ်ငန်း(၄)ခုအတွက် (၇၅ ဒသမ ၅)သန်း၊ ပလောင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ရုပ်သံထပ်ဆင့်လွှင့်စက်ရုံ (၃)ရုံ၊ စာကြည့်တိုက် (၂)ခု၊ စုစုပေါင်း လုပ်ငန်း(၅)ခုအတွက် (၂၆)သန်းဖြင့် ဆောင်ရွက်လျက် ရှိပါတယ်။

## ဒေါ်နန်းအက်စ်ကီးမိုး၊ လဲချားမြို့နယ် မဲဆန္ဒနယ်အမှတ် (၁)၏ “ ရှမ်းပြည်နယ်အတွင်း သစ်တောများပြန်လည်ထူထောင်ရန်အတွက် သစ်ကုမ္ပဏီများမှ သတ်မှတ်နှုန်းထားဖြင့် ပြည်နယ်ဘဏ္ဍာအတွင်းသို့ ထည့်သွင်းပေးနိုင်စေရန် ” အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ် (၁၈)ဖြစ်ပါတယ်။ ဒေါ်နန်းအက်စ်ကီးမိုး၊ လဲချားမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ “ ရှမ်းပြည်နယ်အတွင်း သစ်တောများပြန်လည်ထူထောင်ရန်အတွက် သစ်ကုမ္ပဏီများမှ သတ်မှတ်နှုန်းထားဖြင့် ပြည်နယ်ဘဏ္ဍာ အတွင်းသို့ ထည့်သွင်းပေးနိုင်စေရန် ” အဆိုကို လွှတ်တော်သို့ ပေးပို့လာပါတယ်။ ဒါကြောင့် လဲချားမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်နန်းအက်စ်ကီးမိုး၏ အဆိုတင်သွင်း ဖို့ဖြစ်ပါတယ်။

**ဒေါ်နန်းအက်စ်ကီးမိုး၊ လဲချားမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အစည်းအဝေးသို့ တက်ရောက်လာကြသော လွှတ်တော် ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါရစေရှင်။ ကျွန်မကတော့ လဲချားမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းအက်စ်ကီးမိုးဖြစ်ပါတယ်။ ယနေ့ တင်ပြဆွေးနွေးမယ့် အကြောင်းအရာကတော့ “ ရှမ်းပြည်နယ်အတွင်း သစ်တောများ ပြန်လည်ထူထောင်ရန်အတွက် သစ်ကုမ္ပဏီများမှ သတ်မှတ်





လည်းကို မြောက်မြားစွာ ရရှိပိုင်ဆိုင်ထားပါတယ်။ ဒါကြောင့် ကျွန်မတို့ရှမ်းပြည်နယ်ကို အလှအပဆုံးနဲ့ နေထိုင်စားသောက်ရန် အကောင်းဆုံးနေရာလို့ ပြောကြတာပဲ ဖြစ်ပါတယ်ရှင်။

ယခင်အစိုးရလက်ထက်မှ ပါမစ်ခွင့်ပြုချက်ပေးပြီး သစ်ခုတ်ခွင့်ပြုထားသည်ကို အားလုံး သိပြီးသား ဖြစ်ပါတယ်ရှင်။ ရှမ်းပြည်နယ်အတွင်းရှိ ကြိုးဝိုင်းကြိုးပြင်ကာကွယ်တောများမှ နိုင်ငံတော်နှင့် ပုဂ္ဂလိကကုမ္ပဏီတို့မှ ပူးပေါင်းပြီး ကျွန်းနှင့် သစ်မာ သစ်လုံးများကို ဥပဒေအရ ခုတ်ထွင်သင့်သော သက်တမ်းများ မကြည့်ပဲ စည်းမဲ့ကမ်းမဲ့ ပရမ်းပတာ ခုတ်လှဲ ထုတ်လုပ် ရောင်းချနေပါတယ်။ တရားမဝင် မှောင်ခိုထုတ်လုပ်ခြင်းများ၊ တရားမဝင် ခုတ်ယူသယ်ဆောင်ရောင်းချခြင်းများလည်း များစွာ ရှိနေပါတယ်။

ယခုအခါတွင် သစ်တောများအား စည်းမဲ့ကမ်းမဲ့ ပရမ်းပတာခုတ်လှဲမှုကြောင့် မဘိမ်းမြို့နယ်၊ ငါးအိုးကြိုးဝိုင်း တစ်ခုတည်းတွင် တန်ပေါင်း (၄)သိန်းခန့် သစ်တောများ ပြုန်းတီး လာသည်ကို တွေ့ရပါတယ်။ ဤပြုန်းတီးမှုမှာ ရှမ်းပြည်နယ် အတွင်းရှိ သစ်တောတစ်ခုတည်းသာ ရှိပါသေးတယ်။ ကျန်တဲ့ သစ်တောများမှလည်း လွန်မင်းစွာပြုန်းတီးနေသည်ကို အမှန်ပဲ တွေ့ရှိနေရပါတယ်။

ဒါကြောင့် ကျွန်မတို့ ရှမ်းပြည်နယ်ဟာ သစ်တောများ လွန်မင်းစွာ ပြုန်းတီးလာမှုကြောင့် သဘာဝပတ်ဝန်းကျင်များ ပျက်ဆီးလာခြင်း၊ ရာသီဥတု ဖောက်ပြန်ခြင်း၊ တောတွင်းနေ ရှားပါးတိရစ္ဆာန်များ သေကြေပျက်စီးခြင်း၊ ဇီဝမျိုးကွဲများ ပျက်စီးပျက်သုဉ်းခြင်း စသည့် ပြဿနာပေါင်းမြောက်မြားစွာ ကြုံတွေ့နေရပါတယ်။ ထိုသို့ရာသီဥတု ဖောက်ပြန်ခြင်းကြောင့်



D/real(wide) (5

အချို့နှစ်တွင် မိုးခေါင်ခြင်း၊ အချို့နှစ်တွင် မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ မိုးမမှန်ခြင်း စသည့် သဘာဝနှင့် မညီမျှသော ဒုက္ခများစွာကိုလည်း ကျွန်မတို့၏ ကျေးဇူးရှင် တောင်သူလယ်သမားများသာမက ကျန်ပြည်သူပြည်သားများလည်း ခံစားနေရပါတယ်။ ဒါ့အပြင် ယခင် ကျွန်မတို့ ရှမ်းပြည်နယ်၏ အလှအပအတွက် ဂုဏ်ဖော်ပေးသော ရှမ်းပြည်နယ်၏ အလှအပအတွက် များစွာဂုဏ်ယူခဲ့သော အင်းလေးကန်ကြီးမှာလည်း ၄င်းသစ်တောများ ပြုန်းတီးမှုကြောင့် တဖြည်းဖြည်းခန်းခြောက်ပျက်စီးလာသော အခြေအနေနှင့် ကြုံတွေ့နေရပါတယ်။

သစ်တောများ ပြုန်းတီးမှုကြောင့် ကျွန်မတို့၏ အလှပဆုံးနှင့် နေထိုင်စားသောက်ရန်အကောင်းဆုံးဟု ယခင်က ပြောကြရာ ယခုမဖြစ်နိုင်တော့ပါ။ ရှမ်းပြည်နယ်အတွင်း အလွန်အမင်း ပြုန်းတီးနေသော သစ်တောများအတွက် ပြန်လည်ထူထောင်စိုက်ပျိုးရန် အမှန်တကယ်ပင်လိုအပ်နေပါတယ်။ ဒါ့အပြင် ပြည်နယ်အတွင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ပညာပေးဟောပြောပွဲ ဆွေးနွေးပွဲများ ပြုလုပ်ပေးခြင်း၊ အခါအားလျော်စွာ သစ်ပင်စိုက်ပျိုးပွဲ စသည်တို့ကို ပြည်နယ်အစိုးရမှ ဦးဆောင်၍ ဆောင်ရွက်ပေးရန် လိုအပ်နေပါတယ်။ ဒါပေမဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ ၁၀၅ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များမှ ကောက်ခံရမည့် အခွန်အခများပါ အပိုဒ် ၁၂၊ သစ်တောကဏ္ဍမှ ပြည်နယ်အတွက် ကောက်ခံရရှိသည့် အခွန်အခများမှာ ကျွန်မတို့ ပြည်နယ်အတွက် အလွန်နည်းပါးနေပါတယ်ရှင်။ ဒါကြောင့် ကျွန်မတို့ ပြည်နယ်အတွင်း သစ်တောစိုက်ခင်းများ၊ ပြန်လည်ထူထောင်စိုက်ပျိုးနိုင်ရန်အတွက်လည်းကောင်း၊ ပြည်နယ်အတွင်း သဘာဝပတ်ဝန်းကျင် ထိန်းသိန်းရေး ဆိုင်ရာ ပညာပေးဟောပြောပွဲများ ပြုလုပ်ရန်



D/real(wide) (5



နှုန်းထားဖြင့် ပြည်နယ်ဘဏ္ဍာအတွင်းသို့ ထည့်သွင်းပေးနိုင်စေရန် ” အဆိုကို ဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးရှင်၊ ကျွန်မတို့ ရှမ်းပြည်နယ်ကို မြန်မာနိုင်ငံတွင် အလှဆုံးနှင့် နေထိုင်စားသောက်ရန် အကောင်းဆုံး နေရာလို့ တင်စားပြောဆိုကြပါတယ်။ ကျွန်မတို့ပြည်နယ်ကြီးဟာ မြေဧရိယာ ကျယ်ဝန်းကြီးမားပြီး သစ်တောများလည်း အင်မတန် ထူထပ်ပါတယ်။ သဘာဝမှ ပေးထားသော မြေပေါ်မြေအောက် သယံဇာတများ၊ မြစ်များစွာကိုလည်း ကျွန်မတို့ ပြည်နယ်မှ ရရှိထားပါတယ်။ လှပသာယာသော စိမ့်စမ်း၊ အင်း၊ အိုင်၊ တော၊ တောင်များနဲ့ နေရာဒေသလို့ ပြောမည်ဆိုလျှင်လည်း ငြင်းရဲမယ့်သူ မရှိဘူးလို့ ဆိုနိုင်ပါတယ်။ ကျွန်မတို့ ရှမ်းကုန်းပြင်မြင့်တလျှောက် အမျိုးအစားစုံလင်စွာ ပေါက်သော အပင်များမှာ အပင်ချင်းယှက်၊ အခက်အလက်ချင်းနွယ်ကာ တစီတတန်းတည်းဖြင့် လှပစွာ သွယ်တန်းနေသော တောင်တန်းများကိုလည်း တွေ့ရမှာ ဖြစ်ပါတယ်။ တောင်တန်းများကြားမှ တသွင်သွင်စီးဆင်းနေသော စမ်းချောင်း၊ ရေချောင်း၊ ရေမြောင်းများနှင့် မြစ်ချောင်း များစွာကိုလည်း တွေ့ရမှာ ဖြစ်သလို ၄င်းသဘာဝမှ ပေးထားသော အရင်းအမြစ် မြောက်မြားစွာလည်း တည်တံ့ကောင်းမွန်လျက် ရှိနေသည်ကို တွေ့ရမှာ ဖြစ်ပါတယ်။ ဒါ့အပြင် သာယာဝပြောသော သစ်တောများ အတွင်း သားရဲတိရစ္ဆာန်များနှင့် ကျေးငှက်သာရကာများသည်လည်း အမျိုးစုံလင်စွာ အမှီပြု ကျက်စားလျက် ရှိပါတယ်။ တွေ့ရမြင်ရခဲသော ရှားပါးတိရစ္ဆာန်များကိုလည်း အဆိုပါ သစ်တောများအတွင်း အမှီပြုနေထိုင် ကျက်စားလျက်ရှိတာကိုလည်း တွေ့မြင်ရမှာ ဖြစ်ပါတယ်။ ထိုတောတောင် သဘာဝ ပေါများခြင်းကြောင့် ရာသီဥတု မျှတမှန်ကန်ပြီး၊ စိုက်ပျိုးရန်ကောင်းမွန်သော မြေဆီလွှာများကို

အတွက်လည်းကောင်း ပြည်နယ်အတွင်း သစ်ထုတ်လုပ်နေသော ကုမ္ပဏီများမှ အစိုးရဘဏ္ဍာရန်ပုံငွေအတွင်းသို့ သင့်တော်သော သတ်မှတ်နှုန်းထားဖြင့် ထည့်သွင်းပေးသင့်ကြောင်းအဆိုကို တင်သွင်းပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ။** အဆိုကိုထောက်ခံမည့်ကိုယ်စားလှယ် ရှိပါက ဆက်လက်ဆောင်ရွက်ပါ။

**ဦးစိုင်းသူရိန်ဦး၊ နမ့်စန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ဒေါ်နန်းအက်စ်ကီးမိုးရဲ့အဆိုကို နမ့်စန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ကျွန်တော် ဦးစိုင်းသူရိန်ဦးမှ ထောက်ခံပါတယ် ခင်ဗျာ။



D/real(wide) (5



လဲချားမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) မှ ဒေါ်နန်းအက်စ်ကီးမိုး တင်သွင်းတဲ့ အဆိုကို ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၁၀ ရက်နေ့ (အင်္ဂါနေ့)မှာ ဆွေးနွေးပါမယ်။

ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ အစည်းအဝေးရပ်နားတဲ့ အခါ ဒီကနေ့ ညနေပိုင်းမှာ ပြည်နယ်လွှတ်တော်ရုံး ဒုတိယညွှန်ကြားရေးမှူးထံ အမည်စာရင်း ပေးသွင်းဖို့ ဖြစ်ပါတယ်။

## ဦးခွန်မောင်ပယ်၊ ဆီဆိုင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ “ နောင်တွင် မိမိဒေသ အစိုးရဌာနများ၌ အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်လာပါက ဒေသခံဘွဲ့ရပညာတတ်များအား သင့်တော်သလို ဦးစားပေးခန့်ထားပေးနိုင်ရေး စီစဉ် ဆောင်ရွက်ပေးရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့အား တိုက်တွန်းကြောင်း ” အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ် (၂၀) ဖြစ်ပါတယ်။ ဦးခွန်မောင်ပယ်၊ ဆီဆိုင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ “ နောင်တွင် မိမိဒေသ အစိုးရဌာနများ၌ အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်လာပါက ဒေသခံ ဘွဲ့ရပညာတတ်များအား သင့်တော်သလို ဦးစားပေးခန့်ထားပေးနိုင်ရေးစီစဉ် ဆောင်ရွက်ပေးရန် ရှမ်းပြည်နယ် အစိုးရအဖွဲ့အားတိုက်တွန်းကြောင်း ” အဆိုကို

လွှတ်တော်သို့ ပေးပို့လာပါတယ်။ ဒါကြောင့် ဆီဆိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးခွန်မောင်ပယ်၏ အဆိုတင်သွင်း ဖို့ဖြစ်ပါတယ်။

**ဦးခွန်မောင်ပယ်၊ ဆီဆိုင်မြို့နယ်မဲဆန္ဒနယ် အမှတ်(၂)။** လေးစားရပါသော လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားကိုယ်စားလှယ်များ၊ ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာပါစေကြောင်း ဦးစွာပထမ ဂါရဝပြု ဆုတောင်းလိုက်ပါတယ်။ ကျွန်တော်တင်သွင်းတဲ့အဆိုသည် အနီးစပ်ဆုံးမြို့နယ်ကို ဖော်ပြထားသော်လည်း ရှမ်းပြည်နယ်ရှိ မြို့နယ်များအားလုံးကို ရည်ညွှန်းကြောင်း နားလည်ပေးစေ လိုပါတယ်ခင်ဗျာ။

ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဖြစ်တဲ့ ဆီဆိုင်မြို့နယ်မဲဆန္ဒနယ် အမှတ်(၂)မှ ကျွန်တော် ဦးခွန်မောင်ပယ်က အောက်ပါအဆိုကို တင်သွင်းအပ်ပါသည်-

၂၀၁၃ ခုနှစ်၊ ဇူလိုင်လတွင် တစ်နိုင်ငံလုံး နေ့စားလပေး ပညာရေးဝန်ထမ်းများ ခန့်ထားခဲ့ကြောင်း သိရှိရပါတယ်။ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဟိုပုန်းမြို့နယ်တွင် (၃၁၇)ဦး ဝင်ရောက်ဖြေဆိုခဲ့ရာ (၈၄) ဦး ခန့်ထားပြီး ဒေသခံ (၂၀)ဦးသာ ပါဝင်ပါတယ်။ ဆီဆိုင်မြို့နယ်တွင် (၂၄၅)ဦး ဖြေဆိုခဲ့ရာ (၁၄၃)ဦး ခန့်ထားပြီး ဒေသခံ (၅၈)ဦး ပါဝင်ပါတယ်။ ပင်လောင်းမြို့နယ်တွင် (၅၀၇)ဦး ဖြေဆိုခဲ့ရာ (၂၃၄)ဦး ခန့်ထားပြီး ဒေသခံ (၉၅)ဦးသာ ပါဝင်ကြောင်း တွေ့ရှိရပါတယ်။ ဒေသတစ်ခုလုံး (၁၀၆၉)ဦး ဖြေဆိုခဲ့ရာ (၄၆၁)ဦး ခန့်ထားပြီး ဒေသခံ (၁၇၃)ဦးသာ ပါဝင်သဖြင့် (၃၇ ဒသမ ၅)ရာခိုင်နှုန်းသာ နေ့စားလပေးဝန်ထမ်းနေရာမှာ အလုပ်အကိုင်ရရှိခဲ့ကြောင်း သိရှိရပါတယ်။ ဒေသခံလူငယ်များ





**အဆိုကို ပြည်နယ်လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံ ဆွေးနွေးရန် မသင့်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း ။ (သို့မဟုတ်) အဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက ဆွေးနွေးလိုသည့် လွှတ်တော် ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။**

**ဥက္ကဋ္ဌ။** ဒေါ်နန်းအက်စ်ကီးမိုး တင်သွင်းသော အဆိုကို လွှတ်တော်ကိုယ်စားလှယ် (၁)ဦးက ထောက်ခံသွား ပါတယ်။ အဆိုမှာ **“ရှမ်းပြည်နယ်အတွင်း သစ်တောများပြန်လည် ထူထောင်ရန်အတွက် သစ်ကုမ္ပဏီများမှ သတ်မှတ်နှုန်းထားဖြင့် ပြည်နယ်ဘဏ္ဍာအတွင်းသို့ ထည့်သွင်းပေးနိုင်စေရန်”** ဖြစ်ပါတယ်။

ယခု အဆိုကို လက်ခံဆွေးနွေးရန် သင့်/မသင့် လွှတ်တော်၏ ဆန္ဒရယူပါမယ်။ ၎င်းအဆိုများကို လက်ခံဆွေးနွေး ရန် လွှတ်တော် ကိုယ်စားလှယ်များက- **(သဘောတူပါသလားခင်ဗျား)**

(၃)ကြိမ်တိုင်တိုင်မေးပါသည်။ လွှတ်တော်မှ သဘောတူ ပါသည်။

အဆိုကို လက်ခံဆွေးနွေးရန် သဘောမတူသည့် ကိုယ်စားလှယ် ရှိပါသလား ခင်ဗျား။

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ ကိုယ်စားလှယ် မရှိတဲ့ အတွက် ဒေါ်နန်းအက်စ်ကီးမိုး ရဲ့အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာပါတယ်။

ပညာတတ်ဘွဲ့ရများပိုမိုပေါ်ထွန်းလာပြီး လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးပြီး ဒေသဖွံ့ဖြိုးရေး ပိုမိုတိုးတက်လာအောင် မိမိတို့အနေဖြင့် စည်းရုံးဆောင်ရွက်ပေးလျက်ရှိပါတယ်။ ၂၀၁၃ ခုနှစ် ဩဂုတ်လ (၉)ရက်နေ့တွင် ပြည်ထောင်စု ဝန်ကြီးများ၊ တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများ ခေါ်ယူတွေ့ဆုံစဉ် နိုင်ငံတော်သမ္မတကြီးက ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးအတွက် ဒေသခံပြည်သူများ၊ အလုပ်အကိုင်အခွင့်အလမ်း ရရှိရေးစီစဉ်ဆောင်ရွက်ပေးရန်ဖြစ်ကြောင်း လမ်းညွှန်မှာကြားချက်များအရ သိရှိရပါတယ်။

သို့ဖြစ်ပါ၍ “နောင်တွင် မိမိဒေသ၊ အစိုးရဌာနများ၌ အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်လာပါက ဒေသခံဘွဲ့ရပညာတတ်များအား သင့်တော်သလို ဦးစားပေးခန့်ထားပေးနိုင်ရေး စီစဉ်ဆောင်ရွက်ပေးရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့အား တိုက်တွန်းကြောင်း ” အဆို တင်သွင်းအပ်ပါတယ်။

ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ဂါရဝတရားရှေ့ထားပြီး လေးစားစွာဖြင့် နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** အဆိုကိုထောက်ခံမည့်ကိုယ်စားလှယ်ရှိပါက ဆက်လက်ဆောင်ရွက်ပါ။

**ဒေါက်တာထွန်းအောင်၊ ညောင်ရွှေမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ဆီဆိုင်မြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၂)မှ ဦးခွန်မောင်ပယ် တင်သွင်းသော အဆိုကို ညောင်ရွှေမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ကျွန်တော် ဦးထွန်းအောင်က ထောက်ခံတင်သွင်းအပ်ပါတယ်ခင်ဗျား။





ဆီဆိုင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂) မှ ဦးခွန်မောင်ပယ် တင်သွင်းတဲ့ အဆိုကို ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၁၀ ရက်နေ့ (အင်္ဂါနေ့)မှာ ဆွေးနွေးပါမယ်။

ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ဒီကနေ့ အစည်းအဝေးရပ်နားတဲ့အခါ ညနေပိုင်းမှာ ပြည်နယ်လွှတ်တော်ရုံး ဒုတိယညွှန်ကြားရေးမှူးထံ အမည်စာရင်း ပေးသွင်းဖို့ဖြစ်ပါတယ်။

## ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ လယ်ယာမြေလုပ်ပိုင်ခွင့်မှတ်ပုံတင်ခြင်းနှင့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ထုတ်ပေးခြင်းလုပ်ငန်းအား လွှတ်တော်သို့ရှင်းလင်းတင်ပြခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၂၂)ဖြစ်ပါတယ်။ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ လယ်ယာမြေလုပ်ပိုင်ခွင့် မှတ်ပုံတင်ခြင်းနှင့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ထုတ်ပေးခြင်းလုပ်ငန်းအား လွှတ်တော်သို့ ရှင်းလင်းတင်ပြပေးရန် ဖိတ်ခေါ်ပါတယ်။

**ဦးစိုင်းဆာလူ၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျာ။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးစိုင်းဆာလူ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ်၏ လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ်ထုတ်ပေးခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေကို တင်ပြသွားမှာဖြစ်ပါတယ်။

ရှမ်းပြည်နယ်၏ လယ်ယာမြေလုပ်ပိုင်ခွင့်မှတ်ပုံတင်ခြင်းနှင့် လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ် ထုတ်ပေးခြင်းလုပ်ငန်းသည်

ပြဋ္ဌာန်းထားသည့် ဥပဒေနှင့်အညီ ဆောင်ရွက်ပေးသည့် လုပ်ငန်းဖြစ်ပါသည်။ဤလုပ်ငန်းသည် တောင်သူလယ်သမားများအတွက် အင်မတန်အကျိုးရှိသည့် လုပ်ငန်းတစ်ခုဖြစ်သည့်အတွက် ရှင်းလင်းတင်ပြရခြင်း ဖြစ်ပါတယ်။

ရှမ်းပြည်နယ်အတွင်း လယ်ယာမြေဥပဒေ၊ နည်းဥပဒေတို့နှင့်အညီ လယ်ယာမြေလုပ်ပိုင်ခွင့် မှတ်ပုံတင်ခြင်းနှင့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ထုတ်ပေးရေးလုပ်ငန်းများကို ဆောင်ရွက်ရမည့်လုပ်ငန်း ပမာဏမှာ ရပ်ကွက်ကျေးရွာအုပ်စုပေါင်း (၁၂၆၈)၊ ကွင်း/အကွက်ပေါင်း (၆၆၅၈)၊ တောင်သူပေါင်း (၅၈၂၆၄၅)၊ ဦးပိုင်ပေါင်း (၇၉၅၅၈၀)ဖြစ်ပြီး မြေကြီးမြေပုံမှန်ကန်မှုရှိသော၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သော ကျေးရွာအုပ်စုများကို ပထမဦးစားပေးလုပ်ငန်းအဖြစ်လည်းကောင်း၊ နယ်မြေလုံခြုံရေးအခြေအနေအရ ကွင်းဆင်းဆောင်ရွက်ရန်ခက်ခဲသော ကျေးရွာအုပ်စုများနှင့် ကွင်းမြေပုံမရှိသော ကျေးရွာအုပ်စုများကို ဒုတိယဦးစားပေးလုပ်ငန်းအဖြစ်လည်းကောင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

ရှမ်းပြည်နယ်အတွင်းတွင် လျှောက်လွှာဖြန့်ဝေပြီးစီးမှု ၁၀၄ ဒသမ ၁၆ ရာခိုင်နှုန်း၊ လျှောက်လွှာလက်ခံရရှိပြီး ၉၉ ဒသမ ၅၅ ရာခိုင်နှုန်း၊ မြို့နယ်မြေစာရင်းဦးစီးဌာနမှ စိစစ်ပြီး ၉၀ ဒသမ ၆၆ ရာခိုင်နှုန်း၊ ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှ စိစစ်ခွင့်ပြုပြီး ၇၅ ဒသမ ၅၇ ရာခိုင်နှုန်း၊ မှတ်ပုံတင်ကြေးပေးသွင်းပြီး ၆၈ ဒသမ ၇၈ ရာခိုင်နှုန်း၊ လုပ်ပိုင်ခွင့်ပြုလက်မှတ် ထုတ်ပေးပြီး ၆၆ ဒသမ ၈၆ ရာခိုင်နှုန်းဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

ရှမ်းပြည်နယ် (တောင်ပိုင်း)တွင် လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ်ထုတ်ပေးရမည့် ရပ်ကွက်/ကျေးရွာ အုပ်စုပေါင်း (၆၂၁)၊


D/real(wide) (6



**အဆိုကို ပြည်နယ်လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း ။**

**(သို့မဟုတ်) အဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။**

**ဥက္ကဋ္ဌ။** ဦးခွန်မောင်ပယ် တင်သွင်းသောအဆိုကို လွှတ်တော်ကိုယ်စားလှယ် (၁)ဦးက ထောက်ခံသွားပါတယ်။ အဆိုမှာ **" နောင်တွင် မိမိဒေသ အစိုးရဌာနများ၌ အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်လာပါက ဒေသခံဘွဲ့ရပညာတတ်များအား သင့်တော်သလို ဦးစားပေး ခန့်ထားပေးနိုင်ရေး စီစဉ်ဆောင်ရွက်ပေးရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့အား တိုက်တွန်းကြောင်း "** အဆိုဖြစ်ပါတယ်။ အဆိုကို လက်ခံဆွေးနွေးရန် သင့်/မသင့် လွှတ်တော်၏ ဆန္ဒရယူပါမယ်။ ၎င်းအဆိုများကို လက်ခံဆွေးနွေးရန် လွှတ်တော်ကိုယ်စားလှယ်များက- **(သဘောတူပါသလားခင်ဗျား)**

(၃)ကြိမ်တိုင်တိုင်မေးပါသည်။ လွှတ်တော်က သဘောတူပါသည်။

အဆိုကို လက်ခံဆွေးနွေးရန် သဘောမတူသည့် ကိုယ်စားလှယ် ရှိပါသလား ခင်ဗျား။

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ ကိုယ်စားလှယ် မရှိတဲ့ အတွက် ဦးခွန်မောင်ပယ်ရဲ့အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာပါတယ်။

ကွင်း/အကွက်ပေါင်း (၃၈၈၅)၊ တောင်သူပေါင်း (၂၉၇၇၅၉)၊ ဦးပိုင်လုပ်ကွက်ပေါင်း (၄၂၈၇၈၁) ဖြစ်ပြီး ကွင်းမြေပုံရှိပြီး မြေကြီးမြေပုံမှန်ကန်မှု ရှိသော လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်သော ကျေးရွာအုပ်စုများကို ပထမဦးစားပေးလုပ်ငန်း အဖြစ်လည်းကောင်း၊ နယ်မြေလုံခြုံရေးအခြေအနေအရ ကွင်းဆင်းဆောင်ရွက်ရန် အခက်အခဲရှိသော ကျေးရွာအုပ်စုများနှင့် ကွင်းမြေပုံမရှိသော ကျေးရွာအုပ်စုများကို ဒုတိယဦးစားပေး လုပ်ငန်းအဖြစ် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ထုတ်ပေးခြင်း လုပ်ငန်းကို ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလမှ စတင်ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ် (တောင်ပိုင်း)တွင် ပထမဦးစားပေးလုပ်ငန်းအဖြစ် ရပ်ကွက်/ကျေးရွာအုပ်စု (၂၄၂)၊ ကွင်း/အကွက်ပေါင်း (၂၀၂၉)၊ တောင်သူပေါင်း (၉၀၃၀၉)၊ ဦးပိုင်ပေါင်း (၁၂၀၂၇၇)ကို ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလကုန်တွင် ပြီးစီးအောင် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ထုတ်ပေးရမည့် ရပ်ကွက်/ ကျေးရွာအုပ်စုပေါင်း (၄၅၁)အုပ်စုဖြစ်ပြီး၊ ကွင်း/အကွက်ပေါင်း (၁၉၃၀)၊ တောင်သူပေါင်း (၂၀၇၄၉၄)၊ ဦးပိုင်လုပ်ကွက်ပေါင်း (၂၈၄၄၁၆)ဖြစ်ပြီး ကွင်းမြေပုံရှိပြီး မြေကြီးမြေပုံမှန်ကန်မှုရှိသော လမ်းပန်းဆက်သွယ်မှု ကောင်းမွန်သော ကျေးရွာအုပ်စုများကို ပထမဦးစားပေးလုပ်ငန်းအဖြစ် လည်းကောင်း၊ နယ်မြေလုံခြုံရေး အခြေအနေအရ ကွင်းဆင်း ဆောင်ရွက်ရန် အခက်အခဲရှိသော ကျေးရွာအုပ်စုများနှင့် ကွင်းမြေပုံ မရှိသော ကျေးရွာအုပ်စုများကို ဒုတိယဦးစားပေးလုပ်ငန်း အဖြစ် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။





ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးဒေသတွင် ပထမအဆင့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ထုတ်ပေးရမည့် လုပ်ငန်းပမာဏမှာ ဦးပိုင်လုပ်ကွက်ပေါင်း (၁၂၀၂၇၇)ဖြစ်ပြီး၊ လျှောက်လွှာများဖြန့်ဝေပေးမှုနှင့် လက်ခံရရှိသည့် ဦးပိုင် လုပ်ကွက်ပေါင်းမှာ (၁၂၄၄၀၉)ဖြစ်သည့်အတွက် ရာခိုင်နှုန်းအားဖြင့် (၁၀၃ ဒသမ ၄၄) ရာခိုင်နှုန်း ဆောင်ရွက်နိုင်ခဲ့ပါတယ်။

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးဒေသတွင် ပထမအဆင့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ထုတ်ပေးရမည့် လုပ်ငန်း ပမာဏမှာ ဦးပိုင်လုပ်ကွက်ပေါင်း (၅၃၂၅၃)ဖြစ်ပြီး၊ လျှောက်လွှာများ ဖြန့်ဝေပြီးစီးမှုမှာ (၅၉၀၂၀)နှင့် လက်ခံရရှိသည့် ဦးပိုင် လုပ်ကွက်ပေါင်းမှာ (၅၅၈၆၀)ဖြစ်သည့်အတွက် ရာခိုင်နှုန်း အားဖြင့် (၁၀၄ ဒသမ ၉၀) ရာခိုင်နှုန်း ဆောင်ရွက်နိုင်ခဲ့ပါတယ်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံဒေသတွင် ပထမ အဆင့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ထုတ်ပေးရမည့် လုပ်ငန်းပမာဏမှာ ဦးပိုင်လုပ်ကွက်ပေါင်း (၆၆၂၈၈)ဖြစ်ပြီး၊ လျှောက်လွှာများဖြန့်ဝေပြီးစီးမှုမှာ (၆၆၃၆၀)နှင့် လက်ခံရရှိသည့် ဦးပိုင်လုပ်ကွက်ပေါင်းမှာ (၅၈၄၆၆)ဖြစ်သည့်အတွက် ရာခိုင်နှုန်း အားဖြင့် (၈၈ ဒသမ ၂၀) ရာခိုင်နှုန်း ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ထိုသို့ လျှောက်လွှာများပိုမိုဖြန့်ဝေနိုင်ခဲ့သော်လည်း လျှောက်လွှာများ လက်ခံရရှိမှု လျော့နည်းခဲ့ရခြင်းမှာ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရှိ ကျေးရွာများသည် တစ်ရွာနှင့်တစ်ရွာအလှမ်းကွာဝေးပြီး တောင်ကုန်းတောင်တန်းများပေါ်တွင် တည်ရှိ၍ လမ်းပန်း ဆက်သွယ်ရေးခက်ခဲခြင်း၊ ကျေးရွာအတွင်းရှိ လုပ်ကွက်များမှာ တစ်ဆက်တစ်စပ်တည်းမရှိဘဲ တစ်ကွဲတစ်ပြားပြန့်ကျဲတည်ရှိနေခြင်း၊ ကျေးရွာများတွင် တိုင်းရင်းသားလူမျိုးပေါင်းစုံ စုပေါင်းနေထိုင်သဖြင့်

ဘာသာစကားပြောဆိုမှုခက်ခဲခြင်း၊ နယ်မြေလုံခြုံရေး အခြေအနေအရ သွားလာရန်ခက်ခဲခြင်း၊ အချို့တောင်သူများမှာ ပြည်တွင်း/ပြည်ပခရီးလွန်နေခြင်းနှင့် နိုင်ငံသား စိစစ်ရေးကတ် မရှိခြင်း စသည့်အခက်အခဲများကြောင့် လျှောက်လွှာများ လက်ခံရရှိမှု လျော့နည်းခဲ့ရခြင်း ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

လယ်ယာမြေထုတ်ပိုင်ခွင့်လက်မှတ် ထုတ်ပေးရေး လုပ်ငန်းမှာ မြေစာရင်းဦးစီးဌာနမှ စိစစ်ဆောင်ရွက် ရသည့် လုပ်ငန်းအဆင့်ဆင့်ကို တင်ပြမှာ ဖြစ်ပါတယ်။ လယ်ယာမြေ လုပ်ပိုင်ခွင့်လျှောက်လွှာ ပုံစံ -၁ များကို ရပ်ကွက်/ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှ စိစစ်ထောက်ခံချက်ဖြင့် ပေးပို့လာပါက မြို့နယ် မြေစာရင်းဦးစီးဌာနများအနေဖြင့် အောက်ပါ လုပ်ငန်းအဆင့်ဆင့်ကို ဆောင်ရွက်ရပါတယ်-

(၁) လယ်ယာမြေလုပ်ပိုင်ခွင့်လျှောက်လွှာ မှတ်ပုံတင်စာရင်း(ပုံစံ-၃)တွင် ဖြည့်သွင်းခြင်း

(၂) ကန့်ကွက်ကြော်ငြာစာ ထုတ်ဆင့်ခြင်း

(၃) ကန့်ကွက်ကြော်ငြာစာ ထုတ်ဆင့်သည့် (၁)လ အတွင်း

- လုပ်ငန်းစာတွဲဖွင့်လှစ်ခြင်း
- လျှောက်ထားမြေနေရာ ကွင်းဆင်း စစ်ဆေးခြင်း
- လယ်ယာမြေလုပ်ပိုင်ခွင့် စစ်ဆေးချက် (ပုံစံ-၄) ရေးသွင်းခြင်း
- မြေစာရင်းပုံစံ (၁၀၅) ရေးဆွဲခြင်း



D/real(wide) (6



လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ထုတ်ပေးခြင်းလုပ်ငန်းကို ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလမှ စတင်ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ် (မြောက်ပိုင်း)တွင် ပထမဦးစားပေးလုပ်ငန်းအဖြစ် ရပ်ကွက်/ကျေးရွာအုပ်စု (၃၀၅)၊ ကွင်း/အကွက်ပေါင်း (၁၂၁၂)၊ တောင်သူပေါင်း (၄၂၈၀၃)၊ ဦးပိုင်ပေါင်း (၅၃၂၅၃)ကို ၂၀၁၃ ခုနှစ် အောက်တိုဘာလကုန်တွင် ပြီးစီးအောင်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် လယ်ယာမြေလုပ်ပိုင်ခွင့်ပြု လက်မှတ် ထုတ်ပေးရမည့် ရပ်ကွက်/ ကျေးရွာအုပ်စုပေါင်း (၁၈၉)၊ ကွင်း/အကွက်ပေါင်း (၈၄၃)၊ တောင်သူပေါင်း (၇၇၃၉၂)၊ ဦးပိုင်လုပ်ကွက်ပေါင်း (၈၂၃၂၃)ဖြစ်ပြီး ကွင်းမြေပုံရှိပြီး မြေကြီးမြေပုံမှန်ကန်မှုရှိသော လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်သော ကျေးရွာအုပ်စုများကို ပထမဦးစားပေး လုပ်ငန်းအဖြစ်လည်းကောင်း၊ နယ်မြေလုံခြုံရေးအခြေအနေအရ ကွင်းဆင်းဆောင်ရွက်ရန် အခက်အခဲရှိသော ကျေးရွာအုပ်စုများနှင့် ကွင်းမြေပုံမရှိသော ကျေးရွာအုပ်စုများကို ဒုတိယဦးစားပေးလုပ်ငန်း အဖြစ်လည်းကောင်း ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ထုတ်ပေးခြင်း လုပ်ငန်းကို ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလမှ စတင်ဆောင်ရွက်လျက် ရှိရာ ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် ပထမဦးစားပေးလုပ်ငန်းအဖြစ် ရပ်ကွက်/ကျေးရွာအုပ်စု (၁၈၈)၊ ကွင်း/အကွက်ပေါင်း (၆၇၁)၊ တောင်သူပေါင်း (၆၂၀၂၈)၊ ဦးပိုင်ပေါင်း (၆၆၂၈၈)ကို ၂၀၁၃ ခုနှစ် အောက်တိုဘာလကုန် ပြီးစီးအောင် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

- လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၇) ရေးသွင်းခြင်း
- လယ်ယာမြေလုပ်ပိုင်ခွင့်ပြုမှတ်ပုံတင်စာရင်း (ပုံစံ-၅) ရေးသွင်းခြင်း

ရှမ်းပြည်နယ်တွင် လယ်ယာမြေလုပ်ပိုင်ခွင့် လျှောက်ထားမှုများအပေါ် ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က စိစစ်ခွင့်ပြုသည့် ဦးပိုင်လုပ်ကွက်ပေါင်းမှာ (၁၈၁၂၁၉)ဖြစ်ပြီး ရာခိုင်နှုန်းအားဖြင့် (၇၅ ဒသမ ၅၇)ရာခိုင်နှုန်း ရှိပါသည်။ ခရိုင်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့မှ စိစစ်ခွင့်ပြုခြင်းလုပ်ငန်းကို ရှမ်းပြည်နယ် (တောင်ပိုင်း)တွင် စက်တင်ဘာလ (ဒုတိယပတ်)တွင် လည်းကောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် အောက်တိုဘာလ (ပထမပတ်)တွင် လည်းကောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် အောက်တိုဘာလ (ဒုတိယပတ်)တွင် လည်းကောင်း ပြီးစီးအောင် ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် ခရိုင်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့မှ စိစစ်ခွင့်ပြုပြီး ဦးပိုင်လုပ်ကွက်ပေါင်းမှာ (၁၁၆၀၄၅)ဖြစ်ပြီး၊ လယ်ယာမြေလုပ်ပိုင်ခွင့် မှတ်ပုံတင်ကြေး ပေးသွင်းပြီး ဦးပိုင်လုပ်ကွက်ပေါင်းမှာ (၁၀၄၇၈၁)ဖြစ်သည့်အတွက် မှတ်ပုံတင်ကြေးမရရှိသေး၍ ပုံစံ-၇ ထုတ်မပေးနိုင်သေးသည့် ဦးပိုင်လုပ်ကွက်ပေါင်း (၁၁၂၆၄)ကျန် ရှိပါသည်။ ခရိုင်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့မှ ခွင့်ပြုပြီးသော်လည်း မှတ်ပုံတင်ကြေး မရရှိသေးသည့် မြို့နယ်များမှာ တောင်ကြီးခရိုင်၊ ညောင်ရွှေမြို့နယ် ဦးပိုင်ပေါင်း (၁၄၉၁)၊ ဆီဆိုင်မြို့နယ်တွင် ဦးပိုင်ပေါင်း (၈၆၉)၊ ကလောမြို့နယ်တွင် (၂၅၅)၊ ပင်လောင်းမြို့နယ် ဦးပိုင်ပေါင်း (၇၆၅)၊





ဆောင်ရွက်ပြီး ဦးပိုင်လုပ်ကွက်တစ်ခုလျှင် မှတ်ပုံတင်ကြေး (၅၀၀) ကောက်ခံရရှိရေးကို လယ်ယာမြေစီမံခန့်ခွဲမှု ဥက္ကဋ္ဌမှ ဦးဆောင်၍ ရပ်ကွက်/ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌမှ ဆောင်ရွက်သွားရန် ညှိနှိုင်းဆုံးဖြတ်ထားပြီးဖြစ်တဲ့အတွက် သက်ဆိုင်ရာဥက္ကဋ္ဌများမှ ဆောင်ရွက်ရန်လည်း ညွှန်ကြားထားပြီး ဖြစ်ပါတယ်။

ဆက်လက်ပြီး လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်(ပုံစံ-၇) ထုတ်ပေးခြင်းနှင့် ပတ်သက်ပြီး ဆောင်ရွက်နိုင်မှု အခြေအနေကို တင်ပြမှာ ဖြစ်ပါတယ်။ ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီး ဒေသတွင် ပထမအဆင့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၇)ထုတ်ပေးရမည့် ဦးပိုင်လုပ်ကွက်ပေါင်းမှာ (၁၂၀၂၇၇)ဖြစ်ပြီး (၃၁-၈-၂၀၁၃)ရက်နေ့အထိ (ပုံစံ-၇)ထုတ်ပေးနိုင်မှုမှာ (၁၀၄၅၈၉) ဖြစ်သည့်အတွက် (ပုံစံ-၇)ထုတ်ပေးရန် (၁၅၆၈၈)ကျန်ရှိပါတယ်။ ကျန်ရှိသည့် ဦးပိုင်လုပ်ကွက်များကို စက်တင်ဘာလကုန်တွင် ပြီးစီးအောင် ထုတ်ပေးသွားမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ် (မြောက်ပိုင်း)လားရှိုးဒေသတွင် ပထမအဆင့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၇)ထုတ်ပေးရမည့် ဦးပိုင်လုပ်ကွက်ပေါင်းမှာ (၅၃၂၅၃)ဖြစ်ပြီး (၃၁-၈-၂၀၁၃)ရက်နေ့ အထိ (ပုံစံ-၇)ထုတ်ပေးနိုင်မှုမှာ (၃၂၁၇၄)ဖြစ်သည့်အတွက် (ပုံစံ-၇)ထုတ်ပေးရန် (၂၁၀၇၉)ကျန်ရှိပါတယ်။ လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၇) ထုတ်ပေးနိုင်ရေးအတွက် မှတ်ပုံတင်ကြေးကောက်ခံရရှိမှုသာ သတ်မှတ်ကာလအတွင်း အချိန်မီ ပြီးစီးနိုင်မှာ ဖြစ်ပါတယ်။ ကျန်ရှိသည့် ဦးပိုင်လုပ်ကွက်များကို အောက်တိုဘာလ ကုန်တွင် ပြီးစီးအောင် ထုတ်ပေးသွားမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံဒေသတွင် ပထမအဆင့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၇) ထုတ်ပေးရမည့် ဦးပိုင်လုပ်ကွက်ပေါင်းမှာ (၆၆၂၈၈)ဖြစ်ပြီး (၃၁-၈-၂၀၁၃)ရက်နေ့ အထိ (ပုံစံ-၇) ထုတ်ပေးနိုင်မှုမှာ (၂၃၅၈၄)ဖြစ်သည့်အတွက် (ပုံစံ-၇)ထုတ်ပေးရန် (၄၂၇၀၄)ကျန်ရှိပါတယ်။ ကျန်ရှိသည့် ဦးပိုင်လုပ်ကွက်များကို အောက်တိုဘာလကုန်တွင် ပြီးစီးအောင် ထုတ်ပေးသွားမှာ ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ်ကို မြေစာရင်းဦးစီးဌာနက သတ်မှတ်သည့် တံဆိပ်ခေါင်းခွန်နှင့် စာချုပ်စာတမ်း၊ မှတ်ပုံတင်ခပေးဆောင်၍၊ မှတ်ပုံတင်ပြီး ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်း၊ ပေးကမ်းခြင်းရှိသည့်အတွက် မြန်မြန်ဆောင်ရွက်ပေးပါက တောင်သူလယ်သမားများ အကျိုးများစွာ ရရှိနိုင်မှာ ဖြစ်ပါတယ်။ အမြန်ပြီးစီးရေးအတွက် လွှတ်တော်ကိုယ်စားလှယ်များမှလည်း ဝိုင်းဝန်းကူညီဆောင်ရွက်ပေးပါရန် လေးစားစွာဖြင့် တင်ပြအပ်ပါတယ်။

ရှမ်းပြည်နယ်သည် ရေမြေသဘာဝကောင်းများ ရရှိပြီး ဖြစ်ပါတယ်။ ပြည်သူများအနေဖြင့် စိုက်ပျိုးရေး ထွက်ကုန်များ တိုးတက်ရေး၊ မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာပေးလက်ကမ်းစာစောင်များကို လွှတ်တော်ကိုယ်စားလှယ် များထံ ဖြန့်ဝေပေးထားပါတယ်။ မိမိဒေသရှိ မြို့နယ်ဖွံ့ဖြိုး တိုးတက်ရေး အထောက်အကူပြုကော်မတီများ၊ ရပ်ကွက်/ ကျေးရွာအုပ်စု ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ များအား မှာကြားပေးနိုင်ရန်နှင့် ပြည်သူများအား ပညာပေး ဆောင်ရွက်ပေးပါရန် လေးစားစွာဖြင့် တင်ပြရင်း နိဂုံးချုပ်အပ် ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။





ပင်းတယမြို့နယ်တွင် ဦးပိုင်ပေါင်း (၄၄၇၆)၊ ရပ်စောက်မြို့နယ်တွင် ဦးပိုင်ပေါင်း (၁၁၈၃) ကျန်ရှိခြင်းဖြစ်ပါတယ်။

ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် ခရိုင်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့မှ စိစစ်ခွင့်ပြုပြီး ဦးပိုင်လုပ်ကွက်ပေါင်းမှာ (၃၅၃၁၈)ဖြစ်ပြီး၊ လယ်ယာမြေလုပ်ပိုင်ခွင့်မှတ်ပုံတင်ကြေးပေးသွင်းပြီး ဦးပိုင်လုပ်ကွက်ပေါင်းမှာ (၃၂၈၃၅)ဖြစ်သည့်အတွက် မှတ်ပုံတင်ကြေး မရရှိသေး၍ ပုံစံ-၇ ထုတ်မပေးနိုင်သေးသည့် ဦးပိုင် လုပ်ကွက်ပေါင်း (၂၄၈၃)ကျန် ရှိပါတယ်။ ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှ ခွင့်ပြုပြီးသော်လည်း မှတ်ပုံတင်ကြေးမရရှိသေးသည့် မြို့နယ်များမှာ လားရှိုးမြို့နယ်၊ သိန္နီမြို့နယ်၊ မိုင်းရယ်မြို့နယ်၊ ကွတ်ခိုင်မြို့နယ်တို့ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် ခရိုင်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့မှ စိစစ်ခွင့်ပြုပြီး ဦးပိုင်လုပ်ကွက်ပေါင်းမှာ (၂၉၈၅၆)ဖြစ်ပြီး၊ လယ်ယာမြေလုပ်ပိုင်ခွင့်မှတ်ပုံတင်ကြေးပေးသွင်းပြီး ဦးပိုင်လုပ်ကွက်ပေါင်းမှာ (၂၇၃၂၅)ဖြစ်သည့်အတွက် မှတ်ပုံတင်ကြေးမရရှိသေး၍ ပုံစံ-၇ ထုတ်မပေးနိုင်သေးသည့် ဦးပိုင်လုပ်ကွက်ပေါင်း (၂၅၃၁)ကျန် ရှိပါတယ်။ ကျန်ရှိသည့် မြို့နယ်များမှာ ကျိုင်းတုံမြို့နယ်၊ မိုင်းယန်းမြို့နယ်တို့ ဖြစ်ပါတယ်။

လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ထုတ်ပေးခြင်း လုပ်ငန်းနှင့် ပတ်သက်ပြီး ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့နှင့် တိုင်းဒေသကြီး/ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ (၅-၈-၂၀၁၃)ရက်နေ့ လုပ်ငန်းညှိနှိုင်း အစည်းအဝေးဆုံးဖြတ်ချက်အရ လယ်ယာမြေလုပ်ပိုင်ခွင့်လျှောက်လွှာများဖြန့်ဝေသည်မှ လယ်ယာမြေ လုပ်ပိုင်ခွင့်လက်မှတ် ပုံစံ-၇ ထုတ်ပေးနိုင်သည်အထိ ဆောင်ရွက်ရမည့် လုပ်ငန်းအဆင့်ဆင့်ကို မြေစာရင်းဦးစီးဌာန ဝန်ထမ်းများက

## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် သတ္တမပုံမှန် အစည်းအဝေး ပထမနေ့ရပ်နားကြောင်းနှင့် အစည်းအဝေးဒုတိယနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် သတ္တမပုံမှန် အစည်းအဝေး ပထမနေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် သတ္တမပုံမှန် အစည်းအဝေး ဒုတိယနေ့ကို မနက်ဖြန် ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ(၁၀)ရက် (အင်္ဂါနေ့) မွန်းလွဲ(၁း၀၀)နာရီအချိန်မှာ ဆက်လက် ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီ ခင်ဗျား။ အားလုံး ကျေးဇူးတင်ပါတယ်။



D/real(wide) (6



[ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌသည် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်]

**အခမ်းအနားမှူး။** အားလုံးထိုင်နိုင်ကြပါပြီ ခင်ဗျား ။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော်သတ္တမပုံမှန် အစည်းအဝေးဒုတိယနေ့မှာ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် များ စိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်(၁၄၀)ဦး ရှိတဲ့အနက် ယနေ့အစည်းအဝေးကို (၁၃၂)ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးရေ စုစုပေါင်း၏(၉၄ ဒသမ ၂၉)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ် ဦးရေဟာ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ(၁၈၀)၊ ပုဒ်မခွဲ(က)နဲ့တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ(၃၄)၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော် ဆိုင်ရာ နည်းဥပဒေပုဒ်မ(၃၅)၊နည်းဥပဒေခွဲ(ဂ)အရ အစည်းအဝေးစတင် ကျင်းပကြောင်း ကြေညာပါတယ်။

## ပြည်နယ်လွှတ်တော်အစည်းအဝေး ဒုတိယနေ့ အစီအစဉ် ကြေညာခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော် ဆိုင်ရာ နည်းဥပဒေ(၄)၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် ရှမ်းပြည်နယ်

လွှတ်တော်၊ သတ္တမပုံမှန် အစည်းအဝေး ဒုတိယနေ့အစီအစဉ်များကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ ဖြန့်ဝေထားသော အစီအစဉ်များအတိုင်း ဆက်လက်ကျင်းပပြုလုပ်သွားမှာ ဖြစ်ပါတယ်။

## အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော် ဆိုင်ရာ နည်းဥပဒေ(၄၄)၊ နည်းဥပဒေခွဲ(က)အရ ခွင့်ပန်ကြားဖို့လိုတဲ့ ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင် သော်လည်းကောင်း၊ မိမိအတွက် အခြားကိုယ်စားလှယ်(၁)ဦးကသော်လည်းကောင်း၊ ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။ဒီကနေ့ အစည်းအဝေးမတက်ရောက်နိုင်တဲ့ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ရှိလျှင် ယခု ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီးအောင်သူ၊ တပ်မတော်သားကိုယ်စားလှယ်။** လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သား ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဗိုလ်မှူးကြီးအောင်သူ ဖြစ်ပါတယ်။ ပင်းတယမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစဝ်အောင်မြတ်၊ ဝန်ကြီးချုပ်သည် အထူးကိစ္စရပ်ရှိပါသဖြင့် ယခုကျင်းပသော ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေးတွင် အစည်းအဝေး တက်ရောက်ခြင်းအား (၁၀. ၉. ၂၀၁၃) ရက်နေ့မှ (၁၂. ၉. ၂၀၁၃) ရက်နေ့အထိ(၃)ရက် ကင်းလွတ်ခွင့်ပြုပါရန် ဦးစဝ်အောင်မြတ် (ကိုယ်စား) လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ် ခင်ဗျား။





# ရှမ်းပြည်နယ်
# ပထမအကြိမ်ရှမ်းပြည်နယ်လွှတ်တော်
# သတ္တမပုံမှန်အစည်းအဝေး (ဒုတိယနေ့)မှတ်တမ်း
## ၁၃၇၅ ခုနှစ်၊ တော်သလင်းလဆန်း (၆)ရက်
## ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ (၁၀) ရက်
## [ အင်္ဂါနေ့ ]

**အချိန်၊ ၁၀း၀၀ ။**

တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ဒုတိယနေ့ အစီအစဉ်ကို နံနက်(၁၀း၀၀)နာရီအချိန်၌ စတင်ကျင်းပပါသည်။

ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးစိုင်းလုံးဆိုင်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ရှမ်းပြည်နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဦးက ဆောင်ရွက်ပါသည်။

## ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ မကြာမီ အချိန်အတွင်းမှာ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (ဒုတိယနေ့)အား ကျင်းပပြုလုပ်မည် ဖြစ်ပါသောကြောင့် ကိုယ်စားလှယ်တော်များ သတ်မှတ်ထားသော နေရာများမှာ နေရာယူပေးကြပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။

ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပြီ ခင်ဗျား ။

**ဦးပီတာသောင်းစိန်၊ ကျိုင်းတုံမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)။** လေးစားအပ်တဲ့ ရှမ်းပြည်နယ် လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ကျိုင်းတုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးပီတာသောင်းစိန် ဖြစ်ပါတယ်။ တာချီလိတ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်တင်မေထွန်းဟာ လယ်ယာမြေနှင့် အခြားမြေကိစ္စကွင်းဆင်းစစ်ဆေးရန် အရေးပေါ်ကိစ္စရှိပါသဖြင့် အစည်းအဝေး တက်ရောက်ခြင်းအား (၁၀-၉-၂၀၁၃)ရက်နေ့မှ (၁၃-၉-၂၀၁၃)ရက်နေ့ထိ (၄)ရက် ကင်းလွတ်ခွင့်ပြုပါရန် ဒေါ်တင်မေထွန်း ကိုယ်စားလေးစားစွာဖြင့် ခွင့်ပန်ကြား အပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ခွင့်ပန်ကြားမယ့် ကိုယ်စားလှယ် ရှိပါသေးသလား။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုရန် သဘောတူ ပါသလား ခင်ဗျား။

**[ ၃ ကြိမ်တိုင်တိုင် မေးပါသည်။ လွှတ်တော်က သဘောတူပါသည်။ ]**

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်ကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

**ဥက္ကဋ္ဌ**။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် သတ္တမပုံမှန် အစည်းအဝေး ဒုတိယနေ့ကို တက်ရောက်ခွင့်ရှိတဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးရေဟာ(၁၄၀)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၆)ဦး၊ ယနေ့ခွင့်ပန်ကြား သဖြင့် ခွင့်ပြုထားသူ(၂)ဦး၊ စုစုပေါင်းခွင့်ပန်ကြား၍ ခွင့်ပြုထားသူ(၈)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်မရှိပါ။





ပထမအကြိမ်ရှမ်းပြည်နယ်လွှတ်တော် စတုတ္ထ ပုံမှန်အစည်းအဝေး၌ တင်သွင်းသည့် ပုဂ္ဂလိကယာဉ်များ စနစ်တကျရေးဆွဲရေး ဥပဒေမူကြမ်းကို ပြင်ဆင်ရန် ဥပဒေပြုရေးဆိုင်ရာ ကော်မတီ၏ အကြံပေး အဆိုပြုချက်ဇယား၊ ပြင်ဆင်ထားတဲ့ ဇယားဆိုတာ ရှိပါတယ်။ ကျွန်တော့်အနေနဲ့ ဒါကိုတစ်ခုချင်း လွှတ်တော်ရဲ့ဆန္ဒကို ရယူမှာ ဖြစ်ပါတယ်။ စာမျက်နှာ ၁၊ ဥပဒေအမည်နှင့် ပတ်သက်လို့ အဆိုပြုချက်မှာ ပုဂ္ဂလိကယာဉ်များ စနစ်တကျပြေးဆွဲရေး ဥပဒေလို့ ဖော်ပြထားပြီး ဥပဒေပြုရေးဆိုင်ရာ ကော်မတီက ရှမ်းပြည်နယ် ပုဂ္ဂလိကယာဉ်များ စနစ်တကျ ပြေးဆွဲရေး ဥပဒေဆိုပြီး ဖော်ပြတာ ဖြစ်ပါတယ်။ ဒါကြောင့် သက်ဆိုင်ရာ ပြည်နယ်အစိုးရကနေ ရှင်းလင်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းနော်ခမ်း၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား၊ ပုဂ္ဂလိကယာဉ်များ စနစ်တကျပြေးဆွဲရေး ဥပဒေဆိုပြီး ဥပဒေအဆိုတင်သွင်းခဲ့ပါတယ်။ ဥပဒေကြမ်း ကော်မတီကနေလည်း ပိုမိုပြည့်စုံသွားအောင် ရှမ်းပြည်နယ်၊ ပုဂ္ဂလိကယာဉ်များ စနစ်တကျ ပြေးဆွဲရေး ဥပဒေဆိုပြီးတော့ ပြင်ဆင်ထားပါတယ်။ ဒီနေရာမှာ ကျွန်တော် စကားလုံးလေးတစ်လုံး ထပ်မံဖြည့်စွက်ခွင့်ပြုစေချင်ပါတယ်။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေထဲမှာ ပါပါတယ်။ ပုဂ္ဂလိကယာဉ်များ စနစ်တကျပြေးဆွဲနိုင်ရေး ဥပဒေဖြစ်တဲ့အတွက် အဲ့ဒီနေရာမှာ အရှေ့မှာ ရှမ်းပြည်နယ်ပုဂ္ဂလိကယာဉ်များ စနစ်တကျ ပြေးဆွဲနိုင်ရေး ဥပဒေဆိုပြီး "နိုင်" တစ်လုံးကို ဖြည့်စွက်ချင်ပါတယ်။

**ဥက္ကဋ္ဌ**။ ဥပဒေပြုရေးဆိုင်ရာ ကော်မတီတင်ပြပါ။ ဥပဒေပြုရေးဆိုင်ရာကော်မတီက သဘောတူတဲ့အတွက်

တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ(၄)၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေ ခွဲငယ်(၂)အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို ပြည်နယ်လွှတ်တော်ရဲ့ အတည်ပြုချက်ကိုရယူပါမယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး၊ ဒုတိယနေ့တက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုပါသလားခင်ဗျား။

**[သုံးကြိမ်တိုင်တိုင်မေးပါသည်။ လွှတ်တော်က အတည်ပြုပါသည်။ ]**

ပြည်နယ်လွှတ်တော်က အတည်ပြုတဲ့အတွက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို ပြည်နယ်လွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ပုဂ္ဂလိကယာဉ်များ စနစ်တကျပြေးဆွဲရေးဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းပြင်ဆင်ချက်အဆိုများ တင်သွင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၅) ဖြစ်ပါတယ်။ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ်ရှမ်းပြည်နယ်လွှတ်တော်၊ စတုတ္ထပုံမှန်အစည်းအဝေးရဲ့ ဒုတိယနေ့မှာ ရှမ်းပြည်နယ်အစိုးရ အဖွဲ့မှ တင်သွင်းခဲ့သော ပုဂ္ဂလိကယာဉ်များ စနစ်တကျပြေးဆွဲရေး ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ရှမ်းပြည်နယ် အစိုးရအဖွဲ့၏ အဆိုပြုချက်နှင့် ဥပဒေပြုရေးကော်မတီ၏ ပြင်ဆင်အဆိုပြုချက်များ တစ်ခုချင်း လွှတ်တော်ရဲ့ဆန္ဒကို ရယူသွားမှာဖြစ်ပါတယ်။





ရှမ်းပြည်နယ်ပုဂ္ဂလိကယာဉ်များ စနစ်တကျပြေးဆွဲနိုင်ရေး ဥပဒေကိုလွှတ်တော်က အတည်ပြုပါတယ်။ ဒါကြောင့် ရှမ်းပြည်နယ်ပုဂ္ဂလိကယာဉ်များ စနစ်တကျပြေးဆွဲနိုင်ရေး ဥပဒေဟာ ဥပဒေရဲ့ အစိတ်အပိုင်း ဖြစ်ကြောင်းကြေညာပါတယ်။

စာမျက်နှာ ၁ နိဒါန်း၊ မူလပြဋ္ဌာန်းချက်မှာ ရှမ်းပြည်နယ်အတွင်းရှိ သယ်ယူပို့ဆောင်ရေးလုပ်ငန်း အစား၊ ဥပဒေပြုရေးဆိုင်ရာကော်မတီက ရှမ်းပြည်နယ်အတွင်းရှိ ပုဂ္ဂလိက သယ်ယူပို့ဆောင်ရေးလို့ ပြင်ဆင်ထားပါတယ်။ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့က ရှင်းလင်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းနော်ခမ်း၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။** ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်ကို သဘောတူပါတယ်။

**ဥက္ကဋ္ဌ။** နောက်စာပိုဒ်တစ်ခုမှာ လုံခြုံချောမွေ့စွာပို့ဆောင်နိုင်ရန် လည်းကောင်းဆိုတဲ့ နေရာမှာ လုံခြုံချောမွေ့စွာပို့ဆောင်နိုင်ရန်နှင့်လို့ ဥပဒေကြမ်းကော်မတီက ပြင်ထားပါတယ်။

**ဦးစိုင်းနော်ခမ်း၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။** ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်ကို သဘောတူပါတယ်။

**ဥက္ကဋ္ဌ။** နောက်စာပိုဒ်တစ်ခုမှာ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများတွင် လိုအပ်ချက်များ ဖြည့်စွက် ဆောင်ရွက်နိုင်ရန်ဆိုတဲ့နေရာမှာ၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းယာဉ်များတွင်ဆိုတာပယ်ဖျက်ပြီး လိုအပ်ချက်များကို ဖြည့်စွက်ဆောင်ရွက်ရန်လည်းကောင်းလို့ ဥပဒေပြုရေး ကော်မတီကပြင်ထားပါတယ်။ ဒါနဲ့ပတ်သက်လို့ ဆွေးနွေးပါ။

**ဦးစိုင်းနော်ခမ်း၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။** ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်ကို သဘောတူပါတယ်။



D/real(wide) (7

**ဥက္ကဋ္ဌ။** ရှမ်းပြည်နယ် အစိုးရအဖွဲ့မှ ဥပဒေကြမ်း ကော်မတီရဲ့ ပြင်ဆင်ချက်ကို သဘောတူတဲ့ အတွက် ရှမ်းပြည်နယ် အတွင်းရှိ ပုဂ္ဂလိကယာဉ် သယ်ယူပို့ဆောင်ရေး၊ လုံခြုံချောမွေ့စွာ ပို့ဆောင်နိုင်ရန်နှင့် လိုအပ်သည့် လိုအပ်ချက်များကို ဖြည့်စွက် ဆောင်ရွက်ရန် လည်းကောင်း၊ ဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

**ဥက္ကဋ္ဌ။** နောက်ဥပဒေတစ်ခု ပုဒ်မ(၁)(က)စာမျက်နှာ ၁ ဖြစ်ပါတယ်။ ဤဥပဒေကို ပုဂ္ဂလိကယာဉ်များစနစ်တကျ ပြေးဆွဲနိုင်ရေးဥပဒေဆိုတဲ့ နေရာမှာ ရှမ်းပြည်နယ်ပုဂ္ဂလိကယာဉ်များ စနစ်တကျပြေးဆွဲနိုင်ရေးဥပဒေဖြစ်ပါတယ်။

ဒါကတော့ သဘောတူပြီးသားဖြစ်ပါတယ်။ နောက် ပုဒ်မ(၂)(ဆ) စာမျက်နှာ ၂၊ မူလအဆိုပြု ပြဋ္ဌာန်းချက်မှာ ပုဂ္ဂလိကယာဉ်ဆိုသည်မှာ နိုင်ငံတော်ယာဉ်မှ တစ်ပါး၊ ကျန်ပုဂ္ဂလိကယာဉ် တစ်မျိုးမျိုးကို ဆိုလိုသည်လို့ ဖော်ပြထားပြီးတော့ ဥပဒေပြုရေး ဆိုင်ရာကော်မတီကတော့ ခရီးသည်များကိုဖြစ်စေ၊ ကုန်စည်များကို ဖြစ်စေ သယ်ယူပို့ဆောင်ရန် အလို့ငှာ ရှမ်းပြည်နယ်အတွင်း အများပြည်သူဆိုင်ရာလမ်းများပေါ်တွင် စက်အားဖြင့်၊ မောင်းနှင်ခြင်း၊ ဆွဲငင်ခြင်းဖြင့် အသုံးပြုသည့် စက်တပ်ယာဉ်၊ ဝန်တင်ယာဉ်၊ နောက်တွဲယာဉ်၊ ထော်လာဂျီ၊ သုံးဘီးဆိုင်ကယ် ယာဉ်တစ်မျိုးမျိုးတို့ကို ဆိုလိုသည်။

သီးခြားဥပစာဝန်း၌ အသုံးပြုသောယာဉ်၊ စီးပွားရေးကိစ္စမှ တစ်ပါး အခြားကိစ္စများအတွက် အသုံးပြုသော မော်တော်ယာဉ် တစ်ခုခုလို့ ဖော်ပြထားပါတယ်။ ဒါနဲ့ပတ်သက်လို့ ဥပဒေပြုရေး ဆိုင်ရာကော်မတီက ဆွေးနွေးပေးပါ။ ရှမ်းပြည်နယ် အစိုးရအဖွဲ့ မှလည်း ဒါနဲ့ပတ်သက်လို့ ဆွေးနွေးပေးပါ။



D/real(wide) (7



မပိုသော အဖွဲ့ဝင်များ ပါဝင်ရမည်။ ဥက္ကဋ္ဌသည်ဆိုတဲ့ စာသား အစား ဥက္ကဋ္ဌသည် ကော်မတီ၏ ဘဏ္ဍာရေးနှင့် ဝန်ထမ်းရေးရာ ကိစ္စများ ဆောင်ရွက်ရန် တာဝန်များကို ကော်မတီများထဲမှ အများဆန္ဒဖြင့် ရွေးချယ်၍တာဝန်ပေးအပ်ရမည်လို့ ဦးကိန်မိုင်၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်၊ မူဆယ်မြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၂)က ပြင်ဆင်ထားပါတယ်။ ဒါနဲ့ပတ်သက်လို့ ပြည်နယ် အစိုးရအဖွဲ့အနေနဲ့ ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းနော်ခမ်း၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌ ကြီးခင်ဗျား။ ကော်မတီတွင် ဥက္ကဋ္ဌနှင့် တစ်ဆယ့်နှစ်ဦးထက်မပိုသော အဖွဲ့ဝင်များပါဝင်ရမည်လို့ ပါရှိထားပါတယ်။

ဒီနေရာမှာ ကျွန်တော်တို့ကို ဥပဒေကြမ်းကော်မတီက ပြန်လည်ပေးပို့လာတဲ့ ကိစ္စမှာ ဥက္ကဋ္ဌမှာ ကော်မတီ၏ ဘဏ္ဍာရေးနှင့် ဝန်ထမ်းရေးရာကိစ္စရပ်များ ဆောင်ရွက်ရန် တာဝန်ခံများကို ကော်မတီဝင်များထဲမှ အများဆန္ဒဖြင့်ရွေးချယ်၍ တာဝန်ပေးအပ် ရမည်ဆိုတော့ ကျွန်တော်တို့ ပြောတာသည် တစ်ဆယ့်နှစ်ဦးထက် မပိုသော အဖွဲ့ဝင်ကို ပြောပါတယ်။

အဖွဲ့ဝင်ကို ဘယ်လိုရွေးချယ်ရမယ်ဆိုတာ မပါပါဘူး။ ပြင်ဆင်ချက်သည် နည်းနည်းကွဲလွဲမှု ဖြစ်နေပါတယ်။ ဥပဒေကြမ်း ကော်မတီက ဒါကိုဆွေးနွေးပေးမယ်ဆိုလျှင် ပိုမိုသင့်လျော် ပါတယ်လို့ တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** အစိုးရအဖွဲ့အနေနဲ့ မူလအဆိုပြုချက်ကို သဘောတူတဲ့သဘော ဖြစ်ပါတယ်။ ကော်မတီတွင် ဥက္ကဋ္ဌနှင့် တစ်ဆယ့်နှစ်ဦးထက်မပိုသော အဖွဲ့များပါဝင်ရမည် ဆိုတဲ့နေရာမှာ ဒီစာသားနဲ့ ပတ်သက်လို့ ဥပဒေပြုရေးဆိုင်ရာ ကော်မတီအနေနဲ့ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဥပဒေပြုရေးဆိုင်ရာကော်မတီ။** ဆွေးနွေးရန်မရှိပါ။

**ဥက္ကဋ္ဌ။** ဒီကိစ္စနှစ်ခုနဲ့ပတ်သက်လို့ လွှတ်တော်ရဲ့ ဆန္ဒကို ရယူပါ့မယ်။ ကော်မတီတွင် ဥက္ကဋ္ဌနှင့် တစ်ဆယ့်နှစ်ဦးထက်မပိုသော အဖွဲ့ဝင်များပါဝင်ရမည် ဥက္ကဋ္ဌသည်ဆိုပြီး မူလအဆိုပြုချက်တွင် ပါဝင်ပြီး ကျွန်တော်တို့ ပြင်ဆင်ချက်မှာ ဥက္ကဋ္ဌသည် ကော်မတီ၏ ဘဏ္ဍာရေးနှင့် ဝန်ထမ်းများရေးရာ ကိစ္စများ ဆောင်ရွက်ရန် တာဝန်ခံများကို ကော်မတီဝင်များထဲမှ အများဆန္ဒဖြင့် ရွေးချယ်၍ တာဝန်ပေးအပ်ရမည် ဖြစ်ပါတယ်။

ဒါကြောင့် မူရင်းအဆိုပြုချက် ဖြစ်တဲ့ ကော်မတီတွင် ဥက္ကဋ္ဌနှင့် တစ်ဆယ့်နှစ်ဦးထက် မပိုသောအဖွဲ့ဝင်များ ပါဝင်ရမည်ဆိုတဲ့ စာသားကိုသဘောတူတဲ့ ကိုယ်စားလှယ်များ မိမိနေရာမှာဘဲ မတ်တပ်ရပ်ပါ။ အားလုံး ထိုင်နိုင်ပါတယ်။ မတ်တပ်ရပ်ဆန္ဒပြုသော ဦးရေသည် အစည်းအဝေး တက်ရောက်တဲ့ ဦးရေထက်ဝက်ထက် များတဲ့အတွက် ကော်မတီတွင် ဥက္ကဋ္ဌနှင့် တစ်ဆယ့်နှစ်ဦးထက် မပိုသော အဖွဲ့ဝင်များပါဝင်ရမည်ဆိုတဲ့ စာသားသည် ဥပဒေ၏ အစိတ်အပိုင်း ဖြစ်ကြောင်း ကြေညာပါတယ်။

အပိုဒ်(၇)၊စာမျက်နှာ ၃၊ ပုဒ်မ ၅ ဖြစ်ပါတယ်။ မူလ ပြဋ္ဌာန်းချက်မှာ ကော်မတီ၏ သက်တမ်းသည် ၂/၃နှစ်ဖြစ်သည်။ သဘောကတော့ ၂နှစ်(သို့မဟုတ်)၃နှစ် ဖြစ်သည်လို့ ဖော်ပြထားပြီး ဦးစိုင်းခမ်းကျော်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ကျောက်မဲ မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ကော်မတီ၏ သက်တမ်းသည် ၃နှစ်ဖြစ်သည်လို့ ပြင်ဆင်ထားပါတယ်။ ဒါနဲ့ပတ်သက်လို့ ပြည်နယ်အစိုးအဖွဲ့မှ ရှင်းလင်းပေးဖို့ ဖြစ်ပါတယ်။



D/real(wide) (7



**ဦးစိုင်းနော်ခမ်း၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။**
လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ကတော့ ဥပဒေပြုရေးမှာ ပုဂ္ဂလိကပိုင်ယာဉ်တစ်မျိုးမျိုးကို ဆိုလိုသည်ဆိုတဲ့ နေရာကို အကျယ်မချဲ့တော့ဘဲ နည်းဥပဒေမှာသာ ယခုလိုမျိုး ခရီးသည်များကို ဖြစ်စေ၊ ကုန်စည်များကို ဖြစ်စေဆိုတဲ့ စာပိုဒ်ကို ပြန်လည် ပြောင်းလဲဖြည့်စွက်တာကတော့ ပိုမိုပြည့်စုံသွားတဲ့အတွက် အငြင်းပွားစရာ မရှိပါဘူး။ သဘောတူပါတယ်။

**ဥက္ကဋ္ဌ။** ဒါကြောင့်ဒီစာပိုဒ်နဲ့ ပတ်သက်လို့ ဥပဒေပြုရေး ဆိုင်ရာ ကော်မတီ၏ ပြင်ဆင်ချက်သည် ဥပဒေ၏ အစိတ်အပိုင်း ဖြစ်ကြောင်း ကြေညာပါတယ်။

စာမျက်နှာ(၂)၊ အပိုဒ်(၅)ပုဒ်မ ၃ ဖြစ်ပါတယ်။ အဲ့ဒီမှာ မူလပြဋ္ဌာန်းချက်မှာ ဝန်ကြီးသည် ရှမ်းပြည်နယ် အတွင်းရှိ မော်တော်ယာဉ်ဖြင့် ဆိုတဲ့စာသားအစား ဝန်ကြီးသည် ရှမ်းပြည်နယ် အတွင်းရှိ ပုဂ္ဂလိကယာဉ်ဖြင့်လို့ ပြင်ဆင်ထားပါတယ်။ ဒါနဲ့ ပတ်သက်လို့ အစိုးရအဖွဲ့မှ ဆွေးနွေးပေးပါ။

**ဦးစိုင်းနော်ခမ်း၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။**
ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်ကို သဘောတူပါတယ်။

**ဥက္ကဋ္ဌ။** ဥပဒေကြမ်းရဲ့ ပြင်ဆင်ချက်ကို သဘောတူတဲ့ အတွက် ဝန်ကြီးသည် ရှမ်းပြည်နယ်အတွင်းရှိယာဉ်ဖြင့် ဆိုတဲ့ စာသားသည် ဥပဒေ၏အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာ ပါတယ်။

အပိုဒ်(၆)၊ ပုဒ်မ(၄) စာမျက်နှာ ၃ ၊ မူလအဆိုပြု ပြဋ္ဌာန်းချက်မှာ ကော်မတီတွင် ဥက္ကဋ္ဌနှင့် တစ်ဆယ့်နှစ်ဦးထက်

**ဦးစိုင်းနော်ခမ်း၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။**
လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌ ကြီးခင်ဗျား။ ကျွန်တော်တို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ တင်သွင်းတဲ့ ဥပဒေကို ၂နှစ်နဲ့ ၃နှစ် နေရာမှာ လွှတ်တော်ရဲ့ ဆန္ဒကိုရယူလိုခြင်း ဖြစ်တဲ့အတွက် ၂နှစ် သို့မဟုတ် ၃နှစ်ဆိုပြီးတော့ ထည့်သွင်းဖော်ပြ ခဲ့တာဖြစ်ပါတယ်။
ယခုပြင်ဆင်ချက်အဆိုဖြစ်တဲ့ ကော်မတီရဲ့သက်တမ်း ၃နှစ်ဖြစ်သည်ဆိုတဲ့ အဆိုကို သဘောတူလက်ခံပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းခမ်းကျော် ပြင်ဆင်ထားတဲ့ ကော်မတီ၏ သက်တမ်းသည် ၃နှစ်ဖြစ်သည်ဆိုတဲ့ စာသားသည် ဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာ ပါတယ်။
အပိုဒ်(၈)၊ ပုဒ်မ(၆)စာမျက်နှာ ၃ဖြစ်ပါတယ်။ မူလအဆိုပြု ပြဋ္ဌာန်းချက်မှာ အဖွဲ့ဝင် တစ်ဦးဦးကိုဖြစ်စေ တာဝန်ပေးရန်မသင့်လို့ ဖော်ပြထားပြီး ဥပဒေပြုရေး ဆိုင်ရာကော်မတီရဲ့ ပြင်ဆင်ချက်မှာ အဖွဲ့ဝင်တစ်ဦးဦးကိုဖြစ်စေ ဆက်လက် တာဝန်ပေးအပ်ရန် မသင့်လို့ ပြင်ဆင်ထားပါတယ်။ ဒါနဲ့ ပတ်သက်လို့ ပြည်နယ်အစိုးရအဖွဲ့ရဲ့ သဘောထားကို သိရှိလိုပါတယ်။

**ဦးစိုင်းနော်ခမ်း၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။**
လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌ ကြီးခင်ဗျား။ အဖွဲ့ဝင် တစ်ဦးဦးကိုဖြစ်စေ တာဝန်ပေးရန်မသင့် ဆိုတဲ့နေရာမှာ ဒီလူသည် အရည်အချင်းပျက်ယွင်းသွားခြင်း ဖြစ်တဲ့အတွက် သူ့ကို တာဝန်ပေးအပ်ရန်မသင့်ဟု ပြုစုရေးသားထားခြင်း ဖြစ်ပါတယ်။ ပြင်ဆင်ချက်အဆိုဖြစ်တဲ့ အဖွဲ့ဝင် တစ်ဦးဦးကိုဖြစ်စေ ဆက်လက်



D/real(wide) (7



ဥပဒေပြုရေးဆိုင်ရာကော်မတီကနေပြီးတော့ တရားစွဲဆိုနိုင်ခွင့်၊ တရားစွဲဆိုခံနိုင်ခွင့်လို့ ပြင်ဆင်ထားပါတယ်။ ဒါနဲ့ပတ်သက်လို့ ပြည်နယ်အစိုးရအဖွဲ့မှ ဆွေးနွေးနိုင်ပါတယ်။

**ဦးစိုင်းနော်ခမ်း၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။**
ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်ကို သဘောတူပါတယ်။

**ဥက္ကဋ္ဌ။** ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဥပဒေပြုရေးဆိုင်ရာ ကော်မတီရဲ့ ပြင်ဆင်ချက်ကို သဘောတူတဲ့ အတွက် တရားစွဲဆို နိုင်ခွင့်၊ တရားစွဲဆိုခံနိုင်ခွင့်သည် ဤဥပဒေ၏ အစိတ်အပိုင်း ဖြစ်ကြောင်း ကြေညာပါတယ်။
အခန်း(၃)၊ ခေါင်းစဉ်၊ စာမျက်နှာ(၄)ဖြစ်ပါတယ်။ အဆိုပြုပြဋ္ဌာန်းချက်မှာ အမည်နှင့် အဓိပ္ပါယ်ဖော်ပြချက်လို့ ပါရှိပြီးတော့မှ ပြင်ဆင်ချက်မှာကတော့ ကော်မတီ၏ တာဝန် ဝတ္တရားများ ပြင်ဆင် ထားတာတွေ့ရှိရပါတယ်။ ဒါကြောင့် ပြည်နယ်အစိုးရအဖွဲ့ အနေနဲ့ ဒီကိစ္စနဲ့ ပတ်သက်လို့ ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းနော်ခမ်း၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။**
ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်ကို သဘောတူပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်အစိုးရအဖွဲ့မှ ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်ကို သဘောတူတဲ့အတွက် ကော်မတီ၏ တာဝန် ဝတ္တရားများ ဆိုတဲ့စာသားသည် ဤဥပဒေ၏အစိတ်အပိုင်း ဖြစ်ကြောင်း ကြေညာပါတယ်။

စာပိုဒ်(၁၁)၊ ပုဒ်မ(၁၂)၊ စာမျက်နှာ (၅) မူလအဆိုပြု ပြဋ္ဌာန်းချက်မှာ အောက်ပါတို့လည်း ပါဝင်ရမည်။ ပြင်ဆင်ချက်မှာ ကတော့ အောက်ပါလုပ်ငန်းများကိုလည်း ဆောင်ရွက်ရမည်လို့ ပြင်ဆင်ထား ပါတယ်။ ဒါနဲ့ပတ်သက်လို့ကတော့ ပြည်နယ်အစိုးရ အဖွဲ့ကနေ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးစိုင်းနော်ခမ်း၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။** ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်ကို သဘောတူပါတယ်။

**ဥက္ကဋ္ဌ။** ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်ကို သဘောတူတဲ့အတွက် အောက်ပါလုပ်ငန်းများကိုလည်း ဆောင်ရွက်ရမည်ဆိုတဲ့ စာသားသည် ဤဥပဒေ၏ အစိတ်အပိုင်း ဖြစ်ကြောင်း ကြေညာပါတယ်။

စာမျက်နှာ(၃)၊ ပုဒ်မ(၁၂)(က)စာမျက်နှာ ၅၊ အဆိုပြု ပြဋ္ဌာန်းချက်မှာ စီမံခန့်ခွဲမှုအောက်သို့ ပိုမိုဝင်ရောက်နိုင်စေရန် စည်းရုံးဆိုပြီးတော့မှ ဖော်ပြထားပြီးတော့ ပြင်ဆင်ချက်ဇယားမှာ စီမံခန့်ခွဲမှု အောက်သို့လာရောက်နိုင်စေရေး ပိုမိုစည်းရုံးစကားလုံး များကိုထုတ်ထားပါတယ်။

စီမံခန့်ခွဲမှုအောက်သို့ ဝင်ရောက်လာနိုင်ရေး ဖြစ်ပါတယ်။ ပိုမိုဆိုတဲ့စကားကို ဖြုတ်ထား ပါတယ်။ ဒါနဲ့ပတ်သက်လို့ ပြည်နယ် အစိုးရအဖွဲ့အနေနဲ့ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးစိုင်းနော်ခမ်း၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။** ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်ကို သဘောတူပါတယ်။



D/real(wide) (7



တာဝန်ပေးရန်မသင့် ဆိုတဲ့နေရာမှာ ဆက်လက်ဟူသော စာသားသည် သက်တမ်း (၃)နှစ်အတွင်းမှာ ဆက်လက်တာဝန် ပေးအပ်ရန် မသင့်သော်လည်း နောက်တစ်ကြိမ်တွင် တာဝန်ပေးလို့ ရသည်ဟု အဓိပ္ပာယ်သက်ရောက်ပါတယ်။ ကျွန်တော်တို့ တာဝန် ပေးအပ်ရန် မသင့်ဘူးဟု ဖော်ပြရာတွင် မည်သည့်အချိန်အခါမှ တာဝန်ပေးအပ်ရန် မသင့်ဘူးလို့ ဖော်ပြခြင်းဖြစ်ပါတယ်။ လွှတ်တော်ရဲ့ အဆုံးအဖြတ် ကိုခံယူပါမယ်။

**ဥက္ကဋ္ဌ။** ဥပဒေပြုရေးဆိုင်ရာ ကော်မတီကနေပြီးတော့မှ ဒီကိစ္စနဲ့ပတ်သက်လို့ ဆွေးနွေး နိုင်ပါတယ်။

**ဥပဒေပြုရေးဆိုင်ရာကော်မတီ။** ဒီအပိုဒ်ရဲ့ ဆိုလိုရင်းကတော့ ကျွန်တော်တို့ ကော်မတီရဲ့ သက်တမ်းသည် ၃နှစ် ဖြစ်သည်ဟု လုပ်ထားပါတယ်။ ၃နှစ် ပြည့်သွားရင် ဆက်လက်ပြီးတော့ တာဝန်ပေးအပ်ရန် မသင့် ဆိုတဲ့ရည်ရွယ်ခြင်း ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ဒါကြောင့် ဒီအပိုဒ်နဲ့ ပတ်သက်လို့ လွှတ်တော်ရဲ့ ဆန္ဒခံယူပါမယ်။ မူလအဆိုပြု ပြဋ္ဌာန်း ချက်ဖြစ်တဲ့ အဖွဲ့ဝင် တစ်ဦးဦးကို ဖြစ်စေ၊ တာဝန်ပေးအပ်ရန် မသင့်ဆိုတဲ့ စာသားကိုအသုံးပြုရန် သဘောတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် မိမိနေရာမှာ မတ်တပ်ရပ်ပေးဖို့ဖြစ်ပါတယ်။

ထိုင်နိုင်ပါပြီ။ ဆန္ဒပြုသော ကိုယ်စားလှယ်ဦးရေသည် ဆန္ဒမပြုသော ကိုယ်စားလှယ်ဦးရေထက်များတဲ့ အတွက် အဖွဲ့ဝင်တစ်ဦးဦးကိုဖြစ်စေ တာဝန်ပေးအပ်ရန် မသင့်ဆိုတဲ့ စာသားသည် ဤဥပဒေ၏ အစိတ်အပိုင်း ဖြစ်ကြောင်း ကြေညာ ပါတယ်။

အပိုဒ်(၉)၊ ပုဒ်မ(၁၀)၊ စာမျက်နှာ ၄၊ မူလအဆိုပြု ပြဋ္ဌာန်းချက်မှာ တရားစွဲဆိုနိုင်ခွင့်၊ စွဲဆိုခံပိုင်ခွင့်လို့ ဖော်ပြပြီးတော့မှ

**ဥက္ကဋ္ဌ။** ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်ကို သဘောတူတဲ့အတွက် စီမံခန့်ခွဲမှု အောက်သို့ ဝင်ရောက်လာနိုင်စေရေး ဆိုတဲ့စာသားဟာ ဤဥပဒေရဲ့အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

အပိုဒ်(၁၃)ဖြစ်ပါတယ်။ ပုဒ်မ(၁၂)(ဂ)စာမျက်နှာ ၅၊ မူလအဆိုပြုပြဋ္ဌာန်းချက်မှာ ခရီးစဉ် တိုးချဲ့ခြင်းလို့ ဖော်ပြပြီးတော့မှ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်မှာကတော့ ခရီးစဉ်တိုးချဲ့ ပြေးဆွဲခြင်း လို့ဖော်ပြထားပါတယ်။
ဒါနဲ့စပ်လျဉ်းပြီး ပြည်နယ်အစိုးရအဖွဲ့အနေနဲ့ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးစိုင်းနော်ခမ်း၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။** ဥပဒေကြမ်းကော်မတီရဲ့ ဖြည့်စွက်ချက်ကို သဘောတူပါတယ်။

**ဥက္ကဋ္ဌ။** ဒါကြောင့်ခရီးစဉ် တိုးချဲ့ပြေးဆွဲခြင်းဆိုတဲ့ စာသားသည် ဤဥပဒေ၏ အစိတ်အပိုင်း ဖြစ်ကြောင်း ကြေညာပါတယ်။

အပိုဒ်(၁၄)၊ ပုဒ်မ(၁၂)(ဃ)၊ စာမျက်နှာ ၅ဖြစ်ပါတယ်။ အဆိုပြုပြဋ္ဌာန်းချက်မှာ ပုဒ်မခွဲ (က)ကိုအသစ်ဖြည့်စွက် အကြံပြုခြင်းဖြစ်ပါသည်။ မူလပုဒ်မခွဲ(က) မှာ (င)အဖြစ်သို့လည်းကောင်း၊ ပုဒ်မခွဲ(င)မှာ (စ)အဖြစ်သို့လည်းကောင်း၊ ပုဒ်မခွဲ(စ)မှာ (ဆ)အဖြစ်သို့လည်းကောင်း ပြောင်းလဲသွားမည် ဖြစ်ပါသည်။

ဥပဒေပြုရေးဆိုင်ရာကော်မတီရဲ့ စာသားမှာ ပုဒ်မခွဲ (၁၂)(ဃ)၏ ဖြည့်စွက် ပုဒ်မခွဲ အသစ်မှာ ခရီးသည်နှင့် ကုန်စည် ပို့ဆောင်မှုအတွက် မော်တော်ယာဉ်ဂိတ်နှင့် ယာဉ်ရပ်နားစခန်းများကို မြို့တွင်း၊ ရပ်ကွက်၊ လမ်းမ၊ လမ်းကြားများတွင် ယာဉ်ကြောပိတ်ဆို့မှု မရှိစေရန်အတွက် သတ်မှတ်ထားသည့်



D/real(wide) (7



လုပ်သားများနှင့် ဝန်ထမ်းများအားဆိုတဲ့ စာသားကို ဥပဒေပြုရေးဆိုင်ရာ ကော်မတီက ကော်မတီရုံး၏ဝန်ထမ်းများလို့ ပြင်ဆင်ထားပါတယ်။ ဒါနဲ့ပတ်သက်လို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးကဆွေးနွေးပေးပါ။

**ဦးစိုင်းနော်ခမ်း၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။** ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင် အဆိုပြုချက်ကို သဘောတူပါတယ်။

**ဥက္ကဋ္ဌ။** ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်ကို သဘောတူတဲ့အတွက် ကော်မတီရုံး၏ တာဝန်များအားဆိုတဲ့ စာသားသည် ဤဥပဒေ၏အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

အပိုဒ်(၁၆)၊ အဆိုပြုပြဋ္ဌာန်းချက်မှာ တိုင်းဒေသကြီးအဆင့်လို့ ဖော်ပြထားပြီး ပြင်ဆင်ချက်မှာ ပြည်နယ်အဆင့်လို့ ပြင်ဆင်ထားပါတယ်။ ဒါနဲ့ပတ်သက်လို့ ဆွေးနွေးပေးပါ။

**ဦးစိုင်းနော်ခမ်း၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။** ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက်ကို သဘောတူပါတယ်။

**ဥက္ကဋ္ဌ။** ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်ကို သဘောတူတဲ့အတွက် ပုဒ်မ(၁၃)(ဂ)၊ စာမျက်နှာ ၆မှာ၊ ပြည်နယ်အဆင့်ဆိုတဲ့ စာသားသည်ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

ပုဒ်မ(၁၇)၊ ပုဒ်မ(၁၃)(ဆ)၊ စာမျက်နှာ ၇၊ အစိုးရအဖွဲ့က အခါအားလျော်စွာဆိုတဲ့ အဆိုပြု ပြဋ္ဌာန်းချက်အစား ပြင်ဆင်ချက်ကတော့ ဝန်ကြီးဌာနက အခါအားလျော်စွာလို့ ပြင်ဆင်ထားပါတယ်။ ဒါနဲ့ပတ်သက်လို့ အစိုးရအဖွဲ့ကနေ ဆွေးနွေးပေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းနော်ခမ်း၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။** ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက်ကို သဘောတူပါတယ်။

**ဥက္ကဋ္ဌ။** ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်ကို သဘောတူတဲ့အတွက် ဝန်ကြီးဌာနက အခါအားလျော်စွာ ဆိုတဲ့ စာသားသည် ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

စာမျက်နှာ (၄)ဖြစ်ပါတယ်။ အပိုဒ်(၁၈)၊ ပုဒ်မ(၁၄)(ဂ)၊ စာမျက်နှာ(၇) အဆိုပြုပြဋ္ဌာန်းချက်မှာ သီးခြားဘဏ်စာရင်းများ ဖွင့်လှစ်ထားရှိ၍ လုပ်ထုံးလုပ်နည်းများဆိုတဲ့ စာသားအစား သီးခြားဘဏ်စာရင်း ဖွင့်လှစ်ထားရှိ၍ နိုင်ငံခြားငွေသုံးစွဲခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများလို့ ပြင်ဆင်ထားပါတယ်။ ဒါနဲ့ပတ်သက်လို့ အစိုးရအဖွဲ့မှ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးစိုင်းနော်ခမ်း၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။** ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင် အဆိုပြုချက်ကို သဘောတူပါတယ်။





ယာဉ်ရပ်နားစခန်းများတွင်သာ ရပ်နားစေနိုင်ရေးကို ဝန်ကြီးဌာနသို့ တင်ပြ၍ ခွင့်ပြုချက် ရယူကာ ဆောင်ရွက်ရမည်ဟု ပြင်ဆင်ထားပါတယ်။ ဒါနဲ့ပတ်သက်လို့ ပြည်နယ်အစိုးရအဖွဲ့ အနေနဲ့ ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းနော်ခမ်း၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။** လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေးအတွက် ယာဉ်ရပ်နားစခန်းတွေကို မြို့ပြင်တွေမှာ နေရာသတ်မှတ်ထားပြီး ဖြစ်ပါတယ်။ မြို့တွင်းထဲမှာလည်း ပေးမရပ်ပါဘူး။ မော်တော်ယာဉ် ပို့ဆောင်ရေး ပို့/ဆက်လို့ ခေါ်တဲ့ ဦးစီးဌာနအနေနဲ့လည်း စည်းမျဉ်း၊ စည်းကမ်းများ ရှိထားပြီး ဖြစ်တဲ့အတွက် ဒီဥပဒေကို ထည့်သွင်းခြင်း မပြုတာဖြစ်ပါတယ်။

ဥပဒေကြမ်းကော်မတီက ပိုမိုကောင်းမွန် ပြည့်စုံအောင် အပိုဒ်(၁၂)(ဃ)ကို ဖြည့်စွက်တဲ့ အတွက်လည်း သဘောတူပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့ ဖြည့်စွက်ချက်ကို သဘောတူပါတယ်။

**ဥက္ကဋ္ဌ။** ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးက ဥပဒေကြမ်းကော်မတီရဲ့ ဖြည့်စွက်ချက်ကို သဘောတူတဲ့အတွက် ခရီးသည်နှင့် ကုန်စည်ပို့ဆောင်မှုအတွက် မော်တော်ယာဉ်ဂိတ်နှင့် ယာဉ်ရပ်နားစခန်းများကို မြို့တွင်း၊ ရပ်ကွက်၊ လမ်းမ၊ လမ်းကြားများတွင် ယာဉ်ကြောပိတ်ဆို့မှု မရှိစေရန် အတွက် သတ်မှတ်ထားသည့် ယာဉ်ရပ်နားစခန်းများတွင်သာ ရပ်နားစေရေးကို ဝန်ကြီးဌာနသို့ တင်ပြ၍ ခွင့်ပြုချက်ရယူကာ ဆောင်ရွက်ရမည်ဆိုတဲ့ စာသားသည် ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

အပိုဒ်(၁၅)ဖြစ်ပါတယ်။ ပုဒ်မ(၁၃)(ခ)၊ စာမျက်နှာ ၆၊ အဆိုပြုပြဋ္ဌာန်းချက်မှာ မော်တော်ယာဉ် ပိုင်ရှင်များ၊ မော်တော်ယာဉ်



D/real(wide) (7

**ဥက္ကဋ္ဌ။** ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်ကို သဘောတူတဲ့အတွက် သီးခြားဘဏ်စာရင်း ဖွင့်လှစ်ထားရှိ၍ နိုင်ငံခြားငွေသုံးစွဲခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများဆိုတဲ့ စာသားသည် ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

အပိုဒ်(၁၉)၊ ပုဒ်မ(၁၆)စာမျက်နှာ (၈)၊ မူလအဆိုပြုပြဋ္ဌာန်းချက်မှာ စစ်ဆေးခြင်း ပြုနိုင်ရန် အလို့ငှာ ငွေစာရင်း လုပ်ထုံးလုပ်နည်းလို့ ဖော်ပြပြီးတော့မှ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်ကတော့ စစ်ဆေးခြင်း ပြုနိုင်ရန် အလို့ငှာ အစိုးရဌာနများ နည်းတူ ငွေစာရင်း လုပ်ထုံးလုပ်နည်းလို့ ပြင်ဆင်ထားပါတယ်။ ဒါနဲ့ပတ်သက်လို့ ပြည်နယ်အစိုးရအဖွဲ့က ဆွေးနွေးပေးပါ။

**ဦးစိုင်းနော်ခမ်း၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။** ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင် ဖြည့်စွက်ချက်ကို သဘောတူပါတယ်။

**ဥက္ကဋ္ဌ။** ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူတဲ့အတွက် စစ်ဆေးခြင်း ပြုနိုင်ရန် အလို့ငှာ အစိုးရဌာနများနည်းတူ ငွေစာရင်း လုပ်ထုံးလုပ်နည်းဆိုတဲ့ စာသားဟာ ဤဥပဒေ၏ အစိတ်အပိုင်း ဖြစ်ကြောင်း ကြေညာပါတယ်။

အပိုဒ်(၂၀)၊ ပုဒ်မ(၁၉)၊ အဆိုပြုပြဋ္ဌာန်းချက်မှာ ကျူးလွန်ကြောင်း သတ်မှတ်ထားသော တရားရုံးက ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင်သော်လည်းကောင်းဆိုတဲ့ စာသားမှာ ကျူးလွန်ကြောင်း တွေ့ရှိလျှင်ဆိုပြီး ပြင်ဆင်ထားပါတယ်။ ဒါကြောင့်မို့ ဒါနဲ့ပတ်သက်လို့ ပြည်နယ်အစိုးရအဖွဲ့အနေနဲ့ ဆွေးနွေးနိုင်ပါတယ်။



D/real(wide) (7



**ဦးစိုင်းနော်ခမ်း၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။** ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင် ဖြည့်စွက်ချက်ကို သဘောတူပါတယ်။

**ဥက္ကဋ္ဌ။** ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်ကို သဘောတူတဲ့အတွက် သက်ဆိုင်ရာနှင့် ညှိနှိုင်း၍ လိုင်စင် မှတ်ပုံတင်ဆိုတဲ့ စာသားဟာ ဤဥပဒေရဲ့အစိတ်အပိုင်း ဖြစ်ကြောင်း ကြေညာပါတယ်။

အပိုဒ်(၂၃)၊ ပုဒ်မ(၂၂)၊ စာမျက်နှာ (၁၁) မူလမှာကတော့ အဆိုပြုပြဋ္ဌာန်းချက်မှာ ထိုကော်မတီနှင့် ကော်မတီဝန်ထမ်းကို ဆိုတဲ့နေရာမှာ ဥပဒေပြုရေးဆိုင်ရာကော်မတီကနေ ထိုသူတို့ကို လို့ပြင်ထားပါတယ်။ ဒါနဲ့ပတ်သက်လို့ ပြည်နယ်အစိုးရအဖွဲ့က ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးစိုင်းနော်ခမ်း၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။** ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင် အဆို ပြုချက်ကို သဘောတူပါတယ်။

**ဥက္ကဋ္ဌ။** ဥပဒေပြုရေးဆိုင်ရာကော်မတီရဲ့ ပြင်ဆင်ချက်ကို သဘောတူတဲ့အတွက် ထိုသူတို့ကိုဆိုတဲ့ စာသားသည် ဤဥပဒေရဲ့ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

အပိုဒ်(၂၄)၊ စာမျက်နှာ (၁၂)၊ ပုဒ်မ(၁၂)(ဃ)၊ မူလအဆိုပြုပြဋ္ဌာန်းချက်မှာ လိုအပ်သော နည်းလမ်းများလို့ ဆိုတဲ့နေရာမှာ လိုအပ်သော နည်းဥပဒေများလို့ ပြင်ဆင်ထားပါတယ်။ ဒါနဲ့ပတ်သက်လို့ ပြည်နယ်အစိုးရ အဖွဲ့ကနေ ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းနော်ခမ်း၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။** ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက်ကို သဘောတူပါတယ်။

**ဥက္ကဋ္ဌ။** ပြင်ဆင်ချက်ကို သဘောတူတဲ့အတွက် လိုအပ်သော နည်းဥပဒေများဆိုတဲ့ စာသားဟာ ဤဥပဒေရဲ့ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

## ရှမ်းပြည်နယ်အစိုးရအဖွဲ့က ပုဂ္ဂလိကယာဉ်များ စနစ်တကျပြေးဆွဲရေးဥပဒေကြမ်း တစ်ရပ်လုံးကို အတည်ပြုပေးရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ် (၆)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေးရဲ့ ဒုတိယနေ့မှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ပုဂ္ဂလိကယာဉ်များ စနစ်တကျ ပြေးဆွဲရေး ဥပဒေကြမ်းကို အတည်ပြုနိုင်ရန်အတွက် အဆိုတင်သွင်းဖို့ဖြစ်ပါတယ်။ ဒါကြောင့်အဆိုတင်သွင်းပေးဖို့ ပြည်နယ်အစိုးရအဖွဲ့ဝင်ကို ဖိတ်ခေါ်ပါတယ်။

**ဦးစိုင်းနော်ခမ်း၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော် ဥက္ကဋ္ဌနဲ့ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်တို့ ရှမ်းပြည်နယ်ရဲ့ ပထမအကြိမ် စတုတ္ထပုံမှန်အစည်းအဝေးမှာ ရှမ်းပြည်နယ် ပုဂ္ဂလိကယာဉ်များ စနစ်တကျပြေးဆွဲနိုင်ရေး ဥပဒေကို လိုအပ်သလို





**ဦးစိုင်းနော်ခမ်း၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။** ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင် ဖြည့်စွက်ချက်ကို သဘောတူပါတယ်။

**ဥက္ကဋ္ဌ။** ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်ကို သဘောတူတဲ့အတွက် ကျူးလွန်ကြောင်း တွေ့ရှိလျှင်ဆိုတဲ့ စာသားဟာ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

အပိုဒ်(၂၁)၊ ပုဒ်မ(၁၉)(ဂ)၊ အဆိုပြုပြဋ္ဌာန်းချက်မှာ လိုင်စင်မှတ်ပုံတင်လက်မှတ် လို့ရေးထားတဲ့ စာသားကို ဥပဒေကြမ်းကော်မတီက သက်ဆိုင်ရာနှင့် ညှိနှိုင်း၍ လိုင်စင်မှတ်ပုံတင်လက်မှတ်လို့ ဖော်ပြထားပါတယ်။ ဒါနဲ့ပတ်သက်လို့ ဆွေးနွေးပေးပါ။

**ဦးစိုင်းနော်ခမ်း၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။** ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင် ဖြည့်စွက်ချက်ကို သဘောတူပါတယ်။

**ဥက္ကဋ္ဌ။** ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်ကို သဘောတူတဲ့အတွက် သက်ဆိုင်ရာနှင့် ညှိနှိုင်း၍ လိုင်စင်မှတ်ပုံတင်လက်မှတ် ဆိုတဲ့စာသားဟာ ဤဥပဒေရဲ့ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

အပိုဒ်(၂၂)၊ ပုဒ်မ(၁၉)(က)၊ စာမျက်နှာ (၁၀)ဖြစ်ပါတယ်။ မူလအဆိုပြုပြဋ္ဌာန်းချက်မှာ လိုင်စင်မှတ်ပုံတင် လက်မှတ်ဆိုတဲ့နေရာမှာ ပြင်ဆင်ချက်မှာကတော့ သက်ဆိုင်ရာနှင့် ညှိနှိုင်း၍ လိုင်စင်မှတ်ပုံတင်လက်မှတ်လို့ ဖော်ပြထားပါတယ်။ ဒါနဲ့ပတ်သက်လို့ ဆွေးနွေးဖို့ဖြစ်ပါတယ်။



D/real(wide) (7

ဆောင်ရွက်ပေးနိုင်ပါရန် လုပ်ထုံးလုပ်နည်းများနှင့်အညီ လွှတ်တော်ကိုပေးပို့ပြီးဖြစ်ပါတယ်။

ယနေ့မှာလည်း ဥပဒေပြုရေးကော်မတီမှ ပြန်လည်ဖြည့်စွက် ချက်များကိုလည်း၊ ပြင်ဆင်ချက်များကိုလည်း လွှတ်တော်ကိုယ်စားလှယ်များက အတည်ပြုပြီးဖြစ်တဲ့အတွက် ရှမ်းပြည်နယ် အစိုးရ အဖွဲ့အနေနဲ့ ရှမ်းပြည်နယ် ပုဂ္ဂလိကယာဉ်များ စနစ်တကျ ပြေးဆွဲနိုင်ရေး ဥပဒေကို အတည်ပြုပေးနိုင်ပါရန် အတည်ပြုတင်ပြအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပုဂ္ဂလိကယာဉ်များစနစ်တကျ ပြေးဆွဲရေး ဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားတဲ့အတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

**[ သုံးကြိမ်တိုင်တိုင်မေးပါသည်။လွှတ်တော်က သဘောတူပါသည်။ ]**

သဘောတူတဲ့အတွက် ပုဂ္ဂလိကယာဉ်များ စနစ်တကျ ပြေးဆွဲရေး ဥပဒေကြမ်းအား ပြင်ဆင်ထားတဲ့အတိုင်း ရှမ်းပြည်နယ် လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။



D/real(wide) (7



**ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်၊ စတုတ္ထပုံမှန်အစည်းအဝေး၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့ စည်ပင်သာယာရေးဝန်ကြီးမှ တင်သွင်းသည့် ဆဋ္ဌမပုံမှန်အစည်းအဝေးတွင် ပြင်ဆင်တင်ပြထားသည့် ရှမ်းပြည်နယ်စည်ပင်သာယာရေး ဥပဒေမူကြမ်းအပေါ် ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်အကြံပြုချက် အစီရင်ခံစာ**

**နိဒါန်း**

၁။ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်သို့ စည်ပင်သာယာရေးဝန်ကြီးမှ တင်သွင်းထားသည့် ရှမ်းပြည်နယ် စည်ပင်သာယာရေး ဥပဒေကြမ်းအပေါ် ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီမှ စိစစ်ပြီး ပြင်ဆင်တင်ပြ အကြံပြုချက်များကို (၂၆-၈-၂၀၁၃)မှ (၂၈-၈-၂၀၁၃)အထိ ကျင်းပသည့် ကော်မတီ၏ အစည်းအဝေးအမှတ် ၄/၂၀၁၃တွင် ကော်မတီဝင်များအားလုံး စိစစ်သုံးသပ် ညှိနှိုင်းဆုံးဖြတ်ခဲ့ပြီး ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ(၆၄)အရ အစီရင်ခံတင်ပြခြင်း ဖြစ်ပါသည်။

**လေ့လာတွေ့ရှိချက်**

၂။ ဥပဒေကြမ်းမှာ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ(၁၈၈) နောက်ဆက်တွဲ ဇယား(၂)၊ ပြည်နယ်ဥပဒေပြုစာရင်း အမှတ်စဉ်(၈)(ဃ)ဖော်ပြပါ စည်ပင်သာယာရေး ကဏ္ဍအတွက် ရှမ်းပြည်နယ်၏ စည်ပင်သာယာရေး လုပ်ငန်းများကို ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ စည်ပင်သာယာရေးဝန်ကြီးကသာ ဝန်ကြီးချုပ်ကို တာဝန်ခံ၍ အကောင်ထည် ဖော်ဆောင်ရွက်ရမည် ဖြစ်သည့်အလျောက် ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်

စည်ပင်သာယာရေး လုပ်ငန်းများကို ဥပဒေပြဋ္ဌာန်းချက်များနှင့် လျော်ညီစွာအောင်မြင်အောင် ဆောင်ရွက်နိုင်ရေးအတွက် ရေးဆွဲတင်သွင်းလာသည့် ဥပဒေဖြစ်ပါသည်။

၃။ အဆိုပြုဥပဒေကြမ်းတွင် အခန်းပေါင်း(၂၀)၊ ပုဒ်မပေါင်း(၉၅)ခုပါရှိပြီး ဤကော်မတီမှ စိစစ်သုံးသပ်၍ ပြင်ဆင်ရန် လိုအပ်သောအချက် (၁၉)ခုနှင့် အသစ်ဖြည့်စွက်ရမည့် ပုဒ်မ(၂)ရပ် စုစုပေါင်း ပြင်ဆင်အဆိုပြုချက် (၂၁)ရပ်ကို အကြံပြုဇယားနှင့်တစ်ကွ ပြုစုတင်ပြပါသည်။

**တင်ပြချက်**

၄။ ပြင်ဆင်ရန် အကြံပြုချက်(၁၉)ရပ်၏ သက်ဆိုင်ရာ ပုဒ်မအလိုက် ပြင်ဆင်သင့်သောအချက်နှင့် အသစ်ဖြည့်စွက်သင့်သော ပုဒ်မ(၂)ရပ် ပုဒ်မ(၈၇)နှင့် (၈၈)တို့ပါရှိလာမည် ဖြစ်၍ မူလဥပဒေကြမ်းပါ အခန်းပေါင်း (၂၀)ဖြစ်သော်လည်း ပုဒ်မအားဖြင့် (၁)မှ(၉၇)အထိ ပုဒ်မပေါင်း ၉၇ခု ရှိလာမည်ဖြစ်ပါသည်။

(က) ဥပဒေကြမ်း၏ အခန်း(၁) အမည်နှင့် အဓိပ္ပါယ်ဖော်ပြချက် ပုဒ်မ(၃)(က)နှင့် (င)တို့၌ ဖော်ပြပါရှိသော ပြည်နယ်စည်ပင်သာယာရေး ဌာနဟူသည့် အသုံးအနှုန်းအစား ရှမ်းပြည်နယ် စည်ပင်သာယာရေးဝန်ကြီးဌာနဟု ပြည်နယ်အစား ရှမ်းပြည်နယ်၊ ဌာနအစား ဝန်ကြီးဌာနဟု သုံးစွဲသင့်ပါသည်။

နိုင်ငံတော်၏ အုပ်ချုပ်ရေးပုံစံတွင် စည်ပင်သာယာရေးလုပ်ငန်းများကို ယခင်က ပြည်ထောင်စုအဆင့် ဝန်ကြီးဖြင့် ကွပ်ကဲစီမံခဲ့ရာမှ ယခုအခါသက်ဆိုင်ရာတိုင်းဒေသကြီး ပြည်နယ်





## ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ရှမ်းပြည်နယ်စည်ပင်သာယာရေးအဖွဲ့များ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ် (၇)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးရဲ့ ပထမနေ့မှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့က တင်သွင်း ခဲ့သော ရှမ်းပြည်နယ်စည်ပင်သာယာရေးအဖွဲ့များ ဥပဒကြမ်းနှင့် စပ်လျဉ်းပြီး တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေပုဒ်မ (၁၃၃)၊ ပုဒ်မခွဲ(ခ)အရ ဥပဒေပြုရေးဆိုင်ရာ ကော်မတီက အစီရင်ခံစာကို ဖတ်ကြား ရှင်းလင်းပေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဥပဒေပြုရေးဆိုင်ရာကော်မတီ။** ကျွန်တော့်အနေနဲ့ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး၌ ရှမ်းပြည်နယ် အစိုးရအဖွဲ့ စည်ပင်သာယာရေးဝန်ကြီးမှ တင်သွင်းသည့် ဆဋ္ဌမကြိမ်အစည်းအဝေးတွင် ပြင်ဆင်တင်ပြသည့် ရှမ်းပြည်နယ် စည်ပင်သာယာရေး ဥပဒေကြမ်းအပေါ် ဥပဒေပြုရေးဆိုင်ရာ ကော်မတီရဲ့ စိစစ်ပြင်ဆင်အကြံပြုချက်များကို လွှတ်တော်သို့ ဖတ်ကြားရှင်းလင်း တင်ပြသွားမှာဖြစ်ပါတယ်။

အစိုးရအဖွဲ့ စည်ပင်သာယာရေး ဝန်ကြီးကပါ တာဝန်ယူ၍ စီမံခန့်ခွဲကြီးကြပ်ရမည်ဖြစ်ရာ သက်ဆိုင်ရာပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ရှိ စည်ပင်သာယာရေးဌာနနှင့် တာဝန်ထမ်းရသည့် အရာထမ်း အမှုထမ်းများကိုကြီးကြပ် ကွပ်ကဲရမည့်ဌာနသည် ဝန်ကြီးဌာနဖြင့် တည်ရှိရန် လိုအပ်သည်ဟု သုံးသပ်ရရှိပါသည်။သို့ဖြစ်ပါ၍ ပုဒ်မ(၆၂)(၆၃)နှင့် (၆၄)ရှိရာ ဌာနဆိုသော စကားရပ်ရှေ့တွင် ရှမ်းပြည်နယ် စည်ပင်သာယာရေးဝန်ကြီးဌာနဟု ဖော်ပြရပါမည်။

(ခ) ပုဒ်မ(၃)၊ ပုဒ်မခွဲ(ဇ)နှင့် (ဠ)တို့မှာ စကားရပ်အဓိပ္ပါယ်ရှင်းလင်းဖော်ပြချက် ဖြစ်ပါသဖြင့် ပုဒ်မ(၆)နှင့် ပုဒ်မ(၈)ရည်ညွှန်းဖော်ပြခြင်း မပြုသင့်ဘဲ ဥပဒေ တစ်ခုလုံး၌ဆက်လက်သုံးစွဲ ဖော်ပြမည့် ပြည်နယ်နှင့် မြို့နယ်ကော်မတီများ အားလုံး သက်ဆိုင်မှု ရှိစေရန် ရည်ညွှန်းသည့် ဤဥပဒေအရဟုသာ ဖော်ပြခြင်းမှာ ပိုမိုဆီလျော်ပါသဖြင့် ယင်းပုဒ်မများကို ဖြုတ်သင့် ပါသည်။

(ဂ) ပုဒ်မ(၃)၊ ပုဒ်မခွဲ(ယ)၌ ချောင်း(သို့မဟုတ်) အင်းဟု တစ်ခုမဟုတ်တစ်ခုကို ညွှန်ပြသည့် ပုဒ်အစား မြစ်ချောင်းနှင့် အင်းဟူ၍ အားလုံးနှင့် သက်ဆိုင်ရာကို ရည်ညွှန်းသော နှင့် စကားလုံးကို အသုံးပြုသင့်ပါသည်။

(ဃ) ပုဒ်မ(၄)၊ ပုဒ်မခွဲ(ခ)၌ အခွန်အပြည့်အဝ ရရှိစေရန်အစား အခွန်နှုန်းထားများကို သတ်မှတ် နှုန်းထားများ ပြည့်မီစေရန် ဖော်ညွှန်းသည့်



D/real(wide) (8



ကျင့်စဉ်ကို ဖော်ညွှန်းရာ ရောက်ရှိစေရန် ရည်ရွယ်ပါသည်။

(ဇ) ပုဒ်မ(၁၇)တွင် ပုဒ်မခွဲများကို (က)မှ (ဟ)အထိ ပုဒ်မခွဲပေါင်း(၃၁)ကို အစဉ်ရေးထိုး ရာ၌ (င)အက္ခရာ ကျန်နေပါသဖြင့် ယင်းကို ဖြည့်စွက်ပါက ပုဒ်မခွဲ(စ)သည် ပုဒ်မခွဲ(င)အဖြစ် ပြောင်းလဲ ပေးရမည်ဖြစ်ပါသည်။

(ဈ) ယခင်ပုဒ်မခွဲ (ပ)နှင့် (ဖ)တွင် မတူညီသော အကြောင်းအရာနှစ်ခု ဖြစ်ပါသဖြင့် ပုဒ်မခွဲ (ပ)နှင့်(ဖ)၏ ပထမစာကြောင်းမှာ လုပ်ငန်း တူသည့်အတွက် တစ်ပေါင်းတည်း ပုဒ်မခွဲ(န) အဖြစ် အောက်ပါအတိုင်း ဖော်ပြသင့်ပါသည်။

“(န)၊ စည်ပင်သာယာရေးဌာနပိုင် အဆောက်အအုံများ ဆောက်လုပ်ခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်းနှင့် ပုဂ္ဂလိကပိုင် အဆောက်အအုံများ ဆောက်လုပ်ခွင့်ပြုခြင်း၊ ကြီးကြပ်ခြင်း၊”

- ယခင်ပုဒ်မခွဲ (ဖ)မှ ကျန်ရှိနေသည့် လုပ်ငန်းကို ယခုပုဒ်မခွဲ(ပ)အဖြစ် အောက်ပါ အတိုင်း ပြင်ဆင်ဖော်ပြသင့် ပါသည်။

“(ပ)၊ ဆောက်လုပ်ရေးအင်ဂျင်နီယာများအား ကျွမ်းကျင်မှုဆိုင်ရာ လိုင်စင်ထုတ်ပေးခြင်း၊ ကြီးကြပ်ခြင်း”

- သို့ဖြစ်ပါ၍ ပုဒ်မ(၁၇)တွင် ပုဒ်မခွဲ(က)မှ (သ)အထိ ပုဒ်မခွဲပေါင်း(၃၀)သာ ရှိမည် ဖြစ်ပါသည်။

(ည) ပုဒ်မ(၁၉)ပုဒ်မခွဲ(င)၏ ဒုတိယစာကြောင်းရှိ နိုင်ငံပိုင်အဆောက်အအုံဟု ဖော်ပြချက်၌ ဤဥပဒေ၏ ပုဒ်မ(၉၃)၌ ပါရှိသော စကားရပ်နှင့် တူညီမှုရှိစေရန် နိုင်ငံပိုင်အခြား အဆောက်အအုံဟု ပြင်ဆင်ရေးသားသင့်ပါသည်။

(ဋ) အခန်း(၉)၏ ခေါင်းစဉ်နှင့် ပုဒ်မရင်းဖြစ်သည့် ပုဒ်မ(၃၃)သည် အနေးယာဉ်များနှင့် စပ်လျဉ်းပြီး ရည်ညွှန်းပြဋ္ဌာန်းချက် ဖြစ်ကြောင်း ပေါ်လွင်ပါသဖြင့် အောက်၌လက်ဖော်ပြသည့် ပုဒ်မခွဲများတွင် အနေးဟု ထပ်မံဖော်ညွှန်းခြင်း၊ ဖော်ညွှန်းရန် မလိုအပ်ဘဲ ကျစ်လစ်သိပ်သည်းမှုရှိသော ရေးသား ဖော်ညွှန်းချက် ဖြစ်စေရန်အနေးဟူသည့် အသုံးကို ဖြုတ်ထားသင့်ပါသည်။

(ဌ) ပုဒ်မ(၃၄)တွင် အနေးယာဉ်တည်ထောင် လုပ်ကိုင်ခွင့်ဟု ရေးသားခြင်းမပြုဘဲ လုပ်ငန်း ပေါ်လွင်စေရန် အနေးယာဉ်လုပ်ငန်း တည်ထောင်လုပ်ကိုင်ခွင့်ဟု ပြည့်စုံစွာ ရေးသား သင့်ပါသည်။

(ဍ) အခန်း(၁၀)၏ခေါင်းစဉ်နှင့် ယင်းအောက်၌ ပုဒ်မရင်းများဖြစ်သည့် ပုဒ်မ(၃၆)(၃၇)(၃၈)တို့သည် ကူးတို့လုပ်ငန်းစီမံခန့်ခွဲမှုကို ရည်ညွှန်းသည့် ပြဋ္ဌာန်းချက်များဖြစ်ကြောင်း ပေါ်လွင်ပြီး ဖြစ်ပါသဖြင့် ပုဒ်မရင်းများအောက်၌ ပါရှိသည့် ပုဒ်မခွဲများ၌ ကူးတို့ဟူသောစကားလုံးကို ထပ်မံ ဖော်ပြရန် မလိုအပ်ပဲ ဖြုတ်သင့်ကြောင်း တင်ပြ ပါသည်။



D/real(wide) (8



အခွန်အရပ်ရပ်အား သတ်မှတ်သော နှုန်းထားများ အတိုင်းအပြည့်အဝ ရရှိစေရန်ဟုပြင်ဆင် ဖြည့်စွက် သင့်ပါသည်။

(င) ပုဒ်မ(၄)၊ ပုဒ်မခွဲ(ဃ)တွင် အများပြည်သူအတွက်သာ အစား၊ အများပြည်သူ အကျိုး အတွက်သာဟု ရေးသားသင့်ပါသည်။

(စ) ပုဒ်မ(၆)၊ ပုဒ်မခွဲ(ဇ)သည် ပြည်နယ် စည်ပင် သာယာရေးအဖွဲ့ ဖွဲ့စည်းပုံ၌ အတွင်းရေး မှူးတာဝန်ယူရမည့် ပြည်နယ်စည်ပင်သာယာရေး ဌာနခွဲ ဒုတိယညွှန်ကြားရေးမှူးနှစ်ဦးတို့၏ အောက်တွင် ဌာနခွဲတာဝန်ခံ ကျိုင်းတုံ၊ လားရှိုး၊ ဌာနခွဲတာဝန်ခံ၊ တာဝန်ကိုဖြည့်စွက် ဖော်ပြသင့် ပါသည်။

(ဆ) ပုဒ်မ(၈)၌ မြို့နယ်စည်ပင်သာယာရေး ကော်မတီကို ရွေးချယ်ခန့်ထားသော နည်းလမ်းဟု သုံးစွဲမည့်အစား အများပြည်သူ ဆန္ဒအရ ရွေးချယ်ဖွဲ့စည်းသော နည်းလမ်းများဖြင့်ဟု သုံးစွဲပြဋ္ဌာန်းသင့်ပါသည်။

စည်ပင်သာယာရေးလုပ်ငန်းများတွင် မြို့နယ် အဆင့်သည် အများပြည်သူတို့နှင့် နိစ္စဓူဝ ဆက်စပ် ထိတွေ့နေပြီး ကျယ်ပြန့်စွာ လုပ်ငန်းတာဝန်များကို အဆင်ပြေချောမွေ့စွာ အောင်မြင်မှု ရရှိရေး ဆောင်ရွက်ရသည့်အတွက် မြို့နယ်ကော်မတီဝင် များမှာ ပြည်သူများယုံကြည်လေးစားမှု ခံယူရသူ များကို ပြည်သူတို့ဆန္ဒဖြင့် ရွေးချယ်ဖွဲ့စည်းခြင်း အားဖြင့် ပြည်သူကိုဗဟိုပြုသော ဒီမိုကရေစီ

(ပ) ပုဒ်မ၄၉တွင် ပုဒ်မခွဲ(က)နှင့် (ခ) နှစ်ရပ်သာပါရှိပြီး ယင်းပုဒ်မ၌ ပုဒ်မခွဲ(ဂ)ကို ဖြည့်စွက်၍ ပုပ်သိုး ပျက်စီးလွယ်သည့် သက်သေခံပစ္စည်းများကို ထိန်းသိမ်းနိုင်ရန် အောက်ပါအတိုင်း ထည့်သွင်း ပြဋ္ဌာန်းသင့်ပါသည်။

(န) မြို့နယ်ကော်မတီသည် ပုဒ်မ(၄၆)ပါ ပုဒ်မ(၄၉) (က)ပါ အသားနှင့် သားရေကို လက်ဝယ် ထားခြင်း၊ ရောင်းချခြင်းပြုသည့် သိမ်းဆည်း အရေးယူသည့်ကိစ္စတွင် ပျက်စီးလွယ်သည့် ပစ္စည်း ဖြစ်ပြီး ထိုပစ္စည်းကိုရောင်းချခြင်းဖြင့် အကျိုးရှိမည်ဟုယူဆလျှင် ယင်းပစ္စည်းကို ထုခွဲရောင်းချနိုင်သည်။

(ဏ) ပုဒ်မ(၇၂)၊ ပုဒ်မခွဲ(က)၌ အဆောက်အဦဟု သတ်ပုံမှားနေ၍ အဆောက်အအုံဟု အမှန် ပြင်ရန် ဖော်ပြရပါမည်။

(တ) ပုဒ်မ(၇၂)၊ ပုဒ်မခွဲ(က)တွင် ထုတ်လုပ်ခြင်း၊ လုပ်ငန်းတည်ထောင် လုပ်ကိုင်ခြင်းဟု ဖော်ပြချက်နှစ်ခုအကြား လုပ်ငန်းနှစ်ခု ကွဲပြားသီးခြားပေါ်လွင်စေရေး ထုတ်လုပ်ခြင်း၊ လုပ်ငန်းတည်ထောင်လုပ်ကိုင်ခြင်းဟု “ ၊ ” အားဖြည့်စွက်သင့်ပါသည်။

(ထ) ပုဒ်မ(၈၀)ပါ မူလရေးသားချက်ကို အောက်ပါ အတိုင်း ဖြည့်စွက်ပြင်ဆင်သင့်ပါသည်။ ဤဥပဒေ၏ ပုဒ်မ(၇၇)အရ စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်ချမှတ်ခြင်းခံရသူကို တရားရုံး၌ ထပ်မံ





အတိုင်း ဖြည့်စွက်သင့်ပါသည်။ ပုဒ်မ(၈၈) ဤဥပဒေ အရတရားစွဲဆိုတင်ပို့ထားသော ပြစ်မှုတစ်ရပ်ရပ်နှင့် သက်ဆိုင်သည့် သက်သေခံ ပစ္စည်းသည် တရားရုံး ရှေ့သို့ တင်ပို့ရန်အတွက် မလွယ်ကူသော ပစ္စည်းဖြစ်ပါက ယင်းသက်သေခံ ပစ္စည်းကို တရားရုံးရှေ့သို့ တင်ပို့ရန်မလိုဘဲ မည်ကဲ့သို့ ထိန်းသိမ်းထားကြောင်း အစီရင်ခံစာ (သို့မဟုတ်) သက်ဆိုင်ရာအခြား စာရွက်၊ စာတမ်း၊ အထောက်အထားဖြင့် တင်ပြနိုင်သည်။ ယင်းသို့ တင်ပြခြင်းကို တရားရုံးရှေ့ သက်သေခံပစ္စည်း တင်ပြပေးသကဲ့သို့ မှတ်ယူကာ သက်ဆိုင်ရာ တရားရုံးက ဥပဒေနှင့်အညီ စီမံခန့်ခွဲနိုင်သည်။

(ပ) အခန်း(၁၉)၏ ပုဒ်မ(၈၆)၏ နောက်ပိုင်းတွင် ပုဒ်မအသစ်နှစ်ရပ်ကို ပုဒ်မ(၈၇)နှင့် (၈၈)အဖြစ် ထည့်သွင်းရပါသဖြင့် ဥပဒေကြမ်းဖော်ပြပါ ပုဒ်မ(၈၇)မှ ပုဒ်မ(၉၅)အထိသာ ပြဋ္ဌာန်းချက် ပုဒ်မများသည် အစဉ်လိုက်ပုဒ်မ(၈၉)မှ (၉၇)ဟူ၍ ပြောင်းလဲသတ်မှတ်ဖော်ပြရမည်။

(ဖ) လွှတ်တော်သို့ တင်သွင်းသည့် ရှမ်းပြည်နယ် စည်ပင်သာယာရေးဥပဒေမူကြမ်း၌ မူလ အခန်းပေါင်း(၂၀) ပုဒ်မပေါင်း(၉၅)ခု ရှိရာမှ ယခုပြင်ဆင်အကြံပြုချက်များအရ အခန်းပေါင်း (၂၀) ပုဒ်မပေါင်း(၉၇)ခု ရှိမည်ဖြစ်ပါသည်။

အားလုံးကို ကျေးဇူးတင်ပါတယ်။

# ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ မီးဘေးနှင့် သဘာဝဘေးအန္တရာယ်များ ကြိုတင်ကာကွယ်ရေး ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေပြုရေးဆိုင်ရာ ကော်မတီ၏ အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် သတ္တမပုံမှန်အစည်းအဝေးရဲ့ ပထမနေ့မှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့က တင်သွင်းသော မီးဘေးနှင့် သဘာဝဘေးအန္တရာယ်များ ကြိုတင်ကာကွယ်ရေး ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး တိုင်းဒေသကြီး(သို့မဟုတ်) ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ပုဒ်မ(၁၃၃)၊ ပုဒ်မခွဲ(ခ)အရ ဥပဒေပြုရေးဆိုင်ရာ ကော်မတီမှ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းပေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဥပဒေပြုရေးဆိုင်ရာကော်မတီ။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အစည်းအဝေးသို့ တက်ရောက်လာကြပါသော လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။

ကျွန်တော်ကတော့ ဥပဒေပြုရေးရာကော်မတီ အတွင်းရေးမှူး ဦးမြတ်စိုးပဲဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးမှတင်သွင်းတဲ့ ရှမ်းပြည်နယ်မီးဘေးနှင့် သဘာဝဘေးအန္တရာယ်များ ကြိုတင်ကာကွယ်ရေး ဥပဒေမူကြမ်းအပေါ် ပြင်ဆင် အဆိုပြုချက်များကို ဖတ်ကြားတင်ပြသွားမှာဖြစ်ပါတယ်။





တရားစွဲဆိုခြင်းမပြုရ လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သူကို ဤဥပဒေအရ တရားစွဲဆိုရမည်။

(ဒ) ပုဒ်မ(၈၄)၊ ပုဒ်မခွဲ(ခ)တွင် အဆောက်အဦမှ ဖယ်ရှားဖျက်သိမ်းစေရန် ကန့်သတ်ရက် (၇)ရက် အတွင်းဟူသော သတ်မှတ်ချက်မှာ ၁၉၅၅ခုနှစ်၊ အစိုးရအိမ်ဥပစာ နှင်ထုတ်ခြင်း အက်ဥပဒေ ပုဒ်မ(၃)၌ အဆောက်အအုံမှ ဖယ်ရှားရန်အလို့ငှာ နို့တစ်(၁၅)ရက် ကြိုတင်ပေးပို့ပြီး ဖယ်ရှားရာတွင်လည်း သင့်လျော်သောအနိုင်အထက်ပြုခြင်းဖြင့် ဆောင်ရွက်နိုင်သည်ဟု တည်ဆဲဥပဒေ ပြဋ္ဌာန်းချက်၌ပါရှိသည့် ဖော်ပြချက်ကို ချင့်ချိန်လျက် ပြည်သူ၏သက်သာမှုကို ထောက်ထားပြီး ဖော်ပြပါရှိသည့် ကန့်သတ်ကာလ (၇)ရပ်အစား၊ (တစ်ဆယ့်ငါးရက်)ဟု ဖယ်ရှားဖျက်သိမ်းမည့် ကာလကို ပြင်ဆင်ဖော်ပြသင့်ပါသည်။

(ဓ) ယခုမူကြမ်းပုဒ်မ(၈၆)၏ အောက်တွင် ပုဒ်မ(၈၇) အဖြစ် အောက်ပါအတိုင်း ပုဒ်မအသစ်ကို ဖြည့်စွက်သင့်ပါသည်။ ပုဒ်မ(၈၇)တရားရုံးသည် ဥပဒေအရ တရားစွဲတင်ပို့သော ပြစ်မှုတစ်ရပ်နှင့် စပ်လျဉ်း၍ ပြစ်မှုထင်ရှားတွေ့ရှိလျှင် ပြစ်မှုအတွက် ချမှတ်သည့် ပြစ်ဒဏ်အပြင် ပြစ်မှုနှင့် စပ်လျဉ်းသော သက်သေခံပစ္စည်းများကို ပြည်သူ့ဘဏ္ဍာ သိမ်းဆည်းသော အမှုကို ချမှတ်နိုင်သည်။

(န) အထက်ဖော်ပြပါ ပုဒ်မ(၈၇)အဖြစ် အသစ်ထည့်သွင်းသည့်အောက်တွင် ဆက်လက်၍ ပုဒ်မအသစ်တစ်ရပ်အဖြစ် ပုဒ်မ(၈၈)ကို အောက်ပါ

**ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် သတ္တမအကြိမ် ပုံမှန်အစည်းအဝေး၌ ရှမ်းပြည်နယ် အစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးမှ ရှမ်းပြည်နယ်မီးဘေးနှင့် သဘာဝဘေးအန္တရာယ်များ ကြိုတင်ကာကွယ်ရေး ဥပဒေမူကြမ်းအပေါ် ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေး ဆိုင်ရာကော်မတီက စိစစ်သုံးသပ်ပြီး ပြင်ဆင်ရန် အကြံပြုချက်အစီရင်ခံစာ**

**နိဒါန်း**

၁။ ပထမအကြိမ်ရှမ်းပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေးသို့ ရှမ်းပြည်နယ် အစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးမှ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ(၁၈၈)၊ ဇယား(၂) အပိုဒ်(၇)(ဂ) လူမှုရေးကဏ္ဍဖော်ပြပါအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ(၁၉၁)၊ ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ(၁၂၈)(ဂ)အရ ပြည်နယ်မီးဘေးနှင့်၊ သဘာဝ ဘေးအန္တရာယ်များ ကြိုတင်ကာကွယ်ရေး ဥပဒေ မူကြမ်းကို တင်သွင်းလာပါသဖြင့် ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေး ဆိုင်ရာကော်မတီက နည်းဥပဒေ (၆၃)နှင့်အညီ အစည်းအဝေး အမှတ်၊ ၅/၂၀၁၃၊ (၁-၉-၂၀၁၃)မှ (၄-၉-၂၀၁၃)ရက်နေ့အထိ စိစစ်သုံးသပ်ပြီး ဆွေးနွေးညှိနှိုင်းလျက် ပြင်ဆင်ရန်အကြံပြုချက် အစီရင်ခံစာကို နည်းဥပဒေ(၆၄)နှင့်အညီ အစီရင်ခံတင်ပြခြင်း ဖြစ်ပါသည်။

**လေ့လာတွေ့ရှိချက်**

၂။ ဥပဒေကြမ်းမှာ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့် အညီ ပြည်သူ့ ကိုယ်စားလှယ်တစ်ဦး အနေဖြင့် တင်သွင်းလာခြင်းဖြစ်ပြီး ရှမ်းပြည်နယ်အတွင်း သဘာဝဘေးအန္တရာယ်များ ပေါ်ပေါက်





(ခ) သတ်ပုံသတ်ညွှန်းပြင်ဆင်ရာမှာ တိရိစ္ဆာန်၊ စားရေရိက္ခာ၊ အဆောက်အဦ စသည်တို့ကို တိရစ္ဆာန်၊ စားနပ်ရိက္ခာ၊ အဆောက်အအုံဟု ရေးသားရမှာ ဖြစ်ပါသည်။ ဥပဒေ၏ စကားရပ်နှင့် အဓိပ္ပါယ် ဖွင့်ဆိုချက်ပုဒ်မ(၂)တွင် မီးဘေးနှင့် သဘာဝဘေးအန္တရာယ်များကို သဘာဝ ဘေးအန္တရာယ်ဟူ၍ ဖော်ပြထားပြီးဖြစ်သည့် အတိုင်း ယင်းစကားရပ်ကို သဘာဝဘေး အန္တရာယ်ဟူ၍ ဖော်ပြထားပြီး ဖြစ်သည့် အတိုင်း ယင်းစကားရပ်ကို ဥပဒေတစ်ခုလုံးတွင် စကားလုံး ကျစ်လစ်စေရေးအတွက် အသုံးပြုသင့်ပါသည်။

(ဂ) ယခင်ဥပဒေပုဒ်မ (၂)၊ ပုဒ်မခွဲ(စ)ကို အစီအစဉ် တကျ ဖြစ်စေရန် ယခုပုဒ်မခွဲ(င)အဖြစ် ဖော်ပြ ရမည်ဖြစ်၍ ယင်း၌ ကော်မတီဆိုသည်မှာ ရှမ်းပြည်နယ်သဘာဝ ဘေးအန္တရာယ်စီမံခန့်ခွဲမှု ဦးစီးကော်မတီကို ဆိုသည်ဟုရှင်းလင်း ထားပြီး ဖြစ်၍ ယခင်ပုဒ်မ(၂)၊ ပုဒ်မခွဲ(င) ယခုပြင်ဆင်ခြင်း၌ ပုဒ်မခွဲ(ဆ)တွင် ရှမ်းပြည်နယ်မီးဘေးနှင့် သဘာဝဘေးအန္တရာယ်များ စီမံခန့်ခွဲမှု ဦးစီး ကော်မတီဟု မဖော်ပြဘဲ ကော်မတီဟုသာ သုံးစွဲသင့်ပါသည်။

(ဃ) ယခင်ပုဒ်မ(၂)၊ (ဆ)မှ ယခု(၂)(စ) အဖြစ် ပြင်ဆင်ရာတွင် ကော်မတီ၏ လုပ်ငန်း ဆိုသည်မှာ သဘာဝဘေးအန္တရာယ်ကြောင့် အန္တရာယ်များ မကျရောက်မီ ကြိုတင်ပြင်ဆင်ခြင်း၊ ကြိုတင် ကာကွယ်ခြင်းနှင့် အန္တရာယ်လျော့ပါးရေး

လုပ်ငန်းများ၊ အန္တရာယ်ကျရောက်သည့်အခါ ရှာဖွေကယ်ဆယ်ရေး၊ အရေးပေါ်တုံ့ပြန်ရေး လုပ်ငန်းများ၊ အန္တရာယ်ကျရောက်ပြီးနောက် ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေး လုပ်ငန်းများ ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် အန္တရာယ်လျော့ပါးရေး အစီအမံများ ထည့်သွင်းဆောင်ရွက်မည့် လုပ်ငန်းများကို ဆိုသည်ဟု ဖော်ပြရမည်။

(င) ယခင်ပုဒ်မ(၂)(င)မှာ ယခု(၂)(ဆ)ဖြစ်ပြီး ယင်းစာပိုဒ်အောက်ဆုံး၌ ထိခိုက်ပျက်စီးမှုများကို ဆိုသည်။ ထို့အပြင် ကော်မတီကသတ်မှတ်သည့် အခြားဘေးအန္တရာယ်တစ်ခုခုလည်း ပါဝင်သည် ဟူ၍ ပြင်ဆင်ရမည်ဖြစ်ပါသည်။

(စ) ပုဒ်မ(၃)၊ ပုဒ်မခွဲ(ဂ)၊ (စ)(ဆ)(ဇ)(ဈ)အစတွင် မီးဘေးနှင့် ဟူသော စကားလုံးမှာ စကားရပ် ရှင်းလင်းခြင်း ပုဒ်မ(၂)၊ (ဆ)တွင် ရှင်းလင်းပြပြီး ဖြစ်သည့်အပြင် သဘာဝဘေးအန္တရာယ်ဟု သာဥပဒေ၏နောက်ပိုင်း၌ ဆက်လက် အသုံးပြု သည်ဖြစ်၍ ယင်းပုဒ်မခွဲများ၏ ရှေ့တွင်ထည့်သွင်း ဖော်ပြရန် မလိုအပ်ပါ။

ပုဒ်မ(၃)၏ ပုဒ်မခွဲ(ဂ)အဆုံးတွင် အခြားအဖွဲ့အစည်း များ ညှိနှိုင်းပူးပေါင်း၍ ဟုဖော်ပြချက်တွင် ထိုစကားရပ်နှစ်ခုကြား "နှင့်"ဟု ဖြည့်စွက်ရေးသား သင့်ပါသည်။

(ဆ) ပုဒ်မ(၅)(၆)(၇)တို့တွင် မီးဘေးနှင့် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး





ကျရောက်လာသည့် အခါတွင် ဒေသပြည်သူများ၏ အသက်အိုးအိမ်၊ စည်းစိမ်၊ ဥစ္စာပစ္စည်းများ ဆုံးရှုံးမှု နည်းပါးသည်ထက် နည်းပါးစေ ရေးကို ကြိုတင်မျှော်မှန်းပြီး ဆောင်ရွက်ဖွယ်ရာနှင့် ရှောင်ကြဉ်ဖွယ်ရာ ကိစ္စများကို ရေတို၊ ရေရှည် ဆောင်ရွက်ရန်နှင့် ဥပဒေနှင့်အညီ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်ရေးကို ရည်ရွယ်ပြီး ရေးဆွဲထားတဲ့ ဥပဒေကြမ်းတစ်ရပ် ဖြစ်ပါသည်။

၃။ တင်သွင်းလာသည့် ဥပဒေကြမ်းတွင် အခန်းပေါင်း(၈)ခန်း၊ ပုဒ်မပေါင်း(၄၈)ခု ပါရှိပြီး ၎င်းကော်မတီမှ စိစစ်လေ့လာသုံးသပ်ရာတွင် အချက်အလက်ပေါင်း(၂၇)ချက်မှာ ပြင်ဆင်သင့်ကြောင်း တွေ့ရှိရပါ သဖြင့် ပြင်ဆင်အကြံပြုချက် (၂၇)ရပ်ကို အကြံပြုတင်ပြရန် ကော်မတီ ဝင်များအားလုံးက သဘောတူညီကြပါသဖြင့် ပြည်နယ် လွှတ်တော် ဆိုင်ရာ နည်းဥပဒေ(၆၄)နှင့်အညီ အစီရင်ခံတင်ပြခြင်း ဖြစ်ပါသည်။

**တင်ပြချက်**

၄။ ပြင်ဆင်အကြံပြုချက် (၂၇)ရပ်တွင် သတ်ပုံသတ်ညွှန်း အရေးအသား ဥပဒေအသုံးအနှုန်း၊ ကဏ္ဍအလိုက် ရှေ့နောက် အစီအစဉ် ကျနရေး ပုဒ်မများ၏ ရှေ့နောက်အစီအစဉ်များကို စိစစ်၍အောက်ပါအတိုင်း ပြုစုတင်ပြပါသည်-

(က) ဥပဒေစာအုပ်အဖုံး၌ ရှမ်းပြည်နယ်လွှတ်တော်ဟု ထည့်ရေးခြင်းမပြုဘဲ ဥပဒေအမည် ခေါင်းစဉ်ကို ခုနှစ်၊ ရက်စွဲ၊ အမှတ်ပြည့်စုံစွာ အောက်ပါအတိုင်း ရေးသားသင့်ပါသည်-

"ရှမ်းပြည်နယ်မီးဘေးနှင့် သဘာဝဘေးအန္တရာယ်များ ကြိုတင်ကာကွယ်ရေး ဥပဒေ"

(၂၀၁၃ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော် ဥပဒေအမှတ်- )

၁၃၇၅ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၁ ရက်

၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၁ရက်

ဟူသည့် အရေးအသားများကို နှုတ်ပယ်၍ ပြည်နယ်ကြိုတင်ကာကွယ်ရေးကော်မတီ၊ ခရိုင်ကြိုတင်ကာကွယ်ရေးကော်မတီ၊ မြို့နယ်ကြိုတင်ကာကွယ်ရေးကော်မတီ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ကြိုတင်ကာကွယ်ရေးကော်မတီ ဟု ရေးသား ဖော်ပြသင့်ပါသည်။ ပုဒ်မ(၅)၏ စာသားကို အောက်ပါအတိုင်း ပြင်ဆင်သင့်ပါသည်-

“၅။ ပြည်နယ်ကော်မတီသည် ဝန်ကြီးသဘောတူညီချက်ဖြင့် လုပ်ငန်းကော်မတီနှင့် သက်ဆိုင်ရာဆပ်ကော်မတီများကို လိုအပ်ချက်အရ ဖွဲ့စည်းနိုင်သည်။

(ဇ) ပုဒ်မ(၈) (က)၏ နောက်ဆုံးတွင် လမ်းညွှန်ခြင်းနှင့် ကြီးကြပ်ခြင်းဟု ဖော်ပြချက်မှာ ဆက်လက်ဖော်ပြသည့် ပုဒ်မခွဲများနှင့် တစ်ပြေးညီဖြစ်စေရန် အစား လမ်းညွှန်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်းဟူ၍ ရေးသားဖော်ပြရပါမည်။

(ဈ) ပုဒ်မ(၈)(ခ)နှင့် (၈)(ဂ)၌ လူအင်အားနှင့် ပစ္စည်းအင်အားများဟု ဖော်ပြချက်အစား လူနှင့် ပစ္စည်းအင်အားဟုသာ ဖော်ပြပြီး အသုံးပြုခြင်းနှင့် စပ်လျဉ်း၍ လမ်းညွှန်ခြင်းအစား အသုံးပြုခြင်းကိုလမ်းညွှန်ခြင်းဟု စပ်လျဉ်း၍ စကားရပ်ကို “ကို”ဟုသာ ပုဒ်ဆက်ဖော်ပြနိုင်သည်။

(ည) ပုဒ်မ(ဃ) ညွှန်ကြားခြင်းနှင့် ဘေးသင့်သူများအား နေရာချခြင်းဟူသော စကားရပ်အစား ညွှန်ကြားခြင်း၊ နေရာချထားခြင်းဟု ပြင်ဆင်သင့်ပါသည်။





(ဎ) ပုဒ်မ(၈)(ဌ)ပါ ပြဋ္ဌာန်းချက်သည် ပုဒ်မ(၈)၏ အဆုံး၌ ပုဒ်မခွဲ(ထ)နေရာတွင်သာ ဖော်ပြရမည့်အချက် ဖြစ်၍ ပုဒ်မခွဲ(ထ)ရှိ ပြဋ္ဌာန်းချက်ကို ယခုပုဒ်မခွဲ(ဌ)နေရာသို့ရွှေ့ပြီး အောက်ဖော်ပြပါ အတိုင်းရေးသားဖော်ပြရသင့်ပါသည်။

“(ဌ) ပြည်တွင်းပြည်ပစေတနာရှင်များထံမှ လှူဒါန်းငွေ၊ ရန်ပုံငွေများ၊ ပစ္စည်းများ လက်ခံရယူခြင်း ရရှိရန် စီစဉ်ဆောင်ရွက်ခြင်း၊ ရရှိသောငွေနှင့် ပစ္စည်းများကို မီးဘေးနှင့် သဘာဝဘေး၊ ကပ်ရောဂါဘေး၊အခြားဖြစ်ပွားသောဘေးအန္တရာယ်များကို တားဆီးရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများတွင် စနစ်တကျအသုံးပြုခြင်း၊ လမ်းညွှန်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း”

(ဤနေရာမှ ပုဒ်မခွဲ(ဌ)ကို အောက်တွင် ပုဒ်မခွဲ(ထ)အဖြစ်ဖော်ပြရပါမည်။)

(ဏ) ပုဒ်မ(၉)တွင် “ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း (သို့မဟုတ်) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ”ဟု ဖော်ပြရန် မလိုအပ်ပါ။ ၄င်းတို့သည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ(၁၈၈)၏ ဇယား(၃)အရ ၄င်းတို့ဒေသအတွက် ဥပဒေကို သီးခြားရေးဆွဲပြဋ္ဌာန်းရမည်ဖြစ်သည်။ ယင်းပုဒ်မ၏ “ နောက်ဆုံးတွင် ကာကွယ်ရေးကော်မတီ အဆင့်ဆင့်သည် အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ရမည်။”ဟု ဖြည့်စွက်ပြင်ဆင်ရပါမည်။ ဤပုဒ်မ(၉)တွင် ပုဒ်မခွဲပေါင်း(က)မှ (သ)အထိ

(၁၀)ခုရှိပြီး ပုဒ်မခွဲတိုင်း၌ စကားရပ်အချို့ ပြင်ဆင်ရသဖြင့် ပြင်ဆင်ရန်အကြံပြုသည့် ဇယားတွင် အပြည့်အစုံဖော်ပြထားပါသည်။

(တ) ဥပဒေအခန်း(၅)တွင် ပုဒ်မ(၁၆)သည် ပြစ်ဒဏ်နှင့် မသက်ဆိုင်၍ ဖော်ပြရန်မသင့်ဘဲ ယင်းကို အထွေထွေပိုင်း၌ဖော်ပြရမည်ဖြစ်၍ ပုဒ်မ(၁၆)မှာ အောက်ရှိပုဒ်မ(၁၇)ကို ပြောင်းလဲပြီး ဖော်ပြသင့်ကြောင်း အကြံပြုပါသည်။

(ထ) အခန်း(၆)တွင် မူကြမ်း၌ပုဒ်မ(၁၇)မှ (၂၂) ဖော်ပြချက်ပါ ပုဒ်မ(၁၆)မှ (၂၁)ဖြစ်လာပါမည်။ ပုဒ်မများတွင် ပြည်နယ်ဦးစီးကော်မတီအစား "ကော်မတီ"ဟုသာ ဖော်ပြရမည်ဖြစ်သည်။ ကော်မတီမှာ ပြည်နယ်အဆင့်ဆင့်ကို ဆိုကြောင်း အဓိပ္ပါယ်ရှင်းလင်းချက်၌ ဖော်ပြထားပါသည်။ ခရိုင်နှင့် မြို့နယ်အဆင့်ကော်မတီတွင် ခရိုင်ကော်မတီ မြို့နယ်ကော်မတီဟု သုံးစွဲသင့်ပါသည်။ ပုဒ်မ(၁၇)တွင် "ခရိုင်နှင့် မြို့နယ် ကော်မတီများသည် မိမိတို့၏ သဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေကို ကော်မတီ၏ခွင့်ပြုချက်အရ" ဟူ၍ ပြင်ဆင် ဖော်ပြရပါမည်။

ပုဒ်မ(၁၈)(၁၉) မူကြမ်းတွင် (၁၉)(၂၀)မှ စီမံခန့်ခွဲမှု ဘဏ္ဍာရေးစည်းမျဉ်းဟု ဖော်ပြခြင်းကို စီမံခန့်ခွဲမှု အတွက် ဘဏ္ဍာရေးစည်းမျဉ်းများဟု ဖော်ပြ ပြင်ဆင်သင့်ပါသည်။ ပုဒ်မ(၂၁)မူကြမ်း (၂၂) အစတွင် ပြည်နယ်ဦးစီးကော်မတီအစား



D/real(wide) (8



(ဋ) ပုဒ်မ(၈)(ဆ)ရှိ စားရေရိက္ခာစကားရပ်ကို စားနပ်ရိက္ခာဟုလည်းကောင်း၊ ယင်းပုဒ်မ၏ တတိယ၊ စတုတ္ထ၊ ပဉ္စမစာကြောင်းများကို "နှင့်"ဖြင့် ပုဒ်ဆက်ရေးသားခြင်း မပြုဘဲ " ၊ "ခြားပြီး "နှင့်" စာလုံးအား ထုတ်ပယ်ရန်နှင့် အစိုးရအဖွဲ့အစည်း ဆိုသော စကားရပ်၌ အစိုးရမဟုတ်သော အဖွဲ့အစည်းဟု ပြင်ဆင်ရေးသားဖော်ပြသင့်ပါသည်။

(ဌ) ပုဒ်မ(၈)(ဈ) ဒုတိယ၊ တတိယ စာကြောင်းများ၌ သုံးစွဲခြင်းကိုလည်းကောင်း လုပ်ဆောင်ချက်များကိုလည်းကောင်းဟု ရေးသားမှုအစား သုံးစွဲခြင်း၊ လုပ်ဆောင်ချက်များ စာရင်းဇယားမှတ်တမ်း ပြုစုခြင်းနှင့်စပ်လျဉ်းပြီး အများပြည်သူ ထင်သာမြင်သာ ရှိစေရန် လမ်းညွှန်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်းဟု ကျစ်လစ်စွာ ရေးသားဖော်ပြသင့်ပါသည်။

(ဍ) ပုဒ်မ(၈)(ဋ)အား ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၁၃/၂၀၁၂ (၁-၄-၂၀၁၂)ရက်နေ့ပါ အသုံးအနှုန်းနှင့် လျော်ညီမှုရှိစေရန် အောက်ပါအတိုင်း ပြင်ဆင်ရေးသားသင့်ပါသည်။

"(ဋ) ပြည်နယ်သဘာဝဘေးဆိုင်ရာ ရန်ပုံငွေကို ပြည်နယ်စာရင်းစစ်ချုပ်ရုံးနှင့် ညှိနှိုင်းရေးဆွဲထားသော သဘာဝဘေးအန္တရာယ် ကာကွယ် စောင့်ရှောက်ရေး လှူဒါန်းငွေများ သုံးစွဲမှုဆိုင်ရာ ဘဏ္ဍာရေးအရ စည်းမျဉ်းများ နှင့်အညီ သုံးစွဲခြင်း၊ စီမံခန့်ခွဲခြင်း၊ စစ်ဆေးမှု ခံယူခြင်း။"

ကော်မတီဟုသာဖော်ပြ၍ စပ်လျဉ်း၍ စာရင်းစစ် အစီရင်ခံစာ ကိုဘဏ္ဍာရေး စည်းမျဉ်းများနှင့်အညီ ဆိုသောစကားရပ်ကို သက်ဆိုင်ရာစာရင်းရှုံး၏ အစီရင်ခံစာကို ပြည်နယ်အစိုးရထံ တင်ပြရမည်ဟု ပြင်ဆင်ရေးသားသင့်ပါသည်။

( ဒ ) အခန်း(၇)တွင် ပြစ်မှုနှင့် ပြစ်ဒဏ်များကို မှုကြမ်း၌ ပုဒ်မ(၂၃)မှ (၃၆)ထိ ဖော်ပြခဲ့သော်လည်း ယခုပြင်ဆင်အကြံပြုချက်အရ ပုဒ်မ(၂၂)မှာ ပုဒ်မ(၂၃)ဖြစ်လာပြီး ပုဒ်မ(၂၆)မှာ (၂၅)ဖြစ်ရပါမည်။ ယခုပုဒ်မ(၂၂)၏ ပထမစာကြောင်းတွင် မည်သူမဆို အရမ်း(သို့မဟုတ်) ပေါ့ဆစွာ ပြုလုပ်မှုကြောင့်ဖြစ်စေဟု ပြင်ဆင်ရေးသားပြီး အောက်ဆုံးစာကြောင်း၌ သုံးနှစ်ထက်မပိုသော ထောင်ဒဏ်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်ဟု ဖော်ပြသင့်ပါသည်။

ဤပြင်ဆင်တင်ပြချက် အရ ပုဒ်မ(၂၂)မှ (၂၅)၊ ယခင်ပုဒ်မ(၂၃)မှ (၂၆)၊ ယခင်ပုဒ်မ(၂၇)ကို ယခုပုဒ်မ(၂၉)အဖြစ် ပြင်ဆင်ရပါမည်။ ပြင်ဆင်ဖော်ပြရမည့် ယခင်ပုဒ်မ(၂၈)(၂၉)(၃၀)တို့မှာ ယခုပုဒ်မ(၂၆)(၂၇)(၂၈) ဖြစ်လာပါသည်။

ဤအခန်း(၇)၌ မူလပုဒ်မ(၂၇)တွင် ပြစ်မှုအင်္ဂါရပ်နှင့် ပြစ်ဒဏ်ကိုတစ်ပေါင်းတည်း ဖော်ပြသည့် ပြဋ္ဌာန်း ချက်ကို မူလပုဒ်မမှ (၃၁)(၃၂)၌ ပြစ်မှုအင်္ဂါရပ် ဖြင့်ခွဲပြီး ယင်းကိုကျူးလွန်လျှင် ပုဒ်မ(၃၃)(၃၄)ပါ





ရေးမှသာ ကွင်းအတွင်းရေးသား ဖော်ပြ ရမည်။

( ဓ ) အခန်း(၈)၏ ပုဒ်မ(၃၇)(၃၈)(၃၉)သည် ယခုပြင်ဆင်အကြံပြုချက်၌ ပုဒ်မ(၃၁)(၃၂)(၃၃)ဖြစ်ပါသည်။ ပုဒ်မ(၃၃)၏ ပထမစာကြောင်းမှ မီးဘေးနှင့်ဟူသော စာသားကိုဖြုတ်ပြီး အောက်ခြေ၌ တရားမကြောင်းဖြင့်သော်လည်းကောင်းဟူသော ရေးသားချက်ကို တရားမကြောင်းဖြင့် သို့မဟုတ် ပြစ်မှုကြောင်းဖြင့် တရားစွဲဆိုခြင်း မပြုရဟုဖော်ပြရေးသားသင့်ပါသည်။

( န ) ဤအခန်း၏ပုဒ်မ(၄၀)(၄၁)မှာ ဥပဒေတစ်ရပ်တွင် နောက်ဆုံးနိဂုံးပိုင်းမှ ဖော်ပြရမည့် ပြဋ္ဌာန်းချက်များဖြစ်ပါသဖြင့် ယင်းတို့ကိုပြင်ဆင်အကြံပြုချက်၏ နောက်ပိုင်းပုဒ်မ(၄၇)(၄၈)အဖြစ် ဆက်လက်ဖော်ပြပါမည်။

( ပ ) ယခင်မှုကြမ်းတင်ပြချက် ရှိသော ပုဒ်မ(၄၂)နှင့် (၄၃)တို့ကို ဤပြင်ဆင်ချက်တွင် ပုဒ်မ(၃၄)(၃၅) အဖြစ် ဖော်ပြရပါမည်။ ယခင်ပုဒ်မ(၄၄) ဤပြင်ဆင်ချက်နောက်ပိုင်း၌ ပုဒ်မ(၄၃)ဟု ဖော်ပြရမည့် ပြဋ္ဌာန်းချက်ဖြစ်၍ ဆက်လက်ဖော်ပြသွားပါမည်။

( ဖ ) ယခုပြင်ဆင်ရေးသားသည့် ပုဒ်မ(၃၄)နှင့် (၃၅) ပြီးလျှင် မူလအခန်း(၅)ရှိ မူလပုဒ်မ(၁၆)ကို ဖော်ပြရမည်ဖြစ်ပါသည်။ ဤအခန်း(၈)ရှိ မူလပုဒ်မဖြစ်သည့် ပုဒ်မ(၄၅)(၄၆)(၄၇) (၄၈)တို့မှာ ယခုပြင်ဆင်တင်ပြသည့် ပုဒ်မ(၃၆)၏ နောက်၌



D/real(wide) (8

ပုဒ်မ(၃၇)(၃၈)(၃၉)(၄၀)အဖြစ် ဆက်လက် ဖော်ပြပါရှိရမည်ဖြစ်ပါသည်။

(ဘ) အထက်၌အပိုဒ်ခွဲ (န)တွင် ဖော်ပြခဲ့သော ယခင်ပုဒ်မ(၄၀)နှင့် (၄၁)တို့သည် ယခု ပြင်ဆင်ချက်၏ ပုဒ်မ(၄၁)နှင့်(၄၂)အဖြစ် ထည့်သွင်းရပါမည်။ ပုဒ်မ၌ဖော်ပြရမည့် ပြဋ္ဌာန်းချက်များ ဖော်ပြပါအတိုင်း ရေးသားသင့်ပါသည်။

“၄၁။ ဤဥပဒေပြဋ္ဌာန်းချက်ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်-

(က) အစိုးရအဖွဲ့ဝန်ကြီးသည် နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ထုတ်ပြန်နိုင်သည်။

(ခ) ပြည်နယ်ဦးစီးဌာနသည် လိုအပ်သောအမိန့်ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။”

(ဗ) ပုဒ်မ(၄၂)၊ ယခုပုဒ်မ(၄၂)မှာ ယခင်မူကြမ်းရှိ ပုဒ်မ(၄၁)ပါ ပြဋ္ဌာန်းချက်များကို ဖော်ပြရမည်ဖြစ်ပါသည်။

(မ) ယခင်ပုဒ်မ(၄၄)၏ ပုဒ်မခွဲ(က)သည် ယခုပုဒ်မ(၄၁)၊ အထက်ဖော်ပြပါ ပုဒ်မ(၄၁)(ခ)



D/real(wide) (9



ပြစ်ဒဏ်ဖြင့် အရေးယူရန် သီးခြားစီခွဲပြီး ထပ်မံဖော်ပြခြင်းဖြစ်၍ ပြဋ္ဌာန်းချက်များ ထပ်နေပြီး ယင်းပုဒ်မ(၃၁)(၃၂)(၃၃)(၃၄)တို့မှာ မူလပုဒ်မ(၂၇) တစ်ခုတည်းနှင့် ရှင်းနေပါသဖြင့် ပုဒ်မ (၃၁)(၃၂)(၃၃)(၃၄)တို့မှာ မလိုအပ်၍ ထုတ်နှုတ်ပြီး ဥပဒေပြဋ္ဌာန်းချက် အစီအစဉ် မှန်ကန်မှုရှိစေရေး ယခုပြင်ဆင်ချက်ပုဒ်မ(၂၆)(၂၇)(၂၈)တို့၏ နောက်၌ ပုဒ်မ(၂၉)အဖြစ် ထည့်သွင်းဖော်ပြရပါမည်။

ဤအခန်း(၇)မူလပုဒ်မ(၃၂)(၃၃)သည် ပြစ်မှုနှင့် ပြစ်ဒဏ်ခွဲပြီး ရေးသားထား၍ ရောထွေးနေပြီး ယင်းပြဋ္ဌာန်းချက်နှစ်ရပ်ကို ပြစ်မှုပြစ်ဒဏ်တွဲလျက် ယခုပုဒ်မ(၂၈)အဖြစ် ပြင်ဆင်ရေးသားပါက သဘာဝဘေးအန္တရာယ် ကိစ္စတာဝန် ထမ်းဆောင်သူကို နှောင့်ယှက်ဟန့်တားလျှင် (၁)နှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ငွေကျပ်(၁)သိန်းထိ ငွေဒဏ်နှစ်ရပ်လုံးကို ပြစ်ဒဏ်ဖြစ်စေ အပြစ်ပေးရမည့် အကြောင်း ပေါ်လွင်ပြီးသော ပြဋ္ဌာန်းချက်အဖြစ် ရှင်းလင်းမှု ရှိပါသည်။

ယခင်ပုဒ်မ(၃၆)သည် ယခုပုဒ်မ(၃၀)ဖြစ်ပါသည်။ ထိုပုဒ်မတွင်ဖေါ်ပြထားသည့် အခန်း(၅) နောက်မှ အပိုဒ်(၉)(၁၅)ပါ ပြဋ္ဌာန်းချက် ရေးသားမှုမှာ မှားယွင်းနေပါသည်။ အခန်း(၅)မှ ပုဒ်မ(၉)မှ (၁၅)ထိ ပြဋ္ဌာန်းချက်များကိုဟု ရေးသားဖော်ပြရပါမည်။ ပုဒ်မများကို ညွှန်ပြခြင်းဖြစ်၍ အပိုဒ်ကိုမရေးရပါ။ ပုဒ်မများကိုလည်း ကွင်းအတွင်း၌ ရေးသားလျှင် မူရင်းပုဒ်မဟု ဖော်ညွှန်းရာမရောက်ဘဲ ပုဒ်မခွဲ များကို

အဖြစ်ဖော်ပြပြီးဖြစ်၍ ထည့်သွင်းရန်မလိုအပ်ပါ။ ယင်းပုဒ်မ(၄၄)၏ ပုဒ်မခွဲ(ခ)ကို ပြင်ဆင်ဖော်ပြရာ၌ ယခုပုဒ်မ(၄၃)အဖြစ် ကော်မတီနှင့် သက်ဆိုင်ရာ ပြည်နယ်အဆင့် ဦးစီးဌာနများ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး မီးသတ်တပ်ဖွဲ့များကို အပ်နှင်းသည့် လုပ်ပိုင်ခွင့်အဖြစ် အောက်တွင် ရေးသားဖော်ပြသည့် အတိုင်း ပြင်ဆင်ရန်ပေး သင့်သည်။ ယင်းပုဒ်မ(၄၄)(ဂ)မှာ ခရိုင်နှင့် မြို့နယ်အဆင့်သို့ ပြည်နယ်ဦးစီးဌာနများနှင့် နည်းတူ အာဏာအပ်နှင်းထားခြင်းဖြစ်၍ ဤသို့ တန်းတူညီတူထုတ်ပြန်နိုင်ခွင့် မရှိဘဲ ခရိုင်နှင့် ပြည်နယ်အဆင့်သည် ဝန်ကြီးနှင့် ပြည်နယ်အဆင့် တို့က (၄၁)(က)နှင့် (၄၁)(ခ)အရ ထုတ်ပြန်ချက် များကို အကောင်အထည်ဖော်ဆောင်ကြီးကြပ် ရမည့် အဆင့်များဖြစ်၍ ပြင်ဆင်ရန်မလိုအပ်ဟု အကြံပြုပါသည်။

(ယ) ဤပြင်ဆင်အကြံပြုချက်၌ နောက်ဆုံးပုဒ်မအဖြစ် ယခင်မူကြမ်း၏ ပုဒ်မ(၄၄)(ခ)ကို အောက်ပါ အတိုင်း ပုဒ်မ(၄၃)အဖြစ် ထည့်သွင်းပြင်ဆင်ပေး သင့်ပါသည်-

"၄၃။ ကော်မတီနှင့် သက်ဆိုင်ရာ ပြည်နယ် အဆင့် ဦးစီးဌာနများသည် လိုအပ်သော အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်ခွင့် ရှိသည်။"





**ဒေါ်အေးချိုစိန်၊ ဖယ်ခုံမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** လေးစားအပ်တဲ့ ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌနှင့် တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ အားလုံး မင်္ဂလာ အပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်း တောင်းအပ်ပါတယ်။ ကျွန်မကတော့ ဥပဒေပြုရေးဆိုင်ရာ ကော်မတီအဖွဲ့ဝင် ဒေါ်အေးချိုစိန်ဖြစ်ပါတယ်။

ရှမ်းပြည်နယ်လွှတ်တော် သတ္တမပုံမှန် အစည်းအဝေးသို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးမှ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ(၁၉၁)ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ(၁၂၈)(ဂ)နှင့် အညီ ရှမ်းပြည်နယ်သဘာဝ မြေသြဇာများစနစ်တကျ ထုတ်လုပ်သုံးစွဲရေး ဥပဒေမူကြမ်းကို တင်သွင်းလာတဲ့အပေါ်မှာ ကျွန်မတို့ရဲ့ ဥပဒေပြုရေးဆိုင်ရာ ကော်မတီမှ စိစစ်သုံးသပ် ပြီးပြင်ဆင်အဆိုပြုချက်များကို ဥက္ကဋ္ဌရဲ့ ကိုယ်စားဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။

**ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် သတ္တမပုံမှန် အစည်းအဝေး၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာနဝန်ကြီးမှ တင်သွင်းသည့် ရှမ်းပြည်နယ် သဘာဝမြေသြဇာများ စနစ်တကျ ထုတ်လုပ် သုံးစွဲရေး ဥပဒေမူကြမ်းအပေါ် ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေး ဆိုင်ရာ ကော်မတီက စိစစ်သုံးသပ်ပြီး ပြင်ဆင်ရန် အကြံပြုချက် အစီရင်ခံစာ**

**နိဒါန်း**

၁။ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် သတ္တမအကြိမ် အစည်းအဝေးသို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန ဝန်ကြီးမှ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ

(၁၈၈)ဇယား(၂) အပိုဒ်(၃)(ဂ)ဖော်ပြပါအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ(၁၉၁) ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ (၁၂၈)ပုဒ်မခွဲ(ဂ)အရ ရှမ်းပြည်နယ်သဘာဝမြေသြဇာများ စနစ်တကျထုတ်လုပ်သုံးစွဲရေး ဥပဒေမူကြမ်းကို တင်သွင်းလာပါသဖြင့် ရှမ်းပြည်နယ်ဥပဒေပြုရေးဆိုင်ရာ ကော်မတီက နည်းဥပဒေ(၆၃)အရ အစည်းအဝေးအမှတ် ၆/၂၀၁၃ (၄-၉-၂၀၁၃) မှ (၆-၉-၂၀၁၃)တွင် စိစစ်သုံးသပ်ပြီး ဆွေးနွေးညှိနှိုင်းရန် ပြင်ဆင်ရန် အကြံပြုချက် အစီရင်ခံစာကို နည်းဥပဒေ (၆၄)နှင့်အညီ အစီရင်ခံ တင်ပြခြင်းဖြစ်ပါတယ်။

**လေ့လာတွေ့ရှိချက်**

၂။ ဥပဒေကြမ်းမှာ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြည်နယ်လွှတ်တော် ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့်အညီ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ပြည်သူ့ကိုယ်စားလှယ်တစ်ဦးအနေဖြင့် တင်သွင်းလာခြင်းဖြစ်ပြီး ရှမ်းပြည်နယ်အတွင်း တောင်သူလယ်သမားများ၊ စိုက်ပျိုးရေး လုပ်ငန်းဖြစ်ထွန်း အောင်မြင်ရေး၊ စစ်မှန်သည့် သဘာဝမြေသြဇာကို အသုံးပြုနိုင်ရေး မမှန်ကန်သော မြေသြဇာများကို မသမာသူတို့ ထုတ်လုပ်ဖြန့်ဖြူး ရောင်းချခြင်းကို ကာကွယ်ပြီး တောင်သူတို့၏ အကျိုး စီးပွားပျက်စီး ဆုံးရှုံးမှုမရှိစေရေးတို့ကို ရည်ရွယ်ကာရေးဆွဲ တင်သွင်းလာသည့် ဥပဒေကြမ်း တစ်ရပ် ဖြစ်ပါတယ်။

၃။ တင်သွင်းလာသည့် ဥပဒေကြမ်းတွင် အခန်းပေါင်း (၁၂)ခန်း၊ ပုဒ်မပေါင်း(၄၅)ခု ပါရှိပြီး ဤကော်မတီမှ စိစစ်လေ့လာသုံးသပ်ရာတွင် အချက်အလက်ပေါင်း (၁၆)ချက်ကို ပြင်ဆင်ဖြည့်စွက် သင့်ကြောင်း တွေ့ရှိရပါသဖြင့် ပြင်ဆင်အကြံပြုချက် (၁၄)ရပ်နှင့် ပုဒ်မသစ်(၂)ရပ်ကို ဖြည့်စွက်ပြုစု တင်ပြရန် ကော်မတီဝင်အားလုံး သဘောတူညီသည့်အတွက် ပြည်နယ် လွှတ်တော်ဆိုင်ရာ





(၅) တင်သွင်းလာသော မူကြမ်းတွင် အခန်းပေါင်း(၈)ခု၊ ပုဒ်မပေါင်း(၄၈)ခု၊ ပါရှိခဲ့သော်လည်း အကြောင်းအရာ တူညီပြီး ထပ်နေသည့် ပုဒ်မများကို ဖြုတ်ပယ်ခြင်း၊ ရှေ့နောက် အစီအစဉ်မကျသော ဖော်ပြချက်များအား ဥပဒေရေးထုံးရေးနည်းနှင့် ဆီလျော်အောင်ပြင်ဆင်ခြင်း၊ သတ်ပုံသတ်ညွှန်း ပြင်ဆင်ရေးသားခြင်းဖြင့် ဤပြင်ဆင်အကြံပြုချက် အစီရင်ခံစာတွင် မူလအတိုင်း အခန်းပေါင်း(၈)ခု ပါဝင်သော်လည်း ပုဒ်မပေါင်း (၄၂)ခု ဖြစ်ပါကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။ကျေးဇူးတင်ပါတယ်။

## ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ သဘာဝမြေသြဇာများ စနစ်တကျထုတ်လုပ်သုံးစွဲရေး ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၉)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် သတ္တမပုံမှန်အစည်းအဝေးရဲ့ ပထမနေ့မှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ သဘာဝဓါတ်မြေသြဇာများ စနစ်တကျထုတ်လုပ်သုံးစွဲရေး ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော် ဆိုင်ရာ နည်းဥပဒေပုဒ်မ(၁၃၃)ပုဒ်မခွဲ(ခ)အရ ဥပဒေပြုရေးဆိုင်ရာ ကော်မတီက အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းပေးဖို့ ဖိတ်ခေါ်ပါတယ်။

နည်းဥပဒေ (၆၄)နှင့်အညီ ဤအစီရင်ခံစာကို တင်ပြအပ်ပါသည်။

**တင်ပြချက်**

၄။ ပြင်ဆင်အကြံပြုချက်(၁၄)ရပ်မှာ သတ်ပုံ၊ သတ်ညွှန်း၊ စာအရေးအသား ဥပဒေအသုံးအနှုန်း တည်ဆဲဥပဒေတစ်ရပ် ဖြစ်သည့် မြေသြဇာဥပဒေ (၂၀၀၇)ခုနှစ်ပါ ဖြည့်စွက်ပြဋ္ဌာန်းချက်တို့ကို ထည့်သွင်းလျက် ပြုစုတင်ပြခြင်းဖြစ်ပါတယ်။

(က) ဥပဒေအမည်၊ ခေါင်းစည်းနှင့် ခုနှစ် လ ရက်တို့ကို မြန်မာခရစ်သက္ကရာဇ် အောက်ပါအတိုင်း ဖော်ပြရေးသားရမှာ ဖြစ်ပါတယ်-

ရှမ်းပြည်နယ်သဘာဝမြေသြဇာများစနစ်တကျ
ထုတ်လုပ်သုံးစွဲရေးဥပဒေ
၁၃၇၅ ခုနှစ် ဝါဆိုလပြည့်ကျော် (၁၄)ရက်
၂၀၁၃ ခုနှစ် စက်တင်ဘာလ ၄ ရက်
ရှမ်းပြည်နယ်လွှတ်တော်အမှတ် ( /၂၀၁၃)

ဟုဖော်ပြရမှာ ဖြစ်ပါတယ်။

(ခ) ပုဒ်မနှင့် စကားရပ်များဖော်ပြသည့် ပုဒ်မခွဲ(က)မှ (ထ)အထိ အဓိပ္ပါယ်ဖွင့်ဆိုမှု စကားရပ်ထိပ်စည်းများကိုထင်ရှားအောင်Boldတင်ရမှာဖြစ်ပါတယ်။

(ဂ) ဥပဒေတစ်ရပ်လုံး၌ သတ်ပုံများယွင်းလျက်ရှိသော ဥပမာ-စံနစ်၊ ခါတ်-ဓကိုမောက်ချနှင့် သတ်ထားတာတွေ တွေ့ရှိရပါတယ်။ ကော်မီတီဆိုသည်များ၊ သင့်လျော်ကို သင့်လျှော်စသည့် ရေးသားချက်များကို ပြင်ဆင်ရန်ဖော်ပြအပ်ပါတယ်။ စနစ်၊ ဓာတ်၊ ကော်မတီ၊ သင့်လျော်၊ တိရစ္ဆာန်၊ စိစစ်၊ ထိန်းသိမ်းဟု အမှန်ပြင်ဆင်ဖော်ပြသင့်ပြီး





(ဇ) ပုဒ်မ(၂၆)ပုဒ်မခွဲ(ခ)၌ ပုဒ်မ(၁၆)ပါ တာဝန်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန်ဟူ၍ ကို စာလုံးကျန်နေသည့်အတွက် ဖြည့်ရမှာ ဖြစ်ပါတယ်။ ထို့အပြင်ပုဒ်မ(၂၇)၌ ပုဒ်မ(၁၅)နှင့် (၁၇) တို့တွင်တို့ကပါဟု ဖော်ပြချက်၌ တို့တွင် (က)ကို ဖြုတ်၍ တို့ပါဟုပြင်ဆင်ရပါမည်။

(ဈ) ပုဒ်မ(၂၈)တွင် ပုဒ်မခွဲ(က)(ခ)နောက်၌ ပုဒ်မခွဲ(ဂ)အစိုးရအဖွဲ့၏ အဆုံးအဖြတ်သည် အပြီးအပြတ်ဖြစ်ရမည်ဟု ဖြည့်စွက်သင့်ပါသည်။

(ည) အခန်း(၁၀) တားမြစ်ချက်များ၌ ပုဒ်မ(၂၉)မှ (၃၃)ပြီးလျှင် ပုဒ်မ(၃၄)ကို ပုဒ်မအသစ် ဖြည့်စွက်ပြီး အောက်ပါအတိုင်း ပြဋ္ဌာန်းချက်တစ်ရပ် ထည့်သွင်းသင့်ပါသည်။ ပုဒ်မ(၃၄) စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်ကို လိုက်နာရန်ပျက်ကွက်နေသူအား ဤဥပဒေမှအပ အခြားနည်းဖြင့် အရေးမယူရ။

(ဋ) အခန်း(၁၁) ပြစ်မှုနှင့် ပြစ်ဒဏ်များ၌ ပုဒ်မ(၃၄)မှ ပုဒ်မ(၃၇)ထိ မူကြမ်း၌ ပါရှိသော်လည်း အထက်မှ ပုဒ်မ(၁)ပုဒ်မ(၃၄)ကိုဖြည့်သဖြင့် ယခင်ပုဒ်မ(၃၄)သည် ယခုပုဒ်မ(၃၅)ဖြစ်လာပြီး (၃၅)မှာ(၃၆)၊ (၃၆)မှာ(၃၇)ဟု ပြောင်းလဲဖော်ပြရမည့်အပြင် ပုဒ်မအသစ်တစ်ခုအဖြစ် ပုဒ်မ(၃၈)ကို အောက်ပါအတိုင်း ဖြည့်စွက်ပြဋ္ဌာန်းသင့်ပါသည်-

"၃၈။ မည်သူမဆို စီမံခန့်ခွဲရေးဆိုင်ရာအမိန့်ကို လိုက်နာရန်ပျက်ကွက်သဖြင့် ပုဒ်မ(၃၄)ကို ဖောက်

ဖျက်ကျူးလွန်သည်ဟု ပြစ်မှုထင်ရှား စီရင်ခြင်း ခံရလျှင် ထိုသူအား (၃)လထက်မပိုသော ထောင်ဒဏ် ကိုဖြစ်စေ၊ ကျပ်(၃)သောင်း ထက် မပိုသော ငွေဒဏ်ကိုဖြစ်စေချမှတ်ရမည် ဟု ဖြည့်စွက် ပြဋ္ဌာန်း သင့်ပါသည်။ ”

(ဌ) ယခင်ပုဒ်မ(၃၆)၊ ယခုပြင်ဆင်ချက်အရ ပုဒ်မ (၃၇)တွင် မည်သူမဆို ပုဒ်မ(၃၂)ဟု မှားယွင်း စွာ ဖော်ပြသဖြင့် ၎င်းကိုပုဒ်မ(၃၃)ဟု ပြင်ဆင်ရပါမည်။

(ဍ) ယခင်ပုဒ်မ(၃၇)သည် ယခုပြင်ဆင်ချက်၌ ပုဒ်မ (၃၉)ဖြင့်ဖော်ပြရာ၌ စကားရပ်များကို အောက်ပါ အတိုင်း ပြင်ဆင်ဖော်ပြသင့်ပါသည်-

“၃၉။ တရားရုံးသည် ပြစ်မှု၌တင်ပြထားသော သက်သေခံမြေသြဇာများကို ပြည်သူ့ဘဏ္ဍာ အဖြစ် သိမ်းဆည်းရန်အမိန့်ချမှတ်လျှင် ယင်း မြေသြဇာများကို ပြည်နယ်စိုက်ပျိုးရေး ဦးစီးဌာနသို့ လွှဲပြောင်းပေးရမည်ဟု ပြင်ဆင်ဖော်ပြ သင့်ပါသည်။”

(ဎ) အခန်း(၁၂) အထွေထွေ၌ ယခင်ပုဒ်မ(၃၈)မှ ပုဒ်မ(၄၅)တို့မှာ အထက်၌ ဖော်ပြခဲ့သည့် ဖြည့်စွက် သောပုဒ်မအသစ်များကြောင့် ပုဒ်မ(၄၀)မှ ပုဒ်မ (၄၇)အထိ ပြောင်းလဲဖော်ပြရမည် ဖြစ်ပါသည်။

(ဏ) ယခင်ပုဒ်မ(၄၂)၊ ယခုပြင်ဆင်သည့်ပုဒ်မ(၄၄)တွင် ၂၀၀၂ခုနှစ် မြေသြဇာဥပဒေ ပုဒ်မ(၄၅) ဖော်ပြချက်ကိုထောက်ထား၍ အောက်ပါအတိုင်း ပြင်ဆင် ပြဋ္ဌာန်းသင့်ပါသည်-

“၄၄။ ဤဥပဒေအရ စွဲဆိုသောပြစ်မှုများတွင်





ပုဒ်မ(၂)(ဎ)နေရာတွင် (ပ)ဟုဖော်ပြချက်ကို (ဎ)ဟု ဖော်ပြရမည် ဖြစ်ပါသည်။

(ဃ) ပုဒ်မ(၂)ပုဒ်မခွဲ(ည)တွင် အမှတ်တံဆိပ်အစား ကုန်အမှတ်တံဆိပ်ဟု လည်းကောင်း၊ ဆက်လက် ဖော်ပြနေသည့် အမှတ်အသားတံဆိပ်ဟူ၍ ဖော်ပြချက်များတွင်လည်း ပြင်ဆင်ပြီး ကုန်စည်၏ အမှတ်တံဆိပ်နှင့် အခြားသတိပေး အမှတ်အသား များနှင့် ကွဲပြားမှုရှိစေရန် ကုန်အမှတ်တံဆိပ်ဟု ပြင်ဆင်သင့်ပါသည်။

ပုဒ်မ(၈)၌ ဖော်ပြအစား မောက်ချနှင့်ဖော်ပြရမည့် အစား ရေးချရှေ့ထိုးနှင့် ဖော်ပြရမည် ဖြစ်ပါတယ်။

(င) ပုဒ်မ(၁၆)တွင် ပုဒ်မခွဲ(က)မှ အမှတ်တံဆိပ်ကိုလည်း ကုန်အမှတ်တံဆိပ်ဟု ပြင်ဆင်ရမည်ဖြစ်ပြီး ပုဒ်မခွဲ(စ)အောက်တွင် ပုဒ်မခွဲ(ဆ)ကို ထပ်မံ၍ အောက်ပါအတိုင်း ဖြည့်စွက်သင့်ပါသည်။

ပုဒ်မခွဲ(ဆ) ထုတ်လုပ်သည့် ရက်စွဲ၊

(စ) အခန်း(၇)၏ ခေါင်းစဉ်ကိုစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် တာဝန်ပေးအပ်ခြင်းဟု ပုဒ်မ (၂၂)နှင့် (၂၃)ပါ ပြဋ္ဌာန်းချက် ဥပဒေနှစ်ရပ်လုံး အကြုံးဝင် အောင်ပြင်ဆင်ဖော်ပြသင့်ပါသည်။

(ဆ) ပုဒ်မ(၂၄)(၂၅)(၂၆)ဖော်ပြပါ စီမံခန့်ခွဲရေး ဖော်ပြချက်ကို ပုဒ်မသုံးခုလုံး၌ အောက်ပါအတိုင်း အရေးအသားကို ဖော်ပြခြင်းဖြင့် ပြဋ္ဌာန်းချက် ပိုမိုကျစ်လစ် သိပ်သည်းမှု ရှိပါသည်။ စီမံခန့်ခွဲရေး ပြစ်ဒဏ်တစ်ရပ်ရပ်ကို ဖြစ်စေ၊ တစ်ရပ်ထက်ပို၍ ဖြစ်စေ၊ ချမှတ်နိုင်သည်။



D/real(wide) (9

သဘာဝမြေသြဇာနှင့် စပ်လျဉ်း၍ ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန၏ ဓါတ်ခွဲစမ်းသပ် တွေ့ရှိချက် အစီရင်ခံစာကို ယင်းပြစ်မှု၌ သက်သေခံချက် အထောက်အထား ဖြစ်စေရမည်ဟု ပြင်ဆင် ပြဋ္ဌာန်း သင့်ပါသည်။”

(တ) ယခင်ပုဒ်မ(၄၃)၊ ယခုပုဒ်မ(၄၅)တွင် ဤဥပဒေအရ တရားစွဲဆိုသောပြစ်မှုများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့က အရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများဖြင့် သတ်မှတ်သည်ဟု ပုဒ်မများကို ချန်လှပ်၍ ဤအခန်း(၁၁)ပါ ပြစ်မှုများကို ရဲအရေးပိုင်သော အမှုများဖြစ်ကြောင်း ပြဋ္ဌာန်းသင့်ပါတယ်။

(ထ) ဤဥပဒေကြမ်းကို မူလတင်ပြချက်၌ ပုဒ်မပေါင်း (၄၅)ဖြင့် တင်ပြခဲ့သော်လည်း ပုဒ်မ(၃၄)နှင့် (၃၈)တို့ကို ပုဒ်မအသစ်ဖြင့် ဖြည့်စွက်အကြံပြုထားသဖြင့် ဤဥပဒေကို ပုဒ်မ(၄၇)ခု ပါဝင်လာမည်ဖြစ်ကြောင်း လေးစားစွာတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။





ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် သစ်တော/သတ္တုဝန်ကြီး ဦးစိုင်းအိုက်ပေါင်း ဖြစ်ပါတယ်။ လဲချားမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်နန်းအက်စ်ကီးမိုးရဲ့ အဆိုနှင့် ပတ်သတ်ပြီး တင်ပြဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်အတွင်း သစ်ထုတ်ဇရိယာများကို သစ်ထုတ်ဒေသလို့ ခေါ်ဝေါ်သတ်မှတ်ထားပါတယ်။ ၂၀၁၁-၂၀၁၂ ခု မိုးမိတ်သစ်ထုတ်ဒေသမှာ ကျွန်းသစ်ထုတ်လုပ်ရန် လျာထားတန်အနေဖြင့် ၆၂၅၀၀တန်ဖြစ်ပြီး တန်ပေါင်း ၅၆၃၀၈တန်ထုတ်လုပ်နိုင်ခဲ့ပါတယ်။

သစ်မာလျာထားတန်မှာ ၆၉၀၀၀တန်ဖြစ်ပြီး တန်ပေါင်း၆၀၇၅၀တန် ထုတ်လုပ်နိုင်ခဲ့ပါတယ်။ ထုတ်လုပ်ခဲ့တဲ့ ကုမ္ပဏီများကတော့ မြတ်နိုးသူကုမ္ပဏီ၊ **Momentum** ကုမ္ပဏီ၊ ဒေါ်သန်းသန်းဌေး ကုမ္ပဏီ၊ **Htoo Glory** ကုမ္ပဏီ၊ ဖြိုးစည်သူ၊ ဌေးမိသားစု ကုမ္ပဏီများပဲဖြစ်ပါတယ်။

(၂၀၁၂-၂၀၁၃)ခုနှစ် သစ်ထုတ်ရာသီမှာ မိုးမိတ်သစ်ထုတ်ဒေသအတွက် လျာထား ကျွန်းတန် ပေါင်းမှာ ၄၉၅၀၀တန်ဖြစ်ပြီး တန်ပေါင်း၄၈၂၆၄တန် ထုတ်လုပ်နိုင်ခဲ့ပါတယ်။ သစ်မာအနေနှင့် ထုတ်လုပ်ရန် လျာထားတန်ပေါင်း ၅၆၀၀၀ တန်ဖြစ်ပြီး တန်ပေါင်း ၅၃၁၆၀တန် ထုတ်လုပ်နိုင်ခဲ့ပါတယ်။

(၂၀၁၃-၂၀၁၄)ခုနှစ်မှာ ထုတ်လုပ်ရန်လျာထား ကျွန်းတန်ပေါင်းမှာ တန်ချိန်၁၅၀၀တန်သာ ရှိပြီး ထုတ်လုပ်နိုင်သော တန်ပေါင်းမှာ ၈၇၁၆တန်ဖြစ်ပါတယ်။ ထုတ်လုပ်ရန်လျာထားသော သစ်မာကတော့ တန်ပေါင်း ၉၀၀၀ဖြစ်ပြီး ထုတ်လုပ်နိုင်တဲ့ တန်ပေါင်းမှာ ၁၄၈၂ တန်သာ ထုတ်လုပ်နိုင်ခဲ့ပါတယ်။

(၂၀၁၃-၂၀၁၄)ခုနှစ်မှာ ပုဂ္ဂလိကကုမ္ပဏီအနေဖြင့် ဒေါ်သန်းသန်းဌေးကုမ္ပဏီ တစ်ခုသာ ထုတ်လုပ်နိုင်ပါတယ်။ ရွှေလီ၊

မဘိမ်းသစ်ထုတ်ဒေသ အနေဖြင့် ၂၀၁၁-၂၀၁၂ခုနှစ် သစ်ထုတ်ရာသီမှာ ထုတ်လုပ်ရန်လျာထား ကျွန်းသစ်တန်ပေါင်းမှာ ၅၀၃၀၀ ဖြစ်ပါတယ်။

ထုတ်လုပ်နိုင်တဲ့တန်ပေါင်းကတော့ ၄၅၂၈၂ တန်ထုတ်လုပ်နိုင်ခဲ့ပါတယ်။ သစ်မာအနေဖြင့် လျာထားထုတ်လုပ်တန်က ၂၁၀၀၀ တန်ဖြစ်ပြီး ထုတ်လုပ်နိုင်တဲ့ တန်ပေါင်းမှာ ၂၅၀၁၀ တန်ထုတ်လုပ် နိုင်ခဲ့ပါတယ်။

(၂၀၁၂-၂၀၁၃)ခုနှစ် လျာထားကျွန်း ၄၉၃၀၀တန်ဖြစ်ပြီး ထုတ်လုပ်နိုင်တဲ့ တန်ပေါင်းကတော့ ၄၆၇၁၆တန် ဖြစ်ပါတယ်။ လျာထားသစ်မာ တန်ပေါင်းမှာ ၄၆၀၀၀ဖြစ်ပြီး ထုတ်လုပ်နိုင်တဲ့ တန်ပေါင်းကတော့ ၃၃၇၈၃ တန်ထုတ်လုပ်နိုင်ခဲ့ပါတယ်။ ၂၀၁၃-၂၀၁၄ သစ်ထုတ်ရာသီမှာ ကျွန်းလျာထားတန် မရှိသော်လည်း တန်ပေါင်း ၉၅၈၅တန် ထုတ်လုပ်နိုင်ခဲ့ပါတယ်။

လျာထားသစ်မာတန်ကတော့ ၃၀၀၀တန်ဖြစ်ပြီး ထုတ်လုပ်နိုင်တဲ့ တန်ပေါင်းမှာ ၇၅၉၉တန် ထုတ်လုပ်နိုင်ခဲ့ပါတယ်။ ရွှေလီ-မဘိမ်း သစ်ထုတ်ဒေသမှာ သစ်ထုတ်တဲ့ ကုမ္ပဏီများမှာ **Lugarwit** ကုမ္ပဏီ၊ **Htoo Glory** ကုမ္ပဏီ၊ **MRT** ကုမ္ပဏီ၊ **ITE** ကုမ္ပဏီ၊ ဖြိုးစည်သူအစရှိတဲ့ ကုမ္ပဏီများဘဲ ဖြစ်ပါတယ်။

တောင်ကြီးဒေသနဲ့ လွိုင်လင်ဒေသမှာ သစ်ထုတ်တဲ့ ကုမ္ပဏီများမှာ **NTT** ကုမ္ပဏီ၊ စိုးလွင်ကုမ္ပဏီ၊ ဟိုမိန်းဒေသဖွံ့ဖြိုးရေး၊ ထူးကုမ္ပဏီ၊ **TKW** ကုမ္ပဏီ၊ **ITE** ကုမ္ပဏီ၊ တင်မြင့်ရီကုမ္ပဏီ၊ **SSPP** အဖွဲ့၊ "ဝ"အထူးဒေသ(၂)အဖွဲ့၊ "ဝ" အထူးဒေသ(၃)တို့ဖြစ်ကြပါတယ်။

ကျိုင်းတုံသစ်ထုတ်ဒေသမှာတော့ တင်မြင့်ရီကုမ္ပဏီ၊ **Centuary Dragon Limited** ၊ ထွန်းမြောက်အောင်ကုမ္ပဏီ၊ "ဝ"အထူးဒေသ(၂) အစရှိတဲ့ကုမ္ပဏီများပဲ ဖြစ်ကြပါတယ်။





## ဒေါ်နန်းအက်စ်ကီးမိုး၊ လဲချားမြို့နယ်မဲဆန္ဒနယ် အမှတ် (၁)၏ " ရှမ်းပြည်နယ်အတွင်း သစ်တောများပြန်လည်ထူထောင်ရန်အတွက် သစ်ကုမ္ပဏီများမှ သတ်မှတ်နှုန်းထားဖြင့် ပြည်နယ်ဘဏ္ဍာအတွင်းသို့ ထည့်သွင်းပေးနိုင်စေရန် " အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၁၀)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒေါ်နန်းအက်စ်ကီးမိုး၊ လဲချားမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ ရှမ်းပြည်နယ်အတွင်း သစ်တောများပြန်လည်ထူထောင်ရန်အတွက် သစ်ကုမ္ပဏီများမှ သတ်မှတ်နှုန်းထားများဖြင့် ပြည်နယ်ဘဏ္ဍာအတွင်းသို့ ထည့်သွင်း ပေးနိုင်ရန်အဆိုနှင့် စပ်လျဉ်းပြီး ဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ် များက အမည်စာရင်း ပေးသွင်းထားတာမရှိပါဘူး။ ဒါကြောင့်မို့ နည်းဥပဒေပုဒ်မ(၁၁၉)၊ ပုဒ်မခွဲ(င)အရ အဆိုနှင့် စပ်လျဉ်းပြီး သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ရှင်းလင်းပေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးစိုင်းအိုက်ပေါင်း၊ သစ်တောနှင့် သတ္တုဝန်ကြီး။** အားလုံးမင်္ဂလာပါ။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေလို့ ဆုတောင်းမေတ္တာပို့သရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

သစ်ထုတ်ရာသီ (၃)နှစ်တာ ကာလအတွင်းမှာ ရှမ်းပြည်နယ် ပေါင်းချုပ်အနေဖြင့် ကျွန်းတန်ပေါင်း ၂၄၇၈၆၉ တန်ထုတ်လုပ်နိုင်ခဲ့ပါတယ်။

သစ်မာအနေဖြင့် (၃)နှစ်တာ ကာလအတောအတွင်းမှာ တန်ပေါင်း ၂၈၇၃၉၅ တန်ထုတ်လုပ်နိုင်ခဲ့ပါတယ်။ ဒါကြောင့် (၃)နှစ်တာကာလအတွင်းမှာ ရှမ်းပြည်နယ်မှ သစ်နှစ်မျိုးပေါင်း တန်ပေါင်း ၅၃၅၂၆၄တန် ထုတ်လုပ်နိုင်ခဲ့သော်လည်း သစ်ထုတ်ကုမ္ပဏီများအနေဖြင့် ရှမ်းပြည်နယ် ဘဏ္ဍာငွေ စာရင်းသို့ လုံးဝ ပေးသွင်းခြင်း မရှိခဲ့ သောကြောင့် ယင်းကုမ္ပဏီများအား ပြည်နယ်ဘဏ္ဍာငွေ စာရင်းသို့ သစ်တောများ ပြန်လည်ထူထောင်နိုင်ရေး အတွက် သတ်မှတ်သော နှုန်းထားဖြင့် ထည့်သွင်းသင့် ပါကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ်။

သို့သော် ဥက္ကဋ္ဌကြီးမှ လွှတ်တော်ရဲ့ အတည်ပြုချက်၊ ဆုံးဖြတ်ချက်ကို ရယူပေးသင့်ကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

## အဆိုနှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်မှ ဆွေးနွေးရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒေါ်နန်းအက်စ်ကီးမိုး တင်သွင်းသွားတဲ့ အဆိုဖြစ်တဲ့ ရှမ်းပြည်နယ်အတွင်း သစ်တောများ ပြန်လည်ထူထောင်ရန်အတွက် သစ်ကုမ္ပဏီများမှ သတ်မှတ်နှုန်းထားများဖြင့် ပြည်နယ်ဘဏ္ဍာအတွင်းသို့ ထည့်သွင်းပေးရန် အဆိုနှင့် စပ်လျဉ်းပြီး သက်ဆိုင်ရာ သစ်တောဝန်ကြီးလည်း အတည်ပြုသင့်/မပြုသင့် လွှတ်တော်ရဲ့ ဆန္ဒကို





စီစဉ်ဆောင်ရွက်ပေးရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့အား တိုက်တွန်းကြောင်းအဆိုနှင့် စပ်လျဉ်းပြီး လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ဆွေးနွေးဖို့ အမည်စာရင်း ပေးသွင်း ထားပါတယ်။

အဆိုကို ဆွေးနွေးဖို့အတွက် ရှာငံမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးကိုကိုအား ဖိတ်ခေါ်ပါတယ်။

### ဦးကိုကို၊ ရှာငံမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။

လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် တစ်ကွ လွှတ်တော်ကိုယ်စားလှယ်များ အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ချမ်းသာကြပါစေကြောင်း ဂါရဝပြုဆုတောင်းမေတ္တာပို့သ အပ်ပါတယ်။

ကျွန်တော်ကတော့ ရှာငံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ လွှတ်တော်ကိုယ်စားလှယ် ဦးကိုကို ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဆီဆိုင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးခွန်မောင်ပယ်ရဲ့ နောင်တွင်မိမိဒေသ အစိုးရဌာနများ၌ အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက် လာပါက ဒေသခံဘွဲ့ရပညာတတ်များအား သင့်လျော်သလို ဦးစားပေး ခန့်ထားပေးနိုင်ရေးစီစဉ်ဆောင်ရွက်ပေးရန် ရှမ်းပြည်နယ်အစိုးရ အဖွဲ့သို့ တိုက်တွန်းကြောင်းအဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။

ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဖွဲ့စည်းပုံ အခြေခံဥပဒေအရ ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရသစ်တာဝန်ယူချိန်မှ စပြီး ကောင်းမွန်သော အုပ်ချုပ်ရေး၊ သန့်ရှင်းသောအစိုးရဖြစ်ဖို့ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးကဏ္ဍများ အချင်းချင်း အပြန်အလှန် ဆောင်ရွက်နေကြပါတယ်။



D/real(wide) (9

ခံယူစေချင်တဲ့ သဘောဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ်အတွင်း သစ်တောများ ပြန်လည် ထူထောင်ရန် အတွက် လွန်ခဲ့သော (၃)နှစ်က သစ်ထုတ်လုပ်ခဲ့သော ကုမ္ပဏီများနှင့် ယနေ့သစ်ထုတ်ဆဲ ကုမ္ပဏီများမှ သတ်မှတ်နှုန်းထားများဖြင့် ပြည်နယ်ဘဏ္ဍာအတွင်းသို့ ထည့်သွင်းပေးနိုင်ပါရန် အဆိုနှင့် စပ်လျဉ်းပြီး အဆိုကို အတည်ပြုဖို့ အတွက် လွှတ်တော်ရဲ့ဆန္ဒရယူပဲ့မယ်။ လွှတ်တော်မှ အတည်ပြုရန် သဘောတူပါသလားခင်ဗျား။ **[ သုံးကြိမ်တိုင်တိုင်မေးပါသည်။ လွှတ်တော်က သဘောတူပါသည်။**

လွှတ်တော်မှ သဘောတူသည့်အတွက် ဤအဆိုသည် လွှတ်တော်မှ အတည်ပြုကြောင်း ကြေညာပါတယ်။

## ဦးခွန်မောင်ပယ်၊ ဆီဆိုင်မြို့နယ်မဲဆန္ဒနယ်အမှတ် (၂)၏ " နောင်တွင် မိမိဒေသ အစိုးရဌာနများ၌ အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်လာပါက ဒေသခံ ဘွဲ့ရပညာတတ်များအား သင့်တော်သလို ဦးစားပေးခန့်ထားပေးနိုင်ရေး စီစဉ်ဆောင်ရွက် ပေးရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့အား တိုက်တွန်းကြောင်း " အဆိုကို လွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၁၂)ဖြစ်ပါတယ်။ ဦးခွန်မောင်ပယ် တင်သွင်းတဲ့ နောင်တွင် မိမိဒေသအစိုးရဌာနများ၌ အလုပ်အကိုင် အခွင့်အလမ်းများ ပေါ်ပေါက်လာပါက ဒေသခံဘွဲ့ရပညာတတ် များအား သင့်တော်သလို ဦးစားပေးခန့်ထားပေးနိုင်ရေးအတွက်





ပြည်သူကို ဗဟိုပြုဖွဲ့စည်းထားတဲ့ ကဏ္ဍကြီး(၃)ရပ်မှ အသီးသီးတာဝန်ယူတဲ့နေရာမှာ သန့်ရှင်းသော အစိုးရဖြစ်ဖို့ ပြည်သူကိုယ်စားလှယ်များ၊ ပြည်သူအစိုးရအဖွဲ့ဝင်များ ပြည်သူ့ ဝန်ထမ်းများဟာ အဂတိများ ကင်းရှင်းဖို့ အထူးဂရုပြုရမှာ ဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား ယခုအခါ ပြည်ထောင်စု လွှတ်တော်မှ ပြည်ထောင်စုအကျိုးအတွက် သန့်ရှင်းသောအစိုးရ ဖြစ်ဖို့ ရည်ရွယ်ပြီး အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေကို ထုတ်ပြန်ထားပြီး ဖြစ်ပါတယ်။ ဦးခွန်မောင်ပယ်တင်သွင်းသော အဆိုအရ ပြည်သူများအလုပ်အကိုင် ဆောင်ရွက်ရရှိရေး ဆောင်ရွက်ရာမှာ ပြည်သူ့ကိုယ်စား ဆောင်ရွက်နေကြတဲ့ အဖွဲ့အစည်းအဆင့်ဆင့်မှာ ဝန်ထမ်းများ ရာထူးတိုးမြှင့်ပြောင်းရွှေ့ ခန့်ထားရေး၊ မူတစ်ရပ်ရပ်ရှိဖို့နဲ့ ဝန်ထမ်းခန့်ထားရေးမူ ရေးဆွဲရာတွင် နိုင်ငံတော်မှဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရေးဆိုတဲ့ လုပ်ငန်းစဉ် ရုပ်လုံးပေါ်အောင် ဆောင်ရွက်ရမှာဖြစ်ပါတယ်။

မူတစ်ရပ်ရေးဆွဲ ပြဋ္ဌာန်းရာမှာလည်း ဒေသခံပြည်သူများရဲ့ လူ့စွမ်းအားအရင်းအမြစ်ကို ဖော်ဆောင်ပေးနိုင်ဖို့ ဦးစားပေး ထည့်သွင်းရေးဆွဲရမှာ ဖြစ်ပါတယ်။ လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအခါပြည်ထောင်စု အစိုးရနဲ့ ပြည်နယ်အစိုးရအကြား လုပ်ပိုင်ခွင့်အချို့ကို ပြည်နယ်သို့ စီမံခန့်ခွဲပိုင်ခွင့် ပေးထားပြီး ဖြစ်တဲ့အတွက် ပြည်နယ်မှလုပ်ပိုင်ခွင့် ရထားပြီးဖြစ်တဲ့ ဌာနအချို့ရဲ့ ဝန်ထမ်းများ ခန့်ထားရာမှာ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေကို အလေးအနက် လက်ကိုင်ထားပြီး ကောင်းမွန်တဲ့ အစီအမံ မူဝါဒ၊ လုပ်ထုံးလုပ်နည်းများ ချမှတ်ပုံဖော်ပေးသင့်ပါကြောင်း အကြံပြုတင်ပြပါတယ်။



D/real(wide) (9

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နိုင်ငံတော်မှ ရည်မှန်းထားတဲ့ လုပ်ငန်းစဉ်အကောင်အထည်ဖော်ရာမှာ ကျေးလက်ဒေသနေ ပြည်သူလူထု အလုပ်အကိုင်အခွင့်အလမ်းရရှိရေး လူ့စွမ်းအား အရင်းအမြစ် တိုးတက်ရေး၊ ဆင်းရဲမှုလျှော့ချရေးတို့အတွက် ရှမ်းပြည်နယ် အစိုးရအဖွဲ့အား ကောင်းမွန်သော အစီအမံ မူဝါဒလုပ်ထုံးလုပ်နည်းများ ချမှတ်အကောင်အထည် ဖော်ပေးသင့်ပါကြောင်း ဆွေးနွေးတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။

**ဥက္ကဋ္ဌ။** အဆိုကိုဆက်လက် ဆွေးနွေးဖို့အတွက် နမ်စန်မြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၂)မှ ဦးအောင်ထွန်းအား ဖိတ်ခေါ်ပါတယ်။

**ဦးအောင်ထွန်း၊ နမ့်စန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် တစ်ကွ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

ကျွန်တော်ကတော့ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်စန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ထွန်းဖြစ်ပါတယ်။ ကျွန်တော်ကတော့ ပအိုဝ်းကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ လွှတ်တော်ကိုယ်စားလှယ် ဦးခွန်မောင်ပယ်၏ နောင်တွင်မိမိဒေသ အစိုးရဌာနများ၌ အလုပ်အကိုင် အခွင့်အလမ်းများ ပေါ်ပေါက်လာပါက ဒေသခံ ဘွဲ့ရပညာတတ်များအား သင့်တော်သလို ဦးစားပေးခန့်ထားနိုင်ရေး စီစဉ်ဆောင်ရွက်ပေးပါရန်





ခလေ့မတူညီခြင်းကြောင့် သင်ကြားရေးမှာ အခက်အခဲတွေ့နေရပါတယ်။

ဒေသမှာ မပျော်ပိုက်လို့ အကြောင်းအမျိုးမျိုးပြပြီး ပြောင်းရွှေ့ရေးကိုသာ ကြိုးစားနေတာကို တွေ့ရပါတယ်။ ခွင့်ခဏခဏယူပြီး အိမ်ပြန်နေတဲ့အတွက် သင်ကြားရေးမှာ အခက်တွေ့နေပါတယ်။ (၂)နှစ်ပြည့်၍သော်လည်းကောင်း၊ ရာထူးတိုး၍ပြောင်းသွားလျှင်လည်းပဲ အစားထိုးပြန်ရဖို့ လွန်စွာခက်ခဲ ကြန့်ကြာနေပါတယ်။

ဆရာ/ဆရာမများအတွက် ဒေသခံများက နေရာများ စီစဉ်ပေးရတယ်။ အခြေခံစားကုန်များ ဖြည့်စွက်ပေးရတဲ့ ဒုက္ခများသည်လည်း ဒေသခံများခံစားနေရပါတယ်။ ဒါပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတစ်ခုတည်း မဟုတ်ဘဲ အခြားသော ဒေသများတွင်လည်း တွေ့ကြုံနေရကြောင်း တွေ့ရှိရပါတယ်။

ဒါကြောင့်မို့ ဆီဆိုင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခွန်မောင်ပယ်၏ နောင်တွင် မိမိဒေသ အစိုးရဌာနများ၌ အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်လာပါက ဒေသခံဘွဲ့ရ ပညာတတ်များအား သင့်တော်သလို ခန့်ထားပေးနိုင်ရေး စီစဉ်ဆောင်ရွက်ပေးရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့အား တိုက်တွန်းကြောင်းအဆိုကို လေးလေးနက်နက် ထောက်ခံအပ်ပါကြောင်း တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

# အဆိုနှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဆွေးနွေး ရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

**ဥက္ကဋ္ဌ။** တိုင်းဒေသကြီး(သို့မဟုတ်) ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ပုဒ်မ(၁၁၉)၊ ပုဒ်မခွဲ(င)အရ သက်ဆိုင်ရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးကပြန်လည် ရှင်းလင်းဆွေးနွေးပေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။** အားလုံး မင်္ဂလာပါ။ လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ချမ်းသာကြပါစေလို့ ဦးစွာ ဆုတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

ဆီဆိုင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခွန်မောင်ပယ်ရဲ့ နောင်တွင် မိမိဒေသအစိုးရအဖွဲ့များ၌ အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်လာပါက ဒေသခံဘွဲ့ရ ပညာတတ်များအား သင့်တော်သလို ဦးစားပေး ခန့်ထားပေးနိုင်ရေး စီစဉ်ဆောင်ရွက်ပေးရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့အား တိုက်တွန်းကြောင်း အဆိုနှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ကျွန်တော် ဒေါက်တာမျိုးထွန်းမှ ရှင်းလင်းဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ပညာရေးဝန်ကြီးဌာန အမှတ်(၂)အခြေခံပညာဦးစီးဌာန မန္တလေးမြို့ရဲ့ ၁၃-၆-၂၀၁၃ ရက်စွဲပါ စာအမှတ် ဌာနခွဲ(၂)က/ ၃၄၇၈ /နေ့စားလပေး (၁၃)ဖြင့် နေ့စားလပေးဆရာ/ဆရာမများ (ဆရာ/ဆရာမများ/ ဓါတ်ခွဲ ကျွမ်းကျင်-၃/စာရေးအဆင့်-





ရှမ်းပြည်နယ်အစိုးရအား တိုက်တွန်းကြောင်းအဆိုကို ဒုတိယ ပုဂ္ဂိုလ်အနေနဲ့ ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ရှမ်းပြည်နယ်ဟာ ကြီးမားကျယ်ပြန့်တဲ့အလျောက် လူမျိုးစုအများဆုံး နေထိုင်တဲ့ ပြည်နယ်တစ်ခုဖြစ်ပါတယ်။ ဖွံ့ဖြိုးမှုနောက်ကျတဲ့အပြင် မြို့ကြီးနှင့် အင်မတန်ဝေးလံတဲ့ဒေသလည်းများစွာရှိပါတယ်။ အဲ့ဒီဝေးလံခေါင်သီတဲ့ ဒေသတွေမှာ ပြည်မမှ ဝန်ထမ်းများထက် ဒေသခံဘွဲ့ရ ပညာတတ်များကို တာဝန်ပေးထမ်းဆောင်တာ ပိုပြီးသင့်လျော်တယ်လို့ ယူဆပါတယ်။

ပြည်မမှဝန်ထမ်းများဟာ ၄င်းဒေသရဲ့ ပတ်ဝန်းကျင်နဲ့ သော်လည်းကောင်း၊ ဘာသာစကားဓလေ့နဲ့သော်လည်းကောင်း သဟဇာတဖြစ်မှု မရှိ၍ လုပ်ငန်းဆောင်ရွက်ရာမှာ အခက်အခဲနဲ့ တွေ့ကြုံနေရပါတယ်။ ဥပမာအားဖြင့်တင်ပြရလျှင် ပလောင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာ ပညာတတ် ဆမနံပါတ်လည်း ရပြီးသားဖြစ်တဲ့ ပလောင်ဆရာဝန်လေးတွေ ရှိပါတယ်။ အဲ့ဒီ ဆရာဝန်လေးတွေဟာ ကိုယ့်ဒေသမှာ ပြန်လည်တာဝန် ထမ်းဆောင်လိုသော်လည်း ဝင်ခွင့်မရခဲ့လို့၊ မအောင်ခဲ့လို့ မိရိုးဖလာ လက်ဖက်လုပ်ငန်းကိုပဲ လုပ်ကိုင်နေရတာ တွေ့ရပါတယ်။

ဒေသအတွက် လိုအပ်တဲ့ဆရာဝန်များကို အခြားဒေသမှ ဆရာဝန်များဖြင့် ဖြည့်စွက်ခန့်ထားရာမှာ ဒေသနှင့်သော် လည်းကောင်း၊ ဘာသာစကားအရ သော်လည်းကောင်း အခက်အခဲ ရှိနေလို့ ဆေးကုသရာမှာ အခက်အခဲနဲ့ တွေ့ကြုံနေရပါတယ်။ အလားတူ မနှစ်က ဒီဒေသမှာလိုအပ်တဲ့ ပညာရေးဝန်ထမ်းများ ခန့်ထားရာမှာလည်း ဒေသခံလုံးဝမပါဘဲ ပညာရေးကောလိပ်ဆင်း ပြည်မမှ ဆရာများသာ ခန့်ထားပေးတဲ့အတွက် ဆရာမလေးများမှာ မိဘနှင့်ခွဲခွာရခြင်း၊ ဒေသနှင့်စိမ်းနေခြင်း ဘာသာစကားနှင့်

၁/အထွေထွေလုပ်သား) ခန့်ထားရေးနှင့် အခြားဝန်ထမ်းများ ခန့်ထားရာတွင် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရန် ညွှန်ကြားထားရှိပါတယ်-

(က) နေ့စားလပေးခန့်ထားမည့် ဆရာ/ဆရာများကို ရွေးချယ်ရာတွင် ရမှတ်ကြီးစဉ်အရ ရေးဖြေရမှတ်(၁၀)နှင့် အထက်ရသူများ ကျား၊ မ သီးသန့်စီပြီး တစ်ဝက်စီအချိုးညီစီပြီး ရွေးချယ်ရန် ဒေသခံများကို ဦးစားပေးရွေးချယ်ရန်နှင့် လစာနှစ်ဆ ရသည့် ဒေသများတွင် ရေးဖြေရမှတ် (၅)မှတ်နှင့် အထက်ရသူများကိုသာ ရွေးချယ်ရာတွင် ထည့်သွင်းရန်

(ခ) နေ့စားလပေး ခန့်ထားမည့် ဆရာ/ဆရာမများ ရွေးချယ်ရာတွင် မိဘခန့်ဆရာ/ဆရာမများမှ ဘွဲ့ရသူများကို ကျောင်းအဆင့် **C,D,E** နေရာများတွင် ခန့်ထားပြီးမှ ကျန်ရှိနေရာများကို စာမေးပွဲဖြေဆိုသူများအား ရမှတ်ကြီးစဉ်တန်းစီအရ ခန့်ထားရမည်။

(ဂ) စာမေးပွဲဖြေဆိုသူများထဲမှ မဟာဘွဲ့ရသူများအား ဆရာလိုအပ်နေသည့် ကျောင်းတည်နေရာ အဆင့် **C,D** နှင့် **E** ရှိအထကနှင့် အထကခွဲ ကျောင်းများတွင် နေ့စားလပေးများအဖြစ် ခန့်အပ်ရန်။

(ဃ) အောက်ခြေဝန်ထမ်း နေ့စား/လပေးခန့်ထားရာတွင် ဒေသခံများကို ခန့်ထားရန် ပညာရေးဝန်ကြီးဌာန၊ အမှတ်(၂) အခြေခံပညာဦးစီးဌာနမှ ညွှန်ကြားထားပြီး ဖြစ်ပါတယ်။



D/real(wide) (1



သို့သော်လည်းပဲ တိုင်းဒေသကြီး(သို့မဟုတ်) ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေပုဒ်မ(၁၁၉) ပုဒ်မခွဲ(ဆ)အရ အဆိုတင်သွင်းတဲ့ ကိုယ်စားလှယ်အနေနဲ့ နောက်တစ်ကြိမ် ဆွေးနွေးဖို့ရှိလျှင် ဆွေးနွေးနိုင်ပါတယ်။

**ဦးခွန်မောင်ပယ်၊ ဆီဆိုင်မြို့နယ်မဲဆန္ဒနယ် အမှတ်(၂)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

ကျွန်တော်ရဲ့အဆိုဟာ မြေပြင်မှာ တစ်ကယ့်လက်တွေ့ပြည်သူတွေ ခံစားရတဲ့အသံတွေကို ကျွန်တော်တို့က စုစည်းပြီးမှ ဒီရှမ်းပြည်နယ် လွှတ်တော်မှာ တင်သွင်းမှ လူထုရဲ့ဆန္ဒကို ဖော်ဆောင်နိုင်အောင်ဆိုပြီးတော့ ကျွန်တော်ရည်ရွယ်ပြီးမှ တင်သွင်းထားတဲ့ အဆိုဖြစ်ပါတယ်။ ဒါကြောင့်မေးခွန်းအဖြစ် ပြန်လည်ပြီးတော့ ပြောင်းလဲဖို့ဆန္ဒမရှိပါဘူး။

**ဥက္ကဋ္ဌ။** အဆိုရှင်က ၎င်းအဆိုကို မေးခွန်းအဖြစ်ပြောင်းလဲဖို့အတွက် ဆန္ဒမပြုတဲ့အတွက် ဒီအဆိုနဲ့ စပ်လျဉ်းပြီး ယခုလွှတ်တော်ရဲ့ ဆန္ဒကိုရယူသွားမှာ ဖြစ်ပါတယ်။

ဒါကြောင့်မို့ ဒီအဆိုကို အတည်ပြုဖို့အတွက် သဘောတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များ မိမိနေရာ၌ မတ်တပ်ရပ်ပြီးတော့ ဆန္ဒပြုဖို့ဖြစ်ပါတယ်။ အားလုံးထိုင်နိုင်ပါတယ်။

အဆိုကို အတည်ပြုဖို့အတွက် သဘောတူတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ အစည်းအဝေးတက်ရောက်တဲ့ကိုယ်စားလှယ်ရဲ့ထက်ဝက်ထက် ကျော်လွန်တဲ့အတွက် နောင်တွင် မိမိဒေသအစိုးရဌာနများ၌ အလုပ်အကိုင် အခွင့်အလမ်းများ ပေါ်ပေါက်လာပါက ဒေသခံဘွဲ့ရ ပညာတတ်များအား သင့်တော်သလို ဦးစားပေး

ခန့်ထားပေးနိုင်ရေး စီစဉ်ဆောင်ရွက်ရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့အား တိုက်တွန်းကြောင်း အဆိုသည် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။

## ဦးစိုင်းခမ်းကျော်၊ ကျောက်မဲမြို့နယ်မဲဆန္ဒနယ် အမှတ် (၁)၏ " ရှမ်းပြည်နယ်အတွင်း ဖမ်းဆီးရသည့် သစ်ခွဲသားရောင်းရငွေများကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေအဖြစ် ပေးသွင်းနိုင်ရန် " အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၁၄)ဖြစ်ပါတယ်။ ကျောက်မဲမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းခမ်းကျော်က အဆိုကို တင်သွင်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းခမ်းကျော်၊ ကျောက်မဲမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)။** လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာ ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

ကျွန်တော်ကတော့ ကျောက်မဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းခမ်းကျော် ဖြစ်ပါတယ်။ ကျွန်တော်တင်သွင်းမယ့် အဆိုကတော့ ရှမ်းပြည်နယ်အတွင်း ဖမ်းဆီးရသည့် သစ်ခွဲသားများကို ရှမ်းပြည်နယ်အစိုးရအား လုပ်ပိုင်ခွင့် အပ်နှင်း၍ ရောင်းရငွေများကို ရှမ်းပြည်နယ်အစိုးရ ဘတ်ဂျက်သို့ပေးသွင်းနိုင်ရန် အဆိုပဲ ဖြစ်ပါတယ်။





၄င်းအပြင် နိုင်ငံတော်သမ္မတ အိမ်တော်တွင် (၉-၈-၂၀၁၃) ရက်နေ့၌ ကျင်းပပြုလုပ်သော ပြည်ထောင်စုဝန်ကြီးများ တိုင်းဒေသကြီး ပြည်နယ်ဝန်ကြီးချုပ်များနှင့် ပြည်ထောင်စု ဒုတိယဝန်ကြီးများအား တွေ့ဆုံပွဲ အခမ်းအနားတွင် နိုင်ငံတော် သမ္မတကြီးက ပညာရေးဝန်ကြီးဌာန အနေဖြင့် မူလတန်းအဆင့် ဆရာ/ဆရာမများ ခန့်ထားရာ၌ ဗဟိုမှ တိုက်ရိုက်ခန့်ထားခြင်း မပြုဘဲ တိုင်းဒေသကြီး ပြည်နယ်အစိုးရ အစီအစဉ်ဖြင့် ခန့်အပ်ရန် လမ်းညွှန်မှုပြုခဲ့ပါတယ်။

၄င်းအပြင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးရဲ့ (၂၃-၈-၂၀၁၃) ရက်စွဲပါ စာအမှတ် ၁၅၉၄/၃၅၂-စီမံခန့်ခွဲရေး/အဖရ (၂၀၁၃)ဖြင့် ဝန်ထမ်းများရွေးချယ်ခြင်း၊ ခန့်ထားခြင်းနှင့် စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် နိုင်ငံ့ဝန်ထမ်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန ပြည်ထောင်စုရာထူးဝန်အဖွဲ့တို့နှင့် ညှိနှိုင်းဆောင်ရွက်ရန်ဖြစ်ပြီး ဆုံးဖြတ်ရန်ခက်ခဲသော ကိစ္စများ ရှိလာပါက ပြည်ထောင်စုအစိုးရအဖွဲ့ထံ တင်ပြဆောင်ရွက်ထားရန် လမ်းညွှန်မှာကြားထားရှိပြီး ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ နောင်တွင် မိမိဒေသအစိုးရဌာနများ၌ အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်လာပါက ဒေသခံဘွဲ့ရပညာတတ်များအား သင့်တော်သလို ဦးစားပေးခန့်ထားပေးနိုင်ရေးနှင့် ပတ်သက်၍ စီစဉ်ဆောင်ရွက်ထားရှိပြီး ဖြစ်ပါသဖြင့် အဆိုအား မေးခွန်းအဖြစ်ပြောင်းလဲပေးပါကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးက ဒီအဆိုဟာ အဆိုအစား မေးခွန်းအဖြစ် ပြောင်းလဲသင့်တယ်လို့ သဘောထားပေးထားပါတယ်။



D/real(wide) (1

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ရှမ်းပြည်နယ်ဟာ အဖိုးတန်သစ် အမြောက်အများ ထွက်ရှိတဲ့ ပြည်နယ်ဖြစ်ပါတယ်။ သစ်ခွဲသားများ ထုတ်လုပ်ခြင်း၊ ပြည်တွင်း အသုံးပြုရန် ဖြန့်ဖြူးခြင်း၊ နိုင်ငံခြားသို့ သယ်ယူပို့ဆောင်ခြင်းများကို စီးပွားရေးလုပ်ငန်းရှင်များနှင့် ကုမ္ပဏီများမှ လုပ်ကိုင်ဆောင်ရွက်နေသည်များကိုလည်း တွေ့ရှိရပါတယ်။

အဲဒီလိုလုပ်ငန်းဆောင်ရွက်တဲ့နေရာမှာ နိုင်ငံတော်သို့ အခွန်ငွေများ ပေးဆောင်ပြီး တရားဝင် လိုင်စင်များရယူကာ ဆောင်ရွက်နေကြသော လုပ်ငန်းများရှိသကဲ့သို့ တရားမဝင် သစ်ခိုးခုတ်မှုများ ထုတ်လုပ်မှုများ၊ မှောင်ခိုသယ်ယူခြင်းများလည်း တွေ့ရှိနေရပါတယ်။

သစ်များကို တရားမဝင် စည်းမဲ့ကမ်းမဲ့ ထုတ်သောကြောင့် သစ်တောများ ပြုန်းတီးခြင်း၊ သဘာဝ ပတ်ဝန်းကျင် ပျက်စီးခြင်း၊ ရာသီဥတုဖောက်ပြန်ခြင်း၊ လမ်းတံတားပျက်စီးခြင်းများကို ဒေသခံ ပြည်သူ များသာ ခံစားနေကြရပါတယ်။ ၎င်းဒေသခံ ပြည်သူများရဲ့ နစ်နာမှုများ၊ ဆုံးရှုံးရမှုများကို ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများဖြင့် ပြန်လည်ဖြည့်ဆီး ပေးနိုင်ရန်အတွက် ပြည်နယ်အစိုးရ ဘတ်ဂျက်များတောင့်တင်း ခိုင်မာစွာ စုဆောင်းထားရှိရန် အလွန်အရေးကြီးပါတယ်။

ဤကဲ့သို့သောအဆိုကို ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးတွင် နမ့်ခမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းတင်ဦးမှလည်း တင်သွင်းခဲ့ပြီး ဖြစ်ပါတယ်။

ရှမ်းပြည်နယ်လွှတ်တော်မှ အဆိုကို မှတ်တမ်းတင်ထားပြီး ဖြစ်ပါတယ်။ သို့သော်လည်း ယခုအခါ တိုးတက်ပြောင်းလဲ





## အဆိုကို ပြည်နယ်လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။ (သို့မဟုတ်)

## အဆိုကို လက်ခံဆွေးနွေးရန်ဆုံးဖြတ်ပါက ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဦးစိုင်းခမ်းကျော် တင်သွင်းသော အဆိုကို လွှတ်တော် ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ အဆိုမှာ ရှမ်းပြည်နယ်အတွင်း ဖမ်းဆီးရသည့် သစ်ခွဲသားရောင်းရငွေများကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေအဖြစ် ပေးသွင်းရန် ဖြစ်ပါတယ်။

ယခုအဆိုကို လက်ခံဆွေးနွေးရန် သင့်/မသင့် လွှတ်တော်ရဲ့ ဆန္ဒကိုရယူပါ့မယ်။ ၎င်းအဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**[ သုံးကြိမ်တိုင်တိုင်မေးပါသည်။လွှတ်တော်က သဘောတူပါသည်။ ]**

အဆိုကို လက်ခံဆွေးနွေးရန် သဘောမတူသည့် ကိုယ်စားလှယ်ရှိပါသလားခင်ဗျား။ အဆိုကို လက်ခံဆွေးနွေးရန် သဘောမတူတဲ့ ကိုယ်စားလှယ်မရှိတဲ့အတွက် ဦးစိုင်းခမ်းကျော်ရဲ့ အဆိုကို လက်ခံ ဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာပါတယ်။

အဆိုကို ၂၀၁၃ခုနှစ် စက်တင်ဘာလ ၁၁ရက် ဗုဒ္ဓဟူးနေ့မှာ ဆွေးနွေးမှာ ဖြစ်ပါတယ်။

ဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ်များ အနေနဲ့ အစည်းအဝေး ရပ်နားတဲ့အခါ ဒီကနေ့ ညနေပိုင်းမှာ ပြည်နယ်လွှတ်တော်ရုံး ဒုတိယညွှန်ကြားရေးမှူးထံ အမည်စာရင်းပေးသွင်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းနု၊ ကွန်ဟိန်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)၏ “ အလုပ်အကိုင်ခန့်ထားရာတွင် ပညာရေးဆုံးခန်းတိုင်အောင် ဆက်လက်သင်ကြားခဲ့ကြသူများ အနေဖြင့်လည်း ကျောင်းပိတ်ခဲ့ရသောအချိန်တွင်ပေးဆပ်ခဲ့ကြရသဖြင့် အသက်များလွန်မှ ဘွဲ့များရနိုင်ခဲ့ကြရပြီး အလုပ်အကိုင်အတွက် အခွင့်အလမ်းများ ဆုံးရှုံးခဲ့ရပြီး ပေးဆပ်ခဲ့ကြရသော ပုဂ္ဂိုလ်များ ပါဝင်လျှောက်ထားလာပါက အသက်ကန့်သတ်ချက်အပိုင်းနှင့် ပတ်သက်သော အရည်အချင်းကန့်သတ်ချက်တွင် ဖြေလျှော့စဉ်းစားပေးနိုင်ရေး ပြည်နယ်လွှတ်တော်မှ တဆင့် ပြည်နယ်အစိုးရအား အဆိုပြုတိုက်တွန်းကြောင်း ” အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း။**

**ဥက္ကဋ္ဌ။** အစီအစဉ်(၁၆)ဖြစ်ပါတယ်။ ကွန်ဟိန်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းနုက အဆိုကို တင်သွင်းဖို့ ဖြစ်ပါတယ်။





လာသော နိုင်ငံရေးဖြစ်စဉ်များကြောင့် လည်းကောင်း၊ နိုင်ငံတော်သမ္မတကြီး၏ မိန့်ခွန်းပါလမ်းညွှန်မှုများကို မှီငြမ်း၍လည်းကောင်း၊ ဤအဆိုကို ဆွေးနွေးအတည်ပြုနိုင်ရန် ထပ်မံတင်သွင်းရခြင်း ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ရှမ်းပြည်နယ်အတွင်း ဖမ်းဆီးရမိသော သစ်ခွဲသားများကို ရှမ်းပြည်နယ်အစိုးရအား လုပ်ပိုင်ခွင့်အပ်နှင်း၍ ရောင်းရငွေများကို ရှမ်းပြည်နယ်အစိုးရဘတ်ဂျက်သို့ ပေးသွင်းနိုင်မည်ဆိုလျှင် ဒေသခံပြည်သူများ၏ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်ရေး ကိစ္စအဝဝကို ဆောင်ရွက်ပေး နိုင်မည် ဖြစ်ပါကြောင်းအဆိုကို တင်သွင်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** အဆိုကို ထောက်ခံမယ့် ကိုယ်စားလှယ်ရှိပါက ဆက်လက်ဆောင်ရွက်ပါ။

**ဦးစိုင်းဝင်းမြတ်ဦး၊ မိုင်းတုံမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ဦးစိုင်းခမ်းကျော်၊ ကျောက်မဲမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ အဆိုကို ထောက်ခံပါတယ်ခင်ဗျား။

### ဦးစိုင်းနု၊ ကွန်ဟိန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ကွန်ဟိန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းနုဖြစ်ပါတယ်။

ကျွန်တော် အဆိုပြုတင်သွင်းမည့် အချက်ကတော့ အလုပ်အကိုင်ခန့်ထားရာတွင် အရည်အချင်း ကန့်သတ်ချက်များ ဖြေလျော့ပေးနိုင်ရေး အဆိုပြုတင်ပြခြင်းပဲ ဖြစ်ပါတယ်။ ခေတ်မှီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သို့ ရည်မှန်းလျှင် ခေတ်အဆက်ဆက်သော လုပ်ရပ်များသည် နိုင်ငံရေးစနစ်များ၊ လမ်းစဉ်များ ချမှတ်ပြီး ဆောင်ရွက်ခဲ့ကြရာတွင် ကျွန်တော်တို့ မြန်မာနိုင်ငံမှာလည်း တစ်ချိန်က မြန်မာ့ဆိုရှယ်လစ်လမ်းစဉ် ချမှတ်ပြီး တိုင်းပြည်ဖွံ့ဖြိုးတိုးတက်အောင် ရည်မှန်းဆောင်ရွက်ခဲ့ကြပါတယ်။

သို့ရာတွင် မျှော်လင့်မထားသော အရေးအခင်း တစ်ခုကြောင့် အုပ်ချုပ်ရေးစနစ်ပျက်သုဉ်းပြီး တိုင်းပြည်၌ နစ်နာဆုံးရှုံးမှုများစွာ ကြုံတွေ့ခဲ့ရပါသည်။ ယင်းတို့ထဲတွင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက မောင်းနှင်အား ဖြစ်သော လူသားအရင်းအမြစ်ပြုစုပျိုးထောင်ရာ ပညာရေးကဏ္ဍ အချိန်အတန်ကြာ ရပ်ဆိုင်းသွားခဲ့ရပါသည်။

ယင်းသို့ ပညာရေးကဏ္ဍ ရပ်ဆိုင်းသွားမှုတွင် မြေဇာပင် ဖြစ်ခဲ့ရသော ယင်းကာလရှိ ကျောင်းသားများသည် အချိန်ကာလ များစွာ ပေးဆပ်ခဲ့ရပြီး အသက်အရွယ်လွန်မှ ပညာရေးပန်းတိုင် ရောက်နိုင်ခဲ့ကြရပါသည်။

အချို့မှာ ကျောင်းပြန်မတက်နိုင်ခဲ့သဖြင့် လူသား အရင်းအမြစ် များစွာ နစ်နာဆုံးရှုံးခဲ့ရပါသည်။ ပညာရေး ဆုံးခန်းတိုင်အောင် ဆက်လက်သင်ကြားခဲ့သူများ အနေဖြင့်လည်း



D/real(wide) (1



### အဆိုကို ပြည်နယ်လွှတ်တော်က လက်ခံ ဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။ (သို့မဟုတ်)

### အဆိုကို လက်ခံဆွေးနွေးရန်ဆုံးဖြတ်ပါက ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဦးစိုင်းနုတင်သွင်းသော အဆိုကို လွှတ်တော်ကိုယ်စားလှယ် တစ်ဦးက ထောက်ခံသွားပါတယ်။

အဆိုမှာ အလုပ်အကိုင်ခန့်ထားရာတွင် ပညာရေး ဆုံးခန်းတိုင်အောင် ဆက်လက်သင်ကြားခဲ့သူများအနေဖြင့် ကျောင်းပိတ်ခဲ့ရသောအချိန်တွင် ပေးဆပ်ခဲ့ကြရသဖြင့် အသက်များ လွန်မှ ဘွဲ့များရနိုင်ခဲ့ကြပြီး အလုပ်အကိုင်အတွက် အခွင့်အလမ်းများ ဆုံးရှုံးခဲ့ရပြီး ပေးဆပ်ခဲ့ကြရသော ပုဂ္ဂိုလ်များပါဝင်လျှောက်ထားလာပါက အသက်ကန့်သတ်ချက်နှင့် ပတ်သက်သောအရည်အချင်း ကန့်သတ်ချက်တွင် ဖြေလျော့စဉ်းစားပေးနိုင်ရေး ပြည်နယ်လွှတ်တော်မှတစ်ဆင့် ပြည်နယ်အစိုးရအား အဆိုပြု တိုက်တွန်းကြောင်း အဆိုဖြစ်ပါတယ်။

၄င်းအဆိုကို လက်ခံဆွေးနွေးရန် သင့်မသင့် လွှတ်တော်ရဲ့ ဆန္ဒ ရယူပါ့မယ်။ ၄င်းအဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။ **[ သုံးကြိမ်တိုင်တိုင်မေးပါသည်။ လွှတ်တော်က သဘောတူပါသည်။ ]**

အဆိုကို လက်ခံဆွေးနွေးရန် သဘောမတူတဲ့ ကိုယ်စားလှယ်ရှိပါသလား။ အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ ကိုယ်စားလှယ်မရှိတဲ့အတွက် ဦးစိုင်းနုရဲ့ အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာပါတယ်။

အဆိုကို ၂၀၁၃ ခုနှစ် စက်တင်ဘာလ ၁၁ ရက် ဗုဒ္ဓဟူးနေ့မှာ ဆွေးနွေးပါ့မယ်။ ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ အနေနဲ့ အစည်းအဝေးရပ်နားတဲ့အခါမှာ ဒီကနေ့ညနေပိုင်းမှာ ရှမ်းပြည်နယ် လွှတ်တော်ရုံး ဒုတိယညွှန်ကြားရေးမှူးထံ အမည်စာရင်း ပေးသွင်းဖို့ဖြစ်ပါတယ်။

## ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ၂၀၁၃-၂၀၁၄ ပြည်ထောင်စု၊ ပြည်နယ်ဘဏ္ဍာငွေ အစီအစဉ်ဖြင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ဆောင်ရွက်မည့် လမ်းတံတား လုပ်ငန်းများအား လွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ် (၁၈)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်အရ ရှမ်းပြည်နယ်အစိုးရ အဖွဲ့မှ ၂၀၁၃-၂၀၁၄ ပြည်ထောင်စု ပြည်နယ်ဘဏ္ဍာငွေ အစီအစဉ်ဖြင့် ပြည်သူ့ ဆောက်လုပ်ရေးလုပ်ငန်းမှ ဆောင်ရွက်မည့် လမ်းတံတားလုပ်ငန်းများအား လွှတ်တော်သို့ ပေးပို့လာပါတယ်။

ဒါကြောင့် သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးကနေပြီးတော့မှ သတ်မှတ်ချိန်ထက် မကျော်လွန်အောင် ဆွေးနွေးပေးဖို့ဖြစ်ပါတယ်။





ကျောင်းပိတ်ခဲ့ရသော အချိန်တွင် ပေးဆပ်ခဲ့ကြရသဖြင့် အသက်များ လွန်မှ ဘွဲ့များရနိုင်ခဲ့ကြရပြီး အလုပ်အကိုင်အတွက် အခွင့်အလမ်းများ ဆုံးရှုံးခဲ့ကြရပါသည်။

သို့ဖြစ်ပါ၍ အလုပ်အကိုင်များ ခန့်ထားရာတွင် အဆိုပါကာလအတွင်း ပေးဆပ်ခဲ့ကြရသော ပုဂ္ဂိုလ်များပါဝင် လျှောက်ထားလာပါက အသက်ကန့်သတ်ချက်အပိုင်းနှင့် ပတ်သက်သော အရည်အချင်း သတ်မှတ်ချက်တွင် ဖြေလျှော့ပေး နိုင်ရေး လွှတ်တော်မှတစ်ဆင့် ပြည်နယ်အစိုးရအား အဆိုပြုတိုက်တွန်း အပ်ပါသည်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** အဆိုကိုထောက်ခံမယ့် ကိုယ်စားလှယ်ရှိပါက ဆက်လက်ဆောင်ရွက်ပါ။

**ဦးစိုင်းအောင်ခမ်း၊ မိုင်းပန်မြို့နယ်မဲဆန္ဒနယ် အမှတ်(၂)။** အားလုံးမင်္ဂလာပါ။ ကျွန်တော် ကတော့ မိုင်းပန် မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းအောင်ခမ်းဖြစ်ပါတယ်။

ကွန်ဟိန်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ တင်သွင်းသော အဆိုကို ကျွန်တော်ထောက်ခံပါတယ်။

**ဦးစိုင်းနော်ခမ်း၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။**

အားလုံးပဲ မင်္ဂလာပါ။ လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်တို့ ရှမ်းပြည်နယ်ဟာ လမ်းမိုင်ပေါင်း (၆၀၀၀)ကျော် ရှိပါတယ်။

ကျွန်တော်တို့ ရှမ်းပြည်နယ်ထဲမှာ ရှိတဲ့လမ်းတွေ ပြည်ထောင်စုက စီမံခန့်ခွဲတဲ့လမ်းရော၊ ပြည်နယ်က စီမံခန့်ခွဲတဲ့ လမ်းရော အားလုံးတစ်ခုမှ မကျန်အောင် လမ်းတိုင်းစေ့အားလုံးကို ကျွန်တော်ပြုစုထားတာ စာမျက်နှာ(၂၀၀)နီးပါးရှိပါတယ်။

ကျွန်တော်အချိန်မရမှာကိုလည်း စိတ်ပူတဲ့အတွက် ကြိုတင်တဲ့အနေနဲ့ စီဒီခွေတွေကို လုပ်ထုံး လုပ်နည်းနှင့်အညီ လွှတ်တော်ကိုပေးပို့ထားပြီး ဖြစ်တဲ့အတွက် လွှတ်တော်ကနေ တစ်ဆင့် လွှတ်တော် ကိုယ်စားလှယ်များကိုလည်း ဖြန့်ဝေပေးပြီး ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးကလည်း ဆွေးနွေးချိန် မိနစ်(၂၀)မကျော်အောင် ဆိုပေမဲ့ အဓိကအချက်လေးတွေ လောက်ပဲ ပြောပြီးတော့မှ လွှတ်တော်ကိုယ်စားလှယ်များ မိမိရဲ့စီဒီခွေမှာ ပြန်ကြည့်ပြီးမှ ကိုယ့်မြို့နယ်နဲ့ သက်ဆိုင်တဲ့ လမ်းတွေ၊ တံတားတွေကို ဆောက်လုပ်ရေးဝန်ကြီးဌာနနဲ့ ပေါင်းစပ်ညှိနှိုင်းပြီးတော့ ပြည်သူတွေ ဘယ်ဟာတွေလိုအပ်သလဲ လမ်းတိုင်းစေ့မရောက်နိုင်တဲ့ လမ်းတွေမှာ ဘယ်လိုမျိုး လိုအပ်ပါတယ်ဆိုတာတွေကို ပြန်လည်ပြီး ပေါင်းစပ်ညှိနှိုင်းပေးမယ်၊ ကြီးကြပ်ပေးမယ်ဆိုလျှင် ဒီထက်ပိုပြီးတိုးတက်လာမှာ ဖြစ်ပါတယ်။**[ပါဝါပွိုင့်ဖြင့် တင်ပြပါသည်။ ]**





ပေါင်းချုပ်အနေနဲ့ သစ်တောဧကပေါင်း ၈၀၀ ထူထောင်သွားမှာ ဖြစ်ပါတယ်။ တစ်အိမ်ထောင် ကျွန်း(၃)ပင်၊ တစ်အိမ်ထောင် သစ်မာ(၂၀)၊ ကျေးရွာပိုင် သစ်မာစိုက်ခင်း(၁)ဧကစီ ထူထောင်ထားတဲ့ လုပ်ငန်းဖြစ်ပါတယ်။

လူထုဖြန့်အနေနဲ့ ဆိုလျှင် အများကြီးဘဲ ဖြန့်ဖြူးနိုင်ပါတယ်။ (၁၆)သိန်းလောက် ဖြန့်ဝေနိုင်ပါတယ်။ ဒါပေမဲ့ တစ်ချို့လွှတ်တော်ကိုယ်စားလှယ်တွေ ပြောနေပါတယ်။ သစ်ပင်တွေကစိုက်တာ အများကြီး စိုက်တယ်။ ဘယ်လောက်ရှင်သလဲဆိုတာ ဒီ(၆)လပတ် အစည်းအဝေးမှာ ပြောပါတယ်။ ကျွန်တော်တို့ သေတဲ့အပင်တွေ ပြန်ဖာဖို့ သေချာမှာပါတယ်။

၂၀၁၄-၂၀၁၅ကျရင် (၁၁)သိန်း ဖြန့်ဖြူးမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ အဓိကအရေးကြီးတာ ရေဝေ၊ ရေလဲတွေက လားရှိုးမှာ ရေထွက်တွေ အရေးကြီးတဲ့အတွက်ကြောင့် ၁၈ ရက် ဇလမှာ လားရှိုးမှာ စိုက်ပျိုးခဲ့ပါတယ်။ ရှမ်းပြည်နယ်ဝန်ကြီးချုပ်ရဲ့ လမ်းညွှန်ချက်အရ နှစ်ရှည်သီးပင်၊ စားပင်တွေဟာ စုစုပေါင်း (၅)သိန်း စိုက်ပျိုးပြီး ဖြစ်ပါတယ်။

စိုက်တဲ့ဧကပေါင်းဟာ ဒေသခံအစုအဖွဲ့ပိုင် ၆၃၆၁၁ ဧက စိုက်ပျိုးပြီး ဖြစ်ပါတယ်။ နှစ်ရှည်ပင်နှင့် ရာသီသီးနှံ ရောနှောစိုက်ခင်း ဧကဖော်ဆောင်ထားပါတယ်။ အရေးကြီးတာ အင်းလေးကန် စိမ်းလန်း စိုပြည်ရေးလုပ်ငန်း ဖြစ်ပါတယ်။ အင်းလေးဒေသမှာ အဓိကလုပ်ငန်းဖြစ်ပါတယ်။ ရှမ်းပြည်နယ်အစိုးရ အနေနဲ့ အင်းလေးကန် ရေရှည်စိမ်းလန်း စိုပြည်ရေးအတွက် ရှမ်းပြည်နယ် အစိုးရက မတည်ငွေ သိန်း(၁၅၀) အင်းလေးဒေသ ဝင်ခွင့်လေလံ ရရှိငွေ(၅၀)ရာခိုင်နှုန်းမှာ သိန်း(၁၁၅၀)၊ ဟိုတယ်(၁၁)လုံးရဲ့ ထည့်ဝင်လှူဒါန်းငွေ (၉၄၆)သိန်း စုစုပေါင်း(၄၂၄၆)သိန်းဖြစ်ပါတယ်။



D/real(wide) (1

ကျွန်တော်တို့ ဒီထွက်စ်ဝမ်မှာ ကော်မတီ(၄)ခု ဖွဲ့ထားပါတယ်။ (က) သစ်တောပြန်လည် ထူထောင်ရေးနှင့် ထိန်းသိမ်းရေး လုပ်ငန်းကော်မတီ၊ (ခ) ကန်ရေပြင်နှင့် နုံးပို့ချမှု ထိန်းသိမ်းရေး ကော်မတီ (ဂ) ဘဏ္ဍာငွေ ကြီးကြပ်ရေးလုပ်ငန်း ကော်မတီ၊ (ဃ) ပြန်ကြားရေးနှင့် သတင်းထုတ်ပြန်ရေး ကော်မတီ ဆိုပြီးတော့ လုပ်ငန်းကော်မတီ (၄)ခုဖွဲ့ထားပါတယ်။

ခုနတုန်းက ကျွန်တော်တင်ပြတဲ့ သိန်း(၄၀၀၀)ကျော်မှာ အခုဘယ်လောက်ပဲ ထုတ်ရသေးလဲ ဆိုလျှင် သိန်းပေါင်း(၁၃၀)ပဲ ရှိပါသေးတယ်။ ဆည်မြောင်းဦးစီးဌာနက နေပြီးတော့ နုန်းတားဆည် အလတ် (၃၄)ခု တည်ဆောက်ဖို့အတွက် ကြိုတင်ငွေသိန်း(၁၀၀)၊ သစ်တောဦးစီးဌာန နုန်းထိန်းတမံ အငယ်စား (၁၅)ခု တည်ဆောက်ဖို့ (၁၀)သိန်း ကြိုတင်ထုတ်ပါတယ်။ လေဆိပ်တံတားပြုပြင်ဖို့ သိန်း(၂၀)ထုတ်ပါတယ်။

စုစုပေါင်း ဩဂုတ်လကုန်ထိ သိန်း(၁၃၀)ဘဲ သုံးပါသေးတယ်။ ရှမ်းပြည်နယ်အခွန်တော် ရရှိငွေက လကဘာမျှ မရှိသေးပေမယ့် အခွန်တော်ရရှိငွေက ပြည်နယ်အနေနဲ့ (၇၁ ဒသမ ၇၅) ရာခိုင်နှုန်း ရရှိပြီး ဖြစ်ပါတယ်။ ပြည်ထောင်စု အခွန်တော်ရရှိငွေက နည်းသွားပါတယ်။ ဒီ ဇလပိုင်းကုန်အထိက (၉ ဒသမ ၆၅) ရာခိုင်နှုန်းပဲ ရပါသေးတယ်။

အခု ရာခိုင်နှုန်းအားဖြင့် အခွန်တော်ရရှိပြီးစီးမှု (၄၇ ဒသမ ၉၁)ရာခိုင်နှုန်း ရရှိထားပါတယ်။ အဓိကက လွှတ်တော်ကိုယ်စားလှယ်များကို ကြုံတုန်းတစ်ခု ရှင်းပြချင်တာက ကျွန်တော်တို့ **Power Sharing** လို့ပြောလိုက်တဲ့အခါမှာ ကျွန်တော်တို့ ပြည်ထောင်စု လုပ်ပိုင်ခွင့် သစ်က(၅၆)မျိုးပဲ ရှိပါတယ်။ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရရဲ့ ဘတ်ဂျက်ထဲကို ထည့်ဖို့ သစ်ပေါင်းက (၁၀၄)မျိုး ဖြစ်သွားပါတယ်။



D/real(wide) (1



## ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ သစ်တောကဏ္ဍလုပ်ငန်းဆောင်ရွက်မှုအား လွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၁၉)ဖြစ်ပါတယ်။ အစီအစဉ်အရ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ သစ်တောကဏ္ဍလုပ်ငန်း ဆောင်ရွက်မှုအား လွှတ်တော်သို့ ပေးပို့လာပါတယ်။

သက်ဆိုင်ရာ ပြည်နယ်အဖွဲ့အစည်းဝင် ဝန်ကြီးရှင်းလင်းပေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးစိုင်းအိုက်ပေါင်း၊ သစ်တောနှင့် သတ္တုဝန်ကြီး။** အားလုံးမင်္ဂလာပါ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ပဏာမဆုမွန်ကောင်း တောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင် သစ်တော၊ သတ္တုဝန်ကြီး ဦးစိုင်းအိုက်ပေါင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ရှမ်းပြည်နယ်ဟာ သစ်တောတွေ ပြုန်းတီးတယ်ဆိုပေမယ့် သစ်တောနယ်မြေဟာ ၂၂ဒသမ ၂၈ ရာခိုင်နှုန်း ရှိပါသေးတယ်။ သစ်တောဖုံးလွှမ်းမှုကတော့ ၅၁ ဒသမ ၈ ရာခိုင်နှုန်း ရှိပါသေးတယ်။ တစ်ဘက်ကလည်း သစ်တောတွေ ပြုန်းတီးနေတယ်။ သစ်တောတွေ ပြုန်းတီးနေတဲ့ အလျောက် သစ်တောစိုက်ခင်း တွေလည်း နေ့စဉ်နှင့်အမျှ ထူထောင်နေပါတယ်။

ကျွန်တော်တို့ ၂၀၁၃-၂၀၁၄မှာ သစ်တောစိုက်ခင်း စုစုပေါင်း ဧက ၁၃၀၀ ထူထောင်ပါမယ်။ ၂၀၁၄-၂၀၁၅ ကျရင် ရှမ်းပြည်နယ်

ဒါကြောင့် အခွန်တော်ငွေတွေ ပိုပြီးရရှိသွားခြင်း ဖြစ်ပါတယ်။ သစ်ဖမ်းဆီးရမိမှုအနေနဲ့ ၂၀၁၁-၂၀၁၂မှာ စုစုပေါင်း သစ်တန်ပေါင်း (၄၇၉၀ ဒသမ ၃၄၁၇)တန် ဖမ်းဆီးရမိပါတယ်။ ၂၀၁၂-၂၀၁၃ မှာဆိုလျှင် တန်ပေါင်းတော်တော်များပါတယ်။ (၇၆၈၉ ဒသမ ၉၇၄၇)တန် ဖမ်းဆီးရမိပါတယ်။ ဒီနှစ် ၂၀၁၃-၂၀၁၄ လကုန်ထိ ဖမ်းဆီးရတဲ့ သစ်တန်ပေါင်း (၁၁၀ ဒသမ ၆၂၂)တန် ဖြစ်ပါတယ်။ သစ်အပြင် သစ်တောကနေပြီးတော့ ကုန်းလိပ်ကလေးတွေ ဖမ်းမိတဲ့ မှတ်တမ်း ဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီးများကို တင်ပြချင်တာကတော့ နမ့်စန်မြို့နယ်မှာ လွှတ်တော်ကိုယ်စားလှယ်တွေကနေ သတင်းပေးလိုက်လို့ ကျွန်တော်က သစ်တောတွေကို ညွှန်ကြားလိုက်လို့ သွားဖမ်းမိတာ သစ်သမားတော့ မမိတော့ဘူး။ ကားကို ထားပြီး ထွက်ပြေးသွားပါတယ်။ နောက်ပြီး သစ်တောကဏ္ဍအနေနဲ့ ပြည်ထဲရေးမှာ အမည်ပေါက်ပြီးတော့ အိမ်ခြေ(၅၀)နှင့် အထက်မှာ သစ်တောကြိုးဝိုင်းတွေ ပယ်ဖျက်ပေးမယ့် ဧကပေါင်းက (၄၃၅၄၉ ဒသမ ၇၄)ဧက ပယ်ဖျက်ပေးမှာပါ။

ပြည်ထဲရေးမှာ အမည်မပေါက်တဲ့ ဧကတွေနောက်ပိုင်း ဆက်ပြီးပယ်ဖျက်ပေးမှာပါ။ နောက်တစ်ခုက တောင်ကြီးမြို့ကြီးက အရင်တုန်းက ချယ်ရီမြို့တော်ဖြစ်တယ်လို့ ပြောကြပါတယ်။ အစိုးရသစ်လက်ထက်မှာ ရှမ်းပြည်နယ်မြို့တော်ကြီးက ချယ်ရီမြို့တော် ပြန်ဖြစ်ဖို့ ၁၅ ရက် ၈ လရယ်၊ ၂၀ ရက် ၈ လမှာ ကျွန်တော်တို့ ချယ်ရီပျိုးပင်ပေါင်း (၂၈၀၀)နှင့် စိန်ပန်းပြာ (၁၄၀၀)ဈေးကြီးနားမှာ အလကားဖြန့်ဝေ ပေးပါတယ်။

ပြည်သူလူထုကလည်း စိတ်ဝင်စားပြီးတော့ ပျိုးပင်တွေကို လာယူပြီးတော့ သူ့ခြံဝန်းထဲမှာ ယူပြီးတော့ စိုက်ပျိုးထားခြင်း ဖြစ်ပါတယ်။ သစ်လုပ်ငန်းကတော့ သစ်တွေအများကြီး ထုတ်တယ်



D/real(wide) (1



## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် သတ္တမပုံမှန် အစည်းအဝေး ဒုတိယနေ့ရပ်နားကြောင်းနှင့် အစည်းအဝေးတတိယနေ့ ဆက်လက် ကျင်းပမည့်နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

**ဥက္ကဋ္ဌ။**

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် သတ္တမပုံမှန် အစည်းအဝေး ဒုတိယနေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး တတိယနေ့ကို မနက်ဖြန် ၂၀၁၃ခုနှစ် စက်တင်ဘာလ ၁၁ ရက်နေ့ (ဗုဒ္ဓဟူး)နေ့ နံနက် (၁၀၀၀) နာရီမှာ ဆက်လက်ကျင်းပမှာ ဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည် ထွက်ခွာပါပြီခင်ဗျား။ ပြည်နယ် လွှတ်တော် ကိုယ်စားလှယ်များ အားလုံးပြန်လည်ထွက်ခွာနိုင်ပါပြီ။

# ရှမ်းပြည်နယ်
# ပထမအကြိမ်ရှမ်းပြည်နယ်လွှတ်တော်
# သတ္တမပုံမှန်အစည်းအဝေး (တတိယနေ့)မှတ်တမ်း
# ၁၃၇၅ ခုနှစ်၊ တော်သလင်းလဆန်း (၇)ရက်
# ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ (၁၁) ရက်
# [ ဗုဒ္ဓဟူးနေ့ ]

တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (တတိယနေ့)အစီအစဉ်ကို နံနက်(၁၀း၀၀)နာရီအချိန်၌ စတင်ကျင်းပပါသည်။

ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌအဖြစ် ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ရှမ်းပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဦးက ဆောင်ရွက်ပါသည်။

## ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး။** ။ မကြာမီ အချိန်အတွင်းမှာ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (တတိယနေ့)အား ကျင်းပပြုလုပ်မည် ဖြစ်ပါသောကြောင့် ကိုယ်စားလှယ်တော်များ သတ်မှတ်ထားသော နေရာများမှာ နေရာယူပေးကြပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။



D/real(wide) (1



ဆိုတဲ့အကြောင်း ပြောပြီးပါပြီ။ အခွန်ကောက်ဖို့ပဲ လိုတော့ပါတယ်။ သတ္တုလုပ်ငန်းအနေနဲ့ ရှမ်းပြည်အရှေ့ပိုင်းမှာ သတ္တုက အဓိက(၆)မျိုး ထုတ်လုပ်နေပါတယ်။ သံသတ္တု၊ ခနောက်စိမ်း၊ မဂ္ဂနိစ်၊ ခဲ၊ သတ္တုရောရာ၊ ရွှေနဲ့ ကျောက်မီးသွေးဖြစ်ပါတယ်။

ရှမ်းပြည်တောင်ပိုင်းမှာ သတ္တု(၉)မျိုး ထုတ်ပါတယ်။ ခဲ၊ ခဲမဖြူ၊ အဖြိုက်နက်၊ ကျောက်မီးသွေး၊ ဘရိုက်တီး၊ ထုံးကျောက်၊ ကြေးနီ၊ ရွှေ၊ ဂေါဒန်၊ ခနောက်စိမ်း ဖြစ်ပါတယ်။ ရှမ်းမြောက်မှာဆိုလျှင် သတ္တု(၉)မျိုး ထုတ်လုပ်နေပါတယ်။ ခဲ၊ ခဲမဖြူ၊ အဖြိုက်နက်၊ ကျောက်မီးသွေး၊ ဘရိုက်တီး၊ ထုံးကျောက်၊ ကြေးနီ၊ ရွှေ၊ ဂေါဒန်၊ ခနောက်စိမ်း ဖြစ်ပါတယ်။

ရှမ်းပြည်မှာ တော်တော်လေး ခေတ်မှီနေတဲ့ စက်ရုံ(၁)ခု တင်ပြလိုပါတယ်။ နောင်ချိုမြို့မှာ ငွေရည်ပုလဲ သတ္တုတူးဖော်ရေး ကုမ္ပဏီက တစ်နေ့ကို တန်(၁၀၀)ကျ ဘိလပ်မြေစက်ရုံ လုပ်နေပါတယ်။ ကျောက်မီးသွေးကနေ လျှပ်စစ်ဓါတ်အားတွေ ထုတ်တာတော်တော်လေး အောင်မြင်ပါတယ်။ **Air Polution** လေထုညစ်ညမ်းမှုလည်း မရှိကြောင်း သွားပြီးတော့ လေ့လာတွေ့ရှိရပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များနှင့် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မူဝါဒများနှင့်အညီ ပြည်သူအခြေပြု ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်လျက် ရှိကြောင်းတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပြီ ခင်ဗျား ။

[ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌသည် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်]

**အခမ်းအနားမှူး။** အားလုံးထိုင်နိုင်ကြပါပြီ ခင်ဗျား ။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား ဒီကနေ့ကျင်းပသည့် ပထမအကြိမ်ရှမ်းပြည်နယ် လွှတ်တော် သတ္တမပုံမှန်အစည်းအဝေးတတိယနေ့မှာ လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ၏ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်(၁၄၀)ဦး ရှိသည့်အနက် ဒီကနေ့ အစည်းအဝေးကို (၁၃၀)ဦး တက်ရောက်ပါတယ်။ အစည်းအဝေးကို တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ်စုစုပေါင်း၏ (၉၂ ဒသမ ၈၆)ရာခိုင်နှုန်း ရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ် ဦးရေဟာ(၃)ပုံ (၁)ပုံထက်ကျော်လွန်သည့်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ (၁၈၀)၊ ပုဒ်မခွဲ(က)နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ် လွှတ်တော်ဆိုင်ရာ နည်းဥပဒေပုဒ်မ(၄၄)၊ နည်းဥပဒေခွဲ(ခ) တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ(၃၅) နည်းဥပဒေခွဲ(ဂ) တို့အရ အစည်းအဝေး စတင်ကြောင်း ကြေညာပါတယ်။





**ဦးမြင့်စိုးနိုင်၊ရပ်စောက်မြို့နယ်မဲနယ်အမှတ်(၂)။** ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီး နှင့် ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ် ပါတယ်။

လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား ကျွန်တော်ကတော့ရပ်စောက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်စိုးနိုင်ဖြစ်ပါတယ်။ ရပ်စောက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ညွန့်၊ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီးသည် အကြီးအကဲများနှင့်တွေ့ဆုံရန် နေပြည်တော်သို့ တာဝန်ဖြင့်ခရီးထွက်ခွာသွားပါသဖြင့် ယခုကျင်းပသော ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် သတ္တမပုံမှန်အစည်းအဝေးတွင် အစည်းအဝေးတက်ရောက်ခြင်းအား (၁၁. ၉. ၂၀၁၃)ရက်နေ့မှ (၁၂. ၉. ၂၀၁၃)ရက်နေ့အထိ (၂)ရက်ကင်းလွတ်ခွင့်ပြုပါရန် ဦးအောင်ကျော်ညွန့် ကိုယ်စားလေးစားစွာ ခွင့်ပန်ကြားအပ်ပါတယ်။

**ဦးစိုင်းအောင်ခမ်း၊ မိုင်းပန်မြို့နယ်မဲဆန္ဒနယ် အမှတ်(၂)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ မိုင်းပန်မြို့နယ်မဲဆန္ဒနယ် အမှတ်(၂)မှ လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းအောင်ခမ်း ဖြစ်ပါတယ်။နမ့်ခမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကျော်မြင့်သည် ကျန်းမာရေးမကောင်းပါသဖြင့် ပထမအကြိမ်ရှမ်းပြည်နယ် လွှတ်တော် သတ္တမပုံမှန်အစည်းအဝေးတွင် အစည်းအဝေး တက်ရောက်ခြင်းအား (၁၁. ၉. ၂၀၁၃)ရက်နေ့ (၁)ရက် ကင်းလွတ်ခွင့်ပြုပါရန် ဦးကျော်မြင့်ကိုယ်စား လေးစားစွာခွင့်ပန်ကြား အပ်ပါတယ်။

**ဥက္ကဋ္ဌ။** ကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားချက်များကို လွှတ်တော်ကခွင့်ပြုရန် သဘောတူပါသလား ခင်ဗျား။

**[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။**
**လွှတ်တော်ကအတည်ပြုပါသည်။ ]**

သဘောတူတဲ့အတွက် ယခုခွင့်ပန်ကြားချက်များကို ခွင့်ပြုကြောင်း ကြေညာပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး တတိယနေ့ကို တက်ရောက်ခွင့်ရှိတဲ့ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးရေမှာ (၁၄၀)ဦးရှိပြီး၊ ယခင်ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၈)ဦး၊ ဒီကနေ့ ခွင့်ပြုထားသူ (၂)ဦး စုစုပေါင်း ခွင့်ပြုထားသူ(၁၀)ဦးရှိပြီး ခွင့်မဲ့ပျက်ကွက် မရှိပါ။ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ပုဒ်မ(၄)၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခု လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို ပြည်နယ်လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ပထမအကြိမ်ရှမ်းပြည်နယ် လွှတ်တော်သတ္တမပုံမှန် အစည်းအဝေး တတိယနေ့ တက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုပါသလား ခင်ဗျား။

**[ သုံးကြိမ်တိုင်တိုင်မေးပါသည်။**
**လွှတ်တော်ကအတည်ပြုပါသည်။ ]**

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်က အတည်ပြုတဲ့အတွက် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို ပြည်နယ်လွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။



D/real(wide) (1



## ပြည်နယ်လွှတ်တော်အစည်းအဝေး တတိယနေ့ အစီအစဉ် ကြေညာခြင်း

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ တိုင်းဒေသကြီးနှင့် ပြည်နယ် လွှတ်တော်ဆိုင်ရာ နည်းဥပဒေ(၄)၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ်ရှမ်းပြည်နယ် လွှတ်တော် သတ္တမပုံမှန် အစည်းအဝေး တတိယနေ့ အစီအစဉ်ကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေ ထားပြီး ဖြစ်ပါတယ်။ ဖြန့်ဝေထားတဲ့ အစီအစဉ် အတိုင်း ဆက်လက်ကျင်းပ သွားမှာ ဖြစ်ပါတယ်။

## အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား တိုင်းဒေသကြီးနဲ့ ပြည်နယ်လွှတ်တော် ဆိုင်ရာ နည်းဥပဒေ(၄၄)၊ နည်းဥပဒေခွဲ(က)အရ ခွင့်ပန်ကြားလိုတဲ့ ကိုယ်စားလှယ်များဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးက သော်လည်းကောင်း၊ ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။ ဒီကနေ့ အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် ယခု ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

## ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

**ဥက္ကဋ္ဌ။** အစီအစဉ်(၅)ဖြစ်ပါတယ်။ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား ပြည်နယ်လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်ထားတဲ့ကြယ်ပွင့်ပြ မေးခွန်းများကိုမေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ် ဖြစ်ပါတယ်။ ယခုလွှတ်တော် ကိုယ်စားလှယ်(၆)ဦးက မေးမြန်းထားတဲ့ မေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားသွားဖို့ဖြစ်ပါတယ်။ ဒီနေရာမှာ သတ်မှတ်ထားတဲ့နည်းဥပဒေများအတိုင်း မေးခွန်းများကို ထိထိမိမိနှင့် လိုရင်းတိုရှင်းကို မေးမြန်းဖို့အတွက် ကျွန်တော့်အနေနှင့် ပန်ကြားလိုပါတယ်။

ပထမဦးစွာ မဘိမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးဇော်ဇော်က ပထမမေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဇော်ဇော်၊ မဘိမ်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီး နှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ မဘိမ်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) မှ လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဇော်ဖြစ်ပါတယ်။

ရှမ်းပြည်နယ်၊ ကျောက်မဲခရိုင်၊ မဘိမ်းမြို့နယ် နမ့်ဖုန်းဖုန်းကျေးရွာအုပ်စု နမ့်ဖုန်းဖုန်းကျေးရွာ မြေဖြူကွင်းရှိ





မဘိမ်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးဇော်ဇော် မေးမြန်းသည့် ကျောက်မဲခရိုင်၊ မဘိမ်းမြို့နယ် နမ့်ဖုန်းဖုန်းကျေးရွာအုပ်စု နမ့်ဖုန်းဖုန်းကျေးရွာ၊ ရေဖြူကွင်းရှိ ရေဖြူဆည်အား ပြန်လည်ပြုပြင်ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိနှင့်ပတ်သက်ပြီးရှင်းလင်းဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။

ကျောက်မဲခရိုင်၊မဘိမ်းမြို့နယ် နမ့်ဖုန်းဖုန်းကျေးရွာအုပ်စု နမ့်ဖုန်းဖုန်းကျေးရွာရှိ အရပ်အခေါ်အဝေါ် ရေဖြူကွင်း၊ မြေစာရင်းအခေါ်အဝေါ် ကွင်းအမှတ်(၄) ကွင်းအမည်ပေါက်ကွင်းရှိ ရေဖြူကျောက်ဆည်အား (၁၉၆၄)ခုနှစ် မေလခန့်က နိုင်ငံတော်အစိုးရက တည်ဆောက်ပေးခဲ့သော ဆည်ဖြစ်ပါသည်။ ရေဖြူဆည်မှာ ကျောက်ဆည်ပေါင် အလျား(၆၀)ပေ၊ အမြင့်(၂၂)ပေ၊ ထု(၄)ပေ။ ရေတံခါး (၆)ပေနှစ်ပေါက်၊ ကွန်ကရစ်အမျိုးအစား ဖြစ်ပါတယ်။ ယခုအခါဆည်၏တောင်ဘက် အောက်ခြေမှာ ရေတိုက်စားသဖြင့် ဆည်ပေါင် အောက်ခြေ ပျက်စီးပြီး ရေရှည်တွင် ဆည်ပေါင်ပျက်စီးနိုင်ပါတယ်။

အဆိုပါရေဖြူဆည်မှာ တောင်သူ(၉၇)ဦး စပါးစိုက်ဧက (၃၄၆)ဧကခန့်ဆည်ရေသောက် စိုက်ပျိုးနိုင်သော ဆည်ဖြစ်ပြီး ကျေးရွာကော်မတီမှ ထိန်းသိမ်းထားသော ဆည်ဖြစ်ပါသည်။ ရေဖြူဆည်ပြုပြင်ရေးနှင့် ပတ်သက်၍ ဆည်အားပြုပြင်နိုင်ရန်အတွက် (၁၁. ၈. ၂၀၁၁) ရက်နေ့တွင် ကွင်းဆင်းစစ်ဆေးခဲ့ပြီးဖြစ်ရာ မိုးတွင်းကာလမှာ ပျက်စီးနေသောကြောင့် ရေနှစ်မြုပ်လျက်ရှိသဖြင့် တိုင်းတာနိုင်ခြင်း မရှိပါ။ မိုးတွင်းကာလကုန်ဆုံး၍ ပွင့်လင်းရာသီရောက်သည့်အချိန် ကွင်းဆင်းတိုင်းတာခဲ့ပြီး ကုန်ဆုံးသွားမည့်ငွေများကို တွက်ချက်တင်ပြ၍ ခွင့်ပြုငွေရရှိပါက ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး မောက်မယ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုးထိုက်က မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုးထိုက်၊ မောက်မယ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** လေးစားအပ်ပါတဲ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ဝန်ကြီးများ လွှတ်တော်ကိုယ်စားလှယ်များ ဖိတ်ကြားထားသော ဧည့်သည်တော်များ ကျန်းမာချမ်းသာကြပါစေလို့ ဆုတောင်းလိုက်ပါတယ်။ ကျွန်တော်ကတော့ မောက်မယ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းစိုးထိုက်ဖြစ်ပါတယ်။

မောက်မယ်မြို့နယ်၊စဥ့်ဝင်ကျေးရွာအုပ်စုအတွင်းရှိ အရှေ့နမ့်ခမ်းကျေးရွာ ကိုယ့်အားကိုယ်ကိုး မူလတန်းကျောင်းနှင့်စပ်လျဉ်းသည့်မေးခွန်း မေးမြန်းသွားမှာဖြစ်ပါတယ်။ မောက်မယ်မြို့နယ်၊ စဥ့်ဝင်ကျေးရွာ အတွင်းရှိ အရှေ့နောင်ခမ်း ကိုယ့်အားကိုယ်ကိုး မူလတန်းကျောင်းသည် (၂၀၀၇)ခုနှစ်မှ စတင်၍ ရွာဦး ဆရာတော်များမှ ဦးဆောင်၍ ရပ်ကျေးမှ လူထုခန့်ဆရာမတစ်ဦးအား ငှားရမ်း၍ သင်ကြားလာခဲ့ရာ (၂၀၁၃)ခုနှစ် အထိဖြစ်ပါသည်။ နှစ်စဉ်ကျောင်းသားဦးရေ (၄၀)ကျော်ခန့်အား ရေးဖတ်အဆင့်သာသင်ကြား နိုင်ခဲ့ပြီး အတန်းတင်ပေး နိုင်ခဲ့ခြင်းမရှိပါ။

အနီးရှိကျေးရွာအုပ်စုသို့ သွားရောက် ပညာသင်ကြားမည်ဆိုပါက ခရီးဝေးသဖြင့် တစ်ကြောင်း၊ မိဘများ၏ စားဝတ်နေရေး အဆင်မပြေသည်ကတစ်ကြောင်း၊ မိုးရာသီတွင်လမ်းကြောင်း အခက်အခဲ ရှိသည်ကတစ်ကြောင်း၊ အခက်အခဲများစွာရှိကြောင်း မိဘပြည်သူများကတင်ပြလာခဲ့ပါသည်။ ထို့ကြောင့် သက်ဆိုင်ရာ



D/real(wide) (1



မြေဖြူကျောက်ဆည်အား တောင်သူ(၁၂၀)မှ အမည်ပြုပြီး လယ်ဧက(၄၇၁)ဧကအား စိုက်ပျိုးလုပ်ကိုင်လျက်ရှိပါသည်။ ၎င်းဆည်သည် လွန်ခဲ့သောနှစ်ပေါင်း(၅၀)ခန့်က တောင်သူလယ်သမားများသည် ကိုယ့်အားကိုယ်ကိုးစနစ်ဖြင့် တည်ဆောက်ခဲ့သောဆည် ဖြစ်ပါတယ်။ ၎င်းဆည်သည် နှစ်စဉ်ရေတိုက်စားမှုခံရခြင်း၊ ဆည်၏အောက်ပိုင်းများမှ ရေများစိမ့်ထွက်ခြင်း၊ ဆည်ရေ၏ရေစီးလမ်းကြောင်း ဆင်ခြေလျှောတွင် (၁၅)ပေခန့်နက်သောချိုင့်ခွက်ကြီးများ ဖြစ်ပေါ်လျက်ရှိပြီး ဆည်မှာ အနောက်ဘက်သို့ပြိုလဲမည့် အခြေအနေသို့ ဖြစ်ပေါ်လျက်ရှိပြီး ၎င်းဆည်အားအချိန်မီ ပြုပြင်ပေးနိုင်ခြင်းမရှိပါက ၎င်းဆည်ကို အမှီသဟဲပြု၍ သောက်သုံးနေသောလယ်ဧကများအနေဖြင့် စိုက်ပျိုးရေးအခက်အခဲများဖြင့် ကြုံတွေ့လာရပါတယ်။

သို့ဖြစ်ပါ၍ ၎င်းဆည်အားအချိန်မီ ပြုပြင်နိုင်ရေးအတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ယူ ဆောင်ရွက်လျက်ရှိသော ကျေးလက်ဒေသ ဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါသဖြင့် မေးမြန်းအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးစိုင်းဆာလူ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားတက်ရောက်သော ဧည့်သည်တော်များ အားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်ဝကြပါစေလို့ နုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင် စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဖြစ်ပါတယ်။

မြို့နယ်ပညာရေးဌာနသို့ တင်ပြညှိနှိုင်းပြီး မြို့နယ်ပညာရေးမှူးရုံး၏ (၃၀. ၅. ၂၀၁၃) ရက်စွဲပါ စာအမှတ်(၂၆၆)၊ကျောင်းဖွင့်ဖြင့် သက်ဆိုင်ရာသို့လည်းပေးပို့ ထားပြီးဖြစ်ပါသည်။

ရပ်ရွာမှလည်း (၂၀၁၃)ခုနှစ် ဇွန်လ(၃)ရက်နေ့မှစ၍ ဆရာမတစ်ဦးငှားရမ်းပြီး ကျောင်းနေအရွယ် ကလေး(၃၀)ဦး၊ သာမဏေ(၁၁)ပါး စုစုပေါင်း(၄၁)ဦးတို့ကို စာသင်ကြားပေးလျက်ရှိပါသည်။ သို့ဖြစ်ပါ၍ အရှေ့နောင်ခမ်း ကိုယ့်အားကိုယ်ကိုး မူလတန်းကျောင်းအား အစိုးရအခြေခံပညာမူလတန်းကျောင်းခွဲ အဖြစ် ဖွင့်လှစ်ပေးနိုင်ပါရန် အစီအစဉ်ရှိ/မရှိ၊ ရှိပါက မည်သည့်အချိန်တွင် ဖွင့်လှစ်ပေးမည်ကို သိရှိလိုပါသည်ဟူသော မေးခွန်းကို ကျောင်းသား/မိဘများကိုယ်စား မေးမြန်းအပ်ပါသည်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။** အားလုံး မင်္ဂလာပါ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ဦးစွာ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

မောက်မယ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းစိုးထိုက်၏ မောက်မယ် မြို့နယ်၊ စဉ့်ဝင်ကျေးရွာအုပ်စုအတွင်းရှိ အရှေ့နောင်ခမ်းကိုယ့်အားကိုယ်ကိုး မူလတန်းကျောင်းအား အစိုးရအခြေခံ ပညာမူလတန်းကျောင်းခွဲ အဖြစ် တိုးမြင့်ဖွင့်လှစ်ပေးနိုင်ပါရန် အစီအစဉ်ရှိ/မရှိဟူသောမေးခွန်းနှင့်ပတ်သက်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ကျွန်တော် ဒေါက်တာမျိုးထွန်းမှ ဖြေကြားသွားမှာဖြစ်ပါတယ်။



D/real(wide) (1



ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်း ကြပါစေကြောင်းပဏာမ ဆုမွန်ကောင်းတောင်း အပ်ပါတယ်ခင်ဗျား။ကျွန်တော်ကတော့ ကျိုင်းတုံခရိုင်၊ မိုင်းခတ် မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းမုန့်ဖြစ်ပါတယ်။

ကျွန်တော်မေးမယ့် မေးခွန်းအမှတ်စဉ်(၁)ကတော့ မိုင်းခတ်မြို့နယ်၊ ဝမ်ခုတ်ကျေးရွာအုပ်စု၊ ဖာလှိုင်းရွာ အနီးရှိ နောင်လျှန့်ဆည်တာတမံသည် ဖာလိုင်းအရှေ့ကွင်း တာဆော့ရွာ၊ ကျိုင်းပင်းရွာ၊ ကွင်းမုံရွာ (၄)ရွာရှိ လယ်ဧက(၂၂၀)ခန့်အားမိုးစပါး နွေစပါးအတွက် အမှန်တကယ် လိုအပ်သောရေတာတမံ တစ်ခုဖြစ်ပါ တယ်။ အဲဒီအတွက်ကြောင့် နောင်လျှန့်ဆည်သည် ရေတားတံမံတည်ဆောက်ပေးရန်အတွက် (၁၆. ၈. ၂၀၁၁) တွင်တစ်ကြိမ်၊ (၁၅. ၂. ၂၀၁၂)တွင်တစ်ကြိမ်၊ နှစ်ကြိမ်တိုင်တိုင် ကျွန်တော်တို့ တင်ပြ တောင်းခံထားပြီးဖြစ်ပါတယ်။

ယနေ့ထိဆောင်ရွက် ပေးမည်မပေးမည်ကို ကျွန်တော်တို့ ကွဲကွဲပြားပြားလည်း မသိရှိရသေးပါ။ သို့ဖြစ်ပါ၍ယခုတစ် ကြိမ် တတိယအကြိမ်ထပ်မံ တင်ပြလိုပါတယ်။ နောင်လျှန့် ရေတားတမံအား ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ ဆောင်ရွက်ပေးမည်ဆိုပါက မည်သည့်အချိန်ကာလတွင် ဆောင်ရွက်ပေးမည်ကို ကျွန်တော်တို့ သိရှိလိုပါတယ်ခင်ဗျား၊ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းဆာလူ၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီး။**

လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား၊ ဦးစိုင်းမုန့်မိုင်းခတ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မေးမြန်းထားတဲ့ မိုင်းခတ်မြို့နယ်၊ ဝမ်ခုတ်ကျေးရွာအုပ်စု၊ ဖာလိုင်းရွာအနီးရှိ နောင်လျှန့်ဆည်အားဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ ဆောင်ရွက်ပေးမည်ဆိုပါကမည်သည့်အချိန်ကာလတွင်ဆောင်ရွက်ပေးမည်ကို သိရှိလိုပါသည်ဟူ သောမေးခွန်း နှင့်ပတ်သက်၍ နောင်လျှန့်ဆည်သည် ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံခရိုင်၊ မိုင်းခတ်မြို့နယ် ဝမ်ခုတ်ကျေးရွာ အုပ်စု၊ ဖာလိုင်းကျေးရွာအရှေ့ရပ် နမ့်ခတ်ချောင်းပေါ်တွင် ဒေသခံများမှကိုယ်ထူကိုယ်ထ တည်ဆောက်ထား ခဲ့သော ချောင်းပိတ်သစ်ရိုက်ဆည်ဖြစ်ပါတယ်။

ရေဆင်းဧရိယာ(၂၈) စတုရန်းမိုင်ခန့်ရှိပြီး နှစ်ကာလကြာမြင့်၍ရာသီဥတုဒဏ်ကြောင့် ပျက်စီးနေမှုအား အခိုင်အမာပြန်လည်တည်ဆောက်ပေးခြင်းဖြင့် လယ်မြေ(၂၂၀)ဧကခန့် မိုးစပါး၊ နွေစပါး ကောင်းမွန်စွာစိုက်ပျိုးနိုင်မည်ဖြစ်ပါသည်

၎င်းဆည်တည်ဆောက်ရန်အတွက် သက်ဆိုင်ရာဆည်မြောင်းဦးစီးဌာနမှ ကွင်းဆင်းစစ်ဆေးတိုင်းတာပြီး ခန့်မှန်းတွက်ချက်ငွေကျပ် သိန်း(၃၅၀) ရရှိရေးအတွက် (၈. ၈၂၀၁၃) ရက်နေ့စွဲပါ စာအမှတ်- ၁၁၂၉/ငစရဖြင့် ၂၀၁၃-၁၄ ခုနှစ်ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေရရှိနိုင်ရေးအတွက်ခွင့်ပြုပေးနိုင်ပါရန် ဆည်မြောင်းဦးစီးဌာနရုံးချုပ်သို့ တင်ပြထားပြီးဖြစ်ပါသည်။ ယနေ့အထိ ခွင့်ပြုရန်ပုံငွေမရရှိသေးသည့်အတွက် နောင်လျှန့်ဆည်ကို တည်ဆောက်ပေးနိုင်ခြင်းမရှိသေးတာ ဖြစ်ပါတယ်။ ၂၀၁၃-၁၄ ခုဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုအစိုးရ အဖွဲ့(သို့) ပြည်နယ်အစိုးရ ခွင့်ပြုရန်ပုံငွေရရှိပါကပွင့်လင်းရာသီတွင်



D/real(wide) (1



မောက်မယ်မြို့နယ်၊ စဉ့်ဝင်ကျေးရွာအုပ်စု အတွင်းရှိ အရှေ့နောင်ခမ်း ကိုယ့်အားကိုယ်ကိုးမူလတန်း ကျောင်း ကို၂၀၀၇-ခုနှစ်မှစ၍ဖွင့်လှစ်ခဲ့ရာ ယခုနှစ်တွင် မူလတန်းကျောင်းသား/ကျောင်းသူ (၃၀)ဦး၊ ရှင်သာမဏေ(၁၁)ပါး ပေါင်း(၄၁)ဦးရှိပါသည်။ အနီးဆုံးပင်မကျောင်း၊ အမက နောင်ခမ်းနှင့်(၁၀)မိုင် ကွာဝေးပါတယ်။

အဆောက်အဦနှင့်ပရိဘောဂပြည့်စုံစွာရှိခြင်းတို့ကြောင့် အမက(ခွဲ) တိုးမြင့်ဖွင့်လှစ်ပေးနိုင်ပါရန် ပညာရေးဝန်ကြီးဌာန၊ အမှတ်(၂)အခြေခံဦးစီးဌာနသို့ အခြေခံပညာရေးမှူးရုံး၏ (၁၃. ၆. ၂. ၁၃)ရက်စွဲ ပါစာမှတ်၊ စိတ်(၁)/၁၂၃၆/ အခမြ (အမက)ခွဲ) ၂၀၁၃ ဖြင့် တင်ပြပြီးဖြစ်ပါသည်။ ၂၀၁၄-၁၅ ပညာသင်နှစ်တွင် ဖွင့်လှစ်ခွင့်ရရှိရန် ဆက်လက်တင်ပြ ဆောင်ရွက်သွားပါမည်။

ပညာရေးဌာနအနေဖြင့် ကျေးလက်ဒေသရှိကျောင်းနေအရွယ်ကလေးများပညာသင်ယူမှု အခွင့်အလမ်းများရရှိစေရန် ကျောင်းသား(၅၀)ဦးနှင့် အထက်ရှိကိုယ့်အားကိုယ်ကိုး မူလတန်းကျောင်းများအား အစိုးရမူလတန်းကျောင်း အဖြစ်လည်းကောင်း။ (၅၀)ဦးထက်နည်းပြီး သွားလာရခက်ခဲသည့် ကျောင်းများအား အမကခွဲအဖြစ် လည်းကောင်း၊ အဆင့်တိုးမြှင့် ဖွင့်လှစ်ပေးပြီး ဆရာ၊ဆရာမများ ဖြည့်စွက်ခန့်ထား ပေးလျက်ရှိပါကြောင်း ဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး မိုင်းခတ်မြို့နယ် မဲဆန္ဒနယ် အမှတ် (၁)မှ ဦးစိုင်းမုန့်က ပထမမေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းမုန့်၊မိုင်းခတ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။**

လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ

ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီးဦးစိုင်းမုန့်က ဒုတိယမေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းမုန့်၊မိုင်းခတ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** အားလုံးမင်္ဂလာပါခင်ဗျား။ကျွန်တော် မေးခွန်း(၂)ကတော့ ကျွန်တော်တို့ မိုင်းခတ်မြို့နယ် နှင့်(၁၅)မိုင်ခန့်နီးသော လွိုင်မီးတောင်သည်တာဝါ တိုင်တပ်ဆင်ထားပြီးဖြစ်ပါသည်။ သို့သော်(၂၂)ရက်နေ့တွင် **CDMA 800 Hz** တယ်လီဖုန်းများကိုရရှိခဲ့ပါတယ် (၂၄. ၄. ၂၀၁၂)ရက်နေ့တွင်တန်ဖိုးနည်း **CDMA 800 Hz** ဖုန်းများတစ်ခြားမြို့နယ်များတွင် ရောင်းချပေးပြီး မိုင်းခတ်မြို့နယ်မှလည်း ဆက်သွယ်ပြောဆို၍ရရှိကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူးမှ ခရိုင်အုပ်ချုပ်ရေးမှူးတို့လည်း ကျွန်တော်တင်ပြထားပြီးလည်းဖြစ်ပါတယ်။

တန်ဖိုးနည်းဖုန်းများ ရောင်းချပေးသည်မှာ (၄)ကြိမ်တိုင်တိုင်ရှိနေပြီ ဖြစ်သော်လည်း မိုင်းခတ်မြို့နယ်တွင် တစ်ကြိမ်တစ်ခါမှ ခွဲတမ်းရောင်းချပေးခြင်းမရှိခဲ့ပါ။ မိုင်းခတ်မြို့နယ်မှာ **GSM** တာဝါတိုင်လည်းမရှိသေးသည့်အတွက် ကျွန်တော်တို့ တောင်းခံထားလည်း ယနေ့ထိတိုင်ဆောင်ရွက်ပေးနိုင်ခြင်းလည်း မရှိသေးပါ။ မိုင်းခတ်မြို့နယ်သည်ကျွန်တော်တို့ ရှမ်းပြည်နယ် အရှေ့ပိုင်း မြို့နယ်အားလုံးထဲမှာ GSM တိုင်မရှိသေးပါ။

ကျွန်တော်တို့ဒုတိယပြည်နယ်အုပ်ချုပ်ရေးမှူး ရှမ်း(အရှေ့)ကျိုင်းတုံသို့(၁၈)ရက်နေ့ မိုင်းခတ်ခရီးစဉ်တွင် မိုင်းခတ်အား **GSM** တိုင် နှင့် **CDMA 800 Hz** တန်ဖိုးနည်းခွဲတမ်းမပါခြင်းမှာ



D/real(wide) (1



**ဗိုလ်မှူးကြီးအောင်သူ၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။

မိုင်းခတ်မြို့နယ်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးစိုင်းမုန့်ရဲ့ မိုင်းခတ်သို့ CDMA 800 HZ တန်ဖိုးနည်းဖုန်းအား မည်သည့်အတွက် ရောင်းချမပေးနိုင်ခြင်းနှင့် ရောင်းချပေးမည်ဆိုပါက မည်သည့်လ၌ ရောင်းချပေးနိုင်မည်ကို သိရှိလိုပါသည် ဟူသော မေးခွန်းနှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ကျွန်တော် လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီးဗိုလ်မှူးကြီးအောင်သူ က ဖြေကြားသွားမှာ ဖြစ်ပါတယ်။ CDMA 800 Hz တန်ဖိုးနည်းဖုန်းများအား MEC ၏ သတ်မှတ်ခွဲဝေချထားပေးသော မြို့နယ်အလိုက် သတ်မှတ် အရေအတွက်အတိုင်း ပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ရောင်းချခြင်း ဖြစ်ပါသည်။ မိုင်းခတ်မြို့နယ်တွင် ရောင်းချနိုင်ရေးအတွက် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းရုံးချုပ်သို့ တင်ပြဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီးဦးစိုင်းမုန့်က တတိယမေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းမုန့်၊ မိုင်းခတ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော် မေးမယ့် မေးခွန်းအမှတ်စဉ်(၃)ကတော့ မိုင်းခတ်မြို့နယ် ၊မိုင်းကာအရှေ့အုပ်စုရှိ အားခေဝမ်ကောင်းရွာ တွင် ၂၀၀၈ခုနှစ်၌ စတင်ဖွင့်လှစ်ခဲ့ပြီး အနီးဝန်းကျင်၌ရွာ(၄)ရွာရှိပြီးအိမ်ခြေ(၁၀၀)ခန့်ရှိပါသည်။ ယခုလက်ရှိ အတန်းစုံ

ကျောင်းသူကျောင်းသား(၂၆)ဦး လည်းရှိပါတယ်။ ဝမ်ပင်းကျေးရွာအုပ်စု နမ့်ခတ်ကျေးရွာတွင် ၂၀၁၁ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပါတယ်။ အိမ်ခြေ(၄၀)နှင့်အနီးဝန်းကျင်ရွာ၌ အိမ်ခြေ(၁၅)အိမ်ရှိပါတယ်။

ယခုလက်ရှိသူငယ်တန်းတွင် ပညာသင်ကြားနေသော ကျောင်းသူကျောင်းသား (၃၂)ဦးလည်းရှိပါတယ်။ တုံဖကော်ကျေးရွာအုပ်စု နမ့်မွဲရွာတွင်အိမ်ခြေ (၆၀)ခန့်ရှိပြီး၊ ၂၀၀၅ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး အတန်းစုံ (၃၅)ဦးရှိပါတယ်။ ကျေးရွာသုံးရွာစလုံး ကျောင်းအဆောက်အဦသစ်များ မရှိပါ၍ ကျေးရွာများကလည်း အတန်းပညာကို လိုလားကြပါတယ်။ ယခုကျွန်တော်မေးလိုသည်မှာ အဆိုပါ နမ့်မွဲရွာ၊အားခေ ဝမ်ကောင်းရွာ၊ နမ့်ခတ်ရွာများရှိ ကိုယ့်အားကိုယ်ကိုး မူလတန်းကျောင်းများ အဆင့်တိုး၍ဆိုဒ်ရှင်ချပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုပါတယ်ခင်ဗျား အားလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ ဖြစ်ပါတယ်။။

**ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ၊ခင်ဗျား ဦးစိုင်းမုန်း မေးမြန်းသည့် နမ့်မွဲကျေးရွာ၊ အားခေ ဝမ်ကောင်းရွာ၊ နမ့်ခတ်ရွာများရှိ ကိုယ့်အားကိုယ်ကိုး မူလတန်းကျောင်းများတွင် ဆိုဒ်ရှင်ဖြင့် ချပေးနိုင်ခြင်းရှိ/မရှိသိရှိ လိုပါသည်ဟူသော မေးခွန်းနှင့်စပ်လျဉ်း၍ မိုင်းခတ်မြို့နယ်၊ တုံဖကော် ကျေးရွာအုပ်စုရှိ နမ့်မွဲရွာ၊ မိုင်းကာအရှေ့ ကျေးရွာအုပ်စုရှိ ဝမ်ကောင်းရွာ ၊ဝမ်းပင်းကျေးရွာအုပ်စုရှိ နမ့်ခတ်ရွာများအား ကိုယ့်အားကိုယ်ကိုးမူလတန်းကျောင်းများမှအဆင့်တိုး၍ Sanction ချပေးနိုင်ရန်သက်ဆိုင်ရာ ကျေးရွာ သက်ဆိုင်ရာ





တာဝါတိုင်မရှိ၍ မချပေးကြောင်းရှင်းလင်း ပြောကြားသွားပါတယ်။ တာဝါတိုင်မရှိပဲ ဆက်သွယ်ပြောဆိုမရသော ကိုကိုးကျွန်း မြို့နယ်ကို တန်ဖိုးနည်းဖုန်းများ ချပေးထားသဖြင့် ဖုန်းရသော ဒေသခံပြည်သူများ အခက်တွေ့နေ ရကြောင်း (၉. ၈. ၂၀၁၃)ရက်နေ့ထုတ် ရွှေ့ဆောင် သတင်းဂျာနယ်တွင် ကျွန်တော်တို့ဖတ်ရှုလိုက်ရပါတယ်။ တာဝါတိုင် မရှိ၍ တန်ဖိုးနည်းဖုန်းချမပေးဘူး ဟူသောဖြေကြားချက်သည် ကိုကိုးကျွန်းသည် တာဝါတိုင်မရှိ၍ ဖုန်းဆက်သွယ်မှု မရသော မြို့နယ်ဖြစ်ပါလျက်နှင့် မည်သည့်အတွက်ကြောင့် ဖုန်းချပေးသည်ကို နားမလည်နိုင်အောင် ဖြစ်နေကြပါတယ်။

မိုင်းခတ်မြို့နယ်သည် ကျွန်တော်တို့မြန်မာနိုင်ငံအတွင်း တည်ရှိသောမြို့နယ်လေး တစ်မြို့နယ်ဖြစ်ပါတယ်။ **CDMA 800** အား ဖုန်းများကို မိုင်းခတ်မြို့နယ် တပ်ရင်း(၃)ရင်းနှင့် စစ်ဗျူဟာ အခြေချတပ်ရင်းတစ်ခုမှ တရားဝင်တင်ပြထားသော၊ တပ်မတော်မှ လည်း မိုင်းခတ်မြို့နယ်အတွက်တပ်ရင်း(၃)ရင်းသာ ခွဲတမ်းချပေးခြင်း ဖြစ်ပါတယ်။ သို့သော် ပြည်သူလူထုအတွက် ခွဲတမ်းချပေးခြင်း မရှိသေးသည့်အတွက်ကြောင့် ကျွန်တော် မေးလိုသည်မှာ **CDMA 800** အားတန်းဖိုးနည်းဖုန်း မည်သည့်အတွက်ကြောင့် ရောင်းချ မပေးနိုင်ခြင်းနှင့် ရောင်းချပေးမည်ဆိုပါက မည်သည့် အချိန်တွင် ရောင်းချပေးမည်ကို သိရှိလိုပါတယ်ခင်ဗျား အားလုံးကို ကျေးဇူးတင် ပါတယ်။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

မြို့နယ်အုပ်ချုပ်ရေးမှူး ၊သက်ဆိုင်ရာမြို့နယ်ပညာရေးမှူးရုံးများတို့မှ ထောက်ခံချက် အဆင့်ဆင့်ဖြင့် တင်ပြသွားရန်လိုအပ်ပါတယ်။

ထောက်ခံချက် အဆင့်ဆင့်ဖြင့်တင်ပြလာပါက ပြည်နယ်ပညာရေးညွှန်ကြားရေးမှူးက ပညာရေးဦးစီးဌာန အမှတ်(၂)ပညာရေးဦးစီးဌာနသို့ ဆက်လက်တင်ပြ၍ မူလတန်းကျောင်း မူလတန်းခွဲ များ ဆိုဒ်ရှင်ချထားပေးရန် တင်ပြသွားမှာ ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ဦးစိုင်းမုန့်က စတုတ္ထမေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းမုန့်၊မိုင်းခတ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။**

မင်္ဂလာပါကျွန်တော်မေးခွန်း အမှတ်စဉ်(၄) ကတော့ မိုင်းခတ်မြို့နယ်ရှိ ပါဆန်ကျရွာ၊ ဝမ်မိုင်ရွာ ၊ဝမ်ပြန်ရွာ သုံးရွာနှင့် ပတ်သက်ပြီး နယ်စပ်ရေးရာ ဝန်ကြီးဌာနမှ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဌာနမှခွင့်ပြုငွေ (၆၄ ဒသမ ၅)သန်းဖြင့် ၁၅. ၂. ၂၀၁၃ ရက်နေ့တွင် စတင်ဆောင် ရွက်ခဲ့ပြီး (၁၅. ၃. ၂၀၁၃)ရက်နေ့တွင် ပြီးစီးခဲ့ပါသည်။

လုပ်ငန်းပြီးစီးသွားသော်လည်း ၄င်းရေကန်သုံးကန်အား မည်သူ့ကိုအပ်နှံခဲ့ကြောင်း မည်သူက စောင့်ရှောက်မည်ကိုမသိဘဲ ယခုအခါ ပိုင်ရှင်မဲ့ ဖြစ်နေသလို ရေလည်းမလာတော့ပါ။ မည်ကဲ့သို့ ဆောင်ရွက်ရမည်ကို မြို့နယ်အုပ်ချုပ်ရေးမှူးသို့ လည်းကောင်း၊ မြို့နယ်စည်ပင်သာယာရေးသို့ လည်းကောင်း၊ စုံစမ်းမေးမြန်း သော်လည်း တိကျသောအဖြေမပေးနိုင်ပါ ။





ပတ်ဝန်းကျင်တွင် ရေရယူနိုင်မည့် ရေထွက်မရှိသည့်အတွက် အဆိုပါရေထွက်မှပင် သွယ်ယူခဲ့ရပါသည်။

နမ့်ဟူးရေထွက်သည် နွေရာသီတွင် ရေထွက် လျော့နည်းခြင်း ၊မိုးရာသီတွင် ရေထွက်အတွင်းသို့ တောင်ကျ ရေများစီးဝင်ရောက်ရှိပြီး သဲ၊ နုန်း၊ မြေ၊ ကျောက် စသည့် အမှိုက်သရိုက်များဝင်ရောက်ပြီး ရေပိုက်များအတွင်း ပိတ်ဆို့ခြင်း ၊ပိုက်များသွယ်တန်းရာတွင် လယ်ကွင်းများအတွင်း ဖြတ်သန်း သွယ်သန်းရသည့် အတွက် ရေပိုက်များ မကြာခဏပျက်ခြင်း ကြောင့် ကျေးရွာများအတွင်း ရေပုံမှန်ရရှိရေး အတွက်(Great Five) ကုမ္ပဏီအနေဖြင့် မိုင်းခတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ နှင့်ဆက်သွယ်၍ ပေါင်းစပ်စီမံ ဆောင်ရွက်လျက်ရှိပါသည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဌာနအနေဖြင့် ကုမ္ပဏီနှင့် လုပ်ငန်းအပ်နှံဆောင်ရွက်ရာတွင် ချုပ်ဆိုသည့် စာချုပ်ပါအချက်အလက်များအရ အဆိုပါရေပေးရေးလုပ်ငန်း များအား (Great Five) ကုမ္ပဏီမှ (၅)နှစ် အာမခံဖြင့် တာဝန်ယူ ဆောင်ရွက်ခဲ့ပြီး ကျေးရွာများ ရေအမြဲမပြတ်ရရှိရေး အတွက် ကျေးရွာပြည်သူလူထုများအနေဖြင့် လည်းပူးပေါင်းပါဝင်ထိန်းသိမ်း စောင့်ရှောက်ရမည် ဖြစ်ပါသည်။ လက်ရှိတွင် ပါဆန်ကျရေးရွာ ရေပေးဝေရေး လုပ်ငန်းများမှ ပါစံကျရွာ ရေပေးဝေခြင်း လုပ်ငန်းအပြင် မိုင်းခတ်မြို့ အမှတ်(၁) ၊(၂) ရပ်ကွက်များအတွင်းရှိ နေအိမ်များသို့ ရပ်ကွက်အစီအစဉ်ဖြင့် အိမ်သွယ်ရေတိုင် (၁၀၀)ခန့်ရေရယူ သုံးစွဲလျက် ရှိသည့်အတွက် ရေပေးဝေရေး လုပ်ငန်း ထိန်းသိမ်းစောင့်ရှောက်ခြင်းအား ပါစံကျကျေးရွာနှင့် မြို့ပေါ်ရပ်ကွက် အုပ်ချုပ်ရေးမှူးများမှ ပူးပေါင်းညှိနှိုင်း ဆောင်ရွက်လျက် ရှိပါသည်။

အဆိုပါ ကျေးရွာများရေပေးရေးလုပ်ငန်းနှင့် ပတ်သက်၍ ပြုပြင်ဆောင်ရွက်ရန်လိုအပ်ချက်များ ဖြစ်ပေါ် လာပါက (Great Five) ကုမ္ပဏီမှ တာဝန်ယူ၍ မိုင်းခတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ လိုအပ်သည်များကို သက်ဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပြီး လုပ်ငန်းကုန်ကျစရိတ်အား (Great Five) ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး မိုင်းခတ်မြို့နယ်မဲဆန္ဒနယ် အမှတ် (၂)မှ ဦးယာကုပ်က ပထမမေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးယာကုပ်၊ မိုင်းခတ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** အားလုံးပဲမင်္ဂလာပါ။ လေးစား အပ်သော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီး၊ ဒုတိယဥက္ကဋ္ဌနှင့်တကွ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ တပ်မတော်သား ကိုယ်စားလှယ်များ ဖိတ်ကြားထားသောဧည့်သည်တော်များ အားလုံး စိတ်၏ကျန်းမာခြင်း၊ ကိုယ်၏ချမ်းမာခြင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်ခင်ဗျား။

ကျွန်တော်ကတော့ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ၊ မိုင်းခတ်မြို့နယ်မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးယာကုပ်ဖြစ်ပါတယ်။ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား အခုကျွန်တော်တင်ပြမှာကတော့ မိဘပြည်သူများကိုယ်စား နောင်လုံးကျေးရွာအုပ်စု ပန်တောက်ရွာတွင် မူလတန်းကျောင်းဆောင်သစ် ကိုယ်ထူကိုယ်ထဖွင့်လှစ်သွားနိုင်ရေးအတွက် ကူညီဆောင်ရွက်ပေးပါရန်နှင့် စပ်လျဉ်း၍ မိုင်းခတ်မြို့နယ် နောင်လုံးကျေးရွာအုပ်စု၊ ပန်တောက်ရွာတွင် နေထိုင်သော ဆင်းရဲနွမ်းပါးသောရွာဖြစ်ပါသည်။ မိုင်းခတ်မြို့နှင့် (၁၉)မိုင်ခန့်ဝေးသော်လည်း ခရီးကြမ်းတမ်းသဖြင့်



D/real(wide) (1



သို့ဖြစ်ပါ၍ ပါဆန်ကျွရွာ၊ ဝမ်မိုင်ရွာ၊ ဝမ်ပြန်ရွာ ရေသွယ်ထားသည့် ကိစ္စနှင့်ပတ်သက်၍ရေအမြဲတမ်း လာရောက်နိုင်ရေးအတွက် မည်သူ့တွင်တာဝန်ရှိသည်ကို သိရှိလိုပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီးအောင်သူ၊လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား မိုင်းခတ်မြို့နယ်၊ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းမုန့်မေးမြန်းသည့် မိုင်းခတ်မြို့နယ် ဆန်ကျွရွာ၊ ဝမ်မိုင်ရွာ၊ ဝမ်ပြန်ရွာ တို့မှ ရေသွယ်ထားရှိပြီး ရေနည်းလာခြင်းနှင့် ပြုပြင်ပေးခြင်းများကို သိရှိလိုပါသည်ဟူသော မေးခွန်းနှင့်ပတ်သက်ပြီး ကျွန်တော် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားသွားမှာဖြစ်ပါတယ်။

မိုင်းခတ်မြို့နယ် ပါဆန်ကျွရွာ၊ ဝမ်မိုင်ရွာ၊ဝမ်ပြန်ရွာ များသို့ နမ့်ဟူးရေထွက်မှ ရေကိုရယူ၍ စိမ့်စမ်းရေ သွယ်ယူခြင်းအား ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန၏ ရန်ပုံငွေဖြင့် (**Great Five**) ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်ခဲ့ပြီး အဆိုပါလုပ်ငန်းများအားရေရှည် တည်တံ့ခိုင်မြဲမှုရရှိစေရေး ထိန်းသိမ်းစောင့်ရှောက်နိုင်ရန် သက်ဆိုင်ရာကျေးရွာအုပ်ချုပ်ရေးမှူးများထံသို့ (၃၀. ၇. ၂၀၁၃)ရက်နေ့တွင် လုပ်ငန်းလွှဲပြောင်းအပ်နှံပေးခဲ့ပါသည်။ အဆိုပါနမ့်ဟူးရေထွက်မှ ရေကို မိုင်းခတ်ခြေချစစ်ဗျူဟာ၊ အမှတ်(၃၂၇)တပ်ရင်း ၊အမှတ်(၃၂၈)တပ်ရင်းတို့မှ လက်ရှိရယူ သုံးစွဲလျက်ရှိပြီး ပါဆန်ကျွရွာ၊ ဝမ်ပြန်ရွာ၊ ဝမ်မိုင်ရွာများ တို့လည်း အနီး

ဝန်ထမ်းများအရောက်အပေါက် နည်းသောနေရာဖြစ်ပါသည်။ ထိုကျေးရွာတွင်နေထိုင်ကြသောပြည်သူများသည် တစ်ဦးတစ်ယောက်မျှ စာတတ်မြောက်ခြင်းမရှိကြပါ။ အိမ်ခြေအားဖြင့် (၃၄)အိမ်သာ ရှိကြပါသည်။ အလွန်စာတတ်မြောက်လိုကြပါသည်။ ကျောင်းနေအရွယ်ကလေး (၅၁)ဦးရှိပါသည်။ ကိုယ့်အားကိုယ်ကိုး၍ ကျောင်းဆောက်နိုင်ရန် အခြေအနေမရှိပါသဖြင့် မူလတန်းကျောင်း အဆောက်အဦးအတွက် Sanction လိုအပ်ပါသည်။ ထိုကျေးရွာအုပ်စုသည် ကျွန်တော်၏ မဲဆန္ဒနယ် ဖြစ်သည့်အတွက် မဖြစ်မနေသွားကာ ထိုကျေးရွာသို့ ကြုံတွေ့ နေရသော အတွေ့အကြုံ မှာ ထိုဒေသတွင် နေထိုင်လျက်ရှိသော ပြည်သူများသည် အမြင်ကျဉ်းမြောင်းနေပါသဖြင့် ၎င်းလူမျိုးစုအား အမြင်ကျယ်လာအောင် ကျောင်းဆောက်၍ပညာသင်ကြားပေးရန်ဖြစ်ပါတယ်။ သက်ဆိုင်ရာပြည်နယ်အဖွဲ့အစည်းများမှကူညီရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါကြောင်း လေးစားစွာ တင်ပြအပ် ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်များမှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား မိုင်းခတ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးယာကုတ်၏ မိုင်းခတ်မြို့နယ်နောင်လုံးကျေးရွာအုပ်စု ပန်တောက်ရွာတွင် မူလတန်းကျောင်းဆောင်အသစ် ကိုယ်ထူကိုယ်ထဆောက်လုပ် နိုင်ရေးအတွက် ပြည်သူများသည်အလွန်ဆင်းရဲသောကြောင့် ကိုယ်ထူကိုယ်ထ ဆောက်လုပ်နိုင်ရန် မဖြစ်နိုင်သည့်အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ကူညီဆောင်ရွက်ပေးနိုင်ပါရန် အစီအစဉ် ရှိ/မရှိ





**ဦးစိုင်းလွင်၊ လင်းခေးမြို့နယ်၊မဲဆန္ဒနယ်အမှတ် (၂)။** မင်္ဂလာပါခင်ဗျားဒီကနေ့ တက်ရောက်လာတဲ့ ရှမ်းပြည်နယ်ဥက္ကဋ္ဌကြီးနှင့်တကွ၊ လွှတ်တော်ကိုယ်စားလှယ်များ အားလုံးကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ နှုတ်ခွန်းဆက်သလိုက်ပါတယ်ခင်ဗျား။ ကျွန်တော် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလွင်အနေနဲ့ ဒီကနေ့မေးမြန်းမယ့် မေးခွန်းကတော့ ကျွန်တော်တို့လင်းခေးမြို့နယ်တွင် လွန်ခဲ့သော (၂၀၀၄-၂၀၀၅)ခုနှစ်ကတည်းက တည်ဆောက်ပေးခဲ့သော တံတားဆိပ်မြစ်ရေတင်စီမံကိန်းကြီးဟာ စိုက်ပျိုးရေပေးဝေနိုင်ခြင်းမရှိတဲ့အတွက်ကြောင့် (၂၀၁၂)စိုက်ပျိုးရေးတွင် ရေပေးနိုင်မည့်အခြေအနေကို ပြီးခဲ့တဲ့ (၂၀၁၁)အောက်တိုဘာလ (၃၁)ရက်နေ့မှာကျင်းပခဲ့တဲ့ လွှတ်တော်ဒုတိယပုံမှန်အစည်းအဝေး ပထမနေ့မှာ မေးမြန်းခဲ့ခြင်းဖြစ်ပါတယ်။

မေးမြန်းချက်မှ ကျွန်တော်တို့ဒီဇယ် အင်ဂျင်ရေပေးစက်ကြီးဟာ ရေပေးဝေခြင်းဟာ ကုန်ကျစရိတ် နည်းပါးပြီး အသုံးစရိတ်များပြားလွန်းသောကြောင့် (၂၀၀၈-၂၀၀၉)ခုနှစ်တွင် ရပ်ဆိုင်းထားခဲ့ပြီး ယခုအခါ လျှပ်စစ်ဖြင့် ရေတင်ပေးခဲ့ခြင်းလုပ်ငန်းကို(၂၀၁၂-၂၀၁၂) ဘဏ္ဍာရေးနှစ်အပြီးတွင်အပြီးတည်ဆောက်ပေးမည် ဖြစ်သောကြောင့် လာမည့်စိုက်ပျိုးရာသီတွင် ရေပေးဝေနိုင်မည်ဖြစ်ကြောင်း ကိုလည်းပြန်လည်ဖြေကြားရရှိခဲ့ပြီးဖြစ်ပါတယ်။ ဒါပေမဲ့လည်း တံတားမြစ်စက်ရုံနှင့် ရေပေးဝေမည့်လုပ်ငန်းပိုင်းကြီးမှာ လျှပ်စစ်ပိုင်းများတွင် ပြုလုပ်ထားရှိထားသော်လည်း ပြီးစီးမှုမရှိခြင်း၊ တည်ဆောက်ထားသည့်ရေလှောင်ကန်များမှာလည်း ကွဲအက် ပျက်စီးနေခြင်း၊ မြို့ပြလုပ်ငန်းဖြစ်တဲ့ ပင်မမြောင်းနှင့် လက်တံမြောင်းများမှာလည်းပြင်ဆင်ထိန်းသိမ်းမှု မရှိတဲ့ အတွက် ချုံနွယ်ပိတ်ပေါင်းများနှင့်

ပိတ်ဆို့ပြီး ပျက်စီးလျက်ရှိနေကြောင်း တွေ့ရှိရတဲ့အတွက်ကြောင့် ယနေ့ထိ ရေပေးဝေရေး လုပ်ငန်းဆောင်ရွက်နိုင်ခြင်း မရှိကြောင်း တွေ့ရှိရပါတယ်။

ဒါကြောင့် ဆောင်ရွက်ပြီးစီးခဲ့တဲ့ လင်းခေးမြို့နယ် ဒါးဆိပ်မြစ်ရေတင် စီမံကိန်းလုပ်ငန်းအား ဆက်လက် ဆောင်ရွက်မည့် အစီအစဉ် ဆောင်ရွက်ပြီးတဲ့ လုပ်ငန်းအတိုင်းအတာအား ပြင်ဆင်ထိန်းသိမ်းစရိတ်များဖြင့် ထိန်းသိမ်းပြုပြင်ဆောင်ရွက်ခြင်း အစီအစဉ်၊ လျှပ်စစ်ပိုင်းဆိုင်ရာနှင့် မြို့ပြလုပ်ငန်းများ မည်သည့်ကာလတွင် ပြီးစီး၍ မည်သည့်ကာလတွင် စိုက်ပျိုးမြေများ အတွက် ရေပေးဝေရေး ဆောင်ရွက်သွားနိုင်မည်ကို ဖြေကြားပေးနိုင်ရန်အတွက် မေးမြန်းတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းဆာလူ၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ လင်းခေးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းလွင်ရဲ့ ဆောင်ရွက်ပြီးခဲ့တဲ့ လင်းခေး မြို့နယ်၊ ဒါးဆိပ်မြစ်ရေတင် စီမံကိန်းလုပ်ငန်းအား ဆက်လက်ဆောင်ရွက်မည့် အစီအစဉ် ရှိ/မရှိ၊ ဆောင်ရွက်ပြီး လုပ်ငန်းအတိုင်းအတာအား ပြင်ဆင်ထိန်းသိမ်းစရိတ်များဖြင့် ထိန်းသိမ်းပြုပြင် ဆောင်ရွက်ခြင်း ရှိ/မရှိ လျှပ်စစ် ပိုင်းဆိုင်ရာ မြို့ပြလုပ်ငန်းများ မည်သည့်ကာလတွင် ပြီးစီး၍ မည်သည့်ကာလတွင် စိုက်ပျိုးမြေဧကများအတွက် ရေပေးဝေ ဆောင်ရွက်သွားမည်ကို သိလိုပါသည် ဆိုတဲ့မေးခွန်းနှင့် ပတ်သက်၍ ကျွန်တော် ဆက်လက်ဖြေကြား သွားမှာဖြစ်ပါတယ်။



D/real(wide) (1



သိရှိလိုပါသည်ဟူသော မေးခွန်းနှင့်စပ်လျဉ်း၍ မိုင်းခတ်မြို့နယ် နောင်လုံးကျေးရွာအုပ်စု၊ ပန်တောက်ရွာတွင် ပြည်သူလူထုသည် အလွန်ဆင်းရဲသောကြောင့် ကျောင်းဆောက်နိုင်သည့်အခြေအနေ မရှိသောကြောင့် ကိုယ်ထူကိုယ်ထကျောင်းအား ဌာနရန်ပုံငွေဖြင့် ဆောက်လုပ်ပေးနိုင်ခွင့်မရှိပါ။ ကျောင်းခွဲ(သို့) အမကကျောင်းအဖြင့် ဆောက်လုပ်မှသာရန်ပုံငွေ ခွဲဝေသုံးစွဲ နိုင်ခွင့်ရှိပါကြောင်းနှင့် အဆိုပါ မူလတန်းကျောင်းအား ဆောက်လုပ်နိုင်ရန်အတွက် သက်ဆိုင်ရာဌာန အုပ်ချုပ်ရေးမှူး မြို့နယ်ပညာရေးမှူးရုံးတို့၏ ထောက်ခံချက် တစ်ခုခုဖြင့်အဆင့်ဆင့် တင်ပြရန်လိုအပ်ပါတယ်။ ပညာရေးဌာန အနေဖြင့် ကျေးလက်ဒေသရှိ ကျောင်းနေအရွယ်ကလေးများပညာ သင်ယူမှုအခွင့်အလမ်းများ ရရှိစေရန်ကျောင်းသား(၅၀)ဦးနှင့် အထက်ရှိမှသာ ကိုယ်အားကိုယ်ကိုး မူလတန်းကျောင်းများ၊ အစိုးရ မူလတန်းကျောင်းအဖြစ်သော်လည်းကောင်း၊ (၅၀)ထက်နည်းပြီး သွားလာရ ခက်ခဲသောဒေသများအား မူလတန်းကျောင်းခွဲများ အနေဖြင့် သော်လည်းကောင်း အဆင့်တိုးမြင့်ပေးပြီး ဆရာ/ ဆရာမများ ဖြည့်စွက် ခန့်ထားလျက် ရှိပါတယ်။

မိုင်းခတ်မြို့နယ်၊ နောင်လုံးကျေးရွာအုပ်စု၊ ပန်တောက်ရွာ အတွက် ကိုယ်ထူကိုယ်ထကျောင်းအား ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဌာန ရန်ပုံငွေ ငွေကျပ် သိန်း(၅၀၀) မတည်ပြီးတော့ (၉၀)ပေ၊(၃၀)ပေ ကျောင်းဆောင်တစ်ဆောင်ဆောက်လုပ် ပေးသွားမည်ဖြစ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး လင်းခေးမြို့နယ်၊ မဲဆန္ဒနယ် အမှတ် (၂)မှ ဦးစိုင်းလွင်က ပထမမေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

ဆောင်ရွက်ပြီးခဲ့တဲ့ လင်းခေးမြို့နယ်၊ ဒါးဆိပ်မြစ်ရေတင် စီမံကိန်းလုပ်ငန်းအား ဆက်လက်ဆောင်ရွက် အကောင်အထည် ဖော်သွားမှာ ဖြစ်ပါတယ်။ ဆောင်ရွက်ပြီး အတိုင်းအတာ လုပ်ငန်း များအား ပြင်ဆင်ထိန်းသိမ်း စရိတ်များဖြင့် ထိန်းသိမ်းပြုပြင် ဆောင်ရွက်ရန်ရှိပါတယ်။ ရေတင်လုပ်ငန်းအနေဖြင့် မြို့ပြပိုင်း ဆိုင်ရာ လုပ်ငန်းများမှ ရေပေးမြောင်း ပြုပြင်ခြင်းလုပ်ငန်းများကို အသေးစား ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီး ၂၀၁၁-၂၀၁၂ခု ဘဏ္ဍာရေးနှစ်တွင် **PS(1)** နှင့် **PS(2)** ကြား **RT 0** မှ **RT 800** ထိ လက်တံမြောင်းသစ် **RT 0** မှ **RT 6000** ထိပြုပြင် ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။

ယခုအခါ လျှပ်စစ်ပြောင်းလဲ တပ်ဆင်ပြီး ဖြစ်ပါသဖြင့် ကျန်သည့်အပိုင်း **PS (2)** နှင့် **PS(3)** ကြားရှိ **RT 1250** မှ **RT 3350** အထိ ထပ်မံပြုပြင်ခြင်း၊ **PS (2)** နှင့် **PS(3)** ကြား၊ **PS (3)** နှင့် **PS(4)** ကြားပြုပြင်ခြင်း လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ပြုပြင်ဆောင်ရွက်နိုင်ရန်အတွက် ခန့်မှန်းခြေစာရင်းအား တင်ပြထားပြီး ဖြစ်ပါတယ်။ ၂၀၁၄-၂၀၁၅ခု ဘဏ္ဍာရေးနှစ်တွင် ခန့်မှန်းခြေ ငွေစာရင်းတင်ပြငွေ ပင်မမြောင်းနှင့် လက်တံချောင်း ပြုပြင်ခြင်းအတွက် မြေကျင်းပေါင်း (၃၀၁၉၆)ကျင်း၊ (၁)ကျင်း ကိုကျပ်(၄၀၀၀) နှုန်းဖြင့် ကျပ်သိန်းပေါင်း(၁၂၇၂၈၄၀၀)၊ ဘေးကူးလမ်း ပြုပြင်ခြင်း၊ တံတား(၆)စင်း (၆)သိန်း နှုန်းဖြင့် (၃၆)သိန်း တင်ပြထားရာ စုစုပေါင်း တင်ပြငွေ ကျပ်သိန်းပေါင်း (၁၂၄၃၈၄၀၀၀) ဖြစ်ပါတယ်။

ရေပေးမြောင်းများ ရေဆုံးရှုံးမှုနည်းစေခြင်း ဆောင်ရွက် နိုင်ရန် တင်ပြတောင်းခံထားခြင်း မရှိဘဲ ခန့်မှန်းခြေ စာရင်းအား



D/real(wide) (1



စာအမှတ်၊ ၁၁၃၄၈/တအဖ ထရန်စဖော်မာ ၂၁၂ ဖြင့် ခွင့်ပြုမိန့် ရရှိပြီး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါတယ်။

ယခုလက်ရှိမြေပြင် ကွင်းဆင်းစစ်ဆေးချက်အရ လျှပ်စစ်ပိုင်းဆိုင်ရာ လုပ်ငန်းများအားလုံးနီးပါး ပြီးစီးနေပြီး ဓါတ်အားခွဲရုံ **Control Cable** နှင့် **Control Vamp** တပ်ဆင်ခြင်း လုပ်ငန်းများသာ ကျန်ရှိပါကြောင်းနှင့် အဆိုပါ လုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သော ပစ္စည်း များအား ရေအရင်းအမြစ် အသုံးချရေး ဦးစီးဌာနမှ လက်ခံရရှိပါက လျှပ်စစ်ပိုင်းဆိုင်ရာ လုပ်ငန်းများ ပြီးမြောက်အောင် အမြန် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဦးစိုင်းလွင်က ဒုတိယမေးခွန်းကို ဆက်လက် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းလွင်၊ လင်းခေးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** မင်္ဂလာပါခင်ဗျား။ ကျွန်တော့်ရဲ့ ဒုတိယမေးခွန်းကတော့ လင်းခေးခရိုင်၊ လင်းခေးမြို့နယ်၊ ဝမ်ဟတ်ကျေးရွာအုပ်စုမှာရှိတဲ့ ဝမ်ဟတ်တိုက်နယ် ဆေးရုံနဲ့ ပတ်သက်တဲ့ မေးခွန်းဖြစ်ပါတယ်။ ရှမ်းပြည်နယ် တောင်ပိုင်း၊ လင်းခေးမြို့နယ်မှာ မြို့နယ်ပြည်သူ့ ဆေးရုံနှင့် ဝမ်ဟတ်တိုက်နယ် ဆေးရုံတစ်ခုရှိပါတယ်။

လင်းခေးမှာ မြို့ပေါ်မှာဆိုလျှင် (၈)ရပ်ကွက် အိမ်ခြေ (၁၃၀၀)နှင့် လူဦးရေ(၇၀၀၀)ကျော် ရှိပြီး ဝမ်ဟတ် တိုက်နယ်အုပ်စု ဘက်မှာဆိုလျှင် အိမ်ခြေပေါင်း(၂၆၀၀)၊ လူဦးရေပေါင်း (၁၆၀၀၀)နေထိုင်လျက်ရှိပါတယ်။ မြို့ပေါ် ရပ်ကွက်နှင့် နှိုင်းယှဉ်လျှင် ဝမ်ဟတ်တိုက်နယ်မှာဆိုလျှင် မြို့ပေါ်ရပ်ကွက်ရဲ့ လူဦးရေ

အိမ်ခြေ(၂)ဆကျော် ရှိတဲ့ အနေအထားဖြစ်ပါတယ်။ ဝမ်ဟတ်ကျေးရွာမှာ တိုက်နယ်ဆေးရုံ(၁)ခု ဖွင့်လှစ်ထားပေမယ့် တိုက်နယ်ဆေးရုံ တစ်ခုမှာ ရှိရမည့် ဆေးရုံသုံးပစ္စည်းများ၊ ခွဲစိတ်ခန်း၊ ဓါတ်မှန်ခန်းစသည်များဟာ အချိန်ကြာမြင့်လာသည်နှင့်အမျှ ယိုယွင်း ပျက်စီးပြီး အသုံးပြုလို့မရတော့တဲ့ အနေအထားမှာ ရှိပါတယ်။

ဝမ်ဟတ်တိုက်နယ်ဆေးရုံရဲ့ ပြည့်စုံလုံလောက်တဲ့ ကျန်းမာရေးစောင့်ရှောက်မှုကို မရရှိနိုင်တဲ့အတွက်ကြောင့် ကျန်းမာရေး မကောင်းတဲ့အခါများမှာ အနီးစပ်ဆုံး(၁၃)မိုင်ကွာဝေးတဲ့ လင်းခေးမြို့နယ်ကို လာရောက် ပြီးဆေးကုသ ခံယူရတာဖြစ်ပါတယ်။ လင်းခေးမြို့ကို သွားရောက်ဆေးကုသခံရန် မတတ်နိုင်တဲ့ ကျေးလက်နေ ပြည်သူများလည်း ရှိပြီး အရေးပေါ်အချိန်မီကုသမှု ခံယူရန်အတွက် လမ်းခရီးအခက်အခဲကြောင့် မလိုအပ်ဘဲ အသက်ဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့တာကို တွေ့ရှိရပါတယ်။ ထို့ကြောင့် ဝမ်ဟတ်တိုက်နယ်(၄)ခုရှိတဲ့ ကျေးလက်နေ ပြည်သူများ မှီခိုအားထားရတဲ့ ဝမ်ဟတ်တိုက်နယ် ဆေးရုံအား ရရှိပြီးသော တိုက်နယ်ဆေးရုံ အင်္ဂါရပ်နှင့်အညီ ပြည့်စုံစွာ တည်ရှိရေးအတွက် ဖြည့်ဆည်းဆောင်ရွက်ပေးမည့် အစီအစဉ်ကို ဖြေကြားပေးနိုင်ပါရန် ဥက္ကဋ္ဌမှတစ်ဆင့် မေးမြန်းတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ ဖြစ်ပါတယ်။



D/real(wide) (1



ဆက်လက်တင်ပြသွားမှာ ဖြစ်ပါတယ်။ ၂၀၁၁-၂၀၁၂ခုနှစ် ဘဏ္ဍာရေးနှစ်တွင် ဒါးဆိပ်ရေလှောင်တမံအား ဒီဇယ်ရေတင်လုပ်ငန်းမှ လျှပ်စစ်ရေတင်လုပ်ငန်း ပြောင်းလဲတပ်ဆင်ခြင်းအတွက် ၁၁ ကေဗီဓါတ်အား လိုင်း (၃ ဒသမ ၇၂၄)မိုင် သွယ်တန်းခြင်း၊ ၂ အမ်ဗွီအေဓါတ်အားခွဲရုံ တည်ဆောက်ခြင်း၊ မော်တာပန့်များ တပ်ဆင်ခြင်း လုပ်ငန်းများ ဆောင်ရွက်ပြီး ဖြစ်ပါတယ်။ လျှပ်စစ်ပိုင်းဆိုင်ရာအနေဖြင့် အပြီးသတ်လုပ်ငန်းများ ဆောင်ရွက်လျက် ရှိပါတယ်။

မြေပြင်တွင် **Control Room** အနေအထားအရ အပြောင်းအလဲရှိရာ ပစ္စည်းလိုအပ်ချက်ရှိ သဖြင့် လျှပ်စစ်ဓါတ်အား ဖြန့်ဖြူးရေးလုပ်ငန်း၊ လင်းခေးခရိုင်က တင်ပြချက်အရ **Control Cable** များ လိုအပ်ချက် ရှိရာ ယခုအခါ ရေအရင်းအမြစ်ဦးစီးဌာန ရုံးချုပ်၏ ပံ့ပိုးပစ္စည်းထုတ်ယူခွင့် ရရှိပြီးဖြစ်၍ ၂၀၁၃ခုနှစ် စက်တင်ဘာလ အတွင်း အပြီးသတ်ဆောင်ရွက်ပြီး ဓါတ်အားစမ်းခြင်း၊ မော်တော်များမောင်းနှင်ခြင်းများ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ရေပေးမြောင်းများ၏ ကြံ့ခိုင်မှုအခြေအနေများ အရ ရေစမ်းသပ်မောင်းနှင်ခြင်းအား ၂၀၁၃-၂၀၁၄ နွေသီးနှံစိုက်ပျိုးရေပေးဝေရေး ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်တောင်ပိုင်း၊ လင်းခေးခရိုင်၊ လင်းခေးမြို့၊ ဒါးဆိပ်မြစ်ရေတင်လုပ်ငန်းတွင် လျှပ်စစ်ဓါတ်အား ရရှိရေးအတွက် ၁၃/၁၁ ကေဗွီ၊ ၂ အမ်ဗွီအေ ဓါတ်အားခွဲရုံ(၁)ရုံ၊ ၃၃ ကေဗွီ သီးခြား ၆၀၀ကေဗွီ (၁)စုံ၊ ၁၁ ကေဗွီဓါတ်အားလိုင်း (၃)မိုင်၊ ၁၁/၀၄ကေဗွီ (၃၁၅+၅၀၀+၁၂၅၀) ကေဗွီအေ ထရန်စဖော်မာ(၃)လုံး တည်ဆောက်ခြင်းလုပ်ငန်းအား ရေအရင်းအမြစ် အသုံးချရေး ဦးစီးဌာန၏ ကုန်ကျစရိတ်ဖြင့် ဆောင်ရွက်ခွင့်ပြုကြောင်း ဦးဆောင်ညွှန်ကြားရေးမှူး လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေး လုပ်ငန်း၏ (၁၀-၁၂-၂၀၁၂) ရက်စွဲပါ

**ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ လင်းခေးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းလွင်၏ လင်းခေးမြို့နယ်၊ ဝမ်ဟတ်တိုက်နယ် ဆေးရုံအား ရရှိထားပြီးသော တိုက်နယ်ဆေးရုံ အင်္ဂါရပ်နှင့် ပြည့်စုံစွာတည်ရှိရေး ဖြည့်ဆည်းဆောင်ရွက်ပေးမည့် အစီအစဉ်ကို သိရှိလိုပါသည်ဟူသော မေးခွန်းနှင့်စပ်လျဉ်း၍ လင်းခေးမြို့နယ် ဝမ်ဟတ်တိုက်နယ် ဆေးရုံကို ၁၉၈၆ ခုနှစ်၌ ကျန်းမာရေးဦးစီးဌာန၏ ရန်ပုံငွေဖြင့် ဆောက်လုပ်ခဲ့ပါတယ်။

၁၉၉၂ ခုနှစ်တွင်ဆေးရုံအား ဖွင့်လှစ်၍ လုပ်ငန်းများ ဆောင်ရွက်ခဲ့ပါတယ်။ ဝမ်ဟတ်တိုက်နယ် ဆေးရုံတွင် တိုက်နယ်ဆရာဝန် (၁)ဦး၊ လက်ထောက်ဆရာဝန် (၁)ဦး၊ အထက်တန်းသူနာပြု(၁)ဦး၊ သူနာပြု (၂)ဦး၊ ဆေးစပ်-၄(၁)ဦး၊ ဓါတ်ခွဲကျွမ်းကျင်-၄ (၁)ဦး၊ ဆေးထည့်(၂)ဦး၊ အလုပ်သမား (၄)ဦး၊ ညစောင့် (၁)ဦး စုစုပေါင်း(၁၄)ဦး ခွင့်ပြုထားရှိပြီး ခန့်ထားမှုမှာ တိုက်နယ်ဆရာဝန်နှင့် လက်ထောက်ဆရာဝန်မှာ လစ်လပ်လျက် ရှိပြီး အထက်တန်းသူနာပြု(၁)ဦးနှင့် သူနာပြု(၂)ဦးကို ခန့်ထားပါတယ်။

အလုပ်သမား(၄)ဦးကိုလည်း အပြည့်ခန့်ထားပေးပြီး ညစောင့်(၁)ဦးမှာ လစ်လပ်လျက် ရှိပါတယ်။ လစ်လပ်လျက်ရှိတဲ့ တိုက်နယ်ဆရာဝန် နေရာတွင် လင်းခေးမြို့နယ်၊ ပြည်သူ့ဆေးရုံမှ လက်ထောက် ဆရာဝန် ဒေါက်တာအောင်လင်းဦးအား စေလွှတ်၍ တွဲဖက်တာဝန် ထမ်းဆောင်စေလျက် ရှိပါတယ်။ လစ်လပ်လျက်ရှိတဲ့ တိုက်နယ်ဆရာဝန်အား ခန့်ထားပေးနိုင်ပါရန် ရှမ်းပြည်နယ်၊ ပြည်နယ်ကျန်းမာရေး ဦးစီးဌာနမှူးရုံးရဲ့ (၂၃-၃-၂၀၁၂) ရက်စွဲပါ



D/real(wide) (1



ခွင့်ပြုပေးထားခြင်း ရှိ/မရှိ သိရှိလိုတဲ့အတွက် ဖြေကြားပေးနိုင်ပါရန် မေးမြန်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်က ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးခွန်သိန်းမောင်၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကော်မတီများ၊ တပ်မတော်သားကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များ ကိုယ်စိတ်နှစ်ပါး ရွှင်လန်းချမ်းမြေ့ပြီး လိုအင်ဆန္ဒများ ပြည့်ဝကြပါစေကြောင်း ဦးစွာ ဆုမွန်ကောင်းတောင်းရင်း မေတ္တာပို့သ ဂါရဝပြုအပ်ပါတယ်။

ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဘဏ္ဍာရေးဝန်ကြီး ဦးခွန်သိန်းမောင်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ လင်းခေးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းလွင်ရဲ့ ရပ်ကွက် ကျေးရွာအုပ်စု၊ အုပ်ချုပ်ရေးမှူး များအတွက် ခွဲဝေချထားပေးတဲ့ လစဉ်အသုံးစရိတ် ရန်ပုံငွေအား သက်ဆိုင်ရာ တစ်ဆင့်မြင့် အာဏာပိုင် ရုံးဌာနမှ ချုပ်ကိုင်စီမံ ခန့်ခွဲစေခြင်း၊ ရန်ပုံငွေအပေါ် ဖြတ်တောက်ကောက်ခံစေခြင်းများ ခွင့်ပြုထားခြင်း ရှိ/မရှိ သိရှိလိုပါသည် မေးခွန်းကို ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအား ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးအတွက် ချီးမြှင့်ငွေ (၇၀၀၀၀)အား ငွေစာရင်းခေါင်းစဉ် (၀၁၀၂)၊ စရိတ်ချီးမြှင့်ငွေ အောက်မှ လည်းကောင်း၊ ရပ်ကွက်ကျေးရွာ အုပ်စု အုပ်ချုပ်ရေးမှူး အသုံးစရိတ်အတွက် ကျပ်(၅၀၀၀၀)အား ငွေစာရင်းခေါင်းစဉ် (၀၃၀၁)၊ လုပ်အားအတွက် ကုန်ကျစရိတ်အောက်မှ ကျပ်(၁၀၀၀၀) ငွေစာရင်းခေါင်းစဉ် (၀၃၀၅) ရုံးအသုံးအဆောင် ပစ္စည်းများ

အောက်မှ ကျပ်ငွေ(၁၀၀၀၀)၊ ငွေစာရင်းခေါင်းစဉ် (၀၃၀၈)၊ လျှပ်စစ်မီးနှင့် ဓါတ်အားခအောက်မှ ကျပ်ငွေ(၅၀၀၀) ငွေစာရင်းခေါင်းစဉ် (၀၃၀၉)၊ စာအုပ်စာနယ်ဇင်း သတင်းစာအောက်မှ ကျပ်(၅၀၀၀)၊ ငွေစာရင်းခေါင်းစဉ် (၀၃၂၀)၊ ပုံနှိပ် ခနှင့်ထုတ်ဝေစရိတ်အောက်မှ ကျပ်(၂၀၀၀၀)နှုန်းဖြင့် သက်ဆိုင်ရာ မြို့နယ်များ၏ ငွေထုတ်စာရင်းတွင် ခွဲဝေချထား ပေးခဲ့ပြီး ဖြစ်ပါတယ်။

ရပ်ကွက်ကျေးရွာအုပ်စုများအတွက် ထုတ်ပေးတဲ့ အသုံးစရိတ်များဟာ သက်ဆိုင်ရာ မြို့နယ် အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာနရဲ့ ငွေထုတ်စာရင်းတွင်သာ ခွင့်ပြုထားခြင်း ဖြစ်တဲ့အတွက် ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများက လစဉ်သုံးစွဲတဲ့ အသုံးစရိတ်ကို ဘဏ္ဍာရေးစည်းမျဉ်းများ၊ ငွေစာရင်း လုပ်ထုံးလုပ်နည်းများနှင့် အညီ တင်ပြတောင်းခံရပြီး မြို့နယ်အုပ်ချုပ်ရေးမှူးမှ စိစစ်ခွင့်ပြုပေးလျက် ရှိပါတယ်။ အသုံးစရိတ်များ သုံးစွဲတဲ့ နေရာမှာ ငွေစာရင်းခေါင်းစဉ်လိုက် ခွင့်ပြုထားတဲ့ အသုံးစရိတ်များကို ကျော်လွန်သုံးစွဲခြင်း မရှိသလို၊ သုံးစွဲခြင်း မရှိတဲ့ အသုံးစရိတ်များကိုလည်း ထုတ်ပေးခွင့် မရှိပါ။

မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနများမှ အသုံးစရိတ်များကို ထုတ်ပေးတဲ့နေရာမှာ စိစစ်ခွင့်ပြုခြင်း သည်ဘဏ္ဍာရေးနှင့် ငွေစာရင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များအရသာ ဆောင်ရွက်ပေးရခြင်း ဖြစ်ပါတယ်။ အသုံးစရိတ် ရန်ပုံငွေအပေါ် ဖြတ်တောက်ကောက်ခံစေခြင်းများ ခွင့်ပြုထားခြင်း မရှိကြောင်း ဖြေကြား အပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး အင်းတိုင်းရင်းသားရေးရာဝန်ကြီး ဦးဝင်းမြင့်က ပထမမေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။



D/real(wide) (1



စာအမှတ် ၃/၄/စရ၀ ၃၂၄၈ နှင့် (၂၃-၄-၂၀၁၃) ရက်စွဲပါ စာအမှတ် ၃/၄/စရ၀ ၉၄၃ဖြင့် ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာနသို့ တင်ပြထားပြီးဖြစ်ပါတယ်။

ဝမ်ဟိုက်တိုက်နယ်ဆေးရုံရှိမွေးခန်းနှင့် ခွဲစိတ်ခန်းတို့တွင် မွေးခုတင်နှင့် ခွဲစိတ်ခုတင်တို့ရှိပါတယ်။ခွဲစိတ်ခန်းတွင် မီးစလောင်းရရှိရေးနှင့် လိုအပ်သော ခွဲစိတ်ခန်းသုံးပစ္စည်း ရရှိရေးအတွက် ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးခွဲစိတ်ဌာနသို့ ဆက်လက်တင်ပြတောင်းခံသွားမည်ဖြစ်ပါကြောင်းတင်ပြအပ်ပါသည်။

**ဥက္ကဋ္ဌ။** ဦးစိုင်းလွင်က တတိမေးခွန်းကို မေးမြန်းဖို့ဖို့ဖြစ်ပါတယ်။

**ဦးစိုင်းလွင်၊ လင်းခေးမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)။** ကျွန်တော့်ရဲ့တတိယမေးခွန်းကတော့ လင်းခေးမြို့နယ်ရှိ မြို့နယ်အုပ်ချုပ်ရေးမှုးရုံးများအတွက် ခွဲဝေသုံးစွဲခွင့် ထုတ်ပေးထားတဲ့ ရန်ပုံငွေရဲ့ ပတ်သက်တဲ့ မေးခွန်းဖြစ်ပါတယ်။ ကျွန်တော်တို့ မြို့နယ်မှထားရှိတဲ့အခြေခံ အောက်ခြေအုပ်ချုပ်ရေးမှုများဖြစ်တဲ့ အတွက် ကျေးရွာအုပ်ချုပ်ရေးမှူးများအတွက် ရန်ပုံငွေကျပ်ငါးသောင်း ခွဲဝေသုံးစွဲခွင့်ချထားတာကို သိရှိရပါတယ်။ အဆိုပါ ရုံးအသုံးစရိတ်များဟာ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၏စီမံခန့်ခွဲခွင့်နှင့် ရပ်ကွက်အတွင်းမှာရှိတဲ့ ကျေးရွာအုပ်ချုပ်ရေးရုံးများ၏ လိုအပ်ချက်များနှင့်အတူ ခွဲဝေသုံးစွဲနိုင်ရန်အတွက် ချထားပေးခြင်းဖြစ်တယ်လို့ နားလည်ထားပါတယ်။

သို့ဖြစ်၍ အဆိုပါလစဉ် အသုံးစရိတ် ရန်ပုံငွေအား သက်ဆိုင်ရာ တစ်ဆင့်မြင့် အာဏာပိုင်ရုံးဌာနမှ ချုပ်ကိုင် စီမံခန့်ခွဲစေခြင်း၊ အဆိုပါ ငွေကြေးအပေါ် ဖြတ်တောက်ကောက်ခံ စေခြင်းများ

**ဦးဝင်းမြင့်၊ အင်းတိုင်းရင်းသားရေးရာဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် တစ်ကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ ချမ်းသာခြင်းနှင့် ပြည့်စုံပါစေလို့ ရှေးဦးစွာ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။

ကျွန်တော်ကတော့ ညောင်ရွှေမြို့နယ်၊ အင်းတိုင်းရင်းသားရေးရာဝန်ကြီး ဦးဝင်းမြင့်ဖြစ်ပါတယ်။ ကျွန်တော့် အနေနှင့် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြထားတဲ့ မေးခွန်းကတော့ ညောင်ရွှေမြို့နယ် အတွင်းရှိ နန်းပန်ကျေးရွာအား နန်းပန်မြို့နယ်ခွဲ အဖြစ် အဆင့်တိုးမြှင့်ပေးနိုင်ရေးအတွက် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ နှင့်ပတ်သက်တဲ့ မေးခွန်းဖြစ်ပါတယ်။

ဒီမေးခွန်းကို ကျွန်တော် မေးမြန်းရတဲ့ အကျိုးအကြောင်း ဖော်ပြချက်ဟာ ဆိုလျှင်

(၁) ညောင်ရွှေမြို့နယ်သည် တောင်မြောက် အလျား(၄၈)မိုင်ခန့် ရှိပြီး ညောင်ရွှေမြို့နယ် မြောက်ဘက်နယ်နိမိတ် (၆)မိုင်အတွင်း တည်ရှိ၍ တောင်ပိုင်းရှိ ကျေးရွာအုပ်စုများနှင့် မိုင်ပေါင်း (၄၀)ကျော် ကွာဝေး၍ အုပ်ချုပ်မှုလက်လှမ်း ဝေးနေခြင်း။

(၂) နန်းပန်မြို့နယ်ခွဲ (သို့မဟုတ်) မြို့နယ်ခွဲအဖြစ် တိုးမြှင့်ပေးမည့် နန်းပန်ကျေးရွာသည် ညောင်ရွှေမြို့မှ (၁၈)မိုင် ကွာဝေးပြီး မြို့နယ်၏ တောင်ပိုင်းရှိ ကျေးရွာများကို လက်လှမ်းမှီစွာ အုပ်ချုပ်နိုင်ခြင်း။



D/real(wide) (1



**ဥက္ကဋ္ဌ။** သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီးအောင်သူ၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး။** လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် တစ်ကွ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အင်းတိုင်းရင်းသား ရေးရာဝန်ကြီး ဦးဝင်းမြင့်ရဲ့ ညောင်ရွှေ မြို့နယ်အတွင်းရှိ နန်းပန်ကျေးရွာအား နန်းပန်မြို့နယ်ခွဲ အဖြစ် တိုးမြှင့် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုပါသည်ဆိုတဲ့ မေးခွန်းနှင့် ပတ်သက်၍ ကျွန်တော် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးအောင်သူမှ ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ညောင်ရွှေမြို့နယ်ရှိ နန်းပန်ကျေးရွာအား နန်းပန်မြို့နယ် (သို့မဟုတ်) နန်းပန်မြို့နယ်ခွဲအဖြစ် တိုးမြှင့်ပေးနိုင်ပါရန် အင်းတိုင်းရင်းသားဝန်ကြီးမှ ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ (၂၃-၄-၂၀၁၂)ရက်စွဲပါ စာအမှတ်၊က/၀၀၁၂ အင်းဖြင့် တင်ပြချက်အရ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ (၁၉-၉-၂၀၁၂)ရက်နေ့ ခရီးစဉ်ဖြင့် ဒေသခံများ၏ တင်ပြချက် အပေါ် နန်းပန်မြို့နယ်ခွဲ ဖွဲ့စည်းရေးအတွက် လိုအပ်သလို စီစဉ်ဆောင်ရွက်ပေးရန် ညွှန်ကြားချက်အရ နန်းပန်မြို့နယ်ခွဲကို ရပ်ကွက်(၄)ရပ်ကွက်၊ ကျေးရွာအုပ်စု(၁၄)အုပ်စုဖြင့် သတ်မှတ် ဖွဲ့စည်းခွင့် ပြုနိုင်ပါရန် ညောင်ရွှေမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ အမှုတွဲတည်ဆောက်၍ တောင်ကြီးခရိုင် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနသို့ တစ်ဆင့်တင်ပြခဲ့ရာ ရှမ်းပြည်နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ (၁၉-၂-၂၀၁၃) ရက်စွဲပါ စာအမှတ်၊ ၁/၂-၂(၂၈၅) /ဦး (၁)ဖြင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြခဲ့ပြီး ဖြစ်ပါသည်။

မြို့နယ်ခွဲများ ဖွဲ့စည်းတည်ဆောက်ပေးသည့် ရည်ရွယ်ချက်မှ နယ်စပ်ဒေသအပါအဝင် နိုင်ငံတော်တစ်ဝှမ်းလုံး တည်ငြိမ်အေးချမ်းသာယာလာပြီး တရားဥပဒေအပေါ် လေးစားလိုက်နာသည့်အပေါ် အခြေခံပြီး **Command** အုပ်ချုပ်ရေးစနစ် ခိုင်ခိုင်မာမာတည်ဆောက်ရန် ဒေသများအားလုံး မျှမျှတတ ဖွံ့ဖြိုးတိုးတက်ရန် အချက်အချာကျသောနေရာများတွင် မြို့နယ်ခွဲများကို ဖွဲ့စည်းတည်ဆောက်ရန်။ မြို့နယ်ခွဲအဖြစ် တိုးချဲ့တည်ဆောက်ရာတွင် အုပ်ချုပ်ရေးလက်လှမ်းမမှီမှု ဝေးလံပြီးဆက်သွယ်ရေး ခက်ခဲမှုကို အဓိကထား ဖွဲ့စည်းရမည် ဖြစ်ပါသည်။

ညောင်ရွှေမြို့နယ်၊ နန်းပန်ကျေးရွာအား နန်းပန်မြို့နယ်(သို့မဟုတ်) မြို့နယ်ခွဲအဆင့် တိုးမြှင့်ပေးပါရန် အင်းတိုင်းရင်းသားရေးရာဝန်ကြီးမှ ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ (၂၃-၄-၂၀၁၂) ရက်စွဲပါ စာအမှတ်ဖြင့် တင်ပြခဲ့ရာ နန်းပန်မြို့နယ်ခွဲ ဖွဲ့စည်းရေးအတွက် အမှုတွဲတည်ဆောက်ရာတွင် ကျေးရွာအုပ်စု (၁၅)အုပ်စုဖြင့် ပြင်ဆင်ဖွဲ့စည်းရန် လျာထားခဲ့ပြီး အဆိုပါ နန်းပန်မြို့နယ်ခွဲတွင် အိမ်ခြေ(၉၉၇၅)၊ အိမ်ထောင်စု (၁၁၂၃၁)၊ လူဦးရေ(၅၁၉၅၅)ဦး၊ အကျယ်အဝန်းမှာ ဧကအားဖြင့် (၁၇၅၁၉၈)ဧကဖြစ်ပြီး စတုရန်းမိုင်အားဖြင့် (၂၇၃. ၇၅) စတုရန်းမိုင် ဖြစ်ပါတယ်။

နန်းပန်မြို့နယ်ခွဲ ဖွဲ့စည်းပါက ညောင်ရွှေမြို့နယ် အကျယ်အဝန်းမှာ ဧကအားဖြင့် (၁၈၄၁၀၂)ဧက ဖြစ်ပြီး စတုရန်းမိုင် အနေဖြင့် (၂၈၇. ၆၆)စတုရန်းမိုင်သာ ကျန်ရှိမည်ဖြစ်ပါသည်။ နန်းပန်မြို့နယ်ခွဲဖွဲ့စည်းရာတွင် ပညာရေးကဏ္ဍအနေဖြင့် အထက်တန်းကျောင်း(၁)ကျောင်း၊ အထက်တန်းကျောင်းခွဲ





(၃) ယခင်တော်လှန်ရေးကောင်စီလက်ထက် ၁၉၆၅ခုနှစ်မှ နန်းပန်ကျေးရွာအား ကျေးရွာအဆင့်မှ မြို့နယ်ခွဲအဖြစ် အသိမှတ်ပြုထားခံရပြီးသော မြို့နယ်ခွဲဖြစ်ပါတယ်။ နယ်မြေ မအေးချမ်း၍အနက်ရောင်နယ်မြေအဖြစ် သတ်မှတ်ပြီး မြို့နယ်ခွဲအဆင့်မှ ပြန်လည်ရုပ်သိမ်းထားတဲ့ သမိုင်းအခြေအနေ ရှိပါတယ်။

(၄) ညောင်ရွှေမြို့နယ်အတွင်း အမှန်တကယ်နေထိုင်သူ လူဦးရေ (၂၀၀၀၀၀) ခန့်ရှိပြီး အင်းတိုင်းရင်းသားများက မြို့နယ်ခွဲ(သို့မဟုတ်) မြို့နယ်အဖြစ် တိုးမြှင့်ပေးရန် ဆန္ဒရှိနေကြောင်း မကြာခဏ လွှတ်တော်ကိုယ်စားလှယ်များကို တင်ပြလာပါတယ်။

(၅) အင်းလေးကန်ရေပြင် နယ်နိမိတ်ကျေးရွာများတွင် ကျေးရွာများတည်ထောင်ခွင့် မပြုတော့၍ နေထိုင်ရန်ခက်ခဲလာပြီး ကုန်းပေါ်သို့ ရွှေ့ပြောင်းနေထိုင်ရန်အတွက် မြို့နယ်ခွဲ(၁)ခု လိုအပ်ခြင်း ဖြစ်ပါတယ်။

(၆) (၂၄-၅-၂၀၁၁) ရက်စွဲပါ စာအမှတ်၊ က/၀၀၁၂ အင်း ဖြင့်ရှမ်းပြည်နယ်အစိုးရထံ တင်ပြထားပြီး ဖြစ်ပါတယ်။ ၁ နှစ်နှင့် ၄ လ ကြာမြင့်ပြီးဖြစ်၍ ပြန်လည်မေးမြန်းခြင်း ဖြစ်ပါသည်။

ဤအချက်များကြောင့် နန်းပန်ကျေးရွာအား နန်းပန်မြို့နယ် (သို့မဟုတ်) မြို့နယ်ခွဲ အဖြစ် တိုးမြှင့်ပေးရန် အတွက် အစီအစဉ် ရှိ/မရှိကို သိရှိလိုပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် မေးမြန်းရခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

(၂)ကျောင်း၊ အလယ်တန်းကျောင်း(၂)ကျောင်း၊ အလယ်တန်းကျောင်းခွဲ (၁)ကျောင်း၊ အမက(မူလွန်) (၁၁)ကျောင်း၊ အမက(၄၄) ကျောင်း၊ အမကခွဲ(၆)ကျောင်း၊ အမကတွဲ(၄)ကျောင်း ကျန်းမာရေးကဏ္ဍအနေဖြင့် ခုတင်(၅၀)ဆန့် ဆေးရုံ(၁)ရုံ၊ တိုက်နယ်ဆေးရုံ (၁)ရုံ ကျေးလက်ကျန်းမာရေးဌာန (၂)ခု ပါဝင်မည်ဖြစ်ပြီး လုံခြုံရေးကဏ္ဍအနေဖြင့် ရဲစခန်း(၁)ခု၊ ရဲကင်း(၁)ခု ရှိကြောင်း တွေ့ရှိရပါတယ်။

လမ်းပန်းဆက်သွယ်ရေးအနေဖြင့် ကားလမ်း၊ မြေလမ်းဖြင့် သွားလာနိုင်ပြီး နန်းပန်-ညောင်ရွှေ-တောင်ကြီး ကားလမ်း ကတ္တရာလမ်း(၂၉)မိုင်၊ ကျောက်ချောလမ်း (၃)မိုင် (၃)ဖာလုံ၊ နန်းပန်-ကျောက်တစ်လုံးကြီး ကားလမ်းတွင် ကတ္တရာလမ်း (၁၆)မိုင်၊ နန်းပန်-နောင်တရားကားလမ်းတွင် ကတ္တရာလမ်း(၁၃)မိုင် ရှိပါသည်။ မြေလမ်းအနေဖြင့် နန်းပန်-ညောင်ရွှေ မြေလမ်း(၁၆)မိုင်၊ နန်းပန်-ဖယ်ခုံမြေလမ်း (၃၅)မိုင် ရှိပါတယ်။ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ကြောင်း တွေ့ရှိရပါတယ်။

သို့ဖြစ်ပါ၍ နန်းပန်ကျေးရွာသည် ဖွံ့ဖြိုးတိုးတက်မှုရှိသော ကျေးရွာဖြစ်ပြီး သလဲဦးကျေးရွာအုပ်စုနှင့် တစ်ဆက်စပ်တည်း တည်ရှိသောကြောင့်လည်းကောင်း၊ မြို့နယ်ခွဲအတွင်း ဖွဲ့စည်းတည်ဆောက်မည့် ကျေးရွာအုပ်စု (၁၅)အုပ်စု အပြင် (၄)အုပ်စုသာ ကုန်းပေါ်တွင် တည်ရှိပြီး ကျန်(၁၁)အုပ်စုမှာ ရေပြင်တွင် တည်ရှိသဖြင့် လည်းကောင်း၊ မြို့နယ်ခွဲဖွဲ့စည်းပါက မြို့ဖြစ်လာမည့် ဧရိယာသည် ညောင်ရွှေမြို့နှင့် ရေလမ်း(၁၆)မိုင်သာ ကွာဝေးပြီး ကားလမ်း၊ ရေလမ်းဖြင့်သွားလာပါက အချိန်(၁)နာရီအတွင်း ရောက်ရှိနိုင်သဖြင့် ဆက်သွယ်ရေး လွယ်ကူပြီး အုပ်ချုပ်ရေး လက်လမ်းမှီသောဒေသဖြစ်သဖြင့် မြို့နယ်ခွဲဖွဲ့စည်းရန်





ခရီးကိုလမ်းဖောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် အစီအစဉ် မရှိသေးပါက ၂၀၁၃-၂၀၁၄ ဘတ်ဂျက်တွင် ထည့်သွင်းပေးပါရန် လေးစားစွာ တင်ပြအပ်ပါသည်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ ဆက်လက်ပြီး မေးခွန်းနံပါတ်(၃)ကို တစ်ဆက်တည်း မေးပါ့မယ်။

တုံဟုံးတံတားမှ နောင်ဘိုရွာ၊ နောင်ဘိုရွာမှ စကားကျေးရွာထိ ကျောက်ချောလမ်း ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် ပတ်သက်၍ မေးခွန်းဖြစ်ပါတယ်။ ယခင်အစိုးရလက်ထက်က တုံဟုံးတံတားမှ နောင်ဘို၊ စကားကျေးရွာထိ ဖြတ်၍ ကယားပြည်နယ်ထိ မော်တော်ကားလမ်းဖောက်ရန် လမ်းအူကြောင်းများ ရှာဖွေခဲ့ပြီး တွန်ဖုံးရွာမှ နောင်ဘိုကျေးရွာအထိ ကျောက်ကြမ်းလမ်းအဆင့်ထိ ဆောင်ရွက်ထားပြီး ဖြစ်ပါသည်။ နောင်ဘိုကျေးရွာမှ စကားလမ်းအထိ လမ်းခင်းရန် ကျောက်ကြီးများကို ညောင်ရွှေမြို့နယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၏ အစီအစဉ်ဖြင့် ချထားပြီး ဖြစ်ပါသည်။

ဤစကားဒေသသည်ခေတ်အဆက်ဆက် သောင်းကျန်းသူများကြောင့် လည်းကောင်း၊ ညောင်ရွှေမြို့မှ အလှမ်းကွာဝေး၍ လည်းကောင်း၊ စီးပွားရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်မှုများ နောက်ကျခဲ့ပါသည်။ ထိုကြောင့် တွန်ဖုံးမှ နောင်ဘိုကျေးရွာထိ (၄)မိုင် နောင်ဘိုမှ စကားကျေးရွာထိ (၅)မိုင်ကျော်ခန့် ကျောက်လမ်းခင်းပေးပါက အင်းလေးတောင်ပိုင်းဒေသ စကားကျေးရွာဒေသ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပါသည်။ ၂၀၁၀ ခုနှစ် အင်းလေးကန်ရေနည်းစဉ်အခါက ဤလမ်းကိုအသုံးပြုရပါသည်။

သို့ဖြစ်ပါ၍ တုံဟုံးတံတားမှ စကားကျေးရွာအထိ ကျောက်ချောလမ်း၊ ကတ္တရာလမ်းအဖြစ် တိုးမြှင့်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် အစီအစဉ် မရှိသေးပါက ၂၀၁၃-၂၀၁၄

ဘဏ္ဍာရေးနှစ် အတွင်း ထည့်သွင်းဆောင်ရွက်ပေးပါရန် လေးစားစွာ မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီးအောင်သူ၊ နယ်စပ်ရေးရာနှင့် လုံခြုံရေးဝန်ကြီး။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တကွ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အင်းတိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီး ဦးဝင်းမြင့်ရဲ့ ညောင်ရွှေမြို့နယ် အင်းလေးကန် အနောက်ဘက်ရှိ အင်းတိမ်ကျေးရွာမှ နောင်ဘိုကျေးရွာထိ ကျောက်ချောလမ်း ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါသည် မေးခွန်းနှင့် စပ်လျဉ်း၍ ကျွန်တော် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး အောင်သူမှ ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ညောင်ရွှေမြို့နယ်တွင် စည်ပင်သာယာရေးအဖွဲ့ပိုင်လမ်းများအနေဖြင့် ကတ္တရာလမ်း(၆)မိုင်(၄)ဖာလုံ၊ ကျောက်ချောလမ်း (၃/၆. ၅၄)ဖာလုံ မြေလမ်း(၁၈/၄. ၂၆)ဖာလုံ စုစုပေါင်းကတ္တရာလမ်း(၃၀)လမ်း အရှည်အားဖြင့် (၃၈/၇. ၇၆)မိုင် ညောင်ရွှေမြို့နယ် အနောက်ဘက်ရှိ အင်းတိမ်ကျေးရွာမှ နောင်ဘိုကျေးရွာထိ အင်းပေါ်ခုံ၊ မကျည်းဆိပ်ကျေးရွာများကို ဖြတ်၍ဖောက်လုပ်ထားသော (၈/၆)မိုင်ရှိ မြေသားလမ်းဖြစ်ပါသည်။

၎င်းလမ်းသည် မိုးရာသီတွင် သွားလာရန် ခက်ခဲပြီး ကျောက်ချောလမ်းအဖြစ် ဆောင်ရွက်မည်ဆိုပါက ငွေကျပ် (၂၇၇၃ ဒသမ ၇၅)သိန်းခန့်ကုန်ကျမည်ဖြစ်ပါသည်။





သတ်မှတ်ချက်အတိုင်း ညီညွတ်ခြင်း မရှိသည့်အတွက် လည်းကောင်း၊ လောလောဆယ်တွင် နန်းပန်မြို့နယ်ခွဲအဖြစ် အဆင့်တိုးမြှင့်ဖွဲ့စည်းရန် အစီအစဉ် မရှိသေးပါကြောင်း ပြန်လည်ဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး အင်းတိုင်းရင်းသားရေးရာ ဝန်ကြီး ဦးဝင်းမြင့်က ဒုတိယနှင့် တတိယ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးဝင်းမြင့်၊ အင်းတိုင်းရင်းသားရေးရာဝန်ကြီး။** ကျွန်တော်အနေနှင့် အမှတ်(၂) မေးခွန်းနှင့် မေးခွန်းအမှတ်(၃)ကို တစ်ခါတည်း မေးမြန်းပါမယ်။ မေးခွန်း(၂)မှာဆိုလျှင် ညောင်ရွှေမြို့နယ်၊ အင်းလေးကန် အနောက်ဘက်ခြမ်းရှိ အင်းတိမ်ကျေးရွာမှ တောင်တိုကျေးရွာအထိ ကျောက်ချောလမ်းဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် ပတ်သက်၍မေးခွန်း ဖြစ်ပါတယ်။

ညောင်ရွှေမြို့နယ်သည် ယခုအခါတွင် အင်းလေးကန် အရှေ့ဘက်ကန်ပတ်လမ်းမကြီး ဖောက်လုပ် ပြီးစီးခဲ့ပြီးဖြစ်ပါသည်။ အင်းအနောက်ဘက်အခြမ်းတွင် ညောင်ရွှေမှ အင်းတိန်အထိ ကားလမ်းဖောက်လုပ်ပြီး ဖြစ်ပါသည်။ သို့သော်လည်း အင်းတိန် ဘုရားမှ တောင်သူဘုရားအထိ လမ်းဖောက်လုပ်ပါက ဒေသဖွံ့ဖြိုးမှုများကိုအထောက်အကူပြုခြင်း၊ အင်းတိန်ဘုရားမှ တောင်တို ဘုရားအထိ မော်တော်ကားလမ်း ဖောက်လုပ်ပါက နိုင်ငံခြားသား ဧည့်သည်များ ကုန်းလမ်းခရီးဖြင့် သွားလာနိုင်ခြင်းကြောင့် များစွာ အကျိုးကျေးဇူး ပြုနိုင်ပါသည်။

အင်းလေးကန်တွင် နွေရာသီ ရေလျော့နည်းသည့်အခါ ကားလမ်းနှင့်လည်း သွားလာနိုင်၍ ဒေသဖွံ့ဖြိုးမှုများစွာ ရှိနိုင်ပါသည်။ အင်းတိန်ဘုရားမှ တောင်တိုဘုရားထိ (၅)မိုင်ကျော်ခန့်

အင်းတိမ်ကျေးရွာမှ အင်းပေါ်ခုံ၊ ဒညင်းကုန်း၊ ရေဖြူ ကျေးရွာများမှ ဖြတ်သန်း၍ လမ်းအရှည် (၁၇/၆)မိုင် မြေသားလမ်း အဖြစ်ဖောက်လုပ်ပြီး ကျောက်ချောလမ်းခင်း မည်ဆိုပါက ငွေကျပ်(၅၃၅၅)သိန်း ကုန်ကျမည်ဖြစ်ပါသည်။

အင်းတိုင်းရင်းသားဝန်ကြီးတင်ပြပါသော အင်းတိမ် ကျေးရွာမှ နောင်ဘိုကျေးရွာအထိ ရာသီမရွေး သွားလာနိုင်သော ကျေးရွာချင်းဆက်လမ်းအား ရွေးချယ်၍ ကျောက်ချောလမ်း ခင်းနိုင်ရန်အတွက် တောင်းခံငွေရရှိ၍ ကျေးလက်ဒေသ ဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနသို့ တင်ပြ၍လည်းကောင်း၊ ညောင်ရွှေ မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ခွင့်ပြုရန်ပုံငွေဖြင့် ဘဏ္ဍာရေးနှစ် အလိုက် ထည့်သွင်းလျာထား၍ လည်းကောင်း၊ ရန်ပုံငွေ ရရှိမှု အပေါ်မူတည်၍ ဘဏ္ဍာရေးနှစ်အလိုက် အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဦးစိုင်းနော်ခမ်း၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော် ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါ။ အင်းတိုင်းရင်းသားရေးရာဝန်ကြီး ဦးဝင်းမြင့်မေးမြန်းသွားတဲ့ တတိယမေးခွန်းဖြစ်တဲ့ တုံဟုံးတံတားနှင့် နောင်ဘိုရွာ၊ စကားကျေးရွာထိ ကျောက်ချော လမ်း မေးခွန်းနှင့်ပတ်သက်၍ ကျွန်တော်ရှမ်းပြည်နယ်အစိုးရအဖွဲ့ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး စိုင်းနော်ခမ်းမှ ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။





ခေါ်ယူပြီးဖြစ်ပါတယ်။ ၂၀၁၃-၂၀၁၄ဘဏ္ဍာရေးနှစ် ပြီးတာနဲ့ အမာခံလမ်း ဆောင်ရွက်ပြီးစီးပါက တုံဟုံးတံတားမှစ၍ နောင်ဘို၊ စကားကျေးရွာထိ ရာသီမရွေးသွားလာနိုင်မှာ ဖြစ်ပါတယ်။

၂၀၁၄-၂၀၁၅ လာမည့်ဘဏ္ဍာရေးနှစ်မှာလည်း မိုင်တိုင်အမှတ် (၀၀)တုံဟန်းကနေစ၍ မိုင်တိုင်အမှတ် (၉၀) စကားကျေးရွာ အထိ(၉)မိုင်နှင့် မိုင်တိုင်အမှတ် (၃၅/၆)မှ (၄၀/၆)အထိ (၅)မိုင် စုစုပေါင်း(၁၄)မိုင်အား ကျောက်ချောလမ်း အဆင့် တိုးမြှင့်ခြင်း လုပ်ငန်းနှင့် (၃၄)ပေအကျယ် မြေသား တာပေါင်ချဲ့ခြင်း (၁၀)မိုင် သံကူကွန်ကရစ် ရေထုတ်ပြွန်(၅)စင်း တည်ဆောက်ခြင်း လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ရန်ပုံငွေလျာထားပြီး ဖြစ်တဲ့အတွက် တင်ပြတောင်းခံထားပြီး ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ဦးဝင်းမြင့်မှ စတုတ္ထနှင့် ပဉ္စမမေးခွန်းကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးဝင်းမြင့်၊ အင်းတိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီး။** အားလုံးပဲ မင်္ဂလာပါ။ ကျွန်တော့် အနေနဲ့ မေးခွန်းအမှတ်(၄)ကို မေးမြန်းပါ့မယ်။ ကျွန်တော်မေးမြန်းမယ့်မေးခွန်းက အင်းလေးဇုန် ဝင်ခွင့် ကောက်ခံရငွေ များမှ ရှမ်းပြည်နယ်အတွင်းရှိ ဒေသများ အတွက် ၂၀၁၁-၂၀၁၂ /၂၀၁၂-၂၀၁၃ နှင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်များအတွက် သုံးစွဲတဲ့စာရင်းများကို သိရှိလိုပါသည်နှင့် စပ်လျဉ်းသည့်မေးခွန်း ဖြစ်ပါတယ်။

အဲဒီမေးခွန်းမေးရခြင်း ကိစ္စနှင့်ပတ်သက်၍ တင်ပြ ရမည်ဆိုလျှင် အင်းလေးကန်ဝင်ခွင့် ကောက်ခံရငွေများကို ရှမ်းပြည်နယ်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံဆောင်ရွက်ပေးရန် ရှမ်းပြည်နယ်အတွက် အင်းလေး ဒေသမှ လုပ်သားပြည်သူများ

ဝမ်းသာပီတိဖြစ်ခဲ့ရပါသည်။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွက် ဖုန်ဝင်ခွင့်ငွေ (၅၀)ရာခိုင်နှုန်းအား အင်းလေးဒေသဖွံ့ဖြိုးရေးအတွက် သုံးစွဲရသည့်အတွက်လည်း အင်းလေးဒေသမှ လုပ်သားပြည်သူ များ ပို၍ဝမ်းသာရပါသည်။

၂၀၁၃-၂၀၁၄ဘဏ္ဍာရေးနှစ်အတွင်း အင်းလေးဇုံ ဝင်ခွင့်ရငွေ၏ (၅၀)ရာခိုင်နှုန်းအား **Trust Fund** အဖြစ် ထားရှိ၍ အင်းလေးကန်ရေရှည် တည်တံ့ခိုင်မြဲရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် ပြည်နယ် သစ်တောနှင့် သတ္တုဝန်ကြီးဌာနမှ ဥက္ကဋ္ဌအဖြစ် တာဝန်ယူပြီး အင်းလေးဒေသမှ လွှတ်တော် ကိုယ်စားလှယ်များ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ ဒေသခံ ပြည်သူများပါဝင်သော အဖွဲ့ကိုဖွဲ့စည်း၍ ဆောင်ရွက်ပေးခဲ့သည် ကိုလည်း များစွာကျေးဇူး အထူးတင်ရှိပါတယ်။

ဒေသခံပြည်သူများက ရှမ်းပြည်နယ်အစိုးရ စီမံခန့်ခွဲပြီးသည့် ဝင်ငွေ၏(၅၀)ရာခိုင်နှုန်းအား မည်သည့်လုပ်ငန်းစဉ် တွင်မည်မျှသုံး၍ မည်မျှကျန်ရှိသည်ကို သိရှိလိုပါကြောင်းနှင့် ရှမ်းပြည်နယ် ပြည်သူပြည်သားများအတွက် သုံးစွဲသည့်ကိစ္စရပ်များအား အင်းသူအင်းသားများက ပီတိကိုစား၍ စေတနာပွားလိုပါသဖြင့် ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်နှင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် (၂)နှစ်ကာလအထိ ဆောင်ရွက် ပေးနိုင်မှုများကို သိရှိလိုပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်။

မေးခွန်းနံပါတ်(၄)နှင့် ပတ်သက်ပြီးတော့ တင်ပြပါမယ်။ မေးခွန်းနံပါတ်(၅)မှာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေး နှစ်အတွက် အင်းလေးဇုန်ဝင်ခွင့် ကောက်ခံရငွေအား အင်းလေးကန် ပြန်လည် ပြုပြင် ထိန်းသိမ်းရေးတွင် ၇၅ ရာခိုင်နှုန်း ပြည့်အသုံးပြုပေးနိုင်ရန် အစီအစဉ် ရှိ/မရှိနှင့် ပတ်သက်၍ ကျွန်တော်မေးမြန်းလိုပါတယ်။





တောင်ကြီးခရိုင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ယူထိန်းသိမ်းလျက်ရှိတဲ့ တုံဟုံး-စကား-လွိုင်ကော်လမ်းဟာ ရှမ်းပြည်နယ်အတွင်းမှာ (၄၃)မိုင် ရှည်လျားပါတယ်။ ညောင်ရွှေ မြို့နယ်အတွင်း မိုင်တိုင်အမှတ် (၀၀)မှစ၍ (၂၆)ထိ၊ (၂၆)မိုင်နှင့် ဖယ်ခုံမြို့နယ်မှ တာဝန်ယူတဲ့ မိုင်တိုင်အမှတ် (၂၆/၀)မှ (၄၃/၀)အထိ (၁၇)မိုင် တည်ရှိပါတယ်။ အဆိုပါလမ်းမှာ တုံဟုံးတံတား မိုင်တိုင် အမှတ်(၀၀)မှ စ၍ နောင်ဘိုရွာထိ (၄/၄မိုင် ၂ဖာလုံ)ထိ အမာခံလမ်း ၄ မိုင် ၂ဖာလုံနှင့် မိုင်တိုင်အမှတ် (၄/၂)မှ (၄၃/၀)အထိ လမ်းမိုင်(၃၈)မိုင် (၆)ဖာလုံ ရှိပါတယ်။

၎င်းလမ်းဟာမြေလမ်းဖြစ်ပြီး အင်းဝန်ကြီးတင်ပြသွားသလို ဖြစ်ပါတယ်။ လမ်းအူကြောင်း ရှာထားတဲ့ လမ်းဖြစ်ပြီးတော့ မြေလမ်းအဆင့်သာ ရှိသေးတဲ့ (၃၈)မိုင် (၆)ဖာလုံ လမ်းဖြစ်ပါတယ်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေး နှစ်မှာ မိုင်တိုင်အမှတ် (၄)မိုင် (၂)ဖာလုံ နောင်ဘိုရွာမှ စကားကျေးရွာထိ (၉)မိုင် (၀)ဖာလုံထိ မူလမြေလမ်း (၄)မိုင်(၆)ဖာလုံနှင့် ဖယ်ခုံမြို့နယ်မှ တာဝန်ယူတဲ့ မိုင်တိုင်အမှတ် (၄၀/၆)မှ (၄၃/၀)ထိ ၂ မိုင် ၂ဖာလုံ စုစုပေါင်း (၇)မိုင် မူလ မြေလမ်းအား အမာခံလမ်းအဆင့် တိုးမြှင့်ဆောင်ရွက်ခြင်း လုပ်ငန်းများအား ခွင့်ပြုရန်ပုံငွေ ရရှိပြီး ဖြစ်၍ ပစ္စည်းများ စုဆောင်းလျက် ရှိပါတယ်။

အင်းတိုင်းရင်းသားရေးရာဝန်ကြီးတင်ပြသွားတဲ့ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များမှ ကျေးရွာဒေသခံများနှင့် ကျောက်တွေ ချထားတယ်ဆိုတဲ့နေရာမှာ ကျောက်များသည် လမ်းခင်းရန် အရည်အသွေး မမှီတဲ့အတွက် မနှစ်က ကျွန်တော်တို့ ၎င်းကျောက်ကို အသုံးမပြုဘဲ ဒီနှစ်မှာ ကျောက်များ၊ လိုအပ်တဲ့ကျောက်၊ ဘိလပ်မြေ၊ သံ တင်ဒါစနစ် ဖြင့်ခေါ်ယူသွားခြင်းဖြစ်ပါတယ်။ တင်ဒါများလည်း

မေးမြန်းလိုတဲ့ အကြောင်းအရာကတော့ ရှမ်းပြည်နယ်၊ တောင်ကြီးခရိုင်တွင်းရှိ (၁၀)မြို့နယ်နှင့် မြို့နယ်ခွဲများအနက် ညောင်ရွှေ မြို့နယ်ရှိ လုပ်သားပြည်သူများ၏ တစ်ဦးချင်းဝင်ငွေ **GDP** မှာ အနိမ့်ဆုံးဖြစ်ကြောင်း သိရှိရပါသည်။ ဤကဲ့သို့ ဖြစ်ရခြင်းမှာ ဒေသထွက်ခရမ်းချဉ်သီးများ ဈေးနှုန်းမရ၍ လည်းကောင်း၊ လုပ်ငန်းအရှုံးပေါ်၍ (၇)နှစ်နှင့် (၈)နှစ်တိတိ ဆက်တိုက် ဆုံးရှုံးခဲ့ခြင်း ဖြစ်ပါသည်။

၂၀၁၀ခုနှစ် မိုးခေါင်ခြင်း၊ ၂၀၁၂ ခုနှစ် ရေကြီးနစ်မြုပ်၍ စိုက်ခင်းများ ဆုံးရှုံးခြင်း၊ မွေးမြူထားသော ငါးများဆုံးရှုံးခြင်း တို့ကြောင့် ဖြစ်ပါသည်။ ထို့အပြင်ကျေးရွာများမှ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးအလင်း ရရှိရေးအတွက် ဆောင်ရွက်ခဲ့ခြင်းကြောင့် ရင်းနှီးမြုပ်နှံမှုများတွင် တိုးချဲ့မပြုနိုင်ခြင်း ဖြစ်ပါသည်။ ထို့ကြောင့် ဒေသခံပြည်သူများ၏ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး ကိစ္စများအတွက် အသုံးပြုနိုင်ရန် ၂၀၁၃-၂၀၁၄ဘဏ္ဍာရေး နှစ်မှစ၍ အင်းလေးဇုန်ဝင်ခွင့် ရငွေ၏(၅၀)ရာခိုင်နှုန်းအား **Trust Fund** အဖြစ်လည်းကောင်း၊ (၂၅)ရာခိုင်နှုန်းအား အင်းလေးဒေသ ဖွံ့ဖြိုးရေးတွင် အသုံးပြုရန်အတွက် ဖြစ်ပြီး ကျန်(၂၅)ရာခိုင်နှုန်းအား ရှမ်းပြည်နယ်အတွင်း ဒေသဖွံ့ဖြိုး ရေးအတွက် သုံးစွဲသင့်ပါရန်နှင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပေးနိုင်ပါရန် အင်းလေးဒေသ ပြည်သူများရဲ့ ကိုယ်စား လေးစားစွာ ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြရခြင်း ဖြစ်ပါသည်။ အားလုံးကို ကျေးဇူး တင်ပါတယ်။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။





(၃၁၅)သိန်းနှုန်းနှင့် (၁)နှစ်အတွက် သိန်း(၃၇၈၀)သိန်းအား မဲစနစ်ဖြင့် ဆောင်ရွက်ပေးတဲ့နေရာမှာ ပါဝင်ဆောင်ရွက်လိုသူ (၂၁)ဦး ရှိပြီးတော့ ဦးစိန်မြလင်း၊ ဟူပင်ဟိုတယ် ညောင်ရွှေမြို့မှ လုပ်ငန်းလုပ်ကိုင်ခွင့် ရရှိခဲ့ပါတယ်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ လျှောက်ထားသူများရဲ့ ဆန္ဒအရ လေလံစနစ်နဲ့ ဆောင်ရွက်ခဲ့တဲ့ နေရာမှာ ၂၀၁၃ခုနှစ် ဧပြီလ (၁)ရက်နေ့မှ ၂၀၁၄ မတ်လ ၃၁ ရက်နေ့ထိ ကျပ်သိန်း (၆၃၀၀)သိန်း (၁)လလျှင် (၅၂၅)သိန်းနှင့် ဦးအောင်ကျော်နိုင်၊ တောင်ကြီးမြို့မှ လုပ်ငန်းလုပ်ကိုင်ခွင့် ရရှိခဲ့ပါတယ်။ စာချုပ်ပါ သဘောတူညီမှုအရ ဧပြီလကနေ စက်တင်ဘာလအထိ ပထမ (၆)လအတွက် သိန်း(၃၁၅၀)အား ပေးသွင်းပြီး ၅၀ ရာခိုင်နှုန်း ဖြစ်တဲ့ (၁၅၇၅)သိန်းကို Trust Fund ပေးသွင်းပြီးဖြစ်ပါတယ်။

ဒုတိယ(၆)လပတ် အောက်တိုဘာလမှ မတ်လအထိအား ပြည်ပခရီးသွားတစ်ဦးလျှင် (၁၀)ရာခိုင်နှုန်းနှင့် ကောက်ခံရမှာ ဖြစ်တဲ့အတွက် လုပ်ငန်းတန်ဖိုးအားပြန်လည် ညှိနှိုင်းသွားရမှာ ဖြစ်ပါတယ်။ အင်းလေးဒေသ ဝင်ခွင့်ရငွေအား မြန်မာ့စီးပွားရေး ဘဏ်မှာ ငွေစုစာရင်းအမှတ် **SM -107068** နှင့် ဖွင့်လှစ်ထားပြီး နှစ်စဉ် ပြည်နယ်စာရင်းစစ်ချုပ်ရုံးမှ စာရင်းစစ်ဆေးပေးလျက် ရှိပါတယ်။ ရှမ်းပြည်နယ်အစိုးရအနေနှင့် ရှမ်းပြည်နယ် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီထံမှ ၂၀၁၁ခုနှစ် မတ်လ ၃၀ ရက်နေ့မှာ လုပ်ငန်းအရပ်ရပ်ကို လွှဲပြောင်း တာဝန်ယူဆောင်ရွက်ခဲ့ ပါတယ်။

အင်းလေးဒေသ ဝင်ခွင့်မှ ရငွေများကို အသုံးပြုတဲ့နေရာမှာ ၂၀၁၁-၂၀၁၂ ရှမ်းပြည်နယ် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရဲ့ လက်ကျန်ငွေဖြစ်တဲ့ သိန်း(၁၃၅၃၃၈၈၆. ၄၅)ကျပ်

ရှိပါတယ်။ (၈-၄-၂၀၁၁)ခုနှစ်မှာ ငွေစုစာရင်းစာရင်း စာအုပ်အမှတ် **ST -077162** ဖြင့် ငွေစာရင်းဖွင့်လှစ်ပြီး စတင်ဆောင်ရွက်ခဲ့ပါတယ်။ အဲ့ဒီငွေစုစာရင်းစာအုပ်ထဲမှာ ယခင် ပယက လက်ကျန်ငွေနှင့် ၂၀၁၁-၂၀၁၂ အင်းလေးဒေသဝင်ခွင့်ရငွေ၊ ဘဏ်အတိုးရငွေ၊ တေးဂီတဖျော်ဖြေပွဲမှရငွေ အခြားလှူဒါန်းမှုမှရငွေ ကျပ်သိန်းစုစုပေါင်း(၃၄၉၅၈၉၀၉၀)ကျပ်နှင့် (၇၂)ပြား ရှိပါတယ်။

အင်းလေးဒေသဝင်ခွင့်မှ ရငွေမှာ (၁)လလျှင် (၁၂၀)သိန်းနှင့် (၁)နှစ်အတွက် (၁၄၄၀)သိန်းဖြစ်ပါတယ်။ ၂၀၁၁-၂၀၁၂ ခုနှစ်အတွင်း ရှမ်းပြည်နယ်တစ်ခုလုံးအတွက် ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှု၊ လူမှုရေး၊ ဘာသာရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်း အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့ရဲ့ သုံးငွေသိန်းပေါင်း (၂၇၁၂၂၅၅၂၈)ကျပ် ရှိခဲ့ပါတယ်။ အဲ့ဒီခုနှစ်မှာ လက်ကျန်ငွေသည် ကျပ်(၇၈၃၆၃၅၆၂)ကျပ် (၇၅)ပြား ကျန်ရှိပါတယ်။ အဆိုပါ ငွေစုစာအုပ် **ST- 077162** မှ လက်ကျန်ငွေ သိန်း(၇၈၃၆၃၅၆၂) ကျပ် (၇၅)ပြားကို (၂၁-၅-၂၀၁၂)ခုနှစ်မှာ စာရင်းပိတ်သိမ်းပြီးတော့ အဲ့ဒီရက်မှာပဲ ငွေစုစာရင်းအမှတ် **SA -058674** ရှမ်းပြည်နယ် အစိုးရအဖွဲ့ အထွေထွေရန်ပုံငွေ စာရင်းဖွင့်လှစ်ပြီးတော့ ယနေ့အထိ သုံးစွဲဆောင်ရွက်လျက်ရှိပါတယ်။

ယခင် ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီလက်ထက် အင်းလေးဒေသဝင်ခွင့် ကောက်ခံရရှိတဲ့ မြန်မာ့စီးပွားရေးဘဏ် နိုင်ငံခြားအပ်နှံငွေစုစာအုပ်အမှတ် **SCA - 4** မှ လက်ကျန်ငွေ အမေရိကန်ဒေါ်လာ (၅၀၁၃၆. ၇၀) ယူနစ်ကို ထုတ်ယူပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ ပေးသွင်းပြီး စာရင်းပိတ်သိမ်းရန် (၂၆-၆-၂၀၁၃)ရက်နေ့ မှာ ညောင်ရွှေမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ရှမ်းပြည်နယ်အစိုးရမှ





**ဦးခွန်သိန်းမောင်၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီး။**

အားလုံးမင်္ဂလာပါ။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အင်းတိုင်းရင်းသား လူမျိုးရေးရာ ဝန်ကြီး ဦးဝင်းမြင့်မှ အင်းလေးဇုန် ဝင်ခွင့် ကောက်ခံရငွေမှ ရှမ်းပြည်နယ်အတွင်းရှိ ဒေသများအတွက် ၂၀၁၂-၂၀၁၃၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွက် သုံးစွဲသည့် ငွေစာရင်းကို သိရှိလိုပါကြောင်းနှင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် အတွက် အင်းလေးဇုန်ဝင်ခွင့် ကောက်ခံရေးလုပ်ငန်းအတွက် အင်းလေးကန် ပြုပြင်ရေးလုပ်ငန်း မှာ ၇၅ ရာခိုင်နှုန်း ပြည့် အသုံးပြုပေးနိုင်ပါရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါကြောင်း မေးခွန်းနှင့်စပ်လျဉ်းပြီး ကျွန်တော် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဘဏ္ဍာရေးဝန်ကြီး ခွန်သိန်းမောင်မှ ဖြေကြားပေးမှာဖြစ်ပါတယ်။

ယခုလို ဖြေကြားတဲ့နေရာမှာ ဘဏ္ဍာရေးနှစ်အလိုက် ရငွေကို ဦးစွာဖြေကြားပေးသွားမှာဖြစ်ပြီး ဘဏ္ဍာရေး နှစ်အလိုက် ရငွေ/သုံးငွေကိုလည်း တစ်ဆက်တည်း ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ် အင်းလေးဒေသ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဆောင်ရွက်ခဲ့တဲ့နေရာမှာ (၁-၄-၂၀၁၁)ခုနှစ်မှ (၃၁-၃-၂၀၁၂)ခုနှစ်ထိ (၁)လလျှင် (၁၂၀)သိန်းနှင့် (၁)နှစ်အတွက် သိန်း(၁၄၄၀)သိန်းဖြင့် လောက်အောင် အင်းလေးဇုန်အဆောက်အဦ ဟိုတယ်မှ ရရှိခဲ့ပါတယ်။

ဒါကျွန်တော်တို့ ရငွေကိုဖော်ပြခြင်းဖြစ်ပါတယ်။ ၂၀၁၂-၂၀၁၃ဘဏ္ဍာရေးနှစ်မှာ ရှမ်းပြည်နယ် အင်းလေးဒေသ ဝင်ခွင့်ကို လာရောက်ပြီး လျှောက်ထားသူတွေရဲ့ ဆန္ဒအရ (၂၀၁၂)ဧပြီလ (၁)ရက်ကနေ ၂၀၁၃ မတ်လ (၃၁)ရက်နေ့ထိ (၁)လလျှင်

ညွှန်ကြားမှုပြုခဲ့ပါတယ်။ (၂၆-၆-၂၀၁၃)ရက်နေ့မှာ မြန်မာ့စီးပွားရေးဘဏ်မှာ ငွေစုစာအုပ်အမှတ်မှ **CFA-4** မှ လက်ကျန်ငွေ အမေရိကန်ဒေါ်လာ (၅၀၁၃၆ ဒသမ ၇၀)ယူနစ်အား ဆောင်ရွက်ခ ၁၀ယူနစ် ယူပြီး ကျန်ငွေ (၅၀၁၂၆ ဒသမ ၇၀) ယူနစ်အား (၂၆-၆-၂၀၁၃)ရက်နေ့မှာ မြန်မာကျပ်ငွေ ပေါက်ဈေး (၉၄၉)ကျပ်နှုန်းနှင့် စုစုပေါင်းလဲရငွေသည် ကျပ်သိန်းပေါင်း (၄၇၅၈၇၄၈၁)ထုတ်ယူပြီးတော့ အဲ့ဒီငွေစာရင်းကို ပိတ်သိမ်းလိုက်ပါတယ်။

ရရှိလာတဲ့ ကျပ်သိန်းပေါင်း(၄၇၅၈၇၄၈၁)ကျပ်ကို ကမ္ဘောဇဘဏ်ခွဲ(တောင်ကြီး)မှာ ဖွင့်လှစ်ထားတဲ့ ရှမ်းပြည်နယ်ကျန်းမာရေးရန်ပုံငွေ ငွေစုစာရင်းအမှတ် (001123001495) သို့ ကျပ်သိန်းပေါင်း (၁၅၈၆၂၄၉၅)ကျပ် ပေးသွင်းခဲ့ပါတယ်။ ပညာရေးရန်ပုံငွေ ကျပ်သိန်းပေါင်း (၁၅၈၆၂၂၄၉၅)၊ လူမှုရေးရန်ပုံငွေကို ကျပ်သိန်းပေါင်း (၁၅၈၆၂၄၉၁)နဲ့ မျှပြီးတော့ ပေးသွင်းခဲ့ပါတယ်။ ပညာရေးရန်ပုံငွေ၊ ကျန်းမာရေးရန်ပုံငွေ၊ လူမှုရေးရန်ပုံငွေကို ပေးသွင်းသွားပြီး ဖြစ်ပါတယ်။ အဲ့ဒီအပြင် ဒေါ်နီနီထွေး(အငယ်တန်းစာရေး)ကနေ အင်းလေးဒေသဝင်ခွင့် ပေးသွင်းရန်ကျန်ရှိတဲ့ အမေရိကန်ဒေါ်လာ (၇၆၅၄)ယူနစ်မှ ပေးသွင်းလာတဲ့ ဒေါ်လာငွေ (၃၅၀)ယူနစ်အား ကျန်းမာရေးရန်ပုံငွေစာရင်းကို ကျပ်သိန်းပေါင်း(၁၁၀၈၆၇)ကျပ် ပညာရေးရန်ပုံငွေကို ကျပ်(၁၁၀၈၆၇)ကျပ် လူမှုရေးရန်ပုံငွေစာရင်းသို့ ကျပ်(၁၁၀၈၆၆)ကျပ်နှင့် မျှပြီးတော့ သွင်းထားပေးပြီး ယနေ့ထိ သုံးစွဲဆောင်ရွက်လျက် ရှိပါတယ်။

၂၀၁၂-၂၀၁၃ ခုနှစ်ကနေ စတင်ပြီးတော့ အင်းလေးဒေသ ဝင်ခွင့်မှ ရငွေရဲ့ (၅၀)ရာခိုင်နှုန်းအား အင်းလေးကန် စိမ်းလန်း





အပါအဝင် သုံးစွဲမှုမှ ရန်ပုံငွေ ပြန်အမ်းပေးတဲ့အခါမှာ ရှမ်းပြည်နယ်တစ်ခုလုံးအတွက် သုံးစွဲရမည့် ကျန်ငွေသည် စုစုပေါင်းကျပ် သိန်းပေါင်း (၉၀၂၉၂၇၇၇)ကျပ်နှင့် (၉၃)ပြား ကျန်ရှိပါတယ်။

သို့ဖြစ်ပါ၍ အင်းလေးကန်ဒေသစိမ်းလန်းစိုပြည်ရေး၊ ရေဝေရေလဲဒေသ မိုင်(၂၀)အတွင်း အသုံးပြုရန်နှင့် ရှမ်းပြည်နယ်ဒေသအတွင်း ဆောင်ရွက်ရန် (၃၁-၈-၂၀၁၃) ရက်နေ့ထိ စုစုပေါင်း လက်ကျန်ငွေ (၁၉၄၇၇၂၇၇၇)ကျပ် (၉၃)ပြား ရှိကြောင်း တင်ပြအပ်ပါတယ်။ (၂၉-၅-၂၀၁၃) ရက်နေ့ကနေစပြီးတော့ အင်းလေးဒေသ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ရန်ပုံငွေ **Trust Fund** ငွေစုစာအုပ်အမှတ် (2434001261) ဖွင့်လှစ်ပြီးတော့ အင်းလေးဒေသ မိုင်(၂၀)ပတ်လည်အတွင်း စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**Trust Fund** ရန်ပုံငွေမှ ရရှိတဲ့ ရန်ပုံငွေကနေ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ မတည်ငွေ(၁၅၀)သိန်း ၂၀၁၃-၂၀၁၄ အင်းလေးဒေသ ဝင်ခွင့်၊ ဧပြီလကနေ စက်တင်ဘာလကုန်ထိ ပထမ(၆)လအတွက် (၃၁၅၀)သိန်းရဲ့ (၅၀)ရာခိုင်နှုန်းဖြစ်တဲ့ (၁၅၇၅)သိန်းနှင့် ဟိုတယ်(၁၄)လုံးကနေ ထည့်ဝင်လှူဒါန်းငွေ (၉၄၆)သိန်း စုစုပေါင်း ယခု ငွေသား အဖြစ် (၂၆၇၁)သိန်း ရရှိပြီး ဖြစ်ပါတယ်။ **Trust Fund** ကနေရရှိတဲ့ငွေကို အသုံးပြုတဲ့နေရာမှာ ဆည်မြောင်းဦးစီးဌာနမှ နုံးထိန်းဆည်တစ်ခုလျှင် (၅)သိန်းနှုန်းနှင့် (၃၄)ခုအတွက် တည်ဆောက်ရန် ပထမအကြိမ် ကြိုတင်ထုတ်ပေးငွေ (၁၀၀)သိန်း သစ်တောဦးစီးဌာနမှ နုံးထိန်းတမံအငယ်စားတစ်ခုလျှင် (၂)သိန်းနှုန်းနှင့် (၅)ခု တည်ဆောက်ရန်အတွက် ကြိုတင်ထုတ်ပေးငွေ (၁၀)သိန်း၊

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ကံသာရပ်ကွက် ဈေးလေ့ဆိပ် တံတားအမှတ်(၁)ပြုပြင်ရန် ထုတ်ပေးငွေ(၂၀)သိန်း စုစုပေါင်းသိန်း(၁၃၀)သုံးစွဲပြီးဖြစ်ပါတယ်။ ဒါကို သစ်တောသတ္တု ဝန်ကြီးလည်း ရှင်းလင်းပြီးဖြစ်ပါတယ်။

ဒုတိယမေးခွန်းဖြစ်တဲ့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွက် အင်းလေးဇုန်ဝင်ခွင့် ကောက်ခံရငွေအား အင်းလေးကန်ပြုပြင် ထိန်းသိမ်းရေးတွင် (၇၅)ရာခိုင်နှုန်းပြည့် အသုံးပြုပေးနိုင်ပါရန် အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်းနှင့် ပတ်သက်ပြီးတော့ ရှမ်းပြည်နယ် အင်းလေးဒေသဝင်ခွင့်ဟာ အင်းလေးကန် ပတ်ဝန်းကျင် ရေရှည်တည်တံ့ရေးနှင့် သဘာဝဂေဟစနစ်များ ထိန်းသိမ်းခြင်း အင်းလေးကန် စိမ်းလန်းစိုပြည်ရေး၊ အင်းလေးဒေသ မိုင်(၂၀) အတွင်းမှာ ရှိနေတဲ့ မြို့နယ်(၈)မြို့နယ်ဖြစ်တဲ့ တောင်ကြီး၊ ရပ်စောက်၊ ပင်းတယ၊ ကလော၊ ဖယ်ခုံ၊ ညောင်ရွှေ မြို့နယ်များရဲ့ ရေဝေရေလဲ ထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်း၊ ပြည်နယ်(၁)ခုလုံး၏ ဒေသဖွံ့ဖြိုးရေး လူမှုရေး၊ ဘာသာရေး၊ အားကစားလုပ်ငန်းများကို ဆောင်ရွက်ခြင်းကိုပါ ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ရငွေ၏ (၅၀)ရာခိုင်နှုန်းကို အင်းလေးဒေသ အတွက် အသုံးပြုရန်နှင့် အခြားနိုင်ငံတကာထောက်ပံ့မှု ပြည်တွင်း ထောက်ပံ့မှုများနှင့် ပေါင်းစပ်သုံးစွဲသွားရန်သာ ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။



D/real(wide) (1



စိုပြည်ရေး၊ ရေဝေရေလဲဒေသ မိုင်(၂၀)အတွင်း အသုံးပြုရန်နှင့် ကျန်(၅၀)ရာခိုင်နှုန်းအား ရှမ်းပြည်နယ်တစ်ခုလုံးရှိ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ဘာသာရေး၊ ယဉ်ကျေးမှု၊ အားကစားအတွက် အသုံးပြုရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့ အစည်းအဝေးမှ ဆုံးဖြတ်ခဲ့ ပါတယ်။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် အင်းလေးဒေသဝင်ခွင့်မှ ရငွေ၏ (၅၀)ရာခိုင်နှုန်းဖြစ်တဲ့ (၁၈၉၀)သိန်းအား အင်းလေးကန် စိမ်းလန်းစိုပြည်ရေး၊ ရေဝေရေလဲဒေသ မိုင်(၂၀)အတွင်း အသုံးပြု ရာတွင် တာပတ်လမ်း၊ ရေနုတ်မြောင်း၊ ရေသွယ်မြောင်း၊ တူးဖော်ခြင်းနှင့် တံတားဆောက်လုပ်ခြင်း၊ ရေထိန်းဆည် တည်ဆောက်ခြင်း ညောင်ရွှေဘုရားပွဲတော်ကျင်းပခြင်းနှင့် Trust Fund သို့ သိန်း(၁၅၀) မတည်ထည့်သွင်းပေးခြင်းတို့အတွက် (၃၁-၈-၂၀၁၃) ခုနှစ်ထိ စုစုပေါင်းသုံးတဲ့ငွေက (၈၄၅၂၀၀၀၀) ဖြစ်ပါတယ်။

ဒါကြောင့် အင်းလေးဒေသအတွက် သုံးရန်ကျန်ငွေမှာ ကျပ်သိန်းပေါင်း (၁၀၄၄၈၀၀၀၀)ရှိကြောင်း တင်ပြအပ်ပါတယ်။ ၂၀၁၂-၂၀၁၃ဘဏ္ဍာရေးနှစ် ရငွေ၏ (၅၀)ရာခိုင်နှုန်းဖြစ်တဲ့ (၁၈၉၀)သိန်းနှင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ပထမခြောက်လ ရငွေ၏(၅၀)ရာခိုင်နှုန်းဖြစ်တဲ့ (၁၅၇၅)သိန်းအား ရှမ်းပြည်နယ် တစ်ခုလုံးအတွက် သုံးခြင်း ဖြစ်ပါတယ်။ ရှမ်းပြည်နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် သုံးတဲ့နေရာမှာ ဒေသဖွံ့ဖြိုးရေး အတွက်လည်းကောင်း၊ သဘာဝ ဘေးအန္တရာယ်အတွက် လည်းကောင်း၊ ပြည်ထောင်စုအဆင့်၊ ပြည်နယ်အဆင့် ယဉ်ကျေးမှု၊ အားကစားပွဲများ၊ အခမ်းအနားများ၊ ဘာသာရေးနှင့် ဘုရားပွဲများ အတွက် စုစုပေါင်းသုံးငွေအား (၃၁-၈-၂၀၁၃)ခုနှစ်အထိမှာ ကျပ်သိန်းပေါင်း(၂၆၈၈၉၄၈၉၀)ကျပ် ဖြစ်ပြီးတော့ အတိုးရတဲ့ငွေ

## ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ၂၀၁၃-၂၀၁၄ ခု ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ် ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာန/အဖွဲ့အစည်းများ၏ ဖြည့်စွက် ခွင့်ပြုငွေ တောင်းခံခြင်းအား လွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၆) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ် အစိုးရအဖွဲ့မှ ၂၀၁၃-၂၀၁၄ခု ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာနအဖွဲ့အစည်းများ၏ ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံခြင်းအား ပြည်နယ်လွှတ်တော်သို့ ပေးပို့လာပါတယ်။ သက်ဆိုင်ရာ ပြည်နယ်အစိုးရ ဝန်ကြီးကဖြေကြားရှင်းလင်း ပေးပါရန် ဖိတ်ခေါ်ပါတယ်။

**ဦးခွန်သိန်းမောင်၊ ဝန်ကြီး။** အားလုံးမင်္ဂလာပါ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌနှင့် လွှတ်တော်ကော်မတီများ၊ တပ်မတော်သားကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ အားလုံး ကိုယ်စိတ်နှစ်ပါး ချမ်းမြေ့ကြပါစေလို့ ဦးစွာဆုမွန်ကောင်းတောင်း မေတ္တာပို့သအပ်ပါတယ်။

ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဘဏ္ဍာရေးဝန်ကြီး ခွန်သိန်းမောင်ဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ(၁၉၃)၊ ပုဒ်မခွဲ(ခ)အရ ရှမ်းပြည်နယ်ရဲ့ ဘဏ္ဍာရန်ပုံငွေမှာ ပါဝင်တဲ့ဌာန အဖွဲ့အစည်းများရဲ့ ၂၀၁၃-၂၀၁၄ ခုနှစ် ဘဏ္ဍာရေးနှစ်မူလ ခန့်မှန်းခြေ ဖြည့်စွက်ခွင့်ပြုငွေစာရင်းနှင့် ပြုပြင်ပြီး ခန့်မှန်းခြေ ငွေစာရင်းကို တင်သွင်းသွားမှာဖြစ်ပါတယ်။





၂၀၁၃-၂၀၁၄ခုနှစ် ဘဏ္ဍာရေးနှစ် ဖြည့်စွက် ခွင့်ပြုငွေ တောင်းခံခြင်းအား အောက်ပါအတိုင်း ဖော်ပြအပ်ပါတယ်-

၂၀၁၃-၂၀၁၄ခုနှစ် ဘဏ္ဍာရေးနှစ်အတွက် ဖြည့်စွက်ခွင့်ပြုငွေစာရင်းအနေနှင့် သာမန်အသုံးစရိတ်မှာ ကျပ်သန်းပေါင်း (၇၄၉ ဒသမ ၄၉၄)သန်း ဖြစ်ပြီးတော့ ငွေလုံးငွေရင်း အသုံးစရိတ်အတွက် ကျပ်သန်းပေါင်း (၂၀၆၆ ဒသမ ၆၇)သန်း ဖြစ်ပါတယ်။ ဒါကြောင့် စုစုပေါင်း ၂၀၁၃-၂၀၁၄ခုနှစ် ဘဏ္ဍာရေးနှစ်အတွက် ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံတဲ့ စာရင်းကတော့ ကျပ်သန်းပေါင်း (၂၈၁၅ ဒသမ ၅၆၁)သန်းဖြစ်ပါတယ်။ တစ်နည်းအားဖြင့် (၂ ဒသမ ၈၁၆)ဘီလျံ ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

ဒါကတော့ ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံရခြင်းရဲ့ ရှင်းလင်းချက်ဖြစ်ပါတယ်။ ဌာနအနေဖြင့် အစိုးရအဖွဲ့ ကနေ သာမန်အသုံးစရိတ် (၇၅ ဒသမ ၉၉၉)သန်းတောင်းခံပြီး ငွေလုံးငွေရင်း အသုံးစရိတ်မှာ (၉၂၈ ဒသမ ၆၄၀)သန်း တောင်းခံတဲ့ အတွက် စုစုပေါင်း ရှမ်းပြည်နယ်အစိုးရအဖွဲ့ကနေ ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံခြင်းဟာ ကျပ်သန်းပေါင်း (၁၀၀၄ ဒသမ ၆၉)ဖြစ်ပါတယ်။ ရှင်းလင်းချက် အနေနဲ့ကတော့ ဖော်ပြထားပေးပြီး ဖြစ်ပါတယ်။

ငွေလုံးငွေရင်းအသုံးစရိတ်မှာ တင်ပြတောင်းခံရတဲ့ အနေအထားကတော့ နေပြည်တော် ဥတ္တရာသီရိ မြို့မှာ ရှိတဲ့ မြေကွက်မှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံးအတွက် မြေကွက်ကို (၇-၄-၂၀၁၂)ရက်နေ့မှာ နေရာချထား ပေးပြီးဖြစ်ရာ (၁၄ပေ × ၁၆ပေ) (၉)ယူနစ် အာစီ အမျိုးအစား (၁)ထပ် အဆောက်အဦ ဆောက်လုပ်ဖို့အတွက် လုပ်ငန်းစီမံကိန်း တန်ဖိုးရဲ့ (၄၀)ရာခိုင်နှုန်း လျာထားပါတယ်။ အဲ့ဒီအပြင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီး (၃)ဦး၏ နေအိမ်(၃)လုံး ဆောက်လုပ်ဖို့လည်း စီမံကိန်းတန်ဖိုးရဲ့

(၄၀)ရာခိုင်နှုန်း ဖြည့်စွက်လျာထားပါတယ်။

ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့အတွက်လည်း တောင်းခံထားပါတယ်။ နောက်တစ်ခု ကတိကဝတ်အရ ကတိပေးထားတဲ့ ဆည်မြောင်းရေပိုလွှဲ တစ်ခုတည်ဆောက်ဖို့ မယ်ဆပ် ရေသွယ်မြောင်းမှာလည်း ရေပြင်ညီရေထိန်းအဆောက်အဦ တည်ဆောက်ခြင်းနှင့် မိုင်းလွေဆည်တည်ဆောက်ခြင်း နမ့်တောင်းချောင်း ရေလွှဲဆည်၊ ရေလွှဲမြောင်းများ၊ တာတမံများ မွမ်းမံခြင်း ဒီအတွက်လည်း ပါဝင်ပါတယ်။ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံးမှာ မီဒီယာခန်းထားရှိဖို့ လိုအပ်တဲ့ ဆက်စပ်ပစ္စည်းဝယ်ယူဖို့ နောင်အခါမှာ **E-Government** စနစ်နဲ့ ဆောင်ရွက်မှာ ဖြစ်တဲ့အတွက် ယခုကတည်းက ကြိုတင်ဆောင်ရွက်နေခြင်း ဖြစ်ပါ တယ်။

ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အဖွဲ့အစည်းမှာ အစည်းအဝေး ခန်းမမှာလိုအပ်တဲ့ ပရိဘောဂ၊ “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာ ပါဝင်တဲ့ ပရိဘောဂ၊ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာတော့ ၁၁ ကေဗွီအေ ဓါတ်အားလိုင်း ၅၀၀ပေ တည်ဆောက်ဖို့အတွက် ထည့်သွင်းလျာထားခြင်း ဖြစ်ပါတယ်။ နောက်တစ်ခုက လွှတ်တော်မှာ ဖြစ်ပါတယ်။ လွှတ်တော်မှာ သာမန်အသုံးစရိတ် တင်ပြတောင်းခံခြင်း မရှိဘဲ ငွေလုံးငွေရင်း အသုံးစရိတ် (၇၀ ဒသမ ၂၅၀)သန်း တင်ပြတောင်းခံထားပါတယ်။

တင်ပြတောင်းခံခြင်းရဲ့ တင်ပြရှင်းလင်းချက်မှာ ဒုတိယဥက္ကဋ္ဌနေအိမ်အတွက် လုပ်ငန်းစီမံကိန်း တန်ဖိုးရဲ့ (၄၀)ရာခိုင်နှုန်းအပြင် ကားဂိုဒေါင်၊ နားနေခန်း၊ အသံစနစ်ကောင်းမွန်ဖို့ အသံလုံခန်းတည်ဆောက်ဖို့ရန် လွှတ်တော်ခန်းမမှာ





ကျွန်တော့်အနေနဲ့ ဖြည့်စွက်ခွင့်ပြုငွေစာအုပ်နှင့် ပတ်သက်ပြီး ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ ၂၀၁၁ ခုနှစ် အောက်တိုဘာလကနေ စပြီးတော့ လုပ်ငန်းများဆောင်ရွက်တဲ့နေရာမှာ ပြည်ထောင်စုအစိုးရလက်အောက်ရှိ အဖွဲ့အစည်းများဟာ ပြည်ထောင်စုအစိုးရဘဏ္ဍာငွေအစီအစဉ်ဖြင့် လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် ဌာနအဖွဲ့အစည်းများဟာ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် ဘဏ္ဍာရန်ပုံငွေ အစီအစဉ်ဖြင့်လည်းကောင်း ဆောင်ရွက်လျက်ရှိပါတယ်။

ပြည်နယ်ဘဏ္ဍာရန်ပုံငွေ အစီအစဉ်ဖြင့် ဆောင်ရွက်တဲ့နေရာမှာ အခြေခံမူအားဖြင့် ပြည်နယ်ဘဏ္ဍာ ရန်ပုံငွေမှာ ပါဝင်တဲ့အဖွဲ့အစည်းများဟာ ရငွေတွေကို ပြည်နယ်ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းပြီး သုံးငွေတွေကိုလည်း ရသုံးခန့်မှန်းခြေ ငွေစာရင်းလျာထားချက်ဘောင်အတွင်း တည်ဆဲဘဏ္ဍာရေး စည်းမျဉ်း၊ စည်းကမ်း လုပ်ထုံး လုပ်နည်းများနှင့်အညီ အဲ့ဒီဘဏ္ဍာငွေကနေ ထုတ်ယူသုံးစွဲရမှာဖြစ်ပါတယ်။ ၂၀၁၃ခုနှစ် ရှမ်းပြည်နယ်ရဲ့ ဘဏ္ဍာအရအသုံးဆိုင်ရာ ဥပဒေကို ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး တတိယနေ့ (၁-၄-၂၀၁၃) ရက်နေ့မှာ ရှမ်းပြည်နယ်လွှတ်တော် ဥပဒေအမှတ် (၇)ဖြင့် အတည်ပြုပြဋ္ဌာန်းခဲ့ပြီး ဖြစ်ပါတယ်။

ရှမ်းပြည်နယ်အဆင့် ဌာနအဖွဲ့အစည်းများဟာ သာမန်အသုံးစရိတ်မှာ အကြောင်းအမျိုးမျိုးကြောင့် အရအသုံးခန့်မှန်းခြေငွေစာရင်းမှာ ခွင့်ပြုထားတဲ့ရန်ပုံငွေနှင့် မလုံလောက်တဲ့အတွက် ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံခြင်း၊ ငွေလုံးငွေရင်းအသုံးစရိတ်မှာ ၂၀၁၃-၂၀၁၄ ခုနှစ် အမျိုးသားစီမံကိန်း ဥပဒေမှာ ပါဝင်တဲ့ လုပ်ငန်းစီမံကိန်းများအတွက်သာ ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံခြင်းဖြစ်ပါတယ်။

လိုအပ်နေတဲ့ မိုက်၊ ပရိုဂျက်တာ၊ စီစီတီဗွီနှင့် ဆက်စပ်ပစ္စည်း တင်ပြတောင်းခံ ထားပါတယ်။ တရားရုံးမှာ ငွေလုံးငွေရင်း ဖြည့်စွက်ခွင့်ပြု တောင်းခံတာ မရှိဘဲ သာမန်အသုံးစရိတ် အတွက် (၃၉ ဒသမ ၁၅၉)သန်း တင်ပြတောင်းခံထားပါတယ်။ ရှင်းလင်းချက်အနေဖြင့် ဖော်ပြပါအတိုင်း ဖြစ်ပါတယ်။

ဥပဒေရုံးများအနေနဲ့ သာမန်အသုံးစရိတ် တင်ပြတောင်းခံထားခြင်းမရှိဘဲ ငွေလုံးငွေရင်းအသုံးစရိတ် ခွင့်ပြုတောင်းခံတာကတော့ ကျပ်သန်းပေါင်း(၂၅ ဒသမ ၈၄၂)သန်းဖြစ်ပါတယ်။ ရှင်းလင်းချက်အနေနဲ့လည်း ဖော်ပြထားပေးပြီးဖြစ်ပါတယ်။ နောက်တစ်ခုက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဖြစ်ပါတယ်။ သာမန်အသုံးစရိတ် အနေနဲ့ တင်ပြတောင်းခံထားခြင်း မရှိဘဲ ငွေလုံးငွေရင်း အသုံးစရိတ်အသုံးစရိတ်မှာ ကျပ်သန်းပေါင်း (၇၈ ဒသမ ၈၇၀)သန်း ဖြစ်ပါတယ်။

တင်ပြတောင်းခံခြင်းရဲ့ အကြောင်းအရာတွေကိုလည်း ပူးတွဲဖော်ပြထားပေးပြီး ဖြစ်ပါတယ်။ သမဝါယမ ဝန်ကြီးဌာန အောက်မှာရှိတဲ့ ဦးစီးဌာနတွေအတွက် သာမန်အသုံးစရိတ်မှာ တင်ပြတောင်းခံထားတာ (၃၈ ဒသမ ၃၈၆) သန်းဖြစ်ပြီး ငွေလုံးငွေရင်းမှာ (၁၄ ဒသမ ၄၇၉)သန်း ဖြစ်တဲ့အတွက် စုစုပေါင်း (၄၅ ဒသမ ၈၆၅)သန်း ဖြစ်ပါတယ်။ ရေအရင်း အမြစ်ဦးစီးဌာနကနေ သာမန်အသုံးစရိတ် (၁၀ ဒသမ ၃၂၃)သန်း တင်ပြတောင်းခံထားပါတယ်။ လစာနှင့်ခရီးစရိတ် လုံလောက်မှု မရှိတဲ့အတွက် ဖြည့်စွက်တောင်းခံခြင်း ဖြစ်ပါတယ်။

စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ အသုံးစရိတ်မှာ (၃၀ ဒသမ ၉၆၇) သန်း တင်ပြတောင်းခံထားပါတယ်။ တင်ပြတောင်းခံထားတဲ့ အကြောင်းအရင်းကတော့ ဖော်ပြပါအတိုင်းဖြစ်ပါတယ်။



D/real(wide) (1



ပြီးခဲ့တဲ့နှစ်တွေက စည်ပင်သာယာရေးအဖွဲ့ကနေ သိန်းထောင်ချီပြီးပိုနေတဲ့အတွက် ယခုနှစ်မှာ ပိုငွေတွေကို သိန်းဆယ်ဂဏန်းထိသာ ချန်ထားခိုင်းပြီးတော့ တင်ပြခြင်း ဖြစ်ပါတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့ စုစုပေါင်း အသုံးစရိတ်သည် (၃၃ ဒသမ ၄၉၄) သန်း ဖြစ်ပြီးငွေလုံးငွေရင်းအသုံးစရိတ် အနေနှင့်(၂၀၆၆ ဒသမ ၀၆၇)သန်း တောင်းထားတဲ့အတွက် ဖြည့်စွက်ခွင့်ပြု တောင်းခံငွေသည် စုစုပေါင်း ၂၀၁၃-၂၀၁၄မှာ (၂၈၁၅ ဒသမ ၅၆၁)သန်း ဖြစ်ပါတယ်။

တစ်နည်းအားဖြင့် (၂ ဒသမ ၈၁၆)ဘီလျံဖြစ်ပါတယ်။ ရငွေသည် ၂၀၁၃-၂၀၁၄ ပြုပြင်ပြီးခန့်မှန်းခြေ ငွေစာရင်းမှာ ဖြည့်စွက်ခွင့်ပြုငွေကို မူလခန့်မှန်းခြေနှင့်ပေါင်းလိုက်တဲ့အခါမှာ ပြုပြင်ပြီးခန့်မှန်းခြေစာရင်း ဖြစ်ပါတယ်။ ဒါကတော့ ဝင်ငွေကို ပြောခြင်းဖြစ်ပါတယ်။ ရှမ်းပြည်နယ် အစိုးရအဖွဲ့မှာ မူလခန့်မှန်းခြေ ရငွေသည် (၂၈၃၉ ဒသမ ၉၆၃)သန်း ဖြစ်ပြီး ပြုပြင်ပြီးခန့်မှန်းခြေ ငွေမှာ (၃၅၁၉၂ ဒသမ ၅) ပိုငွေထွက်လာပါတယ်။ ဒီပိုငွေသည် နယ်စပ်တံတားတွေကနေ ဖြတ်သန်းဝန်ဆောင်ခ (၃)ရာခိုင်နှုန်းကို ကျပ်သန်းပေါင်း (၆၅၇ ဒသမ ၇)ဖြည့် သွင်းလိုက်တဲ့အတွက် ငွေပိုလျှံလာခြင်း ဖြစ်ပါတယ်။

အဲ့တော့ဒီနေရာမှာ ပြောနေတဲ့ဘတ်ဂျတ်ဆိုတာပါပဲ ကောက်ခံရရှိတဲ့ငွေသည် ရန်ပုံငွေသာဖြစ်ပြီး ပြည်ထောင်စုအစိုးရကို တင်ပြတဲ့အခါမှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှာ ဆောင်ရွက်စရာ လွှတ်တော်ဥက္ကဋ္ဌနေအိမ်၊ ဝန်ကြီးများနေအိမ် ဒါတွေကို သုံးနိုင်ဖို့အတွက် ဒီငွေရှိရင် ခွင့်မပြုပါဘူး။ လွှတ်တော်အနေနဲ့ ရငွေတွေတိုးတာ လျော့တာမရှိပါဘူး။ တရားရုံးမှာ အနည်းငယ် တိုးပါတယ်။ ဒါကတော့ ရှင်းလင်းချက်အနေနှင့် ဖော်ပြပါအတိုင်း ဖြစ်ပါတယ်။

ဥပဒေရုံးအနေနဲ့ ရငွေကတိုးပါတယ်။ ရှင်းလင်းချက်ဖြစ်ပါတယ်။ စာရင်းရုံးတွေကလည်း ရငွေပိုငွေ ရရှိပါတယ်။ ရှင်းလင်းချက်ဖြစ်ပါတယ်။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှာ မူလခန့်မှန်းတာ ကျပ်သန်းပေါင်း (၁၅၈၆ ဒသမ ၅၈၂)သန်း ဖြစ်ပြီးတော့ ပြုပြင်ပြီးခန့်မှန်းခြေရငွေ (၄၇၂ ဒသမ ၇၉၇)သန်း ဖြစ်တဲ့အတွက် (၁)ဘီလျံကျော်လောက် ရငွေလျော့ကျသွားပါတယ်။ အကြောင်းအရင်းကတော့ မြေခွန်ကောက်ခံနှုန်းထားအသစ်တို့ တိုးမြှင့်ကောက်ခံနိုင်ခြင်း မရှိတဲ့အတွက်ကြောင့် ကျပ်သန်းပေါင်း (၁၁၁၃ ဒသမ ၇၈၅)သန်း လျော့နည်းပြီတော့ ရရှိသွား ပါတယ်။

အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာနအနေနှင့်တော့ မရှိပါဘူး။ မြန်မာ့ရုပ်ရှင်လုပ်ငန်းလည်း ထိုနည်း လည်းကောင်း မရှိပါဘူး။ သမဝါယမဦးစီးဌာနမှာ ရငွေပိုလာတဲ့အတွက် (၂ ဒသမ ၃၂၇)သန်း ဖြစ်တယ်။ အသေးစား စက်မှုလက်မှုမှာ အနည်းငယ်ပိုပါတယ်။ ရေအရင်းအမြစ်အနေနဲ့ ရငွေပိုလာတာ မရှိပါဘူး။ စိုက်ပျိုးရေး ဦးစီးဌာန အနေနဲ့ ရငွေပိုလာပါတယ်။ မျိုးစေ့ရောင်းရငွေမှ ပိုမိုရရှိမည်ဟု ခန့်မှန်းထားခြင်းမို့လို့ ပိုရခြင်းဖြစ်ပါတယ်။ စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန အနေနဲ့ မူလအတိုင်းပါဘဲ။ ငါးလုပ်ငန်းဦးစီးဌာနမှာလည်း အနည်းငယ်ပိုရပါတယ်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှာ အနည်းငယ်ပိုလာပါတယ်။ ငှားရမ်းခများပိုမိုရရှိ ခန့်မှန်းထား တဲ့အတွက် ဝင်ငွေတိုးခြင်းဖြစ်ပါတယ်။ ပျားလုပ်ငန်းဦးစီးဌာနမှာလည်း အနည်းငယ်တိုးလာပါတယ်။ သစ်တောဦးစီးဌာနမှာလည်း ပိုလာပါတယ်။ အားကစားနှင့် ကာယပညာဦးစီးဌာနမှာ အနည်းငယ်ပိုလာပါတယ်။ မှားယွင်းထုတ်ယူပြီးတော့ ပြန်လည်ပေးသွင်းတဲ့အတွက် ငွေတိုးခြင်းဖြစ်ပါတယ်။ မြန်မာ့ဆားလုပ်ငန်းကတော့ ဒီအတိုင်းပဲ ဖြစ်ပါတယ်။



D/real(wide) (1



ငါးလုပ်ငန်းဦးစီးဌာနအနေနဲ့ သာမန် အသုံးစရိတ်မှာ တင်ပြ တောင်းခံထားတာ (၂၀ ဒသမ ၆၃၈)သန်း တင်ပြတောင်းခံထားပါတယ်။ တင်ပြတောင်းခံခြင်း ကတော့ ဖော်ပြပါအတိုင်းဖြစ်ပါတယ်။ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနကနေ သာမန်အသုံးစရိတ် (၁၇ ဒသမ ၃၀၆)သန်း တင်ပြတောင်းခံပြီး ငွေလုံးငွေရင်းအသုံးစရိတ် (၂၂ ဒသမ ၀၀)သန်း တင်ပြတောင်းခံတဲ့အတွက် စုစုပေါင်း(၃၉ ဒသမ ၃၀၆)သန်း တင်ပြတောင်းခံထားပါတယ်။

ရှင်းလင်းချက်ကတော့ ဖော်ပြပါအတိုင်းဖြစ်ပါတယ်။ နောက်မြန်မာ့ဆားနှင့် အဏ္ဏဝါဓါတုဗေဒ ထုတ်လုပ်ရေး လုပ်ငန်းမှာ သာမန်အသုံးစရိတ်(၂ဒသမ၉၉၆)သန်း ငွေလုံးငွေရင်းအတွက် (၀ ဒသမ ၂၀၀) သန်းနှင့် စုစုပေါင်း တင်ပြတောင်းခံထားတာ (၃ ဒသမ ၁၉၆)သန်း ဖြစ်ပါတယ်။ တင်ပြတောင်းခံခြင်းရဲ့ အကြောင်းဖြစ်ပါတယ်။ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းဖြစ်ပါတယ်။ သာမန်အသုံးစရိတ်မှာ ကျပ်သန်းပေါင်း(၃၅၄ ဒသမ ၆၂၄)သန်း တင်ပြတောင်းခံထားပါတယ်။

တင်ပြတောင်းခံခြင်းရဲ့ ရှင်းလင်းချက်ဖြစ်ပါတယ်။ စည်ပင်သာယာရေးအဖွဲ့မှာ သာမန်အသုံးစရိတ် (၁၀၆ ဒသမ ၉၆၉၆)သန်း ဖြစ်ပြီး ငွေလုံးငွေရင်းအသုံစရိတ် (၉၂၅ ဒသမ ၇၈၆)သန်း ဖြစ်တဲ့အတွက် စုစုပေါင်း (၁၃၂ ဒသမ ၄၈၂)သန်း ဖြည့်စွက်ခွင့်ပြု တောင်းခံထားပါတယ်။ ဖြည့်စွက်ခွင့်ပြုတောင်းခံခြင်းရဲ့ ခွင့်ပြုချက် ဖြစ်ပါတယ်။ ငွေလုံးငွေရင်းအတွက် ရှမ်းပြည်နယ်မှာ စည်ပင်သာယာရေးလုပ်ငန်းများ ဆောင်ရွက်ရန်လိုအပ်တဲ့ လုပ်ငန်းသုံးယဉ် စက်ယန္တရားဝယ်ယူရန် မြို့ပြ ကျေးလက်၊ လမ်းတံတား ပြုပြင်ရေးနှင့် အခြားလုပ်ငန်းတွေမှာ တင်ပြထားပါတယ်။

ရသုံးခန့်မှန်းခြေငွေစာရင်းဦးစီးဌာနရဲ့ မူလခန့်မှန်းခြေကတော့ ကျပ်သန်းပေါင်း (၅၈၆. ၈၇)သန်းဖြစ်ပြီး ပြုပြင်တဲ့အခါမှာ ကျပ်သန်းပေါင်း(၁၂၄၄. ၅၅၅) ရရှိလာပါတယ်။

ပိုလာပါတယ်။ အဲ့ဒီပိုလာခြင်းသည် ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများမှ ထည့်ဝင်တဲ့ နိုင်ငံတော်ထည့်ဝင်ငွေများမှ ရရှိပါတယ်။ လမ်းတံတားလုပ်ငန်းမှာ အပ်နှံလိုက်တဲ့အခါမှာ ရရှိလာတဲ့ သွင်းငွေဖြစ်ပါတယ်။ နောက်တစ်ခုက တရားမဝင်ကုန်သွယ်ရေးကနေ မိုဘိုင်းတင်း ဖွဲ့စည်းပြီးတော့ ဖမ်းဆီးရမိတဲ့တရားမဝင် ကုန်ပစ္စည်းတွေကို ရောင်းချခြင်းကနေ ပေးသွင်းတဲ့အတွက် ပိုလာခြင်းဖြစ်ပါတယ်။ စီမံကိန်းရေးဆွဲရေး ဦးစီးဌာနကလည်း အနည်းငယ်ပိုလာပါတယ်။ ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းမှာ ငွေလျော့ သွားပါတယ်။

ဘယ်လောက်လျော့သွားလဲဆိုလျှင် ကျပ်သန်းပေါင်း (၁၉၄၇. ၉၄၉)ဖြစ်ပါတယ်။ ဒါကတော့ လမ်းတံတားမှ လုပ်ငန်းအချို့ကို ပြည်ထောင်စုအဖွဲ့ဖြစ်တဲ့ လမ်းအထူး(၁)သို့ ပြောင်းလဲအပ်နှံ လိုက်တဲ့အတွက် ဝင်ငွေ လျော့နည်းခြင်း ဖြစ်ပါတယ်။ လွှဲပြောင်းအပ်နှံတဲ့အတွက် ရရှိမည့်ငွေဟာ တစ်ပါတည်းပါသွားတဲ့အတွက် ဖြစ်ပါတယ်။ စည်ပင်သာယာရေးအဖွဲ့မှာ ရငွေပိုလာပါတယ်။ စုစုပေါင်းသာမန်ရငွေ စည်ပင်သာယာရေးအဖွဲ့က (၂၁. ၇၉၈)သန်းဖြစ်ပြီးတော့ ထပ်မံပြီးတော့ ပိုရလာတာ ဟောင်းနွမ်းနေတဲ့ပစ္စည်းတွေ ရောင်းချခြင်းနှင့် ရေမီတာ ရောင်းချခြင်းကနေ ရရှိလာတဲ့ငွေ ဖြစ်ပါတယ်။





# ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ၂၀၁၃-၂၀၁၄ ခု ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ် ဘဏ္ဍာရန်ပုံငွေ တွင်ပါဝင်သော ဌာန/အဖွဲ့အစည်းများ၏ ဖြည့်စွက် ခွင့်ပြုငွေ တောင်းခံခြင်းနှင့် စပ်လျဉ်း၍ ဆွေးနွေးလို သော လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ်အစိုးရအဖွဲ့က တင်သွင်းခဲ့သော ၂၀၁၃-၂၀၁၄ခု ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာနအဖွဲ့အစည်းများ၏ ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံခြင်းနှင့် စပ်လျဉ်း၍ ၂၀၁၃ ခုနှစ် စက်တင်ဘာလ ၁၂ ရက်နေ့ ကြာသပတေး နေ့မှာ ဆွေးနွေးပါ့မယ်။

ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ အစည်းအဝေးရပ်နားတဲ့အခါ ဒီကနေ့ ညနေပိုင်းမှာ ပြည်နယ်လွှတ်တော်ရုံး ဒုတိယညွှန်ကြားရေးမှူးထံ အမည်စာရင်းပေးသွင်းဖို့ ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယနေ့နေ့လည်စာသုံးဆောင်ရန်အတွက် အစည်းအဝေးကို နေ့လည်(၁း၀၀)နာရီ (၁၅)မိနစ်ခန့် ရပ်နားမှာဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွါပါပြီခင်ဗျား။ ပြည်နယ် လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ နေ့လည်ပိုင်းအစီအစဉ်များကို နေ့လည်(၁း၁၅)နာရီ အချိန်မှာ ပြန်လည်စတင်မှာ ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည် ထွက်ခွာနိုင်ပါပြီ ခင်ဗျား။

# ရှမ်းပြည်နယ်
# ပထမအကြိမ်ရှမ်းပြည်နယ်လွှတ်တော်
# သတ္တမပုံမှန်အစည်းအဝေး (တတိယနေ့)မှတ်တမ်း
# ၁၃၇၅ ခုနှစ်၊ တော်သလင်းလဆန်း (၇)ရက်
# ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ (၁၁) ရက်
# [ ဗုဒ္ဓဟူးနေ့ ]
# နေ့လည်ပိုင်း

**အခမ်းအနားမှူး။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မကြာမီ အချိန်အတွင်းမှာ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (တတိယနေ့) နေ့လည်ပိုင်းအစီအစဉ် ပြန်လည်စတင်မှာ ဖြစ်တဲ့အတွက် ကိုယ်စားလှယ်တော်များ သတ်မှတ်ထားသော နေရာများမှာ နေရာယူပေးကြပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ် ခင်ဗျား။

ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးကြွရောက်လာပြီခင်ဗျား။
အားလုံးထိုင်နိုင်ပါပြီခင်ဗျား။



D/real(wide) (1



ရငွေကဏ္ဍမှာ ရငွေမူလခန့်မှန်းခြေ(၈၀၉၄၃. ၃၅၈)သန်း ပြုပြင်ပြီးခန့်မှန်းခြေမှာ (၈၀၃၁၉. ၃၁၅)သန်း ဖြစ်တဲ့အတွက် ငွေလျော့သွားပါတယ်။ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှာ အများကြီး လျော့သလို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အနေဖြင့် လျော့သွားတဲ့အတွက်ကြောင့် ဖြစ်ပါတယ်။ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနကနေ (၁၁၃၉. ၇၄၀)သန်း ရရှိရာကနေ (၂၅. ၉၅၅)သန်းပဲ ရရှိတဲ့အတွက် လျော့သွားခြင်း ဖြစ်ပါတယ်။ မှတ်ချက်အနေနဲ့ ၂၀၁၃-၂၀၁၄ ခုနှစ် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်း နေရာပေါ်မှာကောက်ခံတဲ့ အခွန်ကျပ်သန်းပေါင်း(၁၁၁၃. ၇၈၅)သန်း လျော့နည်းရခြင်းမှာ မြေခွန်ကောက်ခံနှုန်း တိုးမြှင့်ကောက်ခံနိုင်ခြင်း မရှိတဲ့အတွက်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

မူလခန့်မှန်းခြေတုန်းကတော့ ရှမ်းပြည်နယ်ရဲ့ လိုငွေသည် (၉၁. ၂၆၂)ဘီလျံ ဖြစ်ပါတယ်။ ပြုပြင်ပြီး ခန့်မှန်းခြေမှာ ဖြည့်စွက်ခွင့်ပြုပြီး တောင်းလာတဲ့အခါမှာ စုစုပေါင်းလိုငွေသည် (၉၄. ၇၀၁) ဘီလျံ ဖြစ်သွားမှာ ဖြစ်တဲ့အကြောင်းတင်ပြအပ်ပါတယ်။ ဒီနှစ်မှာ ကျပ်(၁၀)သိန်းကျော်ဘဲ အပိုခံပြီးတော့ အားလုံးကိုသုံးစွဲတဲ့ အနေအထားဖြစ်ပါတယ်။ လိုငွေသည် ၂၀၁၃-၂၀၁၄မှာ (၉၄. ၇၀၂)ဘီလျံရှိကြောင်းတင်ပြအပ်ပါတယ်။ ဗဟိုအဖွဲ့အစည်းရဲ့ ဖြည့်စွက်ခွင့်ပြုငွေသည် ကျပ်သန်းပေါင်း (၁၁၃. ၈၉၀)ဖြစ်ပါတယ်။
**(ပါဝါပွိုင့်ဖြင့် ရှင်းလင်းတင်ပြပါသည်။)**

# ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ရှမ်းပြည်နယ်စည်ပင်သာယာရေးအဖွဲ့များ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းပြင်ဆင်ချက်အဆိုများ တင်သွင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးရဲ့ (ပထမ)နေ့မှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့က တင်သွင်းခဲ့သော ရှမ်းပြည်နယ်စည်ပင်သာယာရေး အဖွဲ့များ ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ရှမ်းပြည်နယ် အစိုးရအဖွဲ့၏ အဆိုပြုပြဋ္ဌာန်းချက်နှင့် ဥပဒေပြုရေးဆိုင်ရာ ကော်မတီ၏ ပြင်ဆင်အဆိုပြုချက်များအား တစ်ခုခြင်း လွှတ်တော်ရဲ့ဆန္ဒကိုရယူသွားမှာ ဖြစ်ပါတယ်။

ဒါကြောင့်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားတဲ့ ရှမ်းပြည်နယ်စည်ပင်သာယာရေး ဥပဒေမူကြမ်း အပေါ် ဥပဒေပြုရေး ဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်ဇယားနှင့် ပတ်သက်ပြီးတော့ ကျွန်တော့်အနေနှင့် အမှတ်စဉ်ပါ ကိစ္စများကို တင်ပြသွားမှာ ဖြစ်ပါတယ်။

(၁) စာမျက်နှာ(၂) မူလအဆိုပြုချက်မှာ ပုဒ်မခွဲ(က)နှင့် (င)ပြည်နယ်စည်ပင်သာယာရေးဌာန ပုဒ်မခွဲ(စ) ရှမ်းပြည်နယ် စည်ပင်သာယာရေးဝန်ကြီးဌာန ပုဒ်မ(၆၂)(၆၃)(၆၄)ဌာနသည် ဆိုတဲ့အစားကို ဥပဒေပြုရေးဆိုင်ရာကော်မတီကနေ ရှမ်းပြည်နယ် စည်ပင်သာယာရေး ဝန်ကြီးဌာန၊ ရှမ်းပြည်နယ်





**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဥပဒေပြုရေးဆိုင်ရာ ကော်မတီရဲ့ ပြင်ဆင်ချက်၊ အကြံပြုချက်ဇယားမှ အမှတ်စဉ်(၁)ကနေ အမှတ်စဉ်(၁၃)အထိ ပြည်နယ်အစိုးရအဖွဲ့ အနေနှင့် သဘောတူတဲ့အတွက် ကျွန်တော့်အနေနှင့် တစ်ပိုဒ်ချင်း တင်ပြခြင်းမပြုတော့ဘဲ အမှတ်စဉ်(၁)ကနေ (၁၃)မှာ ဥပဒေပြုရေးဆိုင်ရာအဖွဲ့ရဲ့ ပြင်ဆင်ချက်များသည် ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

အမှတ်စဉ်(၁၄)၊ စာမျက်နှာ (၂၉)ဖြစ်ပါတယ်။ အဆိုပြုပြဋ္ဌာန်းချက်မှာ အခန်း(၁၁)၊ ပုဒ်မ(၄၉)တွင် ပုဒ်မခွဲ(က)နှင့် (ခ)ပါရှိသည်ဆိုတဲ့စာသားအစား ဥပဒေပြုရေးကော်မတီက ယင်းပုဒ်မ(၄၉)တွင် ပုဒ်မခွဲ(က) (ခ) အပြင် ပုဒ်မခွဲ(ဂ)ဖြင့် အောက်ပါအတိုင်း ထည့်သွင်းပြဋ္ဌာန်းသင့်ပါသည်။

(ဂ) မြို့နယ်ခွဲကော်မတီသည် ပုဒ်မ(၆၄)ပါ ခွင့်ပြုချက်မရရှိဘဲ ပုဒ်မ(၄၉)(က)ပါ အသားနှင့် သားရေကို လက်ဝယ်ထားခြင်းရောင်းချခြင်းပြု၍ သိမ်းဆည်းအရေးယူခြင်းကိစ္စတွင် ပျက်စီးလွယ်သည့်ပစ္စည်းဖြစ်ပြီး ထိုပစ္စည်းကို ရောင်းချခြင်းဖြင့် အကျိုးရှိမည်ဟု ယူဆလျှင် ယင်းပစ္စည်းကို ထုခွဲရောင်းချနိုင်သည်လို့ ဥပဒေပြုရေး ကော်မတီက ပြင်ဆင်ထားပါတယ်။

ဒီအပိုဒ်နှင့် စပ်လျဉ်းပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးမောင်မောင်၊ ဥပဒေချုပ်။** ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကိစ္စကို ကျွန်တော့်အနေနှင့် အနည်းငယ်တင်ပြလိုပါတယ်။ ဒီအပိုဒ်(၄)ကို ထည့်သွင်းတဲ့ အကြောင်းအရင်းက ပုံစံအားဖြင့် ပြောရမည်ဆိုလျှင် အေးခဲ အမဲသားများ ဖြစ်ပါတယ်။ အေးခဲအမဲသားများကို ဖမ်းဆီးတဲ့ အခါမှာ တရားစွဲတင်ပို့ ပါတယ်။ ဒီအေးခဲအမဲသား ဆိုသည်မှာ ပျက်စီးလွယ်တဲ့အတွက်ကြောင့် တရားရုံးတင်လျှင် တရားရုံးကလည်း ဖျက်ဆီးပစ်ဖို့ပဲ လေလံတင်ဖို့မရှိပါဘူး။

အသားဆိုလျှင်လည်း ဖျက်ဆီးမယ်၊ မြေမြှုပ်မယ်ဆိုတဲ့ ညွှန်ကြားချက်က ယခုထိ ရှိနေပါတယ်။ ပြည်နယ် တရားချုပ်နှင့် ညှိနှိုင်းပြီးတော့ တင်ပြပါမယ်။ သို့ရာတွင် တစ်ဘက်က စည်ပင် သာယာရေးအဖွဲ့ကနေပြီးတော့ စီမံခန့်ခွဲလို့ ဒီအသားတွေကို လေလံတင်ရောင်းချလျှင် ဒီပုဒ်မအရ စည်ပင်သာယာရောင်းချရတဲ့ ငွေဟာ တရားရုံးထဲကို ဝင်သွားမှာဖြစ်ပါတယ်။ တရားရုံး ဘတ်ဂျက် ထဲ ဝင်သွားတဲ့အခါ အယူခံရက်ကိုသာ စောင့်ရမှာ ဖြစ်ပါတယ်။ အယူခံရက်စောင့်တဲ့အခါမှာ ငွေရဲ့စီမံခန့်ခွဲမှု ကိစ္စရပ်တွေဟာ နှောင့်နှေးသွားနိုင်တဲ့အတွက် ဒီမှာလည်း စာသား ရေးထားတာ ကလည်း သိပ်ပီပြင်မှုမရှိတဲ့အတွက် ဖျက်သိမ်းသင့်ပါတယ်။

ပြဋ္ဌာန်းရန်မသင့်ပါဘူး။ အဲဒီအစား အပိုဒ်(၂၀) ပြင်ဆင်ရေးသားထားပါတယ်။ ဒါကြောင့်မို့ ဒီအပိုဒ်က (ဂ)အနေနှင့် ထည့်သွင်းရန်မသင့်ကြောင်း တင်ပြအပ်ပါတယ်။ ထို့အတူ ဥပဒေ မူကြမ်းကို ကြိုတင်လေ့လာထားတဲ့အတွက်ကြောင့် အပိုဒ်(၁၅)(၁၆)(၁၇)(၁၈)(၁၉)ပါ ဥပဒေကော်မတီကနေ ပြင်ဆင်ရန် အဆိုပြုချက်များဟာ ဥပဒေတစ်ရပ်အနေနှင့် သိသင့်သိအပ်တဲ့ ကိစ္စရပ် ဖြစ်တဲ့အတွက်ကြောင့် ဒီကိစ္စရပ်များကို အတည်ပြု သင့်ကြောင်း တင်ပြအပ်ပါတယ်။





စည်ပင်သာယာရေး ဝန်ကြီးဌာနဟု ပြင်ဆင်သင့် ပါသည်

ဟု အကြံပြုထားပါတယ်။ ဒါနဲ့ပတ်သက်လို့ ပြည်နယ် အဖွဲ့အစည်းဝင်က ဆွေးနွေးပေးဖို့ဖြစ်ပါတယ်။

**ဦးမောင်မောင်၊ ဥပဒေချုပ်။** မင်္ဂလာပါ။ ကျွန်တော် ဦးမောင်မောင်ပါ။ ရှမ်းပြည်နယ် ဥပဒေချုပ်ဖြစ်ပါတယ်။ ယနေ့ အစည်းအဝေးကို တက်ရောက်တဲ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တစ်ကွ လွှတ်တော်ကိုယ်စားလှယ်များ ဖိတ်ကြားထားသူများ၊ ဧည့်သည်များ၊ တာဝန်ရှိသူ ပုဂ္ဂိုလ်အသီးသီးကို ရွှင်လန်း ချမ်းမြေ့ပါစေကြောင်း ရှေးဦးနှုတ်ခွန်းဆက်သအပ်ပါတယ်။

ဥက္ကဋ္ဌကြီးတင်ပြသွားတဲ့ မူကြမ်းအဆိုပြုချက်နှင့် ပြင်ဆင်ရန်အကြံပြုချက် (၂)ခုအနက် မူလကရေးဆွဲ ထားတဲ့ဥပဒေမှာ ဌာနဆိုပြီးတော့ သုံးထားပါတယ်။ ဝန်ကြီးဆိုပြီးတော့လည်း တိုတိုတုတ်တုတ် သုံးထားပါတယ်။ ဥပဒေပြုရေးဆိုင်ရာ ကော်မတီ အနေနှင့် ရှမ်းပြည်နယ်စည်ပင်သာယာရေး ဝန်ကြီးဌာန၊ ရှမ်းပြည်နယ် စည်ပင် သာယာရေး ဝန်ကြီးဌာန၊ ဝန်ကြီးဆိုပြီးတော့ ပြင်ဆင်ပြီးတော့ ပြောင်းလဲပြီးတော့ အကြံပြုချက်ဟာ အင်မတန်မှ ကောင်းပါတယ်။ ဥပဒေမှာ ပါတဲ့အချက်ဟာ ခန့်ခန့်ထည်ထည်ဖြစ်သွားပါကြောင်း အထူးအတည်ပြုသင့်ကြောင်း တင်ပြအပ်ပါတယ်။

ဆက်လက်ပြီး တင်ပြလိုတာက ကိုယ်စားလှယ်များကို ကျွန်တော်တို့ အကြံပြုချက်ဇယားကို အားလုံးဝေငှ ထားပြီး ဖြစ်ပါတယ်။ ဒါကြောင့်မို့ ဇယားအမှတ်စဉ်(၂) ကနေ ဇယား အမှတ်စဉ်(၁၃)ထိ ဖော်ပြတဲ့အကြံပြုချက် များဟာ ဥပဒေတစ်ရပ် ကောင်းမွန်ရေးအတွက် ပြင်ဆင်သင့်ကြောင်း တင်ပြတဲ့ကိစ္စရပ်တွေက အတည်ပြု သင့်ကြောင်း လေးစားစွာဖြင့် ဖြေကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ဒါနဲ့စပ်လျဉ်းပြီး ဥပဒေပြုရေးဆိုင်ရာ ကော်မတီက ဆွေးနွေးရန်ရှိပါက ဆွေးနွေး နိုင်ပါတယ်။

**ဥပဒေပြုရေးဆိုင်ရာကော်မတီ။** ဆွေးနွေးရန်မရှိပါ။

**ဥက္ကဋ္ဌ။** အမှတ်စဉ်(၁၄) ဥပဒေပြုရေးဆိုင်ရာ ကော်မတီက ဖြည့်စွက်ထားတဲ့ အပိုဒ်(ဂ)ကို ဖြုတ်ဖို့ အတွက် လွှတ်တော်က သဘောတူပါသလားခင်ဗျား။ **[ သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။ ]**

လွှတ်တော်ကသဘောတူတဲ့အတွက် အမှတ်စဉ်(၁၄)ပါ အပိုဒ်(ဂ)ကို ဤဥပဒေရဲ့အစိတ်အပိုင်း မဖြစ်ကြောင်း ကြေညာ ပါတယ်။ ဆက်လက်ပြီးတော့ ဥပဒေချုပ်မှ အမှတ်စဉ်(၁၅)ကနေ အမှတ်စဉ်(၁၉)ထိ ဥပဒေပြုရေးဆိုင်ရာကော်မတီရဲ့ ပြင်ဆင်ချက်ကို သဘောတူတဲ့အတွက် အပိုဒ်(၁၅)ကနေ အပိုဒ်(၁၉)ထိ ဥပဒေပြုရေးဆိုင်ရာ ကော်မတီရဲ့ ပြင်ဆင်ချက်သည် ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

အမှတ်စဉ်(၂၀)ဖြစ်ပါတယ်။ စာမျက်နှာ (၄၃) အခန်း(၁၉) ဖြစ်ပါတယ်။ အဲ့ဒီမှာ အဆိုပြုပြဋ္ဌာန်းချက်မှာ အထက်ပါအတိုင်း ပုဒ်မ(၈၇) ဖြည့်စွက်ပြီးလျှင် ပုဒ်မ(၈၈) အသစ်ကိုလည်း ပြဋ္ဌာန်းရန်ဆိုတဲ့စာသားကိုလည်း ဥပဒေပြုရေးဆိုင်ရာ ကော်မတီမှ ဤဥပဒေမှ တရားစွဲဆို တင်ပို့ထားသော ပြစ်မှုတစ်ရပ်ရပ်နှင့် သက်ဆိုင်သည့် သက်သေခံပစ္စည်းသည် တရားရုံးရှေ့ပို့ရန် မလွယ်ကူသောပစ္စည်းဖြစ်ပါက ယင်းသက်သေခံ ပစ္စည်းကို တရားရုံးရှေ့သို့ တင်ပို့ရန်မလိုဘဲ မည်ကဲ့သို့ထိန်းသိမ်းထားကြောင်း အစီရင်ခံစာ (သို့မဟုတ်) သက်ဆိုင်ရာ အခြားစာရွက်၊ စာတမ်း အထောက်အထားဖြင့် တင်ပြနိုင်သည်။



D/real(wide) (1



တာဝန်လွှဲအပ်ထားတဲ့ ပုဂ္ဂိုလ်ကနေစီမံခန့်ခွဲ ခွင့်ပေးနိုင်တယ် ဒီအပိုဒ်လေးကို ထည့်ထားပါတယ်။ ယင်းသက်သေခံပစ္စည်း အပေါ်စီမံခန့်ခွဲသည့် အမိန့်ချမှတ်နိုင်သည်။ ယင်းကဲ့သို့ စီမံခန့်ခွဲ သည့်အမိန့်ချမှတ်ကြောင်းကို တရားရုံးသို့ အစီရင်ခံစာ တင်ပြရ ပါမည်ဆိုပြီး အသစ်တစ်ဖန်ပြန်လည် ရေးဆွဲထားပါတယ်။ အသစ်ဖြစ်မည့် ပုဒ်မ(၈၈)အရ အပိုဒ်သစ်ဖြစ်ပါတယ်။

ဒီအပိုဒ်အရလည်း ဥပဒေတစ်ရပ်ရဲ့ အင်္ဂါရပ်နှင့် ပြည့်စုံအောင် တရားရုံးအရဆက်လက်ဆောင်ရွက် နိုင်တဲ့ကိစ္စရပ် ဖြစ်နိုင်အောင် ဒီအပိုဒ်လေးကို အသစ်ပြန်ဆွဲထားကြောင်းနှင့် အတည်ပြုပေးပါကြောင်း လေးစားစွာ ဖြေကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ။** အပိုဒ်(၈၈)နှင့် စပ်လျဉ်းပြီး ဥပဒေပြုရေး ဆိုင်ရာ ကော်မတီအနေနဲ့ ဆွေးနွေးဖို့ရှိပါက ဆွေးနွေးနိုင်ပါတယ်။ ဥပဒေပြုရေးဆိုင်ရာကော်မတီက သဘောတူတဲ့အတွက် ပြည်နယ် အဖွဲ့အစည်းဝင် ဥပဒေချုပ် တင်ပြတဲ့ ပုဒ်မ(၈၈)၊ မြို့နယ်ကော်မတီ (သို့မဟုတ်) မြို့နယ်ကော်မတီက တာဝန်လွှဲအပ်သော ပုဂ္ဂိုလ်သည် ဤဥပဒေအရ တရားစွဲတင်ပို့သည့် ပြစ်မှုတစ်ရပ်ရပ်နှင့် သက်ဆိုင်သောပစ္စည်းမှာလည်း တရားရုံးရှေ့တင်ပို့ရန် ပျက်စီး လွယ်သည့် (သို့မဟုတ်) ပုပ်သိုးလွယ်သည့်ပစ္စည်းဖြစ်ပါက ယင်းသက်သေခံပစ္စည်း အပေါ်စီမံခန့်ခွဲသည့် အမိန့်ချမှတ်နိုင်သည်။

ယင်းသို့စီမံခန့်ခွဲသည့် အမိန့်ချမှတ်ကြောင်း တရားရုံးသို့ အစီရင်ခံစာ တင်ရမည်ဆိုတဲ့စာသားသည် ဤဥပဒေ၏ အစိတ်အပိုင်း ဖြစ်ကြောင်း ကြေညာပါတယ်။ ဆက်လက်ပြီးတော့ အပိုဒ်(၂၁)နှင့် (၂၂)ပါ ဥပဒေပြုရေး ဆိုင်ရာကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက်ကို ပြည်နယ်အစိုးရအဖွဲ့ဝင်ကနေ သဘောတူတဲ့အတွက် အမှတ်စဉ် (၂၁)နှင့်(၂၂)ပါ ဥပဒေပြုရေး

ဆိုင်ရာ ကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက် စာသားသည် ဤဥပဒေ၏ အစိတ်အပိုင်း ဖြစ်ကြောင်း ကြေညာပါတယ်။

## ရှမ်းပြည်နယ်အစိုးရအဖွဲ့က ရှမ်းပြည်နယ်စည်ပင်သာယာရေးအဖွဲ့များ ဥပဒေကြမ်း တစ်ရပ်လုံးကို အတည်ပြုပေးရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေးရဲ့ (ပထမနေ့)မှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့က တင်သွင်းခဲ့သော ရှမ်းပြည်နယ်စည်ပင်သာယာရေးအဖွဲ့များ ဥပဒေကြမ်းကို အတည်ပြုနိုင်ရန်အတွက် အဆိုတင်သွင်းဖို့ဖြစ်ပါတယ်။ အဆိုတင်သွင်းဖို့ ပြည်နယ်အစိုးရ အဖွဲ့အား ဖိတ်ခေါ်ပါတယ်။

**ဦးမောင်မောင်၊ ဥပဒေချုပ်။** ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ စည်ပင်သာယာရေးဥပဒေကြမ်းကို အတည်ပြု တင်ပြအပ်ပါတယ်။ အတည်ပြုပေးရန် လွှတ်တော်ကိုတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ် စည်ပင်သာယာရေး အဖွဲ့များ ဥပဒေကြမ်းနှင့် စပ်လျဉ်းလို့ ဥပဒေပြုရေးဆိုင်ရာကော်မတီရဲ့ ပြင်ဆင်ရန် အဆိုပြုချက်များကို လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူပြီးဖြစ်ပါတယ်။



D/real(wide) (1



ယင်းသို့တင်ပြခြင်းကို တရားရုံးရှေ့သက်သေခံ ပစ္စည်း တင်ပြပေးသကဲ့သို့ မှတ်ယူကာ သက်ဆိုင်ရာ တရားရုံးက ဥပဒေနှင့်အညီ စီမံခန့်ခွဲနိုင်သည်ဟု ပြင်ဆင်ထားပါတယ်။ ဒါနဲ့ပတ်သက်လို့ ဥပဒေချုပ်အနေနှင့် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးမောင်မောင်၊ ဥပဒေချုပ်။** လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီပုဒ်မဟာ မူလရှိတဲ့ ပုဒ်မ၊ အပိုဒ်(၂၀)မှာ (၈၈)အဖြစ် ဖော်ပြထားတဲ့ပုဒ်မ၊ သက်သေခံပစ္စည်းဆိုတာက အင်မတန်မှ ကျယ်ဝန်းပါတယ်။ ခုနတုန်းက ဖမ်းဆီးရမိတဲ့ အေးခဲအမဲသားများနှင့် ပတ်သက်ပြီးဆိုလျှင် ဒီအေးခဲ အမဲသားများကို စီမံခန့်ခွဲမှုတစ်ခုလုပ်ပြီဆိုလျှင် ဒီအမဲသားကိုတင်လာတဲ့ ကား၊ ယာဉ်ပါ သက်သေခံပစ္စည်းလို့ ပြောလို့ရပါတယ်။

ဒါကြောင့်သက်သေခံပစ္စည်း အားလုံးကို အစီရင်ခံစာနှင့် တင်ပို့တယ်ဆိုတာက ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေ(၅၂၅)ပါ ပြဋ္ဌာန်းချက်နှင့် အနည်းငယ်ဆန့်ကျင်နေတဲ့အတွက် တစ်ခုလုံး ပုဒ်မ အသစ် အပိုဒ်အသစ်တစ်ရပ်အနေနှင့် တင်ပြပါတယ်။ ယခုလက်ရှိ တင်ပြထားတဲ့နေရာမှာ ဒီဟာကိုဘယ်လိုလုပ်နိုင်သလဲဆိုတာ ဖော်ပြမထားပါဘူး။ ဘယ်သူကလုပ်နိုင်တယ် ရတဲ့ဟာကို တင်ပြပါ့မယ်။ မြို့နယ်ကော်မတီကို လုပ်ပိုင်ခွင့် ပေးထားပါတယ်။ (သို့မဟုတ်) မြို့နယ်ကော်မတီက တာဝန်လွှဲအပ်သော ပုဂ္ဂိုလ်သည် ဤဥပဒေအရ တရားစွဲ တင်ပို့သည် ပြစ်မှုတစ်ရပ်ရပ်နှင့် သက်ဆိုင်သော ပစ္စည်းမှာလည်း တရားရုံးရှေ့တင်ပို့ရန် ပစ္စည်းပျက်စီးလွယ်သည့် (သို့မဟုတ်) ပုပ်သိုးလွယ်သည့် ပစ္စည်းဖြစ်ပါက ဆိုတဲ့စည်းကမ်းချက်ကို ထည့်သွင်းထားပါတယ်။

ပျက်စီးလွယ်မလား၊ ပုပ်သိုးလွယ်မလား အဲ့ဒီပစ္စည်းဆိုလျှင် တရားရုံးကိုမပို့တော့ဘူး မြို့နယ်ကော်မတီ မြို့နယ်ကော်မတီကနေ

ဒါကြောင့် တိုင်းဒေသကြီး(သို့မဟုတ်) ပြည်နယ်လွှတ်တော် ဆိုင်ရာ နည်းဥပဒေ ပုဒ်မ(၁၃၈)၊ နည်းဥပဒေခွဲ (က)အရ ဥပဒေကြမ်းတစ်ရပ်လုံးကို အတည်ပြုနိုင်ရန် လွှတ်တော်ရဲ့ အဆုံးအဖြတ်ကို ရယူပါမယ်။ လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ်စည်ပင်သာယာရေး ဥပဒေမူကြမ်း တစ်ရပ်လုံးကို ပြင်ဆင်ထားတဲ့အတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။ **[ သုံးကြိမ်တိုင်တိုင် မေးမြန်း ပါသည်။ လွှတ်တော်က သဘောတူပါသည်။ ]**

သဘောတူတဲ့အတွက် ရှမ်းပြည်နယ်စည်ပင်သာယာရေး ဥပဒေမူကြမ်းအား ပြင်ဆင်ထားတဲ့အတိုင်း ရှမ်းပြည်နယ် လွှတ်တော်က အတည်ပြုကြောင်းကြေညာပါတယ်။

## ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ မီးဘေးနှင့် သဘာဝဘေးအန္တရာယ်များ ကြိုတင်ကာကွယ်ရေး ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းပြင်ဆင်ချက်အဆိုများ တင်သွင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၁၀) ဖြစ်ပါတယ်။ ပြည်နယ် လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် သတ္တမပုံမှန် အစည်းအဝေးရဲ့ ပထမနေ့မှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော မီးဘေးနှင့် သဘာဝဘေးအန္တရာယ် များဆိုင်ရာ ကာကွယ်ရေး ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ အဆိုပြုပြဌာန်းချက်နှင့်





ဒီဥပဒေပြဌာန်းတဲ့ နေ့ရက်ကိုလည်း ဖော်ပြမထားပါဘူး။ ဒါကိုဥပဒေပြုကော်မတီကနေ ပြင်ဆင်အကြံပြုတဲ့ ရှမ်းပြည်နယ် လွှတ်တော် ဥပဒေအမှတ်နှင့် ဥပဒေကိုပြဌာန်းတဲ့ နေ့ရက်ကို ပြည့်ပြည့်စုံစုံဖော်ပြပေးတဲ့အတွက် ကျေးဇူးတင်ရှိပါတယ်။ ဒါကြောင့်မို့ ဖော်ပြထားတဲ့ဒီဖော်ပြချက်ဟာ အတည်ပြု သင့်ပါတယ်။ ဒီဥပဒေကြမ်း ကော်မတီက ပြင်ဆင်ရန် အကြံပြု ဇယားကို လွှတ်တော်ကနေ ကိုယ်စားလှယ်အသီးသီးကို ဖြန့်ဝေ ထားပြီး ဖြစ်တဲ့အတွက် အမှတ်စဉ်(၂)၊ အမှတ်စဉ်(၃)(၄)(၅)(၆)(၇) (၈)(၉)(၁၀)(၁၁)(၁၂)ထိ ဖော်ပြတဲ့ ပြင်ဆင်ရန် အကြံပြုတဲ့ ဖော်ပြချက်ကို အတည်ပြုသင့်ကြောင်း လေးစားစွာ တင်ပြအပ် ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ် အဖွဲ့အစည်းဝင်မှ အမှတ်စဉ်(၁)(၂)(၃)(၄)(၅)(၆)(၇)(၈)(၉)(၁၀)(၁၁)(၁၂) ထိ ဥပဒေပြုရေးဆိုင်ရာ ကော်မတီရဲ့ ပြင်ဆင်ချက်များကို သဘောတူတဲ့အတွက် ဥပဒေပြုရေးဆိုင်ရာ ကော်မတီ၏ ပြင်ဆင်ချက်များသည် ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

အမှတ်စဉ်(၁၃)ဖြစ်ပါတယ်။ စာမျက်နှာ(၇)၊ အပိုဒ်(၈) မူလအဆိုပြုချက်မှာ ကျန်း/ဆက် (ဃ) ဖော်ပြပါ စာသားအစား ဆိုပြီးတော့ ယင်းပုဒ်မစာသားကို ပြည်နယ်သဘာဝဘေးဆိုင်ရာ စာသားကို ပြည်နယ်စာရင်း စစ်ချုပ်ရုံးနှင့် ညှိနှိုင်းရေးဆွဲထားသော သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်ကာကွယ်ရေး လျာထားရန် ငွေများ သုံးစွဲမှုဆိုင်ရာ ဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ သုံးစွဲခြင်း စီမံခန့်ခွဲခြင်း၊ စစ်ဆေးမှုခံယူခြင်း ဟုပြင်ဆင်ထား ပါတယ်။

ဒါနဲ့ပတ်သက်လို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဥပဒေချုပ်မှ ရှင်းလင်းပေးဖို့ ဖြစ်ပါတယ်။

**ဦးမောင်မောင်၊ ဥပဒေချုပ်။** ကျွန်တော်တို့ ဥပဒေဆိုရိုးစကားတစ်ခု ရှိပါတယ်။ မည်သူမျှ မိမိတရားကို မစီရင်ရဘူးဆိုတာ ဥပဒေရဲ့မူဝါဒ တစ်ရပ်ဖြစ်ပါတယ်။ ဒီဟာက စာရင်းဇယားဆွဲတဲ့အခါမှာ ပြည်နယ် စာရင်းစစ်ချုပ်နှင့် ညှိနှိုင်းပြီး ဆွဲတယ်။ ဆွဲပြီးတော့ ဒီစာရင်းဇယားတွေကိုပဲ ပြည်နယ် စာရင်းစစ်ချုပ်ရုံးက စစ်မှာ ဖြစ်ပါတယ်။

ဒီလိုစစ်မယ့်ကိစ္စ၊ ညှိနှိုင်းပြီးဆောင်ရွက်ရမည့် ကိစ္စက တစ်ဖက်အဖွဲ့အစည်းမှာ ဒီလိုလုပ်လေ့ မရှိပါဘူး။ ဒါကြောင့် ဥပဒေ အနှစ်သာရကို ပျက်ပြားသွားစေနိုင်တဲ့အတွက် ပြည်နယ် စာရင်းစစ်ချုပ်ရုံးနှင့် ညှိနှိုင်းရေးဆွဲထားသောဆိုတဲ့ ကိစ္စကို ပယ်ဖျက်သင့်ပါတယ်။ ဖြစ်နိုင်လျှင် ပြည်နယ်သဘာဝဆိုင်ရာ ရန်ပုံငွေအပါအဝင်၊ လှူဒါန်းငွေအပါအဝင် ငွေများကို သုံးစွဲမှုဆိုင်ရာ ဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ သုံးစွဲခြင်း၊ စီမံခန့်ခွဲခြင်း၊ စစ်ဆေးမှု ခံယူခြင်း ပြင်ဆင်သင့်ပါကြောင်း တင်ပြအပ်ပါတယ်။ ရေးသား ထားတာကတော့ ဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ သုံးစွဲတယ်။ စီမံခန့်ခွဲတယ်၊ စစ်ဆေးမှုခံယူတယ် ဆိုတာ ဒါကြောင့်မို့ ပြည်နယ် စာရင်းစစ်ချုပ်နှင့် ညှိနှိုင်းရေးဆွဲထားသော ဆိုတဲ့ကိစ္စရပ်ကို ဖျက်ပြီးတော့ ကျန်တဲ့ အပိုဒ်ကို အတည်ပြုသင့်ကြောင်း တင်ပြအပ် ပါတယ်။

**ဥက္ကဋ္ဌ။** ဥပဒေပြုရေးဆိုင်ရာကော်မတီ ဆွေးနွေးဖို့ ရှိပါက ဆွေးနွေးဖို့ဖြစ်ပါတယ်။





ဥပဒေ ပြုရေးဆိုင်ရာ ကော်မတီ၏ ပြင်ဆင်ချက်အဆိုများအား လွှတ်တော်သို့ တစ်ခုချင်းတင်ပြသွားမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်မီးဘေးနှင့် သဘာဝဘေးအန္တရာယ်များ ကြိုတင်ကာကွယ်ရေး ဥပဒေမူကြမ်းအပေါ် ဥပဒေ ပြုရေးဆိုင်ရာ ကော်မတီပြင်ဆင်ရန် အကြံပြုချက်ဇယားဖြစ်ပါတယ်။ အမှတ်စဉ် အားဖြင့် (၁)ကနေ အားလုံး(၂၇)ထိ ပါရှိပါတယ်။ ဒါကြောင့်အမှတ်စဉ် (၁)ကနေစပြီးတော့ ကျွန်တော့်အနေနှင့် (၁)ပိုဒ်ခြင်း အတည်ပြုချက် ရယူသွားမှာဖြစ်ပါတယ်။

(၁) မူလအဆိုပြုချက်မှာ ရှမ်းပြည်နယ် မီးဘေးနှင့် သဘာဝဘေးအန္တရာယ်များ ကြိုတင်ကာကွယ်ရေး ဥပဒေဆိုတဲ့ စာသားကို ဥပဒေပြုရေးဆိုင်ရာ ကော်မတီက (ရှမ်းပြည်နယ် မီးဘေးနှင့်သဘာဝ ဘေးအန္တရာယ်များ ကြိုတင်ကာကွယ်ရေး ဥပဒေ၊ ၂၀၁၃ခုနှစ် ရှမ်းပြည်နယ် လွှတ်တော်ဥပဒေ အမှတ်- )ဆိုပြီးတော့ ပြင်ဆင်ထားပါတယ်။

ဒါနဲ့ပတ်သက်လို့ ပြည်နယ်အဖွဲ့အစည်းဝင် ဥပဒေချုပ်မှ ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးမောင်မောင်၊ ဥပဒေချုပ်။** လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မူလအဆိုပြုတဲ့ ဥပဒေကြမ်းမှာ (ရှမ်းပြည်နယ်မီးဘေးနှင့် သဘာဝဘေးအန္တရာယ် ကြိုတင် ကာကွယ်ရေး ဥပဒေဆိုပြီး ဖော်ပြပြီးတော့ ရှမ်းပြည်နယ်ကနေ လွှတ်တော်အမှတ်- )၊ ဥပဒေများတဲ့အတွက် သီးခြားဖြစ်အောင် ၂၀၁၃ ခုနှစ် အမှတ်ဆိုတဲ့ဟာကို ဖော်ပြမထားပါဘူး။

**ဥပဒေပြုရေးဆိုင်ရာကော်မတီ။** ဥက္ကဋ္ဌကြီးခင်ဗျား။ နဂိုမူလ ဥပဒေကြမ်းမှာ ပြည်နယ် သဘာဝဘေးအန္တရာယ် ဆိုင်ရာ ရန်ပုံငွေကို ပြည်နယ်စာရင်းစစ်ချုပ်ရုံးနှင့် ညှိနှိုင်းရေးဆွဲထားသော သဘာဝဘေး အန္တရာယ် ဆိုင်ရာလို့ ဖော်ပြထားတာဖြစ်တဲ့အတွက် သက်ဆိုင်ရာဌာနရဲ့ သုံးရင်းစကားဟု ယူဆပြီးတော့ ကွဲလွဲမှု မရှိအောင် ဒီလိုအခြေခံပြီးတော့ ပြင်ဆင်ထားတာလည်းပဲ ပြည်နယ်စာရင်းစစ်ချုပ်ရုံးနှင့် ညှိနှိုင်းရေးဆွဲထားသော ဆိုတဲ့ စာသားရေးထားခြင်းဖြစ်ပါတယ်။ တခြားတော့ ရှင်းလင်းစရာ မရှိပါဘူး။

**ဥက္ကဋ္ဌ။** ဥပဒေချုပ်အဆိုပြုတဲ့ ပြည်နယ် စာရင်းစစ်ချုပ်နှင့် ညှိနှိုင်းရေးဆွဲထားသော ဆိုတဲ့ စာသားကို ပယ်ဖို့အတွက် သဘောတူပါသလား။ ဥပဒေပြုရေးဆိုင်ရာ ကော်မတီရဲ့ ပြင်ဆင်ချက်မှာ ပြည်နယ်သဘာဝဘေးဆိုင်ရာ ရန်ပုံငွေကို ပြည်နယ်စာရင်းစစ်ချုပ်နှင့် ညှိနှိုင်းရေးဆွဲထားသော သဘာဝဘေး အန္တရာယ် ကြိုတင်ကာကွယ်စောင့်ရှောက်ရေး လျှုဒါန်းငွေများ သုံးစွဲမှုဆိုင်ရာ ဘဏ္ဍာရေးစည်းမျဉ်းများနှင့် အညီ သုံးစွဲခြင်း၊ စီမံခန့်ခွဲခြင်း၊ စစ်ဆေးမှုခံယူခြင်းဟု ပြင်ဆင်ထားပြီးတော့ ပြည်နယ်အစိုးရအဖွဲ့ဝင် ဥပဒေချုပ်ကနေ ပြည်နယ်စာရင်းစစ်ချုပ်နှင့် ညှိနှိုင်းရေးဆွဲထားသော စာသားကိုဖြုတ်ထားပါတယ်။

ဒါကြောင့်ကျွန်တော့်အနေနှင့် ဒီဟာနှင့်ပတ်သက်ပြီး လွှတ်တော်ရဲ့ဆန္ဒကို ရယူပါ့မယ်။ ဒါကြောင့်မို့ ယင်းပုဒ်မစာသားကို ပြည်နယ်သဘာဝဘေးဆိုင်ရာရန်ပုံငွေကို ပြည်နယ်စာရင်းစစ်ချုပ်ရုံး နှင့် ညှိနှိုင်းရေးဆွဲထားသော သဘာဝဘေးအန္တရာယ် ကာကွယ်စောင့်ရှောက်ရေး လျှုဒါန်းငွေများသုံးစွဲမှုဆိုင်ရာ ဘဏ္ဍာရေး စည်းမျဉ်းများနှင့်အညီ သုံးစွဲခြင်း၊ စီမံခန့်ခွဲခြင်း၊





သုံးစွဲခြင်း စီမံခန့်ခွဲခြင်း၊ စစ်ဆေးမှုခံယူခြင်းဆိုတဲ့ စာသားဟာ ဤဥပဒေရဲ့ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

**ဦးမောင်မောင်၊ ဥပဒေချုပ်။** ဆက်လက်ပြီးတော့ အပိုဒ်(၁၄)၊ (၁၅)၊ (၁၆)၊ (၁၇)၊ (၁၈)၊ (၁၉)၊ (၂၀)၊ (၂၁)၊ (၂၂) သက်ဆိုင်ရာ ဥပဒေပြုရေးကော်မတီက တင်ပြထားတဲ့ ပြင်ဆင်ရန်အကြံပြုချက်များဟာ ဥပဒေတစ်ရပ်အနေနှင့် ရှိသင့်ရှိအပ်တဲ့ ပြင်ဆင်ချက်များ ဖြစ်တာကြောင့် လက်ခံ သင့်ကြောင်း တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမှတ်စဉ် (၁၄)၊ (၁၅)၊ (၁၆)၊ (၁၇)၊ (၁၈)၊ (၁၉)၊ (၂၀)၊ (၂၁)၊ (၂၂)ပါဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်ကို သဘောတူတဲ့အတွက် ၎င်းအပိုဒ်များပါ ပြင်ဆင်ချက်များသည် ဤဥပဒေ၏အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာအပ်ပါတယ်။

အမှတ်စဉ်(၂၃)ဖြစ်ပါတယ်။ စာမျက်နှာ(၁၈)၊ အပိုဒ်(၄၀) ကျန်း/ပုဒ်မ(၄၀)ကို အထက်၌ နောက်ပိုင်းတွင် ပြင်/၄၁အဖြစ် ဆက်လက်ဖော်ပြမည်ဟု ပြင်ဆင်ချက်ကို ဥပဒေပြုရေးဆိုင်ရာ ကော်မတီက (၄၁)ဤဥပဒေ ပြဋ္ဌာန်းချက်များကို အကောင် အထည်ဖော် ဆောင်ရွက်နိုင်ရန်-

(က) အစိုးရအဖွဲ့ ဝန်ကြီးသည် နည်းဥပဒေ စည်းမျဉ်းနှင့် စည်းကမ်းများကို ထုတ်ပြန်နိုင်သည်။

(ခ) ပြည်နယ်ဦးစီးဌာနမှူးသည် လိုအပ်သော အမိန့်ကြေညာစာအမိန့် ညွှန်ကြားချက်များနှင့် လုပ်ထုံး လုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

ဟု ပြင်ဆင်ထားပါတယ်။

ဒါနဲ့ပတ်သက်ပြီး ပြည်နယ်အစိုးရအဖွဲ့ဝင်က ဆွေးနွေးပေးဖို့ဖြစ်ပါတယ်။

**ဦးမောင်မောင်၊ ဥပဒေချုပ်။** ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ (၄၁)(က)မှာ အစိုးရအဖွဲ့ဝန်ကြီးဆိုပြီးဖော်ပြပါသည်။ အဲ့တော့အစိုးရမှာ အဖွဲ့ဝင်ဖြစ်ပါတယ်။ ဝန်ကြီးက (၉)ပါး ဆိုတော့ (၉)ယောက်ရှိပါတယ်။ ဒါကြောင့်မို့ အစိုးရအဖွဲ့ဝင် သက်ဆိုင်ရာဝန်ကြီး ဆိုပြီးတော့ ဝန်နှင့် သက်ဆိုင်ရာကိုစာသားကျနေတဲ့ အတွက်ကြောင့် အဲ့ဒါကိုကျွန်တော် ထည့်သွင်းဖော်ပြထားတာဖြစ်ပါတယ်။

ထပ်မံတင်ပြပါမယ်။ အစိုးရအဖွဲ့ဝင် သက်ဆိုင်ရာဝန်ကြီးသည် ဝန်နှင့်သက်ဆိုင်ရာကို စာကျနေတဲ့အတွက် ပြန်လည်ဖြည့်တင်းတာဖြစ်ပါတယ်။ ပြင်ဆင်ရန်အကြံပြုချက်ကို လွှတ်တော်မှ အတည်ပြုသင့်ကြောင်း တင်ပြအပ်ပါတယ်။ တစ်ဆက်တည်းပဲ အမှတ်စဉ်(၂၄)၊ (၂၅)၊ (၂၆)၊ (၂၇) ပါပြင်ဆင်ရန် အကြံပြုချက်များမှာ ဥပဒေတစ်ရပ် အနေနှင့် လိုအပ်တဲ့ပြင်ဆင်မှုများ ဖြစ်တဲ့အတွက်ကြောင့် အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** အမှတ်စဉ်(၂၃)နှင့် ပတ်သက်လို့ ဥပဒေပြုရေးဆိုင်ရာ ကော်မတီက ဆွေးနွေးဖို့ ဖြစ်ပါတယ်။ အမှတ်စဉ်(၂၃)၊ (၄၁)ဤဥပဒေပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်

(က) အစိုးရအဖွဲ့ဝင် သက်ဆိုင်ရာဝန်ကြီးများသည် ဤဥပဒေစည်းမျဉ်းနှင့် စည်းကမ်းများကို ထုတ်ပြန်နိုင်သည်။



D/real(wide) (1



စစ်ဆေးမှုခံယူခြင်း ပြင်ထားတဲ့ဟာတွေ ပြည်နယ် စာရင်းစစ်ချုပ်ရုံးနှင့် ညှိနှိုင်းရေးဆွဲထားသော စာသားပါတဲ့ ဥပဒေပြုရေးဆိုင်ရာကော်မတီရဲ့ ပြင်ဆင်ချက်ကို သဘောတူလျှင် မိမိနေရာမှာ မတ်တပ်ရပ် ဆန္ဒပြုဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းနော်ခမ်း၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။** လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နှစ်ခုလုံးမှာ မှားယွင်းနေတာကို အကြံပြုဆွေးနွေးလိုပါတယ်။ ယခင်ဥပဒေထဲမှာလည်း ပြည်နယ်စာရင်းစစ်ချုပ်ရုံးနှင့် ညှိနှိုင်းရေးဆွဲထားသောစာလုံးပါတယ်။ ယခုဥပဒေချုပ်ကြီး ပြန်လည်တင်ပြတဲ့ထဲမှာလည်း ပြည်နယ်စာရင်းစစ်ချုပ်ရုံးနှင့် ညှိနှိုင်းရေးဆွဲထားသော စာလုံးကို နှစ်ဘက်စလုံးမှာ ပယ်ဖျက်ပေးမှ ရပါလိမ့်မယ်ခင်ဗျာ။

ပြင်ဆင်ချက်ကိုဘဲ ပယ်ဖျက်လိုက်မည်ဆိုလျှင် နဂိုဥပဒေကို အတည်ပြုတဲ့အတိုင်း ဖြစ်တဲ့အတွက် နဂိုဥပဒေမှာကျတော့ ဥပဒေကြမ်းမှာ ပြည်နယ်စာရင်းစစ်ချုပ်ရုံးနှင့် ညှိနှိုင်းရေးဆွဲထားတာ ပြန်ပါမှာ ဖြစ်တဲ့အတွက် နဂိုဥပဒေပြင်ဆင်ချက်ကိုရော နှစ်ခုစလုံး ဖျက်ပေးမှရပါမယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** အဲဒီလိုဆိုလျှင် လွှတ်တော်ရဲ့ဆန္ဒကို နောက်တစ်ကြိမ်ပြန် ခံယူပါ့မယ်။ ပြည်နယ်စာရင်း စစ်ချုပ်ရုံးနှင့် ညှိနှိုင်းရေးဆွဲထားသော စာသားကို ပယ်မည်ဆိုလျှင် စာသားပယ်တဲ့အတွက် သဘောတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များ မိမိနေရာမှာ မတ်တပ်ရပ်ဖို့ဖြစ်ပါတယ်။

ဒါကြောင့်အမှတ်စဉ်(၁၃)ပါ ပြည်နယ်သဘာဝဘေးဆိုင်ရာ ရန်ပုံငွေကို သဘာဝဘေးအန္တရာယ် ကာကွယ် စောင့်ရှောက်ရေး လှူဒါန်းငွေများ သုံးစွဲရေးဆိုင်ရာ ဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ

(ခ) ပြည်နယ်ဦးစီးဌာနမှူးသည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

ဆိုတဲ့စာသားသည် ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။ တစ်ဆက်တည်းမှာပဲ ဆက်လက်ပြီးတော့ အမှတ်စဉ်(၂၄)၊ (၂၅)၊ (၂၆)၊ (၂၇)ပါစာသားများကို ပြည်နယ်အစိုးရအဖွဲ့က သဘောတူတဲ့ အတွက် ၎င်းအမှတ်စဉ်ပါ စာသားများသည် ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

## ရှမ်းပြည်နယ်အစိုးရအဖွဲ့က မီးဘေးနှင့် သဘာဝဘေးအန္တရာယ်များ ကြိုတင်ကာကွယ်ရေး ဥပဒေကြမ်းတစ်ရပ်လုံးကို အတည်ပြုပေးရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် သတ္တမပုံမှန်အစည်းအဝေးရဲ့ ပထမနေ့မှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့က တင်သွင်းခဲ့သော မီးဘေးနှင့် သဘာဝဘေးအန္တရာယ်များ ကြိုတင်ကာကွယ်ရေး ဥပဒေကြမ်းကို အတည်ပြုရန်အတွက် သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့မှ အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။





## ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ သဘာဝမြေဩဇာများ စနစ်တကျထုတ်လုပ်သုံးစွဲရေး ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းပြင်ဆင်ချက်အဆိုများ တင်သွင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း

**ဥက္ကဋ္ဌ။** အစီအစဉ် (၁၂)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ရှမ်းပြည်နယ်သတ္တမပုံမှန်အစည်းအဝေး ပထမနေ့မှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့က တင်သွင်းခဲ့သော သဘာဝမြေဩဇာများ စနစ်တကျ ထုတ်လုပ်သုံးစွဲရေး ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့ အဆိုပြုပြဋ္ဌာန်းချက်နှင့် ဥပဒေပြုရေးဆိုင်ရာ ကော်မတီ၏ ပြင်ဆင်ချက်ဇယားများကို တစ်ခုချင်း လွှတ်တော်ရဲ့ ဆန္ဒကို ရယူသွားမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ် သဘာဝ မြေဩဇာများစနစ်တကျ ထုတ်လုပ်သုံးစွဲရေး ဥပဒေမူကြမ်းအပေါ် ဥပဒေပြုရေးဆိုင်ရာ ကော်မတီ၏ ပြင်ဆင်အကြံပြုချက်ဇယား ဖြစ်ပါတယ်။ အမှတ်စဉ်(၁)ကနေ စပြီးတော့ (၁၇)ထိ ပါရှိပါတယ်။ ကျွန်တော့်အနေနဲ့ အမှတ်စဉ်(၁)ကနေ စပြီးတော့တင်ပြပါ့မယ်။

(၁) အဆိုပြုပြဋ္ဌာန်းချက်မှာ ရှမ်းပြည်နယ် သဘာဝမြေဩဇာများ စနစ်တကျထုတ်လုပ်သုံးစွဲရေး ဥပဒေ အဲ့ဒီမှာ ဥပဒေပြုရေးဆိုင်ရာကော်မတီက စံနစ်ဟု မရေးဘဲ စနစ်ဟုရေးရပါမည်။ အောက်တွင် ဆက်လက်၍ ဥပဒေပြဋ္ဌာန်း ခုနှစ်၊ အမှတ် မြန်မာခရစ်နှစ် ရက် ဖော်ပြရပါမည်။

ရှမ်းပြည်နယ် သဘာဝမြေသြဇာများ စနစ်တကျ ထုတ်လုပ်သုံးစွဲရေး ဥပဒေ ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ် လွှတ်တော်ဥပဒေအမှတ် ၁၃၇၅၊ ဝါခေါင်လပြည့်ကျော် ၁၄ ရက်၊ ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၄ ရက်နေ့

ဟု ဥပဒေပြုရေးဆိုင်ရာ ကော်မတီက အဆိုပြုထားပါတယ်။ ဒါနဲ့စပ်လျဉ်းပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးက ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းဆာလူ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေပြုရေးဆိုင်ရာကော်မတီရဲ့ ပြင်ဆင်ချက်ဖြစ်တဲ့ ရှမ်းပြည်နယ် သဘာဝမြေသြဇာများ စနစ်တကျ ထုတ်လုပ်သုံးစွဲရေး ဥပဒေမူကြမ်းကို ကျွန်တော့်အနေနဲ့ နည်းနည်း ပြင်လိုပါတယ်။

ကျွန်တော်တို့ ပြဋ္ဌာန်းတာကတော့ သဘာဝမြေသြဇာ ထုတ်လုပ်တဲ့သူကို အဓိကထိန်းသိမ်းချင်တာ ဖြစ်ပါတယ်။ ဒီဥပဒေအရ ရှမ်းပြည်နယ်သဘာဝမြေသြဇာ စနစ်တကျ ထုတ်လုပ်သုံးစွဲရေးကို စိုက်ပျိုးသူတောင်သူ လယ်သမားများကို အရေးယူမယ့်သဘော ဖြစ်နေပါတယ်။ အဲ့ဒါကြောင့် ရှမ်းပြည်နယ် သဘာဝမြေသြဇာများ စနစ်တကျ ထုတ်လုပ်သုံးစွဲရေး ဥပဒေမူကြမ်းကို ပြန်လည်ပြင်ဆင်ပေးပါရန် တင်ပြလိုပါတယ်။

ကျန်စာသားတွေကတော့ ဖြစ်သင့်ဖြစ်ထိုက်တဲ့ စာသားတွေ ဖြစ်တဲ့အတွက် သဘောတူပါတယ်။



D/real(wide) (1



**ဦးမောင်မောင်၊ ဥပဒေချုပ်။** မီးဘေးနှင့် သဘာဝဘေးအန္တရာယ်များ ကြိုတင်ကာကွယ်ရေး ဥပဒေကြမ်းကို ဥပဒေအဖြစ် တစ်ရပ်လုံးအတည်ပြုပေးရန် အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မီးဘေးနှင့် သဘာဝဘေးအန္တရာယ်များ ကြိုတင်ကာကွယ်ရေး ဥပဒေကြမ်းနှင့် စပ်လျဉ်းလို့ ဥပဒေပြုရေးဆိုင်ရာကော်မတီရဲ့ ပြင်ဆင်ရန် အဆိုပြုချက်များကို လွှတ်တော်ရဲ့ အဆုံးအဖြတ်ရယူပြီး ဖြစ်ပါတယ်။ ဒါကြောင့် တိုင်းဒေသကြီး(သို့မဟုတ်) ပြည်နယ်လွှတ်တော် ဆိုင်ရာ နည်းဥပဒေပုဒ်မ (၁၃၈)၊ နည်းဥပဒေခွဲ (က)အရ ဥပဒေကြမ်းတစ်ရပ်လုံးကို အတည်ပြုနိုင်ရန်အတွက် လွှတ်တော်ရဲ့ အဆုံးအဖြတ်ကို ရယူပါမယ်။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မီးဘေးနှင့် သဘာဝဘေးအန္တရာယ်များ ကြိုတင်ကာကွယ်ရေး ဥပဒေကြမ်း တစ်ရပ်လုံးကို ပြင်ဆင်ထားတဲ့အတိုင်း အတည်ပြုရန် သဘောတူပါသလားခင်ဗျား။

**[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။ ]**

သဘောတူတဲ့အတွက် မီးဘေးနှင့် သဘာဝဘေးအန္တရာယ်များ ကြိုတင်ကာကွယ်ရေး ဥပဒေကြမ်းအား ပြင်ဆင်ထားတဲ့အတိုင်း ရှမ်းပြည်နယ် လွှတ်တော်ကအတည်ပြုကြောင်း ကြေညာပါတယ်။ ဥပဒေချုပ် ပြန်လည်ထွက်ခွာလို့ ရပါပြီ။

**ဥက္ကဋ္ဌ။** အဆိုပြုပြဋ္ဌာန်းချက်မှာ ရှမ်းပြည်နယ် သဘာဝမြေသြဇာများ စနစ်တကျ ထုတ်လုပ်သုံးစွဲရေး ဥပဒေ၊ အဲ့ဒီမှာပြင်ထားတာကတော့ စားလုံးပေါင်းမှားနေပါတယ်။ စံနစ်လို့မရေးဘဲနဲ့ စနစ် လို့ရေးဖို့အတွက် ဥပဒေကြမ်းကော်မတီက လိုသွားပါတယ်။ စံနစ်ကို စနစ်ပြင်ဖို့သဘောတူပါတယ်။

သဘောတူတဲ့ ဥပဒေနာမည်ကတော့ ရှမ်းပြည်နယ် သဘာဝမြေသြဇာများ စနစ်တကျထုတ်လုပ်သုံးစွဲရေး ဥပဒေ ဖြစ်ပါတယ်။ ဥပဒေပြုရေးကော်မတီ ဆွေးနွေးဖို့ရှိလျှင် ဆွေးနွေးပါ။ ဒါကြောင့်မို့ ရှမ်းပြည်နယ်သဘာဝ မြေသြဇာများ စနစ်တကျ ထုတ်လုပ်သုံးစွဲရေး ဥပဒေဆိုတဲ့ဟာသည် ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

အမှတ်စဉ်(၂)၊ စာမျက်နှာ(၁)(၂) စကားရပ် အဓိပ္ပါယ်ဖွင့်ဆိုချက် ထိပ်စည်းရှိ စကားရပ်များအားလုံး ဆိုတဲ့စာသားအစားစာလုံး **Bold** တင်၍ ထင်ရှားအောင် ဖော်ပြပြီးရိုက်သင့်ပါသည်။ ဒါလည်းဆွေးနွေးပေးပါ။ ပြည်နယ်အစိုးရအဖွဲ့က ဖြစ်ပါတယ်။

**ဦးစိုင်းဆာလူ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး။**
ရှမ်းပြည်နယ် သဘာဝ မြေသြဇာ များစနစ်တကျထုတ်လုပ်သုံးစွဲရေး ဥပဒေမူကြမ်းအပေါ် ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင် အကြံပြုချက်ဇယားအား သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များထံသို့ ဖြန့်ဝေပေးထားပြီး ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ အမှတ်စဉ် (၂)မှ ၊ (၁၇)ထိက ပြင်ဆင်သင့်တဲ့ ကိစ္စရပ်များဖြစ်တဲ့အတွက် ပြင်ဆင်သင့်တဲ့ အစိတ်အပိုင်းဖြစ်ကြောင်း တင်ပြအပ်ပါတယ်။





**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဆက်လက်ပြီးတော့ အမှတ်စဉ်(၁၅) မှ(၁၇)ပါ ပြင်ဆင်ချက်များကို ပြည်နယ်အစိုးရအဖွဲ့မှ သဘောတူတဲ့အတွက် အမှတ်စဉ်(၁၅)မှ (၁၇)ပါ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်စာသားများသည် ဤဥပဒေ၏ အစိတ်အပိုင်း ဖြစ်ကြောင်း ကြေညာပါတယ်။

## ရှမ်းပြည်နယ်အစိုးရအဖွဲ့က သဘာဝမြေသြဇာများ စနစ်တကျထုတ်လုပ်သုံးစွဲရေး ဥပဒေကြမ်းတစ်ရပ်လုံးကို အတည်ပြုပေးရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၁၃)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် သတ္တမပုံမှန်အစည်းအဝေးရဲ့ (ပထမ)နေ့မှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့က တင်သွင်းခဲ့သော သဘာဝမြေသြဇာများ စနစ်တကျထုတ်လုပ်သုံးစွဲရေး ဥပဒေကြမ်းကို အတည်ပြုရန်အတွက် အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။ သက်ဆိုင်ရာပြည်နယ်အဖွဲ့အစည်းဝင်မှ အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းဆာလူ၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်အစိုးရအဖွဲ့က သဘာဝမြေသြဇာများ စနစ်တကျထုတ်လုပ်သုံးစွဲရေး ဥပဒေကြမ်းအား ပြင်ဆင်အတည်ပြုပြီးဖြစ်ပါ၍ ဥပဒေကြမ်း

တစ်ခုလုံးကို အတည်ပြုပေးပါရန် အဆိုတင်သွင်းအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ သဘာဝမြေဩဇာများ စနစ်တကျ ထုတ်လုပ်သုံးစွဲရေး ဥပဒေကြမ်းနှင့် စပ်လျဉ်းလို့ ဥပဒေပြုရေးဆိုင်ရာကော်မတီရဲ့ ပြင်ဆင်ရန် အဆိုပြုချက်များကို လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူပြီးဖြစ်ပါတယ်။

ဒါကြောင့်တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်လွှတ်တော် ဆိုင်ရာ နည်းဥပဒေပုဒ်မ(၁၃၈)၊ နည်းဥပဒေခွဲ(က)အရ ဥပဒေကြမ်း တစ်ရပ်လုံးကို အတည်ပြုနိုင်ရန် လွှတ်တော်ရဲ့အဆုံးအဖြတ်ကို ရယူပါမယ်။ သဘာဝမြေဩဇာများ စနစ်တကျထုတ်လုပ်သုံးစွဲရေး ဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားတဲ့အတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။ **[ သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။ ]**

သဘောတူတဲ့အတွက် သဘာဝမြေဩဇာများ စနစ်တကျ ထုတ်လုပ်သုံးစွဲရေး ဥပဒေကြမ်းအား ပြင်ဆင်ထားတဲ့အတိုင်း ရှမ်းပြည်နယ်လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။





**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဇယားပါ အမှတ်စဉ်(၂)မှ (၁၄)အထိပါ ဖြစ်ပါတယ်။ အဲ့ဒီအမှတ်စဉ်ပါ ဥပဒေပြုရေးဆိုင်ရာ ကော်မတီ ပြင်ဆင်ချက်များကို သဘောတူတဲ့အတွက် ဇယားပါစာသားများသည် ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

အမှတ်စဉ်(၁၅)ဖြစ်ပါတယ်။ စာမျက်နှာ (၈)၊ အဆိုပြု ပြဋ္ဌာန်းချက် မှာ ယခင်ပုဒ်မ(၄၂)ယခု ပုဒ်မ(၄၄) ဤဥပဒေအရ ပြစ်မှုများတွင် သဘာဝမြေဩဇာနှင့်စပ်လျဉ်း၍ ပြည်နယ်စိုက်ပျိုးရေး ဦးစီးဌာန၏ ဓါတ်ခွဲစမ်းသပ် တွေ့ရှိချက် အစီရင်ခံစာကို ပြစ်မှုအတွက် သက်သေခံချက်အဖြစ် ထည့်သွင်း စဉ်းစားနိုင်သည်ဆိုပြီးတော့ ပြဋ္ဌာန်း ချက်မှာပါပြီးတော့မှ ပြင်ဆင်ချက်မှာကတော့ ယခုပုဒ်မ(၄၄)၊ ဤဥပဒေအရ စွဲဆိုသော ပြစ်မှုများတွင် သဘာဝ မြေဩဇာနှင့် စပ်လျဉ်း၍ ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန၏ ဓါတ်ခွဲစမ်းသပ် တွေ့ရှိချက် အစီရင်ခံစာကို ပြစ်မှုသက်သေခံချက် အထောက်အထား ဖြစ်စေရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒါနဲ့စပ်လျဉ်းပြီး ရှမ်းပြည်နယ်အစိုးရ အဖွဲ့ဝင်မှ ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းဆာလူ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေပြုရေးရာကော်မတီက အဆိုပြုတင်ပြတဲ့ ပြင်ဆင်ရန်အဆိုပြုချက်များ အမှတ်စဉ်(၁၅)မှ (၁၇)သုံးခုစလုံး သဘောတူပါကြောင်း တင်ပြအပ်ပါတယ်။

## ဦးစိုင်းခမ်းကျော်၊ ကျောက်မဲမြို့နယ် မဲဆန္ဒနယ်အမှတ် (၁)၏ " ရှမ်းပြည်နယ်အတွင်း ဖမ်းဆီးရသည့် သစ်ခွဲသား ရောင်းရငွေများကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေအဖြစ် ပေးသွင်းနိုင်ရန် " အဆိုကို လွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးခြင်း။

**ဥက္ကဋ္ဌ။** အမှတ်စဉ်(၁၄) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးစိုင်းခမ်းကျော်၊ ကျောက်မဲမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ ရှမ်းပြည်နယ်အတွင်းဖမ်းဆီးရသည့် သစ်ခွဲသားများ ရောင်းရငွေများကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေအဖြစ် ပေးသွင်းနိုင်ရန် အဆိုနှင့်စပ်လျဉ်းပြီး ဆွေးနွေးဖို့အတွက် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက အမည်စာရင်းပေးသွင်းထားပါတယ်။

ယခုအဆိုကိုဆွေးနွေးဖို့ နမ့်ခမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းတင်ဦးကို ဖိတ်ခေါ်ပါတယ်။

**ဦးစိုင်းတင်ဦး၊ နမ့်ခမ်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံးကို ဘေးဘယာဝေးကွာပြီး ရွှင်လန်းချမ်းမြေ့ကြပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ နမ့်ခမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းတင်ဦး ဖြစ်ပါတယ်။





လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မနေ့က ပြည်ထောင်စုရုံးဝန်ကြီးများနှင့် တွေ့ဆုံရာတွင်လည်း ပြည်ထောင်စုနှင့် ပြည်နယ် လုပ်ပိုင်ခွင့်များကို ပြန်လည်ညှိနှိုင်းဖို့လိုကြောင်း ကိုယ့်အမြင် ကိုယ့်ရှုထောင့်များ ရှိနေပါလျှင်လည်း ဘတ်ဂျတ်များကို လုပ်ငန်းကဏ္ဍအလိုက် ခွဲဝေပေးနိုင်မှုတို့ကို ပေါင်းစပ်လုပ်ကိုင်ဖို့လိုကြောင်း မိန့်မှာကြားသွားခဲ့ပါတယ်။ ကျွန်တော်တို့ရဲ့ ရှမ်းပြည်နယ် မြေဧရိယာကျယ်ဝန်းပြီး သစ်တောဧရိယာမြောက်မြားစွာရှိတဲ့ ပြည်နယ် တစ်ခုဖြစ်တဲ့အတွက် သစ်တောထွက်ပစ္စည်းများလည်း အလွန်ပေါများတဲ့ ပြည်နယ်တစ်ခုဖြစ်ပါတယ်။

နိုင်ငံတော်သမ္မတမိန့်ခွန်းထဲမှာ ဗဟိုချုပ်ကိုင်မှု လျှော့ချပြီး တိုင်းဒေသကြီး ပြည်နယ်အစိုးရအဖွဲ့များကို လုပ်ပိုင်ခွင့်တော်တော်များများပေးထားတာကို တွေ့နေရပါတယ်။ ပြည်နယ်လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်ရှိမှသာလျှင် ပြည်နယ်အကျိုးအတွက် ပြည်နယ်ရဲ့ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆထက်တပိုး ထမ်းပိုးနိုင်ဖို့လည်း အထောက်အကူ ဖြစ်စေမှာ ဖြစ်ပါတယ်။ ပြည်ထောင်စုအစိုးရကို စီမံခန့်ခွဲမှုအတွက် ဖြေလျှော့စေနိုင်ပြီး ပြည်နယ်အတွက် ရပ်တည် မှုကိုခိုင်မာစေမှာ ဖြစ်ပါတယ်။

သစ်ထုတ်လုပ်မှုကြောင့် အမှန်တကယ်ထိခိုက်နစ်နာဆုံးရှုံးနေရသည်မှာ ဒေသခံပြည်သူလူထုများပင် ဖြစ်ပါတယ်။ ဒေသခံပြည်သူလူထုများအကျိုးအတွက် ဖွံ့ဖြိုးတိုးတက်မှုနှင့် လူနေမှုဘဝ သဘာဝပတ်ဝန်းကျင် ဆုတ်ယုတ်မှုတို့ကို ပြန်လည်ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မှုနှင့် သစ်ခိုးထုတ်မှုတို့ကို ကာကွယ်နိုင်ဖို့အတွက် အမှန်တကယ် ထိတွေ့ဆောလျင်စွာ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ဖို့မှာ အနီးစပ်ဆုံး ဆက်စပ်မှုနှင့် ထိတွေ့မှုအများဆုံးသည် ပြည်နယ်အစိုးရအဖွဲ့ဝင်များသာဖြစ်ပါတယ်။



D/real(wide) (1

ဒါကြောင့်ဖမ်းဆီးရရှိရန်ပုံငွေကို ပြည်နယ်အစိုးရ၏ ဘဏ္ဍာတော်ရန်ပုံငွေ အဖြစ်ပေးသွင်းသင့် ပါတယ်ခင်ဗျား။ သို့ဖြစ်ပါ၍ ကျောက်မဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းခမ်းကျော် တင်သွင်းသော ရှမ်းပြည်နယ်အတွင်း ဖမ်းဆီးရမိသော သစ်ခွဲသား ရောင်းရငွေများကို ရှမ်းပြည်နယ်အစိုးရ၏ ဘဏ္ဍာရန်ပုံငွေအဖြစ် ပေးသွင်းရန်အဆိုကို လေးလေးနက်နက် ထောက်ခံဆွေးနွေး တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူး တင်ပါတယ်။

## အဆိုနှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဆွေးနွေးရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

**ဥက္ကဋ္ဌ။** အဆိုနှင့်စပ်လျဉ်းပြီး ပြည်နယ်အစိုးရအဖွဲ့ဝင် သက်ဆိုင်ရာဝန်ကြီးက ရှင်းလင်းဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းအိုက်ပေါင်း၊ သစ်တောနှင့်သတ္တုဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေလို့ ဆုတောင်းမေတ္တာ ပို့သရင်း ဂါရဝပြုအပ်ပါတယ်။

ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် သစ်တောနှင့်သတ္တုဝန်ကြီး ဦးစိုင်းအိုက်ပေါင်းဖြစ်ပါတယ်။ ကျောက်မဲမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁) ဦးစိုင်းခမ်းကျော် တင်သွင်းသည့် ရှမ်းပြည်နယ်အတွင်း ဖမ်းဆီးရမိသည့် သစ်ခွဲသား ရောင်းရငွေများကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေအဖြစ် ပေးသွင်းနိုင်ရန် အဆိုနှင့်စပ်လျဉ်းပြီး တင်ပြဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့





ကျောက်မဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းခမ်းကျော် တင်သွင်းသော ရှမ်းပြည်နယ်အတွင်း ဖမ်းဆီးရမိသော သစ်ခွဲသားများ ရောင်းရငွေ များကို ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ဘဏ္ဍာရန်ပုံငွေအဖြစ် ပေးသွင်းရန် အဆိုကို တင်ပြဆွေးနွေးလိုပါတယ်။ လွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ၎င်းအဆိုကို ပထမအကြိမ်ရှမ်းပြည်နယ်လွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေး၌ တင်ပြဆွေးနွေးထားပြီး ၎င်းအဆိုကို လွှတ်တော်မှ မှတ်တမ်းတင်ထားခဲ့ပါတယ်။

သို့ပါသော်လည်း ယခုတင်ပြထားသောအဆိုသည် ဖမ်းဆီး ရမိသောသစ်များထဲ၌ သစ်ခွဲသားတစ်ခုတည်း ပါတာကို တွေ့ရ ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၃ ခုနှစ် ဩဂုတ်လ ၉ရက်၌ နိုင်ငံတော်သမ္မတသည် နိုင်ငံတော်သမ္မတ အိမ်တော်ရှိ ခန်းမဆောင်တွင် ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီး ပြည်နယ်ဝန်ကြီးချုပ်များနှင့် တွေ့ဆုံအမှာစကား ပြောကြားရာ၌ တိုင်းဒေသကြီး၊ ပြည်နယ်များသို့ လုပ်ပိုင်ခွင့်ခွဲဝေပေးမှု မရှိဘဲ ဗဟိုမှ တိုက်ရိုက် အမိန့်ပေးကွပ်ကဲသည့် စနစ်ကျင့်သုံးနေခြင်း။

လက်အောက်သို့ လုပ်ပိုင်ခွင့်အာဏာဖြန့်ခွဲမှု မရှိခြင်း စတဲ့အားနည်းချက်များ တွေ့နေရကြောင်း၊ လုပ်ငန်းကဏ္ဍများ အဆင်ပြေချောမွေ့တိုးတက် ကောင်းမွန်အောင် ပြုပြင်ပြောင်းလဲ ဆောင်ရွက်ကြဖို့ မှာကြားခဲ့ ပါတယ်။ ဘတ်ဂျက်ခွဲဝေသုံးစွဲရာမှာလည်း ပြည်သူများနှင့်တိုက်ရိုက်ထိတွေ့ပြီး ပြည်သူများရဲ့ လူမှုစီးပွားဘဝ တိုးတက်အောင် လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ပေး နေတဲ့ တိုင်းဒေသကြီး ပြည်နယ်များရဲ့ အချိုးကို နယ်မြေ အခြေအနေနှင့် လုပ်ငန်းသဘာဝပေါ် မူတည်ပြီး ပိုမိုခွဲဝေပေးနိုင်ရေး ဆောင်ရွက်သွားကြဖို့ လုပ်ပိုင်ခွင့် ပေးနိုင်သည့်လုပ်ငန်းများအား ခွဲဝေပိုင်းခြားလုပ်ပိုင်ခွင့် ပြုရန်မိန့်မှာကြားသွားပါတယ်။

ရှမ်းပြည်နယ်မှာ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် တရားမဝင် သစ်ဖော်ထုတ်ဖမ်းဆီး ရမိမှုမှာတန်ပေါင်း (၄၇၉၀. ၃၄၁၇)တန် ဖြစ်ပါတယ်။

၂၀၁၂-၂၀၁၃ခုနှစ် ဘဏ္ဍာရေးနှစ်အတွင်း တရားမဝင် သစ်ဖော်ထုတ်ဖမ်းဆီး ရရှိမှုမှာ စုစုပေါင်းတန်ပေါင်း (၇၆၈၉. ၉၇၄၇)တန် ဖြစ်ပါတယ်။ ၂၀၁၃-၂၀၁၄ခုနှစ် ဘဏ္ဍာရေးနှစ် ဩဂုတ်လကုန်ထိ တရားမဝင်သစ် ဖမ်းဆီး ရရှိမှုမှာ ရှမ်းပြည်နယ်စာရင်းချုပ်အနေဖြင့် (၁၀၁၀. ၆၂၂)တန် ဖမ်းဆီးရမိပြီးဖြစ်ပါတယ်။ ဒါကြောင့် ရှမ်းပြည်နယ် အစိုးရ သက်တမ်း (၂၉)လတာကာလအတွင်းမှာ တရားမဝင် ဖမ်းဆီး ရမိသော သစ်တန်စုစုပေါင်း (၁၃၄၉၀. ၉၃၈၄)တန်ဖြစ်ပါတယ်။

ယခုအခါပြည်ထောင်စုအစိုးရမှ လုပ်ပိုင်ခွင့်နှင့် တိုင်းဒေသကြီး(သို့မဟုတ်)ပြည်နယ်များ လုပ်ပိုင်ခွင့် ဘတ်ဂျက် ခွဲဝေမှုမူအရ ပြည်ထောင်စုဘတ်ဂျက်ထဲတွင် ထည့်သွင်းရမည့် သစ်အမျိုးအစားဟာ (၅၆)မျိုးသာ ရှိပါတယ်။ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရဘတ်ဂျက်ထဲ ထည့်သွင်းရမည့် သစ်အမျိုးအစား ပေါင်းမှာ (၁၀၄)မျိုး ရှိပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား(၅)၊ အပိုဒ်(၁၂)(က)အရ ကျွန်းနှင့် သတ်မှတ်သောသစ်မာများမှအပ ကျန်သစ်များပေါ်တွင် ကောက်ခံသည့်အခွန်များ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ် များမှကောက်ခံရမည့် အခွန်စာရင်းအမည် ပြဋ္ဌာန်းထားရှိပါတယ်။

ဒါကြောင့်ဦးစိုင်းခမ်းကျော်တင်သွင်းတဲ့ အဆိုတွင် ရှမ်းပြည်နယ်အတွင်း ဖမ်းဆီးရမိသော သစ်ခွဲသားများ အားလုံးကို ရှမ်းပြည်နယ်အစိုးရအား လုပ်ပိုင်ခွင့်ပေးပြီး ရှမ်းပြည်နယ်အစိုးရ၏ ဘတ်ဂျက်ထဲတွင် ထည့်သွင်းသင့်ပါကြောင်းဆွေးနွေး



D/real(wide) (1



**ဦးစိုင်းနု၊ ကွန်ဟိန်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)၏ " အလုပ်အကိုင်ခန့်ထားရာတွင် ပညာရေးဆုံးခန်း တိုင်အောင် ဆက်လက်သင်ကြားခဲ့ကြသူများ အနေဖြင့်လည်း ကျောင်းပိတ်ခဲ့ရသောအချိန်တွင် ပေးဆပ်ခဲ့ကြရသဖြင့် အသက်များလွန်မှ ဘွဲ့များရနိုင်ခဲ့ကြရပြီး အလုပ်အကိုင်အတွက် အခွင့်အလမ်းများ ဆုံးရှုံးခဲ့ရပြီး ပေးဆပ်ခဲ့ကြ ရသော ပုဂ္ဂိုလ်များ ပါဝင်လျှောက်ထားလာပါက အသက်ကန့်သတ်ချက်အပိုင်းနှင့် ပတ်သက်သော အရည်အချင်းကန့်သတ်ချက်တွင် ဖြေလျှော့ စဉ်းစားပေးနိုင်ရေး ပြည်နယ်လွှတ်တော်မှတဆင့် ပြည်နယ်အစိုးရအား အဆိုပြု တိုက်တွန်းကြောင်း "အဆိုကို လွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးခြင်း။**

ဆွေးနွေးရန်အတွက် ကိုယ်စားလှယ်အမည်စာရင်း ပေးပို့ထားခြင်း မရှိပါ။

**အဆိုနှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရ အဖွဲ့ဝင်မှ ဆွေးနွေးရှင်းလင်းခြင်းနှင့်လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။**

**ဥက္ကဋ္ဌ။** အစီအစဉ်(၁၇)ဖြစ်ပါတယ်။ ပြည်နယ် လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဦးစိုင်းနု၊ ကွန်ဟိန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ "အလုပ်အကိုင်ခန့်ထားရာတွင် ပညာရေး ဆုံးခန်းတိုင်အောင် ဆက်လက်သင်ကြားခဲ့သူများ အနေဖြင့်လည်း

ကျောင်းပိတ်ခဲ့ရသောအချိန်တွင် ပေးဆပ်ခဲ့ကြရသဖြင့် အသက်များလွန်မှ ဘွဲ့ရနိုင်ခဲ့ကြပြီး အလုပ်အကိုင်အတွက် အခွင့်အလမ်းများ ဆုံးရှုံးခဲ့ရပြီး ပေးဆပ်ခဲ့ရသော ပုဂ္ဂိုလ်များ ပါဝင်လျှောက်ထားလာပါက အသက်ကန့်သတ်ချက် အပိုင်းနှင့် ပတ်သက်သော အရည်အချင်းကန့်သတ်ချက်တွင် ဖြေလျှော့စဉ်းစားပေးနိုင်ရေး"အဆိုကို ပြည်နယ်လွှတ်တော်မှ တစ်ဆင့် ပြည်နယ်အစိုးရအား တိုက်တွန်းကြောင်းအဆိုနှင့် စပ်လျဉ်းပြီး ဆွေးနွေးရန် အမည်စာရင်းပေးသွင်းတဲ့ ကိုယ်စားလှယ် မရှိတဲ့အတွက် ၄င်းအဆိုကို ပုဒ်မ(၁၁၉)၊ ပုဒ်မခွဲ(င)အရ သက်ဆိုင်ရာ ပြည်နယ်အဖွဲ့အစည်းဝင်က ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။** လေးစားအပ်ပါသော လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကွန်ဟိန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းနု၏ အလုပ်အကိုင် ခန့်ထားရာတွင် ပညာရေးဆုံးခန်းတိုင်အောင် ဆက်လက်သင်ကြားခဲ့ကြသူများ အနေဖြင့်လည်း ကျောင်းပိတ်ခဲ့ရသော အချိန်တွင် ပေးဆပ်ခဲ့ကြရသဖြင့် အသက်များလွန်မှဘွဲ့များ ရနိုင်ခဲ့ကြပြီး အလုပ်အကိုင် အတွက်အခွင့်အလမ်းများ ဆုံးရှုံးခဲ့ရပြီး ပေးဆပ်ခဲ့ကြရသော ပုဂ္ဂိုလ်များပါဝင် လျှောက်ထားလာပါက အသက်ကန့်သတ်ချက်အပိုင်းနှင့် ပတ်သက်သော အရည်အချင်းကန့်သတ်ချက်တွင် ဖြေလျှော့စဉ်းစားပေးနိုင်ရေး ပြည်နယ်လွှတ်တော်မှတစ်ဆင့် ပြည်နယ်အစိုးရအား အဆိုပြု တိုက်တွန်းကြောင်း အဆိုနှင့်စပ်လျဉ်းပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ကျွန်တော်ဒေါက်တာမျိုးထွန်းမှ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။



D/real(wide) (1



တင်ပြအပ်ပါတယ်။ သို့သော်ယင်းအဆိုနှင့် ပတ်သက်၍လွှတ်တော် ဥက္ကဋ္ဌကြီးမှ လွှတ်တော် ရဲ့အတည်ပြုဆုံးဖြတ်ချက်ကို ရယူပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါသည်။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးစိုင်းခမ်းကျော်တင်သွင်းတဲ့အဆိုကို သက်ဆိုင်ရာဝန်ကြီးကလည်း သဘောတူတဲ့အနေနဲ့ ဆွေးနွေးပြီးဖြစ်ပါတယ်။

ဒါကြောင့်မို့ ဦးစိုင်းခမ်းကျော်၊ ကျောက်မဲမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)၏ ရှမ်းပြည်နယ်အတွင်း ဖမ်းဆီးရမိသည့် သစ်ခွဲသား ရောင်းရငွေများကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေအဖြစ် ပေးသွင်းရန် အဆိုနှင့် စပ်လျဉ်းပြီး လွှတ်တော်ရဲ့ ဆန္ဒကို ရယူပါ့မယ်။

ဒီအဆိုနှင့် ပတ်သက်လို့ လွှတ်တော်မှ အတည်ပြုရန် သဘောတူပါသလားခင်ဗျား။ **[ သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။ ]** လွှတ်တော်မှ သဘောတူပါသဖြင့် ဤအဆိုကို အတည်ပြုကြောင်း ကြေညာပါတယ်။

ပညာရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးရုံး၏ (၁၆-၃-၂၀၁၃)ရက်စွဲပါ စာအမှတ်၊ ၃၄(ပညာ)/၀၁၀/ဆွဲခန့် (၂၀၁၃)ဖြင့် နေ့စားလပေးမူလတန်းပြ ဆရာ/ဆရာမများ စာရေးဝန်ထမ်းနှင့် အောက်ခြေဝန်ထမ်းများ ခန့်ထားနိုင်ရေးအတွက် အသက် ကန့်သတ်ချက် အနေဖြင့် (၁-၆-၂၀၁၃)ရက်နေ့တွင် အသက်(၄၀) နှစ်ထက် မကြီးသူများ လျှောက်ထားခွင့်ရှိကြောင်း ညွှန်ကြားချက် အရ ပညာရေးဝန်ကြီးဌာနမှ လျှောက်လွှာခေါ်ယူခဲ့ပါတယ်။ ၎င်းတို့ အနက် စာမေးပွဲရမှတ် ကြီး၊ စဉ်၊ ငယ် အလိုက်မူတည်၍ ပညာ အရည်အချင်းအရ သက်ဆိုင်ရာရာထူးများတွင် ခန့်အပ်ပေးခဲ့ ပါတယ်။

အဆိုနှင့်ပတ်သက်၍ ပညာရေးဝန်ကြီးဌာနမှ ဖြေလျှော့ ပေးပြီး စီစဉ်ဆောင်ရွက်ပေးပြီး ဖြစ်ပါသဖြင့် အဆိုအား မေးခွန်းအဖြစ် ပြောင်းလဲသင့်ပါကြောင်း ဆွေးနွေးတင်ပြအပ် ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** အဆိုတင်သွင်းသော ဦးစိုင်းနု ဒါနဲ့ ပတ်သက်လို့ နောက်တစ်ကြိမ် ဆွေးနွေးနိုင်ပါတယ်။

**ဦးစိုင်းနု၊ ကွန်ဟိန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်၏ အဆိုပြုတင်ပြချက်သည် အရေးခင်းကာလ ကျောင်းပိတ်ကာလကို ဦးတည်ခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ နယ်ပယ်မှာ အမှန်တကယ်ဖြစ်ပျက်နေသော ပြည်သူလူထုအမှန်တကယ်ကြုံတွေ့နေရပြီး ဆုံးရှုံးမှုတစ်ရပ် ဖြစ်ပါတယ်။

ကိုယ်စားလှယ်တော်ကြီးများရဲ့ နယ်ပယ်ဒေသမှာလည်း ကြုံတွေ့လာနိုင်တဲ့ အကြောင်းတရားများ ဖြစ်ပါတယ်။ ကြုံတွေ့လာ ပါက ဖြေရှင်းစောင့်ရှောက်ကူညီဖို့ စဉ်းစားတဲ့အခါမှာ





ဒါကြောင့်သက်ဆိုင်ရာ ပြည်နယ်အစိုးရ အဖွဲ့ဝင် ဝန်ကြီးက ရှင်းလင်းတင်ပြပေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးစိုင်းထွန်းရင်၊ လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီး။** အားလုံးမင်္ဂလာပါ။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ အားလုံး၊ ဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပြီး မင်္ဂလာအပေါင်းနှင့် ခညောင်း ကြပါစေ။ ကောင်းမွန်တဲ့ လိုအင်ဆန္ဒများ ပြည့်ဝကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သ အပ်ပါတယ်။

ကျွန်တော်ကတော့ ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင် ပြည်နယ်လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးစိုင်းထွန်းရင် ဖြစ်ပါတယ်။ အခုအစိုးရသစ်လက်ထက်၌ ရှမ်းပြည်နယ်အတွင်းရှိ လျှပ်စစ်ကဏ္ဍဖွံ့ဖြိုးတိုးတက်မှု အခြေအနေများအား တင်ပြ ရှင်းလင်းပေးသွားမှာ ဖြစ်ပါတယ်။ စာရင်းဇယားများအား လွှတ်တော်ကိုယ်စားလှယ်များသို့ ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ တင်ပြရမည်ဆိုလျှင် အစိုးရသစ်လက်ထက် ရှမ်းပြည်နယ်အတွင်း ကျေးရွာများမီးလင်းမှု အခြေအနေများ တင်ပြသွားမှာ ဖြစ်ပါတယ်။

ကျေးလက်စွမ်းအင် ဖွံ့ဖြိုးတိုးတက်ရေး အနေနဲ့ လျှပ်စစ်မီးလင်းရေး ကဏ္ဍမှာ ဆောင်ရွက်ချက်များကို တင်ပြသွားမှာဖြစ်ပါတယ်-

(၁) နိုင်ငံတော်အစီအစဉ်နှင့် ရွာ(၉)ရွာ လျာထား ပါတယ်။ (၉)ရွာလုံး ပြီးသွားပါပြီ။ ဒီဇယ်ကို ပံ့ပိုး ဆောင်ရွက်ပေးတဲ့ ဒီဇယ်ဆီနှင့် နှိုးတဲ့ စက်အင်ဂျင်က (၁)လုံး၊ စပါးခွံရွာက (၄)ရွာ ရှိပါတယ်။ (၄)ရွာလုံး ပြီးသွားပါပြီ။ ဆိုလာရွာက



D/real(wide) (1

(၄၅)ရွာလျာထားပြီးတော့ (၄၅)ရွာလုံး ပြီးစီးသွားပြီ ဖြစ်ပါတယ်။ အသေးစားရေအားလျှပ်စစ်ရွာကတော့ (၇၁)ရွာ လျာထားပြီးတော့ (၆၆)ရွာပြီးသွား ပါပြီ။ ကျန်တာကတော့ (၅)ရွာဆောင်ရွက်ရန် ရှိပါတယ်။ အခြားကိုယ့်အားကိုယ်ကိုး ကျေးလက်မီးလင်းရေးရွာတွေ ကတော့ (၃၃၄)ရွာ လျာထားပြီးတော့မှ (၁၆၇)ရွာဆောင်ရွက်မှု ပြီးစီးသွားပြီးမှ (၁၆၇)ရွာ ကျန်ရှိတာတွေ့ရပါတယ်။ အားလုံးပေါင်း စုစုပေါင်း အရေအတွက် အနေနဲ့ (၄၆၄)ရွာ အားလုံး (၂၉၂)ရွာ ပြီးစီးပြီး (၁၇၂)ရွာ ကျန်ရှိကြောင်း တင်ပြအပ်ပါတယ်။ ရှမ်းပြည်နယ် အတွင်းမှာ မီးသုံးသူဦးရေ စာရင်းအနေနဲ့ဆိုလျှင် ရှမ်းတောင်မှာ ယခင်အစိုးရ လက်ထက်မှာ (၉၂၁၉၇)ဦး ရှိပြီးတော့ လက်ရှိအစိုးရသစ် လက်ထက်မှာ (၁၂၀၉၅၆)ဦး ရှိပါတယ်။ တိုးတက်မှု အခြေအနေတင်ပြရမည်ဆိုလျှင် (၂၈၇၅၉)ဦး ရှိပါတယ်။ ရှမ်းမြောက်အနေနဲ့ တင်ပြရမည်ဆိုလျှင် ယခင်အစိုးရလက်ထက်မှာဆိုလျှင် (၅၁၈၁၈)ဦး ယခုအစိုးရသစ် လက်ထက်မှာ (၇၃၉၇၈)ဦး တိုးတက်မှု အခြေအနေတင်ပြရမည်ဆိုလျှင် (၂၂၁၆၀)တိုးတက်လာပါတယ်။ ရှမ်းရှေ့မှာဆိုလျှင် ယခင်အစိုးရ လက်ထက်မှာတုန်းက (၁၉၆၁၃)ဦး၊ လက်ရှိ အစိုးရသစ် လက်ထက်မှာ (၂၁၄၃၉)ဦး၊ တိုးတက်မှုအခြေအနေက (၁၈၂၆)ဦး အားလုံးပေါင်း ယခင် အစိုးရလက်ထက်မှာ





ထုတ်နုတ်အသုံးပြုနိုင်ဖို့ ဆိုတဲ့ ရည်ရွယ်ခြင်း ရှိပါတယ်။ ဒါကြောင့်မို့ ကျွန်တော်၏ အဆိုပြုချက်သည် ယခုလွှတ်တော်အစည်းအဝေး အတွင်း မှာ မေးခွန်းမဟုတ်ဘဲ အဆိုအဖြစ်အဆိုပြုထားသော်လည်း ဝန်ကြီးရဲ့တိုက်တွန်းချက်အရ မေးခွန်းအဖြစ် ပြောင်းလဲပေးရန်သင့်ကြောင်းဆိုတဲ့အစား ဒီအစည်းအဝေးမှာ မှတ်တမ်းပြုထားပေးနိုင်ပါက ပို၍ကျေးဇူးတင်ရှိပါကြောင်း တင်ပြပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကွန်ဟိန်းမြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၂) မှ တင်သွင်းသောအဆိုကို မှတ်တမ်းတင်ရန် လွှတ်တော်ကသဘောတူပါသလား ခင်ဗျား။ **[ သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။ ]**

လွှတ်တော်မှ သဘောတူတဲ့အတွက် ဦးစိုင်းနု တင်သွင်းသည့် အဆိုအား လွှတ်တော်မှ မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ အစိုးရသစ်လက်ထက် ရှမ်းပြည်နယ်အတွင်းရှိ လျှပ်စစ်ကဏ္ဍဖွံ့ဖြိုး တိုးတက်မှု အခြေအနေများအား လွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၁၈)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်အရ ရှမ်းပြည်နယ် အစိုးရအဖွဲ့မှ အစိုးရသစ်လက်ထက် ရှမ်းပြည်နယ်အတွင်းရှိ လျှပ်စစ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအား လွှတ်တော်သို့ ပေးပို့လာပါတယ်။

(၁၆၃၆၂၈)ဦး၊ ယခုအစိုးရသစ် လက်ထက်မှာ (၂၁၆၃၇၃)ဦး တိုးတက်မှု အခြေအနေက (၅၂၇၄၅)ဦး ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

ရှမ်းပြည်နယ်တောင်ပိုင်းအတွင်းရှိ ဓါတ်အားခွဲရုံများ တိုးတက်မှုစာရင်း တင်ပြရမည်ဆိုလျှင် (၆၆)ကေဗွီ ဓါတ်အားခွဲရုံ ရှမ်းတောင်မှာဆိုလျှင် (၂၁)ရုံ၊ အရင်အစိုးရသစ်လက်ထက်မှာ (၁၀)ရုံဆိုတော့ (၁၁)ရုံ တိုးတက်လာပါတယ်။ အစိုးရသစ် လက်ထက်မှာ (၁၆၀) အမ်ဗွီအေ အင်အားရှိပြီးတော့ ယခင်အစိုးရ လက်ထက်က (၁၀၀)အား ရှိတယ်။ (၆၀)အမ်ဗွီအေ တိုးတက်လာ ပါတယ်။ (၃၃)ကေဗွီအေ ခွဲရုံအရေအတွက်က ယခင်အစိုးရက (၁၂)ရုံ ပဲရှိပါတယ်။ ယခု (၁၆)ရုံဆိုတော့ (၄)ရုံတိုးတက်လာ ပါတယ်။

တိုးတက်လာတဲ့ အင်အားကတော့ (၂၂. ၂၅) ယခင် အစိုးရသစ် လက်ထက်မှာ(၄၇. ၇၅) ယခု အစိုးရသစ်က (၇၀)ဆိုတော့ (၂၂. ၂၅)တိုးတက်လာပါတယ်။ ဒါကြောင့် (၁၁)ကေဗွီအေ ခွဲရုံ အရေအတွက်ကတော့ အရင်တုန်းက (၇၈၄)ရှိပြီးတော့ ယခု(၁၁)ကေဗွီခွဲရုံ အရေအတွက်က (၁၁၀၉)၊ တိုးတက်လာတဲ့ ခွဲရုံကတော့(၃၂၅) အင်အားအနေနဲ့ကတော့ အမ်ဗွီအေအနေနဲ့ဆိုတော့ (၂၃၄)ယခုလက်ထက် (. ၀၁)၊ ယခင်လက်ထက်က (၁၇၁. ၂၈) တိုးတက်မှုကိုတင်ပြရမည်ဆိုလျှင် ခွဲရုံက(၁၁)၊ (၆၆)က (၁၁)ရုံတိုးတယ်။ ကေဗွီအေ(၆၀)အမ်ဗီအေ တိုးတယ်။

ထို့နောက် (၃၃)လိုင်းက (၄)ရုံတိုးလာတယ်။ (၂၂. ၂၅) တိုးတက်လာတယ်။ ခွဲရုံအရေအတွက် (၁၁)ကေဗွီအေလိုင်း ကတော့ (၃၂၅)တိုးတက်လာပါတယ်။ (၆၂. ၇၃)အမ်ဗွီအေ





(၁၁)ကေဗွီလိုင်းကတော့ (၄၆၆. ၉)မိုင် အခုက (၆၁၁. ၈၇၉၈)မိုင် ဆိုတော့ (၁၄၄. ၉၇၉၈)တိုးတက်လာပါတယ်။ (၄၀၀)ဗို့လိုင်း ကတော့ အရင်တုန်းက(၄၉၉. ၈၉) အခု(၆၅၅. ၉၉၂) တိုးတက် လာတဲ့အတွက် (၉၅၆. ၁၀၂)တိုးတက်လာပါတယ်။

ရှမ်းပြည်နယ်မြောက်ပိုင်းတွင် (၆၆)ကေဗွီ ယခင်က (၁၃၇. ၄)၊ အခု(၂၀၀. ၄၈) တိုးတက်လာတဲ့ မိုင်ကတော့ (၆၃. ၀၈)၊ အရင်တုန်းက (၃၃)ကေဗွီလိုင်းကတော့ (၁၇၁. ၁) အခု(၂၁၂. ၇) (၄၁. ၆)မိုင် တိုးတက် လာပါတယ်။ အရင်တုန်းက (၁၁)ကေဗွီလိုင်းကတော့ (၃၄၈) အခုက(၄၆၇. ၁၁)ဆိုတော့ (၁၁၉. ၁၁)မိုင် တိုးတက် လာပါတယ်။ (၄၀၀)ဗို့မိုင်ကတော့ တိုးတက်လာတဲ့ မိုင်ကတော့ (၆၃၀. ၅) အခုက (၆၇၉. ၆)ဆိုတော့ (၄၉. ၁) တိုးတက်လာပါတယ်။

ရှမ်းပြည်နယ်အရှေ့ပိုင်းမှာဆိုလျှင် ဓါတ်အားလိုင်းများ တိုးတက်မှုစာရင်းကို တင်ပြသွားမှာဖြစ်ပါတယ်။ (၁၁)ကေဗွီလိုင်း တစ်ခုဘဲ အရင်တုန်းက(၈၉. ၂၈) အခုက(၉၁. ၀၈) (၁. ၈)မိုင်က တိုးတက်လာပါတယ်။ (၄၀၀)ဗို့ လိုင်းမိုင်ကတော့ အရင်တုန်းက (၁၁၁. ၈) အခု(၁၁၄. ၀၇) (၂. ၂၇)ရှမ်းရှေ့ကတော့ တိုးတက်မှုက နည်းနည်း နဲနေသေးပါတယ်။ ရှမ်းပြည်နယ်အတွင်းရှိ ဓါတ်အားလိုင်းများ တိုးတက်မှုစာရင်း တင်ပြရမည်ဆိုလျှင် အားလုံး (၆၆)ကေဗွီလိုင်း မိုင်ကတော့ (၃၇၆. ၀၄)၊ (၃၃)ကေဗွီလိုင်း မိုင်ကတော့ (၉၉. ၇၆)၊ (၁၁)ကေဗွီလိုင်းမိုင်ကတော့ (၂၆၅. ၈၈၉၈) မိုင်၊ (၄၀၀)ဝပ်လိုင်းကတော့ (၂၀၇. ၄၇၂)ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

ဒါကြောင့်ရှေ့(၂)နှစ်ခွဲကာလမှာလည်း ရှမ်းပြည်နယ် တစ်ခုလုံး မိဘပြည်သူများ စိတ်ချမ်းသာအောင် အားလုံးလျှပ်စစ်မီး

ရရှိအောင် စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်သွားမည်လို့ ကတိပြုရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဝန်ကြီးက ကတိပြုတဲ့အတွက် ကျေးဇူး တင်ပါတယ်။

## ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီးနှိမ်နင်းရေးဆောင်ရွက်မှု အခြေအနေအား လွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၁၉)ဖြစ်ပါတယ်။ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်အရ ရှမ်းပြည်နယ် အစိုးရအဖွဲ့မှ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေး ဆောင်ရွက်မှု အခြေအနေကို လွှတ်တော်သို့ ပေးပို့လာပါတယ်။

သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ရှင်းလင်းတင်ပြ ပေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဗိုလ်မှူးကြီးအောင်သူ၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီး။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တစ်ကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးအောင်သူဖြစ်ပါတယ်။



D/real(wide) (1



တိုးတက်လာပါတယ်။ ရှမ်းမြောက် အနေနဲ့ဆိုလျှင် ယခင်ကခွဲရုံက (၇)ရုံရှိပြီး ယခု(၈)ရုံဆိုတော့ (၁)ရုံတိုးလာပါတယ်။ တိုးတက်လာတဲ့ အင်အားကတော့ (၇. ၅)၊ (၃၃)ကေဗွီအေ ဓါတ်အားခွဲရုံဆိုလျှင် အရင်တုန်းကဆိုလျှင် (၆)ခု ရှိတယ်။ ယခု(၁၀)ရှိတဲ့အခါ (၄)ရုံတိုးတက်လာပါတယ်။ အင်အားကတော့ အရင်တုန်းက(၃၀. ၅)၊ ယခုက(၄၂. ၂၅)၊ နောက်ပြီးတော့ (၁၁)ကေဗီကတော့ ယခင်က(၄၃၁)၊ ယခု(၆၉၀) (၂၂၉)၊ အင်အားက (၈၃. ၁၀၅)၊ ယခု(၁၃၅. ၆)၊ (၅၂. ၄၉၅)တိုးတက်လာပါတယ်။

ဒါကြောင့်မို့ အားလုံးကတိုးတက်လာတဲ့ (၆၆)က (၁)ရုံးတိုးတယ်။ (၃၃)က (၄)ရုံတိုးတယ်။ (၁၁)ကေဗွီက (၂၂၉)ရုံ တိုးပါတယ်။ ရှမ်းရှေ့မှာတော့ (၃၃)ကေဗွီက အရင်တိုင်းပဲဖြစ်ပါတယ်။ (၁၁)ကေဗွီလိုင်းကျမှ အရင်တုန်းက (၁၃၈)ခွဲရုံရှိတယ် ယခု(၁၅၀)ဆိုတော့ (၁၂)ရုံးတိုးပြီးတော့ အမ်ဗွီအေအနေနဲ့ (၂. ၆၀၅)တိုးတက်လာပါတယ်။ ရှမ်းပြည်နယ်အတွင်းရှိ ဓါတ်အားခွဲရုံများ တိုးတက်စာရင်းကို အားလုံးခြုံပြီးမှ တွက်ကြည့် ရမည်ဆိုလျှင် ပြည်နယ် ချုပ်အနေနဲ့ (၆၆)ခွဲရုံက (၁၂)ရုံ အားကတော့ (၆၇. ၅)၊ (၃၃)ကေဗွီကတော့ (၈)ရုံ၊ အားကတော့ (၃၄)အမ်ဗွီအေ တိုးတယ်။ (၁၁)ကေဗွီလိုင်းကတော့ အရင်တုန်းက ခွဲရုံနဲ့ဆိုတော့ (၁၁)ရုံ တိုးတယ်။

အားကတော့ (၁၁၇. ၈၃)တိုးတက်လာပါတယ်။ ရှမ်းပြည်နယ်တောင်ပိုင်းအတွင်းရှိ ဓါတ်အားလိုင်းများ တိုးတက်မှု စာရင်းကို တင်ပြသွားမှာဖြစ်ပါတယ်။ အရင်အစိုးရလက်ထက်တုန်းက (၆၆)ကေဗွီလိုင်းက (၁၄. ၈)၊ ယခုက (၃၂၇. ၇၆)ဆိုတော့ (၃၁၂. ၉၆)မိုင်၊ (၃၃)ကေဗွီလိုင်းက အရင်တုန်းက(၁၀၈. ၉)၊ ယခုက(၁၆၇. ဝ၉) (၅၈. ၁၉) တိုးတက်လာပါတယ်။ အရင်တုန်းက

ရှမ်းပြည်နယ်အတွင်းမှာ မူးယစ်ဆေးဝါးနှင့် ပတ်သက်လို့ တော်တော်လေးကို အခြေအနေဆိုးနေတဲ့ အဖြစ်ဖြစ်တဲ့အတွက် **UNODC** ရဲ့ ကိန်းဂဏန်းအရ တစ်ကမ္ဘာလုံးမှာ (၈၀)%က အာဖဂန်နစ်စတန်ကနေ ဘိန်းစိုက်ပျိုးမှု အများဆုံးရှိခဲ့ပါတယ်။ မြန်မာနိုင်ငံက (၁၈)%ရှိခဲ့ပါတယ်။ ကျန်တဲ့(၂)%ကတော့ အခြားနိုင်ငံ များမှာ ရှိခဲ့ပါတယ်။ (၁၈)%ထဲမှာလည်း ကျွန်တော်တို့ ရှမ်းပြည်နယ်မှာ (၉၀)% ရှိပြီးတော့ ကျန်တဲ့ပြည်နယ်နှင့် တိုင်းတွေမှာ (၁၀)% ရှိတယ်ဆိုပြီးတော့ ကိန်းဂဏန်းတွေရှိတဲ့ အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေနဲ့ မူးယစ်ဆေးဝါး တိုက်ဖျက်ရေးလုပ်ငန်းတွေကို အဓိကထားပြီး ထိရောက် အောင်မြင်အောင် တွန်းအားပေးဆောင်ရွက်ခဲ့ရတဲ့ အနေအထား ဖြစ်ပါတယ်။

အဲ့ဒီလို ထိရောက်အောင်မြင်အောင် အနေအထားလေး တွေကို လွှတ်တော်ကိုယ်စားလှယ်များ အားလုံးသိရှိအောင် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးကိစ္စရပ်က အမျိုးသားရေးတာဝန် တစ်ရပ်ဖြစ်တဲ့အတွက် ဝိုင်းဝန်းပူးပေါင်းပြီးတော့ ကူညီ ဆောင်ရွက်ပေးနိုင်အောင် တင်ပြရခြင်း ဖြစ်ပါတယ်။ ပထမဦးစွာ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ ဖွဲ့စည်းထားရှိတာ ဖြစ်ပါတယ်။ အဲဒီအဖွဲ့အစည်းကတော့ (၂၀၁၁)ခုနှစ် မေလ (၂၇)ရက်နေ့မှာ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ အမိန့်ကြော်ငြာစာ အမှတ်၊ ၁၇/၂၀၁၁ အရ ဖွဲ့စည်းထားတာဖြစ်ပါတယ်။

ဗဟိုအဆင့်အနေနဲ့ ဖွဲ့စည်းထားပြီးတော့ ပြည်ထောင်စု ဝန်ကြီး ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထဲရေး ဝန်ကြီးက ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ပြီး ဒုဥက္ကဋ္ဌအဖြစ် နယ်စပ်ရေးရာဝန်ကြီးနှင့်



D/real(wide) (1



မြို့နယ်ခွဲတွေမှာလည်း မြို့နယ်ခွဲအုပ်ချုပ်ရေးမှူး ဥက္ကဋ္ဌ၊ စခန်းမှူး မြန်မာနိုင်ငံရဲတပ်ဖွဲ့က အတွင်းရေးမှူး၊ နယ်ထိန်းအရာရှိက တွဲဘက်အတွင်းရေးမှူး၊ ရပ်ကွက်/ကျေးရွာတွေမှာလည်း ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးတွေက ဥက္ကဋ္ဌနဲ့ နယ်ထိန်းအရာရှိတွေက အတွင်းရေးမှူးအနေဖြင့် တာဝန်ယူ ဆောင်ရွက်ရန် ဖွဲ့စည်းထားရှိပြီး ဖြစ်ပါတယ်။

၁၉၉၉ ခုနှစ်ကနေ စပြီးတော့ မူးယစ်ဆေးဝါး တိုက်ဖျက်ရေးနှင့် ပတ်သက်လို့ ချမှတ်ပေးခဲ့တဲ့ မဟာဗျူဟာ (၂)ရပ်နှင့် နည်းဗျူဟာ (၃)ရပ် နည်းနာနိသယ (၃)ရပ်ဆိုပြီးတော့ ချမှတ်ပြီး ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။ မဟာဗျူဟာ (၂)ရပ် ကတော့ မူးယစ်ဆေးဝါးပပျောက်ရေးကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် သတ်မှတ်ပြီးတော့ ဘက်ပေါင်းစုံမှ တိုက်ဖျက်ချေမှုန်းရေး၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများရဲ့ လူနေမှု ဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် ဘိန်းစိုက်ပျိုးမှု လုံးဝ ပပျောက်ရေးဆိုတဲ့ မဟာဗျူဟာ(၂)ရပ် ချမှတ်ပြီးတော့ နည်းဗျူဟာ (၃)ရပ်အနေနဲ့ ထုတ်လုပ်မှုပပျောက်ရေး၊ သုံးစွဲမှုပပျောက်ရေး၊ တားဆီးနှိမ်နင်းရေးဆိုတဲ့ နည်းဗျူဟာ (၃)ရပ် ချမှတ်ခဲ့ပါတယ်။

နည်းနာနိသယ(၃)ရပ် အနေနဲ့ကတော့ မူးယစ်ဆေးဝါး စိုက်ပျိုးထုတ်လုပ်သူများ၏ ယုံကြည်ချက်၊ ခံယူချက်၊ စိတ်ဓါတ် မြင့်မားတိုးတက်ပြောင်းလဲရေး၊ တောင်ပေါ်မြေပြန့် တိုင်းရင်းသား အချင်းချင်း လွယ်ကူစွာ ကူးလူးဆက်ဆံနိုင်ရေး၊ နယ်စပ်ဒေသရှိ တိုင်းရင်းသားများ၏ စီးပွားရေးနှင့် လူနေမှုဘဝ တိုးတက်မြင့်မားရေး ဆိုတဲ့ နည်းနာနိသယ(၃)ရပ်နှင့် ဆောင်ရွက်နေတာ ဖြစ်ပါတယ်။ မူးယစ်ဆေးဝါးတွေ ဘိန်းခင်းတွေ ဖျက်ဆီးတယ် ဆိုတဲ့နေရာမှာ ဖျက်ဆီးရုံနှင့် မပြီးပါဘူး ဘိန်းစိုက်တဲ့ ပုဂ္ဂိုလ်တွေဟာ

ဝင်ငွေရရှိမှုကြောင့် ဘိန်းကိုစိုက်ပျိုးတာ ဖြစ်တဲ့အတွက်ကြောင့် ဘိန်းခင်းတွေဖျက်ဆီးတဲ့အခါမှာလည်း သူတို့ကို အစားထိုး လုပ်ငန်းရပ်တွေကို ပြန်လည် ဆောင်ရွက်ပေးရတာ ဖြစ်ပါတယ်။

အဲ့ဒီလို ဆောင်ရွက်ပေးတဲ့အတွက် **UNODC** ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံးကနေ မြန်မာနိုင်ငံ အစိုးရနှင့် ပူးပေါင်းပြီး ဆောင်ရွက်တဲ့စီမံကိန်းတွေဟာ ၂၀၁၀ ခုနှစ်က စတင်ပြီးတော့ ဆောင်ရွက်တဲ့ ဒေသကတော့ ဟိုပုံးနှင့်လွိုင်လင် ဒေသမှာ ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ သူတို့လုပ်ခဲ့တဲ့ လုပ်ငန်းတွေကတော့ စိုက်ပျိုးရေး၊ မွေးမြူရေး၊ တည်ဆောက်ရေး၊ ကျန်းမာရေးနှင့် သင်တန်းများပို့ချခြင်း ဆိုတဲ့အပိုင်းတွေကို ဆောင်ရွက် ခဲ့တာဖြစ်ပါတယ်။ ၂၀၁၀ ခုနှစ်ကနေ အခုချိန်အထိ ဆက်လက်ဆောင်ရွက်နေတာ ဖြစ်ပါတယ်။

နောက်တစ်ခါ တရုတ်နိုင်ငံအမျိုးသား မူးယစ်ဆေးဝါး ထိန်းချုပ်ရေးကော်မရှင် **NNCC** ကတော့ ၂၀၁၃ ခုနှစ်ကနေ စီမံကိန်းစတင်တာဖြစ်ပါတယ်။ သူရဲ့စီမံကိန်းဒေသတွေကတော့ နမ့်ခမ်း၊ ကွတ်ခိုင်၊ လောက်ကိုင်၊ လားရှိုး၊ နမ့်ဆန်နှင့် မန်တုံမြို့နယ်တွေမှာ စီမံကိန်းဒေသအဖြစ် သတ်မှတ် ဆောင်ရွက်တာဖြစ်ပါတယ်။ သူတို့ ဆောင်ရွက်မည့် လုပ်ငန်းတွေ ကတော့ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အသက်မွေးဝမ်းကျောင်း ပညာရပ်များ သင်တန်း ပို့ချရေးနှင့် တည်ဆောက်ရေး လုပ်ငန်း တွေကို ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

**NNCC** ကတော့ နယ်မြေအတွင်းမှာ ကွင်းဆင်း လေ့လာနေဆဲ ဖြစ်ပြီးတော့ စီမံကိန်းကို စတင်ရခြင်း မရှိသေးပါဘူး။ ကွင်းဆင်းဆောင်ရွက်ပြီးသွားတာနဲ့ ဒီလုပ်ငန်းတွေကို ဆက်လက်ပြီး အကောင်အထည်ဖော် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။





နိုင်ငံခြားရေးဝန်ကြီးက တာဝန်ယူ ဆောင်ရွက်တာဖြစ်ပါတယ်။ ကျန်တဲ့ဒုတိယဝန်ကြီးတွေက အဖွဲ့ဝင်အဖြစ် ပါရှိပြီးတော့မှ အတွင်းရေးမှူးအနေနဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ မူးယစ်ဗဟိုရုံးက အတွင်းရေးမှူး အဖြစ် ဆောင်ရွက်ပြီးတော့မှ တွဲဘက် အတွင်းရေးမှူး အဖြစ် မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ်က တာဝန်ယူဆောင်ရွက်နေတာ ဖြစ်ပါတယ်။

(၂၄-၁၁-၂၀၁၁)ရက်နေ့မှာ ပြည်ထဲရေးဝန်ကြီးဌာနက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် ကာကွယ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ရဲ့ အမိန့်ကြော်ငြာစာ အမှတ်၊ ၂/၂၀၁၁ အရ တိုင်းဒေသကြီးနှင့် ပြည်နယ် နေပြည်တော် ခရိုင်၊ မြို့နယ်၊ မြို့နယ်ခွဲ၊ ရပ်ကွက်၊ ကျေးရွာများဆင့်ထိပါ မူးစိတ်တား အဖွဲ့တွေကို ဖွဲ့စည်းထားတာဖြစ်ပါတယ်။ အဲလိုဖွဲ့စည်းတဲ့အခါမှာ ပြည်နယ်အဆင့်အနေနဲ့ ပြည်နယ်အုပ်ချုပ်ရေးမှူး အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနက ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ပြီးတော့ အတွင်းရေးမှူးအဖြစ် ပြည်နယ်ဒုတိယရဲတပ်ဖွဲ့က ဒုတိယ အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ပြီးတော့မှ မူးယစ်အထူးအဖွဲ့ကနေ ကြီးကြပ်သူအရာရှိက တွဲဘက်အတွင်းရေးမှူးအဖြစ် တာဝန်ယူ ဆောင်ရွက်ရမှာဖြစ်ပါတယ်။

ခရိုင်အဆင့်မှာလည်း အလားတူ ခရိုင်အုပ်ချုပ်ရေးမှူးက ဥက္ကဋ္ဌနဲ့ အတွင်းရေးမှူးအဖြစ် ရဲမှူးဦးစီး ခရိုင်ရဲတပ်ဖွဲ့မှူးက တာဝန်ယူဆောင်ရွက်ပြီးတော့ ကြီးကြပ်သူအရာရှိ မူးယစ် အထူးအဖွဲ့က တွဲဘက်အတွင်းရေးမှူး အဖြစ်ဆောင်ရွက်ပါတယ်။ မြို့နယ်မှာလည်းပဲ မြို့နယ်အုပ်ချုပ်ရေးမှူးက ဥက္ကဋ္ဌ၊ ဒုတိယမြို့နယ် ရဲတပ်ဖွဲ့မှူးက အတွင်းရေးမှူး၊ စခန်းမှူး မြန်မာနိုင်ငံရဲတပ်ဖွဲ့က တွဲဘက်အတွင်းရေးမှူးအဖြစ် တာဝန်ယူဆောင်ရွက်ပါတယ်။

ရှမ်းပြည်နယ်အရှေ့ပိုင်းမှာတော ထိုင်းနိုင်ငံမူးယစ်ဆေးဝါး ထိန်းချုပ်ရေးအဖွဲ့ **ONCB** ကတော့ ၂၀၁၂ ခုနှစ်ကတည်းက စတင်ဆောင်ရွက်နေတာ ဖြစ်ပြီးတော့ စီမံကိန်းဒေသအဖြစ် မိုင်းဆတ်နှင့် တာချီလိတ်မြို့နယ်တွေမှာ ဆောင်ရွက်တာ ဖြစ်ပါတယ်။ သူတို့ဆောင်ရွက်တဲ့ လုပ်ငန်းတွေက စိုက်ပျိုးရေး၊ မွေးမြူရေး၊ အသက်မွေးဝမ်းကျောင်း ပညာရပ်များ သင်တန်းပို့ချရေး၊ တည်ဆောက်ရေး လုပ်ငန်း ရပ်တွေဖြစ်ပါတယ်။

သူကတော့ မယ်ဖလုံဖောင်ဒေးရှင်း တစ်ရပ် တည်ထောင် ပြီးတော့ ဆောင်ရွက်တာဖြစ်တဲ့အတွက် ၂၀၁၂ ခုနှစ်မှာတော့ ထိုင်းဘတ်ငွေ (၈၂)သန်းအကုန်အကျခံ ဆောင်ရွက်ခဲ့ပါတယ်။ ၂၀၁၃ ခုနှစ်အတွက်ကတော့ ထိုင်းဘတ်ငွေ (၅၆)သန်း သုံးစွဲမယ် ဆိုပြီးတော့ လျာထားဆောင်ရွက်လျက် ရှိကြောင်း တင်ပြအပ် ပါတယ်။ မူးယစ်ဆေးဝါးထိန်းချုပ်ရေးတင်မကဘဲ သုံးစွဲသူများ ပပျောက်ရေးအတွက် လူငယ်များပြုစုပျိုးထောင်ရေး လုပ်ငန်းတွေ ကိုလည်း ဖွင့်လှစ်ပြီး ဆောင်ရွက်နေတဲ့ အနေအထားဖြစ်ပါတယ်။ အဲ့ဒီလိုဆောင်ရွက်တဲ့ အနေအထား မှာဖယ်ခုံမှာရှိတဲ့ ရွှေပြည်အေးမှာ ၁၉၈၃ ခုနှစ်ကနေ စတင်ပြီးတော့ မူးယစ်ဆေးဝါး သုံးစွဲတဲ့လူငယ်များ ပြန်လည် ထူထောင်ရေးလုပ်ငန်းကို စတင်ဆောင်ရွက် ဖွင့်လှစ်ခဲ့တာ ဖြစ်ပါတယ်။

ဒါပေမဲ့အမှတ်စဉ်(၂၈)အထိပဲ ဖွင့်လှစ်ပေးနိုင်ခဲ့ပြီးတော့ ၂၀၀၅ ခုနှစ်မှာ နောက်ဆုံးဖွင့်လှစ်နိုင်တဲ့ အနေအထားဖြစ်ပြီးတော့ ယနေ့အချိန်မှာတော့ ဖွင့်လှစ်နိုင်ခြင်း မရှိသေးပါဘူး။ ပါဝင်တဲ့ အဖွဲ့အစည်းတွေကတော့ ပူးပေါင်းဆောင်ရွက်ရတဲ့ လုပ်ငန်း ဖြစ်ပြီးတော့ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ကျန်းမာရေးဌာန၊ လူမှုဝန်ထမ်း ဌာန၊ မွေးမြူရေးဌာန၊ စိုက်ပျိုးရေးဌာန ဒါတွေကပူးပေါင်းပြီးတော့



D/real(wide) (1



ဆေးသုံးစွဲခဲ့တဲ့ကာလပေါ် မူတည်ပြီးတော့မှ သက်ဆိုင်ရာ ဆေးဝါးကိုပေးပြီးတော့မှ ကုသပေးနေတဲ့ အနေအထား ဖြစ်ပါတယ်။ ဆေးရုံတက်ရောက်ခြင်းလည်း မရှိပါဘူး။ မှတ်ပုံတင်ပြီးတာနဲ့ လစဉ်ကုသတဲ့ဆေးတွေကို ထုတ်ယူပြီးတော့မှ ကုသပေးနေတဲ့ အနေအထားဖြစ်ပါတယ်။ ၂၀၁၃ ခုနှစ်မှာ တဖြည်းဖြည်းအင်အားများလာတာ တွေ့ရမှာ ဖြစ်ပါတယ်။

ဘာကြောင့်လည်းဆိုလျှင် ယခင်ကမူးယစ်ဆေးဝါး ကုသပေးမှုအပိုင်းမှာ ကျွန်တော်တို့ဘက်ပိုင်းက အားနည်းမှု ရှိသလို အသိပညာပေးမှုအပိုင်းမှာလည်း အားနည်းတဲ့အတွက် နားလည်မှုမရှိတဲ့အတွက် မူးယစ် ဆေးဝါးကုသတဲ့ မှတ်ပုံတင်မှုတွေ အားနည်းပါတယ်။ နောက်ပိုင်းမှာ ဒါတွေကို အသိပညာ ပေးလာတဲ့အခါ ၂၀၁၃ ခုနှစ်မှာ တဖြည်းဖြည်းနဲ့ အင်အား များပြားလာတဲ့အနေအထား တွေ့ရမှာဖြစ်ပါတယ်။ ဘိန်းဖျက်ဆီးမှု အနေအထားတွေကို တင်ပြသွားမှာဖြစ်ပါတယ်။

ပြီးခဲ့တဲ့ ၂၀၁၁-၂၀၁၂ ခုနှစ်မှာ ဘိန်းစိုက်ဧကပေါင်း (၅)သောင်းကျော် (၆)သောင်းနီးပါးရှိ ဖျက်ဆီးနိုင်ခဲ့ ပြီးတော့မှ ၂၀၁၂-၂၀၁၃မှာ (၃)သောင်းနီးပါးပဲ ဖျက်ဆီးနိုင်ခဲ့တဲ့ အနေအထားကို တွေ့ရှိရမှာဖြစ်ပါတယ်။ အဲဒီလို ဖြစ်ရတဲ့ အကြောင်းအရင်းကလည်း ဘိန်းစိုက်တောင်သူတွေ အနေနဲ့ ရှမ်းပြည်နယ်မှာ ရှိနေတဲ့ တန်ဆောင်တိုင် မီးပုံးပျံပွဲတော်ကာလ၊ အင်းလေးဖောင်တော်ဦးပွဲတော် ကာလတွေမှာ ရဲတပ်ဖွဲ့ဝင်တွေဟာ လုံခြုံရေးကို ထုတ်နုတ်သုံးစွဲတဲ့ ကာလတွေများပြားတဲ့အခါမှာ အဲ့ဒါကိုအခွင့်ကောင်းယူပြီးတော့ အဲ့ဒီကာလတွေမှာ ပိုပြီးတော့ စိုက်ပျိုး လာတာတွေ့ရတဲ့ အနေအထား ဖြစ်ပါတယ်။

နောက်တစ်ခုက ၂၀၁၂-၂၀၁၃ မှာ **UNODC** ကနေ **NNCC** ကနေ ကျွန်တော်တို့ကို ချပြပေးတဲ့ ဘိန်းစိုက်ခင်းတွေ ဘယ်မှာရှိတယ်ဆိုတဲ့ ဂြိုလ်တုဓါတ်ပုံတွေနဲ့ ချပြပေးတာရှိပါတယ်။ အဲ့ဒီလို ချပြပေးတဲ့ဟာတွေက ၂၀၁၂-၂၀၁၃မှာ ရရှိမှုအနေအထား၊ နောက်ကျမှုအနေအထား တစ်ခု၊ နောက်တစ်ခု ရဲတပ်ဖွဲ့ဝင်များ ထုတ်နုတ်တဲ့ အချိန်မှာ ၂၀၁၃ ကာလအတွင်းမှာ ရခိုင်ဒေသရဲ့ ဖြစ်စဉ်တွေဖြစ်တဲ့အခါမှာ ရဲတပ်ဖွဲ့ဝင်အင်အားတွေ ဖြည့်ဆီး ပေးလိုက်တဲ့အခါမှာ ကျွန်တော်တို့ ဖျက်ဆီးမှုနည်းပါးသွားတဲ့ အနေအထားကို တွေ့ရမှာဖြစ်ပါတယ်။

ဒါကြောင့်မို့ လက်ရှိ ၂၀၁၃-၂၀၁၄ ခုနှစ်မှာတော့ ဒီထက်မက တိုးမြှင့်ပြီးဖျက်ဆီးနိုင်အောင်လို့ အခုကတည်းက စပြီးတော့ ဘိန်းဖျက်တဲ့စီမံကိန်းတွေ စတင်ပြီးဆောင်ရွက်နေပြီ ဖြစ်ပါတယ်။ တပ်ဖွဲ့ဝင်အင်အား တွေလည်း များပြားလာအောင် ဆောင်ရွက်နေပါတယ်။ လက်ရှိမှာလည်း တောင်လေးလုံးမှာ ရဲတပ်ဖွဲ့တပ်ရင်း တစ်ရင်း ရရှိပြီးဖြစ်တဲ့အတွက် ရဲတပ်ရင်းရဲ့ အင်အားကိုသုံးပြီးတော့ ဖျက်ဆီးသွားမှာဖြစ်ကြောင်း တင်ပြလို ပါတယ်။ ၂၀၁၁ ခုနှစ်ကနေ ၂၀၁၃ ခုနှစ်အထိ (၃၁-၈-၂၀၁၃) ရက်နေ့အထိ မူးယစ်ဆေးဝါးနှင့် ပတ်သက်လို့ ဖမ်းဆီးရမိတဲ့ တရားခံပေါင်းဟာ အမှုပေါင်းဟာ (၃၂၀၂)မှု ဖမ်းဆီးနိုင်ခဲ့ ပြီးတော့မှ တရားခံပေါင်းအနေနဲ့ (၄၀၀၀)ကျော် ဖမ်းဆီး ရမိနိုင်တဲ့ အနေအထားဖြစ်ပါတယ်။

ငွေတန်ဖိုးအားဖြင့် သိန်းပေါင်း(၁)သောင်းကျော် ရှိတယ်ဆိုတဲ့အကြောင်းကို တွေ့ရှိရမှာ ဖြစ်ပါတယ်။ ခရိုင်အလိုက် တစ်ခုခြင်းစီ ပြန်လည်စိစစ်တဲ့အခါမှာ ၂၀၁၁-၂၀၁၂၊ ၂၀၁၂-၂၀၁၃ ခုနှစ်တွေမှာ ဖမ်းဆီးရမိမှုကို ကြည့်လိုက်မယ်ဆိုလျှင် လားရှိုးခရိုင်မှာ



D/real(wide) (1



တာဝန်ဖွဲ့စည်းရတာဖြစ်ပါတယ်။ ဒီပြန်လည် ထူထောင်ရေး လုပ်ငန်းကတော့ လက်ရှိတော့ ဆောင်ရွက်နိုင်ခြင်း မရှိဘဲနဲ့ တည်ဆောက်ရေးနှင့် စိုက်ပျိုးရေးကို သင်တန်းကျောင်းထဲမှာဘဲ ဆက်လက်ပြီး ဆောင်ရွက်နေတဲ့ အနေအထားဖြစ်ပါတယ်။

နောက်တစ်ခုကတော့ တီးမားစခန်းလို့ခေါ်တဲ့ ရွှေပြည်သစ် စခန်းဖြစ်ပါတယ်။ ငွေဆောင်မြို့နယ် တီးမား ကျေးရွာမှာ ဖြစ်ပါတယ်။ ၂၀၀၇ ခုနှစ်ကနေ စတင်ဖွင့်လှစ်ခဲ့တာ ဖြစ်ပါတယ်။ ဒါပေမဲ့ သူကလည်း အမှတ်စဉ်(၇)ထိ ဘဲဖွင့်လှစ်ပေးနိုင်ခဲ့ပြီး ၂၀၁၁ ခုနှစ်မှာ ဆက်လက်ဖွင့်လှစ်နိုင်ခြင်း မရှိပါဘူး။ ၂၀၁၁ ခုနှစ်မှာ **KIA** ကနေ တီးမားရဲဘက်စခန်းကို ဝင်ရောက်တိုက်ခိုက်တဲ့ ဖြစ်စဉ်ဖြစ်ပွားပြီးတဲ့ နောက်ပိုင်းမှာ ဝန်ထမ်းတွေကို သက်ဆိုင်ရာ ဌာနတွေကို ပြန်လည် ခေါ်ယူပြီးတော့ သင်တန်းကို ခေတ္တရပ်နားထားရတဲ့ အနေအထား ဖြစ်ပါတယ်။

နယ်မြေအခြေအနေ အားလုံးအေးဆေးသွားလျှင်တော့ သင်တန်းတွေ ပြန်လည်ဖွင့်လှစ်ပေးနိုင်တဲ့ အနေအထားမျိုး ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ မူးယစ်ဆေးစွဲတဲ့သူတွေကို ပြန်လည်ထူထောင်ရေးနှင့် ကုသရေး လုပ်ငန်းရပ်တွေလည်း ဆောင်ရွက်ပေးလျက် ရှိနေပါတယ်။ မူးယစ်ဆေးစွဲတဲ့ လူနာတွေကို ဆေးကုသတဲ့ နေရာဒေသတွေကတော့ မူဆယ်၊ နမ့်ခမ်း၊ ကွတ်ခိုင်၊ လားရှိုးနှင့် တောင်ကြီးမှာ ဖြစ်ပါတယ်။ တောင်ကြီးမြို့ကတော့ ၂၀၁၃ ခုနှစ်ကနေ စတင်ပြီးတော့ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။

စုစုပေါင်းလက်ရှိ ကုသနေတဲ့ မူးယစ်ဆေးစွဲလူနာပေါင်း (၂၄၁၃)ဦး ရှိကြောင်းတင်ပြအပ်ပါတယ်။ ဒီဟာတွေကတော့ သက်ဆိုင်ရာဆေးရုံတွေမှာ မှတ်ပုံတင်ပြီးတော့မှ ဆေးစွဲနေတဲ့

အမှုပေါင်း အများဆုံးဖမ်းဆီးရမိတဲ့ အနေအထားဖြစ်ပြီးတော့ ဒီ၂၀၁၃မှာ မူဆယ်ခရိုင်မှာ ဒုတိယအများဆုံး ဖမ်းဆီးရမိတဲ့ အနေအထားဖြစ်ပါတယ်။ တတိယကတော့ ကျောက်မဲခရိုင်မှာ အများဆုံး ဖမ်းဆီးရမိမှု အနေအထားရှိကြောင်း တွေ့ရှိရမှာ ဖြစ်ပါတယ်။

နောက်မူးယစ်ဆေးဝါး တိုက်ဖျက်ရေးနှင့် ပတ်သက်လာလျှင် ဘိန်းကိုပဲ အဓိကဘိန်းခင်း ဖျက်ဆီးမှုတင်မကဘဲ နောက်ထပ်ကြုံတွေ့ရတဲ့ ပြဿနာတစ်ခုကတော့ မူးယစ်ဆေးဝါးနှင့် ပတ်သက်တဲ့ စိတ်ကြွဆေးပြားတွေဖြစ်ပါတယ်။ အခုတင်ပြထားတဲ့ ၂၀၁၂-၂၀၁၃ (၈)လပိုင်းကုန်အထိ ဇယားတွေကို ကြည့်မယ်ဆိုလျှင် ဘိန်းနှင့် ပတ်သက်တဲ့ အမှုနှင့်စာလျှင် စိတ်ကြွဆေးဖမ်းဆီးရမိမှုဟာ ပိုမိုများပြားကြောင်း တွေ့ရမှာဖြစ်ပါတယ်။ စိတ်ကြွဆေးပြားဆိုတာ မြန်မာနိုင်ငံက ကုန်ကြမ်းတွေနဲ့ လုပ်လို့မရဘဲ နိုင်ငံတကာက တင်သွင်းလာတဲ့ ကျန်တဲ့ နိုင်ငံကနေ တင်သွင်းလာတဲ့ ဓါတုဆေးဝါး တွေကနေတစ်ဆင့် ချက်လုပ်တာ ဖြစ်ပါတယ်။

ဒါကြောင့်မို့ တားဆီးနှိမ်နင်းရေး ပြည်ပကနေ တင်သွင်းလာတဲ့ ပရီကာဆာလို့ခေါ်တဲ့ ဓါတုဆေးဝါးတွေကိုအဓိကထားပြီး ဖမ်းဆီးပေးနေရတာဖြစ်ပါတယ်။ အခုတင်ပြတဲ့ ဇယားတွေအနေအထားအရ ဆိုလျှင်လည်း ပရီကာဆာ ဖမ်းဆီးရမိမှု အနေအထားတွေကို တွေ့ရမှာဖြစ်ပါတယ်။ မူးယစ်ဆေးဝါးဖမ်းဆီးရမိမှု အနေအထားက ၂၀၁၁ ခုနှစ်မှာ ကျပ်သန်းပေါင်း (၅)သောင်းကျော် ၂၀၁၁-၂၀၁၂မှာ ၂၀၁၂-၂၀၁၃မှာ (၃)သောင်းကျော် ဖမ်းဆီးရမိမှု ဖြစ်ပါတယ်။ ၂၀၁၃ မှာဆိုလျှင် ကျပ်သန်းပေါင်း (၁)သောင်းကျော်အထိ ဖမ်းဆီးရမိတဲ့ အနေအထား ဖြစ်ပါတယ်။





(၂) ရှမ်းပြည်နယ်အစိုးရ၏ အာမခံချက်များ၊ ကတိများ၊ တာဝန်ခံချက်များ စိစစ်ရေးကော်မတီ

(၃) ဘတ်ဂျက်စိစစ်ရေးကော်မတီ

(၄) တိုင်ကြားစာများ စိစစ်ရေးကော်မတီ တို့ ဖြစ်ပါတယ်။

ယခုတိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေပုဒ်မ(၆၂)၊ ပုဒ်မခွဲ(က)နှင့် (ခ) တို့အရ ကော်မတီနှင့် အဖွဲ့များအတွက် လိုအပ်သော ကော်မတီဝင်များ၏ အမည်စာရင်းကို လွှတ်တော်သို့ အောက်ပါအတိုင်း တင်ပြအပ်ပါတယ်-

**ဥပဒေနှင့်ပတ်သက်ပြီး လေ့လာသုံးသပ်ရေးကော်မရှင်**

(၁) ဦးစိုင်းခမ်းမှတ် — ဥက္ကဋ္ဌ
လားရှိုးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)
ရှမ်းပြည်နယ်လွှတ်တော်၊ ဒုတိယဥက္ကဋ္ဌ

(၂) ဦးသောင်းရွှေ — အဖွဲ့ဝင်
ကလောမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)

(၃) ဒေါ်ချယ်ရီကြည် — အဖွဲ့ဝင်
ရှမ်းပြည်နယ်တရားရေး ဦးစီးမှူး

(၄) ဦးဝင်းရွှေ — အဖွဲ့ဝင်
ဥပဒေအရာရှိ အဆင့်(၁)၊ အငြိမ်းစား
တရားလွှတ်တော်ရှေ့နေ

(၅) ဦးစိုင်းကျော်ဇံ — အဖွဲ့ဝင်
ခရိုင်ဥပဒေအရာရှိ၊ အငြိမ်းစား
ရှေ့နေချုပ်ရုံး

(၆) ဦးမြင့်လွင် — အတွင်းရေးမှူး
ရှမ်းပြည်နယ် ဥပဒေအရာရှိ

**ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ**

(၁) ဦးဝင်းမြင့် — ဥက္ကဋ္ဌ
အင်းတိုင်းရင်းသားရေးရာ ဝန်ကြီး

(၂) ဦးစိုင်းလိတ် — အဖွဲ့ဝင်
နမ့်စန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)

(၃) ဦးစိုင်းစံဖေ — အဖွဲ့ဝင်
မိုင်းရယ်မြို့နယ် မဲဆန္ဒနယ် အမှတ်(၁)

(၄) ဒေါ်နန်းကိန်ခမ်း — အဖွဲ့ဝင်
မိုင်းယန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)

(၅) ဦးခွန်အောင်နိုင်ဦး — အတွင်းရေးမှူး
ပင်လောင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)



D/real(wide) (1



၂၀၁၂-၂၀၁၃မှာ ဘိန်းဖျက်ဆီးမှုနည်းတဲ့အတွက် ဖမ်းဆီးရမိမှုများအောင် တွန်းအားပေး ဆောင်ရွက်လျက် ရှိကြောင်း တင်ပြလိုပါတယ်။ **(ပါဝါပွိုင့်ဖြင့် ရှင်းလင်းတင်ပြပါသည်။)**

**ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ပြည်နယ်လွှတ်တော်တွင် နောက်ထပ်ဖွဲ့စည်းမည့် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၊ တိုင်တန်းစာစိစစ်ရေးကော်မတီနှင့် ဘတ်ဂျက်စိစစ်ရေး ကော်မတီတို့တွင် ထည့်သွင်းဖွဲ့စည်းမည့် အဖွဲ့ဝင်ဦးရေ၊ ကော်မရှင်/ကော်မတီ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်တို့၏ အမည်စာရင်းတို့ကို ပြည်နယ်လွှတ်တော်သို့ တင်ပြခြင်း။**

**ဥက္ကဋ္ဌ။** အစီအစဉ်(၂၀)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပြီးခဲ့တဲ့ ရှမ်းပြည်နယ်လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးမှာ အောက်ပါကော်မရှင်တစ်ခုနှင့် ကော်မတီ(၃)ခုကို ဖွဲ့စည်းရန် လွှတ်တော်က သဘောတူအတည်ပြုပြီးဖြစ်ပါတယ်။ ၄င်းကော်မတီနှင့် ကော်မရှင်များကတော့-

(၁) ဥပဒေနှင့် ပတ်သက်သည့် လေ့လာသုံးသပ်ရေး ကော်မရှင်

### ဘတ်ဂျတ်စိစစ်ရေးကော်မတီ

(၁) ဦးစိုင်းအိုက်အေး ဥက္ကဋ္ဌ
လင်းခေးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)

(၂) ဦးသိန်းထွန်း အဖွဲ့ဝင်
ရှာငံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)

(၃) ဦးမိုင်းအုဏ်းခိုင် အဖွဲ့ဝင်
မန်တုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)

(၄) ဦးစိုင်းဆန်စိန် အဖွဲ့ဝင်
တန့်ယန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)

(၅) ဦးထွန်းရင် အတွင်းရေးမှူး
ကွမ်းလုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)

### တိုင်ကြားစာများ စိစစ်ရေးကော်မတီ

(၁) ဦးခွန်ဟန်သိန်းဦး ဥက္ကဋ္ဌ
မောက်မယ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)

(၂) ဦးစိုင်းသန်းမောင် အဖွဲ့ဝင်
ကျောက်မဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)

(၃) ဦးစိုင်းစံအေး အဖွဲ့ဝင်
သိန္နီမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)



D/real(wide) (1



# ရှမ်းပြည်နယ်

## ပထမအကြိမ်ရှမ်းပြည်နယ်လွှတ်တော်

## သတ္တမပုံမှန်အစည်းအဝေး (စတုတ္ထနေ့)မှတ်တမ်း

## ၁၃၇၅ ခုနှစ်၊ တော်သလင်းလဆန်း (၈)ရက်

## ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ (၁၂) ရက်

[ **ကြာသပတေးနေ့** ]

တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (စတုတ္ထနေ့)အစီအစဉ်ကို နံနက်(၁၀း၀၀) နာရီအချိန်၌ စတင်ကျင်းပပါသည်။

ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌအဖြစ် ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌဦးစိုင်းလုံးဆိုင်က ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် ရှမ်းပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဦးက ဆောင်ရွက်ပါသည်။

### ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မကြာမီ အချိန်အတွင်းမှာ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (စတုတ္ထနေ့)အား ကျင်းပပြုလုပ်မည် ဖြစ်ပါသောကြောင့် ကိုယ်စားလှယ်တော်များ သတ်မှတ်ထားသော နေရာများမှာ နေရာယူပေးကြပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။

ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပြီ ခင်ဗျား ။

[ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌသည် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။ ]

**အခမ်းအနားမှူး။** အားလုံးထိုင်နိုင်ကြပါပြီ ခင်ဗျား။

## ပြည်နယ်လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး စတုတ္ထနေ့မှာ လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၁၄၀)ဦးရှိသည့်အနက် ဒီကနေ့အစည်းအဝေးကို (၁၂၈)ဦး တက်ရောက်ပါတယ်။ အစည်းအဝေးကို တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ်စုစုပေါင်း၏ (၉၁. ၄၃)% ရှိပြီး၊ တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ (၁၈၀)၊ ပုဒ်မခွဲ(က)နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေပုဒ်မ(၃၄)၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက် ကြောင်းနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေပုဒ်မ(၃၅)၊ နည်းဥပဒေခွဲ(ဂ)အရ အစည်းအဝေး စတင်ကြောင်း ကြေငြာပါတယ်။





(၄) ဦးစိုင်းအောင်ခမ်း အဖွဲ့ဝင်

မိုင်းပန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)

(၅) ဦးစိုင်းသူရိန်ဦး အတွင်းရေးမှူး

နမ့်စန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)

ယခုတင်သွင်းတဲ့ကော်မတီများ၏ အမည်စာရင်းနှင့် စပ်လျဉ်းပြီး ဆွေးနွေးလိုသော ကိုယ်စားလှယ်ရှိပါက ယနေ့ညနေပိုင်း လွှတ်တော်အစည်းအဝေး ရပ်နားတဲ့အခါ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌထံ အမည်စာရင်း ပေး၍ဆွေးနွေးနိုင်ကြောင်း ကြေညာပါတယ်။

## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး တတိယနေ့ရပ်နားကြောင်းနှင့် အစည်းအဝေး စတုတ္ထနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခုပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် သတ္တမပုံမှန် အစည်းဝေး တတိယနေ့ကို ရပ်နားပါ့မယ်။ ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို မနက်ဖြန် ၂၀၁၃ ခုနှစ် စက်တင်ဘာလ ၁၂ ရက်နေ့ ကြာသပတေးနေ့ နံနက် (၁၀)နာရီ အချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။ ပြည်နယ် လွှတ်တော် ကိုယ်စားလှယ်များ အားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီ ခင်ဗျား။

## ပြည်နယ်လွှတ်တော်အစည်းအဝေး
## စတုတ္ထနေ့အစီအစဉ် ကြေညာခြင်း

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော် ဆိုင်ရာ နည်းဥပဒေ(၄)၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ်ရှမ်းပြည်နယ် လွှတ်တော် သတ္တမပုံမှန် အစည်းအဝေး စတုတ္ထနေ့အစီအစဉ်ကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ ဖြန့်ဝေထားတဲ့ အစီအစဉ် အတိုင်း ဆက်လက်ကျင်းပ သွားမှာဖြစ်ပါတယ်။

## အစည်းအဝေးမတက်ရောက်နိုင်သော
## ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက
## ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား တိုင်းဒေသကြီးနဲ့ ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ (၄၄)၊ နည်းဥပဒေခွဲ(က)အရ ခွင့်ပန်ကြားလိုတဲ့ ကိုယ်စားလှယ် များဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း၊ ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။ ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် ယခု ခွင့်ပန်ကြားဖို့ဖြစ်ပါတယ်။



D/real(wide) (1



**ဦးသိန်းထွန်း၊ ရွာငံမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ရွာငံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးသိန်းထွန်းဖြစ်ပါတယ်။ ရွာငံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကိုကိုသည် အရေးကြီး လူမှုရေး ကိစ္စ သွားရောက်ရန်ရှိပါသဖြင့် ယခုကျင်းပသော ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေးတွင် အစည်းအဝေး တက်ရောက်ခြင်းအား (၁၂-၉-၂၀၁၃) ရက်နေ့မှ (၁၃-၉-၂၀၁၃)ရက် နေ့အထိ (၂)ရက် ကင်းလွတ် ခွင့်ပြုပါရန် ဦးကိုကိုကိုယ်စား လေးစားစွာဖြင့် ခွင့်ပန်ကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားချက်ကို လွှတ်တော်ကခွင့်ပြုရန် သဘောတူပါသလားခင်ဗျား။ **[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်]**

သဘောတူတဲ့အတွက် ယခုခွင့်ပန်ကြားချက်များက ခွင့်ပြုကြောင်း ကြေညာပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် သတ္တမပုံမှန် အစည်းအဝေး စတုတ္ထနေ့ကို တက်ရောက်ခွင့်ရှိတဲ့ ပြည်နယ် လွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၁၄၀)ဦးရှိပြီး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၉)ဦး၊ ယနေ့ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၃)ဦး စုစုပေါင်း ခွင့်ပြုထားသူ(၁၂)ဦး ရှိပြီး ခွင့်မဲ့ပျက်ကွက် မရှိပါ။ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော် ဆိုင်ရာ နည်းဥပဒေ(၄)၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခုလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို ပြည်နယ်လွှတ်တော်ရဲ့

အတည်ပြုချက်ရယူမှာဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး စတုတ္ထနေ့ တက်ရောက်မှု အခြေအနေ တင်ပြချက်ကို အတည်ပြုပါသလား ခင်ဗျား။-

**[ သုံးကြိမ်တိုင်တိုင်မေးပါသည်။လွှတ်တော်က အတည်ပြုပါသည်။ ]**

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်က အတည်ပြုတဲ့ အတွက် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို ပြည်နယ်လွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်နယ် အဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်နယ်လွှတ်တော်သို့ လွှတ်တော် ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြမေးခွန်းများကို မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။ ယခု လွှတ်တော်ကိုယ်စားလှယ် (၉)ဦးက မေးမြန်းထားသည့် မေးခွန်း များကို သက်ဆိုင်ရာ ပြည်နယ်အဖွဲ့အစည်းဝင်များမှ တာဝန်ရှိ ပုဂ္ဂိုလ်များက ဖြေကြားသွားဖို့ ဖြစ်ပါတယ်။



D/real(wide) (1



**ဦးလောရင်း၊ ကယန်းတိုင်းရင်းသား လူမျိုးရေးရာ ဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်ကတော့ ဖယ်ခုံမြို့နယ်၊ ရှမ်းပြည်နယ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ကယန်းတိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး ဦးလောရင်း ဖြစ်ပါတယ်။ ညောင်ရွှေမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဦးထွန်းအောင်၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်သည် ကျေးရွာဘာသာရေးပွဲ ကိစ္စဆောင်ရွက်ရန် ရှိပါသဖြင့် ယခုကျင်းပသော ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေးတွင် အစည်းအဝေးတက်ရောက်ခြင်းအား (၁၂-၉-၂၀၁၃) (၁)ရက် ကင်းလွတ်ခွင့်ပြုပါရန် ဦးထွန်းအောင် ကိုယ်စား လေးစားစွာဖြင့် ခွင့်ပန်ကြား အပ်ပါတယ်ခင်ဗျား။

**ဦးအောင်ကြည်ဝင်း၊ ညောင်ရွှေမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ညောင်ရွှေမြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၂)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးအောင်ကြည်ဝင်း ဖြစ်ပါတယ်။ ညောင်ရွှေမြို့နယ်မှ အင်းတိုင်းရင်းသား ရေးရာဝန်ကြီး ဦးဝင်းမြင့်သည် နေပြည်တော်တွင် အင်းလေးကန် ရေရှည်တည်တံ့ ခိုင်မြဲရေးနှင့် ထိန်းသိမ်း ကာကွယ်ရေး အစည်းအဝေးနှင့် အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်ရန်ရှိပါသဖြင့် ယခုကျင်းပတဲ့ ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော်ပုံမှန်အစည်းအဝေးတွင် အစည်းအဝေးတက်ရောက်ခြင်းအား (၁၂-၉-၂၀၁၃) ရက်နေ့မှ (၁၃-၉-၂၀၁၃) ရက်နေ့အထိ (၂)ရက် ကင်းလွတ်ခွင့် ပြုပါရန် ဦးဝင်းမြင့် ကိုယ်စား ခွင့်ပန်ကြားအပ် ပါတယ်ခင်ဗျား။

ပထမဦးစွာ မိုင်းပန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းအောင်ခမ်းက မေးခွန်း(၂)ခုကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းအောင်ခမ်း၊ မိုင်းပန်မြို့နယ် မဲဆန္ဒနယ် အမှတ်(၂)။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ သတ္တမပုံမှန် အစည်းအဝေးကို တက်ရောက်လာကြသော လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဦးစွာ ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။

ကျွန်တော်ကတော့ မိုင်းပန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းအောင်ခမ်း ဖြစ်ပါတယ်။ မိုင်းပန်မြို့နယ် အရှေ့ကျေးရွာအုပ်စု၊ ဟိုဖိုင်လုံကျေးရွာအနီး လဝဆည် တည်ရှိပါသည်။ ၎င်းလဝဆည်မှ ဆည်စောင့်ဝန်ထမ်းနှင့် ဦးစီးမှူးအဆင့်ရှိ ဆည်ကြီးကြပ်ဝန်ထမ်း တာဝန်ခံအား မည်ကဲ့သို့ စီမံဆောင်ရွက်ထားကြောင်း မေးခွန်းကို မေးမြန်းလိုပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မိုင်းပန်မြို့နယ် အရှေ့ဖက်၊ ဟိုဖိုင်လုံ ရွာအနီးမှ လဝဆည်ရှိပါသည်။ လဝဆည်ဟာ နိုင်ငံတော်အစိုးရက ငွေကျပ်သိန်းပေါင်းများစွာ အကုန်ကျခံပြီး တည်ဆောက်ထားသော ကွန်ကရစ်ဆည် ဖြစ်ပါတယ်။ လဝဆည်၏ ရေသောက်ဆည်ဧကမှာ (၆၉၃)ဧက ရှိပြီး ၎င်းဆည်မှ မိုးသီးနှံ၊ ဆောင်းသီးနှံများ စိုက်ပျိုး၍ ရသောလယ်များ ဖြစ်ပြီး၊ ၎င်းလဝဆည်သည် မိုင်းပန်မြို့နယ် ပြည်သူများ၏ အသက်သွေးကြော ဖြစ်ပါတယ်။

၎င်းဆည်မှ ရေများသည် မိုင်းပန်မြို့သို့ ဖြတ်ဝင်လာသဖြင့် သောက်သုံးရေအဖြစ် အထောက်အကူလည်း ဖြစ်ပါသည်။





၂၀၁၂-၂၀၁၃ခုနှစ် ဘဏ္ဍာရေးနှစ်တွင် မိုင်းပန်မြို့နယ် နားလောကျေးရွာအုပ်စု၊ နားလောရွာ အနီး၌ ကုန်းကျိုင်းချောင်း မျှောရိုက်ကျောက်ဖြည့်ဆည်နှင့် ဟွေကျောင်းမျှောရိုက် ကျောက်ဖြည့်ဆည်တို့ကို ပြည်နယ်ရန်ပုံငွေဖြင့် တည်ဆောက်ပေးခဲ့ပါတယ်။

ကုန်းကျိုင်းမျှောရိုက်ဆည် တည်ဆောက်ရန် ငွေကျပ် (၉၉)သိန်း (၆)သောင်းနှင့် ဟွေကျောင်းချောင်း မျှောရိုက်ကျောက်ဖြည့် နုန်းဖမ်းဆည် တည်ဆောက်ရန် ငွေကျပ်(၃၇)သိန်း (၅)သောင်းဖြင့် ရန်ပုံငွေအသီးသီးချပေး ခဲ့ပြီးတည်ဆောက်ခွင့်ပြုခဲ့ပါတယ်။ ၎င်းနုန်းဖမ်းဆည်(၂)ခုသည် (၁)နှစ်မပြည့်မီ ပျက်စီးသွားခဲ့ပါတယ်။ ပျက်စီးသွားသော နုန်းဖမ်းဆည်(၂)ခုအား ကျွန်တော်သွားရောက် ကြည့်ရှုခဲ့ရာ မျှောရိုက်ဆည်ဟု ဆိုသော်လည်း ဝါးဖြင့်သာ ရိုက်ထားသည်ကို တွေ့ရှိရပါတယ်။

ပြည်နယ်အစိုးရ ရန်ပုံငွေများ လုံလောက်စွာ ချပေးသော်လည်း စံချိန်စံညွှန်းညီအောင် တည်ဆောက်ပေးခြင်း မရှိသည့်အတွက် ပျက်စီးရကြောင်း သုံးသပ်တင်ပြလိုပါသည်။ ၎င်းနုန်းဖမ်းဆည်များကို တာဝန်ယူပြီး တည်ဆောက်ခဲ့သည့် ပုဂ္ဂိုလ်အနေဖြင့် ပြည်နယ်ရန်ပုံငွေများ အလဟသဆုံးရှုံးမှု မရှိစေရန်အတွက် မည်ကဲ့သို့ ပြန်လည်တည်ဆောက်ပေးမည်ကို သိရှိလိုပါသည်။ ပြန်လည်၍ တည်ဆောက်ပေးနိုင်ခြင်း မရှိပါက မည်ကဲ့သို့ အရေးယူပေးမည်ကို သိရှိလိုပါကြောင်း မေးမြန်းလိုပါတယ်။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာ ပြည်နယ်ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။



D/real(wide) (1

**ဦးစိုင်းဆာလူ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဦးစွာ ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။

မိုင်းပန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂) ဦးစိုင်းအောင်ခမ်းမှ မေးမြန်းထားသော မေးခွန်း(၂)ခုနှင့် ပတ်သက်ပြီး ကျွန်တော် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးမှ ရှင်းလင်းဖြေကြား တင်ပြသွားမှာ ဖြစ်ပါတယ်။ မေးခွန်း နံပါတ်(၁)ဖြစ်တဲ့ မိုင်းပန်မြို့နယ်၊ အရှေ့ကျေးရွာအုပ်စု၊ ဟိုဖိုင်လုံရွာ အနီး တည်ရှိသော လဝဆည်သည် နိုင်ငံတော် အစိုးရက ကျပ်သိန်းပေါင်းများစွာ အကုန်ကျခံပြီး ဆောက်ထားသော ကွန်ကရစ်ဆည် ဖြစ်တဲ့ အတွက် နေ့စားဆည်စောင့် ဝန်ထမ်း(၁)ဦး သာရှိပြီး ကြီးကြပ်မည့် ဆည်မြောင်းတာဝန်ခံအား မည်ကဲ့သို့ ဆောင်ရွက်ထားသည်ကို သိရှိလိုပါသည် ဆိုတဲ့ မေးခွန်းနှင့် ပတ်သက်၍ မိုင်းပန်မြို့နယ်၊ အရှေ့ကျေးရွာအုပ်စု၊ ဟိုဖိုင်လုံရွာ အနီးရှိ လဝဆည်တွင် နေ့စားဝန်ထမ်း(၃)ဦး ရှိတာမှန်ပါသည်။

၎င်းလဝဆည်တွင် မူလကကြီးကြပ်သည့် ဆည်မြောင်း တာဝန်ခံ ဦးစီးမှူး မြို့ပြ၊ ဦးခွန်ထွန်းဦးမှာ လုပ်ငန်းလိုအပ်ချက်အရ (၂၀-၈-၂၀၁၃)ရက်နေ့တွင် လွိုင်လင်ခရိုင်သို့ ပြောင်းရွှေ့တာဝန် ချထားပါသည်။ ထိုသို့ ပြောင်းရွှေ့သွားသော ဦးခွန်ထွန်းဦး၏ လုပ်ငန်းတာဝန်များကို လက်ရှိမိုးနဲမြို့နယ် တာဝန်ခံဖြစ်သော ဒုဦးစီးမှူး မြို့ပြ ဦးဝေနှင်းအား (၂၀-၈-၂၀၁၃)ရက်တွင် မိုးနဲမြို့နယ်နှင့် မိုင်းပန်မြို့နယ် တာဝန်များကို တာဝန်ထမ်းဆောင်ရန် ပူးတွဲ တာဝန်ပေးအပ်ထားပြီးဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။



D/real(wide) (1



လဝဆည်မှ ကမ်းပေါင်များ ပြိုကျပျက်စီးပြီး ဆည်၏အစိတ်အပိုင်း တစ်ခုခုပျက်စီးပါက မိုင်းပန်မြို့ နေပြည်သူအားလုံး အခက်အခဲ ကြုံတွေ့ရမည် ဖြစ်သဖြင့် ဆည်နှင့်သက်ဆိုင်သော ဆည်မြောင်း ဦးစီးမှူးနှင့် ဝန်ထမ်းများ အမြဲကြီးကြပ်ပေးနိုင်ရန် တင်ပြလိုပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနှင့် ၎င်းဆည်ကို တာဝန်ယူကြီးကြပ် လျက်ရှိသော ဝန်ထမ်းများ၏ အားနည်းချက်များကို တစ်ဆက်တည်း တင်ပြလို ပါတယ်။ ယခုနှစ်တွင် မိုင်းပန်မြို့ ရေကြီးမှု (၂)ကြိမ် ဖြစ်ပေါ်ခဲ့ပါတယ်။ (၃၀-၇-၂၀၁၃)ရက်နေ့တွင် (၁)ကြိမ်၊ (၁၀-၈-၂၀၁၃)ရက်နေ့တွင် (၁)ကြိမ် ဖြစ်ပေါ်ခဲ့ပါတယ်။ ရေကြီးသည့်အချိန် လဝဆည်သို့ သွားရောက်ကြည့်ရှုသည့်အခါ ကြီးကြပ်တာဝန်ခံ မရှိဘဲ နေ့စားဝန်ထမ်း(၃)ဦးသာ ရှိကြောင်းတွေ့ရှိရပါတယ်။

ဆည်တံခါးဖွင့်ချ၍ မရသဖြင့် ဆည်စောင့်ဝန်ထမ်းများလည်း မျက်နှာမကောင်း ဖြစ်နေကြပြီး မည်ကဲ့သို့ ဆက်လက် ဆောင်ရွက် ရမည်ကို မသိဖြစ်နေကြပြီး ဆည်ပျက်စီးသွားမှာကို စိုးရိမ်နေကြ ပါတယ်။ ထို့ကြောင့် ဦးစီးမှူး အဆင့်ရှိ ဆည်ကြီးကြပ်(၁)ဦး သတ်သတ်မှတ်မှတ် တာဝန်ပေးရန် လိုအပ်လျက်ရှိပါသည်။ ဆည်စောင့်ဝန်ထမ်း များရှိပါသော်လည်း ဆည်အနီးတွင် ဆည်စောင့် အိမ်ရာမရှိသည့်အတွက် ဆည်ရေလွှဲတံတားအား အချိန်မီ ဖွင့်ပိတ်နိုင်ရန် ဆောင်ရွက်ခြင်း မရှိသည်ကို တွေ့ရှိရပါတယ်။

ယင်းကဲ့သို့ ရေကြီးမှုထပ်မံ ဖြစ်ပေါ်လာပါက ဆည်၏ ရေလွှဲတံခါးများ အချိန်မီဖွင့်ချနိုင်ရန်အတွက် ဆည်ကြီးကြပ် ဦးစီးမှူးနှင့် ဆည်စောင့်ဝန်ထမ်းများအား မည်ကဲ့သို့ စီမံဆောင်ရွက် ထားသည်ကို သိရှိလိုပါသည်။

တစ်ဆက်တည်း မေးခွန်းနံပါတ်(၂)ကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။

မေးခွန်းအမှတ်(၂)နှင့် ပတ်သက်၍(၂၀၁၂-၂၀၁၃)ခုနှစ် ဘဏ္ဍာရေးနှစ်တွင် မိုင်းပန်မြို့နယ်၊ နားလောကျေးရွာအုပ်စု၊ နားလောကျေးရွာအနီး၌ ကုန်းကျိုင်းချောင်း မျောရိုက်ကျောက်ဖြည့် နုန်းဖမ်းဆည်နှင့် ဟွေကျောင်းချောင်း မျောရိုက်ကျောက်ဖြည့် နုန်းဖမ်းဆည်တို့ကို နိုင်ငံတော်ရန်ပုံငွေဖြင့် တည်ဆောက်ပေးခဲ့ပါတယ်။ ၎င်းနုန်းဖမ်းဆည်(၂)ခုသည် (၁)နှစ်မပြည့်မီ ပျက်စီးသွားပါသဖြင့် သက်ဆိုင်ရာဌာနမှ မည်ကဲ့သို့ ပြန်လည်ပြင်ဆင်ပေးမည်ကို သိရှိလိုပါသည်နှင့် ပတ်သက်၍ မိုင်းပန်မြို့နယ်၊ ၂၀၁၃ ခုနှစ် ဩဂုတ်လ ၉ ရက်နေ့၊ ၁၀ ရက်နေ့တို့တွင် မိုးရေချိန် (၃. ၃၈) လက်မ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် နားလောကျေးရွာအနီးရှိ ကုန်းကျိုင်းချောင်းနှင့် ဟွေကျောင်းနုန်းဖမ်းဆည်တို့သည် မကြုံစဖူး ထူးကဲသောရေကြီးမှု ရေစီးအားဖြင့် တိုက်စားခံရမှုတို့ကြောင့် နုန်းဖမ်းဆည်(၂)ခုစလုံး၏ ဆည်အစိတ်အပိုင်း အချို့ပျက်စီးမှု ဖြစ်ပေါ်ခဲ့ရပါသည်။

ထိုသို့ရေကြီးမှုကြောင့် ပျက်စီးမှုဖြစ်ပေါ်ခဲ့သောဆည်အား ပြန်လည်ပြုပြင်ရန်အတွက် ကျောက်သယ်ယူမည့်လမ်းများ ပျက်စီးပြတ်တောက်နေခြင်း၊ ယာခင်းများအား ဖြတ်သန်း၍ သယ်ယူရမည်ဖြစ်၍ သီးနှံများရင့်မှည့် ရိတ်သိမ်းခြင်း မရှိစသော အကြောင်းတရားများကြောင့် လာမည့်ပွင့်လင်းရာသီ ရောက်မှသာ ဆည်ပြုပြင်ခြင်း လုပ်ငန်းများကို ပြန်လည်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ဖြေကြားတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး မိုးမိတ်မြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၂)မှ ဦးစိုင်းဆန်ကွယ်က မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။



D/real(wide) (1



မိုးမိတ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၂)မှ ဦးစိုင်းဆန်ကွယ်၏ ၁၅၀၀ိ/-တန် **WCDMA,GSM** မိုဘိုင်းတယ်လီဖုန်းများ မြို့နယ်အလိုက် ခွဲတမ်းကျဖြန့်ဝေပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါသည် မေးခွန်းနှင့် ပတ်သက်၍ ကျွန်တော် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးအောင်သူက ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်အတွင်း ၁၅၀၀ိ/-ကျပ်တန် မိုဘိုင်းဖုန်းများကို ၄လပိုင်း ၂၀၁၃တွင် **CDMA** မိုဘိုင်းဖုန်း (၁၇၁၅၀)လုံး၊ ၅လပိုင်းမှာ **CDMA** (၂၃၉၉၆)လုံး၊ ၆ လပိုင်းမှာ **CDMA** (၃၂၅၀၄)လုံး၊ ၇ လပိုင်းမှာ **CDMA** (၂၉၈၀)လုံးနှင့် ၈ လပိုင်းမှာ **CDMA** (၁၂၃၀၀)လုံးနှင့် **GSM** (၁၂၀၉၀)လုံး စုစုပေါင်း **CDMA** (၉၈၉၃၀)လုံးနှင့် **GSM** (၁၈၆၃၀)လုံး လစဉ်မြို့နယ်များအလိုက် ဖြန့်ဝေပေးပြီး ဖြစ်ပါတယ်။

ဆက်လက်ပြီးတော့လည်း ခွဲတမ်းရရှိပါကလည်း လစဉ် ဖြန့်ဝေပေးသွားမှာ ဖြစ်ပါတယ်။ ၁၅၀၀ိ/-တန် တန်ဖိုးနည်း မိုဘိုင်းဖုန်းများ ဖြန့်ဝေရာမှာ မြို့နယ်အလိုက် ရှိနေသောတာဝါတိုင်နှင့် ၎င်းတာဝါတိုင်တွင် တပ်ဆင်နိုင်သည့် အင်အားပေါ်တွင် မူတည်ပြီး မြန်မာ့ဆက်သွယ်ရေးရုံးချုပ်မှ လစဉ်ချထားပေးခြင်း ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး နောင်ချို မြို့နယ်မဲဆန္ဒနယ် အမှတ် (၁)မှ ဦးကျော်မြက မေးခွန်း(၃)ခုကို တစ်ဆက်တည်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးကျော်မြ၊ နောင်ချို မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။**
ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် သတ္တမပုံမှန် အစည်းအဝေးကို တက်ရောက်လာကြတဲ့ ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သရင်း လေးစားဂါရဝပြုပါကြောင်း ဦးစွာပြောကြားလိုပါတယ်။

ကျွန်တော်ကတော့ နောင်ချိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြ ဖြစ်ပါတယ်။ ယနေ့ကျင်းပတဲ့ အစည်းအဝေးမှာ ကျွန်တော့်အနေနဲ့ မေးခွန်းများ မေးမြန်းသွားမှာ ဖြစ်ပါတယ်။ ပထမမေးခွန်းကတော့ နောင်ချို မြို့နယ်၊ လုံရှုံးကျေးရွာအုပ်စု၊ ကျောက်ကြမ်းကျေးရွာမှ ဂေါ်ရခါး အမျိုးသမီး ဒေါ်ဟူမာကလာ ပျောက်ဆုံးခြင်း (သို့မဟုတ်) သေဆုံးမှု ပေါ်ပေါက်ရေးနှင့် ပတ်သက်လို့ မေးမြန်းသွားမှာပဲ ဖြစ်ပါတယ်။

နောင်ချိုမြို့နယ်၊ လုံရှုံးကျေးရွာအုပ်စု၊ ကျောက်ကြမ်း ကျေးရွာမှာ နေထိုင်တဲ့ ဒေါ်ဟူမာကလာ (၄၈)နှစ်ဟာ (၁၅-၅-၂၀၁၂)ရက်နေ့က မိုးကုတ်မြို့မှာ နေထိုင်တဲ့ မောင်အရင်း ဖြစ်သူထံ နောင်ချို-မန္တလေးလိုင်းကားနှင့် လိုက်ပါသွားတယ် ဆိုပြီးတော့မှ မိုးကုတ်မြို့ကို ရောက်ရှိသွားခြင်း မရှိဘဲ ပျောက်ဆုံးနေမှု (၁)မှု ဖြစ်ပွားခဲ့ပါတယ်။

ကျောက်ကြမ်းကျေးရွာဟာ နောင်ချိုမြို့နှင့် (၅)မိုင်သာ ဝေးပြီး မြို့နှင့်အိမ်ခြေဆက်နေတဲ့ ရွာတစ်ရွာ ဖြစ်ပါတယ်။ မိုးကုတ်မြို့နေ မောင်ဖြစ်သူက ဒေါ်ဟူမာကလာ ပျောက်ဆုံးသွားတဲ့ အတွက် နောင်ချိုရဲစခန်းမှာ (၃၁-၅-၂၀၁၂)နေ့မှာ တိုင်တန်းခဲ့ ပြီးတော့ မန္တလေးမြို့မှာရှိတဲ့ မြန်မာနိုင်ငံလုံးဆိုင်ရာ ဂေါ်ရခါး(ဟိန္ဒူ) အဖွဲ့ချုပ် ကိုလည်း အကူအညီတောင်းရှာဖွေခဲ့ပါတယ်။





**ဦးစိုင်းဆန်ကွယ်၊ မိုးမိတ်မြို့နယ် မဲဆန္ဒနယ် အမှတ်(၂)။** လေးစားအပ်ပါတဲ့ လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ မိုးမိတ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းဆန်ကွယ်ဖြစ်ပါတယ်။

ကျွန်တော်မေးမြန်းလိုတာကတော့ ၁၅၀၀ိ/-တန် မိုဘိုင်းတယ်လီဖုန်းနှင့် ပတ်သက်၍ မေးမြန်းသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၃ ခုနှစ် ဧပြီလမှစ၍ တစ်နိုင်ငံလုံး ၁၅၀၀ိ/-တန် **WCDMA,GSM** မိုဘိုင်းတယ်လီဖုန်းများ ဖြန့်ဝေခဲ့ပြီး ဖြစ်ပါသည်။ သို့သော်လည်း တစ်ချို့သော မြို့နယ်ရရှိသော်လည်း တစ်ချို့သောမြို့နယ်များ ဖြန့်ဝေပေးခြင်း မရှိသည်ကို တွေ့ရှိနေရပါသည်။

သို့ဖြစ်ပါ၍ ၎င်း**WCDMA** ဖုန်းနှင့် **GSM** မိုဘိုင်း တယ်လီဖုန်းများ လစဉ်ရှမ်းပြည်နယ်အတွက် ခွဲတမ်းကျ ရရှိလာသော ဖုန်းများကို မြို့နယ်အလိုက် ဖြန့်ဝေပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါကြောင်း လေးစားစွာဖြင့် မေးမြန်းလိုပါသည်။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီးအောင်သူ၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီး။** လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီး နဲ့တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ ဦးစွာ ဆုမွန်ကောင်း တောင်းအပ်ပါတယ်။

ဒေါ်ဟူမာကလာရဲ့ ခင်ပွန်းဖြစ်သူဟာလည်း ၂၀၀၇ခုနှစ်မှာ နေအိမ်ကနေပျောက်ဆုံးသွားပြီးတော့ (၃)ရက်အကြာမှာ အိမ်နှင့်ပေ(၁၀၀၀)ကျော်ဝေးတဲ့ လျှိုမြောင်ထဲမှာ သေဆုံးနေတာ တွေ့ကြုံခဲ့ရဖူးပါတယ်။ ဒေါ်ဟူမာကလာ ပျောက်ဆုံးနေမှုနှင့် ပတ်သက်ပြီးတော့မှ နောင်ချိုရဲစခန်းမှ စုံးစမ်းထောက်လှမ်းနေမှုကို မိုးကုတ် မြို့နေဒေါ်ဟူမာကလာရဲ့ မောင်အရင်းနှင့် ဆွေမျိုးသားချင်းများအပြင် မန္တလေးဂေါ်ရခါး(ဟိန္ဒူ)အဖွဲ့ချုပ် ကပါ တက်ကြွစွာ ပူးပေါင်းကူညီပေးခဲ့သော်လည်း (၁)နှစ်ကျော် ကြာလာတဲ့အထိ အဖြစ်မှန်မပေါ်ပေါက်သေးတာ တွေ့ရပါတယ်။

ဒီအမှုဟာ အများပြည်သူအထူးစိတ်ဝင်စားနေတဲ့ အမှုဖြစ်ပါတယ်။ တရားဥပဒေစိုးမိုးရေး **Rule of Law** နှင့် ပတ်သက်ပြီး နိုင်ငံတော်အစိုးရနှင့် ပြည်သူတွေ အထူးအလေးပေးနေတဲ့ အချိန်ကာလဖြစ်တဲ့အတွက် အဖြစ်မှန်ပေါ်ပေါက်သင့်နေပြီဖြစ်ပါတယ်။ နောင်ချိုမြို့နှင့် (၅)မိုင်သာကွာဝေးတဲ့ ကျောက်ကြမ်းကျေးရွာမှာ နေထိုင်သူ ဒေါ်ဟူမာကလာ ပျောက်ဆုံးခြင်း(သို့မဟုတ်) သေဆုံးမှု ပေါ်ပေါက်ရေးကို နောင်ချိုရဲစခန်းက အမြန်ဆုံး ဖော်ထုတ်ရေးအတွက် ဆောင်ရွက်ပေးနိုင်မည်လား။ ဆောင်ရွက်ပေးမည်ဆိုပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေးနိုင်မည်ကို လေးစားစွာ မေးမြန်းအပ်ပါတယ်။

ဆက်လက်ပြီးတော့မှ မေးခွန်း(၂)ကို ဆက်လက်မေးမြန်းသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နောင်ချိုမြို့နယ်အတွက် ရေပုပ်စုပ်စက်(၁)စီး ခွင့်ပြုပေးရေးနှင့် ပတ်သက်လို့ မေးခွန်းမေးမြန်း သွားမှာဖြစ်ပါတယ်။ နောင်ချိုမြို့ဟာ လူဦးရေတိုးတက်လာတာနှင့် အမျှ တစ်နေ့ထက်တစ်နေ့ အိမ်ခြေတိုက်တာ အဆောက်အဦများ များပြားလာပါတယ်။





မြို့ရွာများအမြန်ခေတ်မီဖွံ့ဖြိုးတိုးတက်ရမည်ဆိုတဲ့ ဆောင်ပုဒ်နှင့်အညီ မြို့နယ်စည်ပင်သာယာရေး ကော်မတီများက မြို့နယ်တိုင်းမှာ မြို့နယ်၊ ရပ်ကွက်၊ လမ်း၊ တံတားများ၊ ကျေးရွာချင်းဆက်လမ်းများ၊ ရေထုတ်မြောင်းများ၊ ရေတွင်းရေကန် တူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိနေကြပါတယ်။ ဒီလိုလုပ်ငန်းတွေဆောင်ရွက်တဲ့နေရာမှာ လူအင်အားအသုံးပြုခြင်းထက် စက်ယန္တယားများ အသုံးပြုဆောင်ရွက်ခြင်းက လုပ်ငန်းတွင်ကျယ်မှု မြန်ဆန်သွက်လက်ပြီး ထိရောက်မှု ဖြစ်တဲ့အတွက် မြို့နယ်တိုင်းမှာ **Back Foe** ယာဉ်(၁)စီးစီ ခွင့်ပြုထုတ်ပေးနိုင်လို့ရှိလျှင် ပိုမိုကောင်းမွန်မှာဖြစ်ပါတယ်။

မြို့နယ်တိုင်း မထုတ်ပေးနိုင်သေးလျှင်လည်း လမ်းကြောပေါ်မှာ ရှိနေတဲ့ မြို့နယ်များကို အရင်ဦးစားပေး ထုတ်ပေးခြင်းအားဖြင့် ပြည်သူများရဲ့ လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးရာကျမှာ ဖြစ်ပါတယ်။ မြို့ရွာစည်ပင်သာယာရေးလုပ်ငန်းများမှာ အထောက်အကူပြုနိုင်ဖို့အတွက် မြို့နယ်တွေမှာ **Back Foe** ယာဉ်(၁)စီးစီ ခွင့်ပြုထုတ်ပေးရန်နှင့် မြို့နယ်တိုင်းအတွက် ထုတ်ပေးရန် အခြေအနေမပေးသော်လည်း လမ်းကြောပေါ်မှာ ရှိတဲ့မြို့နယ်များအတွက် ဦးစားပေးထုတ်ပေးရန် အစီအစဉ်ရှိပါသလား။ အစီအစဉ်ရှိပါက မည်သည့်ကာလတွင် ဆောင်ရွက်ပေးနိုင်ပါမည်လဲဟု လေးစားစွာ မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီးအောင်သူ၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နောင်ချိုမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁) မှပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြရဲ့ နောင်ချိုမြို့နယ်၊ လုံရုံးကျေးရွာအုပ်စု ကျောက်ကြမ်းကျေးရွာမှ ဂေါ်ရခါးအမျိုးသမီး ဒေါ်ဟူမာကလာ ပျောက်ဆုံးခြင်း(သို့မဟုတ်) သေဆုံးခြင်း ပေါ်ပေါက်ရေးအတွက် နောင်ချိုရဲစခန်းမှ စုံစမ်းဆောင်ရွက်မှု ရှိ/မရှိဆိုတဲ့ မေးခွန်းနှင့် ပတ်သက်၍ ကျွန်တော် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးအောင်သူမှ ဖြေကြားသွားမှာ ဖြစ်ပါတယ်။

နောင်ချိုမြို့နယ်၊ လုံရုံးကျေးရွာအုပ်စု၊ ကျောက်ကြမ်းကျေးရွာနေ ဂေါ်ရခါးအမျိုးသမီး ဒေါ်ဟူမာကလာ (၄၈)နှစ်၊ အဘဦးပက်ကရာ မှတ်ပုံတင်အမှတ်(၉/မကန(နိုင်)၀၅၆၈၉၂)၊ ဂေါ်ရခါးလူမျိုး၊ ဗုဒ္ဓဘာသာကိုးကွယ် တောင်သူလုပ် ပျောက်ဆုံးမှုနှင့် ပတ်သက်၍ ၎င်း၏မောင်ဖြစ်သူ မိုးကုတ်မြို့၊ ကန်တော်ရပ်၊ အိမ်အမှတ်(ခ/၇၂)နေ ဦးချန်ဒရာပရာဆပ်မှ (၁၁-၅-၂၀၁၂) ရက်နေ့တွင် နောင်ချိုရဲစခန်းသို့ လာရောက်တိုင်ကြားသဖြင့် ၎င်းရဲစခန်း လူပျောက်အမှတ်စဉ် (၃/၂၀၁၂)ဖြင့် အမှုရေး ဖွင့်ပြီးတော့ စုံစမ်းစစ်ဆေး ရှာဖွေခဲ့ပါတယ်။

နောင်ချိုရဲစခန်းမှ ပျောက်ဆုံးသူ ဒေါ်ဟူမာကလာ၏ ဓါတ်ပုံမှတ်တမ်းအား ရှမ်းပြည်နယ်အတွင်းရှိ ရဲစခန်းများနှင့် အခြားတိုင်းဒေသကြီး၊ ပြည်နယ်ရဲတပ်ဖွဲ့ဝင်များသို့ လူပျောက်ကြော်ငြာစာ ပေးပို့ခြင်း၊ သတင်းစာတွင် ထည့်သွင်းဖော်ပြခြင်း၊ အနီးပတ်ဝန်းကျင်တွင် ဆွေမျိုးများအားစစ်ဆေးခြင်း၊ ဂေါ်ရခါးလူမျိုးဖြစ်သည့်အတွက် သက်ဆိုင်ရာဘာသာရေးအဖွဲ့





ယင်လုံအိမ်သာများကို **Service Tank** များနှင့် ဆောက်လုပ်သုံးစွဲလာတာနှင့်အမျှ လူအများသုံးစွဲမှု များတဲ့ ဈေး၊ စာသင်ကျောင်းများ၊ ဘော်ဒါဆောင်များ၊ အများပြည်သူများရဲ့ နေအိမ်များအတွက် မြို့နယ်စည်ပင်သာယာရေးရှိ ရေပုပ်စုပ်စက်ဖြင့် မိလ္လာစနစ်အဆင်ပြေအောင် ဆောင်ရွက်ပေးနေရပါတယ်။ အထူးသဖြင့် ဈေးအိမ်သာဟာ နောင်ချိုမြို့ရဲ့အလယ်မှာ တည်ရှိတဲ့အတွက် မိလ္လာစနစ်သန့်ရှင်း သန့်ပြန့် ရေးအတွက် ရေပုပ်စုပ်စက် အသုံးပြုပြီးတော့မှ မကြာခဏ ဆောင်ရွက်ပေး နေရပါတယ်။

စည်ပင်သာယာရေးအဖွဲ့ဟာ ရေပုပ်စုပ်စက်အပိုင် မရှိတဲ့အတွက် နီးစပ်ရာမြို့များဖြစ်တဲ့ ပြင်ဦးလွင်မြို့၊ ကျောက်မဲမြို့သို့ ဆက်သွယ်ပြီး ငှားရမ်းနေရပါတယ်။ ဒီလိုဆောင်ရွက်တဲ့အခါမှာ လိုအပ်တဲ့အချိန်မှာ မရနိုင်တဲ့ ခရီးလမ်းကွာဝေးမှုကြောင့် ကြန့်ကြာမှု အခက်အခဲများလည်း တွေ့ကြုံနေရပါတယ်။ မိလ္လာစနစ်သန့်ပြန့်ပါမှ အများပြည်သူများရဲ့ ကျန်းမာရေးပြသနာများ နည်းပါးမှာ ဖြစ်တဲ့အတွက် နောင်ချိုမြို့နယ်အတွက် ရေပုပ်စုပ်စက် (၁)စီး ချပေးသင့်ပါတယ်။

နောင်ချိုမြို့နယ်အတွက် မိလ္လာစနစ်ကောင်းမွန်အောင် ဆောင်ရွက်ပေးနိုင်ဖို့ ရေပုပ်စုပ်စက်(၁)စီး ခွင့်ပြုပေး နိုင်ပါမည်လား။ ခွင့်ပြုပေးနိုင်မည်ဆိုပါက မည်သည့်ကာလတွင် ဆောင်ရွက်ပေးမည် ဆိုတာကို မေးမြန်း အပ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့မှ မြို့၊ ရွာစည်ပင်သာယာရေး လုပ်ငန်းနှင့် ပတ်သက်ပြီး အထောက်အကူပြုနိုင်ရန် မြို့နယ်များမှာ **Back Foe** ယာဉ်(၁)စီး ထုတ်ပေးရေးနှင့် ပတ်သက်ပြီးတော့မှ ဆက်လက် မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ကျေးရွာအုပ်ချုပ်ရေးအဖွဲ့တို့ဖြင့် ပူးပေါင်းစုံစမ်းခြင်း၊ ပျောက်ဆုံးသူမှာ တရားစခန်း ဝင်ခြင်းများရှိသဖြင့် တရားစခန်းတည်ရှိရာများအား လိုက်လံစုံစမ်းခြင်း၊ ပျောက်ဆုံးသူ၏ ဆွေမျိုးများနှင့် ဆက်သွယ်၍ မန္တလေးမြို့ရှိ ကားဂိတ်များနှင့် ဘူတာရုံသို့သွားရောက် စုံစမ်းခြင်းများ ဆောင်ရွက်ခဲ့သည့်အပြင် မသင်္ကာသူများအား နယ်ထိန်းတပ်ဖွဲ့ဝင်များမှ စောင့်ကြည့်နေခြင်း၊ သတင်း အချက်အလက်များ ရရှိနိုင်သည့် နေရာများတွင် စုံစမ်းလျက်ရှိပြီး လူပျောက်တိုင်တန်းမှုနှင့် ပတ်သက်၍ ရဲတပ်ဖွဲ့ဝင်များအနေဖြင့် ယနေ့အထိ ကြိုးစားစုံစမ်းလျက် ရှိပါကြောင်း ဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တစ်ကွ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နောင်ချိုမြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၂)မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြရဲ့ ဒုတိယ မေးခွန်းဖြစ်သော နောင်ချိုမြို့နယ်အတွက် မိလ္လာစနစ် ကောင်းမွန်အောင် ဆောင်ရွက်လာနိုင်ရေး ရေပုပ်စုပ်စက်(၁)စီး ခွင့်ပြုပေးနိုင်ခြင်း ရှိ/မရှိ သိလိုပါသည် မေးခွန်းနှင့် ပတ်သက်ပြီး ဆက်လက်ဖြေကြားသွားမှာ ဖြစ်ပါတယ်။

နောင်ချိုမြို့နယ်၊ စည်ပင်သာယာရေးအဖွဲ့တွင် အဖွဲ့ပိုင်ယာဉ်၊ စက်၊ ယန္တယားများ အနေဖြင့် အုပ်ချုပ်မှု ယာဉ်(၂)စီး၊ သန့်ရှင်းရေး လုပ်ငန်းသုံး အမှိုက်သိမ်းယာဉ် (၄)စီး၊ ထွန်စက်(၂)စီး၊ လမ်းကြိတ်စက်(၁)စီး၊ ကျောက်ခွဲစက် (၁)လုံး၊ ရေတွင်းတူးစက် (၁)လုံး၊ လမ်းပေါက်ဖာစက်(၁)လုံး၊ မော်တော်ဆိုင်ကယ် (၁)စီး၊ ခြင်ဆေးဖျန်းစက်(၄)လုံး၊ မြက်ဖြတ်စက် (၄)လုံး ရှိပြီး၊ မြို့သန့်ရှင်းသာယာလှပရေးနှင့် တည်ဆောက်ရေး လုပ်ငန်းများ တွင် အသုံးပြုလျက်ရှိပါသည်။





စပ်လျဉ်း၍ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေး နှစ်နောင်ချိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ အသုံးစရိတ်များ လျာထား ရေးဆွဲရာတွင် ထည့်သွင်းရေးဆွဲ၍ ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါသည်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တကွ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ နောင်ချိုမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြရဲ့ တတိယမေးခွန်း ဖြစ်သော မြို့ရွာစည်ပင်သာယာရေး လုပ်ငန်းများတွင် အထောက်အကူပြုနိုင်ရန်အတွက် မြို့နယ်များတွင် **Back Foe** ယာဉ်(၁)စီးစီ ခွင့်ပြုထုတ်ပေးရန်နှင့် မြို့နယ်တိုင်း အတွက် ထုတ်ပေးရန် အခြေအနေမပေးပါကလည်း လမ်းကြော ပေါ်ရှိ မြို့နယ်များအတွက် ဦးစားပေးထုတ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် ရှိပါက မည်သည့်ကာလတွင် ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုပါသည် မေးခွန်းနှင့် ပတ်သက်၍ တစ်ဆက်တည်း ဖြေကြားသွားမှာ ဖြစ်ပါတယ်။

နောင်ချိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့တွင် အဖွဲ့ပိုင် ယာဉ် စက်၊ ယန္တရားများအနေဖြင့် အုပ်ချုပ်မှု ယာဉ်(၂)စီး၊ သန့်ရှင်းရေး လုပ်ငန်းသုံး အမှိုက်သိမ်းယာဉ်(၄)စီး၊ ထွန်စက်(၁)စီး၊ လမ်းကြိတ်စက်(၂)စီး၊ ကျောက်ခွဲစက်(၁)လုံး၊ ရေတွင်းတူးစက် (၁)လုံး၊ လမ်းပေါက်ဖာစက်(၁)လုံး၊ မော်တော်ဆိုင်ကယ်(၁)စီး၊ ခြင်ဆေးဖျန်းစက် (၄)လုံး၊ မြက်ဖြတ်စက် (၄)လုံးရှိပြီး မြို့သန့်ရှင်းသာယာလှပရေးနှင့် တည်ဆောက်ရေး လုပ်ငန်းများ တွင်အသုံးပြုလျက် ရှိပါသည်။

နောင်ချိုမြို့နယ်၊ စည်ပင်သာယာရေးအဖွဲ့၏ ၂၀၁၃-၂၀၁၄ဘဏ္ဍာရေးနှစ် ဝင်ငွေလျာထားချက်မှာ ငွေကျပ်သိန်း(၃၀၀၀)

ဖြစ်ပြီး မြို့ပြလမ်းတံတားတည်ဆောက်ခြင်း လုပ်ငန်းအား ဝင်ငွေ၏ (၂၁. ၃၃)%၊ မြို့ပြ လမ်းတံတား မွမ်းမံပြင်ဆင်ခြင်း လုပ်ငန်းအား ဝင်ငွေ၏ (၆. ၁၅)%၊ မြို့ပြရေပေးရေး တိုးချဲ့လုပ်ငန်းအား ဝင်ငွေ၏ (၂. ၅၅)% ကျေးလက်လမ်းတံတား တည်ဆောက်ခြင်း လုပ်ငန်းအား ဝင်ငွေ၏(၅. ၉၇)%၊ ကျေးလက်လမ်း တံတား မွမ်းမံပြင်ဆင်ခြင်းလုပ်ငန်းအား ဝင်ငွေ၏(၄. ၀၇)%၊ ကျေးလက် ရေပေးရေး မွမ်းမံပြင်ဆင် ခြင်းလုပ်ငန်း အား ဝင်ငွေ၏ (၁. ၁၃)%၊ မြို့သာယာလှပရေးလုပ်ငန်းအား ဝင်ငွေ၏(၁၀)%ဖြင့် လုပ်ငန်းများ လျာထား အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိသည့် အတွက် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း နောင်ချိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့တွင် အသုံးပြုနိုင်ရန် မြေတူးစက်(၁)စီး ဝယ်ယူရန် အခက်အခဲရှိမည် ဖြစ်ပါသည်။

ရှမ်းပြည်နယ် စည်ပင်သာယာရေးအဖွဲ့ခွဲရုံး လားရှိုးကွပ်ကဲမှု အောက်ရှိ မြို့နယ်စည်ပင်သာယာရေး အဖွဲ့များနှင့် လားရှိုးမြို့နယ် စည်ပင်သာယာရေးအဖွဲ့တွင် မြေတူးစက်(၄)စီး၊ ကျောက်မဲမြို့နယ် စည်ပင်သာယာရေး အဖွဲ့တွင် မြေတူးစက်(၂)စီး၊ သီပေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့တွင် မြေတူးစက်(၁)စီး၊ မူဆယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့တွင် မြေတူးစက်(၂)စီး စုစုပေါင်း မြေတူးစက်(၉)စီး ခွဲဝေချထားပေးပြီး ဖြစ်ပါတယ်။

ရှမ်းပြည်နယ် စည်ပင်သာယာရေးအဖွဲ့ အနေဖြင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေမှ ငွေကျပ် (၄၆၃၁. ၁၂၇)သိန်းဖြင့် လုပ်ငန်းသုံးယာဉ်၊ စက်၊ ယန္တရားများ ဝယ်ယူပြီး မြို့နယ်၊ မြို့နယ်ခွဲ စည်ပင်သာယာရေး အဖွဲ့များသို့ ခွဲဝေချထားပေးသွားမည် ဖြစ်ကြောင်း ပြန်လည်ဖြေကြားအပ် ပါသည်။ အားလုံးကိုကျေးဇူးတင်ပါတယ်။





နောင်ချိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ဝင်ငွေ လျာထားချက်မှာ သိန်း(၃၀၀၀)ဖြစ်ပြီး မြို့ပြလမ်းတံတားတည်ဆောက်ခြင်း လုပ်ငန်းအား ဝင်ငွေ၏ (၂၁. ၃၃)% ဖြစ်သော ငွေကျပ် သိန်း(၆၄၀)ဖြင့် လည်းကောင်း၊ မြို့ပြလမ်းတံတား မွမ်းမံပြင်ဆင်ခြင်း လုပ်ငန်းအား ဝင်ငွေ၏ (၆. ၁၅)% ဖြစ်သည့် ငွေကျပ်(၁၈၄. ၆)သိန်းဖြင့် လည်းကောင်း၊ မြို့ပြရေပေးရေး တိုးချဲ့လုပ်ငန်းအား ဝင်ငွေ၏ (၂. ၅၅)% ဖြစ်သည့် ငွေကျပ် (၇၆. ၆)သိန်းဖြင့် လည်းကောင်း၊ ကျေးလက်လမ်းတံတား ဆောက်လုပ်ခြင်း လုပ်ငန်းအား ဝင်ငွေ၏ (၅. ၉၇)%ဖြစ်သော ငွေကျပ်(၁၇၉. ၀၄)သိန်းဖြင့် လည်းကောင်း၊ ကျေးလက်လမ်းတံတား မွမ်းမံပြင်ဆင်ခြင်း လုပ်ငန်းအား ဝင်ငွေ၏ (၄. ၀၇)% ဖြစ်သော ငွေကျပ်(၁၂၂)သိန်းဖြင့် လည်းကောင်း၊ ကျေးလက်ရေပေးရေး မွမ်းမံပြင်ဆင်ခြင်း လုပ်ငန်းအား ဝင်ငွေ၏(၁. ၁၃)% ဖြစ်သော ငွေကျပ်(၃၃. ၇၆)သိန်းဖြင့် လည်းကောင်း၊ မြို့သာယာလှပရေး လုပ်ငန်းအား ဝင်ငွေ၏(၁၀)%ဖြစ်သော ငွေကျပ်သိန်း(၃၀၀)ဖြင့် လည်းကောင်း လုပ်ငန်းများ လျာထား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့်အတွက် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် အတွင်း နောင်ချိုမြို့နယ်၊ စည်ပင်သာယာရေးအဖွဲ့တွင် အသုံးပြုနိုင်ရန် ရေပုပ်စုပ်ယာဉ်(၁)စီး ဝယ်ယူရန် အခက်အခဲ ရှိမည်ဖြစ်ပါသည်။

ရှမ်းပြည်နယ် စည်ပင်သာယာရေးအဖွဲ့ အနေဖြင့် ၂၀၁၃-၂၀၁၄ဘဏ္ဍာရေးနှစ် ပြည်နယ်ရန်ပုံငွေမှ ငွေကျပ်(၄၆၃၁. ၁၂၇) သိန်းဖြင့် လုပ်ငန်းသုံး ယာဉ်၊ စက်၊ ယန္တယားများ ဝယ်ယူပြီး မြို့နယ်၊ မြို့နယ်ခွဲ စည်ပင်သာယာရေး အဖွဲ့များသို့ ခွဲဝေချထားပေးထားမည် ဖြစ်ပါသည်။ နောင်ချိုမြို့နယ် စည်ပင်သာယာရေး အဖွဲ့တွင် အသုံးပြုရန်အတွက် ရေပုပ်စုပ်ယာဉ်(၁)စီး ခွင့်ပြုပေးနိုင်ရေးနှင့်

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး နမ့်ခမ်းမြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၁)မှ ဦးစိုင်းတင်ဦးက မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းတင်ဦး၊ နမ့်ခမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအားလုံး ဘေးဘယာ ကင်းဝေးကွာပြီး ရွှင်လန်းချမ်းမြေ့ကြပါစေလို့ ဆုမွန်ကောင်း တောင်းအပ်ပါတယ်။

ကျွန်တော်ကတော့ နမ့်ခမ်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းတင်ဦး ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့် မေးခွန်းကတော့ နမ့်ခမ်းမြို့တွင်းရှိ မြို့ပေါ်ရပ်ကွက်များ ဖြစ်သော အမှတ်(၁)ရပ်ကွက် ကောင်းတပ်ရပ်၊ အမှတ်(၂)ရပ်ကွက် နောင်ဆန့်ကုန်း ရပ်နှင့် မြို့နှင့် ကပ်လျက်ရှိသော ကျေးရွာများအား ရွှေလီရေအားလျှပ်စစ် သုံးစွဲခွင့် ရရှိနိုင်ရန် ရှမ်းပြည်နယ်အစိုးရမှ မည်ကဲ့သို့ ဆောင်ရွက်ပေးနိုင် မည်ကို မေးမြန်းတဲ့မေးခွန်း ဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နမ့်ခမ်းမြို့နယ် မြို့ပေါ် ရပ်ကွက်များဖြစ်သော အမှတ်(၁)ရပ်ကွက် ကောင်းတပ်ရပ် အမှတ်(၂)ရပ်ကွက် နောင်ဆန့်ကုန်းရပ်နှင့် မြို့နှင့်ကပ်လျက်ရှိသော ကျေးရွာများသည် ရွှေလီ ရေအားလျှပ်စစ်မီးကို သုံးစွဲခွင့်မရရှိသေးဘဲ တစ်ချို့သော ရပ်ကွက်ကျေးရွာများမှ တရုတ်ပြည်မှ လျှပ်စစ်မီးကို မြင့်မားသော မီးအသုံးပြုခ (၁)ယူနစ်လျှင် ကျပ်(၂၀၀)နှုန်းဖြင့် လည်းကောင်း၊ တစ်ချို့သော ကျေးရွာများက မိုးရာသီသာ ရရှိနိုင်သော မဟာစည်ကမဋ္ဌာန်းကျောင်း လျှပ်စစ်မီးကို လည်းကောင်း အသုံးပြုနေရပါတယ်။





ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ မည်ကဲ့သို့ ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုပါသည်ဆိုတဲ့ မေးခွန်းကို ဖြေကြားရှင်းလင်း ပေးသွားမှာ ဖြစ်ပါတယ်။

နမ့်ခမ်းမြို့နယ်အတွင်းရှိ မြို့ပေါ်ရပ်ကွက်များဖြစ်သော အမှတ်(၁)ရပ်ကွက် ကောင်းတပ်ရပ်၊ အမှတ်(၂)ရပ်ကွက် နောင်ဆန့်ကုန်းရပ်နှင့် မြို့နှင့်ကပ်လျက်ရှိသော ကျေးရွာများတွင် လျှပ်စစ်ဓါတ်အား ရရှိသုံးစွဲ နိုင်ရန်အတွက် အဆိုပါ ရပ်ကွက်များသည် မြို့နယ်စည်ပင်သာယာရေး နယ်နိမိတ် အတွင်းတွင် ပါရှိကြောင်း မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ထောက်ခံချက်နှင့်အတူ ရပ်ကွက်အုပ်ချုပ်ရေးမှူးများမှ မြို့နယ် အင်ဂျင်နီယာရုံးသို့ တင်ပြလျှောက်ထားရန် လိုအပ်မည်ဖြစ်ပါတယ်။

ထိုသို့လျှောက်ထားလာပါက မြို့နယ်လျှပ်စစ် အင်ဂျင်နီယာရုံးမှ ခရိုင်လျှပ်စစ်အင်ဂျင်အင်ဂျင်နီယာရုံး၊ တွဲဘက် ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံးသို့ အဆင့်ဆင့်တင်ပြကာ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တစ်ဆင့် ပြည်ထောင်စု လျှပ်စစ် ဝန်ကြီးဌာနသို့ တင်ပြပြီး လာမည့်ဘဏ္ဍာရေးနှစ်အတွက် ဘဏ္ဍာရေးလျာထားချက်များတွင် ပါဝင်နိုင်ရန် ဆောင်ရွက် သွားမည် ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ညောင်ရွှေမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ဦးအောင်ကြည်ဝင်းက မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးအောင်ကြည်ဝင်း၊ ညောင်ရွှေမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကာယစိတ္တ သုခနှစ်ဖြာ ကျန်းမာ ချမ်းသာကြပါစေကြောင်း ရှေးဦးစွာ ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။

ကျွန်တော်ကတော့ ညောင်ရွှေမြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးအောင်ကြည်ဝင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အင်းလေးဒေသ တောင်သူလယ်သမားများ စိုက်ပျိုးရေ ရရှိရေး အတွက် လွယ်မောဆည်ဧရိယာအတွင်းမှာ ရေလှောင်နိုင်ရန် နုန်းများတူးဖော်ပေးမည့် အစီအစဉ် ရှိ/မရှိ ဆိုတဲ့ မေးခွန်းနှင့် ပတ်သက်ပြီး မေးမြန်းတင်ပြသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ညောင်ရွှေမြို့နယ်၊ မိုင်းပျိုးကျေးရွာ အုပ်စု၊ မိုင်းပျိုးကွင်း အမှတ်(၁၂၂)မှာ ရှိတဲ့လွယ်မောဆည်သည် (၂၅)ဧက အကျယ်ရှိပြီး ကျောက်တိုင်ကျေးရွာ အုပ်စု၊ မိုင်းပျိုးကျေးရွာအုပ်စုနှင့် အင်းယားကျေးရွာအုပ်စုရှိ တောင်သူလယ်သမားများရဲ့ စိုက်ကွင်း ဧရိယာ ဧက(၃၀၀၀)ကျော်ကို ရေပေးဝေခဲ့ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုပါ လွယ်မောဆည် သည် လွန်ခဲ့သော နှစ်ပေါင်း(၅၀)ကျော်က တည်ဆောက်ထားသဖြင့် ယခုအခါ ဆည်ဧရိယာအတွင်း ရေလှောင်နိုင်ရန် နုန်းများ ပြည့်ဝ နေသည်ကို တွေ့ရပါသည်။ ဆည်အတွင်း ရေမလှောင်နိုင်သဖြင့် ယခင်ဆယ်ရေသောက် လယ်များမှာ နွေစပါးစိုက်ပျိုးရန် ရေအခက်အခဲနှင့် ကြုံတွေ့ရပြီး အချို့လယ်မြေများ မစိုက်ပျိုး နိုင်သည်ကို တွေ့ရှိရပါတယ်။



D/real(wide) (1



နမ့်ခမ်းမြို့နယ်သည် ရွှေလီရေအားလျှပ်စစ် တည်ရှိရာမြို့ ဖြစ်ပါတယ်။ တစ်နည်းအားဖြင့် ရွှေလီရေအား လျှပ်စစ်၏ ပင်ရင်းဌာန ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ နမ့်ခမ်းမြို့နယ် မြို့ပေါ်ရပ်ကွက်များဖြစ်သော အမှတ်(၁)ရပ်ကွက် ကောင်းတပ်ရပ်၊ အမှတ်(၂)ရပ်ကွက် နောင်ဆန့် ကုန်းရပ်နှင့် မြို့နှင့်ကပ်လျက်ရှိသော ကျေးရွာများအား ရွှေလီ ရေအားလျှပ်စစ်မီးကို သုံးစွဲခွင့်ရရှိနိုင်ရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့က မည်ကဲ့သို့ဆောင်ရွက်ပေးနိုင်မည်ကို မေးမြန်း တင်ပြခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးရန် ဖြစ်ပါတယ်။

**ဦးစိုင်းထွန်းရင်၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး။** အားလုံးမင်္ဂလာပါ။ လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အားလုံး ကာယသုခ၊ မနောသုခ နှစ်ဖြာသော သုခနှင့် ပြည့်စုံပြီး ကောင်းမွန်တဲ့ လိုအင်ဆန္ဒများ ပြည့်ဝကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။

ကျွန်တော်ကတော့ ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင် ပြည်နယ် လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးစိုင်းထွန်းရင် ဖြစ်ပါတယ်။ နမ့်ခမ်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းတင်ဦးရဲ့ နမ့်ခမ်းမြို့နယ်အတွင်းရှိ မြို့ပေါ် ရပ်ကွက်များဖြစ်သော အမှတ်(၁)ရပ်ကွက် ကောင်းတပ်ရပ်၊ အမှတ်(၂)ရပ်ကွက် နောင်ဆန့်ကုန်း ရပ်နှင့် မြို့နှင့်ကပ်လျက်ရှိသော ကျေးရွာများအား ရွှေလီရေအားလျှပ်စစ်မီး သုံးစွဲခွင့် ရရှိနိုင်ရန်

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်သမ္မတကြီးက လာမည့်လပေါင်း(၃၀)အတွင်း ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအနက် သောက်သုံးရေနှင့် စိုက်ပျိုးရေရရှိရေး ကဏ္ဍအရ ဆည်ရေသောက် လယ်မြေများ စိုက်ပျိုးရေ ရရှိရေးသည် အထူးအရေးပါသည်ဟု သုံးသပ်မိပါသည်။ သို့ဖြစ်ပါ၍ တောင်သူလယ်သမားများ စိုက်ပျိုးရေရရှိရေးအတွက် လွယ်မောဆည်ဧရိယာအတွင်း ရေလှောင်နိုင်ရန် နုန်းများ တူးဖော်ပေးမည့် အစီအစဉ် ရှိ/မရှိ နှင့် အစီအစဉ် ရှိပါက မည်သည့်အချိန်တွင် တူးဖော်ပေးနိုင်မည်ကို သိရှိလို ပါသဖြင့် ပြန်လည်ဖြေကြားပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီးအောင်သူ၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာ ဝန်ကြီး။** လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် တကွ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

ညောင်ရွှေမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂) ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကြည်ဝင်းရဲ့ တောင်သူ လယ်သမားများ စိုက်ပျိုးရေရရှိရေးအတွက် လွယ်မောဆည် ဧရိယာအတွင်း ရေလှောင်နိုင်ရန် နုန်းများတူးဖော်ပေးမည့် အစီအစဉ် ရှိ/မရှိ၊ အစီအစဉ် ရှိပါက မည်သည့်အချိန်တွင် တူးဖော်ပေး နိုင်မည်ဟု မေးမြန်းထားတဲ့ မေးခွန်းနှင့် ပတ်သက်၍





ကျွန်မကတော့ လဲချားမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းအက်စ်ကီးမိုး ဖြစ်ပါတယ်။ ကျွန်မရဲ့ မေးခွန်းအမှတ်(၁)ကို စတင်ပြီးတော့ မေးမြန်းသွားမှာ ဖြစ်ပါတယ်။ လဲချားမြို့နယ်၊ အားကစားကွင်း အတွင်းတွင် ဆောက်လုပ်လက်စ ဖြစ်သောဈေးဆိုင်ခန်းများအား ပြည်သူ့အလိုကျ ပြန်လည်ရုပ်သိမ်းပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသော မေခွန်းနှင့် ပတ်သက်ပြီးတော့ ကျွန်မမေးခွန်း မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လဲချားမြို့နယ်ရှိ မြို့နယ်အထောက်အကူပြု ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီများနှင့် မြို့မိ မြို့ဖများ အပါအဝင် ပြည်သူများအားလုံး သဘောမတူသော အားကစားအတွင်းရှိ ဈေးဆိုင်ခန်းကြီးကို ယခုထက်ထိ ဆောက်လုပ်နေပြီး (၂၇-၉-၂၀၁၂)ရက်နေ့ စတုတ္ထပုံမှန်အစည်းအဝေး တတိယနေ့တွင် ကျွန်မမေးမြန်းထားသော ပန်းခြံနေရာ အစားထိုးဖို့အတွက် ပုံကျဈေးတည်ဆောက်ပေးရန်နှင့် ပတ်သက်သော မေးခွန်းကို သက်ဆိုင်ရာ စည်ပင်သာယာရေးဝန်ကြီး ဦးတူးမောင်မှ ၎င်းပန်းခြံမြေနေရာ အစားထိုးရရှိပါက လက်ရှိပန်းခြံနေရာတွင် ပုံကျဈေး တည်ဆောက်နိုင်ရေးအတွက် တင်ပြစီစဉ်ဆောင်ရွက် သွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြား ပေးခဲ့တာကို တွေ့ရပါတယ်ရှင်။

ဒါပေမဲ့ ယခုအထိ ၎င်းပန်းခြံအစားထိုး မြေနေရာအား ရရှိအောင်ဆောင်ရွက်ရန် စီစဉ်ညွှန်ကြားခြင်း မရှိသေးပါဘူးရှင်။ (၂၆-၁၂-၂၀၁၂)ရက်နေ့တွင် နိုင်ငံတော်သမ္မတကြီး၏ မိန့်ခွန်းများအရ ပြည်သူများ၏ အသံနှင့် ပြည်သူ့သဘော

ဆန္ဒများကို အခြေပြု၍ အလေးထား ဆောင်ရွက်ခြင်း၊ ပြည်သူများသိရှိနားလည် သဘောပေါက်အောင် ပွင့်လင်းမြင်သာမှု ရှိခြင်း အစရှိသော ပြည်သူ့ဗဟိုပြုဖွံ့ဖြိုးရေးအား ဦးစားပေး လုပ်ကိုင်ရန် ပြောကြားခဲ့ ပါသော်လည်း တကယ့်လက်တွေ့တွင် အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးပါဘူး။

(၁၀-၉-၂၀၁၃)ရက်နေ့ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းမှ ပြောကြားသွားသော ပြည်သူတို့၏ လူမှုစီးပွား အခြေခံ လိုအပ်ချက်များကို ဦးစားပေးလုပ်ကိုင်ဆောင်ရွက်ရန်ဟု ပြောသော်လည်း ပြည်သူ့သဘော၊ ပြည်သူ့ဆန္ဒ တစ်စုံတစ်ရာမှ မပါဘဲ လဲချားမြို့နယ် အားကစားကွင်းအတွင်း လူတစ်စုတစ်ဖွဲ့ အတွက်သာ အကျိုးရှိသော ဈေးဆိုင်ခန်းများကို ဆောက်လုပ်ခွင့် ပေးပြီး ပြည်သူတွေရဲ့ တကယ့်လိုအပ်ချက်နှင့် ပြည်သူများအတွက် စားဝတ်နေရေး အထောက်အပံ့ပြုစေနိုင်သည့်အပြင် နိုင်ငံတော်၏ ဆင်းရဲမွဲတေမှု လျော့ချရေးလုပ်ငန်း အတွက်ပါ အကျိုးရှိသော ပျံကျဈေးအား မတည်ဆောက်ပေးနိုင်ခြင်းအား တာဝန်ရှိသော ရှမ်းပြည်နယ်အစိုးရမှ မည်ကဲ့သို့ ဆက်လက်ဆောင်ရွက်ပေးမည်ကို သိရှိလိုပါတယ်ရှင်။

ဒ့ါအပြင် လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးရှင့်။ (၁-၉-၂၀၁၃)ရက်နေ့တွင် ၄င်းအားကစားကွင်း အတွင်း တာဝန်ယူဆောက်လုပ်နေသော ကန်ထရိုက်တာ ဦးစိုင်းစံလင်းမှ ကျွန်မ၏နေအိမ်ထံသို့ လာရောက်ပြီး ကျွန်မအား ဤမေးခွန်းနှင့် ပတ်သက်၍ လွှတ်တော်တွင်မေးထားပါသလား တောင်ကြီးမြို့မှ ဖုန်းဆက်လာသောကြောင့် လာမေးရခြင်း ဖြစ်ပါတယ်ဆိုပြီး နေအိမ်သို့ လာမေးပါတယ်ရှင်။





လွယ်မောဆည် ဧရိယာ အတွင်း ရေလှောင်နိုင်ရန် ဆည်မြောင်း ဦးစီးဌာနအနေဖြင့် လတ်တလော အစီအစဉ် မရှိသေးပါကြောင်း လက်ရှိ လွယ်မောဆည်မှာ သဲနုန်းများ ပြည့်နေသည်မှာ မှန်သော်လည်း ရေပေးဝေရာတွင် ရေလွှဲဆည်သဘောဖြင့် ပေးဝေလျက်ရှိသဖြင့် ထိခိုက်မှု မရှိပါကြောင်း ၂၀၁၂-၂၀၁၃ ခုနှစ် မိုးစပါး စိုက်ဧက (၇၆၄)၊ ၂၀၁၂-၂၀၁၃ နွေစပါးစိုက်ဧက (၇၀)နှင့် အခြားသီးနှံ စိုက်ဧက (၁၉၂၆)ဧက စုစုပေါင်း(၂၇၆၀)ဧကကို ရေပေးဝေနိုင်ခဲ့ပါတယ်။

သဲနုန်းများတူးဖော် ဖယ်ရှားရာတွင်လည်း သဲနုန်းစွန့်ပစ်ရန် နေရာအခက်အခဲများ ကြုံတွေ့ရနိုင်ပါတယ်။ နောင်တွင်တူးဖော် ဆောင်ရွက်သွားနိုင်ရန် လေ့လာဆောင်ရွက်မည် ဖြစ်ပါကြောင်းနှင့် ဆောင်ရွက်ချိန်တွင် ကျူးကျော်စိုက်ပျိုးသူများအား သက်ဆိုင်ရာ အာဏာပိုင်များနှင့် လွှတ်တော်ကိုယ်စားလှယ်များမှ ဝိုင်းဝန်းကူညီ ညှိနှိုင်းဆောင်ရွက် ပေးသွားမှသာလျှင် အဆင်ပြေချောမွေ့နိုင် မည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး လဲချားမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဒေါ်နန်းအက်စ်ကီးမိုးက မေးခွန်း (၃)ခုကို တစ်ဆက်တည်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်နန်းအက်စ်ကီးမိုး၊ လဲချားမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တစ်ကွ ယနေ့အစည်းအဝေးသို့ တက်ရောက်လာကြသော လွှတ်တော်ကိုယ်စားလှယ် များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ပါရစေရှင်။

ကျွန်မတို့ရဲ့ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ပုဒ်မ(၁၀၄)တွင် တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်အစိုးရက လွှတ်တော်တွင် ဖြေဆိုရန်ဖြစ်သော မေးခွန်းနှင့် အဖြေများကို လွှတ်တော်တွင် ဖြေကြားပြီးသည်အထိ (သို့မဟုတ်) လွှတ်တော်ရုံး အကြီးအမှူးထံ ပေးပို့ပြီးသည်အထိ သတင်းထုတ်ပြန် ကြေညာခြင်း မပြုရဟူ၍ ပါရှိပါတယ်ရှင်။ သို့ပါသော်လည်း လွှတ်တော်အစည်းအဝေး စတင်ရန် (၇)ရက်သာ လိုနေသေး ပါတယ်ရှင်။

ကျွန်မအိမ်သို့ ရောက်ရှိလာသော ၄င်းကန်ထရိုက်တာမှ ဤမေးခွန်းကို သိရှိထားနှင့်ပြီး ဖြစ်ပါတယ်ရှင်။ အပြင်သို့ ကြိုတင် ပေါက်ကြားနေသည်ကို တွေ့ရှိရပါတယ်ရှင်။ မေးခွန်းများအား ပြန်လည်ဖြေကြားနိုင်ရန် အတွက် သက်ဆိုင်ရာ ဌာနသို့ ပြန်လည်ပေးပို့သောကြောင့် သက်ဆိုင်ရာ ဌာနဆိုင်ရာဝန်ထမ်းမှ လာရောက်မေးမြန်းလျှင် ကျွန်မအနေဖြင့် နေသာပါသေးတယ်ရှင်။

ဒါပေမဲ့ ၄င်းဆိုင်ခန်းကို တာဝန်ယူဆောင်ရွက်နေသော ကန်ထရိုက်တာမှ ကျွန်မကို လာရောက် မေးမြန်းခြင်း ဖြစ်ပါတယ်ရှင်။ ဒါဟာ နည်းလမ်းမကျသေးဘူးလို့ ထင်မြင် ယူဆမိပါတယ်ရှင်။ ဒီကိစ္စနှင့် ပတ်သက် ပြီးတော့မှ လွှတ်တော် ဥက္ကဋ္ဌကြီးမှ နောက်ထပ်ဘယ်လိုများ ဆက်လက်အရေးယူ ဆောင်ရွက်ပေးမယ် ဆိုတာကို လည်း ကျွန်မတင်ပြချင်ပါတယ်ရှင်။

ပြီးတော့ ဆဋ္ဌမပုံမှန်အစည်းအဝေးတွင် ဦးစိုင်းကျော်ဇေယျ ရဲ့ ကြယ်ပွင့်မပြမေးခွန်းကိုလည်း အဲ့ဒီအဖြေ လွှာကိုလည်း ၄င်းကန်ထရိုက်တာ ဦးစိုင်းစံလင်းမှပဲ လဲချားမြို့ကို ကော်ပီ ကူးပြီးတော့ ကြိုဖြန့်ထားတာ ဖြစ်ပါတယ်ရှင်။ ကျွန်မတို့တောင် မတွေ့ရသေးပါဘူး။ ဦးစိုင်းကျော်ဇေယျရဲ့ အဖြေကို သူက



D/real(wide) (1



မိုးရွာနေတယ်ဆိုလျှင် ရေဝပ်နေပါတယ်။ အဲ့ဒီရေတွေကို မဖို့နိုင်သေးဘဲနှင့် ခြင်တွေကတော့ အဲ့ဒီမှာ ပေါက်ဖွားနေဦးမှာ ဖြစ်ပါတယ်။ အဲ့ဒါကြောင့် ကျွန်မလဲချားမြို့နယ် ပြည်သူ့ဆေးရုံကြီး အတွင်းရှိ သံဃာ့ဆောင် နှင့်မြို့နယ်ဆရာဝန်နေအိမ်ကြား ရေဝပ် နိုင်သောမြေ မညီမညာဖြစ်နေသော မြေများနှင့် ပတ်သက်၍ ရှမ်းပြည်နယ် အစိုးရမှ မည်ကဲ့သို့ စီစဉ်ဆောင်ရွက်ပေးမည်ကို သိရှိလိုပါသည်ဆိုပြီးတော့ ဒုတိယမေးခွန်းကို မေးမြန်းရခြင်း ဖြစ်ပါတယ်။

တတိယမေးခွန်းကတော့ ကျွန်မတို့ လဲချားမြို့နယ် အတွင်းမှာ ကျေးလက်ကျန်းမာရေးဌာနခွဲ မရှိသော အဆောက်အအုံများအား မည်ကဲ့သို့ ဆောင်ရွက်ပေးမည်နှင့် ပတ်သက်၍ မေးမြန်းသွားမှာ ဖြစ်ပါတယ်။ ကျွန်မတို့ လဲချားမြို့နယ်တွင် ရွာပေါင်း(၁၃၅)ရွာ၊ ကျေးရွာအုပ်စုပေါင်း (၁၉)အုပ်စု ရှိပါသော်လည်း ကျေးလက်ကျန်းမာရေးဌာန၊ ကျေးလက်ကျန်းမာရေး အဆောက်အအုံ မရှိသောရွာများမှာ အလွန်အင်မတန်မှ များပါသေးတယ်။

အချို့ကျေးရွာတွင် ကျန်းမာရေးဝန်ထမ်း သူနာပြု ဆရာမများကို ချထားပေးပါသော်လည်း ကျန်းမာရေး ဌာနအဆောက်အဦများ မရှိသေးသည်ကိုလည်း တွေ့ရပါတယ်။ ဒါကြောင့် လဲချားမြို့နယ် ကျန်းမာရေးဌာနခွဲ အဆောက်အအုံ မရှိသော ရွာများတွင် ကျေးလက်ကျန်းမာရေး ဌာနခွဲ အဆောက်အအုံများ ဖွင့်လှစ်ပေးရန် မည်ကဲ့သို့ စီစဉ်ဆောင်ရွက် ပေးမည်ကို သိရှိလိုပါတယ်လို့ ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာ ရှမ်းပြည်နယ်အစိုးရဝန်ကြီးများ အားလုံးကို မေးမြန်းပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ဦးစွာဆုမွန်ကောင်း တောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

လဲချားမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းအက်စ်ကီးမိုး ရဲ့အားကစားကွင်းဆိုင်ရာ မေးခွန်း(၁)ခုနှင့် ကျန်းမာရေးဆိုင်ရာ မေးခွန်း(၂)ခုနှင့် စပ်လျဉ်းပြီးတော့ ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင် ကျွန်တော် ဒေါက်တာမျိုးထွန်းမှ တစ်ဆက်စပ်တည်း ဖြေကြားသွားမှာ ဖြစ်ပါတယ်။

လဲချားမြို့နယ် အားကစားကွင်းအတွင်းတွင် ဆောက်လုပ်ဆဲ ဖြစ်သော ဈေးဆိုင်ခန်းများအား ပြည်သူ့အလိုကျ ပြန်လည်ရုပ်သိမ်းပေးရန် အစီအစဉ် ရှိ/မရှိ ဟူသောမေးခွန်းနှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ် လွိုင်လင်ခရိုင်၊ လဲချားမြို့နယ် မြို့နယ်အားကစားကွင်းအတွင်းတွင် အမှတ်(၄)ရပ်ကွက်၊ ဗထူးလမ်း၊ အကွက်အမှတ် (၁၂၀)၊ ဦးပိုင်အမှတ်(၁၂၈)၊ မြေကွက်အမှတ် (၁၀၄)(၁၀၇)၊ ဧရိယာ(၃. ၉၉၉)ဧကရှိပြီး လဲချားမြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာန အမည်ပေါက် နှစ်(၃၀) မြေဂရန် ရရှိထားပြီး ဖြစ်ပါတယ်။

အားကစားကွင်း၏ အရှေ့ဘက်တွင် မြို့မဈေး၊





ယူလာပြီးတော့ ကော်ပီကူးပြီးတော့ လဲချားမြို့နယ် ဖြန့်နေနှင့်ပြီး ဖြစ်ပါတယ်ရှင်။

ဒီကိစ္စကိုလည်း လွှတ်တော်ဥက္ကဋ္ဌကြီးမှ ပြန်လည်စိစစ်ပေးစေလိုပါတယ်ရှင်။ ဒါကြောင့် ကျွန်မတို့ လဲချားမြို့နယ် အားကစားကွင်းအတွင်း ဆောက်လုပ်လက်စဖြစ်သော ဈေးဆိုင်ခန်းများအား ပြည်သူ့အလိုကျ ပြန်လည်ရုပ်သိမ်းပေးရန် အစီအစဉ် ရှိ/မရှိနှင့် ပတ်သက်ပြီးတော့ ကျွန်မ လွှတ်တော်ဥက္ကဋ္ဌကြီးကနေ တစ်ဆင့် မေးမြန်းရခြင်း ဖြစ်ပါတယ်ရှင်။

ကျွန်မရဲ့ ဒုတိယမေးခွန်းကို ဆက်လက်မေးမြန်းသွားမှာ ဖြစ်ပါတယ်ရှင်။ လဲချားမြို့နယ်တွင် ၂၀၁၃ ခုနှစ် ဇွန်လ၊ ဇူလိုင်လ၊ ဩဂုတ်လ ဤ(၃)လတွင် လဲချားမြို့နယ် ပြည်သူများ သွေးလွန်တုပ်ကွေးရောဂါများကို အသည်းအသန် ခံစားနေရပါတယ်။ လဲချားမြို့နယ်ရှိ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများနှင့် ကျွန်မတို့ လဲချားမြို့နယ်အတွင်းရှိ လူငယ်များ ပူးပေါင်းပြီးတော့ လဲချားမြို့နယ် အတွင်းမှာရှိတဲ့ ရပ်ကွက်နေအိမ်တွေအတွင်း လူတွေဖြန့်ပြီးတော့ ကျန်းမာရေးဆိုင်ရာ ဗဟုသုတများကို သွားရောက်ပြီးတော့ ပြည်သူများနှင့် ဆွေးနွေးတိုင်ပင် ခဲ့တာတွေလည်း ရှိခဲ့ပါတယ်။

ဥပမာ- သွေးလွန်တုပ်ကွေး ရောဂါဆိုတာ ခြင်ကနေ ပေါက်ဖွားလာတာ ဖြစ်ပါတယ်။ ခြင်မပေါက်ဖွားရန်အတွက် ရေတွေကို ဘယ်လိုထိန်းသိမ်းရမယ်၊ ဘယ်လိုကာကွယ်ရမယ်ဆိုတာ၊ ရေဆိုးရေပုပ်တွေကို ဘယ်လို ကာကွယ်ရမယ်ဆိုတဲ့ ဟာတွေကို ကျွန်မတို့ ကွင်းဆင်းပြီးတော့ ဆောင်ရွက်ထားတာတွေ ရှိပါတယ်ရှင်။ ဒါပေမဲ့ ကျွန်မတို့ရဲ့ လဲချားမြို့နယ်၊ ပြည်သူ့ဆေးရုံကြီးအတွင်းမှာ သံဃာ့ဆောင်နှင့် မြို့နယ်ဆရာဝန်နေအိမ်ကြားမှာ ရေတွေက ယခုထက်ထိ ဝပ်နေပါတယ်။

မြောက်ဘက်လမ်းမပေါ်တွင် ပုံကျစျေးသည်များ ရောင်းချလျက် ရှိပြီး၊ အားကစားကွင်းအတွင်း စည်းကမ်းမဲ့ အမှိုက်များလာရောက် စွန့်ပစ်ခြင်း၊ မိုးရာသီတွင် ရေလွှမ်းမိုး၍ အားကစားကွင်း ပျက်စီးနေမှုအား အားကစားနှင့် ကာယပညာဦးစီး ကော်မတီက ရန်ပုံငွေ မရှိ၍ ပြုပြင်နိုင်မှု မရှိခြင်းတို့ကြောင့် မြို့နယ်အားကစားကွင်း အင်္ဂါရပ်နှင့် မညီညွတ်ဘဲ ဒေသတွင်း အားကစားဖွံ့ဖြိုး တိုးတက်ရေး ဆောင်ရွက်ရာတွင် အခက်အခဲဖြစ်ပေါ်လျက် ရှိခြင်းကြောင့် မြို့နယ်အားကစားနှင့် ကာယပညာ ကော်မတီ ရန်ပုံငွေရရှိပြီး ဒေသအတွင်း အားကစားဖွံ့ဖြိုးတိုးတက်မှု ပိုမိုဆောင်ရွက်နိုင်ရန် မြို့နယ်အားကစားကွင်း အင်္ဂါရပ်နှင့် ညီညွတ်ပြီး ရာသီအလိုက် အားကစား ပြိုင်ပွဲများ၊ ကျောင်းသားအားကစား ပြိုင်ပွဲများ ကျင်းပနိုင်ရန် အတွက် လဲချားမြို့နယ် အားကစားနှင့် ကာယပညာ ဦးစီးဌာနမှ (၂၀-၂-၂၀၁၂)ရက်စွဲပါ စာအမှတ် ၂၂/ကယ/ လခမ (၀၁၂၀)ဖြင့် မြို့နယ်အုပ်ချုပ်ရေးမှူး လဲချားမြို့သို့ လိပ်မူ၍ လည်းကောင်း၊ (၂၀-၂-၂၀၁၂) ရက်စွဲပါစာအမှတ် ၂၂/ကယ/ လခမ (၀၁၁၉)ဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့သို့ လိပ်မူ၍ လည်းကောင်း၊ အားကစားကွင်း၏ မြောက်ဘက်မျက်နှာစာ အားကစားနှင့် ကာယပညာဦးစီးပိုင် မြေပေါ်တွင် စျေးဆိုင်ခန်း ဆောက်လုပ်ခွင့် ရရှိရေး တင်ပြခဲ့ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဝင်း(ပ/၃၄၄၆)မှ (၁၃-၃-၂၀၁၂) ရက်စွဲပါ စာအမှတ်၊ ၅/၅၈-၁/ရေး(၂)ဖြင့် လည်းကောင်း၊ မြို့နယ်စည်ပင် ဦးဆောင်အရာရှိ ဦးစိုးလင်း(နဆ/၃၆၇၇)မှ (၂၃-၃-၂၀၁၂) ရက်စွဲပါ စာအမှတ်၊ ၁၃၂/စျ-၂/လခ-၁(၀၀၁)ဖြင့် လည်းကောင်း ကန့်ကွက်ရန်မရှိ ထောက်ခံချက်များ ရရှိပြီးဖြစ်ပါတယ်။

(၂၁-၁၀-၂၀၁၂) နေ့လည် (၁၃း၃၀)နာရီအချိန်တွင်





အတွက် လုပ်ငန်းကြီးကြပ်ရေးအဖွဲ့အား ဖွဲ့စည်းတာဝန်ပေးထားပြီး ဖြစ်ပါတယ်။ ဆိုင်ခန်းဆောက်လုပ်သည့် လုပ်ငန်းမှာလည်း (၅၀)%ပြီးစီးနေပြီဖြစ်ပါ၍ လဲချားမြို့နယ် အားကစားကွင်း အတွင်းတွင် ဆောက်လုပ်စဖြစ်သော စျေးဆိုင်ခန်းများအား ဆက်လက်ဆောက်လုပ်သွားမည် ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီးတော့ ဒုတိယမေးခွန်း ဖြစ်တဲ့ လဲချားမြို့နယ် ပြည်သူ့ဆေးရုံကြီးအတွင်းရှိ သံဃာဆောင်နှင့် မြို့နယ်ဆရာဝန် နေအိမ်ကြား ရေဝပ်နိုင်သောမြေ မညီမညာဖြစ်နေသော မြေများနှင့် ပတ်သက်၍ မည်ကဲ့သို့ စီစဉ်ဆောင်ရွက်ပေးမည်ကို သိရှိလိုပါသည် ဆိုသောမေးခွန်းနှင့် စပ်လျဉ်း၍ လဲချားမြို့နယ် ပြည်သူ့ဆေးရုံကြီး အတွင်းရှိ သံဃာဆောင်နှင့် မြို့နယ်ဆရာဝန်နေအိမ်ကြား ရေဝပ်နိုင်သောမြေ၊ မညီမညာဖြစ်နေသော မြေများနှင့် ပတ်သက်၍ သံဃာ့ဆေးကုသဆောင်၏ အရှေ့ဘက်နှင့် အရှေ့ တောင်ဘက်ခြမ်း အလျား ၂၀၀ပေ၊ အနံ ၁၀၀ပေ သည် မိုးသည်းထန်စွာ ရွာသွန်းသည့်အချိန်တွင် ရေတင်ကျန်လျက်ရှိပြီး အဆိုပါရေသည် မိုးရက်ဆက်သွားပြီး (၂)ရက်ခန့်ကြာလျှင် ခမ်းခြောက်သွားကြောင်း သိရှိရပါတယ်။

ရေမဝပ်စေရန် လက်ရှိတွင် ရေမြောင်းများဖြင့် ဖော်ထုတ် ထားပြီးသော်လည်း ရေဝပ်သည့်နေရာမှာ အနည်းငယ် နိမ့်နေသည့်အတွက် ရေကုန်စင်အောင် ဖောက်ထုတ်နိုင်ရန် အခက်အခဲများ ရှိနေပါသဖြင့် အဆိုပါ မြေနေရာ အလျား ၂၀၀ပေ၊ အနံ ၁၀၀ပေ၊ အမြင့် ၂ပေအား မြေဖို့ရန်အတွက် မြေကြီးကျင်း (၅၀၀)ခန့် လိုအပ်လျက် ရှိပြီး ဒေသပေါက်စျေးဖြင့် တွက်ချက်ပါက သိန်း(၁၀၀)ခန့်ကုန်ကျမည် ဖြစ်၍ ရေဝပ်နေသောနေရာအား မြေဖို့



D/real(wide) (1

နိုင်ရေးနှင့် မညီမညာဖြစ်နေသော နေရာများအား မြေညှိပေးနိုင်ရန် လိုအပ်သော ကုန်ကျစရိတ်များကို တွက်ချက်ပြီး ကျန်းမာရေး ဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာနသို့ တင်ပြတောင်းခံ၍ ဖော်ပြပါလုပ်ငန်းများကို ဆောင်ရွက်ပေးသွား မည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီး တတိယမေးခွန်းဖြစ်တဲ့ လဲချားမြို့နယ် ကျေးလက်ကျန်းမာရေး ဌာနခွဲ အဆောက်အဦ မရှိသော ဟိုတိရွာ၊ တပ်မောက်ရွာ၊ ပန်ဆင်းကျေးရွာအုပ်စု၊ ပန်ဆန်းရွာ၊ ဟယ်ဆိုင် ကျေးရွာအုပ်စု၊ ဟယ်ဆိုင်ရွာ တို့တွင် ကျေးလက်ကျန်းမာရေး ဌာနခွဲ အဆောက်အဦများ ဖွင့်လှစ်ပေးရန် မည်ကဲ့သို့ စီစဉ်ဆောင်ရွက် ပေးမည်ကို သိရှိလိုပါသည်ဟူသော မေးခွန်းနှင့် စပ်လျဉ်း၍ ကျေးလက်ကျန်းမာရေး ဌာနခွဲ ဖွင့်လှစ်ရန် နေရာဒေသရွေးချယ် ရေးအခြေခံမှုများကို ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာန များမှ အောက်ပါအတိုင်း သတ်မှတ်ထားပါသည်-

(၁) ဖွင့်လှစ်မည့် ကျေးရွာသည် ဗဟိုအချက်အခြာ ကျခြင်း။

(၂) လူဦးရေနှင့် အိမ်ခြေများပြားပြီး လူဦးရေ သိပ်သည်းမှု များပြားခြင်း။

(၃) လူဦးရေ ပျမ်းမျှအနည်းဆုံး (၃၀၀၀)မှ အများဆုံး (၅၀၀၀)ခန့်ကို လွှမ်းခြုံနိုင်ခြင်း။

(၄) ခရီးလမ်းပန်းဆက်သွယ်မှု အခြေအနေ ကောင်းမွန်ခြင်း။

(၅) စီးပွားရေး အချက်အချာကျ၍ ဖွံ့ဖြိုးမှု အလားအလာရှိခြင်း။



D/real(wide) (1



ရှမ်းပြည်နယ်ဝန်ကြီးချုပ်၏ လဲချားခရီးစဉ်အတွင်း လဲချားမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ရှမ်းပြည်နယ်ဝန်ကြီးချုပ်မှ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံလမ်းညွှန်ရာတွင်လည်း အားကစားကွင်း ဈေးဆိုင်ခန်းများ ဆောက်လုပ်ရာတွင် ရန်ပုံငွေ စနစ်တကျသုံးစွဲရန် အားကစားကွင်း အဆင့်မြှင့်တင်ရေး ဆောင်ရွက်ရန်၊ လူငယ်အားကစားသမားများ ပေါ်ထွက်ရေး ဆောင်ရွက်ရန် လမ်းညွှန်မှာကြားခဲ့ပါတယ်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့ရဲ့ (၁၀-၁၁-၂၀၁၂) ရက်စွဲပါ စာအမှတ်၊ ၁၁၀၈၆ /၄-၆၂၆ အစည်းအဝေး/အစရ(ရှမ်း)ဖြင့် ရှမ်းပြည်နယ်အစိုးရပုံမှန် အစည်းအဝေးအမှတ်စဉ် ၂၃/၂၀၁၂ ဆုံးဖြတ်ချက် အပိုဒ်(၉)(ဇ)(ဈ)တို့အရ ကန့်ကွက်ရန်မရှိ သဘောတူညီပါကြောင်းနှင့် အားကစားနှင့် ကာယပညာဦးစီးဌာန ပြည်ထောင်စုဝန်ကြီးရုံး၏ (၉-၅-၂၀၁၃) ရက်စွဲပါ စာအမှတ်၊ ၃(၂၇-၃၀၀-ကအ-ဝကရ)ဖြင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ခွင့်ပြုလမ်းညွှန်မှုဖြင့် လုပ်ထုံးလုပ်နည်းအတိုင်း ဆောင်ရွက်သွားရန် လမ်းညွှန်မှု ပြုထားပြီး အားကစားနှင့် ကာယပညာဦးစီးဌာန၊ နေပြည်တော်ရဲ့ (၅-၇-၂၀၁၃) ရက်စွဲပါ စာအမှတ်၊ ၃၉၂/၀၅၅-ရပန-ကရ ဖြင့် အားကစားနှင့် ကာယပညာ ဦးစီးဌာနနှင့် ကန်ထရိုက်တာတို့သည် လဲချားမြို့နယ် အားကစားကွင်း တွင်ဆိုင်ခန်း ဆောက်လုပ်ခြင်းအတွက် လုပ်ငန်းလုပ်ကိုင်ခွင့် သဘောတူစာချုပ်အား (၄-၇-၂၀၁၃)ရက်နေ့တွင် ချုပ်ဆိုပြီး ဖြစ်ပါသည်။

အားကစားဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာ ဦးစီးဌာန၊ နေပြည်တော်ရဲ့ (၉-၇-၂၀၁၃)ရက်စွဲပါ ရုံးအမိန့်စာအမှတ်၊ ၁၇/၂၀၁၃အရ ဆိုင်ခန်းဆောက်လုပ်ခြင်း လုပ်ငန်းအားစစ်ဆေးရန်

(၆) နောင်တွင် ကျေးလက်ကျန်းမာရေးဌာန ဖွင့်လှစ်နိုင်မည့် အခြေအနေများ ရှိခြင်း။

(၇) ဌာနခွဲအဆောက်အဦနှင့် ပရိဘောဂများကို ဌာန ဖွင့်လှစ်သည့်ရွာနှင့် အနီးအနား ကျေးရွာများ မှ ကိုယ့်အားကိုယ်ကိုး တာဝန်ယူဆောက်လုပ် ပေးနိုင်စေခြင်း

စသည်တို့ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ကျေးလက်ကျန်းမာရေးဌာနခွဲ ဖွင့်လှစ်ရန် နေရာဒေသရွေးချယ်ရေး အခြေခံမှုများနှင့် ကိုက်ညီမှု ရှိရန် လိုအပ်မှာ ဖြစ်ပါတယ်။ သို့ပါသော်လည်း ဝမ်ပန်မြို့နယ် ကျေးလက် ကျန်းမာရေးဌာန အောက်ရှိ ဟိုတိ၊ တပ်မောက်၊ ပန်ဆန်း၊ ဟဲဆိုင် ကျေးရွာများ၌ ကျေးလက်ကျန်းမာရေး ဌာနခွဲများ ဆောက်လုပ်ရန် အတွက် ကျေးရွာအကျိုးတော်ဆောင်များမှ မြေနေရာရရှိရေး ဆောင်ရွက်ပေးမည် ဖြစ်ကြောင်းလည်း သိရှိရပါတယ်။

ယခုအခါ ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေး ဦးစီးဌာနမှ မြို့နယ်များရှိ ကျေးလက်ကျန်းမာရေးဌာနနှင့် ကျေးလက် ကျန်းမာရေး ဌာနခွဲအဆောက်အဦများကို ဦးစားပေး အစီအစဉ် အလိုက် ဆောက်လုပ်ပေးလျက် ရှိပါတယ်။ သို့ဖြစ်ပါ၍ ကျေးလက်ကျန်းမာရေးဌာနခွဲဖွင့်လှစ်ရန် သတ်မှတ်အခြေခံမှုများနှင့် ကိုက်ညီမှု မရှိသေးပါသော်လည်း ရှမ်းပြည်နယ် ကျန်းမာရေး ဦးစီးဌာနမှူးရုံး၏ (၃၀-၈-၂၀၁၃) ရက်စွဲပါစာအမှတ်၊ ၅/ကမခွဲ/ဆ၃ (၂၃၀၉)ဖြင့် လဲချားမြို့နယ်၊ ဟိုတိ၊ တပ်မောက်၊ ပန်ဆန်း၊ ဟဲဆိုင် ကျေးလက်ကျန်းမာရေးဌာနခွဲများ ဖွင့်လှစ်နိုင်ရေး အတွက် စံကိုက်အဆောက်အဦများ ဆောက်လုပ်ပေးနိုင်ပါရန် ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာနသို့



D/real(wide) (1



ဆောင်ရွက်သွား မှာဖြစ်ကြောင်း ပြောကြားလိုပါတယ်။ဆက်လက် ပြီးတော့မှ မိုးနဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းမောင်ကြီးမှ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းမောင်ကြီး၊ မိုးနဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။**
မင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ ဧည့်သည်တော်များ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုရင်း ကျွန်တော်ကတော့ မိုးနဲမဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းမောင်ကြီးဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်သို့ မေးခွန်းကို မတင်သွင်းမီ နိဒါန်းအဖြစ် အနည်းငယ်တင်ပြခွင့်ပြုပါ။ လွှတ်တော် သို့တင်ပြသော မေးခွန်းများသည် ကျွန်တော်၏ မဲဆန္ဒနယ်ကို ကျော်လွန်၍ ပြည်သူအများ အကျိုးရှိစေသော မေးခွန်းများ ဖြစ်အောင် အတတ်နိုင်ဆုံး ကြိုးစားတင်သွင်းလေ့ ရှိပါတယ်။

သို့သော်လည်း အောက်ပါတင်ပြမည့် နားခံကျေးရွာ မီးလင်းရေးမေးခွန်းသည် ၎င်းဒေသအတွက် အသက်တမျှ အရေးကြီးရုံတင်မကဘဲ နောင်လာလတ္တံ့သော မျိုးဆက်များ အတွက် လူမှုအကျိုးစီးပွားအထိ အကျိုးသက်ရောက်နေ၍ အတ္တဆန်သော်လည်း တင်ပြရခြင်းဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မူလမီးလင်းရေး စီမံချက် အမှတ်၆ တည်ဆောက်ရာတွင် နားခံကျေးရွာကို ခေါင်းစဉ်တင်၍ နမ့်မော်စွန်းကျေးရွာ အိမ်ခြေ(၁၀၀)တစ်အုပ်စု၊ လွိုင်လင်းကျေးရွာ အိမ်ခြေ(၈၄) တစ်အုပ်စု မယ်ဇလီမြိုင် နမ့်မော်လူး အိမ်ခြေ(၃၀၀) တစ်အုပ်စု၊ နားခံကျေးရွာ အိမ်ခြေ(၄၄၀)တို့ကို စုပေါင်းပြီး ကော်မတီ

တစ်ခုဖွဲ့ကာ မာဃမြင့်ကုမ္ပဏီမှ ကျွမ်းကျင် ပညာရှင်များဖြင့် အသေးစရိတ် ကုန်ကျမည့် စရိတ်စကများကို တွက်ချက်၍ စီမံချက်တန်ဖိုး သိန်း(၄၄၀၀)ကျော်ကို အကောင်အထည် ဖော်ဆောင်ရန် သဘောတူစာချုပ် ခဲ့ပါတယ်။

သို့သော် ယနေ့နားခံကျေးရွာမှအပ စီမံချက်ပါ ကျေးရွာများသည် ငွေကြေးအခက်အခဲကြောင့် ပါဝင်ဆောင်ရွက်ခြင်း မရှိတော့ဘဲ နားခံကျေးရွာ(၁)ရွာတည်းသာ အိမ်ခြေ(၄၀၀)ကျော် အနေဖြင့် စီမံချက်တန်ဖိုး သိန်းပေါင်း (၃၄၀၀)ကို မီးလင်းရေး လုပ်ငန်းကို အခက်အခဲ ကြီးမားစွာ ရုန်းကန်ဖြေရှင်း နေရပါတယ်။ ထိုသို့သော အခြေအနေတွင် မူလနားခံကျေးရွာ မီးလင်းရေး စီမံချက်ပါဝင်သော အထက်ဖော်ပြပါ ကျေးရွာ(၇၀၀)ခန့် ရန်ပုံငွေများထုတ်ချေးပြီး ပြန်လည်ပါဝင်အောင် ကူညီထောက်ပံ့ ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ လေးစားစွာဖြင့် မေးမြန်း အပ်ပါတယ်။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းထွန်းရင်၊ လျှပ်စစ်နှင့်စက်မှုလက်မှု ဝန်ကြီး။** အားလုံးပဲ မင်္ဂလာပါ။ လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် တကွ လွှတ်တော်ကိုယ်စားလှယ်များ အားလုံးခင်ဗျား။

မိုးနဲမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းမောင်ကြီး၏ မိုးနဲမြို့နယ် နားခံကျေးရွာ (၂၄)နာရီ မီးလင်းရေးအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ





တင်ပြဆောင်ရွက်ထားပြီး ဖြစ်ပါကြောင်း ပြန်လည်ဖြေကြား အပ်ပါတယ်။

**ဥက္ကဋ္ဌ။** ခုနက ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်အက်စ်ကီးမိုး တင်ပြတဲ့ မေးခွန်းကြိုတင် ပေါက်ကြားမှုနှင့် စပ်လျဉ်းပြီးတော့ ကျွန်တော့်အနေနဲ့ နည်းနည်းရှင်းလင်းလိုပါတယ်။ နည်းဥပဒေ ပုဒ်မ(၉၁)အရ လွှတ်တော်ကို မေးခွန်းများ တင်သွင်းတဲ့ အခါမှာ လွှတ်တော်ရုံး အကြီးအမှူးထံ လွှတ်တော် အစည်းအဝေး မစမီအနည်းဆုံး (၁၀)ရက် ကြိုတင်ပြီးတော့မှ မေးခွန်းကို လက်မှတ် ရေးထိုးပြီးတော့ အကြောင်းကြားစာနှင့် အတူ ပို့ရမှာဖြစ်ပါတယ်။

အဲဒီတော့ မေးခွန်းပေါက်ကြားခြင်းနှင့် ပတ်သက်လို့ တာဝန်ရှိတဲ့ ရုံးအဖွဲ့များအနေနဲ့ အဆင့်ဆင့် ဆောင်ရွက်တဲ့နေရာမှာ အားနည်းချက် ရှိကောင်းရှိနိုင်ပါတယ်။ အကယ်၍ အားနည်းချက်များ ရှိမယ်ဆိုလျှင်လည်း ကျွန်တော်တို့ လွှတ်တော်အနေနဲ့ အားနည်းချက် မရှိအောင် ရုံးအဖွဲ့ကို စနစ်တကျနဲ့စီမံ ကွပ်ကဲပေးသွားမှာ ဖြစ်တဲ့ အကြောင်း ဖြေကြားလိုပါတယ်။

တစ်ဆက်တည်းမှာပဲ မေးခွန်းနှင့် ပတ်သက်လို့ တစ်ချို့မှာလည်း ကြယ်ပွင့်ပြခြင်း၊ မပြခြင်းနှင့် ပတ်သက်လို့ ရှင်းလင်းပြတ်သားဖို့ လိုပါတယ်။ နည်းဥပဒေပုဒ်မ (၉၉)မှာ ဖော်ပြတာကတော့ လွှတ်တော်တွင် နှုတ်ဖြင့်ဖြေကြား ပေးစေလိုလျှင် လွှတ်တော်ရုံးအကြီးအမှူးထံ ပေးပို့သည့်မေးခွန်း၌ ကြယ်ပွင့် အမှတ်အသားကို ပြရမယ်လို့ ပြဋ္ဌာန်းထားပါတယ်။

သို့သော်လည်းပဲ တစ်ချို့မေးခွန်းတွေက ကြယ်ပွင့်မရှိတဲ့အခါ ပြန်မေးရတဲ့ အနေအထားရှိပါတယ်။ ဒါကြောင့်မို့လို့ ဒီမေးခွန်း မေးမြန်းခြင်း ကဏ္ဍနှင့်စပ်လျဉ်းလို့ အတိအကျဖြစ်အောင် ဆက်လက်

ကူညီဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ ဆိုတဲ့မေးခွန်းကို ဖြေကြား ပေးသွားမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ် အစိုးရအနေဖြင့် ရှမ်းပြည်နယ်အတွင်းတွင် မှီတင်းနေထိုင်သော တိုင်းရင်းသား ပြည်သူများ အားလုံးအပေါ် မေတ္တာ၊ စေတနာ အပြည့်အဝ ကူညီဆောင်ရွက်ပေးရန် အမြဲဆန္ဒရှိပြီး အဆင်သင့်လည်း ရှိပါတယ်။ ရှမ်းပြည်နယ်သည် နယ်မြေကျယ်ဝန်းပြီး မြို့နယ်ပေါင်း(၅၅)မြို့နယ်၊ မြို့နယ်ခွဲ (၂၉)မြို့နယ် ပါရှိပါတယ်။

ကျေးရွာပေါင်း မြောက်မြားစွာလည်း ပါရှိပါတယ်။ ဤမျှကျေးရွာများပြားလှသော ရှမ်းပြည်နယ်အတွက် ကိုယ့်အားကိုယ်ကိုး မီးလင်းရေးဆောင်ရွက်ရာတွင် ပြည်နယ် အစိုးရအနေဖြင့် လျှပ်စစ်ကဏ္ဍတွင် ပညာရပ်ပိုင်း ဆိုင်ရာများတွင် ပါဝင်ကူညီဆောင်ရွက်ပေးပြီး ကုန်ကျစရိတ် ငွေမလုံလောက်၍ သော်လည်းကောင်း၊ ပြည့်စုံမှု မရှိ၍သော် လည်းကောင်း၊ သင့်တင့်သော ငွေပမာဏကို အတိုးနှုန်း(၁)ကျပ်ဖြင့် နှစ်တိုချေးငွေ အဖြစ် ချေးပေးပါသည်။

ချေးငွေများကိုလည်း မီးလင်းရေးကော်မတီထံ တိကျ မှန်ကန်စွာ ရောက်ရှိစေရန် ခရိုင်အုပ်ချုပ်ရေးမှူးမှ တစ်ဆင့် ချထားပေးမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဦးစိုင်းမောင်ကြီးက မေးခွန်း(၃)ခုကို မေးမြန်းတဲ့နေရာမှာ ဒုတိယမေးခွန်းကို ဖြေကြားဖို့ အတွက် သက်ဆိုင်ရာဝန်ကြီးက ခရီးလွန်နေပါတယ်။ ဒါကြောင့် ဦးစိုင်းမောင်ကြီးက တတိယမေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။



D/real(wide) (1



အခြားအထောက်အကူပြု ကော်မတီများ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ လုပ်ထုံးလုပ်နည်းများနှင့် စပ်လျဉ်း၍သက်ဆိုင်ရာ မြို့နယ်အလိုက် အလုပ်ရုံဆွေးနွေးပွဲများ စွမ်းရည်မြှင့်တင်ရေး ပရိုဂရမ်များ၊ အသေးစိတ် ဆောင်ရွက်ရန် နည်းလမ်းများ၊ ဆင့်ပွားသည့် သင်တန်းများ ဆောင်ရွက်ရန် အစီအစဉ် ရှိ/မရှိနှင့် ၎င်းဖွဲ့စည်းထားသော ကော်မတီများအတွက် သီးခြားငွေစာရင်း ဖွင့်လှစ်ပြီး ဘတ်ဂျက် လျာထား တွက်ချက်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်က ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီးအောင်သူ၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီး။** လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် တစ်ကွ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။

မိုးနဲမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)က ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းမောင်ကြီးရဲ့ ရှမ်းပြည်နယ်အတွင်း ခရိုင်ပေါင်း(၁၄)ခရိုင်ရှိ မြို့နယ်များတွင် ဖွဲ့စည်းထားသော မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ကော်မတီ အပါအဝင် အခြားအထောက်အကူပြုကော်မတီများ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ လုပ်ထုံးလုပ်နည်းများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ မြို့နယ်အလိုက် အလုပ်ရုံဆွေးနွေးပွဲများ၊ စွမ်းရည်မြှင့်တင်ရေး ပရိုဂရမ်များ၊ အသေးစိတ်ဆောင်ရွက်ရန် နည်းလမ်းများ၊ ဆင့်ပွားသည့် သင်တန်းများ ဆောင်ရွက်ရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါသည် မေးခွန်းနှင့် ပတ်သက်၍ ကျွန်တော်ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင် လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီး ဗိုလ်မှူးကြီး အောင်သူမှ ဖြေကြားသွားမှာ ဖြစ်ပါတယ်။

တိုင်းဒေသကြီး(သို့မဟုတ်) ပြည်နယ်အစိုးရ နေပြည်တော်ကောင်စီ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဦးစီးအဖွဲ့ (သို့မဟုတ်) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့တို့သည် တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်များအလိုက် တာဝန်ထမ်းဆောင်နေကြသော ဌာနဆိုင်ရာ ဝန်ထမ်းများအား ဥပဒေနှင့်အညီ ကြီးကြပ်ခြင်း၊ စစ်ဆေးခြင်း၊ ပေါင်းစပ်ညှိနှိုင်းခြင်းတို့ကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန် လည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံ ဥပဒေ ပုဒ်မ(၃၆)(က)နှင့် (ဂ)တို့အရ အမျိုးသားစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသဆိုင်ရာ အဖွဲ့အစည်းများ နှင့်ပုဂ္ဂလိကစသည့် အင်အားစုများ ပါဝင်၍ အများပြည်သူတို့၏ လူမှုစီးပွားနေထိုင်မှု အဆင့်အတန်း မြှင့်တင် နိုင်ရေး ရှေးရှုဆောင်ရွက်နိုင်ရန်နှင့် စီးပွားရေး၊ လူမှုရေး၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်သမ္မတရုံး၏ (၂၆-၂-၂၀၁၃) ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၇/၂၀၁၃ ဖြင့် မြို့နယ်နှင့် ရပ်ကွက်(သို့မဟုတ်) ကျေးရွာအုပ်စု ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ကော်မတီများကို လည်းကောင်း၊ နိုင်ငံတော်သမ္မတရုံး၏ (၂၆-၂-၂၀၁၃) ရက်စွဲပါ စာအမှတ်၊ ၁၀၀(၅)/ ၇ /သမ္မတရုံး ဖြင့်နယ်မြေ ဒေသအခြေအနေ လုပ်ငန်းပမာဏ လိုအပ်ချက်အရ ခရိုင်နှင့် မြို့နယ်စီမံခန့်ခွဲမှု ကော်မတီနှင့် မြို့နယ်စည်ပင်သာယာရေး ကော်မတီများကို လည်းကောင်း၊ စနစ်တကျဖွဲ့စည်း ဆောင်ရွက်သွားရန် ညွှန်ကြားချက်အရ ရှမ်းပြည်နယ် အစိုးရအဖွဲ့၏ (၂၇-၂-၂၀၁၃) ရက်စွဲပါ စာအမှတ်၊ ၂၀၇ / ၆ - ၃၆၄ /အစရ(ရှမ်း)ဖြင့် မိမိကွပ်ကဲမှုအောက်ရှိ ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနများထံသို့ ဆက်လက်ညွှန်ကြားထားပြီး ဖြစ်ပါတယ်။

၄င်းအပြင် စည်ပင်သာယာရေး ဥပဒေအသစ် ပြင်ဆင်



D/real(wide) (1



**ဦးစိုင်းမောင်ကြီး၊ မိုးနဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။**

လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေကို အခြေခံအုတ်မြစ် မဏ္ဍိုင်ကြီးအဖြစ် ပြဋ္ဌာန်းပြီး ယင်းမဏ္ဍိုင်၌ ပြဋ္ဌာန်းထားသော မူဘောင်များနှင့်အညီ အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့် တရားစီရင်ရေးဟူသော မဏ္ဍိုင်များဖြင့် ခေတ်မှီ ဒီမိုကရေစီ စနစ် ပြည်သူ့ဗဟိုပြု အုပ်ချုပ်ရေး စနစ်(၁)ရပ်ကို သက်ဆိုင်ရာ ဌာနများ အားလုံးက စီမံဖော်ဆောင်လျက် ရှိပါတယ်။

အလားတူ မီဒီယာပြည်သူလူထု အရပ်ဘက်အဖွဲ့အစည်း ဟူသော ကဏ္ဍများကိုလည်း ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်အညီ သီးခြားထူထောင်ဖွဲ့စည်း ဆောင်ရွက်လျက်ရှိပါတယ်။ ထိုမှခွဲဖြာလာသော **Instition** လူမှု အဖွဲ့အစည်းများသည် ဒီမိုကရေစီ အသွင်ကူးပြောင်းရေးကို လက်တွေ့အကောင်အထည်ဖော် ပေးနေတာကို တွေ့မြင်ကြရပါတယ်။

၄င်းတို့အနက် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ ရပ်ကွက်ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီများ သည်လည်း အပါအဝင်ဖြစ်ပါတယ်။ ၄င်းကော်မတီများ ရေရှည်တည်တံ့အောင် နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း စည်းမျဉ်းစည်းကမ်းများဖြင့် ထိန်းကျောင်းပေးရန် လိုအပ်သကဲ့သို့ လုပ်ငန်းများ လည်ပတ်ရာတွင် ဘတ်ဂျက်များ သီးခြားခွဲဝေလျာထားသင့်ပါသည်။

ဥပမာ- နိုင်ငံတော်အဆင့် ပြည်ထောင်စုဝန်ကြီးများနှင့် တွေ့ဆုံပွဲတက်ရောက်ရန် ခရီးမိုင်ရာကျော်သော ကော်မတီများ အနေဖြင့် သွားလာနေထိုင်တည်းခို ခရီးစရိတ်များ အခက်အခဲ ရှိပါတယ်ခင်ဗျာ။ ထို့ကြောင့် ရှမ်းပြည်နယ်အတွင်း ခရိုင်ပေါင်း (၁၄)ခရိုင်အတွင်းရှိ မြို့နယ်များတွင် ဖွဲ့စည်းထားသော မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ကော်မတီအပါအဝင်

ရေးဆွဲရာတွင် စည်ပင်သာယာရေး ကော်မတီ ဖွဲ့စည်းမှု တစ်ပြေးညီဖြစ်စေရေးအတွက် နိုင်ငံတော်သမ္မတရုံး၏ (၂၆-၂-၂၀၁၃) ရက်စွဲပါ စာအမှတ်၊ ၁၀၀ (၅-၁) / ၇ / သမ္မတရုံးဖြင့် ညွှန်ကြားလာခြင်းအပေါ် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ (၂၇-၂-၂၀၁၃) ရက်စွဲပါ စာအမှတ် ၂၀၁၀၇/၆-၃၆၄/အစရ(ရှမ်း)ဖြင့် ဆက်လက်ညွှန်ကြားထားပြီး ဖြစ်ပါတယ်။

အဆိုပါကော်မတီများဖွဲ့စည်း ဆောင်ရွက်ထားမှုနှင့် ပတ်သက်၍ ကော်မတီများ၏ လုပ်ငန်းတာဝန်များအားယေဘုယျအားဖြင့် လုပ်ငန်းတာဝန်များ ယေဘုယျအားဖြင့် တစ်ပြေးညီဆောင်ရွက်နိုင်ရန် ဖော်ပြထားသော်လည်းနယ်မြေဒေသအခြေအနေနှင့် ရိုးရာဓလေ့ထုံးစံများအရ ထပ်မံဖြည့်စွက်သင့်သည့် လုပ်ငန်းတာဝန်များ ရှိပါက ထပ်မံဖြည့်စွက်နိုင်သည့်အပြင် ကော်မတီအဆင့်ဆင့် ဆောင်ရွက်ရာ၌ အသေးစိတ်လုပ်ငန်းများသိရှိပြီးလက်တွေ့ဆောင်ရွက်နိုင်ရေးအတွက် လမ်းညွှန်လက်စွဲစာစောင် ပြုစုဖြန့်ဝေ ဆောင်ရွက်သွားရန်နှင့် ဖွဲ့စည်းရာ၌ ရွေးချယ်ရန် စည်းမျဉ်းရေးဆွဲချမှတ်၍ စည်းမျဉ်းနှင့်အညီ ရွေးချယ်တာဝန်ပေးအပ်ရန် ပြည်သူလူထုအတွင်းမလိုလားအပ်သော ပြဿနာများ မရှိရေးဆောင်ရွက်သွားရန် နိုင်ငံတော်သမ္မတမှ လမ်းညွှန်ထားရှိသဖြင့် လိုက်နာဆောင်ရွက်သွားရန် နိုင်ငံတော်သမ္မတရုံး၏ (၈-၃-၂၀၁၃)ရက်စွဲပါ စာအမှတ် ၁၀၀(၅-၁)/၇ /သမ္မတ ရုံးဖြင့် အကြောင်းကြားလာသဖြင့် ဖွဲ့စည်းမှုသည် ပြည်သူလူထုကို ကိုယ်စားပြုသည့် ကိုယ်စားလှယ် လူနည်းစုဖြင့် ဆောင်ရွက်သည့် ပုံစံအားလျော်စွာ ရွေးချယ်ခြင်း ခံရသူများသည် ပြည်သူလူထုနှင့် ထိတွေ့၍ ပြည်သူလူထု၏ လိုအပ်ချက်သဘောထားဆန္ဒကို ရယူတင်ပြညှိနှိုင်း ပေါင်းစပ်ပေးနိုင်သူများဖြစ်ရန် ရိုးရာဓလေ့ထုံးတမ်း အစဉ်အလာများနှင့် လိုက်လျော





သို့ဖြစ်ပါ၍ ဖွဲ့စည်းဆောင်ရွက်ပြီး ဖြစ်သော ခရိုင်၊ မြို့နယ်၊ စီမံခန့်ခွဲမှု ကော်မတီ၊ မြို့နယ်အထောက်အကူ ပြုကော်မတီ၊ မြို့နယ်စည်ပင်သာယာရေး ကော်မတီ၊ ရပ်ကွက်ကျေးရွာအုပ်စု အထောက်အကူပြု ကော်မတီများ အလုပ်ရုံဆွေးနွေးပွဲများ၊ သင်တန်းများပေးနိုင်ရေးအတွက် ညွှန်ကြားဆောင်ရွက်သွားမည် ဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ဦးစိုင်းမောင်ကြီးက တတိယမေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းမောင်ကြီး၊ မိုးနဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ရဲ့ တတိယမေးခွန်းကို မတင်ပြမီ စိတ်ရှည်စွာ ဖြေကြားပေးပါသော အစိုးရ အဖွဲ့အား ကျေးဇူးတင်ပါတယ်။ သို့သော်လည်း (၁)ချက်လေး ကျန်နေပါတယ်။

အထောက်အကူပြုကော်မတီများဟာ လုပ်ငန်းများဆောင်ရွက် လည်ပတ်ရာတွင် ဘတ်ဂျတ်များ သီးခြားလျာထားရန် ရှိ/မရှိ ဆိုတဲ့ အချက်လေး ကျန်ရှိနေပါတယ်။ ကျေးဇူးပြု၍ ထပ်မံဖြေကြားပေးရန် အနူးအညွတ်ပန်ကြားအပ်ပါတယ်။

**ဗိုလ်မှူးကြီးအောင်သူ၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး။** ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် တို့ကို မေးခွန်းစတင်ပေးလာတဲ့ အချိန်မှာ ဒီဘတ်ဂျက်နှင့် ပတ်သက်လို့ ပါဝင်ခြင်းမရှိခဲ့ပါဘူး။ ဒါကြောင့် မို့ဖြေကြားခြင်း မရှိပါဘူး။ နောင်အချိန်ကျမှ ထပ်မံဖြေကြားပါမယ်။

**ဥက္ကဋ္ဌ။** တတိယမေးခွန်းကို ဆက်လက်မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းမောင်ကြီး၊ မိုးနဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။

ရှမ်းပြည်နယ် မြေပေါ်မြေအောက် သယံဇာတများအား ထုတ်ယူခွင့်ပြုထားတဲ့ ကုမ္ပဏီများဟာ ဒေသခံပြည်သူလူထုရဲ့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဖြည့်ဆည်းဆောင်ရွက်ရန် ရှမ်းပြည်နယ် အစိုးရအဖွဲ့ရဲ့ ပေါင်းစပ်ညှိနှိုင်းပေးမှုအရ အကောင်အထည်ဖော် ဆောင်ရွက်မေးမည်ဖြစ်ကြောင်း သိရှိရပါသော်လည်း ကျွန်တော်၏ မဲဆန္ဒနယ်အတွင်း ထုတ်ယူခွင့်ရ ကုမ္ပဏီများ၊ အထူးသဖြင့် သစ်ကုမ္ပဏီများသည် ဒေသခံလူထုရဲ့ အရေးကြီး လိုအပ်ချက်များဖြစ်တဲ့ စာသင်ကျောင်း၊ ဆေးခန်း၊ လမ်းတံတား၊ လျှပ်စစ်မီး စသည်တို့ကို ဆောင်ရွက်ပေးခြင်း မရှိဘဲ သာရေး၊ နာရေး ပွဲလမ်းသဘင်များ၌ အလှူငွေ ထည့်ဝင်ရုံသာ ဆောင်ရွက်ခဲ့တာ တွေ့ရှိရပါတယ်။

သို့ဖြစ်ပါ၍ မိမိတို့၏ ကုမ္ပဏီအကျိုးစီးပွားကိုသာ ဦးစားပေးလုပ်ကိုင်ပြီး ဒေသခံပြည်သူအတွက် ပံ့ပိုးဆောင်ရွက်မှု မရှိသော ကုမ္ပဏီများကို ရှမ်းပြည်နယ်အစိုးရမှ လာမည့် ၂၀၁၃-၂၀၁၄၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေး နှစ်များအတွက် ရှမ်းပြည်နယ်မှ မြေပေါ်မြေအောက် သယံဇာတထုတ်ယူခွင့်ကို ကန့်ကွက်သွားရန် ရှိ/မရှိ နှင့် ရှမ်းပြည်နယ်အတွင်း၌ ၄င်းတာဝန်မဲ့ ပျက်ကွက်သည့် ကုမ္ပဏီများကို ပြန်လည်စိစစ်ပြီး နံမည်ပျက်စာရင်း **Black List** စာရင်း ကြေညာရန် ရှိ/မရှိ သိရှိလိုပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။





ညီထွေထည့်သွင်း စဉ်းစားဆောင်ရွက်ရန် ရှမ်းပြည်နယ် အစိုးရအဖွဲ့ရုံး၏ (၁၅-၃-၂၀၁၃) ရက်စွဲပါစာအမှတ်၊ ၂၅၈၃/ ၆-၃၆၄/ အစရ(ရှမ်း)ဖြင့် ညွှန်ကြားထားပြီး ဖြစ်ပါသည်။

အဆိုပါ ကော်မတီများအား ဖွဲ့စည်းထားမှုအခြေအနေများကို သက်ဆိုင်ရာ ခရိုင်အလိုက်တင်ပြ ထားရှိမှုနှင့် ပတ်သက်၍ ခရိုင်စီမံခန့်ခွဲမှုကော်မတီဖြင့် အတည်ပြုကြောင်း ပြန်ကြားသွားရန်နှင့် လုပ်ငန်းတာဝန်များကို တပါတည်းသတ်မှတ် ဖော်ပြသွားရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ (၂၅-၁၂-၂၀၁၃)ရက်စွဲပါစာအမှတ် ၇၂၂၃/၆-၃၆၄/အစရ(ရှမ်း)ဖြင့် အကြောင်းကြားထားပြီး ဖြစ်ပါသည်။

ရှမ်းပြည်နယ်အတွင်း ခရိုင်၊ မြို့နယ်၊ စီမံခန့်ခွဲမှုကော်မတီများ ဖွဲ့စည်းပြီးစီးမှု အခြေအနေများမှာ ခရိုင် (၁၃)ခရိုင်အတွင်း ခရိုင်စီမံခန့်ခွဲမှုကော်မတီ (၁၃)ခု၊ မြို့နယ်စီမံခန့်ခွဲမှု ကော်မတီ(၅)ခု၊ မြို့နယ်အထောက်အကူ ပြုကော်မတီ (၅၀)ခု၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ (၅၀)ခု၊ ရပ်ကွက်အထောက်အကူပြုကော်မတီ (၄၆၆)ခု၊ ကျေးရွာအုပ်စုအထောက်အကူပြု ကော်မတီ (၁၂၄၄)ခု ဖွဲ့စည်းတာဝန်ပေးအပ်ပြီး ဖြစ်ပါသည်။

ပြည်နယ်ဝန်ကြီးချုပ်သည် တာဝန်ရှိသူများ လိုက်ပါလျက် ခရိုင်၊ မြို့နယ်စီမံခန့်ခွဲမှု ကော်မတီ မြို့နယ်နှင့် ရပ်ကွက်၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီများနှင့် (၁၇-၈-၂၀၁၃)ခုနှစ်တွင် တာချီလိတ်မြို့၊ (၁၈-၈-၂၀၁၃)တွင် မိုင်းဆတ်မြို့၊ (၁၉-၈-၂၀၁၃) ရက်နေ့တွင် မိုင်းဖြတ်နှင့် ကျိုင်းတုံမြို့၊ (၂၀-၈-၂၀၁၃)ရက်နေ့တွင် တောင်ကြီးခရိုင်၊ (၂၁-၈-၂၀၁၃)ရက်နေ့တွင် လင်းခေးမြို့၊ (၂၂-၈-၂၀၁၃) ရက်နေ့တွင် လွိုင်လင်မြို့များသို့ သွားရောက်တွေ့ဆုံ မှာကြားခဲ့ပြီးဖြစ်ပါသည်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းအိုက်ပေါင်း၊ သစ်တောနှင့် သတ္တုဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်များ ဧည့်သည်တော်များ အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာ ကြပါစေလို့ ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။

ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ် သစ်တော၊ သတ္တုဝန်ကြီး ဦးစိုင်းအိုက်ပေါင်း ဖြစ်ပါတယ်။ မိုးနဲမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂) ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းမောင်ကြီးရဲ့ မေးခွန်းနှင့် ပတ်သက်တဲ့ မေးခွန်းနှင့် ပတ်သက်ပြီး ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်အတွင်း မြေပေါ်၊ မြေအောက် သယံဇာတများ ထုတ်ယူခွင့်ပြုထားသည့် ကုပ္ပဏီများကိုစွ နှင့်စပ်လျဉ်းသည့် မေးခွန်းကို(၂)ပိုင်း ဖြေကြားသွားမှာ ဖြစ်ပါတယ်။ မြေပေါ်အနေနဲ့ သစ်တောကဏ္ဍအနေနှင့် ဖြေကြားပေးသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ရှမ်းပြည်နယ်မိုးနဲမြို့နယ်အတွင်းမှာ ၂၀၁၂-၂၀၁၃ ခုနှစ်တွင် သစ်ထုတ်လုပ်တဲ့ ကုမ္ပဏီများမှာ **RCSS**၊ **IGE Company** ၊"ဝ" အထူးဒေသ(၄)အဖွဲ့မှာ အောက်ပါ အတိုင်း ကျွန်းနှင့် သစ်မာများကို ထုတ်လုပ်ခဲ့ပါတယ်-

(၁) အဖွဲ့အစည်းဖြစ်တဲ့ **RCSS** ဟာ လျာထားတန် ကျွန်း(၁၅၀၀၀)၊ သစ်မာ(၅၀၀၀)၊ စုစုပေါင်း တန်(၂၀၀၀၀) ထုတ်လုပ်ရန် လျာထားခဲ့ပေမယ့် ထုတ်လုပ်နိုင်တဲ့ တန်ကတော့ ကျွန်း(၅၆၀၃)တန် နှင့် သစ်မာ(၁၄၈)တန် စုစုပေါင်း(၅၇၅၁)တန်သာ



D/real(wide) (1



တင်ပြလမ်းညွှန်မှုခံယူ၍ လိုအပ်သလို ဆောင်ရွက်သွားမည် ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ သတ္တုကဏ္ဍအနေနှင့် ဆက်လက်ပြီးတော့ ဖြေကြားသွားပါမယ်။ ပြည်ထောင်စု မြန်မာနိုင်ငံအတွင်း ပြည်တွင်းသတ္တု ကုမ္ပဏီတစ်ခုသည် နိုင်ငံတော်နှင့် ထုတ်လုပ်မှု အပေါ် ခွဲဝေခံစားတဲ့ စနစ်ဖြင့် သတ္တုများကို ထုတ်ယူပါက နိုင်ငံတော်မှ (၃၀)% အကျိုးခံစားရပြီး ကုမ္ပဏီမှ (၇၀)% အကျိုးခံစားရပါတယ် ခင်ဗျား။

ထို့အပြင် ကုမ္ပဏီအနေဖြင့် စက်မှုကုန်ကြမ်းအတွက် ဓါတ်သတ္တုခွန် (၃)%သော် လည်းကောင်း၊ ငွေ(ပလက်တီနမ်) ဖြစ်ပါက ဓါတ်သတ္တုခွန် (၄)%သော် လည်းကောင်း၊ (ရွှေသတ္တု) ဖြစ်ပါ (၅)%သော် လည်းကောင်း ဓါတ်သတ္တုခွန် အဖြစ်ထပ်မံ ပေးဆောင်ရပါတယ်။ ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေဇယား(၂)အရ ဓါတ်သတ္တုကဏ္ဍသည် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများရဲ့ လုပ်ပိုင်ခွင့် မပါဝင်ပါခင်ဗျား။

သို့သော်လည်း ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးရဲ့ ဆုံးဖြတ်ချက်အရ ပြည်နယ်အတွင်း ဓါတ်သတ္တု လုပ်ငန်းများလာရောက်လုပ်ကိုင်သော ကုမ္ပဏီများထံမှ ဆင်းရဲမှုလျော့ချရေး ရန်ပုံငွေ များကောက်ခံလျက် ရှိပါတယ်။ ကောက်ခံသော နှုန်းထားများမှာ ရွှေသတ္တုဖြစ်ပါက (၁)ဧကလျှင် ကျပ်(၁၀၀၀၀၀) နှုန်း၊ ဓါတ်သတ္တုဖြစ်ပါက (၁)ဧကလျှင် (၅၀၀၀၀)ကျပ်နှုန်း၊ စက်မှုကုန်ကြမ်းနှင့် ကျောက်မီးသွေးအတွက် (၁)ဧက လျှင်(၃၀၀၀၀)ကျပ် နှုန်းဖြင့် ကောက်ခံခဲ့ရာ (၃၁-၈-၂၀၁၃)ရက်နေ့အထိ ငွေကျပ်ပေါင်း သိန်းပေါင်း(၁၉၇၄၅. ၅၄) အထိ ကောက်ခံရရှိခဲ့ပါတယ်။

ယင်းငွေများကို ရှမ်းပြည်နယ်ဝန်ကြီးချုပ်ရဲ့ လမ်းညွှန်မှုဖြင့် ဆင်းရဲမှုလျှော့ချရေးအတွက် ပြည်နယ်အတွင်းရှိ လယ်သမားများကို ငွေထုတ်ချေးပေးခဲ့ပါတယ်။ မိုးနဲမြို့နယ်အတွင်း တရားဝင် ဓါတ်သတ္တု ထုတ်လုပ်ခွင့် ရရှိသော ကုမ္ပဏီ မရှိပါခင်ဗျား။ စမ်းသပ်တိုင်းတာခွင့်နှင့် ထုတ်လုပ်ခွင့် ရရှိရေးအတွက် လျှောက်ထားဆဲ ကုမ္ပဏီများသာ ရှိကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး မိုင်းပန်မြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးစိုင်းအောင်ခမ်းက မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းအောင်ခမ်း၊ မိုင်းပန်မြို့နယ်မဲဆန္ဒနယ် အမှတ်(၂)။** အားလုံးမင်္ဂလာပါ။ လေးစားအပ် ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အစည်းအဝေးကို တက်ရောက်လာကြသော ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ အားလုံးမင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေခင်ဗျား။

ကျွန်တော်ကတော့ မိုင်းပန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းအောင်ခမ်းဖြစ်ပါတယ်။ မိုင်းပန်မြို့နယ်အတွင်းရှိ သစ်တောကြိုးဝိုင်းနှင့် ကြိုးပြင်ကာကွယ်တောများကို ယခု ၂၀၁၃-၂၀၁၄ ခုနှစ်တွင် သစ်ထုတ်ကုမ္ပဏီများ ထပ်မံ၍လာရောက် သစ်ထုတ်မည်ဆိုပါက မြို့နယ်ပြည်သူများမှ လက်ခံနိုင်ခြင်း မရှိတော့ပါကြောင်းနှင့် ယခု မိုင်းပန်မြို့နယ်အတွင်း ဝင်ရောက်သစ်ထုတ်လုပ်လျက်ရှိသော တင်မြင့်ရီကုမ္ပဏီသည် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများအား ကတိပေးထားသည့်



D/real(wide) (1



ထုတ်လုပ်နိုင်ပြီးတော့ ရာခိုင်နှုန်းအားဖြင့် (၂၈. ၇၆) ရာခိုင်နှုန်းသာ ထုတ်လုပ်နိုင်ခဲ့ပါတယ်။

(၂) **IGE Company** က ကျွန်းတန်(၁၀၀၀၀) ထုတ်ရန်လျာထားခဲ့ပေမယ့် ထုတ်လုပ်နိုင်တဲ့တန်ကတော့ဖြင့် (၆၆)တန်သာ ထုတ်လုပ်နိုင်ခဲ့ပါတယ်။ ရာခိုင်နှုန်းအားဖြင့် (၀. ၆၆)ရာခိုင်နှုန်းသာထုတ်လုပ်နိုင် ခဲ့ခြင်းဖြစ်ပါတယ်။

(၃) “ဝ”အထူးဒေသ(၄)အနေနဲ့ လျာထားကျွန်းမရှိပါဘူး။ လျာထားသစ်မာ တန်(၅၀၀၀)အနေနှင့် ထုတ်လုပ်နိုင်တဲ့ သစ်မာတန်က (၂၉၇)တန်သာ ထုတ်လုပ်နိုင်တဲ့အတွက် ထုတ်လုပ်နိုင်မှုရာခိုင်နှုန်းဟာ (၅. ၉၄)ရာခိုင်နှုန်းသာ ထုတ်လုပ်နိုင်ခဲ့ပါတယ်။

၂၀၁၃-၂၀၁၄ ခုနှစ်တွင် မိုးနဲမြို့နယ်အတွင်း ကုမ္ပဏီနှင့် အဖွဲ့အစည်းများမှ သစ်ထုတ်ရန် အစီအစဉ် မရှိကြောင်းနှင့် ရှမ်းပြည်နယ်အတွင်း မြေပေါ်၊ မြေအောက် သယံဇာတများ ထုတ်ယူခြင်းနှင့် ပတ်သက်၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာနနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့တို့ရဲ့ လမ်းညွှန်မှုကို ခံယူပြီး ဒေသဖွံ့ဖြိုးရေးအတွက် ပူးပေါင်းဆောင်ရွက်သွားရန်နှင့် ဒေသအတွက် လှူဒါန်းသွားရန် သစ်ထုတ်မည့် ကုမ္ပဏီအဖွဲ့အစည်းများသို့ ဌာနအနေဖြင့် စည်းရုံးဆောင်ရွက်သွားမည် ဖြစ်ကြောင်းတင်ပြအပ်ပါတယ်။

ရှမ်းပြည်နယ်အတွင်း သစ်ထုတ်လုပ်သည့် ကုမ္ပဏီများမှ သစ်ထုတ်လုပ်ရာတွင် လိုက်နာရမည့် စည်းကမ်းများ ပျက်ကွက်ခြင်း၊ သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုများ ပေါ်ပေါက်လာပါက ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနတို့

အတိုင်း ပြီးစီးအောင် ဆောင်ရွက်ပေးမှု မရှိခြင်း၊ ဆောင်ရွက်ပေးပါသော်လည်း ဆောင်ရွက်ပေးခဲ့သော လုပ်ငန်းများတွင်လည်း စေတနာမပါကြောင်း၊ မိမိကိုယ်ကျိုးအတွက်သာ ဆောင်ရွက်နေကြောင်း ပြည်သူများပြောဆိုလာသည့် အတွက် လွှတ်တော်သို့ တင်ပြရ ခြင်းနှင့် သစ်ထုတ်ကုမ္ပဏီများ မိုင်းပန်မြို့နယ်တွင် ထပ်မံလာရောက်၍ သစ်ထုတ်ရန် ရှိ/မရှိဆိုသော မေးခွန်းကို ပြည်သူများ လိုအပ်ချက်နှင့် သစ်ထုတ်ကုမ္ပဏီများအပေါ် ပြည်သူများက လက်မခံလိုသော အချက်များကို ပြည်သူများကိုယ်စားအသေးစိတ် မေးမြန်းတင်ပြခွင့် ပြုပေးပါရန် လေးစားစွာဖြင့် လွှတ်တော်ဥက္ကဋ္ဌကြီးထံ ခွင့်တောင်းတင်ပြ အပ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မိုင်းပန်မြို့နယ်တွင် သစ်တောကြိုးဝိုင်း (၅)ဝိုင်းရှိပါတယ်။ ၂၀၁၂-၂၀၁၃ခုနှစ်တွင် သစ်ထုတ်ကုမ္ပဏီ(၂)ခု ဝင်ရောက်ထုတ်လုပ်ခဲ့ပါတယ်။ ၎င်းကုမ္ပဏီ (၂)ခုကတော့ လွယ်လင်း ကုမ္ပဏီနှင့် တင်မြင့်ရီကုမ္ပဏီတို့ဖြစ်ပါတယ်။ လွယ်လင်းကုမ္ပဏီသည် ဝမ်ဆာလား ကြိုးဝိုင်းတွင် သစ်ထုတ်လုပ်ခွင့် ရရှိခဲ့ပြီး နားလောကျေးရွာအုပ်စု၊ နားလော အ-မ-က စာသင်ကျောင်း အနီးဝန်းကျင်ရှိ နေရာများတွင် သစ်စုပုံရန် သစ်ဆိပ်ကွင်း နေရာရရှိခဲ့ပါတယ်။

လွယ်လင်းကုမ္ပဏီကိုယ်စား ဦးစိုးလွင် ကုမ္ပဏီအနေဖြင့် သံဃာတော်များနှင့် နားလောကျေးရွာ ပြည်သူများ ကတိပေးခဲ့သော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများမှာ ဆွမ်းစားဆောင်နှင့် ဇရပ်ဆောက်လုပ်ရန် လိုအပ်သော သစ်များကို လှူဒါန်းပေးမည်ဟုလည်းကောင်း၊ နားလော အ-မ-က စာသင်ကျောင်းဆောင် အသစ်ဆောက်လုပ်ပေးမည် ဖြစ်ကြောင်း ကတိပေးခဲ့ပါတယ်။



D/real(wide) (1



ရှင်းလင်းဆွေးနွေးပွဲ အခမ်းအနားတွင် တင်မြင့်ရီ ကုမ္ပဏီတာဝန်ခံက မိုင်းပန်မြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများဆောင်ရွက်ပေးမည့် အစီအစဉ်များကို မိဘပြည်သူများအား အသေးစိတ် ရှင်းလင်းပြောကြားခဲ့ပါတယ်။ ၎င်းကုမ္ပဏီမှ ဆောင်ရွက်ပေးရန် ကတိပေးထားသော ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကတော့-

(၁) မဟာတေဇာအဓိပတိ စေတီတော်အတွက် **Sport Light** (၄)လုံး လှူဒါန်းခြင်း။

(၂) အ-ထ-က မိုင်းပန်အတွက် ကွန်ပျူတာ(၁၀)စုံ လှူဒါန်းခြင်းနှင့် ကျောင်းဝင်းအတွင်း လမ်းများအား ပြုန်းသဲခင်းပေးခြင်း၊ မိုင်းပန်မြို့နယ် ပြည်သူ့ဆေးရုံတွင် ဝန်ထမ်းအိမ်ယာ(၆)ခန်းတွဲ (၁)လုံးနှင့် အိမ်သာ(၂)လုံး ဆောက်လုပ်လှူဒါန်းခြင်း။

(၃) စိုက်ပျိုးမြေ လယ်(၂၂၄)ဧကကျော် ရရှိရန် နမ့်ပန်ချောင်းနှင့် မိုင်းဟောင်းချောင်းဆုံသည့် နေရာမှ စ၍ သဲပြုန်းပို့ချ နေရာ(၄) နေရာ တူးဖော်ပေးခြင်း။

(၄) ဆိုးဟွေ၊ နားလော၊ မိုင်းဟောင်း၊ ကုန်းကြိုင်းနှင့် ဟိုဖိုင်လုံကျေးရွာ(၅)ရွာ ကျေးလက်လျှပ်စစ်မီး ရရှိရေး လုပ်ငန်းအတွက် (၅၀) **KVA** ထရန်စဖော်မာ (၅)လုံး **Eleven Line** မီးကြိုး၊ မီးချောင်း၊ မီးသီးများနှင့် ဆက်စပ်ပစ္စည်းများ အားလုံး ၎င်းရွာများရှိ အိမ်များမီးလင်းသည်အထိ

ဆောင်ရွက် လျှာဒါန်းပေးမည်။ မြို့နယ်အတွင်းရှိ လိုအပ်သော လမ်း၊ တံတားများ ပြုပြင်ပေးခြင်း၊ ဆောက်လုပ်ရေးနှင့် စိုက်ပျိုးရေးလုပ်ငန်းများ အတွက် ရပ်ရွာအနေဖြင့် အသုံးပြုရသည့် ဘိလပ်မြေ၊ ဒီဇယ်စသည့် ကုန်ပစ္စည်းများအား စျေးနှုန်းသက်သာစွာရရှိရေးအတွက် ကုမ္ပဏီပိုင် သစ်တင်ယာဉ်များဖြင့် တင်ဆောင်ပေးခြင်း၊ မိုင်းပန်မှ မုံးထော်၊ မုံးထလမ်း(၁၇. ၄)မိုင်အထိ မြေသားလမ်း (၃၅)မိုင် အကျယ်ချဲ့ထွင် ဆောင်ရွက်ပေးခြင်း၊ ဝမ်စောက်ဘုန်းတော်ကြီး ကျောင်း မီးလင်းရေးအတွက်လိုအပ်သော ဆက်စပ်ပစ္စည်း လျှာဒါန်းပေးခြင်းတို့ ဖြစ်ပါတယ်။

အထက်ပါ လုပ်ငန်းများအားလုံး ၂၀၁၂ ပွင့်လင်းရာသီအမီ ကုမ္ပဏီမှ အပြီးဆောင်ရွက်ပေးမည်ဟု ကတိပေးခဲ့ပါတယ်။ ပွင့်လင်းရာသီ ကုန်ဆုံး၍ ယနေ့တိုင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ပြီးစီးခြင်းမရှိသည့်အတွက် ကျန်ရှိသော ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို ၂၀၁၃ ခုနှစ်အတွင်း မည်သည့်နေ့ရက်တွင် အပြီးဆောင်ရွက် ပေးမည်ကို သိရှိလိုပါတယ်။

၂၀၁၃-၂၀၁၄ ခုနှစ်အတွင်း သစ်ထုတ်ကုမ္ပဏီများ ထပ်မံ၍ လာရောက် သစ်ထုတ်ရန် ရှိ/မရှိ သိရှိလို ပါကြောင်း လေးစားစွာဖြင့် မေးခွန်းမေးမြန်းအပ်ပါတယ်။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာဝန်ကြီးမှ ဖြေကြားပေးဖို့ ဖြစ်ပါတယ်။



D/real(wide) (1



သို့သော်ယနေ့သစ်ထုတ်လုပ်ငန်း ပြီးစီးသွား၍ စခန်းသိမ်းသွားသည့် တိုင်အောင် ကတိပေးထားသည့် အတိုင်းဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်ပေးခြင်း မရှိသည့်အတွက် ဆရာတော်များနှင့် ရပ်မိရပ်ဖများ လက်မှတ်ရေးထိုးပြီး ကျွန်တော့်ထံ တင်ပြလာခဲ့ပါတယ်။ ၎င်းလက်မှတ်ရေးထိုးပြီး တင်ပြလာတဲ့ စာများကို ပြည်နယ်အစိုးရအဖွဲ့ထံသို့ ပေးပို့ခဲ့ပြီးဖြစ်ပါတယ်။

၎င်း ဦးစိုးလွင် သစ်ထုတ်ကုမ္ပဏီသည် မိမိကိုယ်ကျိုး အတွက်သာ ကြည့်ပြီး ပြည်သူများ၏ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို ဆောင်ရွက်ပေးခြင်း မရှိသည့်အတွက် ဆရာတော်များနှင့် ပြည်သူများက ကုမ္ပဏီအပေါ် ကျေနပ်မှု မရှိကြကြောင်းနှင့် ကုမ္ပဏီ သစ်ထုတ်ယာဉ်များကြောင့် လမ်းများ၊ တံတားများ ပျက်စီးသည်ကို ပြုပြင်ပေးခြင်း မရှိပါ။ လမ်းပြုပြင်ရေးအဖွဲ့မှ ယန္တရားယာဉ်များ အကူအညီတောင်းခံသော်လည်း ကုမ္ပဏီမှ ကူညီပေးခြင်း မရှိပါကြောင်း တင်ပြလိုပါတယ်။

သို့ဖြစ်ပါ၍ ယင်းကုမ္ပဏီမှ ကတိပေးထားသော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ပြန်လည်ပြီးဆောင်ရွက်ပေးနိုင်ရန်အတွက် သက်ဆိုင်ရာမှ မည်ကဲ့သို့ ကြီးကြပ်ဆောင်ရွက်မေးမည်ကို သိရှိလိုပါကြောင်းနှင့် မိုင်းပန်မြို့နယ်အတွင်းသစ်ထုတ်လုပ်လျက်ရှိသော တင်မြင့်ရီကုမ္ပဏီမှ ဆောင်ရွက်ပေးရန် ကတိပေးထားသည့် လုပ်ငန်းများကို ဆက်လက်တင်ပြလိုပါတယ်။

(၃-၁၁-၂၀၁၂)ရက်နေ့တွင် မြို့မိမြို့ဖများ၊ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများ၊ ပြည်သူလူထုများနှင့် တွေ့ဆုံပြီး လွှတ်တော်ဆိုင်ရာကိစ္စရပ်များ မြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များအား

**ဦးစိုင်းအိုက်ပေါင်း၊ သစ်တောနှင့် သတ္တုဝန်ကြီး။**

လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ မိုင်းပန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂) ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းအောင်ခမ်းရဲ့ မေးခွန်းကို ရှမ်းပြည်နယ်သစ်တော၊ သတ္တုဝန်ကြီး ကနေပြီးတော့ ဆက်လက် ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၂-၂၀၁၃ ခုနှစ်တွင် လင်းခေးခရိုင်၊ မိုင်းပန်မြို့နယ်၌ တင်မြင့်ရီ ကုမ္ပဏီမှ သစ်ထုတ်လုပ်ခဲ့ပြီး တင်မြင့်ရီကုမ္ပဏီပိုင်ရှင်နှင့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်တို့၏ တွေ့ဆုံညှိနှိုင်းချက်အရ မိုင်းပန်မြို့နယ်ရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်း (၉)ခုအား ဆောင်ရွက်ပေးရန် ညှိနှိုင်းသဘောတူညီခဲ့ပါတယ်။ အဆိုပါ သဘောတူညီချက် အရ (၁၅-၈-၂၀၁၃) ရက်နေ့ထိ တင်မြင့်ရီကုမ္ပဏီမှ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အောက်ပါ အတိုင်းဆောင်ရွက်ပေးပြီး ဖြစ်ကြောင်း သိရှိရပါတယ်-

(၁) မဟာတေဇာ အဓိပတိစေတီတော် ဆလိုက်မီး (၄)စုံ လှူဒါန်းခြင်း၊ ဆောင်ရွက်ပြီးစီးသွားပြီးဖြစ်ပါတယ်။

(၂) အ-ထ-က မိုင်းပန်အတွက် ကွန်ပျူတာ(၁၀)စုံ လှူဒါန်းခြင်း။ (၄၁)သိန်း (၁၀၀)%ဆောင်ရွက်ပြီးစီးပြီးဖြစ်ပါတယ်။

(၃) မိုင်းပန်မြို့နယ်၊ ပြည်သူ့ဆေးရုံဝင်းအတွင်း ဝန်ထမ်းအိမ်ယာ (၆) ခန်းတွဲ နှင့် အိမ်သာ (၂)လုံး ဆောက်လုပ် လှူဒါန်းခြင်း၊ (၆၈၇)သိန်း (၁၀၀)% ဆောင်ရွက်လှူဒါန်းပြီး ဖြစ်ပါတယ်။





ပေးခြင်းဖြစ်ပါတယ်။ သိန်း(၅၀) ပစ္စည်းဝယ်ယူပြီး ဖြစ်ပါတယ်။

တင်မြင့်ရီကုမ္ပဏီမှ ဆောင်ရွက်ပေးမည့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်း (၉)ခုအနက် မဟာတေဇာအဓိပတိ စေတီတော်တွင် ဆလိုက်မီး(၄)စုံ လှူဒါန်းခြင်း၊ အ-ထ-က မိုင်းပန် ကျောင်းဝင်း အတွင်း လမ်းများခင်းခြင်း၊ မြို့နယ် အတွင်းလိုအပ်သော နေရာများတွင် လမ်းတံတားများ ပြုပြင်ပေးခြင်းနှင့် ဝမ်ဆောက် ဘုန်းတော်ကြီးကျောင်း မီးလင်းရေးနှင့် လိုအပ်သော ဆက်စပ် ပစ္စည်းများ လှူဒါန်းခြင်း ဆောက်လုပ်ရန် ကျန်ရှိကြောင်း တွေ့ရှိရပြီး တင်မြင့်ရီ ကုမ္ပဏီမှလည်း ပြီးစီးအောင် ဆက်လက်ဆောင်ရွက် သွားမည် ဖြစ်ကြောင်းသိရှိရပါတယ်။

မိုင်းပန်မြို့နယ်အတွင်း တင်မြင့်ရီကုမ္ပဏီအပါအဝင် သစ်ထုတ်လုပ်နေသော ကုမ္ပဏီများသည် မြန်မာ့ သစ်လုပ်ငန်း (ကိုယ်စား)နိုင်ငံတော်အတွက် ဆောင်ရွက်ပေးနေခြင်း ဖြစ်သော်လည်း ကုမ္ပဏီများအနေဖြင့် ဒေသခံ ပြည်သူများအတွက် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်ပေးရန် သဘောတူညီခဲ့ကြခြင်းဖြစ်ပြီး သဘောတူညီခဲ့ကြသည့် လုပ်ငန်းများကို ဆက်လက်ဆောင်ရွက် ပေးလျက်ရှိကြောင်း ဖြေကြားအပ်ပါတယ်။

၂၀၁၃-၂၀၁၄ ခုနှစ် သစ်ထုတ်ရာသီတွင် မိုင်းပန်မြို့နယ်၌ တင်မြင့်ရီကုမ္ပဏီ၊ **MIT** ကုမ္ပဏီ၊ **IGE** ကုမ္ပဏီတို့မှ ကျွန်းတန်(၁)သောင်း၊ သစ်မာ တန်(၁၅၀၀)တန်အား မြန်မာ့သစ်လုပ်ငန်း ကိုယ်စား ထုတ်လုပ်သွား မည်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ထိုသို့ ထုတ်လုပ်ရာတွင် သစ်တောသယံဇာတ အရင်းအမြစ်များ ရေရှည် တည်မြဲစေပြီး နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေရန် ဒေသခံပြည်သူများ



D/real(wide) (1

အလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေရန်နှင့် လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်စေရန် စတဲ့ရည်မှန်းချက်များကို အခြေခံ၍ ထာဝစဉ်တည်တံ့စေမည့် သစ်တောစီမံအုပ်ချုပ်လုပ်ကိုင်မှု စနစ်ဖြင့် စီမံဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း လေးစားစွာ ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး မိုင်းတုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းဝင်းမြတ်ဦးက မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းဝင်းမြတ်ဦး၊ မိုင်းတုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** လေးစားအပ်တဲ့ လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ အပ်ပါတယ်။ ကျွန်တော်ကတော့ မိုင်းတုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)က ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဝင်းမြတ်ဦး ဖြစ်ပါတယ်။

ကျွန်တော်ကတော့ မိုင်းပန်မြို့နယ်၊ သစ်ထုတ်လုပ်တဲ့ ကိစ္စနှင့်ပတ်သက်ပြီးတော့ မေးမြန်းသွားမှာ ဖြစ်ပါတယ်။ မေးခွန်းမေးမြန်းရာမှာ မိုင်းတုံမြို့နယ်ရဲ့ သစ်ထုတ်လုပ်မှုကို နမူနာပြ မေးမြန်းသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား ကျွန်တော်တို့ မိုင်းတုံမြို့နယ်မှာ ၁၉၈၀ ကျော်ခုနှစ်တွေတုန်းက ထိုင်းသစ်ကုမ္ပဏီများဖြစ်တဲ့ ထိုင်းဆွပ်ကုမ္ပဏီ၊ ဘီနန်အက် ကုမ္ပဏီ၊ စီလွန်းကုမ္ပဏီစတဲ့ ကုမ္ပဏီတွေဟာ ပုံပါကျင် မြို့နယ်နှင့် မိုင်းတုံမြို့နယ်ကြားရှိ ကျွန်းသစ်များကို ကုန်သလောက်နီးပါး ထုတ်ယူသွားခဲ့ပါတယ်။

၂၀၀၀ ခုနှစ်ကျော်ကာလတွေမှာလည်း စီဒီကုမ္ပဏီနှင့် တင်မြင့်ရီကုမ္ပဏီတို့ဟာ မိုင်းတုံမြို့နယ်နှင့် သံလွင် ကြားမှာရှိတဲ့ ကျွန်းတွေကိုကုန်သလောက်နီးပါး ထုတ်ယူသွားခဲ့ပါတယ်။





(၄) စိုက်ပျိုးမြေ (၂၂၄)ဧက ရေရရှိရေးအတွက် နမ့်ပန်ချောင်းနှင့် မိုင်းဟာင်းချောင်းဆို (၄)နေရာ သဲနုန်းတူးဖော်ခြင်း၊ (၄၅)သိန်း (၁၀၀)% ဆောင်ရွက်ပြီးစီးပြီး ဖြစ်ပါတယ်။

(၅) ဆပွတ်ရွာ၊ နားလောရွာ၊ မိုင်းဟောင်ရွာ၊ ကုန်းကြိုင်းရွာ၊ ဟိုဖိုင်လုံရွာ ရွာ(၅)ရွာအတွက် လျှပ်စစ်မီး ရရှိရေး လုပ်ငန်းများ ဆောင်ရွက်ရာမှာ ခန့်မှန်းသိန်းပေါင်း (၂၂၄၀)သိန်း ကုန်ကျပြီး ဖြစ်၍ ဆောင်ရွက်ပြီးစီးမှုမှာ (၈၀)% ဖြစ်ပါတယ်။

(၆) မြို့နယ်အတွင်း လိုအပ်သော လမ်းတံတားများ ပြုပြင်ခြင်း၊ မိုင်းပန်နှင့် တာဆန်းသွားလမ်းတွင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် ပူးပေါင်းဆောင်ရွက်ပြီး ဖြစ်ပါတယ်။

(၇) ဆောက်လုပ်ရေးနှင့် စိုက်ပျိုးရေးလုပ်ငန်းများတွင် အသုံးပြုသည့် ဘိလပ်မြေနှင့် ဒီဇယ်များအား ကုမ္ပဏီပိုင်ယာဉ်များဖြင့် သယ်ဆောင်ရောင်းချပေးခြင်း ဆောင်ရွက်ပြီး ဖြစ်ပါတယ်။

(၈) မိုင်းပန်မှ မုံးထော်-မုံးထလမ်း (၁၇. ၈၄)မိုင်အထိ မြေသားလမ်း (၃၅)ပေ အကျယ်ချဲ့ထွင်ဆောင်ရွက်ပေးပြီး ဖြစ်ပါတယ်။ ဆောင်ရွက်ပြီးစီးမှု (၁၀၀)%ဖြစ်ပါတယ်။

(၉) ဝမ်စောက်ဘုန်းတော်ကြီးကျောင်း မီးလင်းရေးအတွက် လိုအပ်သော ဆက်စပ်ပစ္စည်းများ လျှုဒါန်း

ကျွန်တော်တို့ ဘိုးဘွားပိုင် အမွေအနှစ် တွေဟာ ကုန်ဆုံးသွားပေမဲ့ ကျွန်တော်တို့ ပုံပါကျင်၊ မိုင်းတုံ၊ တာဆန်းလမ်းကတော့ ဖုန်အလိမ်းလိမ်း ဗွက်အလူးလူးပဲ ရှိနေပါသေးတယ်။ ကျွန်တော်တို့ ဒေသခံပြည်သူတွေရဲ့ လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်မှုဟာလည်း ဘာမှမရှိခဲ့ပါဘူး။

မိုင်းတုံမြို့နယ်မှာ ဆရာဝန်မရှိတဲ့ ဆေးရုံနှင့် ဆရာမ ပြည့်စုံတဲ့ စာသင်ကျောင်းတွေနှင့် နှစ်ပါးသွားနေ ရပါတယ်။ ယခုလည်း မိုင်းပန်မြို့နယ်မှာ ကုမ္ပဏီကြီး လေးငါးခုက မိုင်းပန်မြို့နယ်အတွင်းရှိ ကျွန်းတွေကို အမဲဖျက်သလိုဖျက်နေကြပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မိုင်းပန်မြို့နယ်ရှိ ကျွန်းများဟာ ကျွန်တော်တို့ ရှမ်းပြည်နယ်ရဲ့ အကောင်းဆုံးကျွန်းနဲ့ နောက်ဆုံး လက်ကျန်ကျွန်းတွေ ဖြစ်ပါတယ်။ ဒီကျွန်းတွေ ကျန်ရှိနေတာဟာလည်း မိုင်းပန်မြို့နယ်ဟာ စစ်တလင်းပြင် ဖြစ်ခဲ့လို့ အနက်ရောင်နယ်မြေ ဖြစ်ခဲ့လို့ ကျန်ရှိနေတာ ဖြစ်ပါတယ်။

ဒီကျွန်းတွေကျန်ရှိနေဖို့အတွက် မိုင်းပန်ပြည်သူများက တန်ဖိုးကြီးစွာ ပေးဆပ်ခဲ့ရပါတယ်။ ကျေးရွာပေါင်း (၄၉)ရွာ၊ အိမ်ခြေပေါင်း (၈၀၀)ခန့် ဆုံးရှုံးခဲ့ရပါတယ်။ လယ်ဧကပေါင်း ထောင်ချီ၍ ပျက်စီးခဲ့ရပါတယ်။ မိုင်းပန် ပြည်သူတွေဟာ အချို့အသက်ပေးခဲ့ပါတယ်။ တစ်ချို့တစ်ဘက်နိုင်ငံ သွားပြီးတော့ ခန္ဓာကိုယ်ရင်းပြီးတော့ လုပ်စား ခဲ့ရပါတယ်။ တချို့သူများတွေရဲ့ အိမ်ဖော်တွေ၊ ခြံစောင့်အလုပ်သမားတွေ သွားလုပ်ခဲ့ရပါတယ်။ မိုင်းပန် ပြည်သူ တွေဟာ ဒီကျွန်းတွေအတွက် တန်ဖိုးမဖြတ် နိုင်လိုက်အောင် ပေးဆပ်ခဲ့ရပါတယ်။





(၃) “ဝ”အထူးဒေသ(၄)၊ ထုတ်လုပ်ရန်လျာထားတဲ့ ကျွန်းတန်ပေါင်းက (၁၅၀၀၀)တန်၊ လျာထား သစ်မာက (၅၀၀၀)တန်၊ “ဝ”အထူးဒေသ(၄) အတွက် ထွက်ရှိတဲ့ ကျွန်းတန်လုံးဝ မရှိပါ။ သစ်မာ (၂၉၇)တန် သာထုတ်လုပ်နိုင်ခဲ့ပါတယ်။ ထုတ်လုပ်တဲ့ ကြိုးဝိုင်းကတော့ နမ့်တောင်းကြိုးဝိုင်း ဖြစ်ပါတယ်။

အဲ့ဒီသစ်ထုတ်တဲ့ကုမ္ပဏီတွေကတော့ လှူဒါန်းတဲ့ ကိစ္စများမှာ-

(၁) မိုင်းပန် အ-ထ-က အတွက် ကွန်ပျူတာ(၁၀)စုံ၊ သိန်း(၄၀)။

(၂) မိုင်းပန် ပြည်သူ့ဆေးရုံဝင်းအတွင်း ဝန်ထမ်းအိမ်ယာ(၆)ခန်းတွဲအတွက် သိန်းပေါင်း (၆၈၇) သိန်း ဆောင်ရွက်ပြီးစီးပြီး ဖြစ်ပါတယ်။

(၃) စိုက်ပျိုးလယ်မြေ (၂၂၄)ဧကကျော် ရေရှိရန် သဲနှုန်းပို့ချ နေရာ(၈၄)သိန်း။

(၄) ကျေးရွာ(၆)ရွာ မီးလင်းရေးအတွက် ဆောင်ရွက်ခြင်း လုပ်ငန်း (၂၄၄၂.၈)သိန်း၊ ဆောင်ရွက်ဆဲဖြစ်ပါတယ်။

(၅) ဆောက်လုပ်ရေး လုပ်ငန်းသုံး ဘိလပ်မြေများ တာချီလိတ်မှ မိုင်းပန်သို့ ကုမ္ပဏီယာဉ်များနှင့် တင်ဆောင်၍ ဈေးနှုန်းချိုသာစွာ ရောင်းချပေးခြင်း။

(၆) မိုင်းပန်မှ မုံးထော်-မုံးထမြေသားလမ်း ချဲ့ထွင်ပေးခြင်း၊ (၅၆)သိန်း၊ သစ်ထုတ်ကုမ္ပဏီများမှ စုစုပေါင်း လှူဒါန်းငွေမှ (၃၃၉. ၈)သိန်း ဖြစ်ပါတယ်။

ဥက္ကာကြီးခင်ဗျား။ အခြေခံဥပဒေဇယား(၁)နှင့် (၂)မှ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရမှာ သစ်ထုတ်လုပ်ခြင်းဟာကျွန်တော်တို့ရဲ့ လုပ်ပိုင်ခွင့် မဟုတ်ပါဘူး။ ကျွန်းသစ်နှင့် သစ်မာမှာ ကျွန်တော်တို့ ဖမ်းဆီးသစ်လေးနှင့် ရှမ်းပြည်နယ် ဘတ်ဂျတ်အတွက် မနေ့ကပဲ အဆိုတင်သွင်း အောင်မြင်သွားပါတယ်။ ကျွန်တော် တစ်ခုတင်ပြချင် ပါတယ်။ သစ်ထုတ်လုပ်တဲ့ ကိစ္စနှင့် ပတ်သက်ပြီးတော့ ကျွန်တော်နိုင်ငံတော် သမ္မတကြီးနှင့် သွားတွေ့တဲ့အခါမှာ မနှစ်ကဆိုလျှင် ကျွန်းတန်ပေါင်း(၁၅၀၀၀၀) ကျော် ရှမ်းပြည်နယ်မှာ ထုတ်ပါတယ်။

သစ်မာတန်ပေါင်း (၁၅၀၀၀၀)ကျော် သိန်းပေါင်း(၃၀၀၀) ကျော် ထုတ်ပါတယ်။ အဲ့ဒါလည်း ဘယ်သစ်တောကြိုးဝိုင်း၊ ဘယ်ကြိုးပြင်ကာကွယ်တောမှ ထုတ်တယ်ဆိုတာ ကျွန်တော်တို့ ရှမ်းပြည်နယ်အစိုးရ အနေနှင့် လုံးဝမသိရပါဘူး။ နောင် သစ်ထုတ်တော့မယ်ဆိုလျှင် ကျွန်တော်တို့ ရှမ်းပြည်နယ်အစိုးရရဲ့ သဘောထားကို ရယူသင့်ပါတယ်လို့ သမ္မတကြီးရဲ့ လယ်တောအိမ်မှာ တွေ့ဆုံစဉ်အခါက တင်ပြခဲ့ပါတယ်။ ဒီထုတ်တဲ့ သစ်ကုမ္ပဏီ တွေဟာ ကျွန်တော်တို့ လုံးဝမသိရှိခဲ့ရပါဘူး။ ကျွန်တော်တို့ ရှမ်းပြည်နယ်အစိုးရအနေနဲ့။

အဲ့ဒီတော့ ကျွန်တော်တို့ အနေနှင့် နောင်ဆိုလျှင် သစ်ထုတ်မယ်ဆိုလျှင် ရှမ်းပြည်နယ်အစိုးရအနေနှင့် သိနိုင်မယ်လို့ မျှော်လင့်ရင်းနှင့် ဖြေကြားအပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။





မိုင်းပန်မြို့နယ်မှာ သစ်ထုတ်လုပ်နေမှုကြောင့် မိုင်းပန်ပြည်သူများ ပေးဆပ်ခဲ့ရသော ရင်းနှီးခဲ့ရသော တန်ဖိုးများနှင့် ထိုက်တန်သည့် မည်ကဲ့သို့သော အကူအညီမျိုးကို ပေးအပ်မည်ကို သိရှိလိုပါတယ်။ ဒီမေးခွန်းကို ဘကြီးဦးမိုးကြည်နဲ့ မိုင်းပန်ပြည်သူများ အားလုံး ကိုယ်စားမေးမြန်းရခြင်း ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာ ပြည်နယ် အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းအိုက်ပေါင်း၊ သစ်တောနှင့် သတ္တုဝန်ကြီး။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် မိုင်းတုံမြို့နယ် မဲဆန္ဒနယ် အမှတ်(၂) ဦးစိုင်းဝင်းမြတ်ဦးရဲ့ မေးမြန်းတဲ့ မေးခွန်းကို ရှမ်းပြည်နယ် သစ်တော သတ္တုဝန်ကြီး ကျွန်တော် ဦးစိုင်းအိုက်ပေါင်းက ဆက်လက်ဖြေကြားသွားမှာ ဖြစ်ပါတယ်။

၂၀၁၂-၂၀၁၃ ခုနှစ်အတွင်းတွင် မိုင်းပန်မြို့နယ်အတွင်း၌ သစ်ထုတ်လုပ်သည့် ကုမ္ပဏီနှင့် ဒေသဖွံ့ဖြိုး ရေးလုပ်ငန်းများ ဆောင်ရွက်သည့် အခြေအနေများအား အောက်ပါအတိုင်း ဖြေပြသွားမှာ ဖြစ်ပါတယ်။ သစ်ထုတ်တဲ့ ကုမ္ပဏီများမှာတော့-

(၁) တင်မြင့်ရီ လျာထားသစ်ထုတ်တဲ့ တန်ပေါင်းက ကျွန်း(၆၅၀၀)တန်၊ ထွက်ရှိတဲ့ ကျွန်းက(၆၅၀၃)တန် ပယ်ကျွန်းက (၁၂၇)၊ ထုတ်လုပ်တဲ့ ကြိုးဝိုင်းက နမ့်တောင်းကြိုးဝိုင်း။

(၂) “ဝ”အထူးဒေသ(၂) လျာထားကျွန်းတန်ပေါင်းက (၁၅၀၀၀)၊ ထွက်ရှိတဲ့ကျွန်းက (၁၁၈၀)၊ ပယ်ကျွန်း (၈)တန်၊ ထုတ်လုပ်တဲ့ သစ်တောကြိုးဝိုင်းက ဝမ်ဆာဝါးကြိုးဝိုင်း။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး နမ့်ခမ်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းတင်ဦးက မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းတင်ဦး၊ နမ့်ခမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** အားလုံးပဲ မင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများ အားလုံး ကိုယ်စိတ် နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။

ကျွန်တော်ကတော့ နမ့်ခမ်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းတင်ဦး ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့် မေးခွန်းကတော့ နမ့်ခမ်းမြို့နယ် အတွင်းရှိ လယ်ယာမြေများ ပျက်စီးဆုံးရှုံးစေခြင်း၊ မြစ်ချောင်းအင်းအိုင် ရေအရင်းအမြစ်များ တိမ်ကောပျက်သုံးစေခြင်း စသည့်ဆိုးကျိုးများ ဖြစ်ပေါ်စေလျက်ရှိသော သတ္တုတူးဖော် တောင်ဖြိုခြင်း လုပ်ငန်းများအား လုံးဝရပ်ဆိုင်းသွားစေရန် ရှမ်းပြည်နယ် အစိုးရမှ မည်ကဲ့သို့ တားမြစ်ပိတ်ပင် ဆောင်ရွက်ပေးနိုင်မည်ကို စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းမှာ ဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နမ့်ခမ်းမြို့နယ်၊ ပန်ခါးကျေးရွာအုပ်စုတွင် ငွေကမ္ဘာကျော် သတ္တုတူးဖော်ရေးလုပ်ငန်းကုမ္ပဏီမှ ကျောက်တောင်များကို စက်ယန္တရားကြီးများဖြင့် ဖြိုချလျက်ရှိပြီး ကျောက်သယ်ကားကြီး များဖြင့် သတ္တုရိုင်းကျောက်တုံး၊ ကျောက်ခဲများကို တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချပေးလျက်ရှိပါတယ်။ လုပ်ငန်း ခွင်မှ ထွက်ရှိလာသည့်





တောင်ကျချောင်းနှင့်အတူ မျောပါလာပြီး စိုက်ပျိုးလယ်မြေများကို ထိခိုက်ပျက်စီးစေနိုင်ပါတယ်။ ကြိုတင်ကာကွယ်ရန် နည်းလမ်းများလည်း အထူးနည်းပါး လှပါတယ်။ နမ့်ခမ်းမြို့နယ်အတွင်း ငွေကမ္ဘာကျော် သတ္တုတူးဖော်ရေးလုပ်ငန်း ကုမ္ပဏီကဲ့သို့ တောင်ဖြိုသတ္တု တူးဖော်ရေးလုပ်ငန်းများ လုပ်ကိုင်သော အဖွဲ့များ များစွာရှိနေပါတယ်။

လုပ်ငန်းခွင်တိုင်းလိုလို ဤပြဿနာများ ဖြစ်ပွားနိုင်သော အခြေအနေ ရှိနေပါတယ်။ ပြည်သူများလည်း စိုးရိမ်ပူပန်နေကြပြီး လယ်ယာမြေများ မြစ်ချောင်း၊ ရေအရင်းအမြစ်များနှင့် သဘာဝပတ်ဝန်းကျင် ပျက်စီးဆုံးရှုံးစေနိုင်သော စီမံကိန်း လုပ်ငန်းများကို ကန့်ကွက်ကြောင်း တင်ပြလာပါတယ်။

သို့ဖြစ်ပါ၍ နမ့်ခမ်းမြို့နယ်အတွင်းရှိ လယ်ယာမြေများ ပျက်စီးဆုံးရှုံးစေခြင်း မြစ်ချောင်းရေအရင်းအမြစ် များတိမ်ကော ပျက်သုံးစေခြင်း စသည့်ဆိုးကျိုးများ ဖြစ်ပေါ်လျက်ရှိသော သတ္တုတူးဖော် တောင်ဖြိုခြင်းလုပ်ငန်းများအားလုံးဝ ရပ်ဆိုင်း သွားစေရန် ရှမ်းပြည်နယ်အစိုးရမှ မည်ကဲ့သို့ တားမြစ်ပိတ်ပင် ဆောင်ရွက်ပေးနိုင်မည်ကို မေးမြန်း တင်ပြရခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးစိုင်းအိုက်ပေါင်း၊ သစ်တောနှင့် သတ္တုဝန်ကြီး။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီး နှင့်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ နမ့်ခမ်းမြို့နယ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းတင်ဦးရဲ့ မေးမြန်းချက်ကို ကျွန်တော်

ရှမ်းပြည်နယ် သစ်တော၊ သတ္တုဝန်ကြီး ဦးစိုင်းအိုက်ပေါင်းမှ ဖြေကြား ပေးသွားမှာ ဖြစ်ပါတယ်။

နမ့်ခမ်းမြို့နယ်၊ ပန်ခါးကျေးရွာအုပ်စုတွင် ငွေကမ္ဘာကျော် သတ္တုတူးဖော်ရေး လုပ်ငန်းကုမ္ပဏီသည် နမ့်ခမ်း မြို့နယ်တွင် သလင်းကျောက်၊ ဆီလီကွန် သတ္တုတူးဖော်လုပ်ကိုင်ခွင့် ရရှိထားခြင်း မရှိပါ။ ၄င်းကုမ္ပဏီသည် မြေစာရင်းပုံစံ(၁၀၅) ရရှိထားသော်လည်း သက်ဆိုင်ရာ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ရဲ့ သဘောထား မှတ်ချက်လည်း ရရှိထားခြင်း မရှိသေးပါ။ ထို့ကြောင့် ယင်းကုမ္ပဏီရဲ့ လုပ်ဆောင်ချက်ရှိသော လုပ်ငန်းသည် တရားဝင် လုပ်ကိုင်ခြင်းမဟုတ်ပါ။

သို့သော် လယ်မြေများ ထိခိုက်ပျက်စီးထိခိုက်ရသော လယ်သမားများ နစ်နာမှုမရှိစေရန်အတွက် ၂၀၁၃ ခုနှစ် ဩဂုတ်လ ၁၆ ရက်နေ့တွင် ကျွန်တော် ရှမ်းပြည်နယ် သစ်တောသတ္တု ဝန်ကြီးသည် နမ့်ခမ်းမြို့သို့ သွားရောက်ပြီး ငွေကမ္ဘာကျော် သတ္တုတူးဖော်ရေးလုပ်ငန်းသို့ သွားရောက်ပြီး ၄င်းကုမ္ပဏီနှင့် လယ်သမားများ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများ၊ အထောက်အကူပြုကော်မတီများနှင့် အတူ နမ့်ခမ်း မြို့နယ်အုပ်ချုပ်ရေးမှူး အစည်းအဝေးခန်းမတွင် တွေ့ဆုံညှိနှိုင်း ပေးခဲ့ပါတယ်။

မိုးစပါးစိုက်ပျိုးသော လယ်သမားများအတွက် တစ်ဧကလျှင် ငွေ(၇၅၀၀၀၀)ကျပ် ပေးလျော်စေခဲ့ပြီး နွေစပါးပါ စိုက်ပျိုးသော လယ်သမားဖြစ်ပါက ထပ်ဆောင်း၍ တစ်ဧကလျှင် (၂၅၀၀၀၀)ကျပ်နှုန်း ထပ်မံပေးလျော် စေခဲ့ပါတယ်။ လယ်ကွက် များသို့ ရောက်ရှိသွားသော သလင်းကျောက်များကို ကုမ္ပဏီမှ ဖယ်ရှားပေးရန်နှင့် နမ့်စီးရီးချောင်းအတွင်း ရောက်ရှိသွားသော





မလိုလားအပ်သော ကျောက်ခဲများ၊ ကျောက်စ၊ ကျောက်မှုန့်များက မိုးရွာသောအခါ ကျောက်ခဲ၊ သဲ၊ ရွှံ့နွံများအဖြစ် တောင်ကျချောင်းများ နှင့်အတူ နမ့်စီးရီးချောင်းအတွင်းသို့ စီးဝင်သွားပါတယ်။

ထို့နောက် ကျောက်ခဲ၊သဲ၊ ရွှံ့နွံများသည် နမ့်စီးရီးချောင်း အတွင်း ပြည့်လျှံပိတ်ဆို့သွားပြီး ချောင်းကမ်းဘေး တစ်လျှောက်လုံး အတွင်းရှိ လယ်ယာမြေများအတွင်းသို့ ဝင်ရောက်ဖုံးလွှမ်းသွားပါတယ်။ နမ့်စီးရီးချောင်း တိမ်ကော သွားပြီး လယ်ယာမြေများလည်း ပျက်စီးဆုံးရှုံးခဲ့ရပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ငွေကမ္ဘာကျော် သတ္တု တူးဖော်ရေးကုမ္ပဏီ လုပ်ငန်းခွင်ကြောင့် လယ်ယာမြေ (၆. ၆၉)ဧက လုံးဝပျက်စီးသွားပြီး (၁၁. ၃၈)ဧက ထိခိုက် လျက်ရှိပါတယ်။ ရေဝပ်ပြီး ပျက်စီးမည့်အခြေအနေရှိသည့် ပြောင်းဖူးခင်း (၄၀)ဧက၊ ကွမ်းပင် (၂၁၁)ပင် ပျက်စီးပြီး ရေမြောင်းများကို ကျောက်ခဲများ၊ ကျောက်စမှုန့်များ ဖုံးလွှမ်းပျက်စီးမှုကြောင့် ရေမရရှိနိုင်သော လယ်မြေ(၂၂၈)ဧက ရှိနေပါတယ်။

ပန်လော့ကျေးရွာ ကိုယ်ထူကိုယ်ထရေအားလျှပ်စစ်စက်ရုံ နမ့်ခမ်းမြို့ ပြည်သူ့ဆေးရုံဆည် အပါအဝင် ရေလွှဲဆည် (၅)ခု ပျက်စီးလျက်ရှိနေပါတယ်။ ပျက်စီးမှုများကို ငွေကမ္ဘာကျော် သတ္တုတူးဖော်ရေးလုပ်ငန်းမှ လျော်ကြေးများ ပေးလျော်နေပါ သော်လည်း လိုအပ်ချက်များစွာ ရှိနေပါတယ်။ ချောင်းပြန်လည် တူးဖော်ရေး လုပ်ငန်းများလည်း စတင်ဆောင်ရွက်ပေးနိုင်ခြင်းလည်း မရှိပါ။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နမ့်ခမ်းမြို့ မြို့တည်ရှိရာ အနေအထားက တောင်တန်းများ ကာရံထားသော မြေနိမ့်ပိုင်းတွင် တည်ရှိနေသောကြောင့် တောင်ပေါ်မှ စွန့်ပစ်ပစ္စည်းများ

သလင်းကျောက်များကို ဖယ်ရှားပေးရန် လမ်းညွှန်ခဲ့ပါတယ်။ ထို့အပြင် ကိုယ်ထူကိုယ်ထ ရေအားလျှပ်စစ် နမ့်ခမ်းမြို့နယ် ပြည်သူ့ဆေးရုံ ဆည်အပါဝင် အခြားရေလွှဲဆည်များအတွင်း ကျရောက်ခဲ့သော သလင်းကျောက်မှုန်များအားလုံးကိုလည်း ဖယ်ရှားပေးခဲ့ပြီး ဖြစ်ပါတယ်။

လယ်သမားများရဲ့ လယ်ကွက်အတွင်းမှ ဖယ်ရှားသွားသော သလင်းကျောက်မှုန်များနှင့် လျော့နည်းသွားသော မြေကြီးများကိုလည်း အစားထိုးပေးရန် ကုမ္ပဏီသို့ ညွှန်ကြားထားပြီး ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား ၂၀၁၃ခုနှစ် မူဆယ်ခရိုင်အုပ်ချုပ်ရေးမှူးရုံး၏ ဩဂုတ်လ ၃၁ ရက်စွဲပါ လျော်ကြေးပေးငွေ ပေးချေမှု အခြေအနေ တင်ပြချက်အရ စုစုပေါင်း လျော်ကြေး ပေးပြီးတဲ့ ငွေပေါင်းမှာ (၆၇၃၇၅၀၀)ပေးအပ်ခဲ့ပြီး ဖြစ်ကြောင်း တင်ပြလာပါတယ်။

ထို့အပြင် ကုမ္ပဏီလုပ်ပိုင်ခွင့် တစ်စုံတစ်ရာမရရှိသေးပါက လုံးဝရပ်ဆိုင်းထားရန် ညွှန်ကြားထားပြီး ဖြစ်ပါတယ်။ ယခုအခါ ရှမ်းပြည်နယ်အစိုးရအနေဖြင့် သတ္တုကုမ္ပဏီများကို သဘောထားမှတ်ချက် ပေးတော့မည် ဆိုပါက လုပ်ကွက်အနီးရှိ ဒေသခံ အိမ်ထောင်စု အနည်းဆုံး(၁၅)စုမှ သဘောတူမှသာလျှင် ဆက်လက်၍ ထောက်ခံသဘောထား ပေးခြင်းဖြစ်သောကြောင့် သတ္တုတူးဖော်ခြင်းကို ခွင့်ပြုခြင်း၊ ခွင့်မပြုခြင်းသည် ဒေသခံများ၏သဘောထား လုံးဝမူတည်ကြောင်း ဖြေကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ နေ့လည်စာသုံးဆောင်ရန်အတွက် အစည်းအဝေးကို ခေတ္တရပ်နားမှာဖြစ်ပါတယ်။



D/real(wide) (2



# ရှမ်းပြည်နယ်

## ပထမအကြိမ်ရှမ်းပြည်နယ်လွှတ်တော်

## သတ္တမပုံမှန်အစည်းအဝေး (စတုတ္ထနေ့)မှတ်တမ်း

**၁၃၇၅ ခုနှစ်၊ တော်သလင်းလဆန်း (၉)ရက်**

**၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ (၁၂) ရက်**

**[ သောကြာနေ့ ]**

**နေ့လည်ပိုင်း**

**အခမ်းအနားမှူး။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မကြာမီ အချိန်အတွင်းမှာ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (စတုတ္ထနေ့) နေ့လည်ပိုင်းအစီအစဉ် ပြန်လည်စတင်မှာ ဖြစ်တဲ့အတွက် ကိုယ်စားလှယ်တော်များ သတ်မှတ်ထားသော နေရာများမှာ နေရာယူပေးကြပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ် ခင်ဗျား။

ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပြီ ခင်ဗျား ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်နယ် အဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

**ဥက္ကဋ္ဌ။** မေးခွန်းများ မေးမြန်းခြင်း ကဏ္ဍကို ဆက်လက်ဆောင်ရွက်မှာ ဖြစ်ပါတယ်။ အစီအစဉ်အရ နမ္မတူ မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါ်နန်းခမ်းအေးမှ ပထမမေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်နန်းခမ်းအေး၊ နမ္မတူမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)။** လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံတဲ့ အခါသမယ ဖြစ်ပါစေရှင်။

ရှမ်းပြည်နယ်လွှတ်တော် သတ္တမပုံမှန် အစည်းအဝေးမှာ ကျွန်မရှမ်းပြည်နယ်မှာရှိတဲ့ သစ်တောဌာနတိုင်းတွင် အစိုးရ သတ်မှတ်ပေးနေပါသော ကွင်းဆင်းစိုက်ပျိုးခ၊ လုပ်အားခ၊ သစ်တောပျိုးနှုန်းများဟာ အဆမတန်နည်းနေတဲ့အတွက် သယ်ယူစရိတ်များလည်း ချမပေးတဲ့အတွက်ကြောင့် ဝန်ထမ်းများကို အကျင့်ပျက်အောင် တွန်းအားပေးနေတဲ့အတွက်ကြောင့် ကွင်းဆင်းစိုက်ပျိုးခတွေကို တိုးမြှင့်သတ်မှတ်ပေးဖို့ မေးခွန်းကို ကျွန်မမေးမြန်းမှာဖြစ်ပါတယ်။

ယခင်ကသစ်တောကြီးတွေနဲ့ စိမ်းစိုသာယာလှပတဲ့ ရှမ်းပြည်နယ်ဟာ အခုတော့ အပင်တွေရှားပါးပြီး တောင်ကတုံးတွေ ဖြစ်နေသလို သဘာဝရဲ့ဒဏ်ကို ကြံ့ကြံ့ခံနိုင်ဖို့ အပင်ကြီးတွေ ကလည်း နည်းပါးလာတဲ့အတွက်ကြောင့် ရာသီဥတုရဲ့



D/real(wide) (2



**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။ ပြည်နယ် လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား အစည်းအဝေးကို နေ့လည် (၁း၁၅) နာရီအချိန်မှာ ပြန်လည်စတင်မှာ ဖြစ်ပါတယ်ခင်ဗျား။ အားလုံး ထွက်ခွာ နိုင်ပါပြီခင်ဗျား။

ဆိုးဝါးဒဏ်တွေကို ခံနေကြရပါတယ်။ အဲ့ဒီဒဏ်တွေကို ကာကွယ်နိုင်ဖို့အတွက် သစ်တောဌာနက အားသွန်ခွန်စိုက် ပျိုးပင်တွေကို ပျိုးထောင်ပြီး ကွင်းဆင်းစိုက်ပျိုးနေတာကို တွေ့နေရပါတယ်။ ဒါပေမဲ့ သစ်တောဌာနကချပေးတဲ့ ပျိုးနှုန်းတွေဟာ ဒေသပေါက်ဈေးနဲ့ နှိုင်းယှဉ်ကြည့်မယ်ဆိုလျှင် အဆမတန် နည်းပါးနေပါတယ်။

ဥပမာ- ဒညင်းပျိုးပင်တစ်ပင်ဟာ ဒေသပေါက်ဈေးအရ တစ်ပင်ကို ကျပ်(၁၀၀၀)ကျပါတယ်။ အထက်က သစ်တောဌာနကနေ ဘယ်လောက်ချမှတ်ပေး မယ်မသိပေမဲ့ မြို့နယ်မှာရရှိနေတဲ့ ဈေးနှုန်းကတော့ ကျပ်(၇၀)ပဲ ဖြစ်ပါတယ်။ မယ်ဇလီအတွက် ဒေသပေါက်ဈေးက ကျပ်(၅၀၀)ဖြစ်ပြီး ဝန်ကြီးဌာနက သတ်မှတ်ပေးတာကို ရရှိတာ ကတော့ ကျပ်(၅၀)ပဲ ဖြစ်ပါတယ်။ ကျွန်းစိုက်ခင်းကို ကြည့်မယ်ဆိုလျှင်လည်း ကျွန်းစေ့ရှာရာကနေပြီးတော့ မီးဘေးကာကွယ်ရေး ဆောင်ရွက်ပြီးတဲ့အတွက် တစ်နှစ်အတွက် ပျိုးပင်(၅၄၀)ပင်အတွက် သတ်မှတ်ပေးတဲ့ ဈေးက (၁၁၈၄၅၅) ကျပ်သာ ဖြစ်ပါတယ်။

တစ်ကယ်တမ်း ဒေသပေါက်ဈေးနှင့် လုပ်ကိုင်မယ်ဆိုလျှင် (၃)သိန်းနှင့် အထက်မှာရှိနေပါတယ်။ ပျိုးပင်တွေကို ပျိုးခင်းမှ စိုက်ပျိုးတဲ့ကျေးရွာဒေသအထိ သယ်ယူစရိတ်ကိုလည်း ချမှတ်ပေးခြင်း မရှိပါဘူး။ဒေသမှာ ပျိုးပင်တွေကိုစိုက်ပျိုးဖို့ လူတစ်ယောက်ကို တစ်ရက်လျှင် ကျပ်(၅၀၀၀)နှုန်း ပေးရမှာဖြစ်ပါတယ်။ ဒါပေမဲ့ နေ့စားအတွက် စိုက်ပျိုးရေးဌာနကနေ ချမှတ်ပေးတာ ကတော့ တစ်ပင်ကို ကျပ်(၁၀)နှုန်း ဖြစ်ပါတယ်။ လူတစ်ဦးဟာ တစ်ရက်ကို အပင်(၁၀၀)သာ စိုက်နိုင်တဲ့အတွက် တစ်ရက်ကို စိုက်ပျိုးရေးဌာနကနေ ကျပ်(၁၀၀၀)ပဲ ချပေးသလို ဖြစ်နေပါတယ်။





သစ်တောဌာနတိုင်းမှာ အစိုးရသတ်မှတ်ပေးနေပါသော ကွင်းဆင်းစိုက်ပျိုးခ၊ လုပ်အားခ၊ သစ်တောပျိုးနှုန်းများသည် အဆမတန်နည်းနေခြင်းနှင့် သယ်ယူစရိတ်များ ချမှတ်မပေးခြင်းသည် ဝန်ထမ်းများကို အကျင့်ပျက်ရန် တွန်းအားပေးနေသလို ဖြစ်နေပါသဖြင့် ကွင်းဆင်းစိုက်ပျိုးခ၊ လုပ်အားခနှင့် သစ်တောပျိုးနှုန်းကို ဒေသပေါက်ဈေးနှင့် ကိုက်ညီသောနှုန်းထားဖြင့် ချပေးရန် အစီအစဉ် ရှိ/မရှိနှင့် သယ်ယူစရိတ်များ ချမှတ်ပေးရန် အစီအစဉ် ရှိ/မရှိ ရှိပါက မည်သည့်အချိန်တွင် ချမှတ်ပေးမည်ကို သိရှိလို ပါကြောင်း မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးစိုင်းအိုက်ပေါင်း၊ သစ်တောနှင့် သတ္တုဝန်ကြီး။** အားလုံးမင်္ဂလာပါ။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ဆုမွန်ကောင်း တောင်းအပ်ပါတယ်။

နမ္မတူမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂) ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဒေါ်နန်းခမ်းအေး မေးမြန်းတဲ့ မေးခွန်းနှင့် ပတ်သက်ပြီးတော့ ကျွန်တော် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် သစ်တော၊ သတ္တုဝန်ကြီး ဦးစိုင်းအိုက်ပေါင်းကနေဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။ သစ်တောနယ်မြေ (သို့မဟုတ်) အစိုးရစီမံခန့်ခွဲခွင့်ရှိသောမြေများကို သစ်တောများပျက်စီးပြုန်းတီးနေသော နေရာများနှင့် ရေဝေရေလဲ ဧရိယာများတွင် သစ်တောဦးစီးဌာန စီးပွားရေး စိုက်ခင်း၊ ရေဝေရေလဲ စိုက်ခင်း၊

အဲ့ဒါကြောင့် လိုအပ်တဲ့ ကျပ်(၂၀၀၀)ကို အောက်ခြေ ဝန်ထမ်းမှ စိုက်ထုတ်ပေးရမလို ဖြစ်နေပါတယ်။ ငွေတွေကိုလည်း လုပ်ငန်းခွင်အတွက် အချိန်မီ မချပေးတဲ့အပြင် ချပေးတဲ့ငွေတွေ ဟာလည်း လုံလောက်ခြင်း မရှိတဲ့အတွက်ကြောင့် လျာထား သတ်မှတ်ချက်တွေနဲ့ ကိုက်ညီအောင် မလိုက်နာလျှင် လိုက်နာရန် ပျက်ကွက် မှုကြောင့်လို့ ကြိမ်းမောင်းခံရနိုင်သလို အပြစ်ပေးခံရနိုင်တဲ့ အခြေအနေတွေလည်း ရှိပါတယ်။ နောက်ပြီးတော့ နမ္မတူ သစ်တောရုံးဟာ မြေပိုင်မရသေးဘဲ မြေမရှိငွေကျနေပြီးတော့ ဆောက်လုပ်နိုင်ခြင်းမရှိသေးတဲ့ မြေဂရန် ရရှိမှုနဲ့ သတလရုံးကနေ ကန့်ကွက်ခံထားရတဲ့ ရုံးဖြစ်နေပါတယ်။

၂၀၁၃ ခုနှစ် ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေကနေပြီးတော့ သစ်တောရုံးနှင့် ဝန်ထမ်းအိမ်ယာ(၂)ခန်းတဲ့ အတွက် သိန်း(၁၃၀) ကျော်သာ ချမှတ်ပေးခဲ့ပါတယ်။ ဝန်ထမ်းတွေကို အဂတိ လိုက်စားအောင် အကျင့်ပျက်အောင် ဥပဒေချိုးဖောက်ရန်အတွက် လိုအပ်တာတွေကို ပြီးပြည့်စုံအောင် မချပေးဘဲနဲ့ ကိစ္စရပ်တွေကို လုပ်ဆောင်ဖို့ တွန်းအားပေးနေသလို ဖြစ်နေပါတယ်။ စီးပွားရေး လုပ်ငန်းရှင်တွေကလည်း သူတို့ရဲ့ငွေတွေနှင့် ဝန်ထမ်းတွေကို အကျင့်ပျက်အောင် သိမ်းသွင်းပြီး အကျင့်ပျက်ဝန်ထမ်းတွေကို အသုံးချပြီး တစ်နည်းအားဖြင့် ဒေသတွင်း ပဋိပက္ခကို မီးမွှေးပေးသလို ဖြစ်နေပါတယ်။

ထို့ကြောင့် ဝန်ထမ်းတွေအတွက် ဝန်ထုပ်ဝန်ပိုး မဖြစ်စေရန် အတွက် မှားယွင်းစွာ ချမှတ်ထားနေတဲ့ မူတွေကို ပြင်ဆင်ဖို့ လိုအပ်နေပါတယ်။ အဂတိလိုက်စားဖို့ ဝန်ထမ်းတွေကို အရေးယူမယ် ဆိုလျှင် အကျင့်ပျက်အောင် တွန်းအားပေးနေသော အဲ့ဒီမူကို ချမှတ်ပေးသောသူကိုသာ ဦးတည်ဆောင်ရွက်သင့်တယ်လို့ ကျွန်မပြောကြားလိုပါတယ်။ ဒါကြောင့် ရှမ်းပြည်နယ်မှာ ရှိနေတဲ့





စက်မှုကုန်ကြမ်းစိုက်ခင်း၊ ကျေးရွာထင်းစိုက်ခင်းများ တည်ထောင်လျက်ရှိသည့်အနက် ရှမ်းပြည်နယ်တွင် အဓိက အားဖြင့် စီးပွားရေးစိုက်ခင်း ကျွန်း၊ ပျဉ်းကတိုး၊ ထင်းရှူးနှင့် ရေဝေရေလဲ စိုက်ခင်းများကို တည်ထောင်လျက်ရှိပါတယ်။

နိုင်ငံပိုင်သစ်တောစိုက်ခင်းများ တည်ထောင်ရန်အတွက် သစ်တောဦးစီးဌာနမှ ရန်ပုံငွေများ ခွဲဝေချထား ပေးလျက်ရှိပါတယ်။ ၎င်းခွဲဝေချထားပေးလျက်ရှိသော ရန်ပုံငွေတွင် မြေပြုပြင်ခြင်း၊ သစ်စေ့ဝယ်ယူခြင်း၊ ပျိုးထောင်ခြင်း၊ ဝယ်ယူခြင်း၊ စိုက်ပျိုးခြင်း၊ ဖာထေးခြင်း၊ ပေါင်းရှင်းခြင်းစတဲ့ ဆောင်ရွက်ရမည့် လုပ်ငန်းများ အတွက် ပါဝင်တဲ့အပြင် သစ်တောဦးစီးဌာန ဦးစီးရုံးချုပ်မှ သစ်ပင်များ ပျိုးထောင်ရန်အတွက် လိုအပ်သည့် ပလတ်စတစ် ပျိုးအိတ်၊ ရေပိုက်၊ အမိုးပိုက်များ ပံ့ပိုးဖြည့်ဆည်းပေးလျက်ရှိပါတယ်။

သစ်တောဦးစီးဌာနမှ နိုင်ငံပိုင်သစ်တော စိုက်ခင်းများ တည်ထောင်ရန်အတွက် ခွဲဝေချထားပေးသည့် ရန်ပုံငွေတွင် ပျိုးဥယျာဉ်နှင့် လုပ်သားများသယ်ယူပို့ဆောင်ရန်အတွက် ပါရှိပြီး ဖြစ်ပါတယ်။ ဒေသပေါက်ဈေးနှုန်းဖြင့် ကိုက်ညီစေရန်အတွက် ကုန်ကျစရိတ်ဈေးနှုန်းများနှင့်အညီ သစ်တောဦးစီးဌာနမှ နှစ်အလိုက် ရန်ပုံငွေများကို အောက်ပါအတိုင်း တိုးမြှင့်ခွဲဝေပေးလျက် ရှိပါတယ်။ ၂၀၁၀-၂၀၁၁ စီးပွားရေးစိုက်ခင်းမှာ-

(က) ကျွန်း(၁)ဧကကို ခွင့်ပြုချက်ငွေနှုန်းထားမှ ကျပ် (၆၇၅၀၀)။

(ခ) ပျဉ်းကတိုး (၁)ဧကအတွက် ခွင့်ပြုငွေ ကျပ် (၆၁၀၅၀)။။

(ဂ) ထင်းရှူးစိုက်ခင်းအတွက် (၁)ဧက နှုန်းမှာ (၆၆၇၅၀) ဖြစ်ပါတယ်။



D/real(wide) (2

ရေဝေ၊ ရေလဲစိုက်ခင်း (၁)ဧကအတွက် ကျပ်(၃၉၁၀၀)ဖြစ်ပါတယ်။ ၂၀၁၁-၂၀၁၂ စီးပွားရေးစိုက်ခင်း အတွက် နှုန်းတွေ တိုးတက်လာပါတယ်။ ကျွန်းဆိုလျှင် ၂၀၁၁-၂၀၁၂မှာ (၁)ဧကအတွက် ကျပ်(၈၃၆၅၀)ဖြစ်ပြီးတော့ ပျဉ်းကတိုးက ကျပ်(၇၇၂၅၀)ဖြစ်ပါတယ်။ ထင်းရှူးအတွက်ဆိုလျှင် (၁)ဧက ကျပ်(၈၂၆၅၀)ဖြစ်ပြီးတော့ ရေဝေ၊ ရေလဲ စိုက်ခင်းအတွက် (၁)ဧကကို ကျပ်(၅၀၁၅၀)ဖြစ်ပါတယ်။

၂၀၁၂-၂၀၁၃ကျတော့ စီးပွားရေးစိုက်ခင်းအတွက် ကျွန်း(၁)ဧကလျှင် ကျပ်(၁၀၁၃၈၀)ဖြစ်ပါတယ်။ ပျဉ်းကတိုးအတွက် (၁)ဧကကို ကျပ်(၉၃၂၀၀)ဖြစ်ပါတယ်။ ထင်းရှူးအတွက် (၁)ဧကကို ကျပ်(၁၀၀၁၈၀)ဖြစ်ပါတယ်။ ရေဝေ၊ ရေလဲ စိုက်ခင်းကတော့ ကျပ်(၆၀၆၈၀)ဖြစ်ပါတယ်။ အလားတူ ၂၀၁၃-၂၀၁၄ ကျတော့ ဈေးနှုန်းတွေ ပိုပြီးတက်လာပါတယ်။ စီးပွားရေးစိုက်ခင်းအတွက် ကျွန်း(၁)ဧကကို စိုက်မယ်ဆိုလျှင် နှုန်းက (၁၁၈၄၅၅)ကျပ်၊ ပျဉ်းကတိုး(၁)ဧကကို (၁၂၀၂၅၅)ကျပ်၊ ထင်းရှူး (၁)ဧကကို (၁၁၉၄၁၅)ကျပ် ရေဝေ၊ ရေလဲ စိုက်ခင်း(၁)ဧကအတွက် (၇၁၂၂၅)ကျပ် ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာနအနေဖြင့် ပြောင်းလဲလာသော အခြေအနေများနှင့်အညီ စိုက်ခင်းများ တည်ထောင်ခြင်းအတွက် ခွင့်ပြုနှုန်းထားများ တိုးမြှင့် ရရှိရေး အတွက် တင်ပြဆောင်ရွက်နေသည့်နည်းတူ တင်ပြထားတဲ့အတိုင်း ခွင့်ပြုရန်ပုံငွေများကိုလည်း တိုးမြှင့် ခွဲဝေချထားပေးလျက်ရှိကြောင်း ဖြေကြားပေးလျက်ရှိပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ဒေါ်နန်းခမ်းအေးက ဒုတိယမေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။





ကျောင်းတွေရှိနေသလို တိုးချဲ့ခန့်ထားပေးလိုက်တဲ့ဆရာမတွေဟာလည်း ဝေးလံခေါင်သီတဲ့ လမ်းပန်းဆက်သွယ်ရေး မကောင်းတဲ့ ကျေးရွာတွေမို့ မလာနိုင်ဘူး ဆိုပြီးငြင်းနေတဲ့ ဆရာမတွေလည်း ရှိနေပါတယ်။

ကျောင်းဆောင်တွေ ဆောက်ပေးနေဆိုပေမယ့် အချို့ကျောင်းတွေကို တိုးမြှင့်ပြီးတော့ အဆင့်သတ်မှတ်ပေးခြင်း မရှိတာတွေလည်း တွေ့နေရပါတယ်။ သင်ကြားမှုအပိုင်းနှင့် ပတ်သက်လို့ အချို့သော ဆရာ/ဆရာမ တွေက ဥပမာ-မန်ဆန်အစိုးရ အထက်တန်းကျောင်းမှာ ဆိုလျှင် ကျောင်းဆောင် မလုံလောက်တဲ့အတွက်ကြောင့် ဆရာမတစ်ယောက်ဟာ ကျောင်းသား(၈၀)ကို သင်ကြားရပါတယ်။ အဲ့ဒီဆရာမဟာ ကျောင်းသား(၈၀)ကို လွှမ်းမိုးပြီးသင်ကြားနိုင်ဖို့ စားပွဲပေါ်မှာ မတ်တပ်ရပ်ပြီး သင်ကြားနေရပါတယ်။

ထိုသို့ကြိုးစားနေသော ဆရာမတွေရှိသလို ကျေးလက်တောရွာမှာ ရောက်နေတဲ့ ဆရာမတွေဟာ ဆိုလျှင် သက်ဆိုင်ရာကလည်း လာရောက်စစ်ဆေးနိုင်လောက်အောင် အချိန်မပေးနိုင်တာလည်း ဒါမမဟုတ် အခြေအနေ အမျိုးမျိုးကြောင့်လား မသိဘူး။ အဲ့ဒီဆရာမဆိုလျှင် သင်ကြားမှုအပိုင်းမှာ တော်တော်အားနည်းနေပါတယ်။ အချို့ ကျောင်းတွေဟာ ဒုတိယတန်းရောက်တဲ့အထိ က၊ ခကိုကျေအောင် မသင်နိုင်တဲ့ အဆင့်ရှိနေပါတယ်။ သင်ယူမှုအပိုင်းနှင့် ပတ်သက်လို့ ပညာရေး တိုးမြှင့်ပေးမှုနှင့်အညီ လိုက်နိုင်ဖို့ ဉာဏ်ရည်မှီအောင် လိုက်နိုင်ဖို့ဟာ ကျောင်းသားများမှာ ကာယ၊ ဗလ၊ ဉာဏ၊ မိတ္တ၊ စိတ္တဆိုတဲ့ (၅)တန်နှင့် ပြည့်ဝဖို့ လိုအပ်နေပါတယ်။

အဲ့ဒီအချက်တွေနှင့် ပြည့်စုံဖို့က ကျောင်းသားများလှုပ်ရှားမှု အထူးသဖြင့် အားကစားက မရှိမဖြစ် လိုအပ်နေပါတယ်။ အဲဒီလို

ကျောင်းအားကစားကွင်းကို ပြုလုပ်ပေးဖို့ လိုအပ်နေသလို ကစားကွင်းလုပ်ပေးပြီးလျှင်လည်း လိုအပ်တဲ့ ကာယဆရာ၊ ဆရာမနှင့် အားကစားအထောက်အကူပြုပစ္စည်းများ ချမှတ်ပေးဖို့ ဘတ်ဂျတ်ကိုပါတစ်ခါတည်း တိုးမြှင့်ချထားပေးဖို့ လိုအပ်နေပါတယ်။ ဒါမှသာ ကျောင်းသားများဟာ စည်းစနစ်ကျစွာနှင့် နိုင်ငံတစ်ကာမှာ မျက်နှာပန်းလှအောင် ယှဉ်ပြိုင်နိုင်မှာဖြစ်ပါတယ်။ အားကစားစိတ်ဓါတ်များ ရှိအောင်လည်း မွေးမြူနိုင်မှာ ဖြစ်ပါတယ်။

ယခုကျွန်မတို့နိုင်ငံဟာ ကျောင်းသားများကို အားကစားနှင့် ပတ်သက်ပြီး အလေးထားဆောင်ရွက်မှု အားနည်းခြင်းကြောင့် ကျောင်းသားများဟာ လမ်းလွဲလိုက်ပြီး ဆေးလိပ်၊ မူးယစ်ဆေးဝါး တွေနှင့် ပျက်စီးနေတဲ့ လမ်းကြောင်းပေါ် ရောက်နေတာကို တွေ့ရှိရပါတယ်။ ထို့ပြင် အားကစားစိတ်ဓါတ် အပြည့်အဝ မရှိခြင်းကြောင့် အားကစားစိတ်ဓါတ် မရင့်သန်ခြင်းကြောင့် ကမ္ဘာအလယ်မှာ အရှက်ကွဲခဲ့တာတွေလည်း ရှိနေပါတယ်။

သို့ဖြစ်ပါ၍ သင်ကြားမှုအပိုင်းမှာ ဖြည့်ဆည်းပေးဖို့ လိုအပ်သလို ကျောင်းသားတိုင်း၊ ကျောင်းတွေတိုင်းမှာ အားကစားကွင်းတွေ တစ်ပြိုင်တည်းစွမ်းဆောင်နိုင်ဖို့ တောင်းဆိုချင်ပေမယ့် ရှမ်းပြည်နယ်ဘတ်ဂျတ်အနေနဲ့ အစည်းအဝေးတောင် အပြေးအလွှား လုပ်နေရတဲ့ အချိန်ဆိုတော့ ဖြစ်နိုင်မယ်ဆိုလျှင် မြေရှိတဲ့ကျောင်းတွေမှာ ရှမ်းပြည်နယ် အထကခွဲနှင့် အထကအဆင့်ရှိတဲ့ကျောင်းတွေမှာ ကာယဗလ ငါးတန်နှင့် ပြည့်စုံရန်အတွက် ကျောင်းအားကစား ကွင်းများ ပြုလုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် မည်သည့်အချိန် မည်သည့်အချိန်ကာလတွင် မည်သည့်ပုံစံဖြင့် ဆောင်ရွက်ပေး နိုင်မည်နှင့် မည်သည့်ဘဏ္ဍာငွေဖြင့် အသုံးပြုမည်ကို သိရှိလို ပါကြောင်း မေးမြန်းအပ်ပါတယ်။



D/real(wide) (2



**ဒေါ်နန်းခမ်းအေး၊ နမ့်တူမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးရှင့်။ ဆက်လက်ပြီး ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်ရဲ့ သတ္တမပုံမှန် အစည်းအဝေး မှာ ဒုတိယ မေးခွန်းကို ကျွန်မမေးမြန်းမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်ရှိ အထကခွဲနှင့် အထကအဆင့်ရှိ ကျောင်းများ မှာ ကျောင်းသားများ ကာယဗလငါးတန် ဆိုတဲ့နေရာမှာ ကာယ၊ ဗလ၊ ဉာဏ၊ မိတ္တ ၊ စိတ္တ၊ အဲ့ဒီငါးတန်ကို ဆိုလိုခြင်းဖြစ်ကြောင်း ဦးစွာ ပြောကြားလိုပါတယ်ရှင်။ ကျွန်မတို့နိုင်ငံရဲ့ ပညာရေးစနစ်ဟာ အနာဂတ်ပညာရေးစနစ်ဖြင့် အံ့ဝင်ခွင်ကျဖြစ်အောင် ဘက်ပေါင်းစုံမှ အကောင်အထည်ဖော်နိုင်ဖို့ ကြိုးစားဆောင်ရွက်နေတာကို အားလုံးသတိပြုမိကြမှာပါ။ ပညာရေးရလဒ်ကို ကြိုတင် မခန့်မှန်း နိုင်ပါသော်လည်း နိုင်ငံတစ်ခုရဲ့ စနစ်တခုသို့ အပြောင်းမှာ ကျောင်းသားတွေ အစမ်းသပ်ခံမဖြစ်ဖို့က ပိုပြီးအရေးကြီးနေပါတယ်။

ကျွန်မတို့နိုင်ငံရဲ့ ပညာရေးကို နိုင်ငံတကာတွေက ကူညီပံ့ပိုးနေတာလည်း တွေ့နေရပါတယ်။ ပညာရေးရဲ့ လိုအပ်ချက်တွေဖြစ်တဲ့ ကျောင်းဆောင်များတိုးချဲ့ တည်ဆောက် ပေးခြင်း၊ ဆရာ/ဆရာမများ တိုးချဲ့ခန့်ထားပေးခြင်း၊ သင်ရိုးညွှန်းတမ်းများကိုလည်း ဆော့ဖ်ဝဲဖြင့် အွန်လိုင်းသင်ယူမှု စနစ်ထိ ဆက်စပ်နိုင်တဲ့ စနစ်ဖြစ်အောင် ကြိုးစား နေသလို၊ ကျောင်းတွေမှာ ကွန်ပျူတာများ တပ်ဆင်ပေးခြင်း စသည်ဖြင့် ဒီနှစ်မှာပညာရေးနှင့် ပတ်သက်တဲ့ တိုးမြှင့်လုပ်ဆောင်မှုတွေကို မြင်နေရမှာပါ။

သင်ကြားမှု၊ သင်ယူမှုအပိုင်းနှင့် ပတ်သက်ပြီး သင်ကြားမှုအပိုင်းမှာ ဆရာ/ဆရာမတွေကို တိုးမြှင့်ပြီး ခန့်ထားပေးနေပါတယ်။ ဒါပေမဲ့ ကျောင်းဖွင့်ချိန်အမှီ ဆရာ/ဆရာမများ မလာနိုင်တဲ့အတွက်ကြောင့် ကျောင်းဖွင့် ပြီး(၁)လကြာတဲ့ အချိန်ထိ ကျောင်းတွေဖွင့်လှစ်သင်ကြားပေးနိုင်တဲ့

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နမ္မတူမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါ်နန်းခမ်းအေး၏ ရှမ်းပြည်နယ်အတွင်းရှိ အထကခွဲနှင့် အထကအဆင့်ရှိ ကျောင်းများတွင် ကျောင်းသားများ ကာယဗလငါတန်နှင့် ပြည့်စုံရန်အတွက် အားကစားကွင်းများ ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ ရှိပါက မည်သည့် အချိန်၊ မည်သည့်ပုံစံဖြင့် ဆောင်ရွက်ပေးနိုင်မည်နှင့် မည်သည့် ဘဏ္ဍာငွေဖြင့် အသုံးပြုနိုင်မည်ဟူသော မေးခွန်းဖြင့် စပ်လျဉ်း၍ ရှမ်းပြည်နယ်အတွင်း အထက်တန်းကျောင်းခွဲ (၉၀)ကျောင်းနှင့် အထက်တန်းကျောင်းပေါင်း (၁၉၈)ကျောင်း ရှိပါတယ်။

အားကစားကွင်းရှိသည့် အထက်တန်းကျောင်းခွဲပေါင်း (၁၅)ကျောင်းနှင့် အထက်တန်းကျောင်း (၅၀)ကျောင်း ရှိပါတယ်။ အားကစားကွင်းများကို မိမိအစီအစဉ်ဖြင့် မိဘဆရာအသင်း၊ အကျိုးဆောင်အဖွဲ့ များနှင့် ညှိနှိုင်း၍ဆောင်ရွက်ရမှာဖြစ်ပါတယ်။ အားကစား၊ စာရေးကိရိယာ၊ စာကြည့်တိုက်၊ အားကစား **ASL** လို့ခေါ်တဲ့ **Adstrative Station Libary** ရန်ပုံငွေမှ အားကစားအတွက် ခွဲဝေငွေဖြင့်လည်းကောင်း၊ မိဘဆရာ အသင်းအဖွဲ့ **PTA Parents Teacher Association** ရန်ပုံငွေတွင် အဆောက်အဦ၊ ပရိဘောဂဖွံ့ဖြိုးရေး အားကစား၊ စာကြည့်တိုက် ခေါင်းစဉ်များအနက် အားကစားအတွက် ခွဲဝေပေးငွေမှ လည်းကောင်း၊ အလှူရှင်များမှ ပံ့ပိုးကူညီသော အလှူငွေဖြင့် လည်းကောင်း၊ ဆောင်ရွက်နိုင်ပါတယ်။



D/real(wide) (2



ကျွန်မတို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တွေဟာ မည်သည့်အထိမ်းအမှတ် တံဆိပ်မှ မရှိတဲ့ အတွက် အခမ်းအနား (သို့မဟုတ်) အစည်းအဝေးတွေ သွားတက်တဲ့ အချိန်မှာ လွှတ်တော်ကိုယ်စားလှယ်တွေ ကြွပါခင်ဗျာ လို့ဖိတ်ခေါ်တဲ့အခါ တက်ရောက်လာတဲ့သူတွေဟာ သူနိုးနိုး၊ ငါနိုးနိုးနှင့် လှည့်ပြီး ရှာနေတာလည်း တွေ့ရှိရပါတယ်။ တစ်ခါတစ်လေ ဝတ်စုံဖြင့် တက်ရောက်ပါရန်ဆိုပြီး အဖိတ်ခံရတာလည်း ရှိပါတယ်။ ကျွန်မတို့ လွှတ်တော်ကိုယ်စားလှယ်တွေဟာ ဘယ်လိုဝတ်စုံတွေနှင့် လွှတ်တော်ကိုတက်နေတာကို မသိတဲ့ ဝန်ထမ်းတွေဘဝကိုလည်း သနားမိ ပါတယ်။

ဒါမမဟုတ် တကယ်တော့ ဝတ်စုံမဝတ်ဘဲနှင့် အစည်းအဝေးတက်နေတဲ့ ကိုယ်စားလှယ်တွေများ ရှိနေမလားဆိုပြီး ကျွန်မတွေးမိပါတယ်။ ကျွန်မတို့ လူမှုရေးအသင်းဖြစ်တဲ့ မိခင်နှင့်ကလေး၊ ဓမ္မစကြာအသင်း၊ အရန်မီးသတ်စတဲ့ အဖွဲ့တွေတောင်မှ သူတို့နှင့် သက်ဆိုင်တဲ့ အမှတ်တံဆိပ်အသီးသီး ရှိနေပါတယ်။ ကျွန်မတို့ အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်တွေကလည်း သူတို့နဲ့သက်ဆိုင်တဲ့ လွှတ်တော်ရဲ့ အမှတ်တံဆိပ်တွေ ရှိနေကြပါပြီ။ အကယ်၍ ဖြေကြားမယ့်သူအနေနှင့် အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်မှာ စပွန်ဆာ ရှိလို့ပေးရတာပါ ဆိုလျှင် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုတောင်းခံငွေမှာ ဘာဖြစ်လို့ လွှတ်တော် အတွက် ဖြည့်စွက်ရန်ပုံငွေဆိုပြီး မတောင်းခံရပါသလဲလို့ ဒီတံဆိပ်အတွက် လိုအပ်တဲ့ငွေဆိုပြီး မေးမြန်းရမလို ဖြစ်နေပါတယ်။

ကျွန်မတို့ ပြည်နယ်လွှတ်တော် အနေနဲ့ လွှတ်တော်ရုံး တံဆိပ်၊ စာအမှတ်၊ **Letter Head** လွှတ်တော် ကိုယ်စားလှယ်တွေနဲ့ သက်ဆိုင်တဲ့ ရင်ထိုးတံဆိပ် လွှတ်တော်

လာမည့်ပညာသင်နှစ် ၂၀၁၄-၂၀၁၅ ခုနှစ်မှစ၍ ပြည်နယ်နှင့် တိုင်းဒေသကြီး ရှိရာမြို့တော်များ၌ သုံးထပ် စာသင်ဆောင်(၁)ဆောင် ဆောက်လုပ်သွားရန်နှင့် အားကစားကွင်း၊ အားကစားရုံများ တည်ဆောက်သွားရန် ပညာရေးဝန်ကြီးဌာနမှ စီစဉ်ဆောင်ရွက်လျက် ရှိပါကြောင်း ဖြေကြားအပ်ပါတယ်။ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ဒေါ်နန်းခမ်းအေးက တတိယမေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်နန်းခမ်းအေး၊ နမ့်တူမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော် ကိုယ်စားလှယ်များရှင်။

ကျွန်မ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအတွက် ပြည်နယ်လွှတ်တော် အထိမ်းအမှတ် တံဆိပ်များ လုပ်ပေးရန် အစီအစဉ် ရှိ/မရှိဆိုတဲ့ မေးခွန်းကိုမေးမြန်းသွားမှာ ဖြစ်ပါတယ်။ ကျွန်မ ဒီမေးခွန်းကို မမေးမြန်းရင် ဒီမေးခွန်းကို ဖတ်မိတဲ့ လူတွေက အစ်မကလည်း ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က (၃)နှစ်တောင် ပြည့်တော့မယ် အထိမ်းအမှတ်တံဆိပ်တောင် မရှိသေးဘူးလားတဲ့။

အကယ်၍ ပြည်နယ်လွှတ်တော်က ဖြေကြားမည့်သူတွေက အစီအစဉ်မရှိပါဘူးဆို အစ်မဘာယ်လိုလုပ်မလဲဟု ကျွန်မကို မေးမြန်းသွားပါတယ်။ ကျွန်မ မမေးရင်မှာ ကျွန်မအမေးခံ ခဲ့ရပါတယ်။ ကျွန်မတို့ ပြည်သူတွေရဲ့ ဆန္ဒမဲပေးလို့သာ ကိုယ်စားလှယ်ဆိုတဲ့ဘဝကို ပိုင်ဆိုင်ထားတာကို တွေးရင်း ကျွန်မသဘောကျမိပါတယ်။ ပြည်နယ်ကို ကိုယ်စားပြုထားတဲ့ ကျွန်မတို့နိုင်ငံတော်ရဲ့ တည်ဆောက်မှုမှာ ဥပဒေပြုရေးမှာ ပါဝင်တဲ့ လွှတ်တော် ကိုယ်စားလှယ်တွေ အနေနဲ့ အထိမ်းအမှတ် တံဆိပ်တွေ မရှိနိုင်သေးတာ တွေးရင်းလည်း ကျွန်မသဘောကျ မိပါတယ်။





ရင်ထိုး တံဆိပ်ကအစ ကားတွေမှာ ကိုယ်စားလှယ် တွေရဲ့ တပ်ဆင်ဖို့တံဆိပ်အဆုံး တညီတညွတ်တည်း သတ်မှတ်ပေးပြီး တရားဝင်အသုံးပြုဖို့ လိုအပ်နေပါတယ်။ ဒါကြောင့် ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ်တွေအတွက် ပြည်နယ်လွှတ်တော် အထိမ်းအမှတ် တံဆိပ်များ လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါကြောင်း မေးမြန်းအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းခမ်းမှတ်၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ။**

လေးစားအပ်ပါသော ရှမ်းပြည်နယ် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် သတ္တမပုံမှန် အစည်းအဝေး တက်ရောက်လာတဲ့ ဧည့်သည်တော်များ စိတ်၏ကျန်းမာခြင်း၊ ကိုယ်၏ ချမ်းသာခြင်းနှင့် ပြည့်စုံ ကြပါစေလို့ ပဏာမ မေတ္တာပို့သ ဆုတောင်းဂါရဝ ပြုအပ်ပါတယ်။

ကျွန်တော်ကတော့ ရှမ်းပြည်နယ်လွှတ်တော်အတွက် ကိုယ်စားပြုပြီး နမ့်တူမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂) မှ ဒေါ်နန်းခမ်းအေး မေးမြန်းခဲ့တဲ့ ရှမ်းပြည်နယ် လွှတ်တော် ကိုယ်စားလှယ်များအတွက် ပြည်နယ်လွှတ်တော် အထိမ်းအမှတ် တံဆိပ်များလုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းပြီး ဖြေကြားသွားမှာ ဖြစ်ပါတယ်။ မေးမြန်းတဲ့ ပုဂ္ဂိုလ်ကလည်း ကျွန်တော်ဖြေမယ့် အဖြေကို ကြိုတင်ဖြေပြီးသလို ဖြစ်နေပါတယ်။ ကျွန်တော်ဘာဖြေရမှန်းတောင် မသိတော့ပါဘူး။

ကျွန်တော်တတ်နိုင်သလောက်တော့ ဖြေကြားသွားပါ့မယ်။

ကျွန်တော်တို့ ကြန့်ကြာနေရတဲ့ ကိစ္စကတော့ လုပ်ပေးရမယ့် တာဝန်ရှိပါတယ်။ ဒါပေမဲ့ ကြည့်လို့တင့်တယ်အောင် စဉ်းစားနေတာနဲ့ ကြာနေပါတယ်။ ဘာကြောင့်လဲဆိုလျှင် အမြင်မတော်ဆင်တော်နှင့်ခလောက်၊ လုပ်ပေးသည့် အထိမ်းအမှတ်တံဆိပ်သည် ပြည်နယ်လွှတ်တော်နှင့် မတန်ဘူးဆိုလျှင် ကျွန်တော်တို့မှာ အင်မတန်မှ သိက္ခာကျပါတယ်။ အများကြီး အဆင့်မြင့်အောင် လုပ်ပေးမယ်ဆိုလျှင်လည်း ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းသွားတဲ့အတိုင်း လွှတ်တော်ရဲ့ဘတ်ဂျက်ဟာ အခုနှစ်မှသာလျှင် သတ်သတ်ခွဲဝေပေးပါတယ်။

အရင်ကတော့ လွှတ်တော်ရဲ့ဘတ်ဂျတ်ဟာ စုပေါင်းပြီး သုံးနေရတဲ့အတွက် စဉ်းစားဖို့နောက်ကျရခြင်း ဖြစ်ပါတယ်။ ဒါကြောင့်မို့ တင့်တယ်အောင်ဆိုပြီးတော့ နောင်လာမယ့်အချိန်မှာ သင့်တော်တဲ့အချိန်မှာ ဆောင်ရွက်ပေး ပါ့မယ်။ ဆောင်ရွက်ချင်တဲ့ ကိစ္စတော့ ကျွန်တော်ဆက်လက်ပြီးတော့ သည်းခံပြီး စောင့်ဆိုင်းနားထောင် စေချင်ပါတယ်။ ကျွန်တော်က အရင်တုံးက ဆိုလျှင် မတ်တပ်ရပ်ပြီးရှင်းမယ်ဆိုလျှင် အင်မတန်မှ ကြောက်ပါတယ်။ အခုကျွန်တော် ကျန်းမာရေး ကောင်းလာတဲ့ အတွက်ကြောင့် နည်းနည်းတိုးပြီးတော့ ရှင်းလင်းပေးချင်ပါတယ်။

တစ်နည်းအားဖြင့် ဘတ်ဂျက်နည်းတယ် များတယ်ဆိုတာ ကျွန်တော်တို့ လွှတ်တော်အတွက်အများအပြစ် မြင်တာကတော့ ရုံးအဖွဲ့နှင့် လွှတ်တော်ဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌပဲ ဒါပေမဲ့ လွှတ်တော်ဘတ်ဂျတ် အပြည့်အစုံ များစွာရနိုင် ဖို့ဆိုလျှင် တက်ရောက်လာတဲ့ လွှတ်တော်ကိုယ်စားလှယ်များမှာလည်း တာဝန်ရှိတယ်လို့ ကျွန်တော်ထင်မိပါတယ်။ မှားရင်လည်း ခွင့်လွှတ်ပါ။ မဲဆန္ဒနယ်များနှင့် သွားရောက်တွေ့ဆုံတဲ့အခါ ကိုယ်ပျောက်လွှတ်တော်ဆိုတာ ကြားနေရပါတယ်။



D/real(wide) (2



လွှတ်တော်မှ ဘတ်ဂျတ်တွေများဖို့ ခုနကလိုမျိုး လွှတ်တော်နှင့် ပတ်သက်တဲ့ လွှတ်တော်ကိုယ်စားလှယ်နဲ့ ပတ်သက်တဲ့ စပွန်ဆာတွေရှိလျှင်လည်း စည်းရုံးပေးကြပါလို့ လွှတ်တော်ကိုယ်စားလှယ်များကို တောင်းဆိုပါတယ်။ ဒါမှသာလျှင် ကျွန်တော်တို့လွှတ်တော် အားတောင့်ဖို့ဆိုတာ လွှတ်တော်ကိုယ်စားလှယ်တွေဆီမှာ ရှိသလို ပြည်သူတွေဆီကလည်း အားလိုပါတယ်။

ဒါကြောင့်မို့ လွှတ်တော်အားကောင်းရန်အတွက် လွှတ်တော်ကိုယ်စားလှယ်များ ဝိုင်းဝန်းပါဝင်ပြီးတော့ နောင်သင့်တော်တဲ့အချိန်မှာ လွှတ်တော်ကိုယ်စားလှယ်များနှင့် သင့်တော်တဲ့ လွှတ်တော်ကိုယ်စားလှယ် အထိမ်းအမှတ်တံဆိပ်ကို လုပ်ပေးရန် အစီအစဉ်ရှိပါကြောင်း လေးစားစွာနှင့် ဖြေကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ဒုဥက္ကဋ္ဌပြန်လည်ဖြေကြား သွားသလို ကျွန်တော်တို့ ပြည်ထောင်စုလွှတ်တော်မှာကတော့ ရှမ်းပြည်နယ်လွှတ်တော်ထဲက အမျိုးသားလွှတ်တော် ကိုယ်စားလှယ် တစ်ဦးက စပွန်ဆာလုပ်ပြီးတော့ အဆင့်မြင့်သော ရင်ထိုးတံဆိပ်ကို ဂျပန်ပြည်မှာ မှာပြီးတော့ လှူဒါန်းတာ သိရှိရပါတယ်။

ထို့အတူ ကျွန်တော်တို့ ရှမ်းပြည်နယ်လွှတ်တော် အနေနဲ့လည်းပဲ အဲ့လောက်မြင့်မားတဲ့ အဆင့်ထိ မဟုတ်တောင်မှ လွှတ်တော်နှင့် ထိုက်သင့်တဲ့တံဆိပ် လွှတ်တော်နှင့် ဆီလျော်မည့် အနေအထား ဥပမာအားဖြင့် လေးထောင့်လား၊ အဝိုင်းလား၊ ဘဲဥပုံလား စသည်အားဖြင့် ကျွန်တော်တို့ စဉ်းစားနေပါတယ်။ ဒါကြောင့်မို့ လွှတ်တော်ကိုယ်စားလှယ်များအနေနှင့် ဒီကဏ္ဍနှင့် စပ်လျဉ်းပြီး ပညာရှင်များ၊ တတ်ကျွမ်းသူများ ပါမယ်ဆိုလျှင်

ကျွန်တော်တို့နှင့် လာညှိနှိုင်းပြီးတော့ လိုအပ်တဲ့ တံဆိပ်ကို လာမည့်လွှတ်တော်မတိုင်ခင် ဆောင်ရွက်ပေးမယ်ဆိုတဲ့ အကြောင်း ဖြည့်စွက်ပြီး ပြောကြားလိုပါတယ်။

မေးခွန်းအမှတ်စဉ် (၄)ကတော့ သက်ဆိုင်ရာ ဝန်ကြီးက တာဝန်နှင့် ခရီးထွက်တဲ့အတွက် အခု ဒေါ်နန်းခမ်းအေးက မေးခွန်းအမှတ်စဉ် (၅)ကို မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်နန်းခမ်းအေး၊ နမ့်တူမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)။** လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များရှင် အခုကျွန်မရဲ့ မေးခွန်း နံပါတ်(၅)မှာ ဆိုလို့ရှိရင် ကျွန်မမေးထားတဲ့ မေးခွန်းတွေက ရုံးပိုင်မြေမရှိဘဲ အငှားမြေဖြင့် ရုံးဖွင့်နေရပါသော ဥပဒေရုံး၊ စီမံကိန်းရုံးများကို မြေများချမှတ်ပေး ပြီး ရုံးဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ ဒါကတစ်ချက်ဆိုပြီးတော့ ကျွန်မအချက် (၇)ချက် ခွဲခြားထားပါတယ်။

အဲ့ဒါကြောင့် ဒီမေးခွန်းကို ကျွန်မမေးဖို့ဆိုလျှင် နည်းနည်းအချိန်ယူရမှာ ဖြစ်ပါတယ်။ ကျွန်မတို့ ကိုယ်စားလှယ် တစ်ယောက်ဆိုတာ ပြည်သူတစ်ယောက်တည်းရဲ့ အသံကို နားထောင်တာမဟုတ်ဘဲ ပြည်သူအားလုံးရဲ့ အသံကို နားထောင်ပြီးတော့ လွှတ်တော်ကိုလာရောက်ခြင်းဖြစ်ပါတယ်။ အခုဖြစ်နေတာက ပြည်သူတွေရဲ့ အသံကို လွှတ်တော်မှာ ကောင်းကောင်းကြီး တင်ပြနိုင်ခြင်း မရှိသလို ပြည်သူရဲ့ ဆန္ဒကိုဖွင့်ဟနိုင် ခြင်းမရှိဘဲ ပြည်သူရဲ့ လိုအပ်ချက်ကို ပြည့်စုံအောင် ဖြည့်စွမ်းနိုင်ခြင်း မရှိဘဲ ပြည်သူလိုအပ်ချက် လွှတ်တော်က ပယ်ဖျက်လို့တောင် ဆိုရမလိုဖြစ်နေပါတယ်။



D/real(wide) (2



မဲဆန္ဒနယ်ရှင်တွေ မဲပေးပြီးတော့ မဲအောင်ပြီးနောက်ပိုင်းမှာ မဲဆန္ဒရှင်တွေက ကိုယ့်ကိုယ်စားလှယ် ဘယ်သူမှန်း မသိတော့ဘူး။ အဲ့ဒါကြောင့် ကိုယ်ပျောက်မဖြစ်အောင် ကျွန်တော်ရောက်တဲ့ နေရာတိုင်းမှာ လွှတ်တော်ကိုယ်စားလှယ်က တစ်ယောက်တည်း မဲဆန္ဒရှင်တွေက အများကြီး ဒါကြောင့်မို့ လွှတ်တော်ကိုယ်စား လှယ် မလာနိုင်ရင်တောင် မဲဆန္ဒရှင်တွေအနေနှင့် အဲဒီလွှတ်တော် ကိုယ်စားလှယ်ဆီ သွားပြီးတော့ မိမိလိုအပ်ချက်ကို တောင်းဆိုပါ အမြဲတမ်းပြောပါတယ်။

ဒါပေမယ့် မဲဆန္ဒရှင်တွေက ခုနလိုမျိုး လွှတ်တော် တံဆိပ်မရှိတဲ့အတွက် ကိုယ့်လွှတ်တော် ကိုယ်စားလှယ် ဘယ်သူမှန်း မသိကြပါဘူး။ အဲ့ဒါတွေလည်း ပါပါတယ် လုပ်ချင်တဲ့ဆန္ဒ။ ဒါကြောင့် မဲဆန္ဒရှင်များလည်း သိရှိအောင် လွှတ်တော်ဆန္ဒ၊ လွှတ်တော်ရဲ့ ဘတ်ဂျက်များတာကိုလည်း လွှတ်တော်ကိုယ်စားလှယ် အားလုံးက ဝိုင်းဝန်းပံ့ပိုးပြီးတော့ လွှတ်တော်အတွင်းမှာ ဆွေးနွေးစေချင်ပါတယ်။

ခုနပြောတော့ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စု လွှတ်တော်က စပွန်ဆာရှိလို့ ကျွန်တော်တို့ လွှတ်တော်ရဲ့ အဓိကတာဝန်က ဘာလဲဆိုလျှင် ဥပဒေပြုဖို့ ဖြစ်ပါတယ်။ ဥပဒေပြုတဲ့နေရာမှာ အကိုးအကား မရှိလို့မရဘူး။ ကျွန်တော်ဥပမာ အနေနှင့် ကျွန်တော်တို့ လွှတ်တော်မှာ ဥပဒေ စာကြည့်တိုက် ဖွင့်ဖို့ကြိုးစားပါတယ်။ အဲ့မှာ ကြိုးစားရင်းနဲ့ပဲ အချိန်ကုန်သွားပါတယ်။ ဒီနေရာမှာ ရှမ်းပြည်နယ်အစိုးရ သတ္တုနှင့်သစ်တော ဝန်ကြီးက စည်းရုံးပေးလို့ ကျွန်တော်တို့ ရှမ်းပြည်နယ်လွှတ်တော် အတွက် စာကြည့်တိုက်ဆိုပြီးတော့ ကလောမြို့နယ် ကုမ္ပဏီ တစ်ခုကနေ အလှူငွေသိန်း(၅၀)လှူဒါန်းပါတယ်။

အဲ့ဒါနဲ့ လွှတ်တော်အတွက် မရှိမဖြစ်တဲ့ ဥပဒေ စာကြည့်တိုက်ကို ဖွင့်လှစ်ဖို့ ကြိုးစားနေပါတယ်။ ထို့နည်းတူ

ကျွန်မမေးမယ့်မေးခွန်းက ရုံးဝန်ထမ်းများရဲ့ တင်ပြမှုကြောင့်မဟုတ်ဘဲ လွှတ်တော်ကိုယ်စားလှယ် တစ်ယောက် တင်ပြမှု အနေနဲ့သာ ကျွန်မတင်ပြမှာ ဖြစ်ကြောင်းဦးစွာ တင်ပြလိုပါတယ်။ ဘာဖြစ်လို့လဲဆိုလျှင် ဒီမေးခွန်းအတွက် ရုံးတွေကို ကွင်းဆင်းပြီးလေ့လာကြည့်တဲ့အချိန်မှာ တချို့သော ဝန်ထမ်းတွေက ဒီမေးခွန်းတွေကြောင့် သူတို့ကိုသက်ဆိုင်ရာ အကြီးအကဲတွေက ငြိုငြင်နေမလား၊ သူတို့များထိခိုက်လေမလား ဆိုပြီး ကြောက်ရွံ့နေကြလို့ပါပဲ၊ ဒါကိုကြည့်ခြင်းအားဖြင့် တစ်ချို့သော ဝန်ထမ်းများရဲ့ မပြောင်းလဲသေးသော အခြေအနေကို မှန်းဆသိရှိနိုင်ပါတယ်။

ရှမ်းပြည်နယ်အတွင်းမှာရှိတဲ့ ဌာနဆိုင်ရာ ရုံးများစွာ ရှိတဲ့အနက် ကျွန်မတို့ နမ္မတူရုံးဟာ မိမိတို့ဌာနဂုဏ်ကို မဆိုထားနှင့် ဝန်ထမ်းရဲ့ဂုဏ်ကိုတောင် ဖော်ဆောင်နိုင်ခြင်း မရှိပါဘူး။ ပြီးတော့ သက်ဆိုင်ရာ ဝန်ကြီးဌာန အသီးသီးက ဝန်ကြီးများကလည်း လာရောက် ကြည့်ရှုလေ့လာနိုင်ခြင်း မရှိသေးတဲ့ မြို့တစ်မြို့ ဖြစ်ပါတယ်။ ဒါပေမဲ့ သတ္တုထွက်ရာ နမ္မတူဘော်တွင်းဒေသ အဖြစ် သမိုင်းတွင်ခဲ့ပါတဲ့ နမ္မတူရုံးများရဲ့ အခြေအနေကို ကျွန်မ အနည်းငယ်ပြောပြချင်ပါတယ်။

ကျွန်မတို့ နမ္မတူမှာဆိုလျှင် နမ္မတူရပ်ကွက်နှင့် ပန်ဟိုက်ရပ်ကွက်ဆိုပြီး နမ္မတူချောင်းခြားထားတဲ့ ရပ်ကွက် (၂)ခု သတ်မှတ်ထားပါတယ်။ အဲ့ဒီမှာ ရှိနေတဲ့ ရုံးတွေဟာဆိုလျှင် (၁) ကိုယ်ပိုင်ရုံးများ ရှိပါတယ်။ ဒါပေမဲ့ အဲ့ဒီ ကိုယ်ပိုင်ရုံးများမှာ လျှပ်စစ်နှင့် အခွန်ရုံးများမှလွဲပြီး ကျန်တဲ့ရုံးတွေဟာ ပြည်သူပိုင် သိမ်းထားတဲ့ နိုင်ငံခြား အပြီးပြန်သွားတဲ့သူများတွေဆီက သိမ်းထားတဲ့ အိမ်အို၊ အိမ်ဟောင်းအဆင့်တွေသာ ရှိနေပါတယ်။ (၂) တချို့ရုံးတွေဟာ မြေပေးမိန့်ရရှိပြီးသော်လည်း မြေဂရန်ထုတ်ရန်



D/real(wide) (2



ကန့်ကွက်ထားတဲ့အတွက်ကြောင့် နမ္မတူမှာရှိနေတဲ့ မြေတွေဟာ သတ္တုတွင်းကနေ ကန့်ကွက်ထားခြင်းကြောင့် လစဉ်အစည်းအဝေး တွေတိုင်းမှာ ဝန်ထမ်းတွေအချင်းချင်း သူပိုင်ကိုယ်ပိုင်ဆိုပြီး ထိုမြေတွေကို အကြိတ်အနယ် ငြင်းခုံနေကြတာကိုလည်း တွေ့ရှိရပါတယ်။

ဒါကြောင့် သက်ဆိုင်ရာ ဝန်ကြီးဌာနအချင်းချင်းကနေ ဝန်ထမ်းများအဆင်ပြေစေရန်အတွက် အမြန်ဆုံး တွေ့ဆုံဆွေးနွေး၊ ဆောင်ရွက်၊ အဖြေရှာသင့်ကြောင်း ကျွန်မတင်ပြလိုပါတယ်။ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ရှမ်းပြည်နယ် အတွင်းမှာရှိတဲ့ တစ်ချို့မြို့များဆီကို လှည့်လှည်ကြည့်ရှု့ လမ်းညွှန်မှာကြားသည် များကို ကြည့်ပြီး မုဒိတာပွားမိသလို နမ္မတူကိုလာရောက်ခြင်း မရှိတဲ့အတွက်ကြောင့် စိတ်မကောင်းဖြစ်မိပါတယ်။ ဒါပေမယ့် စီမံကိန်းများ မရှိလို့ကြောင့်ဘဲ မရောက်လာနိုင်ခြင်းလားလို့ ကျွန်မစဉ်းစားနေမိပါတယ်။

ကျွန်မတို့ နမ္မတူမြို့ဟာ တောင်တက်တောင်ဆင်းနှင့် မြေပြန့်လုံးဝမရှိတဲ့ မြို့ဖြစ်ပါတယ်။ ဝန်ထမ်းတွေဟာ တစ်ရုံးနှင့် တစ်ရုံးသွားလာဖို့ အတွက်ကလည်း ယာဉ်တွေ၊ လိုင်းကားတွေ သတ်မှတ်ပေးခြင်း မရှိပါဘူး။ စက်ဘီး စီးမယ်ဆိုလျှင်လည်း မြို့ဟာတောင်ကုန်း၊ တောင်ဆင်းတွေ ဖြစ်နေတဲ့အတွက်ကြောင့် ထိုစက်ဘီးဟာ ခြေနင်းခုံတောင်မလိုအပ်ဘဲ ဘရိတ်ကောင်း ရင်တောင်မှ အဆင်ပြေမယ့် အခြေအနေဖြစ်နေပါတယ်။ ထို့ကြောင့် ဝန်ထမ်းတွေအနေနှင့် တစ်ရုံးနှင့်တစ်ရုံး ဆက်သွယ်နိုင်ဖို့သော် လည်းကောင်း၊ အခုလို ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ကွင်းဆင်းနေရတဲ့အချိန်မှာ ဝန်ထမ်းတိုင်းကို ဆိုင်ကယ်တစ်စီး အရစ်ကျစနစ်နဲ့ ချပေးဖို့လည်း လိုအပ်နေပါတယ်။

ဒါပေမဲ့ တစ်ချို့ရုံးတွေမှာဆိုလျှင် ရုံးဝန်ထမ်းတွေကို ဆိုင်ကယ်ပေးပါတယ်။ ဒါပေမယ့် ပြည်နယ်မှာ သွားထုတ်ခဲ့လျှင် ထိုဆိုင်ကယ်မှာ ချစီးနိုင်ခဲ့ခြင်းမရှိတဲ့အတွက်ကြောင့် ကားနှင့် သယ်ရခြင်း စရိတ်၊ ကိုယ့်မြို့ရောက်လျှင် ပြန်လည်ပြင်ဆင်ရတဲ့ စရိတ်က အသစ်တစ်စီးထက်ကို ပိုပြီးကုန်ကျနေပါတယ်။ ပြောရမည်ဆိုလျှင် ရေနစ်သူကို ဝါးကူထိုးသလိုဖြစ်နေပါတယ်။

အဲ့ဒါကြောင့် မိမိနိုင်ငံရဲ့ မိမိတို့ပြည်နယ်ရဲ့ ဝန်ထမ်းများဘဝ မြင့်တင်ဖို့ မိမိရဲ့ဌာနဂုဏ်ကိုဆောင်နိုင်ဖို့ ကျွန်မတို့ နမ္မတူမြို့နယ်မှာ ရှိတဲ့ရုံးတွေရဲ့ လိုအပ်ချက်ဖြစ်တဲ့ ရုံးပိုင်မြေ၊

(၁) ရုံးပိုင်မြေ မရှိဘဲ အငှားမြေဖြင့် ရုံးဖွင့်နေရသော ဥပဒေရုံး၊ စီမံကိန်းရုံးတို့ကို မြေများချမှတ်ပေးပြီး ရုံးဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ၊

(၂) မြေနေရာလျှောက်ထားလျက် ရှိနေပါသော တရားရုံးအား မြေနေရာသတ်မှတ်ပေးပြီး ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ

(၃) ယခုကိုယ်ပိုင်ရုံးအနေဖြင့် ဖွင့်လှစ်လျက်ရှိသော ရုံးများသည် များသောအားဖြင့် အဆောက်အဦ မျက်နှာကျက်၊ လှေကားနှင့် အုတ်တံတိုင်း များသည် ယိုယွင်းပျက်စီးလျက် ရှိနေပါသည်။ သို့ဖြစ်ပါ၍ ပြင်ဆင်ပေးရန် အစီအစဉ် ရှိ/မရှိ

(၄) ရုံးအဝင်လမ်းများကိုလည်း ခင်းပေးရန် အစီအစဉ် ရှိ/မရှိ၊

(၅) ရုံးအဆောက်အဦနှင့်အတူ ဝန်ထမ်းအိမ်ယာ များကိုလည်း ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ

(၆) နမ္မတူမြို့နယ်အတွင်းရှိ ရုံးများကို ပြင်ဆင်ပေးရန် အစီအစဉ် ရှိ/မရှိနှင့်



D/real(wide) (2



မရဘဲ ကန့်ကွက်ထားခြင်း ခံရပါသော အငှားနှင့် ရုံးဖွင့်နေရတဲ့ မြေမရ၊ ငွေမကျသေးတဲ့ရုံး (၃) မြေဂရန်မရရှိသေး ပါသော်လည်း ပြည်နယ် ရန်ပုံငွေမှ ချပေးသော ငွေကျပြီး ဒါပေမဲ့ အဲ့ဒီငွေဟာ လုံလောက်ခြင်း မရှိတဲ့အတွက် ဆောက်လုပ်နိုင်ခြင်း မရှိတဲ့ရုံးဆိုပြီးတော့ (၃)မျိုး ရှိပါတယ်။

မြို့နယ်တစ်ခုလုံးနှင့် သက်ဆိုင်တဲ့ စာရွက်၊ စာရွက်တွေကို သိမ်းဆည်းရပါသော နမ္မတူမှာရှိတဲ့ ရုံးတွေဟာ ဆိုလျှင် ရုံးတွေမိုးယိုနေတဲ့အတွက်ကြောင့် စက္ကူတွေရေမစိုအောင် တတ်စွမ်းသမျှ ဆောင်ရွက်ထားသို နေကြတာကို တွေ့ရပါတယ်။ တချို့ရုံးတွေဟာလည်း မျက်နှာကျက် လုံးဝမရှိတဲ့အတွက်ကြောင့် ရုံးသုံးပရိဘောဂ မပြည့်စုံတဲ့အတွက်ကြောင့် စာရွက်၊ စာတမ်းတွေပေါ်မှာ ငှက်ချေး၊ ငှက်မွေးတွေနဲ့ ပွနေတဲ့အတွက်ကြောင့် နေ့စဉ် သန့်ရှင်းရေး လုပ်နေရတာကိုလည်း တွေ့ရှိရပါတယ်။

မျက်နှာကျက်မရှိတဲ့အတွက်ကြောင့် သူ့ရဲ့အပူချိန်ဟာ ဝန်ထမ်းတွေကို ချွေးထုတ်ခန်းထဲ ရောက်နေတဲ့ ဘဝမျိုးရောက် နေပါတယ်။ ရုံးဝင်လမ်း၊ ရုံးရှေ့လမ်းကိုကြည့်လိုက်မယ်ဆိုလျှင် ချိုင့်ခွက်တွေ၊ ရွှံ့ဗွက်တွေနဲ့ တွေ့ရပါတယ်။ ကားပေါ်ကဆင်းလိုက်လို့ ရုံးရှေ့ကိုကြည့်လိုက်မယ်ဆိုလျှင် ခြံစည်းရိုး၊ အုတ်တံတိုင်းမရှိသော ရုံးများနှင့် ခြံစည်းရိုးကျော်ပြီးဝင်လိုက်လျှင်လည်း ရွှံ့ဗွက်တွေကြောင့် ရေတောင်းတဲ့အချိန်မှာ ရေမရှိဘဲ ရေဝယ်သောက်နေရတဲ့ ရုံးတွေကို တွေ့ရှိရပါတယ်။

(၁၈-၁၀-၂၀၁၀)မှာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကနေ ဥပဒေစီမံကိန်းနှင့် တရားရေး ရုံးတွေကို မြေပေးမိန့်ချပေးခဲ့ပါတယ်။ မြို့နယ်မြေစာရင်းဌာနကလည်း မြေပေးမိန့်အတွက် ပုံစံ(၁၀၅)(၁၀၆)ကို ထုတ်ပေးပြီးဖြစ်ပါတယ်။ ဒါပေမဲ့ သတ္တုတွင်းနောက်ချန်ရုံးကနေပြီးတော့ ၎င်းတို့ပိုင်မြေအဖြစ်

အစီအစဉ် ရှိမည်ဆိုပါက ၂၀၁၃ ခုနှစ်တွင် စတင် အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ရန် ရှိ/မရှိ သိရှိလိုပါကြောင်း မေးမြန်းလိုပါတယ်။ ကျေးဇူးတင် ပါတယ်။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးကဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီးအောင်သူ၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီး။** အားလုံးပဲ မင်္ဂလာပါ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ နမ္မတူမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းခမ်းအေးရဲ့ ရှမ်းပြည်နယ်တွင် သက်ဆိုင်ရာ ဌာနအသီးသီးကို ကိုယ်စားပြု ထားသော မြို့နယ်ရုံးများစွာ ရှိသည့်အနက် နမ္မတူမြို့ရှိ မြို့နယ်ရုံးများသည် လိုအပ်ချက် များစွာရှိသဖြင့် အကောင်အထည်ဖေါ် ဆောင်ရွက်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါသည် ဆိုသည့်မေးခွန်းနှင့် စပ်လျဉ်း၍ ကျွန်တော် ပြည်နယ်အစိုးရအဖွဲ့ဝင် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး အောင်သူမှ ပြန်လည်ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ဒီမေးခွန်းနှင့် ပတ်သက်ပြီး ဖြေကြားချက်ကို မစတင်ခင်မှာ အခုလိုလွှတ်တော်ကိုယ်စားလှယ် တစ်ဦး အနေနှင့် ဝန်ထမ်းတွေရဲ့ဘဝကို စာနာထောက်ထားမှုနှင့် မေးမြန်းလာတဲ့ အတွက် အထူးပဲ ကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါတယ်။ ဘာကြောင့်လည်းဆိုတော့ ကျွန်တော်ကိုယ်တိုင်လည်း ဝန်ထမ်းတစ်ဦးဖြစ်နေတဲ့အတွက် ဖြစ်ပါတယ်။ နမ္မတူမြို့နယ်



D/real(wide) (2



အဆိုပါမြေနေရာသည် နမ္မတူဘော်တွင်းနေရာတွင် ကျရောက်နေကြောင်းနှင့် သတ္တုတွင်းဝန်ကြီးဌာနနှင့် ညှိနှိုင်းရန် အကြောင်းကြားခဲ့ပါတယ်။ ဒါကြောင့်အဆိုပါ မြေနေရာတွင် မြို့နယ်တရားရုံးအဆောက်အဦ ဆောက်လုပ်ရေးအတွက် လက်အောက်ခံရုံး တရားသူကြီးအသီးသီးက တင်ပြလာသဖြင့် ပြည်ထောင်စုတရား သူကြီးရုံး၊ ပြည်ထောင်စုတရားသူကြီးချုပ်က (၁၅-၇-၂၀၁၃)ရက်စွဲပါစာအမှတ်၊ ၁၁၄/၇၄/ပတခ (၁၇၉၄/၂၀၁၃) ဖြင့်ပြည်ထောင်စုဝန်ကြီး သတ္တုတွင်းဝန်ကြီးဌာနသို့ မြေနေရာအား တရားရုံးအမည်ပေါက် ရရှိရေးသဘောတူညီ ခွင့်ပြုပေးပါရန် မေတ္တာရပ်ခံ ညှိနှိုင်းခဲ့ပါတယ်။

သတ္တုတွင်းဝန်ကြီးဌာနမှ အကြောင်းပြန်ကြားခြင်း မရရှိသေးပါ။ သတ္တုတွင်းဝန်ကြီးဌာနမှ အဆိုပါမြေနေရာကို မြို့နယ်တရားရုံးအမည်ပေါက် ဂရန်ထုတ်ပေးရေးအတွက် သဘောတူညီပါက ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် နမ္မတူမြို့နယ် တရားရုံးနှင့် ဝန်ထမ်းအဆောက်အဦတစ်လုံး ဆောက်လုပ်ရေး အတွက် ဦးစားပေး စီမံကိန်းအဖြစ် လျာထားဆောင်ရွက်ထား ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။

ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်သွယ်ရေး နမ္မတူမြို့နယ်ရုံး အဆောက်အဦပြင်ဆင်ရန်နှင့် သွပ်မိုးများလဲလှယ်ရန်အတွက် (၁-၁၀-၂၀၀၁)ရက်စွဲပါ စာအမှတ်၊ ၁၅/၂၇-၁(၂၀၀၁)(၉၆)ဖြင့် တင်ပြတောင်းခံခဲ့ရာ ရုံးချုပ်၏ (၁၀-၄-၂၀၁၃)ရက်စွဲပါ စာအမှတ်၊ ၃-၁၅ (၂၀၀၃)/(၂၀၅၃)ဖြင့် ပြင်ဆင်ရန်ကုန်ကျငွေ ကျပ်(၅၂၃၀၀၀)တိတိ ချထားပေးငွေဖြင့် သွပ်အမိုးလဲလှယ်ခြင်းများ ဆောင်ရွက်ခဲ့ပါတယ်။

မြို့နယ်ရုံး၏ (၁၅-၆-၂၀၀၉) ရက်စွဲပါ စာအမှတ်၊ ၁၅/၂၇-၁(၂၀၀၉)/၅၇ဖြင့် ရုံးအဆောက်အဦ ပြင်ဆင်ရန် တင်ပြတောင်းခံခဲ့သော်လည်း ချထားပေးလာခြင်း မရှိပါ။ မြို့နယ်ရုံး၏ (၁၄-၅-၂၀၁၀) ရက်စွဲပါ စာအမှတ်၊ ၁၅/၂၇(၂၀၁၀)/၂၁ဖြင့် အနောက်ဘက် အုတ်တံတိုင်းခတ်ရန်အတွက် တင်ပြတောင်းခံခဲ့သော်လည်း ချထားပေးခြင်းမရှိသေးပါ။ ဤဦးစီးဌာန ရုံးချုပ်မှ ၂၀၁၁-၂၀၁၂ဘဏ္ဍာရေးနှစ်တွင် ရေလောင်းအိမ်သာ ဆောက်လုပ်ရန် ကျပ်(၇၀၀၀၀၀)နှင့် ရေနံချေးသုတ် အဆောက်အဦပြင်ဆင်ရန် ကျပ်(၅၀၀၀၀၀) ချထားပေးလာ သဖြင့် ရေလောင်းအိမ်သာ ဆောက်လုပ်ခဲ့ပြီး ချထားပေးငွေဖြင့် အဆောက်အဦကို အနည်းငယ်ပြင်ဆင်၍ ရေနံချေးသုတ်ခဲ့ပါသည်။

ရုံးမှာအသစ်ဆောက်လုပ်ထားသော ရုံးမဟုတ်သဖြင့် ရုံးဥပဓိရုပ်မကောင်းလှပါ။ ရုံးအသစ်ဆောက်လုပ်ရန် ရုံးချုပ်သို့ ထပ်မံတင်ပြတောင်းခံသွားရမည် ဖြစ်ပါသည်။ ၂၀၁၃ ခုနှစ် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရ/အသုံး ဆိုင်ရာဥပဒေ ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော် ဥပဒေအမှတ်(၇)ကို ရှမ်းပြည်နယ် လွှတ်တော်က (၃-၄-၂၀၁၃)ရက်နေ့တွင် ပြဋ္ဌာန်းပေးခဲ့ပြီး ရှမ်းပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာန၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး ငွေလုံးငွေရင်း ခွင့်ပြုမိန့်တွင် နမ့်တူမြို့နယ်ရှိ နမ့်တူဘောလုံးကွင်း ရုံးခန်းနှင့် မီးဖိုဆောင်ပြုပြင်ခြင်းအတွက် ကျပ်(၃၆. ၇၇)သိန်း၊ ဘောလုံးပွဲ ပွဲကြည့်စင်ပြုပြင်ခြင်း လုပ်ငန်းအတွက် ကျပ်(၂၀၉. ၇)သိန်း စုစုပေါင်းကျပ်(၂၄၆. ၄၇)သိန်းကို ဖွင့်ပြပေးခဲ့ပါတယ်။

လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ရာတွင်(၅၀)% ပြီးစီးနေပြီဖြစ်ပါသည်။ နမ့်တူမြို့နယ် ကျန်းမာရေး ဦးစီးဌာနပိုင် မြေဂရန်ရရှိရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်



D/real(wide (2



စည်ပင်သာယာရေးအဖွဲ့အနေဖြင့် အဖွဲ့ပိုင် ရုံးအဆောက်အဦနှင့် ဝန်ထမ်းအိမ်ယာများ ရေရှည်တည်တံ့ခိုင်မြဲစေရန်နှင့် သပ်ရပ်လှပမှု ရှိစေရန်အတွက် အဖွဲ့၏ ဝင်ငွေကောက်ခံရရှိမှု အပေါ်မူတည်၍ ဘဏ္ဍာရေးနှစ်အလိုက် ပြင်ဆင်ထိန်းသိမ်းခြင်း လုပ်ငန်းများအား လျာထားဆောင်ရွက်လျက်ရှိပါတယ်။

နမ့်တူမြို့နယ် မြေစာရင်းဦးစီးဌာနဟာ နှစ်(၃၀) အခွန်လွတ်ဂရန် ရရှိပြီး အဆောက်အဦမှာ (၃၈ပေ×၃၀ပေ) ကွန်ကရစ်ခင်း အုတ်ညှပ်သွပ်မိုး ဖြစ်ပြီးတော့ မျက်နှာကျက်များ ရှိပါတယ်။ ထို့အပြင် အရှည်(၅၀)ပေရှိသည့် ရုံးမျက်နှာပြင်နှင့် အရှည်(၅၀)ပေရှိသည့် ရုံးအနောက်ဘက်တွင်လည်း လုံခြုံရေး စည်းရိုးကာရံထားသော်လည်း လုံခြုံစိတ်ချရသည့် အခြေအနေ မရှိပါဘူး။ ထိုသို့သောအကြောင်းများကြောင့် မြေစာရင်းဦးစီးဌာနက ချထားပေးမည်ဆိုပါက ရုံးမျက်နှာကျက်နှင့် လုံခြုံရေးအတွက် အုတ်တံတိုင်းကာရံရန် လိုအပ်နေကြောင်း တွေ့ရှိရပါတယ်။

နမ့်တူမြို့နယ်မှာရှိတဲ့ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံး အဆောက်အဦဟာလည်း ၂၀၁၂ခုနှစ်မှာ တည်ဆောက်ပြီးစီးခဲ့တဲ့ အဆောက်အဦအသစ်ဖြစ်ပါတယ်။ နမ့်တူမြို့နယ်တရားရုံးဟာ လက်ရှိမှာ နမ့်တူမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ဖွင့်လှစ်ထားပါတယ်။ မြို့နယ်တရားရုံး အဆောက်အဦသစ် ဆောက်လုပ်ရေးအတွက် ၂၀၁၀ ပြည့်နှစ်တွင် မြေနေရာ လျှောက်ထားခဲ့ရာ မြို့မြေပေးမိန့်အမှတ် ၂/၂၀၁၀ဖြင့် နမ့်တူမြို့ ပလတ(၂) ရပ်ကွက်၊ ကွင်းအမှတ်(၂၆)၊ စစ်ရေးကုန်းရပ်၊ ဦးပိုင်(၂၂)(က)၊ မြေကွက်အမှတ် (၈၃/၈၈)နေရာအား ခွင့်ပြုပြီး မြေရာဇဝင်ပုံစံ (၁၀၅)(၁၀၆)ရရှိခဲ့ပါတယ်။

နမ့်တူမြို့နယ် တရားရုံးဆောက်လုပ်ရေးအတွက် ဆောင်ရွက်နေစဉ် ၂၀၁၃ခုနှစ်၌ သတ္တုတွင်းဝန်ကြီး ဌာနက

မြေစာရင်းပုံစံ (၁၀၅)ရေးဆွဲခွင့် ရရှိထားပြီး အုတ်တံတိုင်းကာရံနိုင်ရေးအတွက် အင်ဂျင်နီယာ၏ ခန့်မှန်းတွက်ချက်မှုဖြင့် တင်ပြဆောင်ရွက်သွားရန် အကြောင်းကြားထားပြီး ဖြစ်ပါသည်။ နမ္မတူမြို့နယ်စာရင်းရုံးမှာ ကိုယ်ပိုင်ရုံးအဆောက်အဦ ဖြစ်ပြီး (၄၃ပေ × ၃၂ပေ × ၁၂ပေ) (၂)ထပ်ပျဉ်ကာ၊ သွပ်မိုးအဆောက်အဦ ဖြစ်ပါတယ်။

အဆောက်အဦ အခြေအနေမှာ သင့်ဖြစ်ပြီးတော့ ရုံးအနောက်ဘက်ရှိ လှေကားမှာ ခြစားပျက်စီးလျက် ရှိပါသည်။ သို့ဖြစ်ပါ၍ အသစ်လဲလှယ်တပ်ဆင်နိုင်ရန် နမ္မတူမြို့နယ်စာရင်းစစ်ရုံး၏ (၁၈-၇-၂၀၁၃)ရက်စွဲပါ စာအမှတ်၊ နဆရ/အဆောက်အဦ/၂၁၈ ဖြင့် ပြင်ဆင်ထိန်းသိမ်းစရိတ်ငွေကျပ်(၆၁၄၂၀၀)တောင်းခံထားရာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ဖြည့်စွက်စာရင်းတွင် လျာထားပြီးဖြစ်ပါသည်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် အသစ်လဲလှယ် တပ်ဆင်သွားမည် ဖြစ်ပါသည်။ စီမံကိန်းရေးဆွဲရေး ဦးစီးဌာနလက်အောက်ရှိ မြို့နယ်စီမံကိန်းရုံးဆောက်လုပ်ရန်အတွက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း ခန့်မှန်းလျာထားချက်အပြီး ဘတ်ဂျက်ခွင့်ပြုငွေ ရရှိပါက ဆောက်လုပ်သွားမည် ဖြစ်ပါသည်။

နမ္မတူမြို့တွင် စာတိုက်ရုံးဆောက်လုပ်ရန် ဘတ်ဂျတ်ခွင့်ပြုငွေ ရရှိသော်လည်း သတ္တုတွင်းဝန်ကြီးဌာနပိုင်မြေနေရာဖြစ်နေပါသဖြင့် ၄င်းနေရာရရှိရေးအတွက် သတ္တုတွင်းဝန်ကြီးဌာနနှင့် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဌာနတို့ ညှိနှိုင်းဆောင်ရွက်ခဲ့ပြီး သတ္တုတွင်းဝန်ကြီးဌာနမှ မြေနေရာခွင့်ပြုပေးနိုင်ရေး ပြည်ထောင်စု အစိုးရထံဆက်လက်တင်ပြထားရှိပြီး ဖြစ်ပါသည်။ နမ္မတူမြို့နယ်၊ သမဝါယမဦးစီးဌာနသည် ဌာနပိုင် မြေနှင့် အဆောက်အဦ





စသည်တို့ကို ဦးစားပေးအဆင့်၌ ပြင်ဆင်ဆောင်ရွက်ပေးလျက်ရှိပါတယ်။

နမ္မတူဘဏ်အဆောက်အဦအနေဖြင့် လက်ရှိအခြေအနေအရ ပြင်ဆင်မွမ်းမံရန် မလိုအပ်သေးကြောင်း တွေ့ရှိရပါတယ်။ အကယ်၍ ပြုပြင်မွမ်းမံရန် လိုအပ်ပါက မြို့နယ်ဘဏ်ခွဲမှ လုပ်ထုံးလုပ်နည်းနှင့်အညီ အထက်အဆင့်ဆင့်သို့ တင်ပြပြီး ရုံးချုပ်မှ စီစဉ်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။ နမ္မတူမြို့နယ် မီးသတ်စခန်းသည် ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ထားသော အဆောက်အဦသစ် ဖြစ်ပါသည်။ နမ္မတူမြို့နယ်၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနမှူးရုံးသည် ကိုယ်ပိုင်ရုံးအနေဖြင့် ဖွင့်လှစ်ထားရှိပြီး ရုံးအဆောက်အဦ၊ မျက်နှာကျက်၊ လှေကားနှင့် အုတ်တံတိုင်းများသည် အကြီးစားပြင်ဆင်ရန်အတွက် ယိုယွင်းပျက်စီးမှု မရှိပါ။

ရုံးအဝင်လမ်းများသည်လည်း ကောင်းမွန်လျက် ရှိပါသည်။ ဝန်ထမ်းအိမ်ယာများလည်း ယိုယွင်းပျက်စီးမှု မရှိပါ။ နမ္မတူမြို့နယ်ရှိ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်ရုံးအဆောက်အဦ အနေဖြင့် ပြင်ဆင်ရန် လိုအပ်ချက် မရှိပါကြောင်း လုံခြုံမှုအတွက် ပတ်လည်အုတ်ရိုးကာရံရန် လိုအပ်လျက်ရှိပါကြောင်း အုတ်ရိုးကာရံရန်အတွက် ကုန်ကျငွေအားတွက်ချက်၍ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ခွင့်ပြုရန်ပုံငွေ တင်ပြတောင်းခံသွားမည် ဖြစ်ပါသည်။

ပြည်တွင်းအခွန်များဦးစီးဌာန၊ နမ္မတူမြို့နယ်ရုံးတွင် ရုံးဆောက်အဦ၊ လှေကားနှင့် မျက်နှာကျက်၊ အုတ်တံတိုင်းများသည် ကောင်းမွန်လျက်ရှိပါသည်။ နမ္မတူမြို့နယ် အခွန်ဦးစီးဌာနမှူးရုံး အဝင်လမ်းသည်လည်း ကောင်းမွန်လျက်ရှိပါသည်။ နမ္မတူမြို့နယ် အခွန်ဦးစီးဌာနမှူးရုံးသည် လက်ရှိမြို့နယ်အခွန်ဦးစီးမှူး(၁)ဦး၊



D/real(wide) (2

ရှိပါသည်။ နမ္မတူမြို့နယ် သမဝါယမဦးစီးဌာနပိုင် မြေနှင့် အဆောက်အဦသည် ယခင် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးမှ ထိန်းသိမ်းထားသော ကွမ်းတုံလူမျိုး ဘာသာရေး ဝတ်ပြုကျောင်းဖြစ်ပြီး (၂၃-၃-၁၉၉၉)ရက်နေ့၌ ဌာနပိုင်မြေနှင့် အဆောက်အဦအဖြစ် မြေငှားဂရန်ရရှိထားပြီး ဖြစ်ပါသည်။

မြေနေရာအကျယ်အဝန်းမှာ အလျား(၁၀၀)ပေ၊ အနံ(၅၀)ပေရှိပြီး ဧရိယာအားဖြင့် (၀.၁၂)ဧက ရှိပါသည်။ အဆောက်အဦမှာ အလျား(၄၆ပေ × ၃၂ပေ × ၃၈ပေ)ရှိပြီး ပျဉ်ကာသွပ်မိုး၊ ကွန်ကရစ်ခင်းဖြစ်ပြီး အသင့်အတင့် ကောင်းမွန်ပါသည်။ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ နမ္မတူမြို့နယ် လက်ထောက်အင်ဂျင်နီယာရုံး အဝင် ကတ္တရာလမ်းဖြစ်ကာ အရှည်(၃)ဖာလုံ၊ အကျယ်(၁၂)ပေအား ကတ္တရာဖြင့် လမ်းမျက်နှာပြင် အနိမ့်၊ အမြင့် ညှိ၍ခင်းရန် ရုံးအားသုံးထပ်သားဖြင့် မျက်နှာကျက် (၁၈၀၀)စတုရန်းပေ အသစ်ပြန်လည် တပ်ဆင်ပေး ရန်နှင့် ရုံးဝန်း(၃၁၀ပေ × ၂၈၀ပေ )ပတ်လည် အလျား(၁၈၀၀)ပေကို သံကူကွန်ကရစ်တိုင် သံဆူးကြိုးဖြင့် ခြံစည်းရိုး ကာရံပေးခြင်း လုပ်ငန်းများကို ၂၀၁၄-၂၀၁၅ဘဏ္ဍာရေးနှစ်တွင် တင်ပြတောင်းခံ သွားမည် ဖြစ်ပါသည်။

ဘဏ္ဍာရေးဝန်ကြီးဌာန လက်အောက်ခံ မြန်မာ့စီးပွားရေးဘဏ် တစ်ပြည်လုံးအတိုင်းအတာအနေဖြင့် ပြည်နယ်နှင့်တိုင်းဒေသကြီးရုံး (၁၄)ခု၊ ခရိုင်ဘဏ်ခွဲ(၇၄)ခု၊ မြို့နယ်ဘဏ်ခွဲ(၂၁၀)ခု ငွေတိုက်ခွဲ(၁၆)ခုရှိပြီး အဆိုပါ ဘဏ်ခွဲများ၏ ပြုပြင်ထိန်းသိမ်းရေးကိစ္စရပ်များအား နှစ်စဉ်ဘဏ်ခွဲများ၏ တင်ပြချက်ပေါ် မူတည်၍ ရုံးချုပ်မှ ခွဲဝေရရှိသည့် ဘတ်ဂျတ်ပေါ်မူတည်ပြီးပြုပြင် ထိန်းသိမ်းခြင်းလုပ်ငန်း၊ အကြီးစားပြင်ဆင်ခြင်းလုပ်ငန်း၊ အသစ်ဆောက်လုပ်ခြင်းလုပ်ငန်း





အကြီးတန်းစာရေး(၁)ဦး၊ အငယ်တန်းစာရေး(၁)ဦးနှင့် ရုံးအကူ၊ စာပို့(၁)ဦး စုစုပေါင်း(၄)ဦး တာဝန်ထမ်းဆောင်လျက်ရှိပါသည်။

အဆိုပါ ဝန်ထမ်း(၄)ဦးမှာ ရှမ်းပြည်နယ်မြောက်ပိုင်းမှ ဒေသခံများဖြစ်ပါသည်။ သို့ဖြစ်ပါ၍ နမ္မတူမြို့နယ် အခွန်ဦးစီးဌာနမှူး ရုံးအတွက် ဝန်ထမ်းအိမ်ယာဆောက်လုပ်ပေးရန် လောလောဆယ် အစီအစဉ် မရှိသေးပါ။နမ္မတူမြို့နယ် ဥပဒေရုံးအနေဖြင့် ကသလရပ်ကွက်၊ အကွက်အမှတ်(၂၆)၊ ဦးပိုင်အမှတ်(၂၂)(ခ)၊ မြေဧရိယာ (၀.၁၆၂)ဧက မြို့နယ်ဥပဒေရုံး မြေနေရာအဖြစ် သတ်မှတ်ပေးထားပြီး အဆောက်အဦနှင့် ဝန်ထမ်းအိမ်ယာများ ဆောက်လုပ်ခြင်း၊ ရုံးအဝင်လမ်းများ သဲခင်းခြင်းတို့ကို ဦးစားပေး အစီအစဉ်အရ ၂၀၁၃-၂၀၁၄ဘဏ္ဍာရေးနှစ်တွင် အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားရန် အစီအစဉ် မရှိသေး ပါကြောင်းနှင့် အဆိုပါကိစ္စရပ်များကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် များတွင် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

ပြည်နယ်ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနမှ နမ္မတူမြို့နယ်ရှိ ဌာနဆိုင်ရာ မြို့နယ်ရုံးများ၏ လိုအပ်ချက်များ အတွက် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးသည် သက်ဆိုင်ရာ မြို့နယ်၊ ဌာနဆိုင်ရာများမှ မိမိတို့၏ လုပ်ငန်းစီမံလျာထားချက်များကို မြို့နယ်စီမံကိန်းရုံးများသို့ ပေးပို့ရပါမည်။ ၎င်းစီမံကိန်း လျာထားချက်အရ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် အတွက် သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်၏ မူလခန့်မှန်းခြေငွေစာရင်း ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများ၏ ငွေလုံးငွေရင်းနှင့် အသုံးစရိတ်တွင် လျာထားခြင်း ပြုရပါမည်။

ရုံးအဆောက်အဦ ဆောက်လုပ်ရန်နှင့် ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ရန်ကိစ္စရပ်များအတွက် လိုအပ်သည့် မြေနေရာ ရရှိရေးအား သက်ဆိုင်ရာဌာနဆိုင်ရာများမှ လုပ်ထုံးလုပ်နည်းဖြင့်



D/real(wide) (2

ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း ပြန်လည် ဖြေကြားအပ်ပါသည်။
အားလုံးကိုကျေးဇူးတင်ပါတယ်။

## ရှမ်းပြည်နယ်အစိုးရအဖွဲ့က တင်သွင်းခဲ့သော ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ် ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာန အဖွဲ့အစည်းများ၏ ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံခြင်းနှင့် စပ်လျဉ်း၍ ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက် ရယူခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၆)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ် အစိုးရအဖွဲ့က တင်သွင်းခဲ့သော ၂၀၁၃-၂၀၁၄ခု ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ် ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာန/အဖွဲ့အစည်းများ၏ ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံခြင်းနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ် အမည်စာရင်း ပေးပို့လာခြင်း မရှိသည့် အတွက် ၂၀၁၃-၂၀၁၄ခု ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ် ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာန/အဖွဲ့အစည်းများ၏ ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံခြင်းအား လွှတ်တော်မှ အတည်ပြု ပေးနိုင်ဖို့အတွက် သက်ဆိုင်ရာဝန်ကြီးမှ အဆိုတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးခွန်သိန်းမောင်၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော် ဥက္ကဋ္ဌနှင့် ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် သတ္တမပုံမှန်အစည်းအဝေးရဲ့ တတိယနေ့



D/real(wide) (2



## ကော်မတီနှင့် ကော်မတီ(၃)ရပ်တို့၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်း လျာထားချက်များနှင့် စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌမှ ရှင်းလင်းတင်ပြခြင်း။
## နှင့်
## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာသုံးသပ်ရေး ကော်မရှင်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၊ တိုင်တန်းစာစိစစ်ရေး ကော်မတီနှင့် ဘတ်ဂျက်စိစစ်ရေးကော်မတီတို့တွင် ထည့်သွင်းဖွဲ့စည်းမည့် အဖွဲ့ဝင်ဦးရေ၊ ကော်မရှင်/ကော်မတီ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်တို့အမည်စာရင်း တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းလျာထားချက်များနှင့် စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်၏ အတည်ပြုချက် ရယူခြင်းနှင့် ကော်မတီနှင့် ကော်မရှင်(၃)ရပ်ကို ဖွဲ့စည်းကြောင်း ကြေညာခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၇)နှင့်(၈)ကို တစ်ပေါင်းတည်း ဆောင်ရွက်ပါမယ်။ ရှမ်းပြည်နယ်လွှတ်တော် သတ္တမပုံမှန် အစည်းအဝေး တတိယနေ့မှာ ဖွဲ့စည်းမယ့် ကော်မရှင်(၁)ခုနှင့် ကော်မတီ(၃)ခုရဲ့ အဖွဲ့ဝင်များရဲ့ အမည်စာရင်းကို ကျွန်တော် ကြေညာခဲ့ပါတယ်။

ဒီအမည်စာရင်းနှင့် ပတ်သက်လို့ ဆွေးနွေးဖို့အတွက် လွှတ်တော်ကိုယ်စားလှယ်များက အမည်စာရင်း ပေးသွင်းခြင်း မရှိတဲ့အတွက် ဖွဲ့စည်းထားတဲ့ကော်မတီများရဲ့ အမည်စာရင်းကို ကျွန်တော် ထပ်မံကြေညာပါ့မယ်။ ပြီးတော့မှ ဒီကော်မရှင်နှင့် ပတ်သက်လို့ တာဝန်ဝတ္တရားများ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်များကိုပါ ဆက်လက်ကြေညာ သွားမှာဖြစ်ပါတယ်။

ဥပဒေနှင့် ပတ်သက်သည့် လေ့လာသုံးသပ်ရေး ကော်မရှင်-

(၁) ဦးစိုင်းခမ်းမှတ် — ဥက္ကဋ္ဌ
ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ
လားရှိုးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊

(၂) ဦးသောင်းရွှေ — အဖွဲ့ဝင်
ကလောမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)

(၃) ဒေါ်ချယ်ရီကြည် — အဖွဲ့ဝင်
ရှမ်းပြည်နယ်တရားရုံး ဦးစီးမှူး

(၄) ဦးဝင်းရွှေ — အဖွဲ့ဝင်
ဥပဒေအရာရှိအဆင့်(၁)(ငြိမ်း)
တရားလွှတ်တော်ရှေ့နေ

(၅) ဦးစိုင်းကျော်ဇံ — အဖွဲ့ဝင်
ခရိုင်ဥပဒေအရာရှိ (အငြိမ်းစား)၊
ရှေ့နေချုပ်ရုံး

(၆) ဦးမြင့်လွင် — အတွင်းရေးမှူး
ရှမ်းပြည်နယ်၊ ဥပဒေအရာရှိ

ဆိုပြီးတော့ ဖွဲ့စည်းထားပါတယ်။ ဒီကော်မရှင်နှင့် ပတ်သက်လို့ ကော်မရှင်ရဲ့ သက်တမ်း၊ တာဝန်၊ လုပ်ပိုင်ခွင့်နှင့် ရပိုင်ခွင့်များကို တင်ပြပါ့မယ်။





၂၀၁၃ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက်နေ့မှာ ဖွဲ့စည်းပုံအခြေခံ ဥပဒေ ပုဒ်မ(၁၉၃)၊ ပုဒ်မခွဲ(ခ)အရ ဥပဒေနှင့်အညီ ရှမ်းပြည်နယ်လွှတ်တော်သို့ တင်သွင်းခဲ့တဲ့ ၂၀၁၃-၂၀၁၄ခုနှစ် ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ် ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာန/အဖွဲ့အစည်းများ၏ ဖြည့်စွက် ခွင့်ပြုငွေတောင်းခံခြင်းနှင့် စပ်လျဉ်းပြီး လွှတ်တော်ကိုယ်စားလှယ်များ မှလည်း ဆွေးနွေးရန် မရှိတော့တဲ့အတွက် လွှတ်တော်မှ အတည်ပြု ပေးဖို့ တင်သွင်းအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဘဏ္ဍာရေးဝန်ကြီးက တင်သွင်းသည့် ၂၀၁၃-၂၀၁၄ခု ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ် ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာန/အဖွဲ့အစည်းများ၏ ဖြည့်စွက်ခွင့်ပြုငွေတောင်းခံခြင်းနှင့် စပ်လျဉ်း၍ လွှတ်တော်ရဲ့ အဆုံးအဖြတ်ကို ရယူပါ့မယ်။

ဒါကြောင့် ၂၀၁၃-၂၀၁၄ခု ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ် ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာန/အဖွဲ့အစည်းများ၏ ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံခြင်းကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။ **[ သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။ ]**

လွှတ်တော်က သဘောတူတဲ့အတွက် ရှမ်းပြည်နယ် အစိုးရအဖွဲ့၏ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် သတ္တမပုံမှန် အစည်းအဝေး တတိယနေ့မှာ တင်သွင်းခဲ့သော ၂၀၁၃-၂၀၁၄ခုနှစ် ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ် ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာနအဖွဲ့အစည်းများ၏ ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံခြင်းကို လွှတ်တော်မှ အတည်ပြုကြောင်း ကြေညာပါတယ်။

**ကော်မရှင်၏ သက်တမ်း**

၁။ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌသည် ကော်မတီ၏ သက်တမ်း(၁)နှစ် ပြည့်မြောက်သည့်အခါ ပြန်လည်သုံးသပ်ပြီး လိုအပ်ပါက သင့်လျော်သလို လဲလှယ်အစားထိုး တာဝန်ပေးအပ် နိုင်သည်။

**ကော်မရှင်၏ တာဝန်**

၂။ ကော်မရှင်သည်-

(က) ပြည်နယ်လွှတ်တော်မှ အတည်ပြုမည့် ဥပဒေကြမ်းများအား ဥပဒေ အင်္ဂါရပ်နှင့် ညီညွတ်မှု ရှိ/မရှိ၊ ပြည့်စုံလုံလောက်မှု ရှိ/မရှိ လေ့လာသုံးသပ်၍ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြရန်။

(ခ) အတည်ပြုသည့် ဥပဒေသည် ပြည်သူများနှင့် ဌာနအဖွဲ့အစည်းများအတွက် အမှန်တကယ် လိုက်နာနိုင်သည့် ဥပဒေ ဖြစ်/မဖြစ် စိစစ်ရန်။

(ဂ) ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား(၂)ပါ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်လွှတ်တော် ဥပဒေပြု စာရင်းမှ အများပြည်သူအတွက် လိုအပ်မည့် ဥပဒေကြမ်းများရေးဆွဲပြဋ္ဌာန်းနိုင်ရေး အကြံပြုရန်။

(ဃ) ပြည်နယ်အတွင်း လက်ရှိတည်ဆဲ ဥပဒေများထဲမှ ဖြည့်စွက်ပြုပြင် ပယ်ဖျက်သင့်သည့် အကြောင်းအရာ ပုဒ်မများကို ရွေးချယ်ပြီး အကြံပြုရန်။

၃။ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အောက်ပါအချက်များကို အခြေခံ၍ စိစစ်ရန်။





၆။ ကော်မရှင် အဖွဲ့ဝင်များသည်

(က) ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်လျှင် လွတ်လပ်စွာ ပြောဆို ဆွေးနွေးခွင့်နှင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်။

(ခ) ကော်မရှင်အဖွဲ့ဝင်အဖြစ်မှ နုတ်ထွက်ခွင့်ပြုရန် ခိုင်လုံသော အကျိုးအကြောင်းဖော်ပြလျက် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြနိုင်ခွင့် ရှိသည်။

**ကော်မရှင်၏ အခွင့်အရေး**

၇။ ကော်မရှင်အဖွဲ့ဝင်များသည် ကော်မရှင်လုပ်ငန်း တာဝန်များကို ဆောင်ရွက်ရန်ဖြစ်စေ၊ အစည်းအဝေး တက်ရောက်ရန် ဖြစ်စေ၊ ပြည်နယ်လွှတ်တော်ရုံးတွင် ရောက်ရှိနေစဉ်၌ လည်းကောင်း၊ တာဝန်အရ ခရီးသွားရာ တွင်လည်းကောင်း ယင်းတို့နှင့်သက်ဆိုင်သည့် ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာ ဥပဒေပါ ရပိုင်ခွင့်များကို ခံစားခွင့် ရှိသည့်အပြင် လွှတ်တော်က သတ်မှတ်သည့်ရပိုင်ခွင့်များကိုလည်း ခံစားခွင့် ရှိသည်။

၈။ ကော်မရှင်အဖွဲ့ဝင်များသည်

(က) ကော်မတီအစည်းအဝေးများတွင် တင်ပြ ဆွေးနွေးချက်နှင့် စပ်လျဉ်း၍ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေမှအပ အခြားဥပဒေမှ အရေးယူခံရခြင်းမှ ကင်းလွတ်ခွင့် ရှိသည်။

(ခ) ကော်မရှင်အစည်းအဝေး တက်ရောက်နေစဉ် ကာလအတွင်းသက်ဆိုင်ရာအဖွဲ့၏ အကြီးအမှူးမှ တစ်ဆင့် ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ၏ကြိုတင် ခွင့်ပြုချက် မရရှိပါက ဖမ်းဆီးခြင်းမှ ကင်းလွတ်ခွင့် ရှိသည်။

(ဂ) ပြစ်မှုဆိုင်ရာ တစ်ရပ်ရပ်ဖြင့် ဖမ်းဆီးခြင်း ခံရပါက ပြစ်ဒဏ်စီရင်ခြင်းမခံရမီ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ကော်မတီ အစည်းအဝေး ကို တက်ရောက်ခွင့်ရှိသည်ဟု ဆိုပြီးတော့ ဖော်ပြထားပါတယ်။

**ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ အာမခံချက်များ၊ တာဝန်ခံချက်များ၊ ကတိများ စိစစ်ရေးကော်မတီ**

(၁) ဦးဝင်းမြင့် — ဥက္ကဋ္ဌ
အင်းတိုင်းရင်းသားရေးရာဝန်ကြီး

(၂) ဦးစိုင်းလိတ် — အဖွဲ့ဝင်
နမ့်စန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)

(၃) ဦးစိုင်းစံဖေ — အဖွဲ့ဝင်
မိုင်းရယ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)

(၄) ဒေါ်နန်းကိန်ခမ်း — အဖွဲ့ဝင်
မိုင်းယန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)

(၅) ဦးခွန်အောင်နိုင်ဦး — အတွင်းရေးမှူး
ပင်လောင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)

တို့ဖြစ်ပါတယ်။



D/real(wide) (2



(က) နိုင်ငံတော်က ချမှတ်ထားသော မူဝါဒ ဦးတည်ချက်များနှင့် ညီညွတ်မှု ရှိ/မရှိ။

(ခ) ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့် တည်ဆဲဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှု ရှိ/မရှိ။

(ဂ) နိုင်ငံတော်နှင့် အများပြည်သူတို့၏ အကျိုးစီးပွားကို အလေးထားပြီး ကာကွယ်စောင့် ရှောက်ရေးကို ဦးတည်ခြင်း ရှိ/မရှိ။

(ဃ) နိုင်ငံတော် တည်တံ့ခိုင်မြဲရေးနှင့် လုံခြုံရေးကို အန္တရာယ်ပြု ထိပါးစေမည့် အချက်များပါ ဝင်ခြင်း ရှိ/မရှိ။

(င) နိုင်ငံတော်၏ ပကတိအခြေအနေများကို လိုက်လျောညီထွေမှု ရှိ/မရှိ။

(စ) အများပြည်သူ၏ လုံခြုံရေးနှင့် ပစ္စည်းလုံခြုံရေးကို ထိခိုက်ခြင်း ရှိ/မရှိ။

(ဆ) တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို ထိခိုက် ပျက်ပြားစေသည့် အရေးအသား အသုံးအနှုန်းများ။

**ကော်မရှင်၏လုပ်ပိုင်ခွင့်**

၄။ ကော်မရှင် အစည်းအဝေးများကို တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ပုဒ်မ(၆၃)ပါ ပြဋ္ဌာန်းချက် များနှင့်အညီ ကျင်းပရမည်။

၅။ ကော်မရှင်၏ အစီရင်ခံစာပါ တင်ပြခြင်းနှင့် ပတ်သက်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေပုဒ်မ (၆၄)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌထံတင်ပြရမည်။

**ကော်မတီ၏သက်တမ်း**

၁။ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌသည် ကော်မတီဝင်များ၏ သက်တမ်း(၁)နှစ် ပြည့်မြောက်သည့်အခါမှာ ပြန်လည်သုံးသပ်၍ လိုအပ်ပါက သင့်လျော်သလို လဲလှယ်အစားထိုး တာဝန်ပေးအပ်နိုင်သည်။

**ကော်မတီ၏တာဝန်**

၂။ ကော်မတီသည် ပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ တင်သွင်းသော ဥပဒေကြမ်း ဆုံးဖြတ်ချက် အဆို(သို့မဟုတ်) အစီရင်ခံစာများနှင့် စပ်လျဉ်း၍လည်းကောင်း၊ ပြည်နယ် လွှတ်တော်တွင် ဖြေကြားပြီးသော မေးခွန်းများနှင့် စပ်လျဉ်း၍လည်းကောင်း ကတိပြုခဲ့သော အာမခံချက်များနှင့် ပတ်သက်၍လည်းကောင်း စိစစ်ရမည်။

၃။ ကော်မတီသည် အောက်ပါအချက်များနှင့် စပ်လျဉ်း၍ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌသို့ တင်ပြရမည်-

(က) ပြည်နယ်အစိုးရက ၎င်း၏အာမခံချက်များ ကတိများ၊ တာဝန်ခံချက်များကို မည်သည့် အခြေအနေထိအကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးကြောင်း။

(ခ) အဆိုပါ အာမခံချက်များ၊ ကတိများ၊ တာဝန်ခံချက်များကို ပြည်နယ်အစိုးရကဆောင်ရွက်ပြီးလျှင် ထိုသို့ဆောင်ရွက်ခြင်းမှာ သတ်မှတ်သည့် ကာလအတွင်း ဆောင်ရွက်ခြင်း ရှိ/မရှိနှင့် မူလသတ်မှတ်ချက်အတိုင်း ပြီးစီးမှု ရှိ/မရှိ။

၄။ အပိုဒ်(၃)ပါကိစ္စရပ်များနှင့် စပ်လျဉ်း၍ ထိရောက်မှန်ကန်စွာ ဆောင်ရွက်ထားခြင်း ရှိ/မရှိလိုအပ်သည့် နေရာဒေသများသို့ သွားရောက်စစ်ဆေးနိုင်သည်။





၈။ ကော်မရှင်အဖွဲ့ဝင်များသည်

(က) ကော်မတီအစည်းအဝေးများတွင် တင်ပြ ဆွေးနွေးချက်နှင့် စပ်လျဉ်း၍ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေမှအပ အခြား ဥပဒေမှ အရေးယူခံရခြင်းမှကင်းလွတ်ခွင့် ရှိသည်။

(ခ) ကော်မရှင်အစည်းအဝေး တက်ရောက်နေစဉ် ကာလအတွင်း သက်ဆိုင်ရာအဖွဲ့၏ အကြီးအမှူးမှ တစ်ဆင့် ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက် မရရှိပါက ဖမ်းဆီးခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

(ဂ) ပြစ်မှုဆိုင်ရာ တစ်ရပ်ရပ်ဖြင့် ဖမ်းဆီးခြင်း ခံရပါက ပြစ်ဒဏ်စီရင်ခြင်းမခံရမီ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ကော်မတီ အစည်းအဝေးကို တက်ရောက်ခွင့် ရှိသည်ဟု ဆိုပြီးတော့ ဖော်ပြထားပါတယ်။

**ဘတ်ဂျက်စိစစ်ရေးကော်မတီ**

(၁) ဦးစိုင်းအိုက်အေး — ဥက္ကဋ္ဌ
လင်းခေးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)

(၂) ဦးသိန်းထွန်း — အဖွဲ့ဝင်
ရွာငံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)

(၃) ဦးမိုင်းအုဏ်းခိုင် — အဖွဲ့ဝင်
မန်တုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)

(၄) ဦးစိုင်းဆန်စိန် — အဖွဲ့ဝင်
တန့်ယန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)

(၅) ဦးထွန်းရင် — အတွင်းရေးမှူး
ကွမ်းလုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)

ဖြစ်ပါတယ်။

**ကော်မတီ၏သက်တမ်း**

၁။ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌသည် ကော်မတီဝင်များ၏ သက်တမ်းတစ်နှစ် ပြည့်မြောက်သည့်အခါ ပြန်လည်သုံးသပ်ပြီး လိုအပ်ပါက သင့်လျော်သလို လဲလှယ်အစားထိုး တာဝန်ပေးအပ်နိုင်သည်။

**ကော်မတီ၏တာဝန်**

၂။ ကော်မတီသည် -

(က) ပြည်နယ်လွှတ်တော်က ခွင့်ပြုထားသောငွေကို ထိရောက်မှန်ကန်စွာ သုံးစွဲခြင်း ရှိ/မရှိ စစ်ဆေးရမည်။ စစ်ဆေးနိုင်ရေးအတွက် လိုအပ်သည့် လုပ်ငန်းဌာနများသို့ သွားရောက်စစ်ဆေးနိုင်သည်။

(ခ) ပြည်နယ်လွှတ်တော်၏ဆုံးဖြတ်ချက်အရ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးအပ်ခြင်းဖြစ်လျှင် လိုအပ်သလိုစိစစ်၍ ကော်မတီ၏ တွေ့ရှိချက်နှင့် သဘောထားမှတ်ချက်ကို ပြည်နယ်လွှတ်တော်အစည်းအဝေးသို့ ပြန်လည်တင်ပြရမည်။

(ဂ) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တစ်ဦး၏ တင်ပြချက်အရ စိစစ်ရန်လိုအပ်သည်ဟု ပြည်နယ်လွှတ်တော်ကဆုံးဖြတ်၍ တာဝန်ပေးအပ်ခြင်းဖြစ်လျှင် လိုအပ်သလိုစိစစ်၍ ကော်မတီ၏ တွေ့ရှိချက်နှင့် သဘောထားမှတ်ချက်ကို ပြည်နယ်လွှတ်တော် အစည်းအဝေးသို့ ပြန်လည်တင်ပြရမည်။





၅။ သက်ဆိုင်ရာ ဌာနအဖွဲ့အစည်းများနှင့် ညှိနှိုင်းပြီး ဖြေကြားနိုင်သည့် တာဝန်ရှိပုဂ္ဂိုလ်များအား ဖိတ်ကြား၍ ဆွေးနွေးမေးမြန်းနိုင်သည်။

၆။ ကော်မတီအစည်းအဝေးတွင် ကော်မတီဝင် တစ်ဦးဦး ပြောဆိုသော (သို့မဟုတ်) ပြုလုပ်သော ကိစ္စကို သော်လည်းကောင်း၊ ကော်မတီဆွေးနွေးခဲ့သော ဆွေးနွေးချက်များကိုလည်းကောင်း ပြင်ပသို့ ပေါက်ကြားခြင်း မရှိစေရ။ ကော်မတီအစည်းအဝေး မှတ်တမ်းတွင် ဆွေးနွေးချက်များ အားလုံးကို အသေးစိတ်မှတ်တမ်းတင်၍ ကော်မတီက အတည်ပြုထားရမည်ယင်းအစည်းအဝေး မှတ်တမ်းကို ဖြန့်ဝေခြင်းမပြုရ။ ပြည်နယ်လွှတ်တော်သို့ ပေးပို့သော အစီရင်ခံစာမိတ္တူကို အစည်းအဝေး မှတ်တမ်းနှင့်အတူ ပူးတွဲ၍ အမှုတွဲအဖြစ် တစ်ပေါင်းတည်း ထိန်းသိမ်းထားနိုင်ရန် လွှတ်တော်သို့ ပေးပို့ရမည် ဟူ၍ဖြစ်ပါတယ်။

**ကော်မရှင်၏ အခွင့်အရေး**

၇။ ကော်မရှင်အဖွဲ့ဝင်များသည် ကော်မရှင်လုပ်ငန်း တာဝန်များကို ဆောင်ရွက်ရန်ဖြစ်စေ၊ အစည်းအဝေး တက်ရောက်ရန် ဖြစ်စေ၊ ပြည်နယ်လွှတ်တော်ရုံးတွင် ရောက်ရှိနေစဉ်၌ လည်းကောင်း၊ တာဝန်အရ ခရီးသွားရာ တွင်လည်းကောင်း ယင်းတို့နှင့် သက်ဆိုင်သည့် ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာ ဥပဒေပါ ရပိုင်ခွင့်များကို ခံစားခွင့် ရှိသည့်အပြင် လွှတ်တော်က သတ်မှတ်သည့် ရပိုင်ခွင့်များကိုလည်း ခံစားခွင့်ရှိသည်။

(ဃ) သက်ဆိုင်ရာဌာန၊အဖွဲ့အစည်းတို့နှင့် ညှိနှိုင်းပြီး ဖြေကြားနိုင်သည့် ပုဂ္ဂိုလ်များအား ဖိတ်ကြား၍ မေးမြန်းဆွေးနွေးနိုင်သည်။

၃။ ကော်မတီအစည်းအဝေးတွင် ကော်မတီတစ်ဦး ပြောဆိုသော သို့မဟုတ် ပြုလုပ်သော ကိစ္စကိုသော်လည်းကောင်း၊ ကော်မတီဆွေးနွေးသော ဆွေးနွေးချက်များကို လည်းကောင်း၊ ပြင်ပသို့ ပေါက်ကြားခြင်းမရှိစေရ။ ကော်မတီအစည်းအဝေး မှတ်တမ်းတွင် ဆွေးနွေးချက်အားလုံးကို အသေးစိတ် မှတ်တမ်း တင်၍ ကော်မတီက အတည်ပြုထားရမည်။ ယင်းအစည်းအဝေး မှတ်တမ်းကို ဖြန့်ဝေခြင်းမပြုရ။ ပြည်နယ် လွှတ်တော်သို့ ပေးပို့သော အစီရင်ခံစာမိတ္တူကို အစည်းအဝေးမှတ်တမ်းများနှင့်အတူပူးတွဲ၍ အမှုတွဲအဖြစ် တပေါင်းတည်း ထိန်းသိမ်းထားနိုင်ရန် လွှတ်တော်သို့ ပေးပို့ရမည်။

**ကော်မတီ၏လုပ်ပိုင်ခွင့်**

၄။ ကော်မတီအစည်းအဝေးများကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေပုဒ်မ ၆၃ပါ ပြဋ္ဌာန်းချက်များ နှင့်အညီ ကျင်းပရမည်။

၅။ ကော်မတီ၏ အစီရင်ခံစာတင်ပြခြင်းနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ပုဒ်မ ၆၄ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြရမည်။

၆။ ကော်မတီဝင်များသည် -

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်လျှင် လွတ်လပ်စွာပြောဆို ဆွေးနွေးခွင့် နှင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်။





တိုင်ကြားစာများ စိစစ်ရေးကော်မတီ-

(၁) ဦးခွန်ဟန်သိန်းဦး ဥက္ကဋ္ဌ
မောက်မယ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)

(၂) ဦးစိုင်းသန်းမောင် အဖွဲ့ဝင်
ကျောက်မဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)

(၃) ဦးစိုင်းစံအေး အဖွဲ့ဝင်
သိန္နီမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)

(၄) ဦးစိုင်းအောင်ခမ်း အဖွဲ့ဝင်
မိုင်းပန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)

(၅) ဦးစိုင်းသူရိန်ဦး အတွင်းရေးမှူး
နမ့်စန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)

ဖြစ်ပါတယ်။

**ကော်မတီ၏သက်တမ်း**

၁။ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌသည် ကော်မတီဝင်များ၏ သက်တမ်းတစ်နှစ်ပြည့်မြောက်သည့်အခါ ပြန်လည်သုံးသပ်ပြီး လိုအပ်ပါက သင့်လျော်သလို လဲလှယ်အစားထိုး တာဝန်ပေး အပ်နိုင်သည်။

**ကော်မတီ၏တာဝန်**

၂။ ကော်မတီသည် -

(က) ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌထံ လိပ်မူ၍ တိုင်ကြား လာသည့် ကိစ္စရပ်များအားစိစစ်ရန် ပြည်နယ် လွှတ်တော် ဥက္ကဋ္ဌက တာဝန်ပေးအပ်လျှင် လိုအပ်သလိုစိစစ်၍ ကော်မတီ၏တွေ့ရှိချက်နှင့် သဘောထားမှတ်ချက်တို့ကို ပြည်နယ်လွှတ် ဥက္ကဋ္ဌထံ ပြန်လည်တင်ပြရမည်။



D/real(wide) (2

(ခ) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တစ်ဦး၏ တိုင်ကြားချက်အရ စိစစ်ရန်လိုအပ်သည်ဟု ပြည်နယ်လွှတ်တော်ကဆုံးဖြတ်၍ တာဝန်ပေးအပ်ခြင်း ဖြစ်လျှင် လိုအပ်သလိုစိစစ်၍ ကော်မတီ၏တွေ့ရှိချက်နှင့် သဘောထားမှတ်ချက်ကို ပြည်နယ်လွှတ်တော် အစည်းအဝေးသို့ ပြန်လည်တင်ပြရမည်။

(ဂ) သက်ဆိုင်ရာဌာန၊အဖွဲ့အစည်းတို့နှင့် ညှိနှိုင်းပြီး ဖြေကြားနိုင်သည့် ပုဂ္ဂိုလ်များအား ဖိတ်ကြား၍ မေးမြန်းဆွေးနွေးနိုင်သည်။

၃။ ကော်မတီအစည်းအဝေးတွင် ကော်မတီတစ်ဦး ပြောဆိုသော သို့မဟုတ် ပြုလုပ်သော ကိစ္စကိုသော်လည်းကောင်း၊ ကော်မတီဆွေးနွေးသော ဆွေးနွေးချက်များကိုလည်းကောင်း၊ ပြင်ပသို့ ပေါက်ကြားခြင်းမရှိစေရ။ ကော်မတီအစည်းအဝေးမှတ်တမ်းတွင် ဆွေးနွေးချက်အားလုံးကို အသေးစိတ် မှတ်တမ်းတင်၍ ကော်မတီက အတည်ပြုထားရမည်။ ယင်းအစည်းအဝေးမှတ်တမ်းကို ဖြန့်ဝေခြင်းမပြုရ။ ပြည်နယ်လွှတ်တော်သို့ ပေးပို့သော အစီရင်ခံစာမိတ္တူကို အစည်းအဝေးမှတ်တမ်းများနှင့်အတူ ပူးတွဲ၍ အမှုတွဲအဖြစ် တပေါင်းတည်း ထိန်းသိမ်းထားနိုင်ရန် လွှတ်တော်သို့ ပေးပို့ရမည်။

**ကော်မတီ၏လုပ်ပိုင်ခွင့်**

၄။ ကော်မတီအစည်းအဝေးများကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေပုဒ်မ ၆၃ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကျင်းပရမည်။



D/real(wide) (2



(ခ) ကော်မတီဝင်အဖြစ်မှ နုတ်ထွက်ခွင့်ပြုရန် ခိုင်လုံသော အကျိုးအကြောင်းဖော်ပြလျက် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြနိုင်ခွင့်ရှိသည်။

**ကော်မတီ၏ ရပိုင်ခွင့်**

၇။ ကော်မတီဝင်များသည် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ဖြစ်သည့်အားလျော်စွာ ကော်မတီလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန်ဖြစ်စေ၊ အစည်းအဝေးတက်ရောက်ရန် ဖြစ်စေ၊ ကော်မတီရုံးစိုက်ရာဒေသတွင် ရောက်ရှိနေစဉ်၌လည်းကောင်း၊ တာဝန်အရ ခရီးသွားရာ၌လည်းကောင်း ယင်းတို့နှင့် သက်ဆိုင်သည့် ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာ ဥပဒေပါရပိုင်ခွင့်များကို ခံစားခွင့်ရှိသည့်အပြင် လွှတ်တော်က သတ်မှတ်သည့် ရပိုင်ခွင့်များကိုလည်း ခံစားခွင့်ရှိသည်။

၈။ ကော်မတီဝင်များသည် -

(က) ကော်မတီအစည်းအဝေးများတွင် တင်ပြဆွေးနွေးချက်နှင့် စပ်လျဉ်း၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေမှအပ၊ အခြားဥပဒေအရ အရေးယူခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

(ခ) ကော်မတီအစည်းအဝေးများ တက်ရောက်နေစဉ်အတွင်း သက်ဆိုင်ရာအဖွဲ့၏ အကြီးအမှူးမှ တဆင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၏ ကြိုတင် ခွင့်ပြုချက်မရရှိပါက ဖမ်းဆီးခံရခြင်းမှ ကင်းလွတ်ခွင့် ရှိသည်။

၅။ ကော်မတီ၏ အစီရင်ခံစာတင်ပြခြင်းနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေပုဒ်မ ၆၄ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြရမည်။

၆။ ကော်မတီဝင်များသည် -

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်လျှင် လွတ်လပ်စွာပြောဆို ဆွေးနွေးခွင့်နှင့် ဆန္ဒမဲ ပေးပိုင်ခွင့်ရှိသည်။

(ခ) ကော်မတီဝင်အဖြစ်မှ နှုတ်ထွက်ခွင့်ပြုရန် ခိုင်လုံသော အကျိုးအကြောင်းဖော်ပြလျက် ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြနိုင်ခွင့်ရှိသည်။

**ကော်မတီ၏ ရပိုင်ခွင့်**

၇။ ကော်မတီဝင်များသည် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များဖြစ်သည့်အားလျော်စွာ ကော်မတီလုပ်ငန်း တာဝန်များကို ဆောင်ရွက်ရန်ဖြစ်စေ၊ အစည်းအဝေး တက်ရောက်ရန် ဖြစ်စေ၊ ကော်မတီရုံးစိုက်ရာ ဒေသတွင် ရောက်ရှိနေစဉ်၌လည်းကောင်း၊ တာဝန်အရ ခရီးသွားရာ၌ လည်းကောင်း ယင်းတို့နှင့် သက်ဆိုင်သည့် ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာ ဥပဒေပါရပိုင်ခွင့်များကို ခံစားခွင့်ခံစားခွင့် ရှိသည့်အပြင် လွှတ်တော်က သတ်မှတ်သည့် ရပိုင်ခွင့်များကိုလည်း ခံစားခွင့်ရှိသည်။





## ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ပညာရေး၊ ကျန်းမာရေး၊ အားကစားဆိုင်ရာ လူမှုရေး ကဏ္ဍများ ဆောင်ရွက်ထားရှိမှု အခြေအနေအား လွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၉)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်အရ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ပညာရေး၊ ကျန်းမာရေး၊ အားကစားဆိုင်ရာ လူမှုရေးကဏ္ဍများ ဆောင်ရွက်ထားရှိမှုအား လွှတ်တော်သို့ ပေးပို့လာပါတယ်။

သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးကရှင်းလင်း တင်ပြပေးပါရန် ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် လူမှုရေး ကဏ္ဍဆိုင်ရာ အချက်အလက်များနှင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ပထမ(၆)လပတ် ဆောင်ရွက်ချက် အစီရင်ခံစာများကို အကျဉ်းချုံးပြီး တင်ပြသွားမှာ ဖြစ်ပါတယ်။

ပညာရေးကဏ္ဍအနေနှင့် တင်ပြရမည်ဆိုလျှင် ၂၀၁၂-၂၀၁၃ ပညာသင်နှစ်မှာ စုစုပေါင်း ကျောင်းသား/ ကျောင်းသူ (၇၄၃၇၆၂)ဦး ရှိခဲ့ပြီးတော့ ဒီ၂၀၁၃-၂၀၁၄ ပညာသင်နှစ်မှာ ကျောင်းသား၊ ကျောင်းသူပေါင်း (၇၇၀၈၃၀)ဦး ရှိကြောင်း တင်ပြအပ်ပါတယ်။ ကျောင်းများဖွင့်လှစ်နိုင်မှု အခြေအနေမှာ ပြီးခဲ့တဲ့စာသင်နှစ်မှာ အခြေခံပညာ အထက်တန်းကျောင်း

(၁၇၂)ကျောင်း အပါအဝင် စုစုပေါင်းကျောင်းပေါင်း (၅၂၁၉)ကျောင်း ဖွင့်လှစ် ပညာသင်ကြားပေး ခဲ့ပါတယ်။

၂၀၁၃-၂၀၁၄ ပညာသင်နှစ်အတွင်း ကျောင်းအဆင့်တိုး ရရှိမှုအနေနှင့်ဆိုလျှင် အထက်တန်းကျောင်း (၂၆)ကျောင်း၊ အထက်တန်းကျောင်းခွဲ (၃၁)ကျောင်း၊ အလယ်တန်းကျောင်း(၁၇) ကျောင်း၊ အလယ်တန်းကျောင်းခွဲ (၇၆)ကျောင်း၊ မူလတန်းလွန်ကျောင်း (၅၄)ကျောင်း၊ မူလတန်းကျောင်း (၂၉၄)ကျောင်း၊ မူလတန်းကျောင်းခွဲ (၃၂၄)ကျောင်းနှင့် မူလတန်းကျောင်းခွဲ (၅)ကျောင်း အပါအဝင် စုစုပေါင်း အဆင့်တိုးမြှင့်ဖွင့်လှစ်ခွင့် ရရှိခဲ့တဲ့ ကျောင်းစုစုပေါင်းမှာ (၈၃၇)ကျောင်း ဖြစ်ပါတယ်။

ဒီတိုးမြှင့်ဖွင့်လှစ်ခွင့်ရှိတဲ့ကျောင်းများကို ပြန်ပေါင်းမည်ဆိုလျှင် ၂၀၁၃-၂၀၁၄ ပညာသင်နှစ်မှာ အထက်တန်းကျောင်း (၁၉၈)ကျောင်း အပါအဝင် စုစုပေါင်းကျောင်းပေါင်း (၅၃၉၉)ကျောင်း ဖွင့်လှစ်နိုင်ခဲ့ပါကြောင်း တင်ပြအပ်ပါတယ်။ ဆရာ/ဆရာမများ အခြေအနေကို တင်ပြရမည်ဆိုလျှင် ပြီးခဲ့သည့် စာသင်နှစ်မှာ ဆရာ/ဆရာမများ စုစုပေါင်း (၂၄၃၇၁)ဦး ရှိခဲ့ပြီး အမှတ်(၂)အခြေခံပညာဦးစီးဌာန၊ မန္တလေးရဲ့ နေ့စားလပေး ဝန်ထမ်းခန့်ထားရာမှာ နေ့စား၊ လပေးခန့်ထားမည့် ဆရာ/ဆရာမများကို ရွေးချယ်ရာတွင် ရမှတ်ကြီးစဉ်အလိုက် ရေးဖြေရမှတ်(၁၀)မှတ်နှင့် အထက်ရသူများမှ ကျား/မ သီးသန့်စီပြီး တစ်ဝက်စီအချိုးညီ ရွေးချယ်ရန်။

ဒေသခံများကို ဦးစားပေးရွေးချယ်ရန်နှင့် လစာ(၂)ဆ ရသည့်ဒေသများတွင် ရေးဖြေရမှတ်(၅)မှတ်နှင့် အထက်ရသူများ ကိုသာ ရွေးချယ်ရာတွင် ထည့်သွင်းရန်။ နေ့စား၊ လပေး ဆရာ/ဆရာမများ ရွေးချယ်ရာတွင် မိဘခန့် ဆရာ/ဆရာမများမှ ဘွဲ့ရသူများကို ကျောင်းအဆင့် **C,D** နှင့် **E** နေရာများတွင်





၈။ ကော်မတီဝင်များသည် -

(က) ကော်မတီအစည်းအဝေးများတွင် တင်ပြဆွေးနွေးချက်နှင့် စပ်လျဉ်း၍ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေမှအပ၊ အခြားဥပဒေအရ အရေးယူခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

(ခ) ကော်မတီအစည်းအဝေးများ တက်ရောက်နေစဉ်အတွင်း သက်ဆိုင်ရာအဖွဲ့၏ အကြီးအမှူးမှ တဆင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက် မရရှိပါက ဖမ်းဆီးခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

(ဂ) ပြစ်မှုတစ်ရပ်ရပ်ဖြင့် ဖမ်းဆီးခြင်းခံရပါက ပြစ်ဒဏ်စီရင်ခြင်းမခံရမီ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ကော်မတီအစည်းအဝေးများသို့ တက်ရောက်ခွင့်ရှိသည်။

ဒါကြောင့်ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုကျွန်တော်တင်ပြသည့် ကော်မရှင်(၁)ခုနှင့် ကော်မတီ(၃)ခု၏ ဖွဲ့စည်းမှု၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်များနှင့် စပ်လျဉ်းပြီး လွှတ်တော်ရဲ့ သဘောတူညီချက်ကို ရယူမှာ ဖြစ်ပါတယ်။ ကော်မရှင် (၁)ခုနှင့် ကော်မတီ(၃)ခုနှင့် စပ်လျဉ်းပြီး လွှတ်တော်က သဘောတူပါသလားခင်ဗျား။ **[ သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။ ]**

လွှတ်တော်က သဘောတူတဲ့အတွက် ကော်မရှင်နှင့် ကော်မတီ၏ ဖွဲ့စည်းမှုများသည် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။

ခန့်ထားပြီးမှ ကျန်ရှိနေရာများကို စာမေးပွဲဖြေဆိုသူများအား ရမှတ်ကြီးစဉ်အရ တန်းစီခန့်ထားရန်။ စာမေးပွဲဖြေဆိုသူများထဲမှ မဟာဘွဲ့ရသူများအား ဆရာလိုအပ်နေသည့် ကျောင်းတည်နေရာ အဆင့် **C,D** နှင့် **E** ရှိအထက်တန်းနှင့် အထက်တန်းကျောင်းခွဲများတွင် နေ့စားလပေးများအဖြစ် ခန့်အပ်ရန်။ အောက်ခြေဝန်ထမ်း နေ့စား၊ လပေးခန့်ထားရာတွင် ဒေသခံများကိုသာ ခန့်ထားရန်နှင့် လိုအပ်သည့်နေရာအား မခန့်ထားနိုင်သော်လည်း ပြည်နယ်တိုင်းခြား လျှောက်ထားသူများအား ယခုခန့်ထားရာတွင် ထည့်သွင်းခြင်း မပြုရန်။

သွားလာရေးအလွန် ခက်ခဲသည့် ဒေသများဖြစ်ပါက ဒေသခံများထပ်မံ ခေါ်ယူပါရန်။ ပြည်နယ်ပညာရေး ညွှန်ကြားရေးမှူး၊ တောင်ကြီး၊ ပြည်နယ်ပညာရေး ဒုတိယ ညွှန်ကြားရေးမှူး၊ လားရှိုး၊ ကျိုင်းတုံများမှ အထက်ဖော်ပြပါ အတိုင်းလိုက်နာဆောင်ရွက်ရန် အမှတ်(၂) အခြေခံပညာဦးစီးဌာနမှ ညွှန်ကြားခဲ့ပါတယ်။ အထက်ပါ ညွှန်ကြားချက်များအရ နေ့စား၊ လပေးများ ခန့်ထားခဲ့မှု အခြေအနေမှာ ရှမ်းပြည်နယ်အနေနဲ့ မူလတန်းပြ (၃၇၂၂)ဦး၊ စာရေးအဆင့်(၁) (၃၁၀)ဦး၊ ခါတ်ခွဲကျွမ်းကျင်(၃) (၁၂၂)ဦး၊ အထွေထွေလုပ်သား (၁၁၀၇)ဦး၊ အောက်ခြေဝန်ထမ်း (၇၉၀)ဦး အပါအဝင် စုစုပေါင်း(၆၀၅၁)ဦး ခန့်ထားပေးနိုင်ခဲ့ကြောင်း တင်ပြအပ်ပါတယ်။

ဒေသအလိုက် ခန့်ထားမှုဖြစ်ပါတယ်။ ရှမ်းပြည်နယ် အတွင်းမှာ စုစုပေါင်း (၂၅၄၃)ဦး၊ ရှမ်းပြည်နယ် မြောက်ပိုင်းဒေသမှာ (၂၉၆၉)ဦး၊ ရှမ်းပြည်နယ် အရှေ့ပိုင်းဒေသမှာ (၅၃၉)ဦး ခန့်ထားပေးခဲ့ကြောင်း တင်ပြအပ်ပါတယ်။ ယခု ၂၀၁၃-၂၀၁၄ ပညာသင်နှစ်မှာ ရှမ်းပြည်နယ်ရဲ့ ဆရာ/ဆရာမ စုစုပေါင်းဟာ (၂၇၉၈၂)ဦး ရှိကြောင်း တင်ပြအပ်ပါတယ်။



D/real(wide) (2



မူလတန်းဆရာ အတတ် သင်(၃)နှစ် သင်တန်းအမှတ်စဉ်(၄၅)ကို ရှမ်းပြည်နယ်ကနေ တက်ရောက်ခွင့်ရှိခဲ့တဲ့ ကျောင်းသား/ ကျောင်းသူများ စာရင်းဖြစ်ပါတယ်။

ဒီမှာလည်း အတူတူပဲဖြစ်ပါတယ်။ ရှမ်းပြည်နယ် တစ်ခုလုံးအနေဖြင့် ကျား(၂၄)ဦးနှင့် မ(၁၆)ဦး စုစုပေါင်း (၄၀)ပဲ ရရှိခဲ့ကြောင်း တင်ပြအပ်ပါတယ်။ ပညာရေးဝန်ကြီးဌာန ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန လားရှိုးပညာရေး ကောလိပ်ဖွင့်လှစ်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက် ရှိတဲ့အခြေအနေများကို တင်ပြသွားမှာ ဖြစ်ပါတယ်။ ရှမ်းပြည်နယ် လားရှိုးဒေသမှာ ဒေသခံများအတွက် ရည်ရွယ်ပြီး လားရှိုးမြို့မှာ ပညာရေးကောလိပ် အသစ်(၁)ကျောင်း ဖွင့်လှစ်နိုင်ရန် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကြူ လားရှိုးမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)ကနေ နိုင်ငံတော်သမ္မတရုံးထံ တင်ပြချက်အရ နိုင်ငံတော်ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းရဲ့ သဘောထားမှတ်ချက်ဖြင့် ပြည်ထောင်စုဝန်ကြီးဌာနမှ လိုအပ်ချက်များ ညှိနှိုင်းဆောင်ရွက်ပေးရန် အကြောင်းကြားခဲ့ပါတယ်။

ပညာရေးဝန်ကြီးဌာနမှ လားရှိုးမြို့မှာ ပညာရေးကောလိပ် ဖွင့်လှစ်ခွင့် ရရှိရေးအတွက် အဆိုပြုနေရာ (၂)နေရာအား တင်ပြအတည်ပြုချက် ရယူခဲ့ရာမှာ ယခင်ကွန်ပျူတာတက္ကသိုလ် အဟောင်းမြေ (၅၃)ဧက အကျယ် နမ္မတူလမ်းမကြီး မြောက်ဘက်ဘေး နမ့်ပါချီးရပ်ကွက်မှာရှိတဲ့ နေရာအား ရွေးချယ် အတည်ပြု ပေးခဲ့ပြီးတော့ ဖွင့်လှစ် နိုင်ရေးအတွက် ကြိုတင်ဖြည့်ဆည်းဆောင်ရွက်ရမည့် အဆိုပြုလုပ်ငန်းစဉ် (၉)ခုနှင့် အတူ ထောက်ခံ တင်ပြပေး ခဲ့ပါတယ်။ နိုင်ငံတော်သမ္မတရုံးကနေ လုပ်ထုံးလုပ်နည်းအတိုင်း ဆောင်ရွက်သွားရန်နှင့်

ဆောင်ရွက်ပြီးစီးမှုကို ပြန်လည်တင်ပြရန် လားရှိုးပညာရေးကောလိပ်အသစ် တိုးချဲ့ဖွင့်လှစ်နိုင်ရေးအတွက် ဖွဲ့စည်းပုံ ရေးဆွဲပြုစုရန် အကြောင်းကြားခဲ့ပါတယ်။

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ဝန်ကြီးရုံးမှ လားရှိုးပညာရေးကောလိပ် ဖွဲ့စည်းပုံအား ထောက်ခံပေးပို့ခဲ့သဖြင့် ပညာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးရဲ့ (၁၃-၇-၂၀၁၃) ရက်စွဲပါ အမိန့်ကြော်ငြာ စာဖြင့် လားရှိုးမှာ ပညာရေးကောလိပ်အသစ်(၁)ကျောင်းအား ဖွင့်လှစ်ခွင့်ပြုခဲ့ပါတယ်။ သို့ဖြစ်ပါ၍ လားရှိုးပညာရေးကောလိပ်အား ၂၀၁၃ခုနှစ် ဒီဇင်ဘာလမှာ သင်တန်းသား၊ သင်တန်းသူ(၂၀၀)ဦးဖြင့် စတင်ဖွင့်လှစ် သင်ကြားနိုင်ရန် လျာထားသတ်မှတ်ထားပါ၍ ပညာရေးဝန်ကြီးဌာန ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေး ဦးစီးဌာနရဲ့လမ်းညွှန်မှု ဒေသအာဏာပိုင်အဖွဲ့အစည်းများရဲ့ အနီးကပ်ကြီးကြပ်မှု၊ ဌာနဆိုင်ရာ အသီးသီးတို့ရဲ့ ကူညီမှုဖြင့် အချိန်မီဖွင့်လှစ်နိုင်ရေးအတွက် အဆောက်အဦများနှင့် ကျောင်းသုံး၊ ရုံးသုံးပရိဘောဂများကို ကြိုတင်စီမံ ဆောင်ရွက်ထားရှိပါကြောင်း။

ပထမအကြိမ်ရှမ်းပြည်နယ်လွှတ်တော် သတ္တမပုံမှန် အစည်းအဝေးသို့ တက်ရောက်လာကြသော ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ သိရှိဝမ်းမြောက်နိုင်ပါရန် တင်ပြအပ်ပါတယ်။ **[ပါဝါပွိုင့်ဖြင့် တင်ပြပါသည်။ ]**

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဆက်လက် ပြီးတော့ ၂၀၁၂-၂၀၁၃ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲမှာ ထူးချွန်စွာအောင်မြင်ခဲ့တဲ့ ကျောင်းသား/ ကျောင်းသူ များကို ရှမ်းပြည်နယ်အစိုးရအဖွဲ့က ဂုဏ်ပြုချီးမြှင့်ခဲ့တဲ့ အခြေအနေကို တင်ပြခြင်း ဖြစ်ပါတယ်။



D/real(wide) (2



၂၀၁၃-၂၀၁၄ ပညာသင်နှစ် ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေး တက္ကသိုလ်(စစ်ကိုင်း) ပညာရေးဘွဲ့၊ (၅)နှစ်သင်တန်း အမှတ်စဉ်(၂)သို့ ရှမ်းပြည်နယ်မှ တက်ရောက်ရန် ခွင့်ပြုခဲ့တဲ့ ကျောင်းသား/ကျောင်းသူများ စာရင်းဖြစ်ပါတယ်။ ရှမ်းပြည်နယ်တောင်ပိုင်းဒေသမှာ ဝိဇ္ဇာ ကျား(၁)၊ မ(၁)၊ သိပ္ပံ ကျား(၁)၊ မ(၁)၊ စုစုပေါင်း(၄)ဦးနှင့် အရန် ကျား(၁)၊ မ(၁) စုစုပေါင်း(၂)ဦး ဖြစ်ပါတယ်။ ရှမ်းမြောက်မှာလည်း အလားတူပဲ (၆)ဦး၊ ရှမ်းအရှေ့မှာ (၆)ဦး၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာ (၆)ဦး၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့် ရဒေသမှာ (၂)ဦး၊ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာ (၂)ဦး၊ “ဝ”ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းမှာ (၂)ဦးနှင့် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာ (၂)ဦး၊ စုစုပေါင်း ရှမ်းပြည်နယ်တစ်ခုလုံး အနေနှင့် (၄၈)ဦး ခွင့်ပြုခဲ့ပါတယ်။

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတွေမှာတော့ သက်ဆိုင်ရာ ဦးစီးကော်မတီ ဥက္ကဋ္ဌနှင့် သက်ဆိုင်ရာ မြို့နယ် ပညာရေးမှူးတို့က ရွေးချယ်ပေးခြင်း ဖြစ်ပြီးတော့ ရှမ်း/တောင်၊ ရှမ်း/မြောက်နှင့် ရှမ်း/ရှေ့ ကျန်တဲ့ဒေသကိုတော့ ကျွန်တော်ပါဝင်တဲ့ တွဲဖက်ပြည်နယ်ပညာရေး အနေဖြင့် ရွေးချယ်ခဲ့ခြင်း ဖြစ်ပါတယ်။ ဒီနေရာမှာ နည်းနည်းလေး တင်ပြရမည် ဆိုလျှင် ဥပမာ- ရှမ်းပြည်တောင်ပိုင်း မှာဆိုလျှင် စုစုပေါင်းမြို့နယ်က (၂၁)မြို့နယ် ရှိပါတယ်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ပအိုဝ်းနှင့် ဓနုမှာပါတဲ့ (၅)မြို့နယ်ကို ဖယ်လိုက်လျှင် စုစုပေါင်း (၁၆)မြို့နယ် ကျန်ပါတယ်။

အဲဒီ(၁၆)မြို့နယ်မှာမှ ကျွန်တော်တို့ ရတဲ့ခွဲတမ်းက (၆)ယောက်ပဲ ဖြစ်ပါတယ်။ အဲဒီ(၆)ယောက်ကို ဒေသစုံအောင် မြို့နယ်စုံအောင်၊ တိုင်းရင်းသားစုံအောင် စိစစ်ပြီး ရွေးချယ်ပေးနိုင်ခဲ့ပါကြောင်း တင်ပြအပ်ပါတယ်။ ၂၀၁၃-၂၀၁၄ ပညာသင်နှစ် ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေး တက္ကသိုလ်

(၆)ဘာသာ ဂုဏ်ထူးရှင် (၁)ဦးကို (၄)သိန်းနှုန်းဖြင့် စုစုပေါင်း(၂၇)ဦးကို ချီးမြှင့်ပေးခဲ့ပါတယ်။ (၅)ဘာသာဂုဏ်ထူး ရှင် (၁)ဦးကို (၂)သိန်းနှုန်းဖြင့် စုစုပေါင်း(၅၆)ဦး၊ (၄)ဘာသာ ဂုဏ်ထူးရှင်(၁)ဦးကို (၁)သိန်းနှုန်းဖြင့် စုစုပေါင်း (၉၅)ဦး (၃)ဘာသာဂုဏ်ထူးရှင် (၁၄၈)ဦးကို (၁)ဦးကို(၄)သောင်းနှုန်းဖြင့် ချီးမြှင့်ခဲ့ပါတယ်။

(၂)ဘာသာ ဂုဏ်ထူးရှင်များကို (၁)ဦးလျှင် (၂)သောင်းနှုန်းဖြင့် (၂၆၁)ဦးနှင့် (၁)ဘာသာ ဂုဏ်ထူးရှင် (၁)ဦးကို (၁)သောင်းနှုန်းဖြင့် (၁၀၅၄)ဦးအတွက် ချီးမြှင့်ခဲ့ပါတယ်။ စုစုပေါင်း ၂၀၁၂-၂၀၁၃ ပညာသင်နှစ်မှာ ရှမ်းပြည်နယ်အနေဖြင့် ဂုဏ်ထူးရ ကျောင်းသား (၁၆၄၁)ဦးကို ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ကျပ်(၆၅၈၅၂၀၀၀) ချီးမြှင့်ခဲ့ ပါကြောင်း တင်ပြအပ်ပါတယ်။ ၂၀၁၂-၂၀၁၃ ပညာသင်နှစ်အတွင်း ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ပညာရေးကဏ္ဍမှာ ပံ့ပိုးခဲ့မှုများကို တင်ပြခြင်း ဖြစ်ပါတယ်။ ပညာရေးကဏ္ဍအနေဖြင့် စုစုပေါင်း(၇၈၂၈၂၀၀၀)ကျပ် ပံ့ပိုးပေး နိုင်ခဲ့ကြောင်း တင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဆက်လက် ပြီးတော့ ကျန်းမာရေးကဏ္ဍဆိုင်ရာ အချက်အလက်များကို တင်ပြသွားမှာ ဖြစ်ပါတယ်။ ရှမ်းပြည်နယ်မှာ ခုတင်(၂၀၀)ဆံ့ ဆေးရုံ(၅)ရုံ အပါအဝင် စုစုပေါင်းဆေးရုံ(၁၅၂)ရုံ ကျေးလက်ကျန်းမာရေးဌာနခွဲ ဒေသန္တရ ကျန်းမာရေး ဌာန၊ ကျောင်းကျန်းမာရေးဌာန၊ မိခင်နှင့်ကလေး ကျန်းမာရေးဌာန၊ နပ်စပ်ဆေးပေးခန်းများ ဖွင့်လှစ်ပြီးတော့ ပြည်သူလူထုများရဲ့ ကျန်းမာရေး စောင့်ရှောက်မှု များကို ဆောင်ရွက်ပေးလျက် ရှိပါတယ်။





(နေပြည်တော်)မှ (၂၇-၂-၂၀၁၃) ရက်စွဲပါ စာအမှတ်ဖြင့် တောင်ကြီးဆေးတက္ကသိုလ် တည်ဆောက်မည့် မြေနေရာရရှိရေး ရှမ်းပြည်နယ်အစိုးရအဖွဲ့ဖြင့် ညှိနှိုင်းဆောင်ရွက် ခဲ့ပါတယ်။ (၄-၃-၂၀၁၃)ရက်နေ့မှာ ဒေါက်တာဖေသက်ခင်၊ ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေး ဝန်ကြီးဌာနနှင့် အဖွဲ့ဟာ တောင်ကြီးဆေးတက္ကသိုလ် ဆောက်လုပ်မည့် မြေနေရာအား လာရောက်ကြည့်ရှု စစ်ဆေးခဲ့ ပါတယ်။

ရှမ်းပြည်နယ် တောင်ကြီးမြို့ ဆေးတက္ကသိုလ် ဖွင့်လှစ် နိုင်ရေးအတွက် မြေနေရာ ရရှိရေးညှိနှိုင်းချက်အရ တောင်ကြီးမြို့၊ နောင်လေကျေးရွာအုပ်စုရှိ (၂၀. ၅၂)ဧက ကျယ်ဝန်းတဲ့ မြေနေရာဟာ တောင်ကြီးဘေးမဲ့ကြိုးဝိုင်း မြောက်ပိုင်းသစ်တောမြေ အဖြစ်မှ ပယ်ဖျက်ထားတဲ့ မြေရိုင်းအမျိုးအစား ဖြစ်သဖြင့် ဆေးတက္ကသိုလ်ဖွင့်လှစ်နိုင်ရေးအတွက် သင့်လျော်သော မြေနေရာ ဖြစ်ပါကြောင်း ရွေးချယ်ထားရှိမှုကို သိရှိနိုင်ပါရန် ကျန်းမာရေး ဦးစီးဌာနသို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရဲ့ (၂၈-၃-၂၀၁၃)ရက်စွဲပါ စာအမှတ်ဖြင့် အကြောင်းပြန်ကြား ပေးခဲ့ပါတယ်။ (၂၀-၅-၂၀၁၃) ရက်နေ့မှာကျင်းပပြုလုပ်တဲ့ ရှမ်းပြည်နယ် အစိုးရအဖွဲ့ရဲ့ ပုံမှန်အစည်းအဝေး အမှတ်စဉ် ၁၁/၁၃ ဆုံးဖြတ်ချက်ဖြင့် တောင်ကြီးမြို့၊ နောင်လေကျေးရွာအုပ်စုရှိ ဧရိယာ(၂၀. ၅၂)ဧက မြေနေရာအား ကျန်းမာရေးဝန်ကြီးဌာန ဆေးတက္ကသိုလ် ပညာဦးစီးဌာနအမည်ဖြင့် ဆေးတက္ကသိုလ်၊ တောင်ကြီး မြေနေရာအဖြစ် အတည်ပြု သတ်မှတ်ပေးခဲ့ပြီး လွှဲပြောင်းပေးအပ် နိုင်ရေးအတွက် မြေယာဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း ညွှန်ကြားချက် များနှင့်အညီ ဆောင်ရွက်လျက် ရှိပါတယ်။



D/real(wide) (2

ကျန်းမာရေးဝန်ကြီးဌာနမှ ဆေးတက္ကသိုလ် ဆောက်လုပ်ရန် အတွက် ကျပ်သန်းပေါင်း(၂၀၀၀၀)ကို လျာထားခွင့်ပြုပေးခဲ့ပြီးတော့ ၂၀၁၃-၂၀၁၄ဘဏ္ဍာရေးနှစ် ခွင့်ပြုငွေ ကျပ်သန်းပေါင်း(၅၀၀၀)ကို ခွဲဝေချထားပေး မည်ဖြစ်ကြောင်း သိရှိရပါတယ်။ ရန်ပုံငွေများ ခွဲဝေချထားပေးလာပါက ရှမ်းပြည်နယ်အစိုးရအဖွဲ့ရဲ့ ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေဖြင့် ပြည်နယ်အစိုးရမှ ကြီးကြပ်ဆောင်ရွက်ရသော လုပ်ငန်းအနေဖြင့် **Other Account OA** ဖွင့်လှစ်ဆောင်ရွက် သွားမှာဖြစ်ပါတယ်။ ဆေးသိပ္ပံပညာဦးစီးဌာန၊ နေပြည်တော်ကနေ တောင်ကြီးဆေးတက္ကသိုလ် ဆောက်လုပ်နိုင်ရန် အတွက် ကွန်တိုမြေပုံရေးဆွဲခြင်း၊ အဆောက်အဦ(၁၆)မျိုးအတွက် ဗိသုကာပုံ ရေးဆွဲခြင်း၊ **Over Head Tank** နှင့် **Pump House** အပါအဝင် ရေအိမ်မိလ္လာပုံစံ ရေးဆွဲခြင်း၊ လျှပ်စစ်မီးပုံစံ ရေးဆွဲခြင်း၊ ရေမြောင်း၊ လမ်း၊ ခြံစည်းရိုး၊ မုခ်ဦးအပါအဝင် မြေနေရာရှုခင်းပုံစံ ရေးဆွဲခြင်း လုပ်ငန်းရပ်များအလိုက် စံချိန်စံညွှန်း သတ်မှတ် ပေးခြင်းနှင့် စံချိန်စံညွှန်းအရ ခန့်မှန်းဆောက်လုပ်ရေး ပစ္စည်းစာရင်း တွက်ချက်ပေးခြင်း၊ **Project** တစ်ခုလုံးအတွက် **Master Plan** ရေးဆွဲခြင်းနှင့် လုပ်ငန်းတန်ဖိုး ကြမ်းခင်းဈေးတွက်ချက် ပေးခြင်း စတဲ့ပုံစံတွေကို ထုတ်ပေးနိုင်ရန် နီလာကျော်၊ **Associated** သို့အပ်နှံ ဆောင်ရွက်လျက်ရှိပါတယ်။

သို့ဖြစ်ပါ၍ ကျန်းမာရေးဝန်ကြီးဌာန၊ ရှမ်းပြည်နယ်အတွင်း ဆေးတက္ကသိုလ်(တောင်ကြီး) ဖွင့်လှစ်နိုင်ရေးအတွက် စီမံဆောင်ရွက်ထားရှိမှု အခြေအနေနှင့် ရှမ်းပြည်နယ် အစိုးရအဖွဲ့မှ ကြီးကြပ်ဆောင်ရွက်သွားမည့် အခြေအနေများကို ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်၊ သတ္တမပုံမှန် အစည်းအဝေးသို့ တက်ရောက်လာကြသော ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် အားလုံး သိရှိဝမ်းမြောက်နိုင်ပါရန် တင်ပြအပ်ပါတယ်။





ကျန်းမာရေး ဝန်ထမ်းအင်အားအနေဖြင့် တင်ပြရမည်ဆိုလျှင် စုစုပေါင်း ခွင့်ပြုဆရာဝန် အင်အားဟာ (၉၈၄)ဦးဖြစ်ပြီးတော့ (၅၃၇)ဦး လစ်လပ်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ လစ်လပ်လျက်ရှိတဲ့ (၅၃၇)ဦးမှာ မြို့နယ်ဆရာဝန်(၃၇)ဦး ပါဝင်ကြောင်း တင်ပြအပ် ပါတယ်။ သွားဆရာဝန်အနေဖြင့် ရှမ်းပြည်နယ်တစ်ခုလုံးမှာ (၃၇)ဦး လစ်လပ်ပါတယ်။ သူနာပြုအနေဖြင့် ရှမ်းပြည်နယ်တစ်ခုလုံးမှာ (၉၆၄)ဦး လစ်လပ်ပါတယ်။ ကျန်းမာရေးမှူး အနေဖြင့် ရှမ်းပြည်နယ် တစ်ခုလုံးမှာ (၇၁)ဦး လစ်လပ်ပါတယ်။ အမျိုးသမီး ကျန်းမာရေး ဆရာမအနေဖြင့် (၆၁)ဦး လစ်လပ်ပြီးတော့ သားဖွားဆရာမအနေဖြင့် ရှမ်းပြည်နယ်တစ်ခုလုံးမှာ (၁၁၄)ဦး လစ်လပ်လျက်ရှိကြောင်း တင်ပြ အပ်ပါတယ်။

ဆက်လက်ပြီးတော့ ကျန်းမာရေးဝန်ကြီးဌာန ရှမ်းပြည်နယ် အတွင်းမှာ တောင်ကြီးဆေးတက္ကသိုလ် ဖွင့်လှစ်နိုင်ရေးအတွက် စီမံဆောင်ရွက်ထားရှိမှု အခြေအနေဖြင့် ရှမ်းပြည်နယ် အစိုးရအဖွဲ့မှ ကြီးကြပ်ဆောင်ရွက်သွားမည့် အခြေအနေများကို တင်ပြသွားမှာ ဖြစ်ပါတယ်။ ကျန်းမာရေးဝန်ကြီးဌာနမှ ရှမ်းပြည်နယ်အတွင်းမှာ တောင်ကြီးဆေးတက္ကသိုလ် (၁)ခုဖွင့်လှစ်နိုင်ရေးအတွက် (၂၀-၂-၂၀၁၃)ရက်စွဲပါ စာအမှတ်၊ ရမခခ ၂၀၁၃ (၃၂၆/၂၃၆၄)ဖြင့် နိုင်ငံတော်သမ္မတရုံးသို့ တင်ပြလမ်းညွှန်မှု ခံယူခဲ့ပါတယ်။ နိုင်ငံတော်သမ္မတရုံးရဲ့ (၁၆-၅-၂၀၁၃)ရက်စွဲပါ စာအမှတ်၊ သမ္မတရုံးဖြင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုး တိုးတက်မှု ဝန်ကြီးဌာနသို့ သဘောထားမှတ်ချက် တောင်းခံခဲ့ပါတယ်။

ဘဏ္ဍာရေးဝန်ကြီးဌာနမှ (၃၀-၅-၂၀၁၃) ရက်စွဲပါ စာအမှတ်ဖြင့် သတ်မှတ်ချက်ဖြင့် ကိုက်ညီမှုရှိကြောင်း ပြန်ကြားခဲ့ပါတယ်။ ပြည်ထောင်စုဝန်ကြီးရုံး၊ ကျန်းမာရေးဝန်ကြီးဌာန

၂၀၁၃-၂၀၁၄ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်အစိုးရအဖွဲ့ကနေ ကျန်းမာရေးကဏ္ဍမှာ ပံ့ပိုးခဲ့တဲ့ အခြေအနေဟာဆိုလျှင် စုစုပေါင်း(၄၇၆၅၀၀၀)ကျပ် ပံ့ပိုးနိုင်ခဲ့ပါကြောင်း တင်ပြအပ်ပါတယ်။ လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဆက်လက်ပြီး အားကစားကဏ္ဍဆိုင်ရာများကို တင်ပြသွားမှာ ဖြစ်ပါတယ်။ အားကစားဝန်ကြီးဌာန ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ အေးသာယာမြို့သစ်မှာ အားကစားနှင့် ကာယပညာ သိပ္ပံကျောင်း တည်ဆောက်ရေးအတွက် စီမံထားရှိမှု အခြေအနေများကို တင်ပြသွားမှာဖြစ်ပါတယ်။

၁၉၉၀ ခုနှစ်၊ အေးသာယာမြို့သစ် စတင်ဖော်ထုတ်စဉ်က ရှမ်းပြည်နယ်မှာ တာဝန်ထမ်းဆောင်ခဲ့တဲ့ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးမှ အေးသာယာမြို့သစ်၊ ရပ်ကွက်သစ်တွင် ပါဝင်သော အကွက်အမှတ်(၈၆)၊ မြေဧရိယာအကျယ်အဝန်း (၂၉. ၉၀)ဧကကို အားကစားကွင်း မြေနေရာအဖြစ် သတ်မှတ်ပေးခဲ့ပါတယ်။ ယခင်အားကစားဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်မှ အားကစားကွင်း မြေနေရာအား အမည်ပေါက် ဂရန်ရရှိရေးဆောင်ရွက်ရန် ညွှန်ကြားချက်အရ (၇-၈-၂၀၁၀) ရက်စွဲပါစာအမှတ်ဖြင့် တင်ပြလျှောက်ထားခဲ့ပါတယ်။

(၃၁-၈-၂၀၁၀)ရက်နေ့ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရဲ့ ယာယီမြေပေးမိန့်ဖြင့် အားကစားကွင်းအတွက် (၄. ၈၂)ဧက၊ အားကစားရုံအတွက် (၂. ၈၁)ဧက၊ ဝန်ထမ်းအိမ်ယာအတွက် (၂. ၈၁) ဧက စုစုပေါင်း(၁၀. ၄၄)ဧကရရှိခဲ့ပြီးတော့ နှစ်(၃၀)မြေငှားဂရန် ရရှိခဲ့ပါတယ်။ အားကစားဝန်ကြီးဌာနရဲ့ (၂၅-၄-၂၀၁၃) ရက်စွဲပါ စာအမှတ်ဖြင့် တောင်ကြီးမြို့၊



D/real(wide) (2



လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဆက်လက်ပြီးတော့ လူမှုရေးနှင့်သဘာဝကဏ္ဍမှာ ပံ့ပိုးမှုများကို ဆက်လက်တင်ပြမှာ ဖြစ်ပါတယ်။

(၁၅-၆-၂၀၁၃)ရက်နေ့က လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ပြည်ထောင်စုဝန်ကြီးဒေါက်တာဒေါ်မြတ်မြတ်အုန်းခင် လားရှိုးခရီးစဉ်မှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေနဲ့ ပရဟိတကျောင်းနှင့် နတလကျောင်းများကို ကူညီပံ့ပိုးခဲ့တာ (၂၁)သိန်းဖြစ်ပါတယ်။ မြန်မာအမျိုးသမီးနေ့ကျင်းပနိုင်ရေးအတွက် သိန်း(၂၀) ထောက်ပံ့ပေးခဲ့ပါတယ်။ ရှမ်းပြည်နယ်မှာရှိတဲ့ ယဉ်ကျေးမှုအသင်း ပြည်ထောင်စုနေ့မှာ ကပြဖျော်ဖြေခဲ့တဲ့ ယဉ်ကျေးမှုအသင်းများကို ကြိုက်နှစ်သက်မှုရှိတဲ့အတွက် ဗီယက်နမ်နိုင်ငံကနေ ဖိတ်ခေါ်ပြီးတော့ ဗီယက်နမ်နိုင်ငံမှာ သွားရောက်ဖျော်ဖြေခဲ့တဲ့ ယဉ်ကျေးမှုအသင်း ဖြစ်ပါတယ်။

အဲ့ဒီ **Festival** ကို တက်ရောက်ခဲ့တဲ့ ယဉ်ကျေးမှုအသင်းကို အစိုးရအဖွဲ့မှ သိန်း(၃၀)ထောက်ပံ့ပေး ခဲ့တဲ့အပြင် သူတို့ရဲ့ခရီးစရိတ်၊ ဝတ်စုံစရိတ် စုစုပေါင်း ကျပ်(၄၉၅၄၀၀၀) ထောက်ပံ့ပေးခဲ့ပါတယ်။ လူမှုရေးကဏ္ဍ အနေဖြင့် ကျပ်(၁၂၃၅၄၀၀၀) ထောက်ပံ့ပေးနိုင်ခဲ့ကြောင်း တင်ပြအပ်ပါတယ်။ ဆက်လက်ပြီး သဘာဝဘေးများကို ထောက်ပံ့ပေးခဲ့တာများကို တင်ပြရမည် ဆိုလျှင် ကျွန်တော်တို့ တောင်ကြီးဒေသမှာ လေဘေးဖြစ်ခဲ့တဲ့ ခရိုင်အလိုက် တင်ပြခြင်း ဖြစ်ပါတယ်။ လေဘေးအနေနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့က (၁)အိမ်ထောင်ကို ကျပ်(၃၀၀၀၀)နှုန်းဖြင့် ထောက်ပံ့ပေးတာ ဖြစ်ပါတယ်။

တောင်ကြီးခရိုင်၊ လွိုင်လင်ခရိုင်၊ လင်းခေးခရိုင် စုစုပေါင်း ကျပ်(၁၁၅၅၀၀၀၀) ထောက်ပံ့နိုင်ခဲ့ကြောင်း တင်ပြလိုပါတယ်။ လားရှိုးခရိုင်အနေဖြင့် (၁၇၇၉၀၀၀၀)သိန်း ထောက်ပံ့နိုင်ခဲ့ပါတယ်။

ကျိုင်းတုံဒေသအနေဖြင့် စုစုပေါင်း ကျပ်(၂၂၉၈၉၉၀၀) ထောက်ပံ့နိုင်ခဲ့ကြောင်း တင်ပြအပ်ပါတယ်။ မီးဘေးအနေဖြင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှာ အိမ်ထောင်စု(၁)စုကို ကျပ်(၅၀၀၀၀)နှုန်းဖြင့် ထောက်ပံ့ပါတယ်။ ရှမ်းပြည်နယ် တစ်ခုလုံးအနေဖြင့် စုစုပေါင်း ကျပ်(၂၂၇၀၀၀၀)ထောက်ပံ့ပေးခဲ့ပါကြောင်း တင်ပြအပ်ပါတယ်။

စစ်ဘေးကြောင့် တိမ်းရှောင်ရတဲ့ လားရှိုး၊ တန့်ယန်း၊ ကွတ်ခိုင် ဒေသမှာရှိတဲ့ စစ်ဘေးရှောင် ဒုက္ခသည်များကိုထောက်ပံ့ပေးခြင်းဖြစ်ပါတယ်။ အားလုံးပေါင်း ကျပ်(၉၉၈၇၀၀၀) ထောက်ပံ့နိုင်ခဲ့ကြောင်း တင်ပြအပ်ပါတယ်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်းမှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် လူမှုရေး၊ သဘာဝဘေး ကဏ္ဍများမှာ ထောက်ပံ့ပေးခဲ့မှု စုစုပေါင်း ကျပ်(၇၆၃၄၀၉၀၀)ရှိကြောင်း တင်ပြရင်း ကျွန်တော့်ရဲ့ တင်ပြချက်ကို နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

## ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် သတ္တမပုံမှန် အစည်းအဝေး ကျင်းပပြီးစီးခြင်း။

**ဥက္ကဋ္ဌ။** ကျွန်တော်တို့ သတ္တမပုံမှန် အစည်းအဝေးဟာ မကြာမီအချိန်အတွင်းမှာ ကျင်းပပြီးစီးမှာဖြစ်ပါတယ်။ ဒီအစည်းအဝေးရဲ့ ဆောင်ရွက်ချက်ကို အကျဉ်းချုံးပြီးတော့မှ တင်ပြရမည်ဆိုလျှင် ဒီသတ္တမပုံမှန် အစည်းအဝေးမှာ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းတဲ့ မေးခွန်းပေါင်း(၅၁)ခု၊ နောက်အဆို(၄)ခု၊ ဥပဒေကြမ်း (၄)ခုကို ဆောင်ရွက်နိုင်ခဲ့သလို လွှတ်တော်ကော်မရှင် (၁)ခုနှင့် လွှတ်တော်ကော်မတီ(၄)ခု ကိုလည်း ဖွဲ့စည်းနိုင်ခဲ့ ပါတယ်။



D/real(wide) (2



အေးသာယာမြို့သစ်မှာ သင်တန်းသား(၁၅၀)ဦးနှင့် အားကစားနှင့် ကာယပညာသိပ္ပံကျောင်း စတင်ဖွင့်လှစ်နိုင်ရန် ခွင့်ပြုမိန့် ရရှိခဲ့ပြီးဖြစ်ပါ၍ (၁၅-၈-၂၀၁၃) ရက်နေ့တွင် ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေဖြင့် ရှမ်းပြည်နယ်အစိုးရမှ ကြီးကြပ်ဆောင်ရွက်သော လုပ်ငန်းအမည်ဖြင့် **Other Account OA** ဖွင့်လှစ်ဆောင်ရွက်ပေးထားပြီး ဖြစ်ပါတယ်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ တောင်ကြီး အားကစားနှင့် ကာယပညာသိပ္ပံ တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်ရန်အတွက် ရန်ပုံငွေကျပ်သန်း(၁၅၀၀)အား ပြည်ထောင်စုဘတ်ဂျတ်ဖြင့် ခွင့်ပြုမိန့်ရရှိခဲ့ပြီးလည်း ဖြစ်ပါတယ်။ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်မှာ ဘောလုံး၊ ဘော်လီဘော၊ ဘတ်စကတ်ဘော၊ ပိုက်ကျော်ခြင်း၊ ပြေးခုန်ပစ်၊ ကရာတေးဒို၊ သိုင်း၊ တိုက်ကွမ်ဒို၊ ဂျူဒို၊ စားပွဲတင်တင်းနစ် အားကစားနည်း(၁၀)နည်းမှာ ရှမ်းပြည်နယ်၊ ကယားပြည်နယ်တို့မှ ကျောင်းသား/ကျောင်းသူ (၁၅၀)ဦးကို လက်ခံသင်ကြားနိုင်မှာဖြစ်ပြီး၊ ဘဏ္ဍာရေးနှစ်အလိုက် ရန်ပုံငွေများ တင်ပြတောင်းခံ၍ ကျောင်းသား/ကျောင်းသူ (၃၀၀)ဦးအထိ လက်ခံပြီးတော့ အားကစားနည်းများ ထပ်မံတိုးမြှင့် သင်ကြားပေးရန် ရည်ရွယ်ထားရှိပါကြောင်း ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် သတ္တမပုံမှန် အစည်းအဝေးသို့ တက်ရောက်လာသော ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ သိရှိဝမ်းမြောက်နိုင်စေရန် လေးစားစွာ တင်ပြအပ်ပါတယ်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်အစိုးရအဖွဲ့ကနေ အားကစားကဏ္ဍမှာ ပံ့ပိုးခဲ့မှုများကို တင်ပြခြင်း ဖြစ်ပါတယ်။ ၂၀၁၃ ပြည်ထောင်စုဖလား ပြိုင်ပွဲမှာ ဆုရရှိခဲ့တဲ့ အားကစားသမားများကို ဆုချီးမြှင့်ငွေ (၅၀)သိန်း အပါအဝင် စုစုပေါင်းအားကစားကဏ္ဍမှာ (၁၃၇၄၀၅၀၀) ထောက်ပံ့ပေးနိုင်ခဲ့ကြောင်း တင်ပြအပ်ပါတယ်။

ဥပဒေကြမ်း ကဏ္ဍနှင့်စပ်လျဉ်းပြီးတော့မှ ပထမနေ့မှာ တင်ပြခဲ့သလို ကျွန်တော်တို့ ဇယား(၂)မှာ ပါရှိတဲ့ ကဏ္ဍကြီး(၈)ခုမှာ ပါဝင်တဲ့ ဥပဒေစုစုပေါင်းကို ကြည့်လိုက်လျှင် ရေးဆွဲနိုင်တဲ့ ဥပဒေဟာ(၄၀)ခု ဖော်ပြထားတာ တွေ့ရှိရပါတယ်။ အဲဒီ(၄၀)ခုကို ကျွန်တော်တို့ကရေးဆွဲရမည့် တာဝန်ရှိတဲ့အပြင် ရှမ်းပြည်နယ်ရဲ့ ပကတိအခြေအနေနှင့် ကိုက်ညီမည့် အခြားဥပဒေ တစ်နည်းအားဖြင့် ရှမ်းပြည်နယ်အတွက် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ကိုဦးတည်တဲ့ ဥပဒေများ ရှိလျှင် လူကြီးတွေက ပြုစုရေးဆွဲဖို့အတွက် လမ်းညွှန်ထားပြီးသားလည်း ဖြစ်ပါတယ်။

ဒါကြောင့် လွှတ်တော်ကိုယ်စားလှယ်များဟာ လွှတ်တော်ကိုယ်စားလှယ်ရဲ့ တာဝန်ဖြစ်တဲ့ ဥပဒေပြုရေး တာဝန်များကို ထမ်းဆောင်ဖို့ လိုအပ်ပါတယ်။ ဒါကြောင့်မို့ ပြီးခဲ့တဲ့(၂)ပတ်ကျော်က စပြီး ကျွန်တော်တို့ ဖွဲ့စည်းထားတဲ့ ဥပဒေပြုရေးဆိုင်ရာကော်မတီကို လွှတ်တော်ရုံးမှာ (၂)ပတ်လောက် အချိန်ယူပြီးတော့ လိုအပ်တဲ့ ဥပဒေရေးဆွဲခြင်း၊ လိုအပ်တဲ့ ဥပဒေများကို စိစစ်ခြင်း ဆောင်ရွက်ခဲ့ပြီး လွှတ်တော်မှာ ဥပဒေ(၄)ခုအတည်ပြု နိုင်ခဲ့ပါတယ်။ ဒါကြောင့် ကျန်တဲ့ အခြားသော လွှတ်တော်ကိုယ်စားလှယ်များကလည်း ဥပဒေ ရေးဆွဲနိုင်ဖို့ လေ့လာဆည်းပူးပြီးတော့မှ လာမည့်လွှတ်တော်မှာ ဥပဒေရေးဆွဲနိုင်ဖို့အတွက် ကျွန်တော့်အနေဖြင့် တိုက်တွန်း ပြောကြားလိုပါတယ်။

နောက်တစ်ချက်က လွှတ်တော်အစည်းအဝေးရဲ့ အနေအထားကို ကြည့်လိုက်တဲ့အခါ အရင်တုန်းကထက် လွှတ်တော်ကိုယ်စားလှယ်တွေရဲ့ တင်ပြမှု၊ ဆွေးနွေးမှုတွေဟာ မြင့်မားလာပါတယ်။ တစ်နည်းအားဖြင့် ပြောရမည်ဆိုလျှင် ပွင့်လင်းလာပါတယ်။ နောက်ပြီး တာဝန်ယူမှု၊ တာဝန်ခံမှု





**ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်**
**သတ္တမပုံမှန်အစည်းအဝေး**

**ဆုံးဖြတ်ခြင်း**

**ဆုံးဖြတ်ခြင်းအမှတ် ၃၉-၁/၂၀၁၃။ နိုင်ငံတော်သမ္မတထံမှ ပေးပို့သော လွှတ်တော်မှ သဘောတူကြောင်း ဆုံးဖြတ်ခြင်း**

၁၃၇၅ ခုနှစ်၊ တော်သလင်းလဆန်း ၅ ရက် (၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၉ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် သတ္တမပုံမှန် အစည်းအဝေး ပထမနေ့၌ နိုင်ငံတော်သမ္မတထံမှ ပေးပို့သော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရ အဖွဲ့အသီးသီးရှိ ဘဏ္ဍာရေး နှင့် အခွန်ဝန်ကြီးဌာန ( Ministry of Finance and Revenue )ကို ပြည်ထောင်စုဝန်ကြီး ဌာန၏ အမည်နှင့် တစ်ပြေးညီဖြစ်စေရေးအတွက် ဘဏ္ဍာရေး ဝန်ကြီးဌာန ( Ministry of Finance)အမည်သို့ ပြောင်းလဲ သတ်မှတ်ရန် သဝဏ်လွှာအား လွှတ်တော်မှ သဘောတူကြောင်း ဆုံးဖြတ်သည်။

**ဆုံးဖြတ်ခြင်းအမှတ် ၄၀-၁/၂၀၁၃။ ရှမ်းပြည်နယ်အစိုးရ အဖွဲ့တွင် လစ်လပ်လျက်ရှိသော စည်ပင်သာယာရေးဝန်ကြီးအား ခန့်အပ်နိုင်ရန်ပြည်နယ်ဝန်ကြီးချုပ်ကအဆိုပြု ပေးပို့ထားသည့်**

**ပြည်နယ် ဝန်ကြီး၏ အမည်စာရင်းအား လွှတ်တော်မှ သဘောတူကြောင်း ဆုံးဖြတ်ခြင်း**

၁၃၇၅ ခုနှစ်၊ တော်သလင်းလဆန်း ၅ ရက် (၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၉ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် သတ္တမပုံမှန် အစည်းအဝေး ပထမနေ့၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့တွင် လစ်လပ်လျက်ရှိသော စည်ပင်သာယာရေး ဝန်ကြီးအား ခန့်အပ်နိုင်ရန် ပြည်နယ်ဝန်ကြီးချုပ်က အဆိုပြု ပေးပို့ထားသည့် ပြည်နယ် ဝန်ကြီး၏ အမည်စာရင်းအား လွှတ်တော်မှ သဘောတူကြောင်း ဆုံးဖြတ်သည်။

**ဆုံးဖြတ်ခြင်းအမှတ် ၄၁-၁/၂၀၁၃။ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ပုဂ္ဂလိကယာဉ်များ စနစ်တကျ သုံးစွဲရေး ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်း ပြင်ဆင်ချက်အဆိုများတင်သွင်းခြင်းကို လွှတ်တော်မှ အတည်ပြုကြောင်း ဆုံးဖြတ်ခြင်း**

၁၃၇၅ ခုနှစ်၊ တော်သလင်းလဆန်း ၆ ရက် (၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၁၀ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် သတ္တမပုံမှန် အစည်းအဝေး ဒုတိယနေ့၌



D/real(wide) (2



အပိုင်းလည်း ပိုပြီးတော့ပီပြင်လာတာ တွေ့ရှိရပါတယ်။ ဒါကြောင့် လွှတ်တော်ကိုယ်စားလှယ်များ အားလုံးအနေဖြင့် ဒီလွှတ်တော်အပြီးမှာ မိမိနေရပ်ဒေသကို အောင်မြင်ချောမောစွာ ပြန်ရောက်ပြီးတော့ နောက်တစ်ကြိမ်ပြန်လည် ကျင်းပတဲ့အချိန်ထိ ပြန်လည်တွေ့ကြရအောင်ပါလို့ ကျွန်တော့်အနေဖြင့် ပြောကြားလိုပါတယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်၊ သတ္တမပုံမှန် အစည်းအဝေး စတုတ္ထနေ့ အစီအစဉ်ပြီးဆုံးပါပြီ။ သို့ဖြစ်ပါ၍ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် သတ္တမပုံမှန် အစည်းအဝေး အောင်မြင်စွာကျင်းပပြီးစီးကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။ ပြည်နယ် လွှတ်တော် ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီခင်ဗျား။

ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ပုဂ္ဂလိကယာဉ်များ စနစ်တကျသုံးစွဲရေး ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းပြင်ဆင်ချက်အဆိုများ တင်သွင်းခြင်းကို လွှတ်တော်မှ အတည်ပြုကြောင်း ဆုံးဖြတ်သည်။

**ဆုံးဖြတ်ချက်အမှတ် ၄၂-၁/၂၀၁၃။ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ပုဂ္ဂလိကယာဉ်များ စနစ်တကျသုံးစွဲရေး ဥပဒေကြမ်း တစ်ရပ်လုံးကိုလွှတ်တော်မှ အတည်ပြုကြောင်း ဆုံးဖြတ်ခြင်း**

၁၃၇၅ ခုနှစ်၊ တော်သလင်းလဆန်း ၆ ရက် (၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၁၀ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် သတ္တမပုံမှန် အစည်းအဝေး ဒုတိယနေ့၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ပုဂ္ဂလိကယာဉ်များ စနစ်တကျသုံးစွဲရေး ဥပဒေကြမ်းတစ်ရပ်လုံးကို လွှတ်တော်မှ အတည်ပြုကြောင်း ဆုံးဖြတ်သည်။

**ဆုံးဖြတ်ချက်အမှတ် ၄၃-၁/၂၀၁၃။ ''ရှမ်းပြည်နယ် အတွင်းသစ်တောများ ပြန်လည်ထူထောင်ရန်အတွက်သစ်ကုမ္ပဏီများမှ သတ်မှတ်နှုန်းထားဖြင့်ပြည်နယ်ဘဏ္ဍာအတွင်းသို့ ထည့်သွင်းပေးနိုင်စေရန်”**



D/real(wide) (2



၁၃၇၅ ခုနှစ်၊ တော်သလင်းလဆန်း ၆ ရက် (၂၀၁၃ ခုနှစ်၊ စက်တင်ဘာ လ ၁၀ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် သတ္တမပုံမှန် အစည်းအဝေး ဒုတိယနေ့၌ ဦးခွန်မောင်ပယ်၊ ဆီဆိုင်မြို့နယ်မဲဆန္ဒနယ် အမှတ်(၂)၏ “ နောင်တွင် မိမိဒေသ အစိုးရဌာနများ၌ အလုပ်အကိုင် အခွင့်အလမ်းများ ပေါ်ပေါက်လာပါက ဒေသခံ ဘွဲ့ရပညာတတ်များအား သင့်တော်သလို ဦးစားပေး ခန့်ထား ပေးနိုင်ရေး စီစဉ်ဆောင်ရွက် ပေးရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့အား တိုက်တွန်းကြောင်း” အဆိုအား လွှတ်တော်မှ အတည်ပြုကြောင်း ဆုံးဖြတ်သည်။

**ဆုံးဖြတ်ချက်အမှတ် ၄၅-၁/၂၀၁၃။ ရှမ်းပြည်နယ်စည်ပင်သာယာရေးအဖွဲ့များ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်း ပြင်ဆင်ချက်အဆိုများ တင်သွင်းခြင်းကို လွှတ်တော်မှ အတည်ပြုကြောင်းဆုံးဖြတ်ခြင်း**

၁၃၇၅ ခုနှစ်၊ တော်သလင်းလဆန်း ၇ရက် (၂၀၁၃ ခုနှစ်၊ စက်တင်ဘာ လ ၁၁ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် သတ္တမပုံမှန် အစည်းအဝေး တတိယနေ့၌ ရှမ်းပြည်နယ်စည်ပင်သာယာရေးအဖွဲ့များဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းပြင်ဆင်ချက်အဆိုများ တင်သွင်းခြင်းကို လွှတ်တော်မှ အတည်ပြုကြောင်း ဆုံးဖြတ်သည်။

**ဆုံးဖြတ်ခြင်းအမှတ် ၄၆-၁/၂၀၁၃။ ရှမ်းပြည်နယ်စည်ပင်သာယာရေး အဖွဲ့များ ဥပဒေကြမ်းတစ်ရပ်လုံးကို လွှတ်တော်မှအတည်ပြု ကြောင်းဆုံးဖြတ်ခြင်း**

၁၃၇၅ ခုနှစ်၊ တော်သလင်းလဆန်း ၇ရက် (၂၀၁၃ ခုနှစ်၊ စက်တင်ဘာ လ ၁၁ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် သတ္တမပုံမှန် အစည်းအဝေး တတိယနေ့၌ ရှမ်းပြည်နယ်စည်ပင်သာယာရေးအဖွဲ့များ ဥပဒေကြမ်းတစ်ရပ်လုံးကို လွှတ်တော်မှ အတည်ပြုကြောင်း ဆုံးဖြတ်သည်။

**ဆုံးဖြတ်ခြင်းအမှတ် ၄၇-၁/၂၀၁၃။ ရှမ်းပြည်နယ်အစိုးရ အဖွဲ့၏ မီးဘေးနှင့် သဘာဝဘေးအန္တရာယ် များကြိုတင်ကာကွယ် ရေး ဥပဒေ ကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေ ကြမ်း ပြင်ဆင်ချက် အဆိုများ တင်သွင်း ခြင်းကို လွှတ်တော်မှ အတည်ပြုကြောင်း ဆုံးဖြတ်ခြင်း**

၁၃၇၅ ခုနှစ်၊ တော်သလင်းလဆန်း ၇ရက် (၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် သတ္တမပုံမှန် အစည်းအဝေး တတိယနေ့၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ မီးဘေးနှင့် သဘာဝဘေးအန္တရာယ်များ



D/real(wide) (2



**အဆိုအား လွှတ်တော်မှ အတည်ပြု ကြောင်း ဆုံးဖြတ်ခြင်း**

၁၃၇၅ ခုနှစ်၊ တော်သလင်းလဆန်း ၆ ရက် (၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၁၀ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် သတ္တမပုံမှန် အစည်းအဝေး ဒုတိယနေ့၌ ဒေါ်နန်းအက်စ်ကီးမိုး၊ လဲချားမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)၏ "ရှမ်းပြည်နယ်အတွင်း သစ်တောများ ပြန်လည်ထူထောင်ရန်အတွက် သစ်ကုမ္ပဏီများမှ သတ်မှတ်နှုန်းထားဖြင့် ပြည်နယ်ဘဏ္ဍာအတွင်းသို့ ထည့်သွင်း ပေးနိုင်စေရန်" အဆိုအား လွှတ်တော်မှ အတည်ပြု ကြောင်း ဆုံးဖြတ်သည်။

**ဆုံးဖြတ်ခြင်းအမှတ် ၄၄-၁/၂၀၁၃။ "နောင်တွင် မိမိဒေသ အစိုးရ ဌာနများ၌ အလုပ်အကိုင် အခွင့် အလမ်းများ ပေါ်ပေါက် လာပါက ဒေသခံ ဘွဲ့ရ ပညာတတ်များအား သင့်တော်သလိုဦးစားပေး ခန့်ထား ပေးနိုင်ရေး စီစဉ်ဆောင်ရွက်ပေးရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့ အားတိုက်တွန်းကြောင်း" အဆိုအား လွှတ်တော်မှ အတည်ပြုကြောင်း ဆုံးဖြတ်ခြင်း**

ကြိုတင်ကာကွယ်ရေး ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်း ပြင်ဆင်ချက်အဆိုများ တင်သွင်းခြင်းကို လွှတ်တော်မှ အတည်ပြုကြောင်း ဆုံးဖြတ်သည်။

**ဆုံးဖြတ်ချက်ခြင်းအမှတ် ၄၈-၁/၂၀၁၃။ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ မီးဘေးနှင့် သဘာဝဘေးအန္တရာယ်များကြိုတင်ကာကွယ်ရေး ဥပဒေကြမ်း တစ်ရပ်လုံးကို လွှတ်တော်မှအတည်ပြုကြောင်းဆုံးဖြတ်ခြင်း**

၁၃၇၅ ခုနှစ်၊ တော်သလင်းလဆန်း ၇ ရက် (၂၀၁၃ ခုနှစ်၊ စက်တင်ဘာ လ ၁၁ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် သတ္တမပုံမှန် အစည်းအဝေး တတိယနေ့၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ မီးဘေးနှင့် သဘာဝဘေးအန္တရာယ်များ ကြိုတင် ကာကွယ်ရေးဥပဒေကြမ်းတစ်ရပ်လုံးကို လွှတ်တော်မှ အတည်ပြုကြောင်း ဆုံးဖြတ်သည်။

**ဆုံးဖြတ်ခြင်းအမှတ် ၄၉-၁/၂၀၁၃။ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏သဘာဝမြေသြဇာများစနစ်တကျထုတ်လုပ်သုံးစွဲရေးဥပဒေကြမ်းနှင့် စပ်လျဉ်း၍ဥပဒေကြမ်း ပြင်ဆင်ချက်အဆိုများ**





**ဆုံးဖြတ်ခြင်းအမှတ် ၅၁-၁/၂၀၁၃။ "ရှမ်းပြည်နယ် အတွင်း ဖမ်းဆီး ရသည့် သစ်ခွဲသား ရောင်းရငွေများကို ရှမ်းပြည်နယ် အစိုးရ အဖွဲ့ ရန်ပုံငွေအဖြစ် ပေးသွင်းနိုင်ရန်"အဆို အား လွှတ်တော်မှ အတည်ပြုကြောင်း ဆုံးဖြတ်ခြင်း**

၁၃၇၅ ခုနှစ်၊ တော်သလင်းလဆန်း ၇ ရက် (၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် သတ္တမပုံမှန် အစည်းအဝေး တတိယနေ့၌ ဦးစိုင်းခမ်းကျော်၊ ကျောက်မဲမြို့နယ်မဲဆန္ဒနယ်အမှတ် (၁)၏ **"ရှမ်းပြည်နယ်အတွင်း ဖမ်းဆီး ရသည့် သစ်ခွဲသား ရောင်းရငွေများကို ရှမ်းပြည်နယ် အစိုးရအဖွဲ့ ရန်ပုံငွေအဖြစ် ပေးသွင်းနိုင်ရန်"** အဆိုအား လွှတ်တော်မှ အတည်ပြုကြောင်း ဆုံးဖြတ်သည်။

**ဆုံးဖြတ်ခြင်းအမှတ် ၅၂-၁/၂၀၁၃။ ၂၀၁၃-၂၀၁၄ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်ဘဏ္ဍာ ရန်ပုံငွေတွင် ပါဝင် သောဌာန/အဖွဲ့အစည်း များ၏ ဖြည့်စွက် ခွင့်ပြုငွေ တောင်းခံ**



D/real(wide) (2

ခြင်းအား လွှတ်တော်
မှ အတည်ပြုကြောင်း
ဆုံးဖြတ်ခြင်း

၁၃၇၅ ခုနှစ်၊ တော်သလင်းလဆန်း ၈ ရက် (၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် သတ္တမပုံမှန် အစည်းအဝေး စတုတ္ထနေ့၌ ၂၀၁၃-၂၀၁၄ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ် ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာန/အဖွဲ့အစည်းများ၏ ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံခြင်းအားလွှတ်တော်မှ အတည်ပြုကြောင်း ဆုံးဖြတ်သည်။

**ဆုံးဖြတ်ခြင်းအမှတ် ၅၃-၁/၂၀၁၃။ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာသုံးသပ်ရေး ကော်မရှင်၊ရှမ်းပြည်နယ် အစိုးရအဖွဲ့၏အာမခံ ချက်များ၊ ကတိများ နှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၊ တိုင်တန်းစာစိစစ်ရေး ကော်မတီနှင့်ဘတ်ဂျက် စိစစ်ရေးကော်မတီ ဖွဲ့စည်းခြင်းနှင့်စပ်လျဉ်း၍ လွှတ်တော်မှ အတည်ပြုကြောင်း ဆုံးဖြတ်ခြင်း**



D/real(wide) (2



တင်သွင်းခြင်းကို
လွှတ်တော်မှ အတည်ပြု
ကြောင်း ဆုံးဖြတ်ခြင်း

၁၃၇၅ ခုနှစ်၊ တော်သလင်းလဆန်း ၇ရက် (၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် သတ္တမပုံမှန် အစည်းအဝေး တတိယနေ့၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ သဘာဝမြေသြဇာများ စနစ်တကျ ထုတ်လုပ်သုံးစွဲရေး ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်း ပြင်ဆင်ချက်အဆိုများ တင်သွင်းခြင်းကို လွှတ်တော်မှ အတည်ပြု ကြောင်း ဆုံးဖြတ်သည်။

**ဆုံးဖြတ်ခြင်းအမှတ် ၅၀-၁/၂၀၁၃။ ရှမ်းပြည်နယ်အစိုးရ အဖွဲ့၏သဘာဝမြေသြဇာ များစနစ်တကျထုတ်လုပ် သုံးစွဲရေး ဥပဒေကြမ်း တစ်ရပ်လုံးကိုလွှတ်တော် မှ အတည်ပြုကြောင်း ဆုံးဖြတ်ခြင်း**

၁၃၇၅ ခုနှစ်၊ တော်သလင်းလဆန်း ၇ ရက် (၂၀၁၃ ခုနှစ်၊ စက်တင်ဘာ လ ၁၁ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် သတ္တမပုံမှန် အစည်းအဝေး တတိယနေ့၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ သဘာဝမြေသြဇာများ စနစ်တကျ ထုတ်လုပ်သုံးစွဲရေး ဥပဒေကြမ်းတစ်ရပ်လုံးကို လွှတ်တော်မှ အတည်ပြုကြောင်း ဆုံးဖြတ်သည်။

၁၃၇၅ ခုနှစ်၊ တော်သလင်းလဆန်း ၈ ရက် (၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် သတ္တမပုံမှန် အစည်းအဝေး စတုတ္ထနေ့၌ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာသုံးသပ်ရေး ကော်မရှင်၊ ရှမ်းပြည်နယ် အစိုးရအဖွဲ့၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီ၊ တိုင်တန်းစာ စိစစ်ရေးကော်မတီနှင့် ဘတ်ဂျက်စိစစ်ရေးကော်မတီ ဖွဲ့စည်းခြင်းနှင့် စပ်လျဉ်း၍ လွှတ်တော်မှ အတည်ပြုကြောင်း ဆုံးဖြတ်သည်။

## မှတ်တမ်းတင်ခြင်း

**မှတ်တမ်းတင်ခြင်းအမှတ် ၄၆-၁/၂၀၁၃။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုကို မှတ်တမ်းတင်ခြင်း**

၁၃၇၅ ခုနှစ်၊ တော်သလင်းလဆန်း ၅ ရက် (၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၉ ရက်) တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် သတ္တမပုံမှန် အစည်းအဝေး ပထမနေ့၌ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ပြည်နယ် လွှတ်တော် ကိုယ်စားလှယ် ၁၄၀ ဦး ရှိပြီး၊ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၆)ဦး ရှိ၍ ခွင့်မဲ့ပျက်ကွက်သူမရှိကြောင်း အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို မှတ်တမ်းတင်သည်။



D/real(wide) (2



ရက်နေ့တွင် လည်းကောင်း၊ တန့်ယန်းမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းထွန်းထွန်းလွင်သည် (၁၈-၆-၂၀၁၃)ရက်နေ့တွင် လည်းကောင်း ကွယ်လွန် အနိစ္စ ရောက်ရှိခဲ့ကြသည့်အတွက် ရှမ်းပြည်နယ် လွှတ်တော် ကိုယ်စားလှယ် (၁)ဦးမှ တင်သွင်းသည့် ဝမ်းနည်းကြောင်းအဆိုကို ရှမ်းပြည်နယ် လွှတ်တော်မှ မှတ်တမ်းတင်သည်။

**မှတ်တမ်းတင်ခြင်းအမှတ် ၄၉-၁/၂၀၁၃။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအစည်းအဝေး တက်ရောက်မှုကို မှတ်တမ်းတင်ခြင်း**

၁၃၇၅ ခုနှစ်၊ တော်သလင်းလဆန်း ၆ ရက် (၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၁၀ ရက်) တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် သတ္တမပုံမှန် အစည်းအဝေး ဒုတိယနေ့၌ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ၁၄၀ ဦး ရှိပြီး၊ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၈)ဦး ရှိ၍ ခွင့်မဲ့ပျက်ကွက်သူ မရှိကြောင်း အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို မှတ်တမ်းတင်သည်။

**မှတ်တမ်းတင်ခြင်းအမှတ် ၅၀-၁/၂၀၁၃။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအစည်းအဝေးတက်ရောက်မှုကိုမှတ်တမ်းတင်ခြင်း**

၁၃၇၅ ခုနှစ်၊ တော်သလင်းလဆန်း ၆ ရက် (၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၁၀ ရက်) တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် သတ္တမပုံမှန် အစည်းအဝေး ဒုတိယနေ့၌ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ၁၄၀ ဦး ရှိပြီး၊ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၀)ဦး ရှိ၍ ခွင့်မဲ့ပျက်ကွက်သူ မရှိကြောင်း အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို မှတ်တမ်းတင်သည်။

**မှတ်တမ်းတင်ခြင်းအမှတ် ၅၁-၁/၂၀၁၃။ ကွန်ဟိန်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၂)၏ အဆိုကို ရှမ်းပြည်နယ်လွှတ်တော်မှ မှတ်တမ်းတင်ခြင်း**

၁၃၇၅ ခုနှစ်၊ တော်သလင်းလဆန်း ၇ ရက် (၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်) တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် သတ္တမပုံမှန် အစည်းအဝေး တတိယနေ့၌ ဦးစိုင်းနု၊ ကွန်ဟိန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ “ အလုပ်အကိုင် ခန့်ထားရာတွင် ပညာရေးဆုံးခန်းတိုင်အောင် ဆက်လက်သင်ကြား



D/real(wide) (2



**မှတ်တမ်းတင်ခြင်းအမှတ် ၄၇-၁/၂၀၁၃။ ရှမ်းပြည်နယ်ဝန်ကြီးချုပ်မှ ပြည်နယ်လွှတ်တော်သို့ ပြောကြားသည့် မိန့်ခွန်းအားမှတ်တမ်းတင်ခြင်း**

၁၃၇၅ ခုနှစ်၊ တော်သလင်းလဆန်း ၅ ရက် (၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၉ ရက်) တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ပထမနေ့၌ ရှမ်းပြည်နယ်ဝန်ကြီးချုပ်မှ ပြည်နယ် လွှတ်တော်သို့ ပြောကြားသည့် မိန့်ခွန်းအား မှတ်တမ်းတင်သည်။

**မှတ်တမ်းတင်ခြင်းအမှတ် ၄၈-၁/၂၀၁၃။ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၁)ဦးမှတင်သွင်းသည့်ဝမ်းနည်းကြောင်းအဆိုကိုရှမ်းပြည်နယ်လွှတ်တော်မှမှတ်တမ်းတင်ခြင်း**

၁၃၇၅ ခုနှစ်၊ တော်သလင်းလဆန်း ၆ ရက် (၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၉ ရက်) တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် သတ္တမပုံမှန် အစည်းအဝေး ပထမနေ့၌ တာချီလိတ်မြို့နယ်မဲဆန္ဒနယ် အမှတ်(၂)မှ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးတူးမောင်သည်(၆-၅-၂၀၁၃)

ခဲ့ကြသူများ အနေဖြင့်လည်း ကျောင်းပိတ်ခဲ့ရသောအချိန်တွင် ပေးဆပ်ခဲ့ကြရသဖြင့် အသက်များလွန်မှ ဘွဲ့များရနိုင်ခဲ့ကြရပြီး အလုပ်အကိုင်အတွက် အခွင့်အလမ်းများ ဆုံးရှုံးခဲ့ရပြီး ပေးဆပ်ခဲ့ကြရသော ပုဂ္ဂိုလ်များ ပါဝင်လျှောက်ထားလာပါက အသက် ကန့်သတ်ချက်အပိုင်းနှင့် ပတ်သက်သော အရည်အချင်း ကန့်သတ်ချက်တွင် ဖြေလျှော့စဉ်းစားပေးနိုင်ရေး ပြည်နယ်လွှတ်တော်မှတဆင့် ပြည်နယ်အစိုးရအား အဆိုပြု တိုက်တွန်းကြောင်း ”အဆိုကို ရှမ်းပြည်နယ် လွှတ်တော်မှ မှတ်တမ်းတင်သည်။

**မှတ်တမ်းတင်ခြင်းအမှတ် ၅၂-၁/၂၀၁၃။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုကို မှတ်တမ်းတင်ခြင်း**

၁၃၇၅ ခုနှစ်၊ တော်သလင်းလဆန်း ၈ ရက် (၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်) တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် သတ္တမပုံမှန် အစည်းအဝေး စတုတ္ထနေ့၌ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ၁၄၀ ဦး ရှိပြီး၊ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၂)ဦး ရှိ၍ ခွင့်မဲ့ပျက်ကွက်သူမရှိကြောင်း အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို မှတ်တမ်းတင်သည်။





ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ၂၀၁၃-၂၀၁၄ ပြည်ထောင်စု၊ ပြည်နယ်ဘဏ္ဍာရန်ပုံငွေ အစီအစဉ်ဖြင့် ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းမှ ဆောင်ရွက်မည့် လမ်းတံတားလုပ်ငန်းများအား လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

**အမှတ် ၂၄-၁/၂၀၁၃။ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ သစ်တောကဏ္ဍလုပ်ငန်း ဆောင်ရွက်မှုအားလွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း**

၁၃၇၅ ခုနှစ်၊ တော်သလင်းလဆန်း ၆ ရက် (၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၁၀ ရက်) တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် သတ္တမပုံမှန် အစည်းအဝေး ဒုတိယနေ့၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ သစ်တောကဏ္ဍလုပ်ငန်း ဆောင်ရွက်မှုအား လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

**အမှတ် ၂၅-၁/၂၀၁၃။ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ အစိုးရသစ် လက်ထက် ရှမ်းပြည်နယ်အတွင်းရှိ လျှပ်စစ်ကဏ္ဍဖွံ့ဖြိုးတိုးတက်မှု အခြေအနေများအားလွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း**

၁၃၇၅ ခုနှစ်၊ တော်သလင်းလဆန်း ၇ ရက် (၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်) တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် သတ္တမပုံမှန် အစည်းအဝေး တတိယနေ့၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ အစိုးရသစ်လက်ထက် ရှမ်းပြည်နယ်အတွင်းရှိ လျှပ်စစ်ကဏ္ဍဖွံ့ဖြိုးတိုးတက်မှု အခြေအနေများအား လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

**အမှတ် ၂၆-၁/၂၀၁၃။** **ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ်တားဆီးနှိမ်နင်းရေးဆောင်ရွက်မှုအခြေအနေအားလွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း**

၁၃၇၅ ခုနှစ်၊ တော်သလင်းလဆန်း ၇ ရက် (၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်) တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် သတ္တမပုံမှန် အစည်းအဝေး တတိယနေ့၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးနှိမ်နင်းရေး ဆောင်ရွက်မှု အခြေအနေအား လွှတ်တော်သို့ ရှင်းလင်း တင်ပြသည်။

**အမှတ် ၂၇-၁/၂၀၁၃။** **ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ပညာရေး၊ ကျန်းမာရေး၊ အားကစားဆိုင်ရာ လူမှုရေးကဏ္ဍများ ဆောင်ရွက်ထားရှိမှုအခြေအနေအားလွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း**

၁၃၇၅ ခုနှစ်၊ တော်သလင်းလဆန်း ၈ ရက် (၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်) တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် သတ္တမပုံမှန် အစည်းအဝေး စတုတ္ထနေ့၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ပညာရေး၊ ကျန်းမာရေး၊ အားကစား ဆိုင်ရာ လူမှုရေးကဏ္ဍများ ဆောင်ရွက်ထားရှိမှု အခြေအနေအား လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။



D/real(wide) (2



**လွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း**

**အမှတ် ၂၂-၁/၂၀၁၃။** **ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ လယ်ယာမြေလုပ်ပိုင်ခွင့် မှတ်ပုံတင်ခြင်းနှင့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ထုတ်ပေးခြင်း လုပ်ငန်းအား လွှတ်တော်သို့ ရှင်းလင်း တင်ပြခြင်း**

၁၃၇၅ ခုနှစ်၊ တော်သလင်းလဆန်း ၅ ရက် (၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၉ ရက်) တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ပထမနေ့၌ ရှမ်းပြည်နယ် အစိုးရအဖွဲ့မှ လယ်ယာမြေ လုပ်ပိုင်ခွင့်မှတ်ပုံတင်ခြင်းနှင့် လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ် ထုတ်ပေးခြင်း လုပ်ငန်းအား လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

**အမှတ် ၂၃-၁/၂၀၁၃။** **ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ၂၀၁၃-၂၀၁၄ ပြည်ထောင်စု၊ ပြည်နယ်ဘဏ္ဍာရန်ပုံငွေ အစီအစဉ်ဖြင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှဆောင်ရွက်မည့်လမ်းတံတားလုပ်ငန်းများအား လွှတ်တော်သို့ရှင်းလင်းတင်ပြခြင်း**

၁၃၇၅ ခုနှစ်၊ တော်သလင်းလဆန်း ၆ ရက် (၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၁၀ ရက်) တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် သတ္တမပုံမှန် အစည်းအဝေး ဒုတိယနေ့၌

## ဥပဒေထုတ်ပြန်ခြင်း

**ဥပဒေအမှတ် ၉-၁/၂၀၁၂။ ပုဂ္ဂလိကယာဉ်များစနစ်တကျ ပြေးဆွဲရေး ဥပဒေကြမ်း**

၁၃၇၅ ခုနှစ်၊ တော်သလင်းလဆန်း ၆ ရက်(၂၀၁၂ ခုနှစ်၊ စက်တင်ဘာလ ၁၀ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော်သတ္တမပုံမှန် အစည်းအဝေး ဒုတိယနေ့၌ ပုဂ္ဂလိကယာဉ်များ စနစ်တကျပြေးဆွဲရေး ဥပဒေကြမ်းအား အတည်ပြုချက်ရယူပြီး ရှမ်းပြည်နယ် လွှတ်တော်၏ ဥပဒေအမှတ် (၉)အဖြစ် (၁၇-၉-၂၀၁၃)ရက်နေ့တွင် ထုတ်ပြန်သည်။

**ဥပဒေအမှတ် ၁၀-၁/၂၀၁၂။ ရှမ်းပြည်နယ်စည်ပင်သာယာ ရေးအဖွဲ့များဥပဒေကြမ်း**

၁၃၇၅ ခုနှစ်၊ တော်သလင်းလဆန်း ၇ ရက်(၂၀၁၂ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော်သတ္တမပုံမှန် အစည်းအဝေး တတိယနေ့၌ ရှမ်းပြည်နယ်စည်ပင်သာယာရေးအဖွဲ့များ ဥပဒေကြမ်းအား အတည်ပြုချက်ရယူပြီး ရှမ်းပြည်နယ် လွှတ်တော်၏ ဥပဒေအမှတ် (၁၀)အဖြစ် (၁၅-၁၀-၂၀၁၃)ရက်နေ့တွင် ထုတ်ပြန်သည်။

**ဥပဒေအမှတ် ၁၁-၁/၂၀၁၂။ ရှမ်းပြည်နယ်မီးဘေးနှင့်သဘာဝ ဘေးအန္တရာယ်များ ကြိုတင် ကာကွယ်ရေး ဥပဒေကြမ်း**

၁၃၇၅ ခုနှစ်၊ တော်သလင်းလဆန်း ၇ ရက်(၂၀၁၂ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော်သတ္တမပုံမှန် အစည်းအဝေး တတိယနေ့၌ ရှမ်းပြည်နယ်မီးဘေးနှင့် သဘာဝဘေး အန္တရာယ်များ ကြိုတင် ကာကွယ်ရေး ဥပဒေကြမ်းအား အတည်ပြုချက်ရယူပြီး ရှမ်းပြည်နယ် လွှတ်တော်၏ ဥပဒေအမှတ် (၁၁)အဖြစ် ရက်နေ့တွင် ထုတ်ပြန်သည်။

D/real(wide) (2



## ဥပဒေအမှတ် ၁၂-၁/၂၀၁၂။ သဘာဝမြေသြဇာများစနစ်တကျ ထုတ်လုပ်သုံးစွဲရေး ဥပဒေကြမ်း

၁၃၇၅ ခုနှစ်၊ တော်သလင်းလဆန်း ၇ ရက်(၂၀၁၂ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော်သတ္တမပုံမှန် အစည်းအဝေး တတိယနေ့၌ သဘာဝ မြေသြဇာများ စနစ်တကျ ထုတ်လုပ်သုံးစွဲရေး ဥပဒေကြမ်းအား အတည်ပြုချက်ရယူပြီး ရှမ်းပြည်နယ် လွှတ်တော်၏ ဥပဒေအမှတ် (၁၂)အဖြစ် (၂၄-၉-၂၀၁၃)ရက်နေ့တွင် ထုတ်ပြန်သည်။